ဦးသန်းထွန်း
ရေးသားသော

ဗုဒ္ဓ၏

သူတော်ကောင်းစင်ငရုတ်

လင်းစဉ်

မန္တလေးမြို့၊ ဂဠာ-ဒိုလ်ချုပ်လမ်း
သုခဝတီစာပေကုန်သည်တို့က
တွင်-ရိုက်နှိပ်သည်။

သာသနာ-၂၅၂၃၊ ကောဇာ- ၁၃၄၇၊ တပေါ်လ ၁၉၈၈၊

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်

ထုတ်ဝေခွင့်—မှတ်ပုံတင်အမှတ် (၆၉၂)

* ထုတ်ဝေသူ – ဦးစိန်တင်
သုခဝတီစာပေတိုက်
(ထ/မြို့ ဝ၆၄၂)
၈၄-လမ်း၊ ၃၁-လမ်းဒေါင့် မန္တလေးမြို့။

* ပုံနှိပ်သူ – ဦးစိန်တင် (ပ/မြို့ ဝ၁၅၈၈)
သုခဝတီစာပုံနှိပ်တိုက်၊ ၈၄/၃၁-လမ်းဒေါင့်
ဗိုလ်ချုပ်လမ်း မန္တလေး။
ဖုံး—၆ ၇ ၆

ပထမအကြိမ်နှိပ်ခြင်း အုပ်ရေ ၁၀၀၀

၁၉၈၀-ခု၊ မတ်လ။

ဦးသန်းထွန်း
ရေးသားသော

၀၃ ၏

သူဌေးကင်းစင်ရေး

၁ ၀:၀၃



သာသနာ-၂၅၂၃ ကောဇာ- ၁၃၆၁ မတ်လ ၁၉၀၀

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အမှာ	၁
ဒီစာအုပ်	၃
အကြောင်းပြစကား	၅
ပဏာမ	၁၁
ဘုရားကြီး ၆-ဆူဝါဒ	၁၂
သရဏဂုံခက်း	
ဗုဒ္ဓဘာသာဆိုဒါဘာလဲ	၁၉
သရဏဂုံဆိုဒါဘာလဲ	၃၀
သီလခက်း	၄၉
ဘာဝနာခက်း	၉၁
အာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်း	၁၅၆
သမထနဲ့ ဝိပဿနာ	၁၆၂
ဝိပဿနာအင်္ဂါ ၃-ပါး	၁၆၅
နာမရူပ ပရိစ္ဆေဒဉာဏ်	၁၇၉
နာမ်ရုပ်အကြောင်း သိမ်းဆည်းပုံ	၁၉၃
သမ္မသနဉာဏ်	၁၉၈
ဥဒယဝယဉာဏ်	၂၀၁
ဘင်္ဂါနုပဿနာဉာဏ်	၂၀၄
ဘယာနုပဿနာဉာဏ်	၂၀၅
အာဒီနဝါနုပဿနာဉာဏ်	၂၀၅
နိဗ္ဗိဒါနုပဿနာဉာဏ်	၂၀၆
မုဉ္စိတုကမ္မတာဉာဏ်	၂၀၆
ပဋိသင်္ခါနုပဿနာဉာဏ်	၂၀၆

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
သခ္ခါရုပေကွေ့ဘဉာဏ်	၂၀၇
အနုံလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊	
မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏဉာဏ်	၂၀၇
ပဓာနအလုပ် အကျဉ်းချုပ်	၂၀၈
ပဝတ္တိနည်း ဝိပဿနာရှုပုံ	၂၁၀
ဆင်းရဲခြင်းအစ ရောနှောခြင်းက	၂၂၃
ဘုဝသံသရာ	၂၂၉
လောကစောင့်တရား ၂-ပါး	၂၃၅
မီးသတိပြု	၂၃၅
ခွေးသတိထား	၂၃၇
စာတတ်, မတတ် သတိချပ်	၂၃၉
အပေါက်ပိတ်ထားပါ	၂၄၀
ဃ-ဏ ကြေရဲ့လား	၂၄၃-၂၄၄
ဃ-ဏ ၄-မျိုး	၂၆၂
အတ္တ ၄-မျိုး	၂၆၂
အနုံပဿနာဉာဏ် ၃-မျိုး	၂၆၃
အချိန်ကို လေးစားပါ	၂၆၄
ဗုဒ္ဓမြတ်စွာ အလိုတော်မှာ	၂၆၆
နောင်တပူပန် ဤဆယ်တန်	၂၆၇
ဆုံးမပေရှာ ဒီမြတ်စွာ	၂၆၈
ပါဠိဘာသာနည်း	၂၇၀
အခြေခံစာသင်ပုံအကျဉ်း	၂၇၄
ဂဏန်းရေးနည်း	၂၇၅
နိဂုမ်း	၂၇၆

သတိ

တရားတွေနှာ၊ ကျမ်းစာတွေ ခါခါရှုပါလို့၊
ကိလေသာ ရောဂါစုကို၊ ဆေးကုသူမျှား။
စဉ်းစားကြလေ၊ ငန်းဖမ်းပုံ ကိုယ့်အခြေနဲ့၊
ရောဂါတွေ သိသာကြအောင်၊ သက်သာရဲ့လား။

အ မှ ာ

ပြောဆိုသုံးနှုန်းကြသော စကားများဟာ ခေတ်ကာလပြောင်းလဲမှု ရှိနေသလို တခေတ်နဲ့ တခေတ်မတူကြ၊ အနှီယနိုင်ငံ မဇ္ဈိမဒေသမှာ ဗုဒ္ဓပွင့်တော်မူတဲ့(ခေတ်)အခါက ပါဠိဘာသာဖြင့် သုံးနှုန်းပြောဆိုခဲ့ကြပါတယ်၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း(၂၃၅)နှစ်မြောက် တတိယ သံဂါယနာမှ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ရာ ရှင်သောဏနဲ့ ရှင်ဥတ္တရမဟထရိတို့ ခေါင်းဆောင်တဲ့ သာသနာပြုအဖွဲ့များ သုဝဏ္ဏဘူမိသို့ရောက်ရှိခါ ပါဠိဘာသာမှ သူဘို့နားလည်မဲ့ စကားမျိုးဖြင့် သာသနာပြုတော်မူခဲ့ကြပါတယ်၊ ထိုမှာဆင့် သရေခတ္တရာ,ပုဂံ,မြင်စိုင်း,စစ်ကိုင်း,ပင်းယ,အင်းဝ,အမရပူရ,မန္တလေး,ယခုမျက်မှောက်ခေတ်အထိ တနိုင်ငံနဲ့ တနိုင်ငံ အသုံးအနှုန်းခြင်း မတူကြသော်လဲ နားလည်တဲ့နည်းနဲ့ ဆက်သွယ်ယူဆောင်လာခဲ့ကြတယ်ဆိုဒါကို ကြိုတင်ပြီး သတိထားနှင့်ပါ။

သုံးနှုန်းဆက်သွယ်ခဲ့ကြတဲ့စကားများ

၁။ ပါဠိကထာ....ပါဠိစကား။
၂။ ပေါရာဏာကထာ....ရှေးသုံးစကား။
၃။ ဝေါဟာရကထာ....ခေတ်သုံးစကား။
၄။ အဘိနဝကထာ....ဆန်းသစ်သောစကား။

ဒီလိုပြောဆိုသုံးနှုန်းတဲ့စကားများ ရောထွေးပြီးနေရာ မိမိသဘောပေါက် နားလည်ဘို့က အခရေးကြီးကြောင်းကိုတော့ စာရှုသူများ အထူးသိထားဘို့ လိုပါတယ်၊ တဘက်သားလဲ နားမလည်ရှိ မိမိလဲအတိအကျမသိဂုဏ်ရှိတယ်ဆင်ပြီး ကြက် နဲ့ ကျီ၊ စပ်ကျတဲ့ သတ္တဝါ မည်ဒါမျိုးလို

(ဒေါက်ကလိအာ) မြန်ရလေအောင် မူရင်းပါဠိဘာသာကို မူတည်ခါ ပိမိပို့ နားလည်သဘောပေါက်လွယ်တဲ့ ဝေါဟာရစကားကို ဦးစားပေး၊ ရေးသားမဲ့အကြောင်းကို ကြိုတင်သင်ပေးအပ်ပါတယ်။

(ခက်ပါတယ်)

၁။ တောင်းတတ်မခက်....ကျမ်းတတ်ခက်၊
ကျမ်းတတ်မခက်....စာတတ်ခက်၊
တတ်မခက်....အသိခက်၊
အသိမခက်....အကျင့်ခက်၊
အကျင့်မခက်....နိဗ္ဗာန်ရဖို့ခက်။

သ တိ ထ ား

၂။ တရားမှာ အနက်လဲ့၍ အကျင့်လဲ့က ငရဲကျတတ်သည်၊
ဆေးကျမ်းမှာ လက္ခဏာယူဆလဲ့၍ ဆေးလဲ့က သေတတ်သည်။
တရားခို့ ဂုဏ်ပြိုင်က ငရဲကျတတ်သည်။
လောကခို့ ဂုဏ်ပြိုင်က မဲ့ပြားကျတတ်သည်။

၃။ ကျမ်းဂန်စမ္ဘီ ဗုဒ္ဓပြည့်နိုး ဥဒ္ဓမနိုးကို၊ နှစ်ယနိုးနှစ်ထက်၊ ဖေကွယ်ဝှက်တဲ့ နှစ်ချက်သဘော၊ နိုးနှောဝေတန်၊ ဆင်ခြင်ဉာဏ်ကြီ၊ လမ်းမှန်ပေးဘောက်၊ ရှေ့နောက်မှတာ၊ လိုပေါ်ကျားဆား၊ ပဋ္ဌာ မှတာ၊ အရာရောတွင်၊ ဝိစ္ဆာသန္ဓေ၊ အပြစ်ကင်းသည်၊ ပြည့်ပေးနိုင်။ ရောက်ကြောင်းတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဒီစာအုပ်)

ဒီစာအုပ်ဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်းကတော့၊ ၁၃၃၄-ခု၊ နတ်တောင်လဆုတ် ၆-ရက်နေ့က နိုင်ငံတော်အစိုးရရဲ့ ဇူဇကာစစ်ဆင်ရေး အရ အထိန်းသိမ်းခံရပြီး မန္တလေးမြို့ နန်းတော်ကြီးအတွင်း ထိန်းသိမ်းဆောင် အမှတ်(၂)တွင် လူပေါင်း(၅၁)ဦးတို့နှင့်အတူ ထိန်းသိမ်းထားစဉ် ဆင်းရဲက သံဝေရဆိုတဲ့ "ပေါ်ဆုဏ" ခေါ် ရှေးသူဟောင်းစကားများ အရ အားကိုးခုရှာကြံခုခ ဘာသာဝါဒ မှ တပါး အားထားရာမမြင်၊ မိမိတို့ရဲ့ စိတ်အစဉ်၏ သက်သာဆုသက်သာကြောင်း ရကြစေခြင်းငှါငင်း၊ မိမိတို့ ယုံကြည်ကိုးစား အားထားရာဖြစ်တဲ့ ဗုဒ္ဓဘာသာ ရဲ့ လိုရင်းဖြစ်တဲ့ သီလ,သမာဓိ,ပညာ ဆိုတဲ့ ဒီသာသနာတော်သုံးရပ်၏ ယူပုံ·ဆပုံ-ကျင့်ကြံ အားထုတ်ရပုံတို့ ကို ဒေသနာကျမ ဆိုတဲ့ ဗုဒ္ဓဟောတော်မူစဉ်နှင့် ပဋိပတ္တိကျမ ဆိုတဲ့ မိမိဘိုးလက်တွေ့ ကျင့်ကြံအားထုတ်ပုံ အလုံးစုံတို့ကို ပါဠိအထောက် အထားခေါ်တဲ့ အာဂမယူတို့ ကျမ်းဂန်များနှင့် ညီပြီး သဘာဝယူတို့ ခေါ်တဲ့ လက်တွေ့ တွေးခေါ်ကြံဆ သိရှိရပါစေခြင်းငှါငင်း၊ အာစရိယ ဟတ္ထမုဋ္ဌိ ဆိုဘဲ့ ဆရာများရဲ့ လက်ဆုပ် ကိုင်ပြ သာဓကယူတို့ဖြင့် ညီပြီး ခါ နည်းလမ်းကျန ညွှန်ပြပါရန် တောင်းပန်ကြပါတယ်။

ဤကဲ့သို့ လိုလိုလားလား တောင်းပန်ကြတဲ့ ပုဂ္ဂိုလ်များရဲ့ ကောင်းမြတ်တဲ့ တောင့်တမှု အားလျော်စွာ ခေတ်အခါနဲ့ လျော်ကန်တင့်အပ် သင့်မြတ်လှပေသော သမထယာနိက ခေါ်တဲ့ သမာဓိကို ရှေ့ထားပြီး ဝိပဿနာ ပွားနည်း အမြောမြောတို့ကို ၁၃၃၄-ခု၊ပြာသို လဆန်း ၁၀-ရက်နေ့မှစ၍ နံနက် ၈-နာရီမှ၊ ၉-နာရီဘကြိမ် နေ့ ၂-နာရီမှ ၃-နာရီတကြိမ်၊ တနေ့ ၂-ကြိမ်၊ တကြိမ်လျှင် တနာရီကြာမျှ ယောဂီတို့ အသိဉာဏ်မှာ အာနာပါန ဆိုတဲ့ ဝင်လေထွက်လေကို ရှုမှတ်ပွားများ မူတည်ထားပြီး ကျရောက်သင့်လျော်ရာ ဇဒသနာများကို မူလီသွတ်ခါ ဟောပြောပြခဲ့ရာ တပို့တဲ့လဆုတ် ၁၄-ရက်၊ ရက်အားဖြင့် (၄၉)ရက်၊ နာရီအားဖြင့် (၉၈)နာရီမျှ ကြာခဲ့ပါတယ်။

အဲဒီလို အာဂမ, သာဓက, သဘာဝယုတ္တိ, နည်းစုံ ညီပြီးခါ အားထုတ် သိမြင်ရပါသော ဓမ္မမိတ်ဆွေများက မိမိတို့ရဲ့ အသက်နဲ့ အမျှ နှလုံးသွင်း ဆင်ခြင် နိုင်ကြရပါစေခြင်းငှါရင်း၊ အစားကောင်း စားရတဲ့အခါ မိမိတို့နဲ့ ချစ်ကျမ်းဝင်တဲ့ မိတ်ဆွေများကို သတိရ ဆိုတဲ့ စကားအတိုင်း မိမိမှတပါး အခြားသော လိုလားသူများလဲ ကြည်ရှု မှတ်သား ပွားများအားထုတ်နိုင်ကြပါစေခြင်းငှါရင်း၊ ပြ, သ, ဟောပြော ခဲ့သမျှ တရားအစဉ်များမှ ကောင်းနိုးရာရာကို လိုရင်းချုပ်၍ ထုတ်နှုတ် ပြီးခါ မှုတခုစု၍ ပြုစုပေးပါရန် ထပ်လောင်းခါ တောင်းပန်ကြပြန် ပါတယ်။

ထိုကဲ့သို့ (၅၀)ကျော်သော ဓမ္မမိတ်ဆွေများရဲ့ လိုလားတောင့် တမှုကို ပြည့်ဝစေလိုသောကြောင့်၎င်း၊ ထိုထို၌ကျ ဗုဒ္ဓဝါဒီတို့အတွက် ခက်ခဲဘွယ်ရှိ သိမှတ်ကြပေခြင်းငှါရင်း၊တွေးခေါ်ကြံဆထင်မြင်ယူမှား မှု ဟူသမျှတို့မှ ကင်းစင်ပြီးခါ ဗုဒ္ဓအလိုတော်ကျ အမြင်မှန်ရစေရာသော သဘောကြောင့် " ဗုဒ္ဓ၏ သူငါထင် ကင်းစင်ရေးလမ်းစဉ် " ဟူသော အမည်ဖြင့် ဒီစာမူသည် ပြုစုဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။

အကြောင်းပြစကား

သူငါထင် ကင်းစင်ရေး

ဘယ်သူမဆို (မစဉ်းစားလျှင်တော့)ကိစ္စတခုခုနဲ့ ရင်ဆိုင်ရတဲ့အခါ မှာ နက်နက်နဲနဲကြီး တွေးခေါ်နေတတ်ကြပါတယ်၊ ဒါဟာလဲ လောက တံဆွာ အစဉ်အလာကြီးပါ မဆန်းပါဘူး....။

သိပ်မျှားဆန်းတယ်လို့ ထင်မှတ်နေကြပါသလား၊ မိမိတွေးခေါ် ယူဆချက်နဲ့ ကိုက်ညီတယ်လို့ထင်လျှင် အမှန်ဘဲလို့ ထင်တတ်ကြတယ်။ ဒါပေမဲ့ အမှားကင်းစင်ပြီး အမှန်ချည်းသာမြင်နိုင်တဲ့ (သဗ္ဗညုတ ဉာဏ် တော်ရှင်) ဘုရားသခင် မဟုတ်ရင်တော့ အမှန်းချည်း မဖြစ်နိုင်ဘူးဆိုဒါ စောင့်ကြည့်လျှင် သိလာရမှာပါ။

ဒါပေမဲ့(ကိုယ့်လင်,ကိုယ့်ယောကျ်ား နေ့တိုင်းကြည့်တော့ ရှာမှ ရှား)ဆိုတဲ့ တေးသွားလေးလို တကယ်အမှန်မဟုတ်ဘဲ အမှားကိုအမှန်လို့ ထင်တတ်ကြဒါကတော့ (အဝိဇ္ဇာ)ညစ်ကျေးကင်းစင် အလင်းမမြင်သေး တဲ့ လောကသားမှန်သမျှတို့ရဲ့သဘာဝတရားကြီးတွေပါ မဆန်းပါဘူး။

ဒီနေရာမှာ ထင်ရှားအောင် ဖြစ်ပြီးခဲ့တဲ့(သာဓက)သက်သေတခု ထုတ်ပြပါမယ်၊တခြားမဟုတ်ပါဘူး၊အသိမျှားကြတဲ့ မပဋ္ဌာ,ကိုဒါသတို့ရဲ့ ဖြစ်ရပ်ကလေးပါ၊ ကြည့်လေ....ကိုဒါသဟာ အစဉ်အသာကျွန်မျိုးမဟုတ်ပါဘဲနဲ့ စား,ဝတ်,နေရေး အဆင်မပြေသေးလို့ သူမျှားအိမ်မှာ ကျွန်အဖြစ်နဲ့ စိတ်ညစ်ပြီးမှိုင်နေဒါကိုဘဲ မပဋ္ဌာရဲ့(တဏှာ)ဦးစီးတဲ့ ဖို့-မ,တို့သဘာဝ ကြိုက်တဲ့စိတ်နဲ့ကြည့်တော့ တကယ်ကြက်သရေရှိဘယ်လို့ ထင်မှတ်ပြီး မိမိအထင်နဲ့လုပ်ဆောင်မှုကြောင့် အမှားနဲ့ရင်ဆိုင်ရပြီး အရှုံးမကြီး ဘဝကောင်ရောက်သွားသေးတယ် မဟုတ်ပါလား၊ဒါဟာ နောက်ဆုံးဘဝ ကျွတ်ဘန်းဝင်ရန် မဝေးတော့ခင်မှ ပတ်ဝန်းကျင်နဲ့မကင်းသေးတဲ့ အတွက် ပါရမီရှင်ကြီးများရဲ့ လက်တွေ့ခံစားချက်တခုပါ။

ဒါဘွဲ့မကသေးပါဘူး၊ ညီတော်တွေရဲ့ဘေးမှ သေရေးရှင်ရေးတမျှ မိမိသွေးကိုပင်ဖေါက်တိုက်ခါ ကယ်ဘင်ခဲ့ရရှာသော ဇရှလိုဝင်းပြီးနေတဲ့ မဟာပဒုမမင်းကို သေးကြောင်းကြုံပြီး ပေါင်တိုကြီးကိုမှ လှဘယ်ထင်ခြင်း၊ တိုင်းပြည်အုပ်ချုပ်ပြီး မိဖုရားခေါင်ကြီးလုပ်ခါ ဇရှနန်းတော်ကြီးမှာ စံစားနေရုပါလျက် လူတကာစက်ဆုပ်လို့ တိုင်းပြည်ထဲမှနှင်ထုတ်ခြင်းမှာ တဲစုတ်နဲ့နေရတဲ့ ခြေလက်တွေတိုနေတဲ့ အနှုကြီးကိုမှ လှတယ်လို့ ထင်ခြင်းမျိုးတွေဟာ အမှားကြီးပါ မဆန်းပါဘူး။

ဒါကြောင့် ထင်တယ်ဆိုတဲ့ စကားလုံးဟာ တကယ်အမှန်ဘဲလို့ ယူဆလို့ရတဲ့သဘောမျိုးမဟုတ်ပါဘူး၊ ငါကတော်ပါတယ် သူညံ့လို့ပါ၊ ငါကမှန်ပါတယ် သူမှားဒါပါလို့ထင်တာမျိုးကို ပါဠိလို(အတ္တုက္ကံသနပရဝမ္ဘန)လို့ခေါ်တယ်၊ဗမာလိုကတော့မိမိကိုယ်ကိုမြှင့်တင်ခါတော်တယ်လို့ထင်ပြီး သူတပါးကို နှိမ့်ချပြီး ညံ့တယ်လို့ ထင်တတ်တဲ့ သဘောကဆင်ခြင်မှုမရှိတဲ့ အသိဉာဏ်နည်းတဲ့သူများရဲ့ အစဉ်အလာ ထင်ခြင်းသာဖြစ်ပါတယ် ဒါလဲမဆန်းပါဘူး။

တဦးနဲ့တဦးအနေပါမှာ ထင်မြင်ယူဆချက်မှားကြဒါကို မဆိုထားပါနဲ့ မိမိတယောက်ထည်းကိုဘဲ ထင်မြင်ယူဆချက်ခြင်း လွဲနေမှုကို စူးစမ်းမှု မရှိက သိကြမယ်မဟုတ်ပါဘူး၊ကဲ....စူးစမ်းကြည့်ပါ၊ မိမိကြိုက်တဲ့အစာ

တခုခုကိုစားကြည့်ပါ၊ပင်ကိုယ်ကဲကြိုက်ပြီးသားဆိုတော့ ကောင်းနေတယ်လို့ထင်မှာ အမှန်ပါဘဲ၊ ကဲ....တကယ် ကောင်း-မကောင်း သိရအောင် စားလက်စ ပါးစင်ထဲကအစာတွေကို အပြင်ထုတ်ပြီးမိမိမျက်စေ့နဲ့ကြည့်၊ မိမိနှာခေါင်းနဲ့နမ်းပြီးကြည့်ပါ၊ လျှာကကောင်းတယ်လို့ ထင်နေပေမဲ့ မျက်စေ့နဲ့ နှာခေါင်းကတော့ ရွံ့စရာကြီးပါလို့ ထင်မှာအမှန်ပါဘဲ၊ မိမိစိတ်တခုထဲကိုပဲ ကဲ့လဲ့ခြားနားမှုရှိနေပါက တဦးနဲ့တဦး ထင်မြင်ယူဆမှုခြင်း မတူနိုင်ကြဘူးဆိုဒါ မဆန်းပါဘူး။

ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀၀) ကျော်လောက်က အသောကကျောက်စာထဲမှာ...

ကာယာနု ဏေ၀ ဒေ၀တိ၊

ကိုယ်လုပ်တဲ့အလုပ်ဆိုလျှင် အကောင်းချည်းထင်ကြသည်၊

နှာ မိန ပါပံ ဒေ၀တိ၊

ကိုယ်လုပ်တဲ့အလုပ်ကို မကောင်းဘူးလို့တော့ နည်းနည်းမှ မထင်ကြဘူးတဲ့။

ဒီလို သိရိမှောသောကမင်းကြီးက နှာခင်လာ နှာက်သားများ မှတ်သားကြစေရန် ရည်သန်ပြီးခါ သူ့ကျောက်စာထဲမှာ အထင်အရှားရေးထားခဲ့ပါတယ်။

" ဆ တိ "

ထင်တိုင်းမလုပ်၊ ဟုတ်တိုင်းမပြော၊ ဟောတိုင်းမယုံ၊ ကြုံတိုင်းမလိုက်၊ ကြိုက်တိုင်းမယောင်၊ အတွေ့ရှောင်၊ အိုအောင်မဆင်းရဲ။

(အသိမရှိက ဆင်းရဲကြ)

အချို့က သိလျှင်ပြီးဒါဘဲလို့ ပြောကြပါတယ်၊ ပြီးဆုံးအောင် သိလျှင်တော့ ပြီးဒါမှန်ပါတယ်၊ ဒါပေမဲ့ သိရုံနဲ့တော့ မပြီးသေးပါဘူး၊ ဒီစကားကို သေသေချာချာ စဉ်းစားကြည့်ပါ၊ ရိုးရိုးလူတွေထဲက အသိခြင်း မတူကြဘဲ ထူးကဲပြီး သိသွားကြလို့ ဘုရားပစ္စေကဗုဒ္ဓါ ဖြစ်သွားသူတွေ ဘုရားတဆူမှာလဲ တပည့်ခြင်းမတူကြဘဲ သူ့နေရာနဲ့သူ ထူးကဲစွာ သိသွားကြတဲ့အတွက် ပါဠိလို (ဧတဒဂ်)၊ ဗမာလို (ဗဘားမဲ့)၊ အင်္ဂလိပ်လို (နိုးတူး)ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ အသီးအသီး ပြီးဆုံးအောင်သိသွားကြတဲ့ အဂ္ဂသာဝကနဲ့ မဟာသာဝကတွေ၊ ရိုးရိုးဘဲ ဘွဲ့တူး ဂုဏ်ထူးမပါဘဲလေသာကုန်ပြီး နိဗ္ဗာန်ဝင်သွားကြတဲ့ ပကတိသာဝကတွေ ဒီပုဂ္ဂိုလ်တွေဟာ လူတမျိုးတွေမဟုတ်ပါဘူး၊ ရိုးရိုးလူတွေထဲကလူဘဲ၊ အသိထူးကဲကြတဲ့ တမျိုးလူတွေပါသားလို့ စဉ်းစဉ်းစားစား မှတ်သားကြပါ။

ဒီနေရာမှာလဲ သက်သေ (သာဓက)တခု ပြချင်ပါတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ အသိမျှားကြတဲ့ တန်ဘိုးမမျှားဘဲနဲ့ သိကြားမင်းဖြစ်သွားတဲ့ မာဃဆိုတဲ့ အမျိုးသား အကြောင်းပါ၊ သူဟာ တနေ့မှာ ရပ်ရွာကိစ္စ စည်းဝေးကြတဲ့ နေရာမှာ သစ်ပင်မှီပြီး ရင်လျက်သားခြေထောက်ကို အလကား မထားဘဲ အမှိုက်မျှားကို ဖယ်ရှားပစ်ရာ သန့်ရှင်းသွားသော ၎င်းနေရာကို နောက်ရောက်သူမျှားက နှစ်သက်လိုလားစွာ ဝင်ရှိကိုင်ကြတာကြောင့်မြင်ပြီး သန့်ရှင်းမှုဟာ အမျှားနှစ်သက်စိတ်ချမ်းသာပါလားလို့ အသိဉာဏ်ဝင်ခါ တစဘစနဲ့ သန့်ရှင်းရေးခေါင်းဆောင်ကြီးဖြစ်ပြီး (ကျောက်စိမ်းရိုင်းတုံးတွင် မြရေဝင်လာသလို) ၎င်းအစည်းအဝေး လူတွေထဲမှ ထူးကဲဘဲ အသိဉာဏ်နဲ့ လုပ်ဆောင်မှုကြောင့် လူတမျိုးမဟုတ်ပါ၊ တမျိုးလူဖြစ်ခါ သိကြားမင်းကြီးဖြစ်သွားရပါတယ်၊ မတူပါဘူး တူတယ်လို့ ထင်ဒါပါ။

လွန်ခဲ့တဲ့(အတိတ်)ဝတ္ထုတွေဟာ ဟုတ်ချင်မှဟုတ်မှသပါ၊မျက်မြင်ကိုယ်တွေ့မှ ယုံနိုင်မယ်ဆိုလျှင်လဲ ယခု (ပစ္စုပ္ပန်) ဝတ္ထုတွေ အမျှားကြီးနှိုင်းယှဉ်စရာတွေ ရှိပါတယ်၊ စာမေးပွဲဘခုထဲ အောင်ချက်ခြင်းမတူဒါတွေ

အမျိုးသားခေါင်းဆောင်၊ နိုင်ငံခေါင်းဆောင်၊ ကမ္ဘာ့ခေါင်းဆောင်ကြီး တွေဟာလဲ ငွေကြေးတတ်နိုင်လို့ ပညာသင်ရုံနဲ့ ခေါင်းဆောင်ဖြစ်ကြဒါ မဟုတ်ပါဘူး၊ ငွေကြေးမတတ်နိုင်ပေမဲ့ မိမိရဲ့တွေးခေါ် ကြံဆချက်နဲ့ လုပ်ဆောင်မှုပေါ်မှာတည်ပြီး ခေါင်းဆောင်ကြီးတွေ ဖြစ်သွားကြတယ် ဆိုဒါ မျက်မြင်ကိုယ်တွေ့ပါ၊ မတူပါဘူး။

ဒါကြောင့် ဘယ်အလုပ်မျိုးမဆို အသိချင်း မတူကြတဲ့အတွက် ထင်မြင်ချက်နဲ့ သာလုပ်လျှင်တော့ လိုလားတဲ့အကျိုးမပြီးဘဲ အချိုးနှိုးသာ ဖြစ်သွားနိုင်ပါတယ်။

ဆောင်။ ။ကာလ,ဒေသ,ပုဂ္ဂလ၊ နှိုင်းဆပြုသင့်ရာ။
စူးစမ်းဆင်ခြင်၊ ဉာဏ်နှင့်ယှဉ်၊ ပြုလျှင်ကောင်းမည်သာ။

အသိဆိုဒါဘာလဲ?

၁။ သုတမယ–အကြားအမြင်သိ။
၂။ စိန္တာမယ–ကြံစည်စိတ်ကူးသိ။
၃။ ယထာဘူတ–ဟုတ်မှန်သိ။
၄။ ဘာဝနာမယ–လက္ခဏာဉာဏ်သိ။
၅။ ပဋိဝေဓ–မဂ်,ဖိုလ်,ဉာဏ်,ထိုးထွင်းသိ။

ဒီလို အသိဉာဏ်ငါးမျိုးရှိရာ ၁-၂၊ နံပါတ်အသိမျိုးက အခြေခံ အသိ၊ ၃-၄၊ နံပါတ် အသိမျိုးက အလယ်အလတ်၊ ၅-နံပါတ်အသိမျိုးမှ ပြီးဆုံးတဲ့ အမြတ်စားအသိ ဖြစ်ပါတယ်။

ပါဒကံ ဟိ သုတစိန္တာ၊ မဗ္ဗိမံ ယထာဘူတကံ၊
ဘာဝနာစ ပဋိဝေဓော၊ ဥတ္တမော ဇာနနုက္ကမော။
(လယ်တီပဏ္ဍိတယမိုက်အဖြေကျမ်းမှ)

ဟိ၊ အသိဉာဏ် လမ်းအစဉ်ကို ထင်မြင်အောင် ပြဆိုဦးအုံ။ သုတစိန္တာ၊ သုတမယဉာဏ်နှင့် စိန္တာမယဉာဏ် နှစ်ပါးသည်။ ပါဒကံ၊ အစထွင်မှု အခြေပြုသော အောက်တန်းဉာဏ်မည်၏။ ယထာဘူဘကံ၊ရှင်, နာမ်နှစ်ပါးကို ဟုတ်မှန်စွာသိသော ယထာဘူတဉာဏ်ရင်း။ ဘာဝနာစ၊

အနိစ္စ, ဒုက္ခ, အနတ္တဟု ဆိုအပ်သော လက္ခဏာယဉ်ဘို့ဖြင့် ဆင်ခြင်သုံးသပ်ပွားများအပ်သော ဘာဝနာမယဉာဏ်ရင်း။ မဇ္ဈိမံ၊ အလယ်အလတ်ဖြစ်သော ဉာဏ်မည်၏။ ပဋိစ္စသမုပ္ပါဒ၊ ထိုဘာဝနာမယဉာဏ် ရင့်သန်သည်အဆုံး၌ မဂ်ကိစ္စပေါက်၍ ထိထိရောက်ရောက်သိမြင်၍လာသော ပဋိဝေဓဉာဏ်သည်ကား။ ဥတ္တရေမာ၊ ပြိုင်ဘက်ကင်းလွတ်၍ အထွဋ္ဌအထိပ်ဖြစ်သော ဉာဏ်မည်၏။ ဣဘိ၊ ဤသို့။ ဇာနနဋ္ဌေမာ၊ အသိဉာဏ်ပေါက်ပုံ လမ်းအစဉ်ကို။ (ဒဋ္ဌဗ္ဗော) မရှုပ်ထွေးရအောင် အရေးယူကာ မှတ်အပ်ဆုသတည်း။

ဆောင်။ ။သင်ယူအားကြိုး၊ သုတတို့၏၊ မြည့်ဖြိုးသုတ၊ ရှိတုံကမ္ဘ၊
ပွါးထစိန္တာ၊ ထိုပညာဖြင့်၊ ဘာဝနာဉာဏ်၊ အသိသန်၍၊
နိဗ္ဗာန်တိုင်အောင်၊ ချမ်းသာဆောင်၏။

(ထေရုဂါထာပါဠိတော်မှ)

"ပဏာမ"

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတောဟူ,နတ်,ဗြဟ္မာ သတ္တဝါမှန်သမျှတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အမှားကင်းစင် အမှန်ချည်းသာ သိမြင်တော်မူပါသော၊ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ဘယ,လာဘ,ကုလကြည်ရှောင်း ဂုဏ်တော်ပေါင်းကို အောင့်မေ့၍သာ ရှိခိုးပါ၏။

ရှင်းပါဦးမယ်၊ ဒီကဒုန် အဦးအစ ပြုကြရတဲ့ ပဏာမဆိုတဲ့ ပါဠိစကားဟာ ဗမာလိုတော့ ညွှတ်တွားခြင်း ကိုင်းရှိုင်းရှိခိုးခြင်းစတဲ့ စကားမျိုးပါ၊ အမျှားနှားလည်တဲ့ အသုံးအနှုန်းကတော့ ရှိခိုးခြင်းပါဘဲ။

အထက်ကဖေါ်ပြခဲ့တဲ့ (နမောတဿ-ပဏာမ) စကားရဲ့ အဆုံးသတ်မှာ ရှိခိုးပါ၏လို့ ဆိုလိုပါတယ်၊ တဆင့် ဘာကို ရှိခိုးဒါလဲလို့ ဆိုလျှင် ဘုရားကို ရှိခိုးဒါပါလို့ ပြောရပါလိမ့်မယ်၊ ဒါဖြင့် ဘုရားလို့ ဆိုဒါ ဘယ်လိုဟာပါလဲလို့ မေးလျှင် ဘယ်လိုဖြေမလဲ ?

ဝိဘဇ္ဇဝါဒီဖြစ်တော်မူတဲ့ မြတ်စွာဘုရား သာသနာတော်မှာ စီစစ်ဝေဘန်ခြင်းမှကင်းတဲ့ ဆုံးဖြတ်ခြင်းဟာ (သုဝိညေယျ ဒဋ္ဌိကမ္မ) စွဲမြဲကောင်းမှန်တဲ့ အသိမျိုး မဖြစ်နိုင်သေးပါ၊ ကျောက်ကြောရေနဲ့ပက်သလို စိုရွှဲမျှ မကြာ ခြောက်သွေ့သွားတတ်ပါတယ်။

ဝေဘန်ကြပါစို့

ဒီနေရာမှာလဲ (ဝေဘန်) ဆိုတဲ့ စကားကို ရှင်းကြဦးမှ ဖြစ်မယ်၊ ပါဠိလို (ပဋ္ဌိဘာန) ဗမာလို ဝေဘန်, စီစစ်, သုံးသပ်, ဆင်ခြင်ဆိုတဲ့ ခေါ်ဝေါ်ပြောဆိုမှုတွေ ဖြစ်ပါတယ်။

ဒါကြောင့် ကိစ္စတခုကို အမှန်ဖြင့်ဘိုရန်ဝေဘန်ချင်ပါလျှင် အမှားကင်းစင်ပြီး အမှန်သိမြင်တဲ့ (ဗုဒ္ဓ) ဘုရားရဲ့ တရားဓမ္မနဲ့ ညှိနှိုင်းကြည့်မှ ဖြစ်မယ်၊ ဒါဖြင့် ဘုရားရဲ့ တရားစကားဟာ ဘယ်မှာရှိသလဲ၊ ဘုရားဆိုဒါ ဘယ်လိုဟာပါလဲ ?

ဒီနေရာမှာ သိသာထင်ရှားအောင် ဘုရားဟုစန်ခံသူတွေ ယုံကြည်ကိုးကွယ်အားထားသူတွေ များပြားလှပါဘယ်၊ ဒါကြောင့် ဘုရားအမျိုးအစားစားတို့ကို ခွဲခြားပြီးပြပါဦးမယ်။

တချိန်မှာ အဇာတသတ်မင်းက ညဉ့်ညီလာခံသဘင်တွင် ကိုးကွယ်ဆည်းကပ်မှုနဲ့ ပတ်သက်တဲ့အကြောင်း ဆွေးနွေးငေးမြှန်းလေရာ အသီးအသီး မိမိတို့ရဲ့ဂိုဏ်း ကြီးပွားရန်အတွက် ရည်ရွယ်ချက်ဖြင့် အဇာတသတ်မင်းနဲ့ မိမိတို့ရဲ့ဆရာဘုရားများကိုဆက်သွယ်ပေးကြသဖြင့် အဇာတသတ်မင်းက မိမိတို့ရဲ့အယူဝါဒများကို စိစစ်ပေးမြှန်းတဲ့အခါ ဘုရားကြီး ၆-ဆူတို့ရဲ့ ဝါဒများဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(၁) ပူရာဏကဿပဝါဒ

ဒီလောကမှာ သူ့အသက်ကို ကိုယ်တိုင်သတ်ခြင်း၊ သူဘေးကို အသတ်ခိုင်းခြင်း၊ သူတပါးပစ္စည်းကို မိမိကိုယ်တိုင်ခိုးခြင်း၊ သူဘေးကို အခိုးခိုင်းခြင်း၊ သူတပါးသားမယားကို ကိုယ်တိုင်ပြစ်မှားကျူးလွန်ခြင်း၊ သူဘေးကို ခိုင်းစေခြင်း၊ မိမိကိုယ်တိုင် မမှန်တဲ့စကားကို ပြောဆိုခြင်း၊ သူတပါးကို ပြောဆိုခိုင်းခြင်း၊ တဖက်သားကို ဆင်းရဲအမျိုးမျိုး ဖြစ်အောင် မိမိကိုယ်တိုင်ပြုလုပ်ခြင်း သူတပါးကိုစေခိုင်းခြင်း ဒီအမှု(၈)များကို ပြုသော်လဲ မကောင်းမှု ပြုသည်မမည်....

ပူရာဏကဿပရဲ့ ဝါဒဟာ အကြောင်းကံကိုယယ်တဲ့ "အဟေတုကဝါဒ"သို့မဟုတ် ကံမဲ့ဝါဒဖြစ်ပါတယ်။

ထို့အတူပင် အလှူပေးခြင်း ဂုဏ်ရှိတို့ကိုဆုံးမခြင်း သီလ ဝေဒ်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့်လဲ ကောင်းမှုပြုသည်မမည်။

(၂) မက္ခလိဂေါသာလဝါဒ

လောကဌ် မဟာကပ်တိုပတ်လုံး လူမိုက်ဖြစ်စေ၊ ပညာရှိလူလိမ္မာဖြစ်စေ၊ တဘဝမှ တဘဝသို့ မမွေတာအတိုင်း ကျင်လည်ပြီးခါ ဆင်းရဲကုန်ခြင်းကိုပြုကြလတ္တံ့၊ထိုမဟာကပ်အတွင်း ဆင်းရဲကုန်ဆုံးခြင်းငှါ သီလဖြင့်သော်၎င်း၊ ကျင့်ဝတ်ဖြင့်သော်၎င်း၊ ခြိုးခြံမှုဖြင့်သော်၎င်း၊ အကျင့်

မြတ်ဖြင့်သော်ရင်း၊ မရင့်သေးသော ကံကိုမူလည်း ရင့်စေမည်၊ ရင့်ပြီး သောကံကိုမူလည်း တွေ့ချင်တွေ့ချ ပျက်စီးစေမည်ဟု ပြုပြင်နိုင်ခြင်းသည် မရှိ။

သံသရာဟူသည် အပိုင်းအခြား ပြုထားပြီးဖြစ်၏၊ အတိုး အဆုတ်, အလွန်အယုတ် မရှိ၊ လူမိုက်ဖြစ်စေ၊ ပညာရှိလူလိမ္မာဖြစ်စေ၊ တဘဝမှ တဘဝသို့ ပြေးသွား ကျင်လည်၍သာ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြ လတ္တံ့။

မကွေလိဂေါသာလရဲ့ဝါဒဟာ အရှိအရှိတိုင်းထား၊ အတိုင်းတိုင်း နေ၊ ဘာမှလုပ်မနေနဲ့၊ လုပ်သမျှဟာ ဒုက္ခသာဖြစ်တယ်ဟု၊ ၎င်းတွေးခေါ် ကြံဆယုံကြည်ထားတဲ့ "သံသရာမှ အလိုလို စင်ကြယ်ခြင်းဝါဒ" ဖြစ် ပါတယ်။

(၃) အဇိတကေသကမ္မလဝါဒ

လောကဌ် ကောင်းတဲ့အမှု မကောင်းတဲ့ အမှု တို့ကို ပြုသဖြင့် ကောင်းကျိုးဆိုးကျိုး ဆိုဒါမရှိ၊ ဤလောက-တပါးသောလောကဆိုဒါလဲ မရှိ၊ အမိအဖဘို့ကို ကောင်းစွာ ပြုစုလုပ်ကျွေးခြင်းရဲ့ အကျိုးဆိုဒါလဲမရှိ၊ သေပြီးတဖန် ပြန်၍ဖြစ်သော သတ္တဝါဆိုဒါလဲ မရှိ၊ ဤလောကကိုရင်း၊ တပါးသော လောကကိုရင်း၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍၊ မျက် မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်၍ ကောင်းသော အကျင့်ရှိကုန်သော သမဏ, ပြဟ္မဏ ဆိုဒါလဲ လောကဌ် မရှိ....

သတ္တဝါမှန်သမျှသည် မဟာဘုတ်လေးပါး အစုအဝေးသာဖြစ်၏၊ သေတဲ့အခါ မြေဓာတ်က-မြေဓာတ်အစုသို့၊ ရေဓာတ်ကလဲ-ရေဓာတ်အစု သို့၊ လေဓာတ်ကလဲ-လေဓာတ်အစုသို့၊ မီးဓာတ်ကလဲ-မီးဓာတ်အစုသို့သာ ဆိုက်၏ရောက်၏၊ နာမ်ကွန္ဒြေတို့သည်ကား ကောင်းကင်သို့ ပြောင်းရွှေ့ သွား၏။

အဇိတကေသကမ္မလရဲ့ဝါဒဟာ "လူမိုက်ဖြစ်စေ၊ပညာရှိလူလိမ္မာ ဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲဒါဘဲ၊ သေသည်မှနောက်ဌ် ဘာမှ မရှိဟု ယုံကြည်ယူဆတဲ့(ဥစ္ဆေဒ)ဝါဒဖြစ်ပါတယ်။

(၄) ပကုဓကစ္စာယန ဝါဒ

လောကဌ် မြေအစု, ရေအစု, မီးအစု, လေအစု, ချမ်းသာခြင်း၊ ဆင်းရဲခြင်းနဲ့ အသက်ဟု အစုခုနှစ်မျိုးရှိရာ ၎င်းအစုတို့မှာ ဘယ်သူကမှ ပြုလုပ်ဖန်ဆင်းထားတာမဟုတ် သူ့အလိုလိုသာ ဖြစ်ပေါ်ခါ ခိုင်မြဲစွာ တည်ရှိပြီး မဇဝါက်မပြန် မတုန်မလှုပ်ပဲ အချင်းချင်းလဲမညှဉ်းဆဲ ချမ်းသာ ဆင်းရဲရန်ကိုလဲ မတတ်နိုင်ကုန်....

ထိုအစုတို့ဌ် သတ်သူ, စေခိုင်းသူ, ကြားသူ, ကြားစေသူ, သိသူ, သိစေသူများမရှိ၊ တဦးတယောက်ကို သတ်သော်လဲ သတ်သည်မမည်၊ လက်နက်သည် ခုနှစ်ပါးသောအစုတို့ရဲ့အကြား ဟင်းလင်းသို့သာ ကျရောက်သွားပေ၏။

ပကုဓကစ္စာယနရဲ့ဝါဒဟာ အခြေခံဖြစ်တဲ့ လူမှုရေးရာကိုယ်ကျင့်တရားများကို လက်ခံဟန်မရှိ၊ လောကကြီးတွင် မြေ, ရေ, လေ, မီး, သုခ, ဒုက္ခ, ဇီဝ ဆိုတဲ့ ခုနှစ်ခုသော အစုတို့သည်သာ မဇဝါက်မပြန် မှန်ကန်တည်မြဲတဲ့တရားများဖြစ်ပြီး၊ ၎င်းတို့မှတပါး အခြားသော တရားများသည် မတည် မမြဲ ဖေါက်ပြန် ပြောင်းလဲတတ်တဲ့ တရားများသာဟု "ယုံကြည်ယူဆတဲ့ဝါဒ"ဖြစ်ပါတယ်။

(၅) နိဂဏ္ဌနာဋပုတ္တ ဝါဒ

လောကဌ် စောင့်စည်းခြင်းဖြင့် ကျတ်လွတ် ထွက်မြောက်နိုင်၏။ နိဂဏ္ဌတို့ရဲ့ စောင့်စည်းခြင်း လေးမျိုးရှိရာ (၁) အလုံးစုံသောရေအေးကို တားမြစ်ခြင်း၊ (၂) အလုံးစုံသော မကောင်းမှုကိုတားမြစ်ခြင်း၊ (၃) အလုံးစုံသောမကောင်းမှုကို တားမြစ်ခြင်းဖြင့် ပယ်ခွာပြီးဖြစ်ခြင်း၊ (၄) အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် လွတ်မြောက်ရာကို ရောက်ပြီးဖြစ်ခြင်း။

ဒီလေးမျိုးသောစောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးဖြစ်တဲ့ နိဂဏ္ဌဟာ အထွဋ်အထိပ်သို့ ရောက်သောစိတ်ရှိသူ၊ စောင့်စည်းသောစိတ်ရှိသူ၊ တည်ကြည်သောစိတ်ရှိသူဟု ဆိုအပ်၏။

နိဂ္ဂြောဒဋ္ဌပုတ္တရဲ့ဝါဒဟာ "စတုယာမသံဝရဝါဒ" ဖြစ်၏။ အိန္ဒြိယပြည်တွင် ယခုနေ့အချိန်ထိ "ဂျိန်း" အယူဝါဒ ရှိနေလျက်ပင်၊ ဂျိန်းစာပေအရ သူ့အမည်ကို "မဟာဝီရ"ဟု ပါရှိ၏။ ဗုဒ္ဓပါဠိစာပေ၌ကား.... အမည်အနွယ်ကိုအစွဲပြုပြီး နိဂဏ္ဌများကို "အဂ္ဂိဝေဿန" ဟု ပါရှိ၏။

ရင်းဝါဒရဲ့လိုရင်းမှာ "အတ္တ"ကိုအလေးထား ဦးစားပေးလွန်းပြီး အတိဘ်ဘာ အဆက်ဆက်မှ ရရှိသောသော "ကမ္မဝိပါက" များကိုလည်း ယုံကြည်လက်ခံခြင်း၊ ဖြစ်ပြီးတဲ့ မကောင်းမှုကံများနဲ့ ဖြစ်ဆဲ ဖြစ်လတ္တံ့ မကောင်းသောကံများကို လေဘက်လေးတန်မှ မီးဖိုကြီးများနဲ့ အထက်မှ နေပူပေါင်း "ပဠာဘပ"ခေါ် အပူဝေါးပူအာကျင့်များဖြင့် ပယ်ဖျောက်ကြလေသည်။

(၆) သဠာယတနဒဋ္ဌပုတ္တ ဝါဒ

သဠာယတနဒဋ္ဌပုတ္တကို ဗမာဗုဒ္ဓဝါဒီတို့က သိဠာည်းပရဒိုဇ်ဟု သိထားကြ၏။ ၎င်းသည် အလွန်စူးယှဉ်ဆက်မျက်သော ဝေဘန်ဉာဏ်ရှိ၍ ထင်ရှားသည်ဆို၏။ နောက်ဆုံး အသိဉာဏ်မြင့်မားလွန်းရကား ကိုယ်ကျင့်တရားနဲ့ ပတ်သက်ရာတို့၌ ဘာကိုမှ မယ်မယ်ရရ မဖြတ်ကြား မယူဆနိုင်သည်ထိ ဖြစ်ပြီး (သာမညဖလသုတ်) အဇာတသတ်မင်းက မေးတဲ့အခါ မိမိမှာ မည်သို့မျှ အယူအဆမရှိကြောင်းကို ဝန်ခံလေသည်။

ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌ကား "အမရာဝိက္ခေပဝါဒ"ဘယ်ကိုမှ အထိမခံ ပြန်လှန်ခါ တွက်တစ်တဲ့ အမရာဆိုတဲ့ငါးလို အဆုံးမရှိ "ပစ်လွှင့်တဲ့အယူဝါဒ"ဟု ပြဆိုထားလေသည်။

မှတ်ချက်။ ။အကျယ်သိလိုက ဒီဃနိကာယ် သာမညဖလသုတ် ဗြဟ္မဇာလသုတ်တို့မှာ ယူပါလေ။

နောက်ဆုံး ဆရာဇီဝကရဲ့ ဆက်သွယ်ပေးမှုကြောင့် (ဂေါတမဗုဒ္ဓ) ငါတို့ဘုရားနဲ့ ဆည်းကပ်မှုရခါ "ဝိဘဇ္ဇဝါဒ"အရာရာမှာ ဝေဘန်သုံးသပ်ပြီးမှ ဆုံးဖြတ်ယူဆတဲ့ အယူဝါဒကို သဘောကျ လက်ခံသွားပါတယ်။

ဒါကြောင့် ကိစ္စတခုကို အမှန်ဖြစ်ဘို့ရန် ဝေဘန်ချင်လျှင် "အမှားကင်းစင်ပြီး" အမှန်ကိုသာ သိမြင်တဲ့ "သဗ္ဗညုတ" ဥာဏ်တော်ရှင်ဖြစ်တဲ့(ဗုဒ္ဓ)ဘုရားရဲ့ တရားဓမ္မများနှင့် ညီနှိုင်းကြည့်မှ ဖြစ်မယ်။

ဒါဖြင့် ဘုရားရဲ့တရားစကားများဟာ ဘယ်မှာရှိပါသလဲ၊အမှားအမှန်ကို ခြောက်ကြိမ်ဝေဘန်စိစစ်ကြပြီး "ဆဋ္ဌသံဂါယနာ" တင်ပြီး စာထဲမှာရှိပါတယ်။

ဒါဖြင့် ဝေဘန်တဲ့သူက ပါဠိလို (ပရိယတ္တိ) ဗမာလို သင်ယူမှတ်သား လေ့လာမှုဟာ ဘယ်လောက်များ အရည်အသွေးရှိပါသလဲ....

ဒီနေရာမှာလဲ မိမိသဘောအရ ဖြစ်စေချင်ဒါကိုဘဲ ဦးစားပေးပြီး စာပေနဲ့ညီပြတာထက်ရှုံနဲ့မပြီး သေးပါဘူး၊ဘုရားဟောထားခဲ့တဲ့ "နိကာယ်ငါးရပ် ပိဋကတ်ရှိ" တရားဓမ္မများနှင့် ရည်ရွယ်ချက် သဘာဝကိုလဲ သိနားလည်မှ အမှန်ရမှာ ဖြစ်ဘယ်။

ဟောနည်းသုံးမျိုး

၁။ သန္ဓာယဘာသိတ-ပုဂ္ဂိုလ်အရ ရည်ညွှန်းဟောပြခြင်း။

၂။ ပရိယာယဘာသိတ—ပရိယာယ်ဆောင်၍ဟောပြခြင်း၊

၃။ သဘာဝဘာသိတ-အမှန်သဘောအရဟောပြခြင်း။

ဒီလို "မိလိန္ဒပဉ္ဍာ" မှာ ဟောနည်း သုံးမျိုးရှိကြောင်း မှတ်ချက်ချပြီး သတိုပေးထားပါတယ်။

(၁) ထင်ရှားအောင် "ပမာ" ဆောင်ရမယ်ဆိုလျှင် ဘုရားက ချစ်သား ဝဂ္ဂလိ သင်ဟာ ငါဘုရားရဲ့ အဆင်းရုပ်ဆောင် အပုတ်ကောင်ကို ကြည့်ရှု ကြည်ညိုနေရုံမျှနဲ့ ဘာအကျိုးရှိပါမလဲလို့ ပြောတဲ့ စကားမျိုးဟာ ကြီးကျယ်မှန်မြတ်လှတဲ့ အရဟတ္တဖိုလ်အကျိုးကို ထောက်ဆသဖြင့် ဒီကာမာဝစရကုသိုလ်မျှနဲ့ အားရတင်းတိမ်နေခြင်းဟာ အကျိုးမပြီးသေးကြောင်း ဝဂ္ဂလိလို ပုဂ္ဂိုလ်မျိုးကိုသာ ရည်ညွှန်းပြီးဟောပြတဲ့ တရားမျိုးဟာ (၁) သန္ဓာယဘာသိတမျိုး ဖြစ်ပါတယ်။

(၂) တမ္ဘဒါဋ္ဌိက သူသဲတ်ယောကျားကြီးဟာ ရှင်သာရိပုတ္တရာရဲ့ ဟောပြတဲ့ တရားတော်အဝေါမှာ စိတ်ပြိမ်စွာထားကာ မနာယူနိုင်ဘဲ လွန်ခဲ့တဲ့ အနှစ်ခြောက်ဆယ်လုံးလုံး ရှင်ဘုရင်ကပေးအပ်ထားတဲ့ အာဏာ ကိုခုတုံးလုပ်ပြီး ဟုတ်လှပြီဟုထင်မှတ်ခါ လုပ်ဆောင်ခဲ့သမျှ မကောင်း တဲ့ လုပ်ဆောင်မှုတွေ ဝေးတောပြီး နောင်တရမှု စိတ်မချမ်းသာမှု (ဝိပ္ပတိသာရ)တွေဖြစ်နေတဲ့အခါမှာ ရှင်သရိပုတ္တရာကရှင်ဘုရင်ကခိုင်းလို့ လခစားတယောက်အနေနဲ့ တာဝန်နဲ့ဝတ္တရားအရ ဆောင်ရွက်ရဒါဟာ သင့်မှာအပြစ်ရှိပါမလားလို့ "မလိမ့်တပတ်"နဲ့ ခေတ္တခန တရားနာနိုင် ယုံမျှစိတ်တည်ငြိမ်မှုရအောင် ပရိယာယ်ဆောင်ပြီး တမ္ဘဒါဋ္ဌိကလိုပုဂ္ဂိုလ် မျိုးကိုသာ ဟောပြတဲ့ တရားမျိုးဟာ (၂) ပရိယာယဘာသိတမျိုး ဖြစ်ပါတယ်။

(၃) နံပါတ်သုံးအရ ဟောပြတဲ့ဒေသနာမျိုးကတော့ ပုဂ္ဂိုလ်မရွေး ယုဘ်မြတ်မထား ရှိရှိသမျှသက်ရှိသက်မဲ့ သခ်ါရတရားမှန်သမျှ ရူပ်နာမ်, ခန္ဓာ, အာယတန, ဓာတ်, ပဋ္ဌိစ္စသမုပ္ပါဒ် တရားတွေမျှသာ ဖြစ်တယ်လို့ ဟောပြတဲ့ (၃) " သဗ္ဗာဝဘာသိက " ဒေသနာမျိုးလို့ မှတ်ယူရ ပါမယ်။

အဲဒီလို ငါဘုံဗုဒ္ဓ လေးဆယ်ငါးဝါပတ်လုံး ဟောတော်မူခဲ့သမျှ လေးသခ်ျနဲ့ ကမ္ဘာတသိန်းတန်းဖြစ်တဲ့ တွေးခေါ်ယူဆချက် နိကာယ် ငါးရပ် ပိဋကတ်မှာ မူလရည်ရွယ်တော်မူချက် သုံးမျိုးတို့ကို မသိနား မလည်ဘဲ မိမိတို့ဖြစ်စေချင်ဒါကိုမူတည်ပြီး ပုံစံအမျိုးမျိုးချခါလုပ်ဆောင် ယူဆကြမယ်ဆိုလျှင်တော့ ငါ့ဟာက အမှန် သူ့ဟာကအမှား စသည်ဖြင့် အငြင်းပွားမှုဖြစ်ခါ လိုရင်းမကျ သဘာဝမမှန် ကေန်မုချ အမှားနဲ့သာ တွေ့ကြုံရမှာဖြစ်ပါတယ်လို့ "မိလိန္ဒပဉ္ဍာ"မှာ ညွှန်ပြထားပါတယ်။

သတိထား

နဟိ သတ္ထုံ သုနိသိတံ၊ ဝိသံ ဟလာဟလ မိဝ။
ဧဝံ ဝိရန္ဓိ ပါတေတိ၊ ဝါစာ ဒုဗ္ဘာသိတာ ယထာ။
(နေတ္တိပါဠိတော်)

ဒုဗ္ဘာသိတ၁၊မကောင်းသဖြင့် ပြောဆိုအပ်သော။ ဝါ၊စာစကား သည်။ ဝိရုဒ္ဓ၊ ချွတ်လွဲသောအဖြစ်သို့။ ပါ၊တတိယထာ၊ ကျရောက်စေ သကဲ့သို့။ ဧစ်၊ ဤအတူ၊ သတ္တ၊ ကျမ်းဂန်ကို။ ဝါ၊ ရှင်တော်ဘုရား ဟောကြားပြသ အဆုံးအမသြဝါဒကို။ နသုနိသိတံ၊ ကောင်းစွာမမှီ အပ်သော။ ဝါ၊ ယူနည်းမမှန် စည်းကမ်းမကျ ဟောကြသော။ ဝါစာ၊ စကား၊သည်။ ဝိရုဒ္ဓ၊ ချွတ်လွဲသောအဖြစ်သို့။ ပါ၊တတိ၊ ကျရောက်တတ် ၏။ဟိ၊ ဥပမာအား၊ဖြင့် ထင်ရှား၊စွာပြပါဦး၊အုံ့၊ဟလာဟလံ၊ ဟာ၊ဆိုခါမျှ လတ်တလော သေစေတတ်တဲ့ ဟလာဟလ အမည်ရှိသော။ ဝိသံ၊ဂ္ဂဝ၊ အထက်ဆုံးသောအဆိပ်ကို သောက်မျှိုမိသကဲ့သို့ပါပေတည်း။

ဆောင်။ ။ရှေ့ဆောင်နှားလား အခြောင့်သွားသော် နောက်နှား၊ တသိုက် အခြောင့်လိုက်၏။

ရှေ့ဆောင်နှားမိုက် အကောက်ကြိုက်ယ နောက်နှား၊ တသိုက် အကောက်ကြိုက်၏။

" သရဏဂုံခက်း "

ဗုဒ္ဓဘာသာဆိုဒါဘာလဲ ?

အလုံးစုံသော တရားအပေါင်းကို အမှားကင်းစင်ပြီး အမှန်ကိုသာ သိမြင်တော်မူတဲ့ "သမ္မာသမ्बုद्धတော်ရှင်"ကို "ဗုဒ္ဓ"ဗမာလို ဘုရားလို့ ခေါ်တယ် ထိုဗုဒ္ဓဘုရား၏ ပြောဆိုဆုံးမ ဟောပြတဲ့ တရားတော်များကို "ဘာသာ"လို့ ခေါ်ပါတယ် အဲဒီ "ဗုဒ္ဓ"ဘာသာအရ လိုက်နာနေထိုင်ကြတဲ့သူများကို "ဗုဒ္ဓဘာသာဝါဒ"ရှိသူများ"ဗုဒ္ဓဘာသာဝင်" များလို့ ခေါ်ဆိုရပါတယ်။

ဒါကြောင့် " ဗုဒ္ဓဘာသာဆိုဒါ ဘုရားရဲ့ အဆုံးအမကို ခေါ်တယ် "မှတ်။

ဗုဒ္ဓဘာသာဝင်ဖြစ်လိုသူ သို့မဟုတ် ဖြစ်နေသူသည် ဗုဒ္ဓ-မြတ်-သံဃ (ဘုရား,တရား,သံဃာ)ဆိုတဲ့ ဒီရတနာသုံးပါးရဲ့အကြောင်းကို ကောင်းစွာလေ့လာပြီး မိမိယုံကြည်မှုရှိမရှိကို တိတိကျကျစဉ်းစားပြီးခါ ဆုံးဖြတ်ရပါမယ်။

" ဝေဘန်မှုနဲ့ ပြစ်မှားမှုဟာ တခြားစီပါ "

ဒီနေရာမှာ သာတာဂိရိနဲ့ ဟေမာဝတနတ်တို့ရဲ့ ဝေဘန်ချက်များကို သတိထားပြီးခါ မိမိတို့ယုံကြည်ကိုးစား အားထားပြုမဲ့ ဘုရားရဲ့ ဂုဏ်ရည်များကို စဉ်းစားစား ဆက်သွယ်အာရုံပြုသင့်ပါတယ်။

"ဂုဏ်တော် ၉-ပါး"ဆက်သွယ်ပုံကို ရတနာ၃ဂုဏ်ရည်မှ ထုတ်ပြပါမယ်....

(၁) ဗုဒ္ဓဂုဏ်တော်....ဘုရားရှင်သည် အလောင်းတော် သုမေဓာဘဝက ဒီပင်္ကရာဘုရားရှင်ကို ဖူးတွေ့ခါစ၌ သတ္တဝါတို့ကို ကယ်တင်လိုသောဆန္ဒတော်ပြင်းပြလှသဖြင့် "ဗုဒ္ဓေါ" (သစ္စာလေးပါး)ကို ကိုယ်တိုင်သိရသည့်အခါဝယ် " ဗောဓေယျ သတ္တာတို့ကိုလည်း သိစေတော်မူမည်"ဟု ဓိဋ္ဌာန်တော်မူခဲ့ပါသည်။

(၂) သုဂတဂုဏ်တော်....ထိုသို့ဝိဇ္ဇာန်တော်မူခဲ့သည့် အားလျော်စွာ အသက်ပေါင်းများစွာ စည်းစိမ်ပေါင်းများစွာတို့ကို စွန့်လွှတ်တော်မူလျက် သတိတရားကြီးစွာထားပြီးလျှင် အမှားမရှိအောင် ဥာဏ်ဖြင့်ရှောင်၍ ပါရမီတော်ကို ဖြည့်ကျင့်ဖြည့်ကာ ကောင်းစွာ ကြွတော်မူခဲ့ပါသည်။

(၃) ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်....ထိုကဲ့သို့ ပါရမီတော်ပြည့်၍ ဘုရားဖြစ်တော်မူသည့်ဘဝ၌ သီလစောင့်ခြင်း, ဥာဏ်နှစ်ပွားစည်းခြင်း စသော ကိုယ်ကျင့်တရား "စရဏ" ၁၅-ပါးနှင့် ပြည့်စုံတော်မူရကားဘုရားမဖြစ်မီကဆုန်လပြည့်နေ့ ညဉ့်ဦးယာမ်ဝယ် ရှေးဖြစ်ဟောင်းကိုအောင်းမေ့နိုင်သော "ပုဗ္ဗေနိဝါသာနုဿတိ" ဥာဏ်၊ တဝဲ၊ သန်းခေါင်ယာမ်ဝယ် နတ်,ပြဟ္မာ လောကရှိ သတ္တဝါများနှင့် ငရဲ,ပြိတ္တာ, သတ္တဝါဟူသမျှကိုမြင်နိုင်သော " ဒိဗ္ဗစက္ခု " ဥာဏ်၊တော်၊ မိုးသောက်ယာမ်ဝယ် ကိုယ်တော်၏သန္တာန်၌ ကိလေသာ ဓာတ်ခိုး ဓာတ်ခွဲများကို လုံးဝခြောက်ခန်းစေနိုင်သော "အာသဝက္ခယ"ခေါ် " အရဟတ္တမဂ်" ဥာဏ်တော်ဟူသော (ဝိဇ္ဇာ) ဥာဏ်တော်ကြီးများ အဆင့်ဆင့် ပေါ်ပေါက်လာပါသည်။

(၄) အရဟံ ဂုဏ်တော်....ထိုဥာဏ်တော်များကြောင့် ဘုရားရှင်၏ စိတ်တော်အစဉ်သည် ကိလေသာအနောက်အကျုံးများ ကင်းစင်သဖြင့် အမြဲကြည်လင်တော်မူပါပေသည်။

(၅) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်....ထိုကဲ့သို့ကြည်လင်သော စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ မကြာမကြာ ဖြစ်ပေါ်လာသော ဥာဏ်တော်ကြီးကား သိဘွယ်ဆဟူသမျှကို တစွန်းတစမျှမကျန်ရအောင် လုံးဝကုန်စင်သိမြင်တော်မူနိုင်ပါသည်။

(၆) လောကဝိဒူ ဂုဏ်တော်....ထိုကဲ့သို့ကြီးကျယ်သော ဥာဏ်တော်ကြီးက စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ မကြာမကြာ ပါဝင်သောကြောင့် ရှင်တော်မြတ်ဘုရားသည် ကမ္ဘာလောကသားတို့ကြီးအရုပ်ရုပ်ကိုဝင်း၊ သတ္တဝါအနန္တကိုဝင်း၊ ရူပ်, နာမ်, သင်္ခါရလောကကိုဝင်း သိမြင်တော်မူပါသည်။

(၇) အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်....သ တ္တ လောက (သတ္တဝါဟူသမျှ၏)လိုအင်ဆန္ဒနှင့် သဒ္ဓါ, ပညာစသော ဂုဏ်ခြေ တို့၏ အနုအရင့်ကိုနှိုင်းခြင့်ခဲခြမ်း သိစွမ်းမူရကား ထို သတ္တဝါတို့၏ အလိုကျ အောင် သင့်လျော်သော တရားတော်ကို ဟောပြောပြသဆုံးမတော်မူနိုင် ပါသည်။

(၈) သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်....ထိုကဲ့သို့မိမိဘုံအလိုလိုက်၍ အကြိုက်ကျအောင် ဟောပြောပြသ ဆုံးမခဲတော်မူသော ဘုရား ရှင်ကို ဆရာမတင်လျှင် ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဆရာ ဘင်တော့မည်နည်း ဘုရားရှင်သည်သာ မိမိတို့၏ဆရာစင်စစ် ဖြစ်ခဲတော်မူပါပေသည်။

(၉) ဘဂဝါ ဂုဏ်တော်....ထိုကဲ့သို့ လူဆော နှတ်ပါ ပြဟ္မာမလပ် အရပ်ရပ်ဆုံးမ၍ ယဉ်ကျေးကြသော သတ္တဝါတို့၏ဘဝါးတည်း သဲဖြစ်သော ဆရာသခင် ဘုရားရှင်၏ ဘုန်းတော်, ဥာဏ်တော်, ကြက် သရေတော်, တန်ခိုးတော် ကြီးမားပုံကို အာရုံပြု၍ ကုန်နိုင်ဘွယ် မရှိ တော့ပြီတကား။

ဒီလိုမိမိကိုးစား အားထားတဲ့ ဘုရားရဲ့ ဂုဏ်မျှားကို ဆက်သွယ် အာရုံပြုပြီး တွေးခေါ်ကြံဆ၍ တိတိကျကျ သိရတဲ့အခါ ဘုရားမှတပါး အားထားရာမမြင် မိမိရဲ့စိတ်အစဉ်ဝယ် ကြည်လင်ပြတ်သားစွာ အဆုံး အဖြတ် ရသွားပါလိမ့်မယ်။

မှန်ပါတယ် တဦးဘယောက်ရဲ့ဂုဏ်ကို မသိရပါက သာမညတဲ့ မိမိစိတ်ထဲဘုင် မှတ်ထင်ပါးသော်လဲ သူဟာဘယ်လို ဂုဏ်ထူး ဘွဲ့ထူး ရာထူး ရှိတဲ့သူဘဲလို့ သိရတဲ့အခါမှာ ယုံကြည်လေးစား အားထားမှုဟာ ဘုယ် သူမှ မတိုက်တွန်းရဘဲ အလိုလိုဖြစ်ပေါ်လေးမှာအမှန်ပါ

"ဗုဒ္ဓသရဏာ ဂုံ"

အစ္စတာ ဂဋ္ဌ ပါဏုပေတံ
ဗုဒ္ဓါ မေ သရဏံ အညံ နတ္ထိ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အင္ဇတရော၊ ယနေ့ကိုအေပြု၍ ပါဏာ၊ ပေတံ၊ အသက်ထက်ဆုံး၊ မေ၊ ငါသည်၊ ဗုဒ္ဓေါ၊ ဘုရားမှ၊ အည်၊တပါး၊ သရဏံ၊ ကိုးကွယ်အားထားရာသည်။ နတ္ထိ၊မရှိတော့ပြီ။ ဗုဒ္ဓံ၊မြတ်စွာဘုရားကိုသာ၊ သရဏံ၊ ယုံကြည် ကိုးစား အားထား ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆုံးဖြတ်ပြီးခါ ဆောက်တည်ပါ၏အရှင်ဘုရား၊

ဘုန်းတော်,ကံတော်,ဉာဏ်တော်, အနန္တသခင်ဖြစ်တဲ့ဘုရားရှင်ရဲ့ ပြောဆို ဆုံးမဟောပြတဲ့ စကားတော်များကို "တရား"လို့ ခေါ်ဆိုရပါတယ်။ ဘာကြောင့်ခေါ်ဆိုရသလဲလို့ ဆိုတော့ ပို့ဆောင်တတ်တဲ့ "မရ" ဆိုတဲ့ ပါဠိမှ ဆင်းသက်လာလို့ ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းရာကို ပို့ဆောင်တတ်တဲ့ သဘောများကို ကုသိုလ်တရား။ မကောင်းရာကို ပို့ဆောင်တတ်တဲ့ သဘောများကိုတော့ အကုသိုလ်တရားလို့ ခေါ်ဆိုရပါတယ်။ အဲဒီဘုရားရဲ့ တရားတော်များမှာလဲ "သွာက္ခာတ" အစရှိတဲ့ ဂုဏ်တော်များဟာ(၆)ပါးရှိပါတယ်။

" တရားဂုဏ်တော်(၆)ပါး ဆက်သွယ်ပွားများပုံ "

(၁) သွာက္ခာတ ဂုဏ်တော်....ရှင်တော်ဘုရား၏ တရားတော်သည်
(၁) ကြားနာရခြင်း တည်းဟူသော အစ၏ကောင်းခြင်း၊
(၂) ကျင့်ကြံအားထုတ်ခြင်း တည်းဟူသော အလယ်၏ကောင်းခြင်း၊
(၃) ကျင့်ပြီးသောအခါ တရားထူးကိုသိမြင်၍ ဒုက္ခခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ကို ရခြင်းတည်းဟူသော အဆုံး၏ကောင်းခြင်းများနှင့် ပြည့်စုံပါပေသည်။ (သွာက္ခာတ = ကောင်းမွန်စွာဟောအပ်၏။)

(၂) သန္ဒိဋ္ဌိက ဂုဏ်တော်....စ-လယ်-ဆုံး သုံးပါးလုံးကောင်းခြင်းနဲ့ ပြည့်စုံတဲ့ ရှင်တော်ဘုရားရဲ့ တရားတော်များဟာ ဟော်တော်မူထားတိုင်း သာကျင့်ကြံအားထုတ်ကြမယ်ဆိုလျှင် မဂ်,ဖိုလ်အထိ ပေါက်ရောက်နိုင်ပြီး နိဗ္ဗာန်ချမ်းသာကြီးကို ဘယ်သူကမှ မပြောမဆိုရ မိမိအလိုလို ကိုယ်တိုင် ဒိဋ္ဌသိမြင်နိုင်ကြပါပေသည်။ (သန္ဒိဋ္ဌိက = ကိုယ်တိုင်သိမြင်ထိုက်၏။)

(၃) အာကာလိက ဂုဏ်တော်....ကိုယ်တိုင်ဒိဋ္ဌ သိမြင်ရတဲ့ မဂ်လေးပါးတရားများဟာ လောကီကုသိုလ်ကံများလို ရက်-လ-ကာ လ-ဘဝမဆိုင်းဘဲ မဂ်စိတ်ရဲ့ အခြားမဲ့မှာ "ဖိုလ်"တည်းဟူသော အကျိုး

ကို အချိန်ဆွဲ၍ ဖင့်နွဲခြင်းမရှိ ပေးစွမ်းနိုင်သော ဂုဏ်သူး ရှိပါပေသည်။ (အကာလိက အချိန်ဆွဲ၍ ဖင့်နွဲခြင်းမရှိ။)

(၄) ဟေပိယသိကဂုဏ်တော်....ကိုယ်တိုင်ဒိဋ္ဌ သိမြင်ရပြီး အချိန်ဆွဲ၍ ဖင့်နွဲခြင်းမရှိတဲ့ ဘုရားရှင်ရဲ့ တရားတော်ကား ဝေဟာသ (ကောင်းကင်) ဗဟိုဝယ် ယုဂန္ဓိုရ်တောင်စွန်းမှ တက်ထွန်းလာသော လပြည့်ဝန်းကြီးအလား ပတ္တမြားရတနာသဖွယ် အလွန်တရာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့်အပြင် အမှန်ပင် ထင်ရှားရှိသောကြောင့် "လိုက်ခဲ့စမ်းပါ မည်မျှအဖိုးတန်၍ အကျိုးများတဲ့တရားလဲဟု ကိုယ်တိုင် သိရအောင် ကျင့်ကြံကြည့်စမ်းပါ"ဟု ခေါ်ဝင်၍ ပြ,သ တိုက်တွန်းခြင်းဌာ ထိုက်တန်သော ဂုဏ်တော်ရှိပါပေသည်။ (ဟေပိယသိက=လိုက်ခဲ့စမ်းပါ ရှုလွှဲစမ်းပါဟု ဖိတ်ခေါ်ထိုက်ခြင်း။)

မှတ်ချက်။ ။ဒီနေရာမှာ ရှေ့နောက်မဆင်ခြင်တတ်ဘဲ "ကိုယ့်ငါးချဉ် ကိုသာ ကိုယ်ချဉ်ကြကာ သူကဘဲတကယ်တော်ဒါလား, ကိုယ်က မသိဘတ်လို့လား"ဟု တိုင်းတာစရာလဲဘာမှမရှိ။မိမိမှာ အသိအလိမ္မာ ဉာဏ်ပညာနှင့် သူတော်ကောင်းစိတ်များ မတိုးပွားဘဲ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များနဲ့ ပြိုင်, ဆိုင်, တိုက်ခိုက်ရသဖြင့် မတရားမှု ဒုစရိုက်တွေသာ တိုးပွား၍ အကုသိုလ်များနေပါလျှင် အရင်းပင် ဆုံးရမည်ဖြစ်သဖြင့် ကိုးကွယ်ရာမှ ဘေးမဖြစ်ရလေအောင် သတိဆောင်လျက် "ကိုယ့်ဝန် ကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ်သွား"ရမည်ကို နှလုံးသွင်းကာ အေးအေးနေနိုင်ခြင်းသာ အပြစ်ကင်းပေမည်၊ မနေသာလို့ ပါဝင်ရလျှင်လဲ အကောင်းဆုံးစိတ် ထားနိုင်အောင် သတိရှိပါလေ။

(၅) သြပနေယျိကဂုဏ်တော်....ရှင်တော်ဘုရားရဲ့တရားတော်ကား

မိမိစိတ်တွင် တကြိမ်ထင်ကာမျှဖြင့် အပါယ်လေးပါးက လွတ်မြောက်ရသဖြင့် မဂ်,ဖိုလ်ရအောင် ကမ္မဋ္ဌာန်း အားထုတ်နေစဉ် မိမိတွင် ဝတ်ဆင်ထားတဲ့ အဝတ်အစားများနဲ့ ဦးခေါင်းကို မီးလောင်နေစေကာမူ စာဘဝ် တခါသေရမြဲဓမ္မတာဖြစ်တဲ့ ခန္ဓာကို မငဲ့ညှာဘဲ ဘဝများစွာ လောင်မြိုက်နေတဲ့ အတွင်းမီး ကိလေသာတွေ ကုန်ခန်းပြီး "မဂ်-ဖိုလ်" ရအောင် အားထုတ်ထိုက်ပါပေသည်။ (သြပနေယျိက=မိမိစိတ်ကိုကပ်၍ ဆောင်ယူထိုက်ခြင်း။)

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော်....ဤ မဂ်, ဖိုလ်, နိဗ္ဗာန် တရားတော် မြတ်သည်ကား.... ပုထုဇဉ်များနှင့် မတန်မရာ သစ္စာလေးအင် သိမြင်ကြပြီး အရိယာပုဂ္ဂိုလ်ကြီးတို့သာ ကိုယ်စီကိုယ်၎ အလို့ရှိတိုင်း ရကြ၍ နိဗ္ဗာန်ကို အာရုံပြုကာ "ဖလသမာပတ်" ချမ်းသာကို ခံစားကြရ ပါပေသည်။ (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ = အရိယာများ ကိုယ်စီ ကိုယ်၎ သိအပ် ခံစားအပ်၏။)

"မေမ္မသရဏာဂုံ"

အဇ္ဇတဂ္ဂေ ပါဏုပေတံ
ဓမ္မော မေ သရဏံ အညံ နတ္ထိ
ဓမ္မံ သရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ မေ၊ ငါသည်။ ဓမ္မော၊ တရားတော်မှာ။ အညံ၊ တပါး။ သရဏံ၊ ကိုးကွယ်အားထားရာသည်။ နတ္ထိ၊ မရှိတော့ပြီ။ မေ၊ တရားတော်မြတ်ကိုသာ။ သရဏံ ယုံကြည်ကိုးစား အားထားကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆုံးဖြတ်ပြီးကာ ဆောက်တည်ပါ၏အရှင်ဘုရား။

"ဘုရားရှင်"ရဲ့ ဆုံးမတော်မူတဲ့ "တရား"တော်များကို လိုက်နာကျင့်ကြံ နေသူများကို ပါဠိလို "သံဃ" ဗမာလို "သံဃာ" အဓိပ္ပါယ်မှာ အပေါင်း, အစု, အသင်း, အဖဲ့လို့ ဆိုလိုပါတယ်။ ဒါကြောင့် အယူဝါဒ အကျင့်သိက္ခာအားဖြင့် တူမျှကြသော ရဟန်းတော်တို့၏ အပေါင်း, အစု, အသင်း အဖဲ့ကို "သံဃာ"ဟု မှတ်ပါ။

မှတ်ချက်။ ။သံဃာ်က ဆိုရာ၌၊ တသာသနာလုံးရှိ ၎သံဃာတော်များကို ဓမ္မကံအားဖြင့် ရည်မှန်းရမည် ဖြစ်ကြောင်း သတိပြုပါ။

အဲဒီသံသာရေတာ်များမှာလဲ "သုဗဒ္ဓိပန္ဒ" အစရှိတဲ့ အခြောင်းကုဏ်တော်က(၄)ပါး၊ အကျိုးကုဏ်ခတော်က (၅)ပါး၊ ပေါင်း (၉)ပါး ရှိပါတယ်....။

(၁) သုပဗဒ္ဓိပန္ဒကုဏ်ခတော်....ဘုရား ရှင် ရဲ့ ကပည်ခြေးကောင်းများသည် အဆုံးအမခတော်ကို အသက်ကို ငင်ပမာမသားဘဲ လုံးဝလိုက်နာ လျက် ကျင့်ကြံတော်မူကြပါသည်(သုပဗဒ္ဓိပန္ဒ = ကောင်းစွာကျင့်ခြင်း)

(သတိထားဘွယ်)

ဒီကုဏ်တော်များနဲ့ ပြည့်စုံတဲ့သံသာကို၁၊ မဂ်ဖိုလ်ပြီးတဲ့ သံသာတော်များသာ ဖြစ်ပါတယ်၊ မဂ်ဖိုလ်မရသေးသော်လဲ မဂ်ဖိုလ်ရခြောင်းတရားကောင်းများကို လိုက်နာကြိုးကုတ် အားထုတ်ကျင့်ကြံနေကြတဲ့ သူတော်စင်ရဟန်းတော်များလဲ ဆယောတသပန် အောက်စာန်းတွင် ပါဝင်နိုင်ပါသဖြင့် အကျုံးဝင်ဖြစ်ပါတယ်၊ ၁၂ပေမဲ့ အဆုံးအမကို မလိုက်နာဘဲ မေ့မေ့ လျော့လျော့ ဆပါးပါးဆနဲ့ "ဗာဟိရ" သာသနာ့ပြင်ပ ကိစ္စဌာန အချိန်ကုန်နေကြတဲ့ ပုဂ္ဂိုလ်များနဲ့ တော့ မဆိုင်ကြောင်း "အာရုံပြုတဲ့အခါ"သတိထားသင့်ပါတယ်။

"အရိယာရှစ်မျိုး"

(၁) ဆသောတာပတ္တိ မဂ် ပုဂ္ဂိုလ်၊ (၂) သောတာပတ္တိ ဖိုလ် ပုဂ္ဂိုလ်၊
(၃) သကဒါဂါမိ မဂ် ပုဂ္ဂိုလ်၊ (၄) သကဒါဂါမိ ဖိုလ် ပုဂ္ဂိုလ်၊
(၅) အနာဂါမိ ဆင် ပုဂ္ဂိုလ်၊ (၆) အနာဂါမိ ဖိုလ် ပုဂ္ဂိုလ်၊
(၇) အရဟတ္တ မဂ် ပုဂ္ဂိုလ်၊ (၈) အရဟတ္တ ဖိုလ် ပုဂ္ဂိုလ်၊

ဒီပုဂ္ဂိုလ်ရှစ်မျိုးကို အရိယာရှစ်ယောက်လို့ ခေါ်ဆိုရပါတယ်။

(၂) ဥဇုပဗဒ္ဓိပန္ဒကုဏ်တော်....ဘုရား ရှင် ရဲ့ တပည့်ခြေကောင်းများသည် ဟန်ဆောင်မှုမပါ ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံတော်မူတတ်ပါခပသည်။ (ဥဇုပဗဒ္ဓိပန္ဒ = ဖြောင့်မတ်စွာကျင့်ခြင်း)

"မာယာ နဲ့ သာဌေယျ"

မိမိမှာ အပြင်ရှိပါလျက် မရှိဘူးထင်အောင် လှည့်ပတ်ဖုံးကွယ်မှုကို "မာယာ" မိမိမှာ ဥစ္စာဂုဏ်, သီလ, သမာဓိ, ပညာဂုဏ် မရှိပါဘဲ ရှိဟန်ဆောင်မှုကို "သာဌေယျ"လို့ ခေါ်ပါတယ်။

"ကြောင်သူတော်"

စိတ်ထားမဖြူစင် မကြောင့်မတ်သူကား...ဆိုးဝါးလှ၏။ မရိုးသား မကြောင့်မတ်သူကို ဘယ်အခါ ပုံကြည့်ရပါတော့အုံးနည်း။ ဒါကြောင့် အစတော်အတန် ပညာရှိပါလျက်နဲ့ ရိုးသားဖြောင့်မတ်မှုမရှိဘဲ "ကြောင်သူတော်" လို့ ဟန်ဆောင်ခါ ကျမ်းဂန်စာပေတတ်သဖယောင်၊ ဆေးဝါးဌမ်းသယောင်၊ ထုတ်ရပ်ပေါက်သဖယောင် ညာဖြန်းနေသူများကား.... သာမန်မရိုးသားသူများထက်ပင် ကြောက်ဘွယ်ကောင်းလှ၏။

ကျမ်းဂန်စာပေ မတတ်သော်လဲ အကျင့်သီကွာ လုံ့လောက်ရှိ ရိုးသားဖြောင့်ပါလျှင် ပေါင်းသင်း ကိုးကွယ်ထိုက်လှပေပြီ၊ ဒါကြောင့် မိမိကိုယ်တိုင်ကလဲ ရိုးသားဖြောင့်မတ်ဘို့ အရေးကြီးလှ၏။ သေဘွဲ့နဲ့ ဒုတ်ကောက်ကို အသင်ကြီးပြီး သူငြားကြီးသင်ပြီး ယူမိ၏လို့....

ကုန်ရှုံးလျှင်တခေါက်၊ လင်ရှုံးလျှင်တသက်လုံးမှောက်၊ ဆရာရှုံးတော့ တသံသရာလုံးမှောက်ဆိုသလို ဒီနေရာမှာ ဆရာ့ပေါင်းမှားလို့ ဒုဇာတသတ်မင်းရဲ့ ဖြစ်အင်ကိုစဉ်းစားခါ သတိထားသင့်လှပါတယ်....။

(၃) ဥာဃပဗွဋိပန္ဓ ဂုဏ်တော်....ဘုရားရှင်ရဲ့ တ ပည့်ကောင်းများ သည် ဆုံဉီးသျှောင်ကို မီးလောင်နေသော်ငြားလဲ မငြိမ်းအား သေးဘဲ အင်မတန်ကြီးမားလှတဲ့ သံသရာဒုက္ခကြီးတို့ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်အလို့ငှါ ကျင့်ကြံတော်မူတတ်ပါပေသည်။

(ဥာဃ = နိဗ္ဗာန်၊ပဋိပန္ဓ = ကျင့်သည်၊နိဗ္ဗာန်အလို့ငှါကျင့်တော်မူခြင်း)

ဒါကြောင့် အရိယာဖြစ်ပြီးသူများမှာ ဒုက္ခများလှတဲ့ သံသရာထဲမှာ အကြားဆုံး ခုနှစ်ဘဝသာ နေပြီးလျှင် ပရိနိဗ္ဗာန်စံဝင်ကြပါတော့သည်။

ဒီနေရာမှာ "အသက်တရားမနေရ, အမှုဘရားတွေ့ရ" ဆိုတဲ့စကား အတိုင်း အကယ်လို့မျှား ဒုက္ခမျှားနဲ့ တွေ့ကြုံလာခဲ့ပါလျှင် သက်သာရာမှု ရစေတော့ဆိုတဲ့ သဒ္ဓာဘာမျိုးနဲ့ မဂၢာင်းမှုကို မပြုမိကြစေဘဲ ဘယ်သူ့ ကိုမှအပြစ်မမြင်ဘုရားရှင် ညွှန်ကြားတဲ့ နိဗ္ဗာန်တရားသည်ကား ရူပ်,နာမ်, ခန္ဓာမရှိခြင်းကြောင့် ဘယ်လိုဒုက္ခမျိုးနဲ့မှ တွေ့ကြုံစရာမရှိ၊ ကေန် အေးမြ ပေလိမ့်မည်ဟု သူမပါ, ၁ါ၁ရှိအံ့ နိဗ္ဗာန်ရဲ့ "သန္တိသုခ" ခေါ်တဲ့ ငြိမ်းချမ်းမှု သဘောကို မှန်းဆ၍ နိဗ္ဗာန်ကို သိမြင်နိုင်အောင် ကြိုးစား သင့်ကြပါတယ်။

(၄) သာမိစိပ္ပဋိပန္နဂုဏ်တော်....ဘုရားရှင်ရဲ့ တ ပည့် ကောင်း မျှား

သည် ပစ္စည်းလေးပါးတို့ဖြင့် ရိုသေသမှု ပြုစုလှူဒါန်းကြတဲ့ အလှူရှင်မျှားရဲ့ စေတနာသဒ္ဓါတရားများနဲ့ ထိုက်တန်အောင် ကျင့်ကြံ အားထုတ်ခဲတာ်မှုကြပါပေသည်။

(သာမိစိ = ရိုသေမှု၊ပဋိပန္န = လျော်အောင်ကျင့်ခြင်း၊ ရိုသေမှုနှင့်လျော်အောင် ကျင့်တော်မှုခြင်း)

ဒီနေရာမှာ သူတော်စင်မျှားရဲ့ထုံးကို နှလုံးမူခါ မိမိအပေါ်မှာ ရိုသေလေးစားကြတဲ့သူမျှားရဲ့ စေတနာသဒ္ဓါတရားနဲ့ ထိုက်တန်အောင် ပြောဆိုစားသောက် နေထိုင်တာ်ပါမှ မိမိဘို့ဘက်က တာဝန်ကျေကြ မည်ကို သတိကြီးစွာ ထားသင့်ကြပါသည်။

(ဤကားအကြောင်းဂုဏ်တော်(၄)ပါး ဖြစ်ပါတယ်)

(၅) အာဟုနေယျဂုဏ်တော်....ဘုရားရှင်ရဲ့ အစုံအားဖြင့် လေးပါး၊

အသိ,အခြားအားဖြင့် ရှစ်ဖေါ်ရှိတဲ့ ဤအရိယာသူတော် ကောင်းသည် ပေးလှူသူအား တုံ့ပြန်ပြီးကာ အကျိုးကို ပေးကတ်ပါ သဖြင့်အဝေးမှယူဆောင်၍လှူဒါန်းတဲ့လှူဘွယ်ဝတ္ထု၊ အစုစုတို့ကိုလဲကောင်း စွာသိမ်းပိုက်ခံယူခြင်းငှါလည်း၊ ထိုက်တော်မှုကြပါပေသည်။

(အာ = အဝေးမှယူဆောင်၍၊ ဟုန = ပူဇော်အပ်သောပစ္စည်း၊ ယျ = ခံထိုက် သည်)

(၆) ပါဟုဇနယျဂုဏ်တော်....ဘုရားရှင်ရဲ့ ။ပ။ သည် အခဝေးရပ်က ဆွေမျိုးမျှားအတွက် ရည်ရွယ်တားတဲ့ ဝန္ဓည်းမျှားကိုလဲ ဘုရားပွင့်မှတ္တေကြုံခွင့်ရတဲ့ သူသောင်စင် သည်ယည်းကာင်းမို့ အကြောင်းတိုက်ဆိုင်နေပါက ပေးလှူခြင်းငှါလည်း ထိုက်တော်မူပါပေသည်။

(ပ = အရပ်ဘပါးမှ၊ ဌ ၁ = လားသောညည်းသည်တို့အား၊
ဟုန = ပူဇော်အပ်သောပစ္စည်း၊ယျ = ခံယူထိုက်သည်)

(၇) ဒက္ခိဏေယျဂုဏ်တော်....ဘုရားရှင်ရဲ့ ။ပ။ သည် နောင်ဘဝလွန်ဘဝအတွက် ကြိုးပမ်းခွန်းသာဘို့ရန်ရည်သန်၍ လှူဒါန်းသော အလှူမျိုး ကိုခံယူခြင်းငှါလည်း ထိုက်တန်တော်မူပါပေသည်။

(ဒက္ခိဏ = လှူဘွယ်ဝတ္ထု၊ယျ = ခံယူထိုက်သည်)

(၈) အဉ္ဇလိကရဏီယဂုဏ်တော်... ဘုရားရှင်ရဲ့ ၊ပ၊ သည် လူ, နတ်, ब्रह्मာ, သတ္တဝါအားလုံ.တို့ရဲ့ ရှင်ပြုံးကြည်ညို ရိုသေမြတ်နိုးလက်ဆုပ်ကိုင်၍ ဦးခိုးခြင်းငှါလည်း ထိုက်တန်တော်မူပါပေသည်။

(အဉ္ဇလိ = လက်အုပ်ချီမှ၊ကရဏီယ = ပြုထိုက်သည်)

(၉) အနုတ္တရ ပုညက္ခေတ္တဂုဏ်တော်....ဘုရားရှင်ရဲ့ ၊ပ။ သည် လူ, နတ်, ब्रह्मा, သတ္တဝါအပေါင်းတို့ရဲ့ အတုမရှိတဲ့ ကုသိုလ်ကောင်းမှု မျိုးစေ့အစုတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဘွယ်လည်း ဖြစ်တော်မူပါပေသည်။

(အနုတ္တရ = ကောင်းမြတ်သော၊ပုညေ = ကောင်းမှု၊ခေတ္တ = လယ်ယာ)

"သံ ဃ သ ရ ဏ ဂုံ"

အစ္စတဂ္ဂေ ပါဏုပေတံ
သံဃော မေ သရဏံ အသျှံ နတ္ထိ
သံဃံ သရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏာတိပါတာ၊ အသက်ထက်ဆုံး။ ဧ၊ ငါသည်၊ သံဃာ၊ အရိယာရှစ်ဖေါ သံဃာတော်မှ။ အညံ၊ တပါး။ သမဏံ၊ ကိုးကွယ်အားထားရာသည်။ နတ္ထိ၊ မရှိတော့ပြီ။ သံဃံ၊ အရိယာရှစ်ဖေါ သံဃာတော်မြတ်ကိုသာ။ သရဏံ၊ ယုံကြည်ကိုးစား အားထား ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆုံးဖြတ်ပြီးခါဆောက်ဘည်ပါ၏ အရှင်ဘုရား။

ဤကား ပါဠိနှင့်အနုက်တွဲဘက်ပြီးခါသရဏဂုံဆောက်တည်ပုံ ဖြစ်ပါသည်။

ပါဠိမဟက် ဗမာစကားပြင်သက်သက်ဖြင့် ဆောက်တည်ပုံ

(၁) အမှန်တရား မြတ်လေးပါးကို ပိုင်းခြားထိုးဖောက် ထိုးရောက်စွာ သိမြင်တော်မူသော မြတ်စွာဘုရားကို ယုံကြည်ကိုးစား အားထား ကိုးကွယ်ရာဟူ၍ အသိအမှတ်ပြုကာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

(၂) ကျင့်သုံးလိုက်နာရန် တရားမှန်ကို ယုံကြည်ကိုးစား အားထား ကိုးကွယ်ရာဟူ၍ အသိအမှတ်ပြုကာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

(၃) တရားတော်က ဥာဏ်ပြုသည့်အဘိုင်း ကျင့်ပြီး ကျင့်ဆဲဖြစ်သော အရိယာအဖွဲ့ဝင် ထေရ်အရှင်များနှင့် အရိယာဖြစ်ရန် ရည်သန်မှန်းဆ ကျင့်ကြံနေကြသော ကလျာဏ ပုထုဇဉ်ရဟန်းအဖွဲ့ဝင် ဟူသမျှကို အားထား ကိုးကွယ်ရာဟူ၍ အသိအမှတ်ပြုကာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဤသို့ဝါကယ်ဆည်းကပ်ရာ၌ မိမိကိုယ်တိုင်က အဓိပ္ပါယ်ကို သိထားပြီး ဖြစ်ခဲ့ရမည်ပြင် အတူးသဖြင့် "ဗုဒ္ဓ-ဓမ္မ သံဃ" တို့၏ အားထားလောက်တဲ့ ဂုဏ်ရည်များကို ဥာဏ်မျက်စိဖြင့် မြင်အောင် ရှုကြည့်၍ 'သရဏံ' ဆောက်တည်ရမည်ကို သတိရှိရပေမည်။

သရဏကုံဆိုတာဘာလဲ?

သရဏကုံ = ဆိုဒ့ါ "သရဏ-ဂမန" ဆိုတဲ့ပါဠိမှ ဆင်းသက်ပြီး "သရဏကုံ"လို့ ဗမာစကားဖြစ်ပေါ်လာတာ။ (သရဏ = ကိုးကွယ်ရာ ဟူ၍၊ ဂမန = အသိအမှတ်ပြု၍ ဆည်းကပ်ခြင်း၊ ဒါကြောင့် "ဘုရား-တရား-သံဃာ"မျှားကို ကိုးကွယ်ရာအစစ်ဖြစ်တယ်လို့ အသိအမှတ်ပြုခါ ရိုသေလေးမြတ် ဆည်းကပ်လိုတဲ့ ကုသိုလ်စိတ်ကို "သရဏကုံ"လို့ မှတ်ရပါမယ်။

ဘာပြုလို့ ဆောက်တည်ကြရဒါလဲ?

ဗုဒ္ဓဘာသာဝင်မှန်သမျှ တမလွန်ဘဝရှိတယ်လို့ ယုံကြည်ကြပြီး ဖြစ်တဲ့အတွက် ဘဝအဆက်ဆက်၌ နှိပ်စက်ညှဉ်းဆဲ ဒုက္ခပေါယ်ခေးပါးသို့ ကျရောက်စေတတ်တဲ့ ဘေးအပေါင်းကို ကောင်းစွာ သတိရှိပေးတတ်တဲ့ အတွက် "ဘုရား-တရား-သံဃာ" ဒီအမြတ်ရတနာသုံးပါး၊ သို့မဟုတ် "သရဏ" သုံးပါးကို အားကိုး အားထားပြုခါ ဆောက်တည်ရခြင်း ဖြစ်ပါတယ်။

(ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ)

"ဆောက်တည်ရာ၌အကြောင်း ၂-ပါး"

သရဏကုံဆောက်တည်ရာ၌ အကြောင်း ၂ ပါးကို နားလည်ဘို့ လိုပါတယ် (၁) ကာရဏအကြောင်းနဲ့ (၂) ပဓာနအကြောင်းရယ်လို့ ၂-ပါးရှိရာ ကာရဏ အကြောင်းဆိုဒါက သံဃာတော်မျှားရှေ့၌ရင်း၊ မြတ်စွာဘုရားဧဒေတိတော်မျှား၌ရင်း၊ မိမိဘာသာသော်ရင်း၊ နှုတ်မြွက်၍ ရွတ်ဆိုခြင်းကိုခေါ်တယ်၊ ပဓာနအကြောင်းဆိုဒါကတော့ စိတ်၌အောက် မေ့ယုံကြည်ခြင်းကိုခေါ်တယ်။

ဒီနေရာမှာ နှုတ်မြွက်၍ ရွတ်ဆိုခါမျှနဲ့ မနေကြဘဲ စိတ်ထဲကပါ အောက်မေ့ယုံကြည်မှုသာ သတ္တဝါတိုင်းမလိုလားကြတဲ့ ဘေးအပေါင်းမ လွတ်ကင်းကြပြီး မိမိတို့လိုလားရည်မှန်းကြတဲ့ "နိဗ္ဗာန်"ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မြင်တွေ့နိုင်မှာဖြစ်သဖြင့် ဒီဂုဏ် ၂-ပါ နဲ့ ပြည့်စုံအောင် "သရဏကုံ"ဆောက်တည်တတ်ဘို့ အရေးကြီးပါတယ်။

"ဗုဒ္ဓဘာသာအစ သရဏဂုံက"

ယသ္မာ ဣမိနာ မဂ္ဂေန ဒေဝမနုဿာ၊
ဥပါသကာဘာဝေန ပဋိတ္တဘာဝေနဝါ၊
သာသနံ သြဘရန္တိ။
(ခုဒ္ဒကပါဋိအဋ္ဌကထာ)

ယသ္မာ၊ အကြင်ကြောင့်။ ဣမိနာမဂ္ဂေန၊ ဤသရဏဂုံတည်းဟူသော ခရီးကြောင့်။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ဥပါသကာ-ဘာဝေနဝါ၊ ဥပါသကာ၏ အဖြစ်အားဖြင့်ရင်း။ ပဋိတ္တဘာဝေနဝါ၊ ရဟန်းသာမဏေ၏ အဖြစ်အားဖြင့်ရင်း။ သာသနံ၊ သာသနာတော်ကို။ သြတရန္တိ၊ သက်ဝင်ကြကုန်၏။

ဗုဒ္ဓရဲ့အဆုံးအမ ခါတဲ့ "သာသနာ" သို့မဟုတ် "ဘာသာ" ဝင် အစစ်ဖြစ်လိုပါက နတ်ဘဲ့လူဘဲ့ရှင်-ရဟန်းဘဲဖြစ်စေ အခြေမူလ ဖြစ်တဲ့ ဒီ "သရဏဂုံ" သုံးပါးဖြင့်ပင် သာသနာတော်တွင်းသား ဗုဒ္ဓဘာသာ အဖြစ်သို့ သက်ဆင်းဝင်ရောက်ကြရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာအစ သရဏဂုံက လို့ ဆိုလိုရခြင်းဖြစ်ပါတယ်။

"ရတနာသုံးပါးဆိုဒါ ဘာလဲ"

(၁) ကျွတ်ထိုက်သူ နတ်လူပြဟ္မာ သတ္တဝါတို့ရဲ့ စိတ်နှလုံးကို အဆုံးမရှိ ကြည်ညိုနိုင်ဖေတတ်ခြင်းဆိုတဲ့ "စိတ္တိကတ"ဂုဏ်။

(၂) စကြာဝဠာတိုက်ပေါင်း ထောင်သောင်းတို့ဖြင့် လောကီရတနာ ခုနစ်ပါးကို အပြည့်ထည့်၍ ဝယ်ပါငြားသော်လည်း မထိုက်တန်ခြင်းဆိုတဲ့ "မဟဂ္ဃ"ဂုဏ်။

(၃) လောကသုံးရပ်ဝယ် တစုံတခုတုပနိုင်သော ရတနာ မရှိသည်၏ အဖြစ်ဆိုတဲ့ "အတုလ"ဂုဏ်။

(၄) ကမ္ဘာဘသခင်ကို ကြည်လည်၍နေရပါသော်လည်း တကြိမ်တခါ ဖူးတွေ့ရခြင်းငှါ ဖန်လွန်တရာခဲယဉ်းလှခြင်းဆိုတဲ့ "ဒုလ္လဘဒသန" ဂုဏ်။

(၅) အရိယာရှစ်ယောက်နှင့်တကွ ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့သည်သာ လျှင် သုံးဆောင်အပ်ခြင်းဆိုတဲ့ "အနောမသဏ္ဌာ ဗရိုဘောဂ" ဂုဏ်။

ဤငါးပါးသော အနက်သဘောတို့ကြောင့် ရတနာဆိုတဲ့ အမည် ထူးခြင့် "ဘုရား-တရား-သံဃာ" မျှားကို ရတနာသုံးပါးလို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

(ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ)

ဒီရတနာမျှားမှာလဲ လူရဲ့အသုံးအဆောင် ဖြစ်တဲ့ ရတနာထက် နတ်ရဲ့အသုံးအဆောင်ဖြစ်တဲ့ ရတနာကမြတ်တယ်။ နတ်မျှားရဲ့ရတနာ မျှားမှာလဲ ဗြဟ္မာပြည်တိုင်အောင် အဆင့်ဆင့် မြင့်တယ်။ ထို့အတူ သက်မဲ့ထက်-သက်ရှိ၊ သက်ရှိရတနာမှာလဲ တိရစ္ဆာန်ထက်လူ၊ "လူမှာလဲ အိမ်ရာထောင်ထက် မရဟန်းတဲ့ ရှင်၊ရဟန်း၊ ပုထုဇဉ်ထက်-အရိယာ" ကျင့်ဆဲထက်-ကျင့်ပြီး၊ စျာန်မဂ်ထက်-စျာန်ရ၊ ပကတိသာဝကဲ့ မဟာ သာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါတို့ထက် သမ္ဗညုတညာဏ်ရှင် ဘုရား သခင်ဟာ အမြတ်ဆုံးရတနာကြီး ဖြစ်ပါတယ်။

(ရတနသုတ်)

"ရတနာသုံးဖြာ ရှိခိုးရန်ဂါထာ"

အားဟာ ဗုဒ္ဓေါ အဟော မဓမ္မော အဟော သံဃောတိ ဒုလ္လဘံ၊
တံ ဝေဒေ ဥာဏဒိဋ္ဌဂ် ဃဏ္ဘ် လကွာ ပါဒတ်။

ဗုဒ္ဓေါ၊ သိစရာရှိသမျှကို အကြွင်းအကျန်မရှိရအောင် ဟုတ်တိုင်း မှန်စွာ ကမ်းကုန်လမ်းကုန် ကိစ္စပြီး အသင်ကြီး တသိထဲသိ တမြင်ထဲမြင် တလင်းထဲလင်း တရှင်းထဲရှင်း တဝင်ထဲဝင် တကြည်ထဲကြည် တဇေးထဲ ကိစ္စပြီး အေးကြီးအေးတော်မူတဲ့ သဗ္ဗညုတညာဏ်ရှင် ဘုရားသခင် ကိုယ် တော်မြတ်ကြီးသည်။ အဟော၊ ချောက်.... ၊လ.ကအလုံးတွင် အထွဋ်ဆုံး အလွန်ဆုံး အသာဆုံး အမြတ်ဆုံး ရတနာကြီးတဆူ ဖြစ်တော်မူပါပေ၏။

ဓမ္မာ၊ တမိုက်ထဲမိုက် တရှုတ်ထဲရှုတ် တညစ်ထဲညစ် တနောက်ထဲနောက် တပူထဲပူ ကြရသော သတ္တဝါတွေကို တလင်းထဲလင်း တရှင်းထဲရှင်း တစင်ထဲစင် တကြည်ထဲကြည် တအေးထဲ ကိုစွပြီး အေးကြီးအေး စေတော်မူတဲ့ ကိုးပါးသောလောကုတ္တရာတရားတော်မြတ်ကြီးသည်လည်း၊ အဟော၊ ချော်.... လောကအလုံးတွင် အထွဋ္ဌိဆုံး အလွန်ဆုံး အသာဆုံး အမြတ်ဆုံး ရာနာကြီးတဆူ ဖြစ်တော်မူပါပေ၏။

သံဃာ၊ ဘုရားသခင် နည်းလမ်းပြတော်မူသည့်အတိုင်း လွတ်လွတ် ကျတ်ကျတ် ကျင့်ကြံတော်မူကြ၍ ကိုးပါးသော လောကုတ္တရာတရား၊ တော်မြတ်ကြီးကို လက်ရှိရတော်မူကြပါသောကြောင့် တလင်းထဲလင်း တရှင်းထဲရှင်း တစင်ထဲစင် တကြည်ထဲကြည် တအေးထဲ ကိုစွပြီး အေးကြီး အေးတော်မူကြတဲ့ အရိယာ ရှစ်ဖေါ် သံဃာတော်အပေါင်း အရှင်ကောင်းတို့သည်လည်း။ အဟော၊ ချော်.... လောကအလုံးတွင် အထွဋ္ဌိဆုံး အလွန်ဆုံး အသာဆုံး အမြတ်ဆုံး ရတနာကြီးတဆူ ဖြစ်တော်မူကြပါပေ၏။

ဣတိ-အယံ၊ ဤအမြတ်ရတနာသုံးပါးသည်၊ လောကေ၊ တသိန်းနှစ်သောင်း အထုရှိသော။ ပံသု၊ ပထဝီမြေကြီးမှ မြေမှုံ့မက ဘဝ ဖန်များ လွန်ရှည်လျားသော သံသရာဟူသော လောကကြီးထဲ၌ အတိ-ဒုလ္လဘံ၊ အလွန် ရခဲကြုံခဲ တွေ့ခဲလှစွာသော အမြတ်ဆုံး ရတနာတို့ပါပေတည်း၊

ဥာဏဒိဋ္ဌဂ္ဂံ၊ ပကတိမျက်စေ့ဖြင့် မမြင်၊ ဥာဏ်မျက်စေ့မြင့်သာ မြင်ထအပ်သော၊ သဏှံ၊ အလွန်သိမ်မွေ့လှစွာထသော။ လကွဏာပါဒကံ၊ လကွဏာရေး သုံးပါးလျှင် အခြေစိုက်ထသော။ တံ၊ ထိုကံကောင်း ထောက်မ ယခုဘဝ တွေ့ကြုံရပြီသော အမြတ်ရတနာသုံးပါး အပေါင်းကို၊ အဟံ၊ ရှပ်, နာမ်, နှစ်ဖြာ ခန္ဓာငါးဝ အပေါင်းမျက်စိ ငါဟုထင်မှတ် အတ္တဟုခေါ် တပည့်တော်သည်။ ဝန္ဒေ၊ လင်းလို့ ရှင်းလို့ ကိုစွပြီး အေးကြီးအေးလိုသောအား ဝပ်တွားရိုကျိုး လက်စုံမိုးခါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊

No.F. 5

" သရဏဂုံညစ်ညူးကြောင်း ၉ ပါး "

(၁) စေတီတော်များရဲ့ သတ်မှတ်ထားတဲ့ အရံအတား၊ အရံအတားမရှိပါက ၁၂-တောင်အတွင်း မရိုမသေသွားလာခြင်း၊ ထီး,ဘိနပ်,ယာဉ်အမျိုးမျိုးတို့ကို ဆောင်း,စီးခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ မလျောက်ပတ် မရိုမသေ နေထိုင်ခြင်း စသည်များသည် ဘုရားကို ကိုယ်ဖြင့် ညစ်ညူးအောင် ပြုသည်မည်၏။

(၂) စာရေးဟောရာ တရားနာရာများမှာလဲ ကိုယ်ကို မရိုမသေပြု၍ သွား-လာ-နေ-ထိုင်-ကြားနာခြင်း၊ မြင့်မြတ်ဘဲ့ နေရာများမှ ထီး,ဘိနပ်,ယာဉ်စီး၍ နာကြားခြင်း စသည်များသည် တရားတော်ကို ကိုယ်ဖြင့် ညစ်ညူးအောင် ပြုသည် မည်၏။

(၃) ရဟန်းတော်တို့၌ ထိပါးခြင်း၊ နေရာတူ ကန်းတူ နေထိုင်ခြင်း၊ မရိုမသေနေထိုင်ခြင်း၊ သံဃာအရာမ် စသည်တို့၌ ဘိနပ်,ယာဉ်စီး,ထီးဆောင်းခြင်း၊ ဦးထုပ်ဆောင်း ခေါင်းပေါင်းခြင်း၊ အညစ်အကျေးစွန့်ခြင်း စသည်များသည် သံဃာတော်ကို ကိုယ်ဖြင့် ညစ်ညူးအောင်ပြုသည် မည်၏။

ဒီသုံးဖါးကား ကိုယ်ဖြင့်ညစ်ညူးအောင် ပြုခြင်းကြောင့် (ကာယ-သံကိလေသ) မည်၏။

(၁) သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားနဲ့ စေတီတော်များရဲ့ ကျေးဇူးမဲ့ကဲ့ရဲ့တဲ့ စကား၊ ရှုန့်ရင်းသိမ်ဖျင်းတဲ့ စကားများကို ရယ်ဘွယ်မျှ မပြောမဆိုကောင်း၊ ပြောဆိုမိက ဘုရားကို နှုတ်နဲ့ ညစ်ညူးအောင် ပြုသည်မည်၏။

(၂) တရားတော်များရဲ့ ကျေးဇူးမဲ့ ကဲ့ရဲ့တဲ့စကား၊ ရှုန့်ရင်း သိမ်ဖျင်းတဲ့ စကားများကို ရယ်ဘွယ်မျှ မပြော မဆို ကောင်း၊ ပြောဆိုမိက တရားတော်ကို နှုတ်နဲ့ညစ်ညူး အောင် ပြုသည်မည်၏။

(၃) သံဃာတော်များရဲ့ ကျေးဇူးမဲ့ကဲ့ရဲ့တဲ့စကား၊ ရှုန့်ရဲင်း ကြမ်းတမ်း သိမ်ဖျင်းတဲ့ စကားများကို ရယ်ဘွယ်မျှ မပြောမဆိုကောင်း၊ ပြောဆိုမိက သံဃာတော်များကို နှုတ်နဲ့ညစ်ညူးအောင် ပြုသည်မည်၏။

ဒီသုံးပါးကား နှုတ်နဲ့ညစ်ညူးအောင် ပြုခြင်းကြောင့် (ဝါစာ သံကိလေသ) မည်၏။

(၁) သက်ဒတော်ထင်ရှား ရှင်တော်မြတ်ဘုရားနဲ့ စေတီတော်များရဲ့ ဂုဏ်ဒတော်ဘို့ကို မသိခြင်း (အဉာဏ)၊ ဘုရားဆိုဒါ ဟုတ်မှဟုတ်ပါရဲ့လားလို့ ယုံမှားခြင်း (သံသယ)၊ ဘုရားဆိုဒါ ဟုတ်မှာ မဟုတ်ပါဘူးလို့ ယူမှားခြင်း(မိစ္ဆာ ဉာဏ)၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်များကို ထိပါး ပုတ်ခတ် စော်ကားပြစ်မှားခြင်း (အနုသယ)၊ အဲဒီအချက်များနဲ့ ပြုထင်မိပါက ဘုရားအပေါ် ၌ စိတ်နဲ့ညစ်ညူး အောင် ပြုသည်မည်၏။

(၂) တရားတော်ရဲ့ဂုဏ်ကျေးဇူးကိုမသိခြင်း(အဉာဏ)၊ဟုတ်မှ ဟုတ်ရဲ့လားလို့ ယုံမှားခြင်း (သံသယ)၊ ဟုတ်မှာမဟုတ် ပါဘူးလို့ ယူမှားခြင်း (မိစ္ဆာဉာဏ)၊ တရားတော်ရဲ့ ဂုဏ်တော်များကို ထိပါးပုတ်ခတ် စော်ကားပြစ်မှားခြင်း (အနုသယ)၊ ဒီအချက်များနှင့် ပြုထင်မိလျှင် တရား တော်ကို စိတ်နဲ့ညစ်ညူးအောင် ပြုသည်မည်၏။

(၃) သံဃာတော်ရဲ့ ဂုဏ်ကျေးဇူးကို မသိခြင်း (အဥ္ဘာဏ)၊ ဟုတ်မှုဟုတ်ရဲ့လားလို့ ယုံမှားခြင်း (သံသယ)၊ ဟုတ်မှာ မဟုတ်ပါဘူးလို့ ယူမှားခြင်း (မိစ္ဆာဥာဏ) သံဃာတော်ရဲ့ ဂုဏ်တော်များကို ထိပါးပုတ်ခတ် စော်ကားပြစ်မှားခြင်း (အနုသယ)၊ ဒီအချက်များနဲ့ ပြုထင်မိလျှင် သံဃာတော်ကို စိတ်နဲ့ ညစ်ညူးအောင် ပြုသည်မည်၏။

ဒီသုံးပါးက စိတ်နဲ့ညစ်ညူးအောင် ပြုခြင်းကြောင့် (မနသံကိလေသ) မည်၏။

သရဏဂုံ တည်တဲ့သူမှန်လျှင် ဘုရား,တရား,သံဃာဆိုဒါ မဟုတ်ပါဘူးလို့ ရန်သူများက ပြောရမယ်၊ မပြောလျှင် သတ်မယ် ဆိုးတာင် အသက်ကိုသာ အသေခံမယ်၊ ပြစ်မှားလိုတဲ့စေတနာနဲ့ မပြော၊ တကယ်လို့များ ဒီ အညစ်အကျေး ကိုးပါးတို့ကို သတိမေ့လျော့ခါ ပြစ်မှားမိလျှင်လဲ မီးခဲနင်းမိတဲ့ ဘူလိုလျှင်မြန်စွာ ကန်တော့ ဖောင်းပန်ကြရပါမယ်။

ကန်တော့တောင်းပန်ရန်

အရှင်ဘုရား တပည့်တော်သည် မိုက်မဲတွေဝေ မလိမ္မာတဲ့အတွက် (ကိုယ်–နှုတ်–စိတ်) တို့ဖြင့် ပြစ်မှားကျူးလွန်မိပါသည်၊ တပည့်တော်အား အစဉ်သနားသည်ကို အကြောင်းပြု၍ အပြစ်ကို အပြစ်အား လျော်စွာ နှောင်အခါ ပြစ်မှားခြင်းမရှိ၊ စောင့်ရှောက်ပါခြင်း အကျိုးငှါ သည်းခံတော်မူပါဘုရား။

ယခုအခါမှာတော့ (သြကာသ) ကန်တော့ခန်းကို နေရာမရွှေးအသုံးပြု နေကြပါတယ်၊ ဒါပေတဲ့ ကျမ်းဂန်လာ ညွှန်ကြားချက်အတိုင်း နှောင်အခါ စောင့်ရည်းရန် ဝန်ခံချက်စေတနာ မပါဘဲ

ထပ်ခါထပ်ခါ

ပြစ်မှားပြီး ထပ်ခါထပ်ခါ ကန်တော့ခြင်းမျှားကို သတိထား စဉ်းစား သင့်ပါတယ်။

ဒီလို ကန်တော့ တောင်းပန်ပြီးလျှင် တဖန် သရဏဂုံကို ခံယူ ဆောက်တည်ရပါမယ်၊ မဆောက်တည်ဘဲ နေပါက သရဏဂုံ ပျက်ရ လေတော့၏။

"သရဏဂုံပျက်စီးခြင်းအကြောင်း ၂-ပါး"

(၁) သာဝဇ္ဇဘေဒ = အပြစ်နဲ့တကွပျက်စီးခြင်း။

(၂) အနဝဇ္ဇဘေဒ = အပြစ်မရှိတဲ့ ပျက်စီးခြင်း။

ဒီနှစ်မျိုးတွင်—

(၁) လူဘို့မှာ အညစ်အကြေး ၉-ပါးတို့တွင် တပါးပါးကို ပြစ်မှားကျူးလွန်လျှင်ရင်း၊ဘာသာတပါးသို့ ကူးပြောင်း သွားလျှင်ရင်း၊ သရဏဂုံပျက်၏။ သာမဏေတို့မှာ လိုင် (၁၀)ပါး တို့တွင် တပါးပါးကို ပြစ်မှားကျူးလွန်လျှင် (ဥဘတောသုဒ္ဓိ) လို့ ခေါ်တဲ့ သာမဏေတို့ ဝိနည်း သရဏဂုံပျက်၏။ ဘာသာတပါးသို့ ကူးပြောင်း ယူမှား လျှင် ပကတိသရဏဂုံပါ နှစ်ပါးလုံးပျက်၏။ ဒါကြောင့် အသက်ရှင်လျက် သရဏဂုံ ပျက်ရခြင်းကား ဘာသာ တပါးသို့ ပြောင်းရွှေ့၍ ဗုဒ္ဓဘာသာကိုစွန့်ခြင်း တပါး သာ ရှိတယ်လို့ သေသေချာချာ မှတ်ထားပါ၊ ဤကား အပြစ်နဲ့ ပျက်စီးခြင်းတည်း။

(၂) သရဏဂုံတည်သူတို့မှာသော့လွန်တဲ့အခါ သရဏဂုံအလိုလို ပျက်သွားရပါတယ်၊ သာမဏေမျှားမှာကား လူထွက်

> လျှင် ဝိနည်းသရဏာဂုံ ပျက်၍၊ သေလွန်သော် ပကတိ သရဏာဂုံပါ ၂-ပါ စုံပျက်၏။ ဤကား အပြစ်မရှိတဲ့ ပျက်စီးခြင်းတည်း။

ဒီနေရာမှာ အပြစ်နဲ့ ပျက်စီးဒါက မကောင်းကျိုးကိုပေးတတ်ပြီး၊ အပြစ်မဲ့ရှိတဲ့ပျက်စီးဒါက ကောင်းကျိုးကိုသာ ပေးတတ်ပါတယ်။

(ခုဒ္ဒကပါဠိအဋ္ဌကထာ)

"ပျက်စီးပါက ဆောက်တည်ရ"

ယခုကာလမှာ ကိုယ်ကျင့်သီလရှိပြီးမှ ပြုလုပ်သမျှသည် အရာရာမှာ အောင်မြင်ပြီးစီး အကျိုးကြီးကြောင်းကို ကျန်းဂန်ညွှန်ပြ သိကြတဲ့အတိုင်း သီလဆောက်တည်ကြရာ သရဏာဂုံပါ ဆောက်တည်လေ့ရှိကြပါတယ်။

အမှန်ကတော့ ယုံကြည်လေးစားစွာ ဆောက်တည်ထားပါက ယုံကြည်အားထားတဲ့စိတ် မပျက်မခြင်း တသက်လုံး သရဏာဂုံတည်၍ နေလေကောဲ့။ မဆောက်တည်ကောင်းတော့ မဆိုလိုပါ၊ သရဏာဂုံသုံးပါးကို ပြစ်ပယ်ပြီး တခြားဘာသာဝါဒကို ကူးပြောင်းသွားသူနဲ့ သေသူများ မှာတော့ အလို အလျောက် သရဏာဂုံ ပျက်ရပါတော့တယ်။

ဒါကြောင့် သေသူများကို အကြောင်းပြုပြီး ရောက်ရာ ဘဝက သတိရခါ သရဏာဂုံ တဖန်ဆောက်တည်စေရန်ရည်မှန်းချက်နဲ့ သရဏာဂုံ ဆောက်တည်ကြခြင်းကို သရဏာဂုံဝင်တယ်လို့ ခေါ်ကြပါတယ်။

ဒီနေရာမှာ အစဲ့အလန်းကြီးစွာနဲ့ မသေခင်က သရဏာဂုံတင်ထားခြင်းနဲ့ သခ်ၸိုင်းမှာသာ သရဏာဂုံတင်ရတယ်အထင်နဲ့ နေပူမိုးရွာမရှောင် သရဏာဂုံတင်ရန်အတွက် ဆောင်ရွက်နေကြရခြင်းကိုလဲ စဉ်းစားသင့်ပါတယ်။

အဆောက်အဦ နေရာထိုင်ခင်း ပြည့်စုံတဲ့နေရာမှာဘဲ ဖောပြော တတ်တဲ့ပုဂ္ဂိုလ်များက (မရဏာနုဿတိ)သေခြင်းတရားကို သတိရစေခြင်း နဲ့ (အသုဘ) စက်ဆုပ်ရွံ့ရှာဘွယ် မတင့်တယ်တဲ့ သဘောတရားများကို ဟောပြောပြသပြီး ဆောင်ရွက်စရာကိစ္စများကို နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ခြင်းသာ ချမ်းသာမှုဖြစ်ပါတယ်။

(မှတ်ချက်) ရှေးက လောကီဆရာများအတတ်နဲ့ ဖုတ်သင်းပြီး အလောင်းကို သင်းချိုင်းသို့သွားစေတဲ့ ဖုတ်သင်း သင်္ဂြိုဟ်လေ့ရှိကြသတဲ့။

ကျွန်တော့စိတ်ကူး သင်းချိုင်းဆိုဒါ ကြောက်စရာဌာနလို့ သတ်မှတ်ထားခြင်းထက် အခမ်းအနားတရားသဘင်ဆောင်ရွက်ရန် အဆောက်အဦနဲ့ ဥယျာဉ်များစိုက်ပျိုးခါ အေးချမ်းသာယာစွာ ဘာဝနာ ပွားများရာ ဌာနအဖြစ် ပြောင်းလဲပြီး ဂုဏယ် မြေမြှုတ် နေရာရှုတ်တဲ့ ပြုမူခြင်းကို မပြုစေဘဲ ပြီးပြီး ပျောက်ပျောက် မီးရှို့သင်္ဂြိုဟ်ခြင်းဖြင့် သန့်ရှင်းအောင် ပြုပြင်ထားခြင်းက သာ၍ပင် နည်းလမ်းကျလိမ့်မယ်လို့ ထင်မြင်မိပါတယ်။

" သရဏဂုံ ၂-မျိုး "

သရဏဂုံဟာ သာမန်အားဖြင့် တမျိုးထဲဖြစ်ပေမဲ့ ဆောက်တည် သူရဲ့စံချိန်ကို ခန့်မှန်းခြင်းအားဖြင့် ၂-မျိုး ခြားနားသွားပါတယ်။

(၁) လောကီသရဏဂုံဆိုဒါ သူလိုငါလို ပုထုဇဉ်နှစ်ပုဂ္ဂိုလ်တို့ နှုတ်မြွက်ပြီးခါ ဆောက်တည်ကြတဲ့ သရဏဂုံမျိုးကို ပုထုဇဉ်နှစ် သရဏဂုံလို့လဲ ခေါ်ကြပါတယ်။

(၂) လောကုတ္တရာသရဏဂုံဆိုဒါကတော့ တလုံးသောအကျင့်ရာ ကိုမျှ ရှုတ်ဆိုချိန်မရ၊ မင်စိတ်ခဏခဏ ဆန့်ကျင်ဘက်ဖြစ်တဲ့ (ဒိဋ္ဌိဝိစိကိစ္ဆာ) စတဲ့ ကိလေသာတို့ကို ပယ်သတ်ပြီးခါ

ဘယ်ဘဝမှာမှ မပျက်ပြားတော့ဘဲ အမြဲထာဝရတည်မြဲ သွားတဲ့ သရဏဂုံမျိုးကို အရိယာသရဏဂုံလို့လဲ ခေါ်ကြပါတယ်။

(သရဏဂုံတင်ရန်လဲ မလိုတော့ပါ)

" သရဏဂုံ ၂ ပါး ခြားနားချက် "

ပုထုဇဉ်သရဏဂုံ ရဲ့သဘောက ...

(၁) ရတနာသုံးပါးရဲ့ဂုဏ်ကို အာရုံပြု၍ ဖြစ်ပေါ်ရခြင်း။
(၂) အနှောက်အယှက်ဖြစ်တဲ့ ကိုယ်တွင်းကိုးလသာမျှား ရှိနေခြင်းကြောင့် မကြာခဏ ညစ်နွမ်းရခြင်း။
(၃) တဘဝထဲ၌ပင် ပျက်နိုင်သဖြင့် စိတ်မချရခြင်း။
(၄) သရဏဂုံပျက်လျှင် နှုတ်မြွက်၍ ဆောက်တည်ရပြန်ခြင်း။

ဒီ အမှတ်လက္ခဏာမျှားဟာ ပုထုဇဉ်သရဏဂုံ ရဲ့ အင်္ဂါရပ်မျှား ဖြစ်ပါတယ်။

အရိယာသရဏဂုံရဲ့ ကသောကတော့....

(၁) နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာခြင်း။
(၂) သရဏဂုံ ရဲ့ ဆန့်ကျင်ဘက် ကိုးလသာဘို့ကို အကြွင်းမရှိ ဖြတ်တောက်ခြင်းကြောင့် ညစ်နွမ်းမှု မရှိသည့် အတွက် အသစ်စက်စက်ကဲ့သို့ဖြစ်၍နေခြင်း။
(၃) ဘဝပြောင်းသော်လဲ သရဏဂုံ မပျက်တော့ခြင်း။
(၄) နှုတ်မြွက်၍ မဆောက်တည်ရတဲ့နဲ့ အလိုအလျောက် သရဏဂုံ ဆောက်တည်မှု ပြီးစီးခြင်းဟူသော ဂုဏ်အင်္ဂါတို့နဲ့ ခိုင်လုံစွာ ပြည့်စုံလျက်ရှိပေ၏။

(မူလပဏ္ဏာသ ဘုယဘေရဝ သုတ္တအဋ္ဌကထာ)

" သရဏဂုံတည်သူများအကျိုးတရား "

ပြဆိုခဲ့ပြီးတဲ့ အဂ်ါရင်းများနဲ့ ပြည့်စုံစွာ သရဏဂုံဆောက်တည်သူများမှာလဲ ၂-မျိုး ခြားနားပါသေးတယ်၊ (၁) ဒါယကာတို့ ဆောက်တည်တဲ့ သရဏဂုံ၊ ဥပါသကာတို့ဆောက်တည်တဲ့သရဏဂုံ၊ ဒီလို ခြားနားပါသွားပြန်ပါတယ်။

(၁) ဒါယကာ - ဒါယိကာမတို့ အလှူပေးရာကာလ သီလဆောက်တည်ကြရာမှာ အစဉ်အလာအရ ဆောက်တည်ကြတဲ့ သရဏဂုံဟာ "ကမ္မသကတာဥာဏ်"အခြေခံနဲ့ စိစစ်ဝေဘန်မှုမရှိ၊ ဆောက်တည်ရုံမျှသာဖြစ်ပြီး မြဲမြံခိုင်ခံ့စွာ ယုံကြည်မြတ်နိုးမှုမပါ၊ခဏမျှသာဖြစ်လျက် ကာလသုံးပါ၊တို့မှာ ချို့တဲ့ဘတ်တဲ့သဘောရှိပါတယ်။

ဥပမာ ရှေးအခါက ဇ.ကြိမ်တခါမျှသာ စားသောက်ဘူးတဲ့ အစာအာဟာရများကို အောက်မေ့ သတိရတဲ့အခါ အရသာလဲမရှိ၊ ရတောမှားလဲမဟုတ်၊ ရဘူးဒါမျှဖြစ်တာလို ဒါယကာ, ဒါယိကာမတို့ ဆောက်တည်တဲ့ သရဏဂုံမျိုးဟာလဲ ဆောက်တည်ဘူးဒါသာရှိပြီး တည်ဆဲလဲမဟုတ်၊ တည်လတ္တံ့လဲမဟုတ်၊ ဒါကြောင့် (ယထာဗလ-အာနိသံသ) စွမ်းနိုင်သမျှသာ အကျိုးရကြမှာဖြစ်ပါတယ်။

(၂) ဥပါသကာ-ဥပါသိကာမတို့ရဲ့ အရည်အသွေးနဲ့ ပြည့်စုံအောင် ဆောက်ဘည်တဲ့သရဏဂုံကတော့ အတိတ်ကာလကလဲ ဆောက်တည်ခဲ့ပြီး ယခု ပစ္စုပ္ပန်ကာလမှာလဲ ဆောက်တည်ဆဲ၊ နောင်အနာဂတ်ကာလမှာလဲ ဆောက်တည်လတ္တံ့၊ ဒီလိုကာလသုံးပါးလုံးမှာလဲမချို့ယွင်း၊ ရတနာသုံးပါးရဲ့သဘောကိုလဲ ယုံကြည်မြတ်နိုးခြင်းရှိပြီး ကောင်းစွာ ဆောက်တည်အပ်သည်ဖြစ်၍ "သစ္စာနုလောမိက သမ္မာဒိဋ္ဌိဉာဏ်" အခြေခံနဲ့ ဆောက်တည်ခြင်း ဖြစ်ပါတယ်။

ဥမပာ ခတ္တိယ မဟာသာလ သူဌေးကြီးဟာ အရွယ်ကြီးရင့်တဲ့ အခါ သားကြီးအား အဘိုးထိုက်တန်လှစွာသော ကျောက်သံပတ္တမြားရွှေးငွ စတဲ့ ပစ္စည်းများကို အပ်နှင်းရာ လုံခြုံစွာ မြေရဲ့အတွင်း မြှုပ်

သွင်းပြီးသည်နောက် အောက်မေ့တိုင်းလဲနှစ်သက်၊ နောက်မှာလဲ နှစ်သက်ဦးမှာ ဖြစ်တဲ့အတွက် ကာလသုံးပါးလုံး နှစ်သက်ခြင်းဖြစ်သကဲ့သို့ ဥပါသကာ-ဥပါသိကာမတို့ ဆောက်တည်တဲ့ သရဏဂုံဟာလဲ "မဟာပွဲလ အာနိသံသ" ကြီးမားတဲ့အကျိုးရကြမှာဖြစ်ကြောင်း ကောင်းစွာမှတ်သား အပ်ပါသည်။

"ဥပါသကာမည်ရ သဘာဝ"

ဒီနေရာမှာ မြတ်စွာဘုရားက ဝက္ကလိ သတ္တိသားကို ငါဘုရားရဲ့ ဂုဏ်ကျေးဇူးတော်စတဲ့ သဘောတရားများကို မြင်သိမှ ငါဘုရားကို မြင်တယ်လို့ဟောဒါကို သတိထားပြီး သရဏဂုဏ် ဆောက်တည်တဲ့ အခါ ဒါယကာအဖြစ်မှ လွန်မြောက်၍ ဥပါသကာဘုံရောက် ဆောက်တည်တတ်ဘို့ လွန်စွာမှအရေးကြီးလှပါတယ်။

ဥပါသကာဆိုတဲ့ အရည်အသွေးနဲ့ပြည့်စုံလာပါက (၁)ကလျာဏ ပုထုဇဉ်၊ (၂)သောတာပတ္တိဖလ သစ္ဆိကိရိယ (၃)စူဠသောတာပန်၊ (၄) အရိယဒဿာဝီ၊ (၅) သပ္ပုရိသဒဿာဝီ၊ (၆) သာသနိက စတဲ့ ဘွဲ့ထူးဂုဏ်ထူးတို့ကို ဆွတ်ခူးပန်ဆင်ပြီး ဖြင့်သွားပါတော့တယ်။

" ဥပါသကာ ၂ မျိုး "

ဥပါသကဘဝဆိုတဲ့ဂုဏ်ထူးမှာလဲ အရည်အသွေးအလိုက် (၁)စက္ကာ လ ဥပါသကာ၊ (၂)ပဒုမဥပါသကာ၊ ဒီလို နှင်မျိုးနှစ်စား ခြားနားပြီး မှတ်သားရပါဦးမယ်။

စက္ကာလ ဥပါသကာ အင်္ဂါငါးပါး

(၁) အသဒ္ဓ၊ ရတနာသုံးပါးဂုဏ်ကို ကောင်းစွာမယုံကြည်ခြင်း။
(၂) ဒုဿီလ၊ သီလမရှိခြင်း။
(၃) ကောဇုဟာလ မင်္ဂလာ၊ ဧဗဒင်,ယတြာ,အမြင်,အကြား, အတွေ့ ဆိုတဲ့ ဒိဋ္ဌ-သုတ-မုတ၊ မင်္ဂလာစသည်တို့ကိုယုံကြည်ခြင်း။

(၄) နကမ္မပစ္စ၊ ကံကိုမယုံကြည်ခြင်း။
(၅) ဗဟိဒ္ဓဒဿနေယျ၊ သာသနာမူအပဖြစ်တဲ့ ဆရာတို့ရဲ့အယူ ဝါဒများကို လက်ခံယုံကြည် ဆည်းကပ်ခြင်း။

ဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံသူကို ဥပါသကာဝလ = ကြမ်းကြုံတဲ့ ဥပါသကာ၊ သို့မဟုတ် ဥပါသကာမလ = ညစ်နွမ်းတဲ့ဥပါသကာ၊ သို့မဟုတ် ဥပါသကပတိကိုဋ္ဌ = စက်ဆုပ်အပ်တဲ့ ဥပါသကာရယ်လို့ ရှင်တော်ဘုရား မလိုလားတဲ့ ဥပါသကာများကိုလဲ ခြားနားပြီး မှတ်သားရပါမယ်။

(အင်္ဂုတ္တရပါဠိတော်)

ပဒုမ ဥပါသကာ-အင်္ဂါငါးပါး

(၁) သဒ္ဓ၊ ရတနာသုံးပါးဂုဏ်ကို သက်ဝင်ယုံကြည်ခြင်း။
(၂) သီလဝါ၊ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံခြင်း။
(၃) အကောဏ္ဍုဟလမင်္ဂလိက၊ ဒိဋ္ဌ-သုဘ-မုဘ မင်္ဂလာများကို မယုံကြည်ခြင်း။
(၄) ကမ္မပစ္စ၊ ကံကိုယုံကြည်ခြင်း။
(၅) နဗဟိဒ္ဓဒဿနေယျ၊ သာသနာပဆရာများရဲ့ အယူဝါဒ များကို မယုံကြည်မဆည်းကပ်ခြင်း။

ဒီအင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့သူကို ဥပါသကရတန = နှစ်သက်စရာ ကောင်းတဲ့ ဥပါသကာ၊ သို့မဟုတ် ဥပါသကပဒုမ=မဒုမ္မာကြာနဲ့တူတဲ့ ဥပါသကာ၊ သို့မဟုတ် ဥပါသကပုဏ္ဍရိက = ပုဏ္ဍရိက်ကြာနဲ့တူတဲ့ ဥပါ သကာရယ်လို့ ရှင်တော်ဘုရား လိုလားတဲ့ ဥပါသကာမျိုး ဖြစ်အောင် ကြိုးစားရပါလိမ့်မယ်။

(အင်္ဂုတ္တရပါဠိတော်)

(မှတ်ချက်) ကြာဖြူ၊ကြာနီတို့တွင် ပွင့်ချပ်တရာပြည့်က "ပဒုမ္မာ"၊ မပြည့်က "ပုဏ္ဍရိက်"တဲ့။

" ဥပါသကာ ဂုဏ်ငါးဖြာ "

(၁) သရဏဂုံ တည်ရှိရခြင်း (သရဏ)
(၂) ကိုယ်ကျင့်သီလနှင့် ပြည့်စုံရခြင်း (သီလ)
(၃) လူကိုခရောင်းဝယ်ခြင်း၊ လက်နက်ကိုခရောင်းဝယ်ခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း၊ မူးမေ့ခစတတ်တဲ့ ဆေးရည်, အရက် ဘိန်း, ဘင်း, ကဇော်စသည်တို့ကို ရောင်းဝယ်ခြင်း၊ သားကိုသတ်၍ ရောင်းဝယ်ခြင်း၊ မခရောင်းကောင်းတဲ့ ဒီဂုန်ငါးမျိုးတို့ကို ရှောင်ရှားပြီး အသက်မွေးခြင်း (အာဇီဝ)
(၄) သရဏဂုံ တည်ခြင်း၊ သီလမြဲခြင်း၊ အသက်မွေးစင်ကြယ်ခြင်း (သမ္မတ္တိ)
(၅) ပြုပြီးခဲ့တဲ့ အင်္ဂါလေးပါးထဲက တပါးပါး ချို့ယွင်း ပျက်စီးခြင်း (ဝိပတ္တိ)

ဒီ ဥပါသကာရဲ့ဂုဏ်အင်္ဂါများကိုလဲ ကျမ်းကျင်လိမ္မာရမှာ ဖြစ်ပါတယ်။

" သရဏဂုံတည်ခြား အကျိုးများ "

သရဏဂုံတည်သူများမှာ ဖြစ်လေရာရာ ဘဝသံသရာတို့၌....

(၁) အာယု = အသက်ရှည်ခြင်း။
(၂) ဝဏ္ဏ = အဆင်းလှခြင်း၊
(၃) သုခ = ချမ်းသာကြီးခြင်း၊
(၄) ဗလ = ခွန်အားကြီးခြင်း။
(၅) ပဋိဘာန = ပညာကြီးခြင်း။
(အစ္စတ္ထ အကျိုးငါးပါး)
(၁) ရူပ = ရုပ်ချောခြင်း။
(၂) သဒ္ဒ = အသံကောင်းခြင်း။
(၃) ဂန္ဓ = အနံ့ကောင်းခြင်း။
(၄) ယသ = အခြံအရံများခြင်း။
(၅) အဓိပတေယျ = အစိုးရခြင်း။
(ဗဟိဒ္ဓအကျိုးငါးပါး)

ဒီ(၁၀)ပါးသောအကျိုးများကိုရနိုင်ကြောင်း အရှင်မောဂ္ဂလာန်ကဆိုကြားမင်းအား ဟောကြားခြင်းဖြစ်ပါတယ်။

"တနည်းအကျိုးလေးပါး"

(၁) အပါယ်၃လေးပါးမှ လွတ်မြောက်ရခြင်း။
(၂) နတ်ရွာသုဂတိသို့ လားရောက်ရခြင်း။
(၃) ရှင်၏တော်ဘုရားရဲ့ သားရင်းအစစ်ဖြစ်ရခြင်း။
(၄) ပွင့်တော်မူလတ္တံ့ ဘုရားရှင်တို့၏ အချွတ်ခံရခြင်း။

ဒီလေးပါးသော အကျိုးများတွင် (၁) နံပါတ်နဲ့ (၂) နံပါတ် အကျိုးနှစ်ပါးကို သုတ်မဟာဝ၀ါပါဠိတော် မဟာသမယသုတ်မှာ ရှင်တော်ဘုရား မိန့်ကြားတော်မူပါတယ်။

(၃)နံပါတ် သားရင်းအစစ်ဖြစ်ရခြင်းကဲ့သား....

(၁) သောတာပတ္တိဖလသစ္စိကိရိယပုဂ္ဂိုလ်၊
(၂) သောပတ္တိမဂ်ပုဂ္ဂိုလ်၊
(၃) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊
(၄) သကဒါဂါမိဖလသစ္စိကိရိယာပုဂ္ဂိုလ်၊
(၅) သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊
(၆) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊
(၇) အနာဂါမိဖလသစ္စိကိရိယာပုဂ္ဂိုလ်၊
(၈) အနာဂါမိမဂ်ပုဂ္ဂိုလ်၊
(၉) အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊
(၁၀) အရဟတ္တဖလသစ္စိကိရိယပုဂ္ဂိုလ်၊
(၁၁) အရဟတ္တမဂ်ပုဂ္ဂိုလ်၊
(၁၂) အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊

ဒီ(၁၂)ယောက်သော ပုဂ္ဂိုလ်များသည် ရှင်တော်ဘုရားရဲ့ သားတော်ရင်းဖြစ်ကြောင်း ဥပရိပဏ္ဏာသ ဒကွိဏဝိဘင်္ဂသုတ် အဋ္ဌကထာမှာ အထင်အရှား ဖွင့်ဆိုသားပါတယ်။ ဒီလို မဂ်ဌလာတဲ့ သဒ္ဓါစေတသိက် ပြဋ္ဌာန်းသော သရဏဂုံမျိုးကား ဝရဇိန်လက်နက် မိုးကြိုးစက်ပမာ လောဘ, ဒေါသ, မောဟဆိုတဲ့ကိလေသာအယုတ်တရားများကို တချက်ထဲ

ဖျက်ဆီးလျက် သစ္စာလေးပါး အမြတ်တရားများကို တပ်ပြိုင်ထဲ သိစွမ်းနိုင်တဲ့ မဂ်ဉာဏ်နှင့်ယှဉ်သော သဒ္ဓါဖြစ်သောကြောင့် ပစ္စက္ခ တမလွန်အကျိုးမှန် အကျိုးမြတ်နှစ်ပါး ထင်ရှားစွာ သိလာရမှာဖြစ်ပါတယ်။

" ပစ္စက္ခအကျိုးငါးပါးကား "

(၁) သံဒိဋ္ဌိက – မိမိသန္တာန်၌ ကိုလေသာမရှိကြောင်းကို မျက်မှောက်သိမြင်ရခြင်း။
(၂) အကာလိက – ကိုလေသာမရှိသောအကျိုးကို အခါမလင့်ခံစားရခြင်း။
(၃) ဟေဝယိက – မဂ်ဉာဏ်က "ပုညဝန္တ"တရားစုကို ခေါ်သကဲ့သို့ရှိခြင်း။
(၄) ဩပနေယျိက – မဂ်ဉာဏ်ဖြင့်ကပ်၍ ဆောင်အပ်သည်ကို ခံရခြင်း။
(၅) ပစ္စတ္တံဝေဒိတဗ္ဗ – မိမိရသောနိဗ္ဗာန်ကို မိမိသာလျှင် သိရခြင်း။

" တမလွန်အကျိုးရှစ်ပါးကား "

(၁) ဒိဋ္ဌဓမ္မ – နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့မြင်ရခြင်း။
(၂) ပတ္တဓမ္မ – နိဗ္ဗာန်သို့ ရောက်သောအဖြစ်သို့ရောက်ခြင်း။
(၃) ဝေဒိတဓမ္မ – နိဗ္ဗာန်ကိုသိခြင်း။
(၄) ပရိယောဂဋ္ဌဓမ္မ – နိဗ္ဗာန်သို့ ဝင်ရောက်ရခြင်း။
(၅) တိဏ္ဏဝိစိကိစ္ဆာ – နိဗ္ဗာန်၌ယုံမှားကင်းရခြင်း။
(၆) ဝိဂတဘယကတံကထ – ဟုတ်သည်မဟုတ်သည်၌ ယုံမှားကင်းရခြင်း။
(၇) ဝေသာရဒ္ဓပတ္တ – နိဗ္ဗာန်ကို ငါ့မြင်၏ဟု ရဲဝန့်စွာ ဉာဏ်ဖြင့် ရောက်ခြင်း။
(၈) အပရပစ္စယ – ဤဆရာမှတပါး အခြားသောဆရာ ရှာဘွယ်မရှိခြင်း။

ဒီလို ပစ္စုပ္ပန် တမလွန် နှစ်ဘန်သောအကျိုးတို့သည် "ဥပ္ပါဒေါ ဘယံ-အနုပ္ပါဒေါ ခေမံ" ဟူ၍ ရှင်သာရိပုတ္တာ ဟောတော်မူဘဲအတိုင်း "ယခုဘဝ ပစ္စက္ခဋ္ဌ ကိုယ်လသာတို့ရဲ့ ဖြစ်ခြင်းသည် ဘေးမည်၏။ မဖြစ်ခြင်းသည် ခေမဟူသာ နိဗ္ဗာန်မည်၏၊"

ဒါကြောင့် နိဗ္ဗာန်ကိုချကြတဲ့ အရိယာ သူတော်ကောင်းတို့မှာ အဆုံးစွန်သော အရဟတ္တာမဂ်သို့ရောက်၍ စုတိကမ္မဇရုပ် အကြွင်းမဲ့ချုပ်ခြင်းကို ခံစားရသော ရဟန္တာ အရှင်မြတ်တို့မှာ အလွန်မွန်မြတ်လှတဲ့ "နိဗ္ဗာန်" အသခ်ၢတမောတ်ကိုအကြောင်းပြု၍ အလုံးစုံသော ဝဋ္ဋဒုက္ခကြီးမှ ထွက်မြောက်ရခြင်းဆိုတဲ့ တမလွန်အကျိုးကို ခံစားရ၏။ ကျင့်ဆဲဖြစ်တဲ့ "သေက္ခ" ပုဂ္ဂိုလ်တို့မှာလဲ သုဂတိအဆက်ဆက်ဋ္ဌသာ ဖြစ်ရ၍ အဆုံးသို့ရောက်ကြရလေတော့၏။

တသခ်ၢိန့်ကမ္ဘာတသိန်းထက်ဋ္ဌ အနောမဒဿီ ဘုရားသခင်လက်ထက်က သရဏဂုံဆောက်အည်ခဲ့ဘူး၍ ယခုထင်ရှား ငါတို့ဂေါတမဘုရားသခင်လက်ထက် ခုနှစ်နှစ်အရွယ်နဲ့ ရဟန္တာဖြစ်တဲ့ သရဏဂမနီယ ထေရ်စတဲ့ ပုဂ္ဂိုလ်မြတ်ဟို့ကို ထောက်ထားပြီး ယုံကြည် လေးစားစွာ ဆောက်တည်သင့်ကြပေသတည်း။

(အပဒါန်ပါဠိတော်)

သရဏဂုံ သုံးပါးမှတ်သားဘွယ်

(၁) ဘုရားကို ကိုးကွယ်ရာမှာ သက်တော်ထင်ရှားဘုရားကို ကိုးကွယ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် စေတီတော်မျှားနဲ့ ဆင်းတုတော်များမှာ သက်တော်ထင်ရှား ဘုရားဂုဏ်တော်များကိုရည်မှန်း၍ ကိုးကွယ်ပူဇော်ရာဌာနများ ဖြစ်ပါတယ်။ ဒီနေရာမှာ "ဒြပ်" ဆိုတဲ့ ပုံသဏ္ဌာန်မျှစိတ်ကရပ်မထားဘဲ "သဏတ်" ဆိုတဲ့ ဂုဏ်တော်ကို ထွင်းဖေါက်၍ အာရုံပြုနိုင်မှ အချိုးကျမှုဖြစ်ပါတယ်။

(၂) တရားကို ကိုးကွယ်ရာမှာလဲ ကိုလေသာများကို ပယ်ရှားနိုင်တဲ့ မဂ်တရား, ဖိုလ်စတရား, နိဗ္ဗာန်တရားများနဲ့ တရားစစ်တရားမှန်များကိုသာ ကိုးကွယ်ရမှာဖြစ်ပါတယ်၊ ဒီနေရာမှာ တရားစင်ကို မသိမြင်

ပါက သက်တောင်ထင်ရှား ဘုရားကိုပင် မြင်သည်မမည်ကြောင်း မိန့်တော်မူသည်ကို သတိပြုသင့်ပါတယ်။

(၃) သံဃာကို ကိုးကွယ်ရာမှာလဲ ရဟန်းသံဃာအမျိုးမျိုး တွေ့မြင်နေရတဲ့အတွက် ကျေနပ်လောက်တဲ့ ဆည်းကပ်ကိုးကွယ်လိုစိတ် မဖြစ်ဘဲ ရှိနေတတ်ပါတယ်၊ မှန်ပါတယ် ဒီနေရာမှာလဲ စေတီ, ရှင်ပွားတော်များကို သဘောထားသလို အရိယာဖြစ်တဲ့ ရဟန်းသံဃာတော်များရဲ့ ဂုဏ်တော်ကို ထင်းဖေါက်ခါ အာရုံပြုပြီး ဆည်းကပ်ကိုးကွယ်ရမှာ ဖြစ်တဲ့အကြောင်း"ဆတ္တ"ဆိုတဲ့ တက္ကသိုလ်ကျောင်းသားတယောက်ကို မြတ်စွာဘုရားက မိန့်တော်မူပါတယ်။

(ဆတ္တမာဏဝကဝိမာနဝတ္ထု)

" သမ္မာဒိဋ္ဌိအစ သရဏဂုံက "

သမ္မာဒိဋ္ဌိတိ ဣမိနာပန ဉာဏသမ္ပယုတ္တ
သရဏဂမနံ ဒဿိတံ။

(ဝိနယ အဋ္ဌကထာ-ဋီကာ စသည်)

ဘုရားအဆုံးအမ သြဝါဒဖြစ်တဲ့ သာသနာတော်တွင်းသို့ သက်ဝင်ခြင်းရဲ့အစကား အမြင်မှန်ကိုပြီး ဉာဏ်နဲ့ယှဉ်ခါ ဆောက်တည်မှု သဒ္ဓါ လိုရင်းဖြစ်ကြောင်းကို သတ်ကြီးစွားထားသင့်ကြောင်း ထပ်လောင်းခါ သတိပေးအပ်ပါတယ်။

(သရဏဂုံအကျယ်လိုက ဇင်ဇာဝစရဏပါရဂူကျမ်းမှာယူကြပါ)

" သီလ ခ ဏ် : "

သရဏဂုံတည်သူ = ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူကို "ဥပါသကာ-ဥပါသိကာမ" ခေါ်ကြောင်းပြခဲ့ပြီ၊ ဥပါသကာ ဥပါသိကာမ မှန်ပါလျှင် မိမိခံယူထားသော အမည်နဲ့ လိုက်လျောတဲ့ စောင့်စည်း ထိန်းသိမ်းမှု အလေ့အကျင့် (သီလ-သိက္ခာ) ပြည့်စုံစွာရှိရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ "သီလ" ဆိုတဲ့ပါဠိစကားဟာ ဗမာလိုစောင့်ထိန်းမှုပင် ဖြစ်ပါတယ်။ အခြေအနေအရ သီလအမျိုးအစား ဟောထားမှုများပါသော်လဲ လိုရင်းကတော့ "ခလောဘ, ဒေါသ, မောဟ" ဆိုတဲ့ အညစ်အကြေး တရား(ကိလေသာ)များ သူဘော်ဇကာင်းတို့ စိတ်အစဉ်မှာ မခိုမကပ်ရန် သတ်ဖြတ်နှိမ်နင်းဘို့အတွက်....

(၁) သီလ-သိက္ခာ = ကိုယ်-နှုတ်-စောင့်ထိန်းမှုအကျင့်၊
(၂) သမာဓိ သိက္ခာ = စိတ်-စောင့်ထိန်းမှုအကျင့်၊
(၃) ပညာ-သိက္ခာ = စူးစမ်းဆင်ခြင်မှုအကျင့်၊

ဒီလို "သာသနာ" သုံးရပ် = "သိက္ခာ" "သုံးပါး" ခေါ်တဲ့ လက်နက်သုံးမျိုးရှိရာမှာ "သီလ-သိက္ခာ" အဖြစ်နဲ့ မုချယူရမှာကတော့ "ဝိရတိ စေတသိက်သာ ဖြစ်ပါတယ်။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ)

" ဝိရတိဆိုဒါဘာလဲ "

"ဝိရတိ" ဆိုတဲ့ ပါဠိစကားဟာ ဗမာလို ရှောင်ကြဉ်မှုပင်ဖြစ်ပါတယ်၊ ဒါဖြင့် သီလအဖြစ်နဲ့ မုချကောက်ယူရမဲ့ "ဝိရတိ" ဆိုဒါ ဘာများ ပါလဲ...

(၁) သမ္မာ-ဝါစာ - ကောင်းစွာ ပြောဆိုမှု။
(၂) သမ္မာ-ကမ္မန္တ - ကောင်းစွာ အသက်မွေးမှု။
(၃) သမ္မာ-အာဇီဝ - ကောင်းစွာ အသက်မွေးမှု။
ဒီ ဝိရတိစေတသိက်သုံးမျိုးမျှားဖြစ်ပါတယ်။

သမ္မာဝါစာဆိုဒါဘာလဲ

(၁) မုသာဝါဒ - လိမ်လည်လှည့်စားခြင်း၊
(၂) ဖရုသဝါစာ - ဆဲရေးတိုင်းထွာခြင်း၊
(၃) ပိသုဏာဝါစာ - ကုန်းတိုက်ခြေထိုးခြင်း၊
(၄) သမ္ဖပ္ပလာပဝါစာ - အဖျင်း, အချော်, အရှော်, အရှတ်, ပြောဆိုခြင်း။

ဒီဝစီဒုစရိုက် ၄-မျိုးမှရှောင်ကြဉ်လျှင် "သမ္မာဝါစာ" အကောင်းပြော ဖြစ်ပါတယ်။

သမ္မာကမ္မန္တဆိုဒါဘာလဲ

(၁) ပါဏာတိပါတ - သူ့အသက်ကိုသတ်ခြင်း။
(၂) အဒိန္နာဒါန - သူ့ဥစ္စာကို ခိုးယူခြင်း။
(၃) ကာမေသုမိစ္ဆာစာရ - သူ့လင်, သူ့မယား, သူ့သား, သူ့သီး, ဖျက်ဆီးခြင်း၊

ဒီကာယဒုစရိုက်သုံးမျိုးမှရှောင်လျှင် "သမ္မာကမ္မန္တ" အကောင်းပြုဖြစ်၏။ " သမ္မာအာဇီဝ ဆိုဒါကတော့ သီးခြားမဟုတ်ပါဘူး။ ဝစီဒုစရိုက် ၄ ပါး၊ ကာယဒုစရိုက် ၃ ပါးနဲ့ မှားတဲ့ကုန်သွယ်ခြင်း ၅ မျိုးမှရှောင်ရှားပြီး ကောင်းရောင်း ကောင်းဝယ် ကုန်သွယ်, လယ်လုပ်ခြင်းစသည်ဖြင့် အသက်မွေးခဲ့လျှင် သမ္မာအာဇီဝ - အသက်မွေးကောင်းဖြစ်၏။" သမ္မာအာဇီဝဖြစ်ခြင်း ဝိရတိမှန်ပါလျှင်လဲ မနောဒုစရိုက်မှရှောင်ကြဉ်မှုမဖြစ်နိုင်ခြင်း စသည်တို့ကိုလဲသတိပြုပါ။

(ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒကဏ္ဍ လောကုတ္တရာကုသလ အဖွင့်စသည်)

သမ္မာအာဇီဝ ၂ မျိုး

(၁) အသက်မွေးမှုနဲ့ဆိုင်တဲ့ဒုစရိုက်၊

(၂) အသက်မွေးမှုနဲ့မဆိုင်တဲ့ဒုစရိုက်။

ဒီလို ၂ မျိုးရှိရာ နံပါတ် (၁) အရ မတရား အမြတ်စားလိုမှု အတွက် တဖက်သား အကျိုးဆုတ်ယုတ်လောက်အောင် လိမ်လည်ပြောဆိုရခြင်းမျိုး၊ တရားပြိုင်ရာ ဘုန်ဘုရားအတွက် နှစ်ဖက်သောရှေ့နေကို၏ လိမ်လည်ပြောဆိုပေးရခြင်းမျိုး စသည်မျှားကား အသက်မွေးမှုနဲ့ဆိုင်တဲ့ "ဝစီဒုစရိုက်များဖြစ်ပါတယ်"၊ တော်ပြီးသေချင်သေပါစေ၊ မမှန်တာကို မပြောတော့ပါဘူးလို့ ဆုံးဖြတ်ပြီး ရှောင်ကြဉ်လျှင် "သမ္မာဝါစာ ဇီဝ" အသက်မွေးမှု (စား-ဝတ်-နေရေး) နဲ့ မဆိုင်တဲ့ အခြားမှုသာဝါဒမျိုးမှ ရှောင်ကြဉ်ခြင်းကား ရိုးရိုး "သမ္မာဝါစာဝိရတိ" သာ ဖြစ်ပါတယ်။

ထို့အတူ မုဆိုး တံငါ စသည်တို့ရဲ့ သတ်ဖြတ်မှု၊ ခိုးသားဓားပြ စသည်တို့ရဲ့ ခိုးယူတိုက်ခိုက်မှုဘို့ကား အသက်မွေးမှုနဲ့ဆိုင်တဲ့ "ကာယဒုစရိုက်" ထိုဒုစရိုက်မှ ရှောင်ကြဉ်၍ ဖြစ်ပေါ်လာတဲ့ အာဇီဝကား "သမ္မာကမ္မန္တာဇီဝ" အသက်မွေးမှုနဲ့မဆိုင်တဲ့ အခြား ကာယဒုစရိုက်မှ ရှောင်ကြဉ်မှုကား ရိုးရိုး "သမ္မာကမ္မန္တဝိရတိ" သာ ဖြစ်ပါတယ်၊ ဒါကြောင့် အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယ ဝစီ ဒုစရိုက် ၂ မျိုးသို့လိုက်ပြီး ကောင်းရောင်း ကောင်းပယ် ကုန်သွယ် လယ်လုပ်ခြင်း စတဲ့ "သမ္မာအာဇီဝ ဝိရတိ" မှာလဲ....

(၁) သမ္မာကမ္မန္တာဇီဝ = အကောင်းပြု ပြု၍ အသက်မွေးခြင်း။

(၂) သမ္မာဝါစာ ဇီဝ = အကောင်းပြော ပြော၍ အသက်မွေးခြင်း။

ဒီလို အခြင်းအရာ (အခြေအနေအရ) အားဖြင့် ၂ မျိုး ခြားနားပြန်ပါတယ်။

(၁) သမ္မာဇီဝ = မှန်ကန်တဲ့အသက်မွေးမှု။

(၂) မိစ္ဆာဇီဝ = မှားတဲ့အသက်မွေးမှု။

ဒီနေရာမှာ ကိုယ်မှုန္တတ်မှုဘို့အရာသာဖြစ်ပြီး စိတ်မှု "မနောကံ" အရာမဟုတ်ဟု စဉ်မြဲစွာမှတ်ပါ။

(မှတ်ချက်) မနောကံများကို သီလအရာထားပြီး မဆောက်တည်ရဟူလို့။
(ဂုဏ်းအဋ္ဌကထာ)

ဒုစရိုက် နဲ့ ဒုရာဇီဝ

ပြုပြီးခဲ့တဲ့ ကာယကံသုံးပါး၊နဲ့ ဝစီကံလေးပါးတို့ကို စားဝတ်နေရေး အသက်မွေးမှုအတွက် မဟုတ်ပါဘဲလျက် သက်သာက်မလိမ်မာ ဝါသနာလျောက် ပြုလုပ်ပြောဆိုခြင်းမျိုးကို "ဒုစရိုက်"လို့မှတ်ပြီး စားဝတ်နေရေး အသက်မွေးမှုအတွက် ပြုလုပ် ပြောဆို ရခြင်းမျိုးကိုတော့ "ဒုရာဇီဝ"လို့ ခွဲခြားပြီးမှတ်သားသင့်ပါတယ်။

အာရတီ နဲ့ ဝိရတီ

(၁) အာရတီ = ဝေးစွာရှောင်ကြဉ်ခြင်းဆိုဒါ အပြင်ကိုရှုလေ့ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဖြင့်သာ မနောဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည် "အာရတီ"မည်ပါတယ်။

(၂) ဝိရတီ = အထူးသဖြင့် ရှောင်ကြဉ်ခြင်း ဆိုဒါ ကိုယ်မှု သောင်းကျန်းခြင်းနဲ့ နှုတ်မှု သောင်းကျန်းခြင်းမှ ရှောင်ကြဉ်ခြင်းသည် "ဝိရတီ"မည်ပါတယ်။

ဒါကြောင့် မနောကံသုံးပါးမှ ရှောင်ကြဉ်မှုသည် "အာရတီ" ကာယကံသုံးပါးနဲ့ ဝစီကံလေးပါးမှ ရှောင်ကြဉ်မှုသည် "ဝိရတီ" လို့ မှတ်ရပါမယ်။

(သုတ္တနိပါတ အဋ္ဌကထာ)

ရန်သူသုံးစားနဲ့ လက်နက်သုံးပါး

လောကရှိ ဆင်းရဲအမျိုးမျိုးမှုဇင်း၊ အပါယ်ဆင်းရဲ အမျိုးမျိုးမှုဇင်း၊ မလွတ်မြောက်နိုင်အောင် သတ္တဝါတို့ရဲ့ သန္တာန်မှာ ဘဝအဆက်ဆက် လွှမ်းမိုးနှိပ်စက်ပြီး မင်းမူလျှက်ရှိတဲ့ "လိုချင်တပ်မက်မှု(လောဘ)၊ ကြုမ်းတမ်းခက်ထန်မှု(ဒေါသ)၊ အမှန်အတိုင်းမသိမှု (မောဟ)" အစရှိတဲ့ (ကိလေသာ)လို့ခေါ်တဲ့ ညစ်ညူးကြောင်းတရားများကား....

(၁) ဝိတက္ကမကိလေသာ = ကိုယ်မှု နှုတ်မှု ဆသောင်းကျန်းခြင်း။
(၂) ပရိယုဋ္ဌာနကိလေသာ = စိတ်မှုဆသောင်းကျန်းခြင်း။
(၃) အနုသယကိလေသာ = ဆသောင်းကျန်းဘို့ရန်မျိုးစေ့ အနေနှင့် အသင့်ရှိနေခြင်း။

ဒီလိုအားခြောဆနအရ သုံးမျိုးသုံးစား ခြားနားလျက်ရှိသော အဲဒီကိလေသာ သုံးမျိုးကို သတ်ဖြတ်တိုက်ခတ်ဘို့ရန်အတွက် လက်နက်သုံးပါးကိုလဲ အုံဝင်ဂွင်ကျသိမှု ထိရောက်မှုဖြစ်ခြင်းကြောင့်....

(၁) သီလ-သိက္ခာ = ကိုယ်နှုတ် ၂ပါး စောင့်ထိန်းရေး ကျင့်စဉ်လက်နက်။
(၂) သမာဓိ-သိက္ခာ = စိတ်ထား တည်တံ့ခိုင်မြဲရေး ကျင့်စဉ်လက်နက်။
(၃) ပညာ သိက္ခာ = ရုပ်,နာမ် သဘာဝ ကျနစ္စာ သိမြင်ရေး ကျင့်စဉ်လက်နက်။

ဒီလို သောင်းကျန်းမှု(ကိလေသာ)ကို နှိမ်နင်းရန် လက်နက်သဖွယ် ဖြစ်တဲ့ ကျင့်စဉ်သုံးမျိုးရှိရာမှာ....

(၁) ကိုယ်မှု-နှုတ်မှု သောင်းကျန်းခြင်းများကို သီလလက်နက်နဲ့ နှိမ်နင်းရပါမယ်။
(၂) စိတ်မှု သောင်းကျန်ခြင်းကိုမူ သမာဓိလက်နက်နဲ့ နှိမ်နင်းရပါမယ်။
(၃) အနုသယ(မျိုးစေ့) ကိလေသာကိုတော့ ပညာလက်နက်နဲ့ နှိမ်နင်းရမှာ ဖြစ်ပါတယ်။

(ဆောင်ထားရန်)

(၁) လွန်ကြူးထက်၊ နှုသယ၊ သုံးဝကိုလေသာ။
(၂) သီလသမာ၊ ဓိပညာ၊ သတ်ရာသုံးသိက္ခာ။
(၃) သဗ္ဗညုတ၊ ဘိုသက္က၊ မှတ်ကြဆေးဆရာ။
(၄) အနာနှင့်ဆေး၊ လျော်ရာပေး၊ ပျောက်ရေးဝေဒနာ။
(၅) အနာတခြား၊ ဆေးတခြား၊ မမှားသင့်ပေရာ။
(၆) လိုရင်းပဓာန၊ ထုတ်ဖေါ်ပြ၊ သိကြသေအချာ။

သီလ သိက္ခာ အပြာပြာ

သီလကျင့်သုံးကြရာမှာ မိမိတို့ရဲ့စေတနာအရ (၁)ငါးပါးသီလ၊ (၂)အာဇီဝဋ္ဌမကသီလ၊(၃)ရှစ်ပါးသီလ၊ (၄)ကိုးပါးသီလ၊ (၅)ဆယ်ပါးသီလ စသည်ဖြင့် အမျိုးမျိုးရှိရာ (၁-၂)နံပါတ် သီလများကိုတော့ ဆောက်တည်ထားဒါဘဲဖြစ်ဖြစ် မဆောက်တည်ဘဲနေနေ ကျွန်းလွန်မိ လျှင်တော့ အပြစ်ရှိသဖြင့် လူများ အမြဲစောင့်သုံးရမဲ့ "နိစ္စသီလ" လို့ မှတ်ရပါမယ်။ (၃-၄-၅) နံပါတ်များကား အခါအားလျော်စွာ ရုံဖန်ရုံခါမှသာ ဆောက်တည်စောင့်သုံးရတဲ့ "ဥပေါသထသီလ" ကောင်းတဲ့ အကျင့်နဲ့ ပြည့်စုံစွာနေခြင်းလို့အဓိပ္ပါယ်ရတဲ့ သီလဟူ၍ အများ နားလည်နေကြပါတယ်။

(ဗျာနဝိဘင်္ဂအဋ္ဌကထာစသည်)

ဒါပေမဲ့ ကဿပဘုရားလက်ထက်က တသက်လုံး အမျိုးကြီး လုပ်ကာ ဥပုသ်သီလနဲ့သာနေကြတဲ့ ဝိသာခါအလောင်း စသည်များလို "ရှစ်ပါးသီလ"ကိုပင် အမြဲဆောက်တည် စောင့်သုံးနိုင်လျှင်လဲ သာ၍ ကုသိုလ်ပွားများသောကြောင့် ဆောက်တည်ကောင်းပါတယ်။

တတ်နိုင်သမျှ ဆောက်တည်ရ

ဒီနေရာမှာ ရှစ်ပါး,ကိုးပါး,ဆယ်ပါး သီလမျိုးကိုတော့ ခွဲခြားပြီး ဆောက်တည်ချင်လို့မရ၊ ငါးပါးသီလကတော့ ငါးပါးလုံး မတတ်

နိုင်ပါလျှင် တပါး,နှစ်ပါး စသည်ဖြင့်လဲ တတ်အားသမျှ ခွဲခြားပြီး ဆောက်တည်နိုင်ပါတယ်။

(ပဋ္ဌိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာစသည်)

ပျက်စီးပါက ဆောက်တည်ရ

မိမိတို့ ဆောက်တည်ထားတဲ့ သီလပျက်စီးသွားပါက တဖန် ဆောက်တည်ခြင်းဖြင့် သီလပြည့်စုံ၏။ ဒီနေရာမှာ သီလကို တပေါင်းထည်း ဆောက်တည်ထားလျှင် တပါးပျက်က အကုန်ပျက်၏။ တပါးစီ ခွဲခြားပြီး ဆောက်တည်ထားမှကား တပါးပျက်က တပါးသာပျက်သည်။ ကျန်လေးပါးမပျက်။ လူတို့ သီလ အားလုံး ဒီအတိုင်းမှတ်ပါလေ။

(ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ - သမ္မောသိကွာပဒဝိဘင်္ဂအဋ္ဌကထာ)

သရဏဂုံသီလ ဆောက်တည်မှု

ယခုအခါ သရဏဂုံ သီလ ဆောက်တည်ကြရာမှာ သံဃာတော်များက သရဏဂုံသီလပေးရသည်ဆိုရာ၌ ပိုင်ဆိုင်လို့ ခွဲဝေပေးခြင်းမျိုး မဟုတ်ပါ၊ မဆိုတတ်,စိတ်ထားမတတ်လို့ ရှေ့က တိုင်တည်တင်ပြချပေးခြင်းမျှသာဖြစ်ပါတယ်။ သရဏဂုံသီလရမှု အတွက်ကတော့ ခံယူဆောက်တည်သူရဲ့ အသိဉာဏ်ပေါ်မှာသာ တည်ပါတယ်။ သာမဏေများမှာတော့ ဆရာသမားရှိမှ ဖြစ်ပါတယ်။ ဒါကြောင့် စွမ်းနိုင်ပါက မိမိတို့ကိုယ်တိုင် ဆောက်တည်ခြင်းက သာ၍ပင် ပါဠိတော်နည်းကျပါသေးတယ်။

ဆောက်တည်ခြင်း ၂ မျိုး

(၁) အသိဉာဏ်မပါ၊ ငယ်ရွယ်စဉ်အခါက မိဘများ တိုက်တွန်းသဖြင့် "သဒ္ဓါ"တရား အရင်းခံထား၍ ဆောက်တည်ခြင်း၊

(၂) သမ္မာဒိဋ္ဌိဉာဏ် အရင်းခံထား၍ ဆောက်တည်ခြင်း ဟု ၂ မျိုး ခွဲခြား၍သိပါ။

(သီလက္ခန္ဓ မူလပဏ္ဏာသ အဂုံတွဲရ အဋ္ဌကထာဋီကာများ)

ပုံစံပြုရလျှင် မြတ်စွာဘုရား သံသုဓာရဂိရိမြို့သို့ကြွလာရာ ဗောဓိမင်းသားက လုလင်တမယောက်နဲ့ ဘုရားထံလာ၍ "ချမ်းသာခြင်းဟာ ဆင်းရဲခြင်းနဲ့ ရင်းနှီးမှု ရှိနိုင်တယ်လို့ ထင်မိပါကြောင်း လျှောက်ထားရာ ဘုရားက ဟုတ်တယ် ဘုရားအဖြစ်ဆိုတဲ့ ချမ်းသာကိုရဘို့ရန် ခြောက်နှစ်ပတ်လုံး ကျင့်ခဲ့ရတဲ့အကြောင်း အကျယ်သဖြင့် ဟောတော်မူရာတရားအဆုံးမှာ ဗောဓိမင်းသားက တရားကိုသာသဘောကျ၍ ကြည်ညိုချီးမွမ်းတယ် သရဏဂုံကိုမဆောက်တည်ဘူး။

ဒါနဲ့ လုလင်က အရှင်မင်းသားဟာ တရားတော်တို့သာ ကြည်ညိုချီးမွမ်းတယ်၊ သရဏဂုံတော့မဆောက်ဘည်ဘူးလို့ပြောတော့ မင်းသားက လုလင် ငါ့မှာ ဆောက်တည်ရန်မလိုဘူးပါ၊မယ်တော်ဝမ်းမှာ ပဋိသန္ဓေနေစဉ်ကပင် မြတ်စွာဘုရား အထံတော်မှာ မိမိအတွက်တကြိမ်၊ သားသန္ဓေအတွက် တကြိမ်၊ ထပ်မံ၍ ဆောက်တည်ထားကြောင်း သိရပါတယ်။ ဒါ့ကြောင့် မမွေးခင်ကပင် သရဏဂုံ တည်ပြီးဖြစ်တယ်လို့ ပြောပါတယ်။

ဒီဝတ္ထုကိုထောက်က လူတို့သရဏဂုံမှာ ရတနာသုံးပါးဂုဏ်ကို ယုံကြည်သိမြင်ပြီး ကိုးကွယ်ရာဟာဉ်းဟု စိတ်ဖြစ်နေလျှင်ပင် သရဏဂုံ တည်တော့၏။

(ဤကား - ဥာဏစိမ္မယုတ်ဒီဟိတ်သရဏဂုံ)

(၂) ထိုမှနောက် အရွယ်ရောက်သောကာလ ရတနာသုံးပါးရဲ့ ဂုဏ် ယုံကြည်လေးစား ကံ့ကဲရဲ့အကျိုး မြှင်ကိုးသိမြင်"ကမ္မသကယ သမ္မာဒိဋ္ဌိ"ဥာဏ်ယှဉ်၍ကြည်သင်စိတ်ထား"သဒ္ဓါ ပညာ"၂ပါးနဲ့ ကိုးစာဆည်းကပ်ကြကုန်ရာ၏။

(ဤကား-ဥာဏသမ္မယုတ် တိဟိတ်သရဏဂုံတည်း)

ဒီနေရာမှာ သရဏဂုံနဲ့ သီလရဲ့ခြားနားချက်ကို မှတ်သားရမှာ ဖြစ်ပါတယ်။ သီလကိုတော့ မဆောက်တည်က မရှိဒါတင်ရှားနေပါတယ်။

(၁) သမ္ပတ္တဝိရတိ = တွေ့မှရှောင်ခြင်း။
(၂) သမ္မာဒါနဝိရတိ = ဆောက်တည်၍ရှောင်ခြင်း။
(၃) သမုစ္ဆေဒဝိရတိ = မဂ်စိတ်ဖြင့်ယှဉ်ခြင်း။

ဒီလို ရှောင်ကြဉ်ခြင်း သုံးမျိုးရှိရာ သီလဟာ သမ္မာဒါနဝိရတိ ဆောက်ဘည်ပြီး ရှောင်ကြဉ်ရမှာဖြစ်ပါဘယ်။ ဒါကြောင့် ဘယ်သီလ မျိုးမဆို ကြိုတင်ပြီး ဆင်ခြင်ခါ ဆောက်တည်ထားရပါလိမ့်မယ်။

သူတော်ကောင်း အလုပ်ဆိုဒါလဲ အမျှားလုပ်နေ ကျဖြစ်တဲ့ "ဘုံ ဘာသာ" အလုပ်မျိုးကိုမလုပ်ဘဲ ဘဝအဆက်ဆက်က ကြိုက်လာခဲ့ကြတဲ့ အာရုံကာမဂုဏ်အလုပ်မျှားကို အောင့်အီး သည်းခံ၍ ဟန်လုပ်ပြီးခါ "ပေနေရမှာ" ဖြစ်ပါဘယ်။

ဒီနေရာမှာ ထင်မြင်ယူဆချက် လွဲနေတတ်ပါတယ်။ ဘာ အကုသိုလ်မှုမလုပ် လွန်ကျူးမှုမပြုက သီလရှိနေတယ်လို့ ထင်မြင်ယူဆတတ်ပါတယ်။ သီလဆိုဒါ ဘာဝိရတိမျိုးမှန်းမသိလို့ ဖြစ်ပါတယ်။ အကုသိုလ်မပြုက အပြစ်မရှိယုံမှုတပါး သီလအကျိုးမရနိုင်ပါ။

ထင်ရှားအောင် ဆင်ခြင်ကြည့်ပါ၊ သတ္တဝါအမျိုးမျိုးရှိရာ နွားဆိုပါဘော့၊ နွားမျှားဟာ ငါးပါးသီလထဲက ဘယ်သိက္ခာပုဒ်မှ ကျူးလွန်မှုမပြုဒါ တွေ့ရပါလိမ့်မယ်၊ ဒါပေမဲ့ ဆောက်တည်မှု မရှိတဲ့အတွက် သီလမရှိဘူးဆိုဒါ ထင်ရှားနေပါတယ်။

အချို့က ကြိုက်တဲ့အာရုံကို တတ်အားသမျှ ရှောင်ကြဉ်ဆားမှုကို ဟန်မလုပ်ပါနဲ့လို့ ပြောဘတ်ပါသေးတယ်၊ သူတော်ကောင်းအလုပ်နဲ့ ယဉ်ကျေးမှုဆိုဒါ ဟန်လုပ်နေရမှာ ဖြစ်တယ်ဆိုဒါ စဉ်းစားမိသူတိုင်း သိနိုင်လောက်ပါတယ်၊ ဟန်လုပ်မှုမရှိပါက တိရစ္ဆာန်မျှားနဲ့ခြားနားမှု မရှိနိုင်တော့ပါ၊ ဒါကြောင့် "ဟန်ကိုယ်ဘို" ဆိုတဲ့စကား သုံးထားခြင်း ဖြစ်ပါတယ်။

သိက္ခာပုဒ် တန်ဘိုး

အနာမပေါ်ခင် ဆေးတင်မှားတဲ့သမားလို ငါတို့ဘုရားက ကျင့်ဝတ်တခုအနေနဲ့ထားရန် ဆင်ခြင်တဲ့အခါ ရှေးဘုရားများ ထားတော်မူခဲ့တဲ့ ကျင့်စဉ်လမ်းဟောင်းသို့သာ ဥာဏ်တော်ကျရောက်ရမြဲ ဓမ္မတာ ဖြစ်ပါဘယ်၊ ဒီဘုရားလက်ဆက်မှ အသစ်ဆွင့်ထားဒါ တခုမှ မပါဒါဟာ ဓမ္မတာပါ။

F No: 8

ဒါကြောင့် သိက္ခာပုဒ်တခုအတွက် ဆင်ခြင်ရာမှာ လေးသခ်ေါ်နဲ့ ကမ္ဘာဗာသိန်း ပါရမီဖြည့်မှု ရတော်မူတဲ့ သဗ္ဗညုတညာဏ်တော်ကြီးနဲ့ ဆင်ခြင်ပြီးမှ ထားတော်မူတဲ့အဘက် "သိက္ခာပုဒ်" ခေါ်တဲ့ ကျင့်ဝတ် တခုဟာ လေးသခ်ေါ်နဲ့ ကမ္ဘာဘသိန်း တန်ဘိုးရှိပါဘယ်။

ဒီလိုသာ သိက္ခာပုဒ် သီလရဲ့တန်ဘိုးကို သေချာစွာ စဉ်းစား ဆင်ခြင် သိမြင်ရပါလျှင် ဘယ်ပုဂ္ဂိုလ် မကျင့်လိုဘဲ ရှိပါတော့မလဲ၊ ဒါ ကြောင့် လိမ္မာပါးနပ်သူများမှာ သီလကို အလွန်ကျင့်လိုတဲ့ " သိက္ခာ ဟာမ"ဂုဏ် ကောင်းမှုပြုရမှာ ရှက်ကြောက်တဲ့ "လज्जीပေသလ"ဂုဏ်၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ဆိုတဲ့ ပြုလုပ် ပြောဆို ကြံစည်ရာမှာ အနည်း ငယ်မျှ အပြစ်ကိုပင် အလွန်ကြီးမားတဲ့ အပြစ်ကြီးပမာ စဉ်းစားဆင်ခြင် ရှောင်ကြဉ်တတ်တဲ့ "သံသယ ကုက္ကုစ္စက"ဂုဏ်ဆိုတဲ့ သာသနာတော်ရဲ့ ဂုဏ်များ အသီးအသီး ထင်ရှားစွာ အဓိပ္ပာယ်ထားကြခြင်း ဖြစ်ပါဘယ်။

ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ မင်းမျိုး,ပုဏ္ဏားမျိုး,သူဌေးမျိုး, ဆင်းရဲမျိုး မရွေး ရုပ်ဆင်းအင်္ဂါ ချောဒါလှဒါ မလို၊ အသက်ကြီးဒါ ငယ်ဒါ ပမာမထား၊ အကျင့်သိက္ခာ ခေါ်တဲ့ သီလသာလျှင် တန်ဘိုး ထားဒါဖြစ်တဲ့အတွက် စာတတ်တတ်, မဘာ်ဘတ်, စာချခ,မချခ, ဓမ္မ ဂဏိကတ်, မကက သီလသာမရှိပါက် ဗဟုသုတခေါ်တဲ့ သိရုံမျှနဲ့ တော့ အကျိုးမပြီး အချီးနှီးဖြစ်ကြောင်း ပဋ္ဌနိပါတ် သီလဝိမုံသ,ဇာတ်တော်မှာ ဂဏထင်အရှား ဟောသားတော်မူခဲ့ပါတယ်။

" သာသနာ အသက် "

ဝိနယော နာမ သာသနဿ အာယု။

မြတ်စွာဗုဒ္ဓရဲ့ အဆုံးအမတော်ဖြစ်တဲ့ (ဝိနည်း) အကျင့် သီလ သိက္ခာပုဒ်တော်များသည် သာသနာတော်၏ အသက်မည်၏လို့ ရဟန္တာ အရှင်မြတ်များ သတ်မှတ်ထားဟော်မူတဲ့အဘိုင်း သီလသိက္ခာပုဒ်များကို ညွှန်ပြထားတဲ့ လူဝိနည်း, ရဟန်းဝိနည်း(ဝိနည်းပါဠိ)တော်ကြီးများလည်း သာသနာတော်ကြီး၏အသက်ဟုပင် မှတ်သင့်ပါတယ်။

ဘာကြောင့်ဆိုသော် ဒီဝိနည်းပါဠိတော်ကြီးများ မရှိပါက သီလ သိက္ခာခေါ်တဲ့ ကျင့်စဉ်များလည်း မရှိနိုင်သောကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် ဝိနည်းမရှိက သာသနာတော် ကွယ်ပပျောက်ရုံသလို သီလ သိက္ခာ မရှိသောသူများကိုလဲ သူသေဟုပင် မှတ်ယူထိုက်ပါတယ်။

" စောင့်စည်းရကျိုး "

သတ္တဝါမှန်သမျှ ကိုယ့်အတွက် အကျိုးရှိမှု ဘယ်ကိစ္စမျိုးမဆို ဆောင်ရွက်လိုကြခြင်းဟာ ဓမ္မတာဖြစ်ပါတယ်၊ ဒါကြောင့် မြတ်စွာဗုဒ္ဓ ရဲ့ အဆုံးအမ သီလသိက္ခာပုဒ်တော်များကို စောင့်စည်း နေထိုင်ပါလျှင် (၁) မလေးစား မကြည်ညိုသေးသူများရဲ့ လေးစားကြည်ညိုခံရခြင်း၊ (၂) လေးစား ကြည်ညို ပြီးသူတို့ရဲ့ လေးစား ကြည်ညို တိုးခြင်း၊ (၃) ယခုဘဝ ဘေးရန်အန္တရာယ်များကို စောင့်ရှောက်ပြီး ဖြစ်ခြင်း၊ (၄) တမလွန်ခေါ်တဲ့နောက်ဘဝ၌ ဆင်းရဲကင်းကွာ ချမ်းသာစွာနေနိုင်ခြင်း၊ ဒီအကျိုးလေးပါးကို လိုက်နာ ကျင့်ကြံသူတိုင်း ရနိုင်ကြ၏၊ ဒါကြောင့် မိမိအကျိုး သာသနာတော်ရဲ့အကျိုးကို လိုလားကြသော သူတော်ကောင်း မှန်သမျှ လိုက်နာကျင့်သုံး စောင့်ရှောက်ထိုက်ကြောင်း ပါဠိတော်ဟာ ပါဠိတော်မှာ....

ဓနံဓေ အင်္ဂ်ရက္ခံ အင်္ဂ် ဓေယ္ယ ဇီဝိတံ၊
သဒ္ဓမ္မံ ရက္ခမာနော တု သဗ္ဗံ ဓေယ္ယ ပဏ္ဍိတော။

(သာဓုဝေါ) သီလ,သမာဓိ ပညာဟု သုံးဖြာသုံးရပ် သာသနာတော်မြတ်ကို ကျင့်ကြံလိုက်စား အို....သူတော်ကောင်းများတို့။ အင်္ဂ်၊ မျက်စိ, နားရွက်, ခြေ, လက်စသား ကိုယ်တွင်းရှိတဲ့အင်္ဂါများကို။ ရက္ခံ၊ ရောဂါစသည်တို့အတွက် မပျက်စီးရအောင် စောင့်ရှောက်လိုသော သူသည်။ ဓနံ၊ ရွှေငွေရတနာ ဥစ္စာစီးပွား ပစ္စည်းများကို။ ဓေယ်၊ ပျောက်မည်ပကတိ အမှန်သိက နည်းများသဘော နှမြောမဘက် ရက်ရက်ရဲရဲကြီး ပေးစွန့်ရာ၏။ ဇီဝိတံ၊ ရခဲလှစွာ အသက်ခန္ဓာကို။ ရက္ခံ၊ အင်္ဂါခြေလက် စသည်တို့အတွက် မပျက်စီးရအောင် စောင့်ရှောက်လိုသော သူသည်။ အင်္ဂ်၊ မျက်စိ,နားရွက်, ခြေလက်စသား အသေးစိတ် အင်္ဂါ

မျှားကို။ ဓမ္မ၊ အလုပျက်မည် စိတ်မရည်ဘဲ ရက်ရဲစွာ ဖြတ်တောက်စွန့်ပယ်ရာ၏။ တု၊ ထိုမှတပါး။ သင့်မှ၊ သူတော်တရား သီလစသော အကျင့်မျှားကို။ ရက္ခမာနှာ၊ ပစ္စည်းအင်္ဂါ အသက်ခန္ဓာအတွက် ပျက်ရအောင် စောင့်ရှောက်လိုသော။ ဤကိုတော၊ ကျိုးကြောင်း မြင်သိပညာရှိ သူတော်ကောင်းသည်။ သင့်၊ အလုံးစုံသော ပစ္စည်းအင်္ဂါ အသက်ခန္ဓာစုကို၊ ဓမ္မယျ၊ နှမြောမဘက် သတောနက်ဖြင့် ရက်ရက်ရောရောကြီး ပယ်စွန့်နိုင်ရာသတည်း။

နမောင်

သီလနှင့်ပေ၊ သေသာသေလည်း၊
သေရာမရောက်၊ ဝမ်းသာမြောက်လော့။
ဒုစရိုက်ကိုစာန်းဆာဆင်၊ ရှင်ပင်ရှင်လည်း၊
ရှင်ရာမရောက်၊ ဝမ်းမမြောက်နှင့်။
ယခုလဲကိုယ်၊ နောင်ကိုယ် ကိုယ်ဟု၊
ဒီလိုသိရာ၊ သူတော်ဌာ၊ မှန်စွာလိုက်နာသင့်။

(သရဏဂုံနှင့်သီလဆောက်တည်ပုံအကျယ်ကို ဝိဇ္ဇာစရဏပါရဂူကျမ်းမှာယူ)

သိက္ခာအမျိုးအစား ၇ ပါး

(၁) ဘိက္ခုသိက္ခာ = ရဟန်းယောကျားအကျင့်၊
(၂) ဘိက္ခုနီသိက္ခာ = ရဟန်းမိန်းမအကျင့်၊
(၃) သာမဏေရသိက္ခာ = သာမဏေယောကျားအကျင့်၊
(၄) သာမဏေရီသိက္ခာ = သာမဏေမိန်းမအကျင့်၊
(၅) သိက္ခမာနသိက္ခာ = ရဟန်းလောင်းမိန်းမအကျင့်၊
(၆) ဥပါသကာသိက္ခာ = လူယောကျားအကျင့်၊
(၇) ဥပါသိကာသိက္ခာ = လူမိန်းမအကျင့်၊

ဒီလို လျော်ရာအလိုက် (သိက္ခာ)ခေါ်တဲ့ အကျင့် (၇) ပါးကို စျာနဝိဘင်းအဋ္ဌကထာမှာ ခြားနားပြီး ဖွင့်ပြထားပါသေးတယ်၊ ဒါပေမဲ့ ကျင့်ကြံလိုက်နာသူရဲ့အဆင့်အတန်းအရသာ ခြားနားမှုရှိပါတယ်၊အကျိုး

ခံစားခွင့်ကတော့ အနှေးအမြန်သာကွာခြားနိုင်တယ်၊ အယုတ်ဆုံးလူတို့ရဲ့ (သိက္ခာ)အကျင့်ဖြစ်တဲ့ ၅-ပါးသီလထဲက သိက္ခာပုဒ်တပါးပါးသည်ပင် ဘုံသုံးပါးနဲ့ နိဗ္ဗာန်တရားခေါ်တဲ့ (စတုဘုမ္မိက) ကုသိုလ်တရားတို့ရဲ့ တည်ရာဖြစ်တဲ့အတွက် (ပဒ)မည်ကြောင်းကို (သမ္မောဟဝိနောဒနီ အဋ္ဌကထာ သိက္ခာပဒဝိဘင်းမှာ ဖွင့်ပြထားပါတယ်။)

တတ်နိုင်သမျှသာ ဆောက်တည်ပါ

လူတို့ရဲ့ငါးပါးသီလမှာ အကုန်လုံးမာတ်နိုင်ပါက တပါးနှစ်ပါး စသည်ဖြင့်လဲ ခွဲခြားပြီး ဆောက်တည်နိုင်ကြောင်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စသည်မှာ ဖွင့်ပြထားဒါရှိတယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာ သာသနာမှာ အရေအတွက်မလိုဘူး၊ အရည်အသွေးသာရှိဘို့လိုတယ်။

ဒါခေတမဲ့ ၅-ပါးသီလသာယူရမယ်၊ ၈-ပါး ၁၀-ပါး သီလမျိုးကိုတော့ ခွဲခြားထားချင်လို့မရဘူး၊ ဒါကြောင့် ဆောက်တည်,မဆောက်တည် လွန်ကျူးလျှင် အပြစ်ရှိတဲ့ ၅-ပါးသီလကို အမြဲအားဖြင့်ရင်း၊ ဥပုသ်နေ့များ၌ ၈-ပါးသီလကိုရင်း၊ စွမ်းနိုင်ပါက ၁၀-ပါးသီလကိုရင်း၊ ကောင်းမွန်ရိုသေစွာ ဆောက်တည် စောင့်ရှောက်၍ အဓမ္မိကဝါဏိဇ္ဇ ခေါ် မလျော်တဲ့ကုန်သွယ်ခြင်း ၅-ပါးကို ရှောင်ရှားပြီး ဓမ္မိကဝါဏိဇ္ဇ ခေါ် တရားနဲ့လျော်တဲ့ ကုန်သွယ်လယ်လုပ်ခြင်းစသည်ဖြင့် ကောင်းစွာ အသက်မွေးခြင်းသည် သမ္မာအာဇီဝဖြစ်ကြောင်း (ဇီနာလင်္ကာရဋ္ဌိကာ) က ဖွင့်ပြထားပါတယ်၊

အဓမ္မိကဝါဏိဇ္ဇ = မလျော်သောကုန်သွယ်ခြင်း ၅ ပါး

(၁) သတ္တဝါဏိဇ္ဇ = လူသတ္တဝါကို သွေးဆောင်ခေါ်ယူ၍ သူတပါးထံ ကျွန်အဖြစ်ရောင်းမှု။
(ပြည့်တန်ဆာများကိုမွေး၍ ခေါင်းလုပ်မှုများလည်းပါဝင်၏)

(၂) သတ္တဝါဏိဇ္ဇ = မား လှံသေနတ် ပိုက်ကွန်စသော လက်နက်များ ရောင်းမှု။

(၃) ဝိသဝါဏိဇ္ဇ = အဆိပ်ဆေးများရောင်းမှု။

(၄) မဇ္ဈဝါဏိဇ္ဇ = ထန်းရည်, အရက်, ဘိန်း, ဘင်း, ကဇော် စသည်များ ရောင်းမှု။
(၅) မံသဝါဏိဇ္ဇ = နွားကျွဲ, ကြက်, ဝက်, ဆိတ်, ငှက် စသည်များနှင့် ဥဟူသမျှပါ အသားစားရန် သတ်ဖြတ်သူအား ရောင်းမှုဟု ကျမ်းဂန်များမှ ကုန်မသွယ်ကောင်းကြောင်း ၅-ပါးပြထား၏။ ဒီအလုပ်မျိုးနဲ့ အသက်မွေးခြင်းကိုလဲ (မိစ္ဆာဇီဝ) မှားသော အက်ကဲမွေးခြင်းလို့ ခေါ်ရပါတယ်။

မိစ္ဆာဇီဝ = မှားသောအသက်မွေးမှုများ

(၁) သူတပါးအသက်ကိုသတ်၍ ပစ္စည်းရှာမှု။
(၂) ခိုးတိုက် လုယက်၍ ပစ္စည်းရှာမှု
(၃) သူတပါး ဥစ္စာပေးသဖြင့် သူ့သားမယားကို ကျူးလွန်ဖျက်ဆီးမှု။
(၄) မတရားရှေ့နေ မတရားသက်သေလိုက်ခြင်း၊ လိမ်လည်လှည့်ပတ်၍ ရောင်းဝယ်ခြင်းတို့ဖြင့် ပစ္စည်းရှာမှု။
(၅) ပစ္စည်းရအောင် ရန်တိုက်ပေးမှု
(၆) သူတပါးက ပစ္စည်းပေး၍ အဆဲခိုင်းသဖြင့် ဆဲမှု။
(၇) ဂျုက်စိပ် စာပြော သဘင်သည်အလုပ်ဖြင့် မဟုတ်မမှန် ကြားသူတို့ ပျော်ရွှင်ရရန် စိတ်လေလွင့်ရန် ဒဏ္ဍာရီဇာတ်ဝတ္ထုများကို ပြောဆိုမှုများသည် (မိစ္ဆာဇီဝ) မှားသော အသက်မွေးမှုများပင်တည်း၊

ဒီမိစ္ဆာဇီဝမျိုးကို ပါဏာတိပါတစတဲ့ သိက္ခာပုဒ်များဖြင့် ရှောင်ကြဉ်ပြီး ဖြစ်ပါသော်လဲ "မြဲရာသံပတ်" ဆိုသကဲ့သို့ မိစ္ဆာဇီဝသိက္ခာပုဒ်ဖြင့်လဲ ရှောင်ကြဉ်ရပြန်၏။

အာဇီဝဋ္ဌမက သီလ သဘာဝ

(၁) ရဟန်းများရဲ့ အာဇီဝဋ္ဌမကသီလ။
(၂) ပကတိလူများရဲ့ အာဇီဝဋ္ဌမကသီလ။
(၃) ရသေ့သူတော်များရဲ့ အာဇီဝဋ္ဌမကသီလ၊

ဒီလို သုံ့ပျိုးသုံးစား ခြားနားပြီး မှတ်သားရပါလိမ့်မယ်၊ (၁) ရဟန်းသာမဏေများမှာတော့ ပညတ်ထားတဲ့ သိက္ခာပုဒ် ရှိတိုင်းဖြင့်ပင် အာဇီဝဖြစ်ပါတယ်။ (၂) လူများရဲ့ အာဇီဝဌာနက သီလကတော့ (က) ကမ္မပထသုစရိုက်အာဇီဝဌာနက (ခ) ပဏ္ဏတ္တိသုစရိတ အာဇီဌာနက သီလရယ်လို့ နှစ်ပျိုးခြားနားပြီး မှတ်သားရပါဦးမယ်။

(က) ကမ္မပထသုစရိုက်အာဇီဝဌာနကဆိုဒါ မလျှောက်တဲ့ကုန်သွယ်ခြင်းငါးပါးနဲ့ မှားယွင်းအသက်မွေးမှုများကို ရှောင်ရှားပြီး ၅-ပါး သီလကို လုံခြုံစွာဆောက်တည်သည်ကစပြီး ပြည့်စုံသွားပါတယ်။

(ခ) ပဏ္ဏတ္တိသုစရိတ အာဇီဝဌာနက သီလဆိုဒါကတော့ ၈-ပါး ၉-ပါး ၁၀-ပါးသီလတို့တွင်၊ တမျိုးမျိုးနဲ့ပြည့်စုံခဲ့ပါမှ (ပဏ္ဏတ္တိ) ပညတ်တော်မူတဲ့ သိက္ခာပုဒ်များကို (သုစရိတ) ကောင်းစွာကျင့်သုံးတဲ့အတွက် ပဏ္ဏတ္တိသုစရိတအာဇီဝဌာကသီလနဲ့ပြည့်စုံတယ်လို့ မှတ်သားရပါမယ်၊

ဒီနေရာမှာ လူ,ရှင်,ရဟန်း(က)အပိုင်းသီလမျိုးနဲ့ ပြည့်စုံလုံခြုံနိုင်သော်လဲ (ခ)အပိုင်းသီလမျိုးကား ပြည့်စုံလုံခြုံနိုင်ခဲ့၏ဟူမှတ်။

(မှတ်ချက်) နေတ္တိဟာရအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ ၎င်းဋီကာ။

"စောင့်-မစောင့်ရ ဝိဝါဒ"

ဒီနေရာမှာ **အာဇီဝဌာနက**သီလကို ဆောက်ဘည်ကောင်း **မ**ဆောက်တည်ကောင်းရယ်လို့ အယူအဆကွဲနေတတ်ကြပါတယ်၊ **မ**ဆောက်တည် **မ**စောင့်ကောင်းစရာ အကြောင်းရှာမရရုံမျှမက "မဇ္ဈိမနိကာယ် ပရိဗ္ဗာဇကဝဂ် သမဏမုဏ္ဍိကပုတ္တသုတ်မှာ ထပတိသူကြွယ်အား ဗုဒ္ဓရှင်တော်မြတ်ဘုရား ထင်ရှားခွင့်ပြုတော်မူတဲ့ပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာတို့မှာလဲ ဖွင့်ထား**ဒါ**ရှိပါတယ်။"

(မှတ်ချက်) ဝိမုတ္တိရသကျမ်းမှာ ယောအတွင်း**ဝ**န်ကြီးက အာဇီဝဌာနကသီလသာ နိဗ္ဗာန်ကို တိုက်ရိုက် **အ**ကျိုးပေးနိုင်တယ်လို့ အမှားညွှန်ပြခြင်းကိုသာ ဆိန္ဒပိဓာနနိကျမ်း နောက်ပိုင်းမှာ မဟာဝိသုဒ္ဓါရုံ

ဆရာ၁တာ်ကြီးက တထစ်ချမယူကြရန် ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ အာဇီဝဌာနမကသီလကို တိုက်ဖျက်သည်မဟုတ်ပါ၊ အမှန်ကဆတာ့ မင်ကုသိုလ်မဟုတ်ကမျှ ဘယ်သီလမှ နိဗ္ဗာန်ကို တိုက်ရိုက် မရောက်စေနိုင်ပါ၊ ဝဋ်ဒုက္ခကုန်ခမ်းရေးအတွက်ရည်ရွယ်၍ ဆောက်တည်သူမှန်က အာဇီဝဌာနမကသီလက နိဗ္ဗာန်ရောက်မှု အထောက်အပံ့ ပြုနိုင်သလို အခြား ၅-ပါး သီလစသည်များကလဲ နိဗ္ဗာန်ရောက်မှု အထောက်အပံ့ ပြုနိုင်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

မိစ္ဆာဇီဝ သဘာဝ

မိစ္ဆာဇီဝဆိုဒါ မှားတဲ့အသက်မွေးမှုဟု ပြခဲ့တဲ့အတိုင်း မြင်းလောင်း နွားလောင်း ကြက်ဘိုက် ဖဲရိုက်စတဲ့ အလောင်းကစား ပစ္စည်းရှာမှုများလဲ မိစ္ဆာဇီဝများပင်၊ မိမိကိုယ်တိုင်မပြုလုပ်သော်လဲ စီးပွားတူဖြစ်ဘဲ လင်းယား သားသို့ ညိုအကို မောင်နှမ စသည်တို့ ပြုလုပ်နေမှုကို ဝမ်းမြောက်သဘောတူလျှင်လဲ မိစ္ဆာဇီဝပင်၊ သဘော မတူလျှင်တော့ ဥပမာ မိစ္ဆာဇီဝ မဖြစ်ဟုမှတ်။

သမ္မာအာဇီဝ သဘာဝ

မိစ္ဆာဇီဝမှရှောင်ကြဉ်ပြီး တရားတဲ့နည်းလမ်းနဲ့ ရှာကြံလို့ရတဲ့ ပစ္စည်းမျိုးကို "ဓမ္မိယလဒ္ဓ" ပစ္စည်းလို့ခေါ်တယ်၊ (ဓမ္မိယ=တရားနဲ့ မလျော်စွာ၊ လဒ္ဓ=ရအပ်သောပစ္စည်း။) အမွေအနှစ်ရခြင်း၊ ကူလီ၊ ကောင်သူ၊ လခစားများနဲ့ သင့်လျော်တဲ့ အတိုးရင်းပွား ပေးခြင်းစသည်များတို့ကား များသောအားဖြင့် "ဓမ္မိယ-လဒ္ဓ" ပစ္စည်းများသာဖြစ်၏။ ထိုပစ္စည်းဖြင့် အသက်မွေးခြင်းကား "သမ္မာအာဇီဝ" ပင်တည်း။

သမ္မာအာဇီဝ ၂ မျိုး

(၁) သုတ္တန် သမ္မာအာဇီဝ၊
(၂) အဘိဓမ္မာ သမ္မာအာဇီဝ၊

(၁) တရားတဲ့နည်းလမ်းနဲ့ ရှာကြံသို့ရတဲ့ပစ္စည်းဖြင့် စားဝတ်နေရေး အသက်မွေးခြင်းသည် သုတ္တန်လာ သမ္မာအာဇီဝ မည်၏။

(၂) မတရားတဲ့နည်းမျိုး ပစ္စည်းရဘို့ကြိုးနေပါလျက် မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် အဘိဓမ္မာလာ သမ္မာအာဇီဝမည်၏။

ဒီနေရာမှာ နားမလည်ခင်က မတရားတဲ့နည်းနဲ့ ရထားတဲ့ပစ္စည်းကို သုံးစဲ့နေသော်လဲ နားလည်ဘဲ့အခါ နောက်ထပ် မလုပ်တော့ဘဲ ရှောင်ကြဉ်နိုင်ပါက အဘိဓမ္မာသမ္မာအာဇီဝ ဖြစ်သေး၏။ ဆိုလိုရင်းက တော့ ရှိထားပြီး မဘရားပစ္စည်းမျှားဟာ "သုတ္တန်"အလိုက မိစ္ဆာဇီဝ ဖြစ်နေသော်လဲ နောက် ရှောင်ကြဉ်နိုင်က"အဘိဓမ္မာ"နည်းအရ သမ္မာအာဇီဝဖြစ်၍ "အာဇီဝဋ္ဌမကသီလ"ကို ဆောက်ကည် ခစာင့်ထိန်း နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါတယ်။

ရဟန်းမျှားမှာခဘဲ့ ဗေဒင်ဟော, ဆေးကု, အသင်ကြီးအောင် ဟိတ်ဟန်ဆောင်မှုစတဲ့ မဘရားမှုဘို့နဲ့ ရတဲ့ပစ္စည်းမှန်သမျှ လုံးဝစွန့်နိုင်မှ သာ "သမ္မာအာဇီဝ"ဖြစ်နိုင်တော့၏။ သုံးစဲ့နေသမျှ သုံးတိုင်း အာပတ်သင့်ရုံမျှ၏က ဒီပစ္စည်းမျှားကို ရဟန်းမှန်သမျှ မသုံးဆောင်ထိုက်ဘော့ပေ။ ဒါကြောင့် လူဖြစ်စေ၊ ရဟန်းဖြစ်စေ "မိစ္ဆာဇီဝ"ကို အထူးရှောင်ကြဉ်လျက် "သမ္မာအာဇီဝ"ဖြစ်အောင် အသက်မွေးပြီးလျှင် "အာဇီဝဋ္ဌမကသီလ"ကို စောင့်ထိန်းထိုက်လှပေသတည်း။

သာသနာ့တွင်းပ သီလ ၂ မျိုး

ဒီနေရာမှာ ၅-ပါးသီလ စသည်ဘို့ကား သာသနာပ အခါကလဲ လူ.ရှာ,နတ်ဌာန် ရောက်ကြောင်းအဖြစ်နဲ့ ရှေးသူဘော်ခကောင်းမျှား အစဉ်အလာအရ ဆောက်တည် ကျင့်သုံးကြတဲ့ ဓမ္မတာသီလမျှားသာ ဖြစ်တယ်လို့ ယူဆကြပါတယ်။ မှန်ပါတယ်၊ ဒါပေမဲ့ ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်ရာ သာသနာတွင်းအခါမှာလဲ ဒီသီလမျှားကိုပဲ မဂ်, ဖိုလ်, ရဝေးအတွက် အထောက်အပံ့အဖြစ်နဲ့ ဆက်လက်ပြီး အတည်ပြုတော်မူခဲ့ပါတယ်။

(ဝိမတိဋ္ဌိကာ)

လောကီ လောကုတ် သီလ ၂ မျိုး

ဆောက်တည်ရတဲ့ သီလဟူသမျှကား လောကီသီလချည်းသာ ဖြစ်ပါတယ်၊ လောကုတ္တရာသီလဆိုတာ ဆောက်တည်နေရတာ မဟုတ်ပါဘူး၊ မဂ်ရသည်နဲ့တပြိုင်နက် တပေါင်းထဲ တချက်ထဲ ပြီးစီးသွားတဲ့ သီလမျိုးဖြစ်ပြီး နိဗ္ဗာန်စံယူသည်တိုင်အောင်လဲ အစဉ်မြဲသွားပါတော့တယ်။

ဝါရိတ္တ စာရိတ္တ သီလ ၂ မျိုး

ဗုဒ္ဓမြတ်စွာက ဒီအမှုများတို့ကို မပြုကျင့်ရဟု တားမြစ်တော်မူထားတဲ့ "၅-ပါးသီလ, အာဇီဝဋ္ဌမကသီလ" အားဖြင့် ပိုင်းခြားအပ်တဲ့ သီလများကို "ဝါရိတ္တ" သီလလို့ မှတ်ရပါမယ်၊ ဒီသီလများနဲ့ကင်းဝေ ကောက်ရာ တည်ရာမရဟု ဆိုလိုရင်းဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက ဒီအမှုများကို လိုက်နာကျင့်ကြံရမယ်လို့ မိန့်တော်မူထားတဲ့ ဂ-ပါး,၉-ပါး,၁၀-ပါး သီလများမှာ ကောသနိက်,ပတ္တပိုဏ်ဝူတင် နှစ်ပါးကို ကျင့်သုံးရတဲ့ " ဝူတင်သီလ " ရတနာသုံးပါး စသည်များကို အရိုအသေပြုခြင်း "အ,ပစာယနသီလ"ဂင်းတို့ရဲ့ အမှုကိစ္စတို့ကို ဆောင်ရွက်ခြင်း "ဝေယျာဝစ္စသီလ" ဒီသီလများကိုတော့ လူ, နတ်, ဗြဟ္မာ လောကုတ္တရာ ချမ်းသာအထိ ပေးစွမ်းနိုင်တဲ့ သတ္တိရှိခြင်းကြောင့် လိုက်နာကျင့်သုံးရမယ်လို့ မြတ်စွာဘုရား ခွင့်ပြုတော်မူထားတဲ့"စာရိတ္တ" သီလမည်ကြောင်း အဋ္ဌကထာဆရာက ဖွင့်ပြတော်မူခဲ့ပါတယ်။

ဒါကြောင့် ဒီစာရိတ္တသီလဟာ ရခဲတဲ့ ဒုလ္လဘတရား ၈ါးပါးတို့တွင် "သဒ္ဓမ္မသဝနဒုလ္လဘ" ဖြစ်ပါတယ်၊ ဘာကြောင့်ဆိုသော် ဘုရားတဆူ ပွင့်တော်မူကာ ဟောကြားတော်မူမှ လိုက်နာကျင့်ကြံရတဲ့ တရားဖြစ်ခြင်းကြောင့်ဖြစ်ပါတယ်။

သီလ အကျင့် အဆင့်ဆင့်

စာရိတ္တသီလမှာလဲ လိုက်နာသူရဲ့ အရည်အသွေးကို လိုက်ပြီး ၄-မျိုးခြားနားပြီး မှတ်သားရပါမယ်။

(၁) ဟာန ဘာဂီယ သီလ။
(၂) ဌိတိ ဘာဂီယ သီလ။
(၃) ဝိသေသ ဘာဂီယ သီလ။
(၄) နိဗ္ဗေဒ ဘာဂီယ သီလ။

(၁) ဟာန ဘာဂီယ သီလဆိုဒါ ယုတ်လျော့သော အဘို့ရှိတဲ့ အကျင့်ကို ဆိုလိုရင်းဖြစ်ပါတယ်၊ ဘယ်လိုလဲဆိုတော့ မဂ်,ဖိုလ်,တရား များမှ ဆန့်ကျင်ဘက်ဖြစ်တဲ့ ရပ်,ရှာ,မြို့,တိုင်းပြည်များနဲ့ စပ်တဲ့ စကား အရပ်ရပ်တို့ကို နှာခံမှတ်သားပြောကြားပြီး သမထ,ဝိပဿနာ,ဘာဝနာ တို့ကို ပွားများအားထုတ်မှုမပြုတဲ့ သီလမျိုးကိုဆိုလိုပါတယ်။

(၂) ဌိတိ ဘာဂီယ သီလ ဆိုဒါ တည်ခါမျှ အဘို့ရှိတဲ့ အကျင့်လို့ ဆိုလိုရင်းဖြစ်တယ်၊ ဘယ်လိုလဲဆိုတော့ မလျော်တဲ့စကားများကို ရှောင်ရှားပြီး နေပါသော်လဲ ဘာဝနာတရား၌ အထူး မသက်ဝင်ဘဲ ရှောင်ကြဉ်ရုံမျှ စောင့်သုံးပြီး ဗိုက်ကားအောင်စား ချောင်ကြားမှာ အိပ်နေတဲ့ သီလမျိုးလို ဆိုလိုပါတယ်။

(၃) ဝိသေသ ဘာဂီယ သီလ ဆိုဒါ ထူးသောအဘို့ရှိတဲ့ အကျင့်လို့ ဆိုလိုရင်းဖြစ်တယ်၊ ဘယ်လိုလဲဆိုတော့ မိမိဆောက်တည်ထားတဲ့ သီလကို အာရုံပြုပြီး ရုံဖန်ရုံခါ သမထ,ဝိပဿနာ ရတနာသုံးပါး ဂုဏ်တော်များကို ပွားများစောင့်သုံးတဲ့ သီလမျိုးကိုဆိုလိုပါတယ်။

(၄) နိဗ္ဗေဒ ဘာဂီယ သီလ ဆိုဒါ ငြီးငွေ့သောအဘို့ရှိတဲ့ အကျင့်လို့ ဆိုလိုရင်းဖြစ်ပါတယ်၊ ဘယ်လိုလဲဆိုတော့ သံသရာဝဋ်မှ လွတ်လိုတဲ့ ဆန္ဒနဲ့ သခ်ါရတရားများရဲ့ ဖြစ်ပျက်ဟာန်ကို အဖန်ဖန်ဆင်ခြင်ပြီးခါ ငြီးငွေ့ဘွယ်ရာ ဘာဝနာတရားတို့ကို ပွားများအားထုတ် စောင့်သုံးတဲ့ သီလမျိုးကို ဆိုလိုပါတယ်။

• ဒီ ၄-ပါးတို့တွင် ၁-၂ နံပါတ်သီလမျိုးမဖြစ်စေဘဲ ၃-၄ နံပါတ် သီလမျိုးဖြစ်အောင် ကြိုးစားရပါမယ်၊ ဒီ ၂-ပါးမှာလဲ ၃-နံပါတ်သီလ မျိုးက လူ,ရှာနတ်ပြည်များမှာ ကိုယ်စိတ် ၂-ဖြာ ချမ်းသာကိုသာ

ဆောင်နိုင်ပြီး၊ ၄ နံပါတ်ကတော့ ဦးဟွားခုမ်းသာနဲ့ နိုဗွာန်ခုမ်းသာအထိ ပေးစွမ်းနိုင်တဲ့သတ္တိရှိပါတယ်၊ ဒါကြောင့် "သီလတော ဟောတို့ သုခိ တာ" လို့ မိန့်တော်မူခြင်းဖြစ်ပါတယ်။

စတုပါရိသုဒ္ဓိသီလ

(၁) ပါတိမောက္ခ သံဝရ သီလ၊
(၂) ဣန္ဒြိယ သံဝရ သီလ၊
(၃) အာဇီဝ ပါရိသုဒ္ဓိ သီလ၊
(၄) ပစ္စယ သန္နိဿိတ သီလ၊

ဒီသီလ ၄-မျိုးကို ရဟန်းသာမဏေများအား တိုက်ရိုက်ညွှန်ကြား ထားသော်လဲ ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက်လဲ သက်ဆိုင်နေ ဒါကို သတိထားသင့်ပါတယ်။

(၁) ပါတိမောက္ခသံဝရသီလ = အလွန်မြတ်သော စောင့်စည်းခြင်း အကျင့်လို့ဆိုတဲ့ ဒီရဟန်းများရဲ့ သီလဟာ အကျဉ်းအားဖြင့် (၂၂၇)သွယ်သော သိက္ခာပုဒ်၊ အကျယ်အားဖြင့်(၉၁၈၅၃၆ဝ) ကိုးထောင့်တရာ ရှစ်ဆယ်ကျော် ငါးသန်း သုံးသောင်း ခြောက်ထောင် သော သိက္ခာပုဒ်များကို အသက်ကိုပင် ပမာမထားဘဲ စောင့်စည်းရသလို လူများမှာလဲ (၅)ပါးသောသီလများကို စောင့်စည်းရမှာ ဖြစ်ပါတယ်။ (ဒီသီလကား သဒ္ဓါပြဋ္ဌာန်း၏)

(၂) ဣန္ဒြိယ သံဝရသီလ=ဣန္ဒြေတို့ကို စောင့်စည်းခြင်းအကျင့် လို့ဆိုရတဲ့ ဒီသီလကတော့ မျက်စိ,နား,နှာ, လျှာ,ကိုယ်,စိတ် ဆိုတဲ့ ခြောက်ခုသော တံခါးပေါက်တို့မှ ကိလေသာလို့ခေါ်တဲ့ မကောင်းတဲ့ စိတ်ရိုင်းတွေ မဝင်ထွက်ရအောင် သတိဆောင်ပြီး လုံခြုံစွာစောင့်စည်း ပိတ်ဆို့ခါ ဟန်လုပ်နေရမှာ ဖြစ်ပါတယ်။

ဣန္ဒြေ ရှေ့ပေးလို့,မရ

ဣန္ဒြေကို တန်ဘိုးထားခါ စောင့်စည်းကြတဲ့ပုဂ္ဂိုလ်မြတ်မျိုးမှာ ကိလေသာဆိုဒါ ဆန်းဒါမဟုတ်ပါဘူး၊ သက်ရှိသတ္တဝါမှန်သမျှ သူ့ အာရုံနဲ့သူ ရှိကြတယ်ဆိုဒါ အသိအမြင်ဘဲဖြစ်ပါတယ်။

နှိုင်းယှဉ်ပြရလျှင် ဟိုဘခါတုန်းက အသကမင်းကြီးနဲ့ ဥပရိဒေဝီ မိဖုရားဟာ လူ့ဘဝတုန်းကတော့ ကိုယ့်ဟာကလွဲလျှင် ဖွဲနဲ့ဆန်ကွဲတို့ ဘာတို့ညာတို့ဆိုတဲ့ သုံးနေကျစကားမျိုးတွေကိုဘဲ သုံးကြမယ်ဆိုဒါ မလွဲပါဘူး၊ သေပြီးမိဖုရားအလောင်းတောင် မှန်ခေါင်းနဲ့ထားကာ မပစ်ရက်ရှာဘဲကိုး၊ ဒါနဲ့ လူ့ဘဝကသေ၊ ချေးပိုးထိုးမဘဝကျတော့ သူ့ဘဝနဲ့ သူ့အာရုံ လူ့ဘဝက လင်ဖြစ်ခဲ့တဲ့ အသကမင်းကြီးနဲ့ ချေးပိုးထိုးမ ဘဝကျမှရသားတဲ့ ချေးပိုးဘိုးဖိုလင်နဲ့ နှိုင်းယှဉ်လို့မရနိုင်လောက်အောင် ခြားနားခြင်းကို တို့ဘုရားလောင်း ရဟန်းကြီးအား ဘဝဟောင်းက လင်ကြီးကို ပြောင်ထားပြီး ခြေးပိုးထိုးမက လျှောက်ထားဘူးတဲ့ ထုံးဟောင်း ရှိပါတယ်။

ယခုဘဝအပြစ်

ဒါက ဘဝကတွားခြားသွားလို့ အာရုံပြောင်းသွားဒါကိုပြောဒါ၊ တဘဝထဲမှာဘဲ ကိုလေသာစိတ်ကို တန်ဘိုးထားကြတဲ့ အညံ့စားမျိုးကျခဲတော့ လူ့စည်းကမ်းကို သတိမထား၊ ဘာမှ တိကျပြတ်သားမှု မရှိ၊ မိမိအနားကပ်ကာ ညာဒါဝါဒခတွေနဲ့ သမုဒ္ဒရာခရေကို မင်သဘွယ်ထား အဆုံးမရှိတဲ့ ကောင်းကင်ကြီးကို စာရွက်ကြီးလုပ်ပြီး မြင့်မိုတောင်ကြီးကို ဖေါင်တိန်လုပ်ကာ ချစ်တဲ့အခြောင်းခတွေ ရေးရလျှင် ဆုံးမှာ မဟုတ်ဘူးလို့၊ မြင့်မိုတောင်ကြီးကိုဘဲ တုံးမှတ်ပြီး ခုန်မှာတို့၊ ဆီးဖြူဖန်ခါးကို (ဓမ္မဘာအရတွင်မက) ပါးစပ်ထဲမျိုးတောင် ငုံထားချင် ဒါတို့၊ မဖြစ်နိုင်တာတွေပြောလဲ အာဘိုက်ဘက်ကရော အခံဘက်ကပါ ကိုလေသာ တဏှာစိတ် ဦးစီးနေပါက ယုံကြဒါဘဲ၊ (ဘိန်းစားလိုခ္ခါမှ မယားချစ်။)

ဒါတင်လား လူ့အဖွဲ့အစည်းဖြစ်တဲ့ (ဓမ္မတာ) အစဉ်အလာ တရားနဲ့ရော ကန့်သတ်ထားတဲ့ ဥပဒေနဲ့ပါ လင်ရယ်-မယားရယ် လို့ လူသို့ရှင်ကြား သတ်မှတ်ပြီးထားတဲ့ ဘောင်အဘွင်း ရောက်ပြီးသား

လင်ရှိမယား၊ မယားရှိလင်မှန်း သိရက်သားနဲ့ဘဲ ပစ္စည်းအခြေအနေအရ ပံ့ပိုးပြီးများတောင် တိတ်တိတ်ပုန်း နေကြသေးတယ် ဆိုဒါတော့ မလွန်လွန်းဘူးလား။

ဒါကြောင့် မြင့်မြတ်တဲ့စိတ်ရှိသူများရဲ့ဂုဏ်ကို ရှေ့ပေးဖျက်လို့ မရသလို ယုတ်ညံ့သူများကျတော့လဲ ဂုဏ်ကို လုံးဝ တန်ဘိုး မထားကြဘူး။

ဒီနေရာမှာ စဒေးဝတ်နေရေးအတွက် သတ်မှတ်ချက်နဲ့ ဂုဏ်အပျက်ခံကာ ရှုန်းကန်နေရဒါကိုမဆိုလိုပါဘူး၊ ထယ်ထယ်ဝါဝါနဲ့ လောကမှာ ဂုဏ်သရေရှိကြီးလုပ်ပြီး ဘာသာရေးအရ မြင့်မြတ်တဲ့ နေရာများမှာလဲ ဒါယကာ-ဒါယိကာမအမည်ခံ မြေနီခံယူန်းထည်လို အပူတွေက ဖေါင်းကြွ ပျက်စီးလွယ်သလို ဖေါက်ပြန်နေကြဒါကို ဆိုလိုခြင်းဖြစ်ပါတယ်။

သတိထားပါ ဂုဏ်ဆိုဒါ ရှေ့ပေးဖျက်လို့တောင် မရနိုင်လောက်အောင် တန်ဘိုးထားရသလို ဒီတသက်တော့ ပျက်သွားတဲ့ ဂုဏ်ကိုလဲ့ လောကမှာ တန်ဘိုးရှိတယ်ဆိုတဲ့ရှေ့နဲ့စက်ပြီး သိဒ္ဓိတင်နေပေမယ်လို့ ဘာသာရေးအရ ဒီအမဲကွက်ကြီးကတော့ တန်ဘိုးမရှိနိုင်တော့ပါ။

ဒါကြောင့် လူ့လောကမှာ အလုပ်အကိုင် ပစ္စည်းရေးနဲ့ဘဲ ဖြစ်ဖြစ်၊ ဘာသာရေးနဲ့ဘဲ ဖြစ်ဖြစ်၊ လူမလေး, ခွေးမခန့် မဖြစ်ရလေအောင် သတိထားဘို့ ပညာရှိကြီးများက "ဂုဏ်ကြီးကြီးမားမားထား၊ စကား နည်းနည်းပါးပါးပြော၊ မနောကြံတိုင်း နှုတ်ဆိုင်းနဲ့" လို့ သတိပေးထားခြင်း ဖြစ်ပါတယ်။

"နောက်ဘဝ အပြစ်"

အာဒိတ္တာယ စက္ခာဒီနံ၊ ဝရံ သမ္မလိပဌနံ။
နတု စက္ခာဒိဥေယျသု၊ နိမိတ္တဂ္ဂဟာဏံ ဝရံ။

(အာဒိတ္တပရိယာယသုတ္တသင်္ဂဟ)

အာဒိတ္တာယ၊ အစ,အဆုံး အားလုံးအတို့ ရဲရဲညီသော သံတံကျင်ကြီးဖြင့်။ စက္ခာဒိနံ၊ မျက်စိအစရှိသည်တို့ကို။ ဝါ၊မျက်စိ,နား,နှာ,လျှာ,ကိုယ်, ရင် တို့ကို။ သမ္ဘလိမဒ္ဒနံ၊ ပတ်ချာဝန်းကျင် ဆွဲငင်ထိုးဖေါက်လိုက်ရခြင်းသည်။ ဝရုံ၊ မသေခင်မျှ တခဏသာ ဆင်းရဲဘာကြောင့် မြတ်ရာပါသေး၏။ စက္ခာဒိဥယျေသု၊ မျက်စိစသည်ဖြင့် သိအပ်သော ရူပါရုံတို့၌။ ဝါ၊ အဆင်း, အသံ, အနံ, အရသာ, အတွေ့နှင့်တကွ တွေးခေါ်ကြံဆခြင်းတို့၌။ နိမိတ္တဂ္ဂဟာဏံ၊ တင့်တယ်လေခြင်း ကောင်းလေခြင်းစသည်ကို ယူခြင်းသည်။ နတုဝရုံ၊ ယခုဘဝ ပစ္စက္ခမှာလည်း ခြောက်ဒွါရမှာ ဆဲ့တဖြာမီး ညီးညီးပြောင်ပြောင် အမြဲလောင်ကာ ထောက်တည်ရာမရကြဘဲ ခန္ဓာစဲ့၍ သေပွဲဝင်ရတဲ့အခါမှာလဲ မလွဲမှုချ အပါယ်ထဲသို့ကျတတ်သောကြောင့် မမြတ်သည်သာတည်း။

ဒါကြောင့် မြတ်စွာဗုဒ္ဓက မျက်စိနဲ့အဆင်း, နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ, လျှာနဲ့အရသာ, ကိုယ်နဲ့ထိတွေ့မှု, စိတ်နဲ့အကြံ ပေါင်းဆုံမိက နှစ်သက်တွယ်တာခြင်းဆိုတဲ့ (ရာဂ) သားဖွား၊ ရင်းသားကား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးမဲ့ကို ပြုတတ်တယ်လို့ သတိပေးခါ ဆုံးမထားခြင်းဖြစ်ပါတယ်။

အမိုက်ဆုံးမှောင်

မှောင်တကာ့မှောင်တို့တွင် ဒီ ချစ်ခင်တယ်, မြတ်နိုးတယ်,နှစ်သက်တယ်, တွယ်တာတယ် စတဲ့(ရာဂ)ခေါ် တဏှာတရားဟာ သူပူးဝင်လာပြီဆိုမှဖြင့် မိမိဂုဏ်ကိုလဲမင့်ညှာ၊ ပတ်ဝန်းကျင်ကိုလဲပမာမထား၊ ပိုးဖလန်မျိုး တခါတိုးကထဲက ပူမှန်းသိလျက်သားနဲ့ မီးကို ထပ်ခါထပ်ခါ တိုးမှားသလို အရှုး(ဂ)မျိုးတွင် တဏှာရှုးဖြစ်ခါ မိမိရဲ့ဖေါက်ပြန်မှုကို ဘာတခုမှ မမြင်နိုင်တော့ဘဲ ပျက်စီးရပုံကို (မာလုဝ) ခေါ်တဲ့ မာလေးနွယ်ရစ်ပတ်ဖွဲ့နှောင်ခြင်း ခံရတဲ့ဆစ်ပင်ဟာ သေကျေပျက်စီးရသလို ပျက်စီးရတော့တဲ့အကြောင်း မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟော်တော်မူထားပါကယ်။

ဒွါရခြောက်သွယ်၊ လွန်နက်ကျယ်သား၊ ပင်လယ်ခြောက်စို့၊
ဘီလူးမြို့ကို၊ ပိတ်ဆို့မှသာ၊ အေးချမ်းရာ၏။

တဏှာဘီလူး ဝင်ပူးနေခိုက်မှာ ချစ်ခင်နှစ်သက်ခါ စွဲလမ်းနေ ငြားသော်လဲ ဒေါသဘီလူး ပူးဝင်ပါတဲ့အခါကျနေတာ့ မုံးဘွယ်ရှိ ဘွယ်လို့ဘဲ ထင်လာပြန်တယ်လို့ ပထမဆုဋ္ဌခေါင်းဆရာနေတော်ကြီးက ဟူတိပုတ် ပါဠိတော်အရ ဆုံးမထားခြင်းဖြစ်ဘယ်။

အပြစ်မျှားလှ ဒီကာမ

ဆက္ကဂုံတွေရပါဠိတော် တတိယစက်မှာလဲ ဒီဘဏှာရဲ့ အာရုံဖြစ်ဘဲ့ ကာမဂုဏ်ကို (၁) မကြာက်မက်ဘွယ်ဒေါသကြီးဟူ၍ရင်း၊ (၂) ဆင်းရဲဒုက္ခ ဟူ၍ရင်း၊ (၃) အနာရောဂါဟူ၍ရင်း၊ (၄) အိုင်းအမာကြီးဟူ၍ရင်း၊ (၅) အပြို့,အဘွယ်,အစေး,အနှောင် ဟူ၍ရင်း၊ (၆) ကျွန်နစ်ရာဖြစ်တဲ့ ရှုံ့ ညွှန်ဘွက်ကြီး ဟူ၍ရင်း၊ အပြစ်မျှားလှတဲ့အခကြောင်း ညွှန်ပြထားပါ တယ်။

စောင့်စည်းခြင်း ငါးပါး

(၁) သီလ သံဝရ = ကိုယ်ကျင့်သီလဖြင့် စောင့်စည်းခြင်း။
(၂) သတိ သံဝရ = ဥာဏ်ကို သတိဖြင့် စောင့်စည်းခြင်း။
(၃) ဉာဏ သံဝရ = ရှုမှတ်ဆင်ခြင် ဉာဏ်ဖြင့်စောင့်စည်းခြင်း။
(၄) ခန္တီ သံဝရ = မေတ္တာသက်ဝင် သည်းခံခြင်းဖြင့် စောင့်စည်းခြင်း။
(၅) ဝိရိယ သံဝရ = ဝိရိယယှဉ် အားထုတ်ခြင်းဖြင့် စောင့်စည်းခြင်း။

ဒီလို အဖက်ဖက်က စောင့်စည်းနည်းသိကြပါလျှင် မှားကြမယ် မဟုတ်ပါဘူး။

ဖမ်းစားခြင်း (၈) မျိုး

မိန်းမ,ယောကျ်ား ဖို-မ,သတ္တဝါများဟာ ဘဦးက တဦးကို တွယ်တာနှစ်သက် မခွါရက်ခဲအာင် ဖွဲ့နှောင်ဖမ်းစားထားခြင်း (၈)မျိုး ရှိပါ တယ်။

(၁) သနားကြင်နာ သူ့စိတ်ပါအောင် မာယာလှည့်သွင်း ငိုယိုခြင်း၊ (၂) ပြုံးရွှင်၍ပြခြင်း၊ (၃) မက်လောက်အောင် ပြောဆိုခြင်း၊ (၄) ဝတ်စားတန်းဆာ အလဲလဲဆင်ခါ အမူအရာပြခြင်း၊ (၅)စားဘွယ်သောက်ဆု ပန်းသစ်သီး လက်ဆောင်ပဏ္ဏာပေးခြင်း၊ (၆) ကြိုင်သင်းမွှေးပျံ့ နံ့သာရေမွှေးနံ့ပေးခြင်း၊ (၇) ကိုယ်တိုင်ပြုပြင် ချိုချဉ်ရသာ အဖြာဖြာ ကျွေးမွေးခြင်း၊ (၈) ဝတ်စားတန်းဆာ အိပ်ရာပျံ့ပျူးညံ့နူးသိမ်မွေ့ ကိုယ်ဖြင့်ထိတွေ့ခြင်းဆိုတဲ့ အချက်အလက်တွေနဲ့ မခွဲနိုင် မခွာရက်အောင် ဆွဲဆောင်ဖမ်းစားခြင်း ဖြစ်ပါတယ်။

ကာမတရား လွှန်ဆိုးပါး

ကာမဟာ စိတြာ မဓုရာ မနောရမာ ဝိရူပရူပေန မထေန္တိ စိတ္တံ၊
အာဒီနဝံ ကာမဂုဏေသု ဒီဃော ရောကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။
သုတ္တနိပါတ်ပါဠိတော် ခဂ္ဂဝိသာဏသုတ်။

ကာမာ၊ ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ စိတြာ၊ အဝိဇ္ဇာနှင့် တဏှာချယ်လှယ် တိမ်ဖုံးကွယ်၍ တကယ်မှန်သော ဓာတ်သဘောကို ပေါ်လောဆထင် ဥာဏ်မမြင်တဲ့ ပုထုဇဉ်အရွယ်အနှမ်းတို့မှာ အထူးအဆန်းကြီး ထင်ကြရလေကုန်၏။ မဓုရာ၊ တဏှာမန်းငန်း အပြင်းဖမ်း၍ ဗရမ်းဗဒါ အာသာအားရုံ ကာမဂုဏ်အာပုတ်ခတ်တို့ကို အဟုတ်မှတ်လို့ မို့ဇင်းမတိမ် ခွေးတော်ပိန် ပမာအလားကဲ့သို့ ခုံမင်သူ သတ္တဝါအများတို့မှာ သကာပျားသီး ထင်ကြရလေကုန်၏။ မနောရမာ၊ နှုနှာစွဲလျှင် မီးကို ခင်သို့ ပူပင်ဘွယ်ရေး ဒုက္ခဘေးကို လေးလေးနက်နက် ဥာဏ်မသက်ဘဲ တပ်မက်ပြင်းစွာ ကာမုပါဟု တဏှာမျက်နှာ သူ့လက်စွမ်းကြောင့် ပူခမ်းကိုမမြော်မြင် နှုနှာရှင် မီးကိုတွေ့သလို ကာမဂုဏ် အာရုံငွေ့မှာ မွှေ့လျော်ဘွယ်ကြီး ထင်ကြရလေကုန်၏။ ဝိရူပရူပေန၊ ပင်ကိုယ်သရုပ် ဓာတ်မှန်ထုတ်က စက်ဆုပ်ဘွယ်မျိုး ပုတ်သိုးနံညှီ မသတီစရာ မသာအလောင်း မကောင်းသက်သက် ဖြစ်ပါလျက်နှင့် ခင်မက်ဘွယ်ယောင် ရုပ်ဆောင်ဘန်ဆင်း ဘမ်းပြခင်းသဖြင့်။ စိတ္တံ၊ ကောက်ရိုးရုပ်၌ အဟုတ်လိုပင် လူကောင်ထင်သည့် သမင်သို့နှယ် ဤကိုယ်ယောင်တွင် လေးသွယ်

ဘုတ်စု ရုပ်အတုကို ကိုယ်ဟုမဲမဲ အစဲ့ပြင်းထန် ပုထုဇဉ်တို့၏ စိတ်နှလုံးကို။ မထေနို့၊ ခန္ဓာငါးတန် တိုင်းနိုင်ငံဝယ် ဝိပ္ပလာသ မှိုင်းဇတ္တချ၍ ငါးဝအာရုံ ကာမဂုဏ် ဗုန်းဘမြောက်တို့ဖြင့် ကြောက်စရာလက်နက်တွေ သိသိကြေ နိုင်ငံလုံးမှာ အသက်စည်းစိမ်တွေ ပြုတ်ပြုတ်ပြုံးတဲ့အောင် ချေမှုန်းပစ်ခွင်းကြလေကုန်၏။ ကာမဂုဏေသု၊ အပြစ်ကိုဖောဝှုံးကွယ် မက်ဘွယ်ကို မှတ်တမ်းတင်ပြတဲ့ ငါးဝအာရုံ ကာမဂုဏ်တို့၌ အာဒီနဝံ၊ ကာမဒဏ်ချက် သူ့အတွက်နှင့် စက်သံသာဆု မြင့်ရှည်ကြာဖအောင် ဒဏ်ရာမပြေ မန်းမကြေဘဲ တည်နေမျိုးလိုက် အရိုးစိုက်၍ ထိုးကိုက်ကျင်နာ ရောဂါခပ်သိမ်း အပူကိန်းတို့ မငြိမ်းနိုင်ပုံ ပြစ်မျိုးစုံကို။ ဒိသ္ဝာ ဘာဝနာမှန်ပြောင်းနှင့် ကောင်းကောင်းကြီးချိန်ရွယ် တကယ်မြင်မြင် ရှုဆင်ခြင်၍ ခဂ္ဂဝိသာဏကပေါ်၊ ငင်တည်းခံ့ခံ့ အနေသန့်သည့် ကြံ့ဦးချိန်ဂုစ္ဆာ။ ကောဓ၊ ဖေးသူ-မ,သူ ဘယ်လူမခေါ် အဖေါ်နှင့်ခဲ့ တယောက်ထဲသာလျှင်၊ စဇေစဇရယ္ဟ၊ အတွင်းပုပ်နှင့် ပြရုပ်ဆန်းကြယ် ပြင်ကထယ်သည့် ငါးသွယ်အာရုံ ကာမဂုဏ်ခေတ်ဘီလူးတို့ကို စူးယှတဲ့ ဥာဏ်အရှိန် ဝရဇိန် စက်စုံကျင်းလို့မို့ ပူဘေးတွေ သုတ်သုတ်ရှင်းတဲ့ အောင် ခုတ်စင်း၍ ကျင့်ကြံပေဆုသတည်း။

ပျက်ခြင်းအစ ရောနှောခြင်းက

(၁) သဝနသံသဂ္ဂ = အသံကြားမှုဌ် ဆက်ဆံရောနှောခြင်း။
(၂) ဒဿနသံသဂ္ဂ = နေရာမလပ် စူးစိုက်ကြည့်ရှုခြင်း။
(၃) သမုဋ္ဌာပနသံသဂ္ဂ = စကားရောနှော ပြောဆိုခြင်း။
(၄) ကာယသံသဂ္ဂ = ကိုယ်လက်ထိပါး ဆက်ဆံရောနှောခြင်း။
(၅) ပရိဘောဂသံသဂ္ဂ = အစားအသောက် သုံးဆောင် ရောနှောခြင်း။

ဒီလိုရောနှောခြင်းတို့မှာ ဝတ္ထုရားထက်ပိုသွားလျှင် ချစ်ခင်တယ် ကြင်နာဘယ် သနားတယ်ဆိုတဲ့ အဆင့်သို့ရောက်သွားဒါဘဲ၊ ဒီ ချစ်ခင် ကြင်နာ သနားမှုဟာလဲ ရိုးရိုးသားသားမှ ထူးခြားလာလျှင် ပျက်စီးရတော့ဒါဘဲ။

တခါတုံးက တောထဲမှာ သမင်မကမှေးတဲ့ ဣသိသိဃ်ရသေ့ လေးဆိုဒါ ဖိုမ,ရဲ့သဘာဝ ဘာမှနားမလည်၊ မတွေ့ဘူးခင်က စိတ်စင်ကြယ်နေပေမဲ့ နိုလိနိကာခေါ်တဲ့ ဘုရင့်သမီးတော်ကို မြင်လိုက်ရတော့ ဖိုမ,ခါတ်ခိုက်ခါ စူးစိုက်စွာကြည့်မိရာကအစ သီလပျက်စီးခြင်းသို့ ရောက်သွားရတော့တယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက ညီတော်အာနန္ဒာကို ဓာတ်ချင်းမတည့်တဲ့ မာတုဂါမများနဲ့ မတွေ့မမြင်ရအောင် ရှောင်ကြဉ်ရမယ်လို့ မိန့်တော်မူခဲ့ဒါဖြစ်တယ်။

မေထုန်ငယ် ၇ ပါး

(၁) ဝိသဘာဝဂလို့ဆိုတဲ့ ဆန့်ကျင်ဘက်ဖြစ်သော ယောကျ်ားမိန်းမတို့မှာ အချင်းချင်း နင်းနှိပ်ဆုပ်နယ် ထိတွေ့မှုကို သာယာခြင်း။

(၂) အချင်းချင်း ရယ်ရှင်ကျီစယ် ပျော်ရှင်ပြောဆိုမှုကို သာယာခြင်း။

(၃) အချင်းချင်း စိမ့်စိမ့်စိုက်စိုက် စူးစိုက်ကြည့်ရှုမှုကို သာယာခြင်း။

(၄) အချင်းချင်း အဝေးအနီးမှ အသံကို နားထောင်သာယာခြင်း။

(၅) တချိန်က ခံစားခဲ့ဘူးသည်ကို အောက်မေ့သတိရခါ သာယာခြင်း။

(၆) သူတပါးတို့ ခံစားနေသည်ကို နှစ်သက်သာယာခြင်း။

(၇) မိမိစောင့်ထိန်းတဲ့သီလအတွက် နတ်သွေး-နတ်သား ဘဝများကို မျှော်မှန်းကာ သာယာခြင်း။

ဒီ ၇-မျိုးကို ဖိုမ,သတ္တဝါများ အချင်းချင်း ပျော်ပါးရှင်မြူးကြည်နူးရောယှက် ပေါင်းဘက်ခြင်းကို ပါဠိလို မိထုနကာမဂုဏ၊ ဗမာလို မေထုန် ကာမဂုဏ်လို့ ခေါ်တယ်။ အတူတူနဲ့ အနှုန့်လို့ ဆိုလိုခြင်းဖြစ်တယ်။

(သတ္တဂုံတွဲရပါဠိတော်/မဟာရည၀ဂ်:မေထုနသညောဂဆုတ်)

မလွန်ခင်က တားဆီးကြ

အဆင်းလိုမြင်ရာ (ကျဋ္ဌာရုံ)၊ ချစ်ခင်ဇောအာရုံဌ (ရာဂ)၊ မနှစ်ခင် မနှစ်သက်မိုးလေအောင် ရွံ့ရှာဘွယ် စက်ဆုပ်ဘွယ် မတာင့်တယ်တဲ့ (အသုဘ) အားဖြင့် (အနိဋ္ဌာရုံ)၊ မနှစ်သက်ဇောအာရုံဌ(ဒေါသ)၊ ပြစ်မှားမိလေအောင် ဝေတ်သလောဝေအားဖြင့် (အဥာဏုပေက္ခာ)၊ ရှုမှတ်မှုဉာဏ်မပါတဲ့အားရုံဌ (မောဟ) တွေ့ခဏမှုမပြစ်အောင် သတိဆောင်၍ အသုဘအားဖြင့်ရင်း၊ ဝေတ်အားပြင့်ရင်း၊ ရှုဆင်ပွားများ သတ်ထား ရမယ်လို့ ဗာဟိယဒါရုစိရိယကို ဗုဒ္ဓပြောတ်ဝှာက ဟောခဲ့ဒါရှိပါတယ်။

(မှတ်ချက်) အာရုံ ၆ ပါးလုံး ဒီအဟိုင်းရှုပွားရမှာဖြစ်ပါတယ်။

ဒီ ကျွန်ုယသံဝေသိလဌ် သတ္တိလွတ်တင်း၍ ပျက်ယွင်းခဲ့ပါမှ

နှ ပုဒ်နှစ် ကရိယာမိ

ဝေ၊ ဤသို့။ ဝါ၊ ဒီလိုဒီပုံ။ ပုန၊ နောက်ထပ်တဖန်။ နုကရိယာမိ၊ မပြုတော့အုံ။

ဒီလို နောက်မပြုတော့ပါဟု ပါဠိဗမာ လိမ္မာသလို ဆောက်တည် ကုစားပါက စင်ကြယ်သွားတော့၏!

(မှတ်ချက်) ကျွန်ုယသံဝရသိလဌ် သတ်ပြန်ပါန်း၏။

အာဇီဝပါရိသုဒ္ဓိသီလ

အာဇီဝပါရိသုဒ္ဓိသီလဆိုဒါ အသက်မွေး စင်ကြယ်ခြင်းအကျင့်လို့ ဆိုလိုခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ လူများအတွက်ကော တာ့ အာဇီဝဌမက သီလခဏ်းမှာ ပြုခဲ့တဲ့အတိုင်း မလျော်တဲ့ကုန်သွယ်ခြင်း ၅-မျိုးနဲ့ မှားတဲ့ အသက်မွေးမှု ၇-မျိုး တို့ကို ရှောင်ရှားပြီး တရားတဲ့ နည်းလမ်းများနဲ့ အသက်မွေး သွားလျှင် အာဇီဝပါရိသုဒ္ဓိသီလနဲ့ ပြည့်စုံတယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ရဟန်းသူတော်စင်များမှာတော့

(၁) ဒုစရိုတ မိစ္ဆာဇီဝ၊
(၂) အနေသန မိစ္ဆာဇီဝ၊
(၃) ကုဟနဝိဒ် မိစ္ဆာဇီဝ၊
(၄) တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ၊

ဒီလို ၄-မျိုး ရှိပါတယ်။

(၁) ဒုစရိုတ မိစ္ဆာဇီဝ ဆိုတာ မကောင်းတဲ့အကျင့်နဲ့ မှားတဲ့အသက်မွေးခြင်းကို ဆိုလိုပါတယ်၊ ၎င်းများကား ကာယကံ ၃-ပါး = ကိုယ်ဖြင့် မကောင်းသဖြင့် ပြုကျင့်ခြင်းသုံးမျိုး။ ဝစီကံ ၄-ပါး = နှုတ်ဖြင့် မကောင်းသဖြင့် ပြုကျင့်ခြင်းလေးမျိုးနဲ့ အသက်မွေးမှုကိုအကြောင်းပြုပြီး ပညတ်ထားတဲ့ (၁) ပါရာဇိကာ၊ (၂) သံဃာဒိသေသာ၊ (၃) ထုလ္လစ္စည်း။ (၄) ပါစိတ်၊ (၅) ပါဋိဒေသနီ၊ (၆) ဒုက္ကဋ် ဆိုတဲ့ ဒီသိက္ခာပုဒ် ၆ မျိုး ပေါင်း ၁၃-ပါးတို့မှ ရှောင်ကြဉ်လျှင် "ဒုစရိုတ မိစ္ဆာဇီဝ ဝိရတိ"ဖြစ်၍ သီလဝိသုဒ္ဓိဖြစ်၏။

(၂) အနေသနမိစ္ဆာဇီဝဆိုတာ မရှောမှီးအင်တဲ့ရှာမှီးမှုဖြင့် မှားတဲ့အသက်မွေးခြင်းလို့ ဆိုလိုပါတယ်။ ၎င်းများကား (၁) ပန်းပေးခြင်း၊ (၂) သစ်သီးပေးခြင်း၊ (၃) ကသယ်မှုံ့ (လိမ်းစရာ သနပ်ခါး ပေါင်တာ မှုံ့များ) ပေးခြင်း၊ (၄) မြေညက်(လိမ်းစရာမြေညက်)ပေးခြင်း၊ (၅) ဝါးပေးခြင်း၊ (၆) ဒန်ပူ(သွားတိုက်စရာ)ပေးခြင်း၊ (၇) မိမိခြေဖြင့် ဒကာဒကာမတို့ရဲ့ အခိုင်းအစေခံခြင်း၊ (၈) ဆေးကုခြင်း။ ဤကား "ကုလဒူသန" အမျိုးကောင်းများရဲ့ သဒ္ဓါတရားကို ဖျက်ဆီးတတ်တဲ့ တရား(၈)ပါးလို့ ခေါ်တယ်။

(၁) မျက်နှာသစ်ရေပေးခြင်း၊ (၂) ဆွမ်းတုံ့ပြန်၍ကျွေးခြင်း၊ (၃) သစ်ရွက်ပေးခြင်း၊ (၄) ရေချိုးကသယ်မှုံ့ (ဆပ်ပြာမှုံ့ = ဆပ်ပြာခဲ)ပေးခြင်း၊ (၅) ဇလေးများကိုချိုပိုးခြင်း၊ (၆)ကျောက်နည်းပါး အကျွက်များသော (ဇော်ဆံကျန်သော) ပဲနောက်ဟင်းဟန် အမှုန်နည်းပါး မမှုန်သောစကားကိုဆိုခြင်း၊ (၇) ဒကာဒကာမတို့ကိုမြှင့်တင်၍ မိမိ

ကိုယ်ကို နှိမ့်ချကာ ချစ်ဘွယ်သောစကားကို ပြောဆိုခြင်း၊ (၈) ဒကာဒကာမတို့၏ အခိုင်းအဆိုခံခြင်း၊ (၉) ဒကာဒကာမ တို့၏ စာတမန်သာဘင်းစကား အသွားအပြန်ပေးခြင်း၊ (၁၀) အိမ်ရှေ့ လယ် ယာ စသော မြေကြန်အတတ်ပြုခြင်း၊ (၁၁) အဇ္ဈတ္တယျကျမ်း, မာသုရကွက်ကျမ်း, ရာဇသတ်ကျမ်း စသော ကျမ်းဂန်အတတ်ပြုခြင်း၊ (၁၂) ဆယာကျား, မိန်းမတို့၏ လက္ခဏာကြန်အင်္ဂါ အတတ်ပြုခြင်း၊ (၁၃) နက္ခတ်အတတ်ပြုခြင်း။

ဒီ ၁၃ ပါးနဲ့ အထက်က " ကုလဒူသန " ၈-ပါးနှင့် ပေါင်းလျှင် "အနေသန" (မရှာမှီးအပ်တဲ့တရား ၂၁-ပါးဖြစ်၏) (ယူနည်းအမျိုးမျိုးရှိသေး၏)။

ဤ ၂၁-ပါးသော "အနေသန" မှုတို့ကို ပြုသဖြင့် ပစ္စည်း လာဘ်တို့ကို ဖြစ်စေ၍ ရဟန်း, သာမဏေ, ရဟေ, သူဇောတ်, သိလရှင် တို့၏ အသက်မွေးမှုသည် "မိစ္ဆာဇီဝ" မည်၏။ ဒီအမှုမျိုးမှ ရှောင်ကြဉ်လျှင် "အနေသနမိစ္ဆာဇီဝပဝိရတိ" ဖြစ်၍ သီလဂိသုဒ္ဓိဖြစ်၏။

(၃) ကုဟနာဒိမိစ္ဆာဇီဝဆိုဒါ အံ့ဘွယ်ပြုခြင်း စသည်ဖြင့် မှားသော အသက်မွေးခြင်းလို့ ဆိုလိုပါတယ်။ ၎င်းမျှားကား (၁) ပစ္စယပဋိသေဝန = လာဘ်ပူဇော် အကျော်အစောကို တောင့်တလျက် အလိုဆိုး နှိပ်စက်သည်ဖြစ်၍ ပစ္စည်း ဘိတ်လှူသည်ရှိသော် အလိုနည်းဟန် ပယ်လှန်ပြုလျက် သူကဘက်၍ လှည်း-ကားဖြင့် သယ်ဆောင် လှူအောင် တခု အံ့ဘွယ်ပြုခြင်း။

(၂) သာမန္တဇပ္ပန = စျာန်, မဂ်, ဖိုလ်ရ အနည်းပြုလျက် မြှက်ဟ ထိုးထို ပြောဆိုသမှု အံ့ဘွယ်ပြုခြင်း။

(၃) ဣရိယာပထ သန္ဓိသိတ = ချီးမွမ်းစေလိုသော အလိုဖြင့် ဣရိယာပုထ် ပြုပြင်ထိန်းချုပ် မျက်မှောင်ကုတ်လျက် အဟုတ်တကယ် ညာ-ဘယ်မရှု အံ့ဘွယ်ပြုခြင်းတည်းဟူသော "ကုဟနဝတ္ထု" သုံးပါး။

(၄) အာလပန = ကျောင်းသို့ရောက်လာ လူတကာကို ပင့်လာ သလော ပဇာလောဟု သဘောခြူ စကားမြှူခြင်း မင်းကြီးမှုးမတ် လေးမြတ်သောငါ မင်းဆရာဟု ကြွားကာမောက်မို့ မိမိကိုယ်ကို တင်ဆို

ပြောဟေ။ခြင်း (၂) လပန = သူဘပါးတို့မေး၍ ပြောခြင်း၊ (၃)သလ္လပန = ညှာ၍ပြေ ခြင်း၊ (၄) ဥလ္လပန = ပင့်၍တင်၍ပြောခြင်း၊ (၅) သမုလ္လပန = အချင်းခပ်သိမ်း ပင့်တင်၍ ပြောခြင်း၊ (၆)ဥန္နဟန = ရစ်၍ ပြောခြင်း၊ (၇) သမုန္နဟန = အချင်းခပ်သမ်း အဘန်ဘန်ရစ်၍ပြော ခြင်း၊ (၈) ဥက္ကာဝစန = မြှောက်၍ပြောခြင်း၊ (၉) သမုက္ကာဝစန = အချင်းခပ်သိမ်း အဘန်ဘန်မြှောက်၍ပြောခြင်း၊ (၁၀) အနုဝိယဘာနိ တာ = မုန်သည်အလျောက် သဘောအတိုင်းမရှု ချစ်ဘွယ်မှုကိုသာ ပြော ခြင်း၊ (၁၁) စာဋုကာမျတာ = ကိုယ်ကို အောက်ထားကာ ပြောခြင်း၊ (၁၂)မုဂ္ဂသုမျတာ = မကျက်နည်းပါးအကျက်များသော ပဲနောက်ဟင်း အတူ မမှန်ကချို့ မှန်ဟချို့ ပြောခြင်း၊ (၁၃) ပါရိဘဋ္ဌတာ = ထိန်းရ အတူ ရှာသူသားငယ်တို့ကို ချီပိုးထိန်းရခြင်းတည်းဟူသော "လပနဝတ္ထု" ၁၃-ပါး။

(၁) နိမိတ္တ = အမှတ်မရှိ သူတပါးတို့ ပစ္စည်းလှူခြင်းခံ့ အမှတ် ကို ဖြစ်စေခြင်း၊ (၂) နိမိတ္တကမ္မ = အမှတ်ပြုခြင်း၊ (၃)သြဘာသ = ပစ္စည်းနှင့်စပ်သောစကားကိုပြောခြင်း၊ (၄) သြဘာသကရဏ = သူတ ပါးကို ကြားစေ၍ လှူစေခြင်း၊ (၅) သာမန္တဇပ္ပန = မိမိအလိုရှိသော ဝတ္ထု အနီးပြု၍ မလှုမနှေသာအောင် ပြောခြင်း၊ (၆) ပရိကထာ = သူတပါးပစ္စည်းကို မရ,ရအောင် တလည်လည်ပြောခြင်း တည်းဟူသော "နေမိတ္တိကသာဝတ္ထု" ၆-ပါး။

(၁) အဝဏ္ဏာသ = မလှုမနှေခံ့အောင်ဆဲရေးခြင်း၊(၂)ဝမ္ဘန= ချုပ်ချယ်ခြင်း၊ (၃) ဂရဟာ = ပြစ်တင်ကဲ့ရဲ့ခြင်း၊ (၄) ဥက္ခေပန = ကောင်းကိုပယ်ခြင်း (အလှူရှင်ကြီးပေဟု မြှောက်ချီခြင်း)၊ (၅) သမုက္ခေ ပန = အချင်းခပ်သိမ်းပယ်ခြင်း၊ (အလှူရှင်ကြီးပေဟု ပြင်းစွာမြှောက်ချီ ခြင်း)၊ (၆) ဒီပန = ပျက်ချယ်မှုခြင်း၊ (၇) သံဒီပန = ပြင်းစွာ ပျက် ရယ်မှုခြင်း၊ (၈) ပါပန = ကျေးဇူးမဲ့သို့ရောက်စေခြင်း၊ (၉) သမ္ပာ ပန = အချင်းခပ်သိမ်း ရောက်စေခြင်း၊ (၁၀) အဝဏ္ဏဟာရိတာ = အရပ် တပါးသို့ ကျေးဇူးမဲ့ကိုဆောင်ခြင်း၊ (၁၁)ပရပိဋ္ဌိမံသိကာ = မျက်မှောက် နာဘွယ် မျက်ကွယ် ကျေးဇူးမဲ့ အာဘင်းပြောခြင်း တည်းဟူသော "နိပ္ပေ- သိကထာဝတ္ထု" ၁၁-ပါး။

(၁) လာဘနုလာဘ နိဗ္ဗိဒါသနဟာ = ဤအိမ်မှရသောပစ္စည်းကို ထိုအိမ်သို့၊ ထိုအိမ်မှရသောပစ္စည်းကို ဤအိမ်သို့ဆောင်၍ အနည်းငယ်ပစ္စည်းဖြင့် များသောပစ္စည်းကိုလည်ပတ်၍ အသင့်ဆင့်အားနှင့် တဘန် ရှာမှီးခြင်း စသည်တို့မှ ရှောင်ကြဉ်၊ "ကုဟနာဒိ မိစ္ဆာဇီဝဝိရတိ" ဖြစ်၍ သီလဝိသုဒ္ဓိဖြစ်၏။

(၄) တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ (မင်ဗိုလ်မှ ဖိလာကန့်လန့် ဆန့်ကျင်ဘက် အသတ်မျိုးဖြင့် မှားသောအသက်မွေးခြင်း) ဟူသည် = အင်ဝိဇ္ဇာ လက္ခဏဝိဇ္ဇာ စသော ဗေဒင်ဟောဆေးကဲ့သို့ အမှုမျိုးသည် ရဟန်းတို့၏ "ပဋိပတ္တိမှု"နှင့် ဖိလာကန့်လန့် ဆန့်ကျင်ဘက်မျိုးဖြစ်၍ "တိရစ္ဆာနဝိဇ္ဇာ"မည်၏။ ၎င်းတို့မှရှောင်ကြဉ်လျှင် "တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝဝိရတိ" ဖြစ်၍ "သီလဝိသုဒ္ဓိ"ဖြစ်၏။

(ကုစားပုံကား ဣန္ဒြိယသံဝရသီလအတိုင်းပင်ဖြစ်၏။)

(မှတ်ချက်) ဤအာဇီဝပါရိသုဒ္ဓိသီလ၌ ဝိရိယပြဋ္ဌာန်း၏။

ပစ္စယ သန္နိဿိတ သီလ

(၄) ပစ္စယ သန္နိဿိတ သီလ = ပစ္စည်းလေးပါး၌ ကောင်းစွာ မှီခိုခဲသောအကျင့်ဆိုဒါ....

(၁) ဓာတု ပစ္စဝေက္ခဏာ၊

(၂) ပဋိက္ကူလ ပစ္စဝေက္ခဏာ၊

(၃) သဘာဝ ပစ္စဝေက္ခဏာ၊

ဒီလို ဆင်ခြင်နည်း သုံးမျိုးရှိပါတယ်။

(၁) ဓာတုပစ္စဝေက္ခဏာ = ဓာတ်အားဖြင့် ဆင်ခြင်ခြင်းကား.... သုံးဆောင်ဘုယ်ရာဟူသမျှ စားသောက်စရာ စတဲ့ ပစ္စည်းလေးပါးတို့သည် ဓာတ်လေးပါး အစုမျှသာဖြစ်တယ်၊ ထို့အတူ သုံးဆောင်သူလဲ ဓာတ်လေးပါးသာတည်းဟု ပစ္စည်းလေးပါးကို ဓာတ်အားဖြင့်ဆင်ခြင်၍ သုံးဆောင်ပေသတည်း။

(၂) ပဋ္ဌိကူလ ပစ္စဝေက္ခဏာ = စက်ဆုပ်ဘွယ်ရာအားဖြင့် ဆင်ခြင်ခြင်းကား စက်ဆုပ်ဘွယ်မရှိသေးဘဲ သုံးဆောင်ဘွယ်ရာဟူသမျှ စားသောက်စရာစတဲ့ ပစ္စည်းလေးပါးတို့သည် ငါ၏ အကောင်ပုပ်သို့ရောက်၍ အလွန်လျှင် စက်ဆုပ်ဘွယ်ရှိစွာပါတကားဟူ၍ ပစ္စည်းလေးပါးကို စက်ဆုပ်ဘွယ်အားဖြင့် ဆင်ခြင်၍သုံးဆောင်ခြင်းပေတည်း။

(၃) သဘာဝပစ္စဝေက္ခဏာ = သူ့သဘောအလျောက် ဆင်ခြင်ခြင်းကား.... (၁) ဒီရုပ်ဘရားကြီး၏ တည်တံ့နိုင်ရုံမျှသာလျှင် (စားသောက်ဘွယ်ရာ ခဲဘွယ်ဘာဇဉ်ကို မှီခဲသုံးဆောင်ပါ၏။) (၂) မျှတနိုင်ရုံဌာသာလျှင်(တူပြီ) (၃) ဆာလောင်မွတ်သိပ်ခြင်းဘေးကို ဖျောက်နိုင်ရုံဌာသားလျှင်(တူပြီ) (၄)မြတ်ခသာအကျင့်ကို ကျင့်ကြံနိုင်ရုံသာလျှင် (တူပြီ)၊ ဒီလေးပါးဘို့တွင် တပါးပါးဖြင့် စားတိုင်းစားတိုင်း (သဘာဝအားဖြင့်) ဆင်ခြင်ခြင်းပေတည်း။

(၂) အဝတ်၌ ကိုယ်မှလွှာ်၍ ဝတ်ရုံတိုင်း အရှက်ကိုဖျက်ဆီး တာ်သော ကျဉ်းမြောင်းသော အရပ်ကို ဖုံးလွှမ်းခြင်းအကျိုးငှါ အဝတ်အတည်ကို ဝတ်ပါ၏ဟူ၍ ဆင်ခြင်ခြင်းပေတည်း။

(၃) နေဝရာ အိပ်ဆု နေဆာ ဘို့၌ ဂင်ထွက်သုံးဆောင်တိုင်း ဥတုရန်မျှားကို ပယ်ဖျောက်ခြင်းအကျိုးငှါသာလျှင် မှီခဲသုံးဆောင်ပါ၏ဟူ၍ ဆင်ခြင်ခြင်းပေတည်း။

(၄) ဆေးဘို့သုံ့ဆောင်ရာကာလဘို့ပင် ရောဂါဝေဒနာကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မှီခဲသုံးဆောင်ပါ၏ဟူ၍ ဆင်ခြင်ခြင်းပေတည်း။

(မှတ်ချက်) ဒီပစ္စဝေက္ခဏာ ၄-ပါးတို့တွင် ဆွမ်း, သုက်နှ်း, ကျောင်း, ၃-ပါးကား ရဟန်းသာမဏေများမှာ အရွယ်မတက်မီအတွင်း ဆင်ခြင်နိုင်၏၊ သေးကား ကပ်ရာ သုံးဆောင်ရာအခါ၌သာ ဆင်ခြင်နိုင်၏ လွန်မှ သတိရက "ဣဏ" ကျေးကျေးရတော့၏၊

လူမျှားလည်း "ဣဿ" မဖြစ်သော်လည်း ကိုယ်လသာဖြစ်၍ ဆင်ခြင်ရာ၏။

(ဝိသုဒ္ဓိမဂ် မဟာဋီကာ)

ဤ ပစ္စယသန္နိဿိတသီလကား ပညာပြဋ္ဌာန်း၏။

စင်ကြယ်ခြင်း ၄ မျိုး

(၁) ဒေသနာဝိသုဒ္ဓိ = သင့်ရာရောက်ပြီးတဲ့အပြစ်ကို ထင်စွာပြောကြား၍ နောက်မလုပ်ဘဲဝပါဟု ဝန်ခံခြင်းဖြင့် စင်ကြယ်စေခြင်း။

(၂) သံဝရသုဒ္ဓိ = စကျွေ့စသော ဣန္ဒြေတို့ကို စောင့်စည်းသောအားဖြင့် စင်ကြယ်စေခြင်း။

(၃) ပရိဘောဂဿုဒ္ဓိ = ပစ္စည်း ၄-ပါးတို့ကို တရားသဖြင့် ရှာမှီးသောအားဖြင့် စင်ကြယ်စေခြင်း။

(၄) ပစ္စဝေက္ခဏာသုဒ္ဓိ = ပစ္စည်း ၄-ပါးတို့ကို ဆင်ခြင်၍ သုံးဆောင်ခြင်းဖြင့် စင်ကြယ်စေခြင်း။

ဒီလို ၄-ပါးသောသီလ၏ စင်ကြယ်ရုစင်ကြယ်ကြောင်း "သုဒ္ဓိ" ၄-မျိုးကိုလည်း သိကြပေရာ၏။

သီလတရား အစားစား

(၁) ဟာနဘာဂီယ သီလ၊
(၂) ဌိတိ ဘာဂီယ သီလ၊
(၃) ဝိသေသ ဘာဂီယ သီလ၊
(၄) နိဗ္ဗေဓ ဘာဂီယ သီလ၊

(၁) ဟာနဘာဂီယသီလ = ယုတ်သော အဘို့ရှိတဲ့အကျင့်ဆိုးဒါ ကိုလေသာပွားရာ မက်ဖိုလ် မှ ဖိလာဖြစ်တဲ့ တိုင်းပြည်စကား ရပ်ရွာစကား စသော ၃၂-ပါးသော "တိုရစ္ဆာနကထာ"စကားအရပ်ရပ်ဘို့ကို

နာခံမှုတ်သား ပြောကြား၍ အနည်းငယ်မျှ သမထ,ဝိပဿနာ,ဘာဝနာ ကို ပွားများအားထုတ်မှု မပြုသောသီလကို "ဟာန ဘာဂိယ သီလ"လို့ မှတ်ရပါမယ်။

(၂) ဌိတိဘာဂိယသီလ = တည်ခါမျှ အာဘိုဋ္ဌိတဲ့ အကျင့်ဆိုဒါ ၃ ၂ ပါးသော တိရစ္ဆာနကထာ များကို ကင်းလွတ်ရှောင်ရှား နေပါ ပြီးသော်လဲ ဘာဝနာတရားဌိ အထူးမသက်ဝင် ရှောင်ကြဉ်ရုံမျှ စောင့်သုံးတဲ့ သီလကို "ဌိတိဘာဂိယသီလ"လို့ မှတ်ရပါမယ်။

(၃) ဓိသေသဘာဂိယသီလ = ထူးသော အာဘိုရှိတဲ့ အကျင့်ဆိုဒါ မိမိဆောက်တည်ထားတဲ့ သီလကို အာရုံပြုကာ ရုံဖန်ရုံခါ သမထ, ဝိပဿနာ ရတနာသုံးပါး ဂုဏ်တော်များကို အာရုံရှေ့ထား အထူးပွားလျက် စောင့်သုံးတဲ့သီလကို "ဝိသေသဘာဂိယသီလ"လို့ မှတ်ရပါမယ်။

(၄) နိဗ္ဗေဒဘာဂိယသီလ = ငြီးငွေ့သော အာဘိုရှိတဲ့ အကျင့်ဆိုဒါ သံသရာဝဋ်မှ လွတ်လိုသောဆန္ဒနှင့် သင်္ခါရရဲ့ ဖြစ်ပျက်ဟန်ကို အဘန်ဘန် ငြီးငွေ့သော "နိဗ္ဗိဒ"ဉာဏ်နှင့်တကွ ဘာဝနာတရားတို့ကို ပွါးများအားထုတ် စောင့်သုံးတဲ့သီလကို "နိဗ္ဗေဒဘာဂိယသီလ" လို့ မှတ်ရပါမယ်။

ဒီသီလ ၄ မျိုးထဲက ၁-၂ နံပါတ် သီလမျိုးမဖြစ်ဘဲ ၃-၄ နံပါတ် သီလမျိုးဖြစ်အောင် သတိထားကာ စောင့်သုံးရမှာ။ ထို ၂ မျိုးတို့တွင်လဲ ၃ နံပါတ်သီလ ဖြင့် ကာမသုခတို ခုနှစ်ဘုံဝယ် ကိုယ်ရောစိတ်ပါ နှစ်ဖြာသောချမ်းသာကို အကြိုက်ကြိုက်ခံစားရမှာ၊ ၄ နံပါတ်သီ လ ဖြင့် လောကီစျာန်ချမ်းသာနဲ့ တကွ နိဗ္ဗာန်ချမ်းသာကို ရရမှာ။ ဒါကြောင့် "သီလတော ဟောတိ သုခိတာ"ဟု မိန့်တော်မူခြင်းဖြစ်တယ်။

(၁) လာဘ ပရိယန္တ သီလ၊
(၂) ယသ ပရိယန္တ သီလ၊
(၃) ဉာတိ ပရိယန္တ သီလ၊
(၄) အင် ပရိယန္တ သီလ၊
(၅) ဇီဝိတ ပရိယန္တ သီလ၊

ဒီလို ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်မှာ ရှင်သာရိပုတ္တရာက ငါးမျိုး ငါးစား ခြားနားပြီး ဟောထားပါသေးတယ်။

(၁) လာဘပရိယန္တသီလ = လာဘ်လျှင်အဆုံးရှိတဲ့ အကျင့်ဘိုးဒါ မိမိသီလကို ဥစ္စာပစ္စည်း **လာ**ဘ်ကြောင့် လွန်ကျူး ဖျက်ဆီး၏၊ ဒါကြောင့် လာဘ်လျှင်အဆုံးရှိတဲ့ သီလဟု မှတ်ရပါမယ်။

(၂) ယသပရိယန္တသီလ = ဆိုဒါ တပည့်တပန်း ကျေး ကျွန် သင်းပင် ခြေရုံပရိသတ်တို့ကို အကြောင်းပြု၍ မိမိသီလကို လွန်ကျူး ဖျက်ဆီးခြင်း။

(၃) ညာတိပရိယန္တသီလ = ဆိုဒါ ဆွေမျိုးညာတိတို့ကို အကြောင်းပြု၍ မိမိသီလကို လွန်ကျူးဖျက်ဆီးခြင်း။

(၄) အင်္ဂပရိယန္တသီလ = ဆိုဒါ မိမိရဲ့ မျက်စိ, နား, နှာ စတဲ့ အင်္ဂါကြီးငယ်တို့ကို အကြောင်းပြု၍ မိမိသီလကို လွန်ကျူးဖျက်ဆီးခြင်း။

(၅) ဇီဝိတပရိယန္တသီလ = ဆိုဒါ မိမိရဲ့အသက်ကို အကြောင်းပြု၍ သီလကို လွန်ကျူးဖျက်ဆီးခြင်း။

ဒါကြောင့် ဂုဏ်ယင်္ကျင့်သီလရဲ့ တန်ဘိုးကို သိသောသူမှန်သမျှ အသက်ကိုပင် စွန့်ရခြားသော်လဲ ဘုရားသာသနာနဲ့ ကြုံမှ ကျင့်ခွင့်ရတဲ့ ကိုယ်ကျင့်သီလကို မပျက်စေဘဲ အသေခံသွားကြတဲ့ ပုဂ္ဂိုလ်ထူးမျိုး ကျွန်းဂနိုတွင် အထင်အရှား မှတ်တမ်းတင်ထားခဲ့ကြပါတယ်။

သေခါနီးမှာ ဆောက်တည်ပါ၊

(၁) အာသန္နကာလေ ဂဟိတသီလံ နိဿာယ
တာဝတိံသဘဝနေ နိဗ္ဗတ္တိံသု။

အာသန္နကာလေ၊သေခါနီးဆဲဆဲကာလ၌။ ဂဟိတသီလံ၊ ခံယူဆောက်တည်ခဲ့သော ငါးပါးသီလကို။ နိဿာယ၊ အမှီပြု၍။ တာဝတိံသဘဝနေ၊ တာဝတိံသာနတ်ပြည်၌။ နိဗ္ဗတ္တိံသု၊ ဖြစ်ကြကုန်၏။

ဒီလို သဂါထာဝဂ္ဂ အဋ္ဌကထာ ဒေဝတာသံယုတ် သထုလ္လပဝဂ် ပဌမသုတ်အဖွင့်မှာ သဘော်သား ခုနစ်ရာတို့ သဘော်းပျက်၍ သေခါနီး ကာလ ငါးပါးသီလကိုဆောက်တည်ပြီး သေကြလေရာ တာဝတိံသာ နတ်ပြည်မှာ တဂေပါင်းတစီးထဲ ဇရှိမာန်ကြီး အသီးသီးနဲ့ နတ်တို့ရဲ့ ချမ်းသာကို စံစားရကြောင်း ထုံးဟောင်းရှိပါတယ်။

(၂) ကဿပရှင်တော်ဘုရား သာသနာတုံးကလဲ ခိုးသားငါးရာတို့ လုယက်သောက်စား ရမ်းကားမှုကြောင့် ရပ်သူရွာသားများ မခံမရပ်ဖြင့်၍ စုပေါင်းပြီး လိုက်လံနှိမ်နင်းကြရာ မလွတ်သာတော့မှန်း သိသဖြင့် ကျောက်ဖျာထက်မှာ သီတင်းသုံးနေတဲ့ ရဟန်းသို့ကပ်ပြီး တပည့်တော်များရဲ့ ကိုးကွယ်ရာ ဖြစ်တော်မူပါဟု လျှောက်ထားကြလေရာ ရဟန်းက သင်တို့မှာ ယခုလို သေပေါက်သော နိကပ်လုတဲ့အခါမျိုးမှာ အားကိုးအားထားပြုတို့ရာ သီလသာရှိတော့တယ်ဟု မိန့်တော်မူကာ ငါးပါးသီလကို ဆောက်တည်ခဲ့ပေါတယ်။

သီလဆောက်တည်လို့ အပြီး လိုက်လာတဲ့လူအုပ်ကြီးက ဝိုင်းရှိသတ်ကြလေရာ ငါးရာသောခိုးသားတို့မှာ တခါတည်း သေကြကြပြီး သေခါနီးကာလ ဆောက်တည်ရတဲ့ သီလကုသိုလ်ကြောင့် နတ်ပြည်သို့ရောက်ကြပြီးကာ နတ်ချမ်းသာကိုသာ စုန်ဆန်ခါခံစားရလျက် ငါတို့ ဂေါတမရှင်တော်ဘုရားလက်ထက် လူပြည်သို့တက်ခါ တံငါမျိုးဖြစ်ကြ၍ ကပိလငါကြီးရဲ့ ဖြစ်ကြောင်းကုန်စင်ကို သံဃဂဏာဏ်ပြီး ရဟန်းပြုကြကာ အားလုံး ရဟန္တာဖြစ်ကြ၍ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူကြရပါတယ်။

(သုတ္တနိပါတ် ကပိလသုတ်အဋ္ဌကထာ ဓမ္မပဒအဋ္ဌကထာ)

(မှတ်ချက်) အကြီးဆုံးအရှင်ကို ထေရဂါထာ အဋ္ဌကထာက "ယသောဇ" မထေရ် အပါဒါနိုက "လမုဇ" ဒါယကာထေရ်ဟု ဆို၏။

သီလကျိုးပေါက်စေတတ်တဲ့ ပါပမမ္မ (၁၇) ပါး

(၁) ကောဓ = အာမျက်ထွက်ခြင်း၊ (၂) ဥပနာဟ = ရန်ညိုးဖွဲ့ခြင်း၊ (၃) မက္ခ = သူ့ကျေးဇူးကိုခေါ်ဖျက်ခြင်း၊ (၄) ပလာသ = အင်တူထားခြင်း၊ (၅) ဣဿာ = သူတပါးစည်းစိမ်ကို ငြူစူခြင်း၊

(၆)မစ္ဆရိယ = မိမိစည်းစိမ်ကို ဝန်တိုခြင်း၊ (၇)မာယာ = မိမိအပြစ်ကို ဖုံးလွှမ်းလှည့်ပတ်ခြင်း၊ (၈) သာဌေယျ = မိမိဂုဏ်ကို ဖေါ်ကာ ဝါကြွားခြင်း၊ (၉) ထမ္ဘ = ရိုသေခြင်းမရှိ ခက်ထန်ခြင်း၊ (၁၀) မာန = ထောင်လွှားတက်ကြွခြင်း၊ (၁၁) အတိမာန = ငါ့ပြင်မရှိ ထောင်လွှားတက်ကြွခြင်း၊ (၁၂) မဒ = မာန်ယစ်ခြင်း၊ (၁၃) ပမာဒ = မေ့လျော့ခြင်း၊ (၁၄) အတ္တုက္ကံသန = မိမိဂုဏ်ကိုမြှင့်တင်ခြင်း၊ (၁၅)ပရဝမ္ဘန = သူတပါးကို နှိမ့်ချခြင်း (၁၆) နိန္ဒာ = ကဲ့ရဲ့ခြင်း၊ (၁၇) ဂရဟာ = မျက်ကွယ်ကဲ့ရဲ့ ဂုဏ်ချခြင်း။

ဒီအချက်အလက်များကား သီလကို ကျိုးပေါက်ပြောက်ကြွားစေတတ်တဲ့အတွက် အဖက်ဖက်မှ သတိထားခါ ရှောင်ရှားစောင့်စည်းရမှာဖြစ်ပါတယ်။

(မှတ်ချက်) မူလပဏ္ဏာသအဂုံတွင်ရ ပါဠိတော်များမှာ ဥပဂ္ဂိုလေသအမည်နဲ့ ဟောတော်မူပါတယ်။

ကျိုး-ပေါက်-ပြောက်-ကျား-သတိထား

သီလသိက္ခာများရဲ့ အနေအဆုံး သိက္ခာပုဒ်များ တပါးပါးပျက်လျှင် ကျိုးတယ်လို့ခေါ်တယ်၊ အလယ်ကပျက်လျှင် ပေါက်တယ်လို့ခေါ်တယ်၊ တလယ်ကျားက တပါးလဲမက နှစ်ပါးဆက်လဲမဟုတ် ခုနှစ်ကျော်၍ပျက်လျှင် ပြောက်တယ်လို့ခေါ်တယ်၊ နှစ်ပါးသုံးပါး ဆက်၍ပျက်လျှင် ကျားတယ်လို့ခေါ်တယ်၊ ဒါကြောင့် မကျိုး-မပေါက်-မပြောက်-မကျားရအောင် သတိထားပြီး စောင့်ရှောက်ရတဲ့ သီလစောင့် ဥပုသ်စောင့်လို့ ခေါ်ခြင်းဖြစ်ပါတယ်။

သီ လ သ ဘ ာ ဝ

(၁) ကုသလမေ့ပတိဋ္ဌာနလက္ခဏံ = ကုသိုလ်တရားတို့၏ တည်ခြင်းသဘောရှိ၏။

(၂) ဒုဿီလင်ဒ္ဓံသနရသံ = မကောင်းမှု အကုသိုလ်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။

(၃) ဆောခေယျပစ္စုပဋ္ဌာနံ = စိတ်၏စင်ကြယ်ခြင်းလျှင် ရှေးရှု ထင်ခြင်း အကျိုးရှိ၏။

(၄) ဟိုးရုတ္တပ္ပဟဒဋ္ဌာနံ = ရှက်ကြောက်နှစ်ပါးလျှင် ပြဋ္ဌာန်း ခြင်း အကြောင်းရှိ၏။

ဒီလို သီလရဲ့သဘော ဆောင်ရွက်ရမဲ့ကိစ္စ ခံစားရမဲ့အကျိုး ပြဋ္ဌာန်းခြင်း၏အကြောင်း လေးမျိုးတို့ကိုလဲ ဝေဘန်ပိုင်းခြားပြီး သိပါမှ တန်ဘိုးရှိမှာ ဖြစ်ပါတယ်။

သီလဂုဏ် ၈ - ပါး

ဒီလို ပြဆိုခဲ့ပြီးတဲ့အတိုင်း ကျိုးကြောင်းမျှော်မြင် အသိနဲ့ယှဉ်ပြီး ဆောက်တည်ကျင့်သုံးတဲ့သူများမှာ (၁) အခဏ္ဍ = မကျိုးခြင်း၊ (၂) အဆိဒ္ဒ = မပေါက်ခြင်း၊ (၃)အသဗလ = မခြောက်ခြင်း၊ (၄)အကမ္မာသ = မကျားခြင်း၊ (၅) ဘုဒ္ဓီသ = တဏှာကျွန်အဖြစ်မှ လွတ်ခြင်း၊ (၆) ဝိညူပသတ္ထ = ပညာရှိတို့ ချီးမွမ်းခြင်း၊ (၇) အပရာမဋ္ဌ = တဏှာ,မာန,ဒိဋ္ဌိဟူဖြင့် မသုံးသပ်ခြင်း၊ (၈) သမာဓိသံဝတ္တနိက = သမာဓိ၏ အခြေခံဖြစ်ခြင်း ဤ သီလဂုဏ် ၈-ပါးနဲ့ ပြည့်စုံရပါတော့တယ်။

ညစ်ကျေးတရား ၃-ပါး

(၁) တဏှာ = မိမိသီလအတွက် နောက်ဖြစ်ရာဘဝမှာ လောကီချမ်းသာ အဖြာဖြာတို့ကို သာယာစုံမက် နှစ်သက်မြတ်နိုးပါက တဏှာနဲ့ရောယှက်တဲ့သီလလို့ မှတ်ရပါမယ်။

(၂) မာန = ငါ့သီလကား ဒီလူများသီလထက် မြတ်တယ်၊ သို့မဟုတ် တူတယ်၊ သို့မဟုတ် မမြတ်ဟု နှိုင်းယှဉ်လျက် နှုလုံးသွင်းပါက မာနနဲ့ရောယှက်တဲ့သီလလို့ မှတ်ရပါမယ်။

(၃) ဒိဋ္ဌိ = ငါ သီလခစောင့်တယ်၊ ဒီသီလကြောင့် လူ, နတ်, ဗြဟ္မာ ဖြစ်ရလိမ့်မယ်လို့ နှုလုံးသွင်းက ဒိဋ္ဌိနဲ့ရောယှက်တဲ့ သီလလို့ မှတ်ရပါမယ်။

ဒါကြောင့် သီလဆောက်တည် ကျင့်သုံးရာမှာ တဏှာ မာန ဒိဋ္ဌိ မကင်းဝေးရအောင် ငါဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ်ဘာရားတို့သည် (၁) ကာယဝိသုဒ္ဓိ = ကိုယ်ရဲ့စင်ကြယ်မှု၊ (၂) ဝစီဝိသုဒ္ဓိ = နှုတ်ရဲ့စင်ကြယ်မှု၊ (၃) စိတ္တဝိသုဒ္ဓိ = စိတ်ရဲ့စင်ကြယ်မှု ဖြစ်ကြောင်း ကောင်းမြတ်တဲ့ သူတော်ဓကာင်၊တရားတို့၌ တည်ပေါ်၊ ငါဘည့ဒါမဟုတ်၊ ဒီစင်ကြယ်ခြင်းသုံးပါးတို့ ကြီးပွားသည်ရှိခဲသော် စင်ဖစ် အသခ်ံတဝိသုဒ္ဓိခေါ်တဲ့ နိဗ္ဗာန်ရွှေမြို့တော်ကြီးကို ကေန်ရောက်ရလတံ့ဟု နှလုံးသွင်းခါ ဆောက်တည် ကျင့်သုံးပါမှ ညစ်ကျေးကင်းစင်တဲ့ သီလဖြစ်တယ်လို့ မှတ်ရပါမယ်။

အယုတ် အလတ် အမြတ် ၃-ပါး

ယသ ကာမတာယ သမာဒိန္နံ ဟိနံ၊
ပုညဖလ ကာမဘာယ သမာဒိန္နံ မဇ္ဈိမံ။
ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ၊
သမာဒိန္နံ ပဏီတံ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ယသကာမတာယ၊ ကျော်စောထင်ရှားမှုကို အလိုရှိသောစိတ်ဖြင့်။ သမာဒိန္နံ၊ ဆောက်တည်အပ်သည်ရှိသော်။ ဟိနံ၊ အယုတ်တည်း။ ပုညဖလကာမတာယ၊ ကောင်းမှုဖိုအကျိုးကို လိုလားငဲ့ကွက်နှစ်သက်သောယာသောစိတ်ဖြင့်။ သမာဒိန္နံ၊ ဆောက်တည်အပ်သည်ရှိသော်။ မဇ္ဈိမံ၊ အလတ်တည်း။ ဣဒံ၊ ဤအမှုသည်ကား။ ကတ္တဗ္ဗံ၊ ပြုအပ်ရာ၊ ဗောဓိရည်လျှော်အလောင်းတော်တို့ ပြုသင့်ပြုထိုက်သော အမှုမဟာသည်း။ ဣတိ၊ ဤသို့။ အရိယဘာဝံ၊ အရိယာတို့၏အနွယ်၌ စူးစိုက်တောင့်တ စင်ကြယ် ဖြူဖြောင့်လှသော ဗောဓိရည်လျှော် အလောင်းတော်၏အလေ့ကို၊ နိဿာယ၊ စူးစူးစိုက်စိုက် ထိခိုက်အောင်အမှီပြု၍။ သမာဒိန္နံ၊ ဆောက်တည်အပ်သည်ရှိသော်။ ပဏီတံ၊ အမြတ်တည်း။

ဒီနေရာမှာ အယုတ်ကား ဒါနတဲ့ပြုပြု၊ သီလတဲ့ဆောက်တည် ဆောက်တည်၊ ဘာဝနာတဲ့ပွားပွား ပါရမီကုသိုလ်မဖြစ်၊ ဘာသမာဓိ စသည်ဘို့ကိုမျှ လုလုမပေးဟုမှတ်၊ အလတ်ကား ပါရမီအစစ်ကားမဟုတ်၊ ကောင်းကျိုးချမ်းသာကိုကား ပေးစွမ်းနိုင်၏။ အမြတ်ကား ပါရမီစစ်လဲ ဖြစ်၊ ကောင်းကျိုးချမ်းသာမျှားကိုလဲ ပေးစွမ်းနိုင်၏ဟုမှတ်ရမည်။

(ဘုရားဖလောင်းပါရမီဖြည့်တော်မူခဲ့သည်ကိုသတိပြု)

သီလ၁ ကျိုးများ

ဒီလို ကျိုး-ပေါက်-ပြောက်-ကျားခြင်း မရှိရလေအောင် သတိဆောင်ပြီး ကောင်းစွာစောင့်ထိန်းတဲ့ သီလရှိသူများကား.... (၁) မမေ့မလျော့ခြင်း တည်းဟူသောအကြောင်းကြောင့် ကောင်းမြတ်ကြီးကျယ်တဲ့ စည်းစိမ်အစုံသို့ရောက်ရခြင်း၊ (၂) ကောင်းသောကျော်စောသတင်းပျံ့နှံ့ခြင်း၊ (၃) ပရိသတ်အလယ် တင့်တယ်ရဲရင့်ခြင်း၊ (၄) မတွေတမေ သေရခြင်း၊ (၅) သေသည်၏အခြားမှာ နတ်ပြည်သို့သာရောက်ရခြင်းလို့ ဆိုတဲ့ ငါးပါးသောအကျိုးများကို ခံစားရမှာဖြစ်ပါတယ်။

မဟာဝဂ္ဂသံယုတ် မဟာနာမသုတ်မှာလဲ သီလနဲ့ပြည့်စုံပါက (၁) သီလရှိသူအဖြစ်၊ (၂)အပါယ်တံခါးပိတ်သည်၏အဖြစ်၊ (၃) နိုဗ္ဗာန်ကို မျက်မှောက်ပြုရသည်၏အဖြစ်ကို မဟာနာမ်မင်းကြီးအား မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

ထိုမှတပါး သရဏဂုံနဲ့ ပြည့်စုံက ဥပါသကာ၊ တဖန် ငါးပါးသီလနဲ့ ပြည့်စုံပြန်ပါက ဥပသကာသီလဝန္တအစစ်ဖြစ်၍ အပါယ်ဘေးမှလွန်မြောက်ခါ ဧသာတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးတွင်လဲ တပါးအပါအဝင်ဖြစ်ကြောင်း ၎င်းပါဠိတော်မှာပင် ရှင်တော်ဘုရား မိန့်ထားဒါ ရှိပါတယ်။

ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝิภင်္ဂသုတ်မှာလဲ အရှင်အာနန္ဒာက မြတ်စွာဘုရားအား သရဏဂုံနဲ့ ငါးပါးသီလ ပြည့်စုံပါက "ဥပသကာ သီလဝန္တ" ဖြစ်ကြောင်းကို လျှောက်ထားပါတယ်။

ပဉ္စဂုံတွေရ ပါဠိတော်မှာလဲ မြတ်စွာဘုရားက အနာထပိဏ်အား ငါးပါးသီလနဲ့ မပြည့်စုံက "ဒုသီလ" ဖြစ်၍ ငရဲသို့ကျရောက်ကြောင်း၊ ပြည့်စုံပါက "သီလဝန္တ" ဖြစ်၍ နတ်ပြည်သို့ လားရကြောင်း မိန့်တော်မူပါတယ်။ ဒါကြောင့် ငါးပါးသီလဟာ မဂ်ဖိုလ်ရကြောင်း သီလအစစ်ဖြစ်တယ်ဆိုဒါ သေချာစွာ မှတ်သားအပ်ပါတယ်။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿသီလဿ ကောဝဒေ။

(ဝိသုဒ္ဓိမဂ်-သီလနိဒ္ဒေသ)

သာသနေ၊ လောကီ,လောကုတ္တရာ ဂုဏ်ကိုဆောင်တတ်သော သခင်ဂေါတမ လောကထွဋ်တင် ဘုရားရှင် သာသနာတော်မြတ်၌ ကုလပုတ္တာနံ၊ အကျင့်အာစာရအားဖြင့် အမျိုးကောင်းသား ဖြစ်ကြကုန်သော သူတို့၏။ ယံသီလံ၊ အကြင်သီလကို။ ဝိနာ၊ မခွဲမစား ကြဉ်ခါထားရ။ ပတိဋ္ဌာ၊ ထောက်ရာ မှီရာ သက်ရှိတည်ရာသည်။ နတ္ထိ၊ မုချမရှိ ရှိနိုင်ချေ။ သီလမေဝ၊ သီလသည်သာလျှင်။ ပတိဋ္ဌာ၊ ထောက်ရာမှီရာ သက်ရှိတည်ရာပေတည်း။ (ဧဝမာနုဘာဝဿ)၊ ဤသို့ကြီးမားများသောအာနုဘော်ရှိသော။ တဿသီလဿ၊ ထိုသီလ၏။ အာနိသံသ-ပရိစ္ဆေဒံ၊ ဤမျှဤမျှသည်ပဟု အကျိုး၏အပိုင်းအခြားကို။ ကော၊ အဘယ်မည်သော ပညာရှိသည်။ ဝဒေ၊ အကျယ်ချဲ့ကာ ပြောပြနိုင်ပါ၏ တော့အုံ့နည်း။

“ ဘ ဝ နှ ာ ခ ဏ် း ”

သရဏာဂုံသီလနဲ့ ပြည့်စုံပြီးပါက ရှောင်ကြဉ်ရမဲ့တရား၊ ပြုကျင့်ရမဲ့ဘရားများနဲ့ လက်ခံယုံကြည်ရမဲ့ တရားများကိုလဲ ကြိုတင်သိသားမှ လိုက်နာကျင့်ဆောင်တတ်မှာဖြစ်တဲ့အတွက် သိအောင်မှတ်သားရမှာ ဖြစ်ပါတယ်။

ဒီလိုဆိုလျှင် တချို့ ကျွတ်တန်းဝင်သွားကြတဲ့ ပုဂ္ဂိုလ်များဟာ သရဏာဂုံသီလလဲ မဆောက်တည်၊ ကြိုတင်သင်ကြားမှုလဲ မရှိ၊ တရားနှာယူခါမျှနဲ့ မဂ်-ဖိုလ်,ရသွားကြတဲ့ သူများအတွက် ဘယ်လိုမှတ်သား ရပါမလဲ။

(၁) သီလဇောတ = ကိုယ်ကျင့်သီလ စင်ကြယ်သောသူ။
(၂) သုဘဇောတ = အကြားအမြင် စင်ကြယ်သောသူ။
ဒီလို နှစ်မျိုးခြားနားခြင်းကို မှတ်သားရပါမယ်။

(၁) သီလဇောတပုဂ္ဂိုလ်ဆိုဒါ နှစ်ပေါင်း ၃၀-တိုင်တိုင် မအိပ်ဘဲ မိမိရဲ့ စင်ကြယ်သောသီလကိုအခြေခံ၍ တရားအားထုတ်တဲ့ မဟာသိဝထေရ် မဟာနာဂထေရ် ကန္ဓာရဝါသီတိသဒထေရ် စသည်တို့လို မိမိရဲ့ စင်ကြယ်တဲ့သီလကို ဆင်ခြင်နှစ်သက်ကာ သမာဓိ,ပညာကိစ္စ အဆင့်ဆင့်တက်၍ ရဟန္တာဖြစ်သွားကြတဲ့ ပုဂ္ဂိုလ်မျိုးကိုခေါ်ပါတယ်။

(၂) သုတဇောဘပုဂ္ဂိုလ်ဆိုဒါက သူတပါးဟောကြားတဲ့ ပညာနဲ့ဆိုင်ရာ တရားနာကြားရရုံနဲ့ဘဲ သီလ-သမာဓိ-ပညာ စသည်များစွာ အကုန်ပါပြီး ရဟန္တာဖြစ်သွားကြတဲ့ ရှင်သာရိပုတ္တရာ, သန္ဓတ် စသည်တို့လို “အတိတ သုဘ ဟေတုက ပညာ” လွန်ခဲ့တဲ့ ဘဝပေါင်းများစွာက နှာခံမှတ်သား ကြားနာခဲ့တဲ့ အသိဉာဏ်များက အခြောင်း ပြုခြင်းကြောင့် လွယ်လွယ်ကူကူနဲ့ ရဟန္တာဖြစ်သွားကြတဲ့ ပုဂ္ဂိုလ်မျိုးကို ခေါ်ပါတယ်။

ဒါကြောင့် မိမိတို့ ရှောင်ကြဉ်သင့် လိုက်နာသင့် သိသင့်တဲ့ဘဏ္ဍာ များကို ကြိုတင်သေ့လာသားမှ ဗုဒ္ဓမြတ်စွာရဲ့ အလိုဆောက်အမှာ ဖြစ်ပါတယ်။

ဒုစရိုက် ၁၀ ပါး ရှောင်ကြဉ်

(၁) ကာယဒုစရိုက် ၃-ပါး။
(၂) ဝစီဒုစရိုက် ၄-ပါး။
(၃) မနောဒုစရိုက် ၃-ပါး။
ပေါင်း ၁၀-ပါး ဖြစ်ပါတယ်။

(၁) ကာယဒုစရိုက် ၃-ပါး ဆိုဒါ

(၁) ပါဏာတိပါတ = သူ့အသက် သတ်မှု။
(၂) အဒိန္နာဒါန = သူ့ဥစ္စာကို ခိုးယူမှု။
(၃) ကာမေသုမိစ္ဆာစာရ = သူ့သားမယား ဖြစ်မှား ကျူးလွန်မှု။

ဒီ ၃-ပါးကို ကိုယ်ဖြင့်ပြုအပ်သော အမှုများဖြစ်၍ "ကာယဒုစရိုက်" သို့မဟုတ် "ကာယက" ၃-ပါးလို့ မှတ်ရပါမယ်။

(၂) ဝစီဒုစရိုတိ ၄-ပါး ဆိုဒါ

(၁) မုသာဝါဒ = လိမ်လည် ပြောဆိုမှု။
(၂) ပိသုဏာဝါစာ = သူတပါးတို့ ကွဲပြားအောင် ကုန်းတိုက်မှု။
(၃) ဖရုသဝါစာ = ယုတ်မာစွာ ဆဲဆိုမှု။
(၄) သမ္ဖပ္ပလာပဝါစာ = ပြိုန်ဖျင်းသောစကား ပြောဆိုမှု။
ဒီ ၄-ပါးကို နှုတ်ဖြင့်ပြောဆိုမှုများဖြစ်၍ "ဝစီဒုစရိုက်" သို့မဟုတ် "ဝစီက" ၄-ပါးလို့ မှတ်ရပါမယ်။

(၃) မနောဒုစရိုက် ၃-ပါးဆိုဒါ

(၁) အဘိဇ္ဈာ = သူ့ဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းမှာဘဲဟု မတရားကြံစည်မှု။

(၂) ဗျာပါဒ = သူတပါးကို သေကြေ ပျက်စီးသွားလျှင် ကောင်းမှာဘဲဟု ပြစ်မှားမှု။
(၃) မိစ္ဆာဒိဋ္ဌိ = အယူမှားမှု ကံ-ကံ၏အကျိုးကို မယုံကြည်မှု။

ဒီ ၃-ပါးကို စိတ်ဖြင့်ကြံစီမှုမျှားဖြစ်၍ "မနောဒုစရိုက်"သို့မဟုတ် "မနောကံ" ၃ ပါးလို့ မှတ်ရပါမယ်။

ဒုစရိုက်အကျယ် ၄၀

(၁) သာဟတ္ထိက = ကိုယ်တိုင်ပြုခြင်း။
(၂) အာဏတ္ထိက = သူဘပါးကို စေခိုင်းခြင်း။
(၃) ဝဏ္ဏဘာသန = ဂုဏ်ကျေးဇူးကို ပြောပြခြင်း။
(၄) သမုဒ္ဒါန = သူဘပါးတို့ ပြုသည်ကို ဝမ်းသာခြင်း။

ဒီလို ၄-မျိုးရှိသော ဒုစရိုက် ၁၀-ပါးကို မြှောက်မှားပါက အကျယ် ၄၀-ရ၏။ ဒုစရိုက်ကိုရှောင်ကြဉ်ပါက သုစရိုက်ဖြစ်သွားပါတော့တယ်။ အကျယ်လိုမှု "ဝိဇ္ဇာစရဏပါရဂူကျမ်း"စသည်မျှားမှာ ယူဆတော်မူကြပါ။

သုစရိုက် ၁၀ ပါးဆောင်ဘဏား

(၁) ကာယ သုစရိုက် ၃-ပါး။
(၂) ဝစီ သုစရိုက် ၄-ပါး။
(၃) မနော သုစရိုက် ၃-ပါး။
ပေါင်း ၁၀-ပါး ဖြစ်ပါတယ်။

ကာယ သုစရိုက် ၃-ပါး ဆိုဒါ

(၁) ပါဏာတိပါတာ ဝိရတိ = သူ့အသက်သတ်မှုမှခွာခြင်း။
(၂) အဒိန္နာဒါနာ ဝိရတိ=သူ့ဥစ္စာကို မတရားယူမှုမှခွာခြင်း။
(၃) ကာမေသုမိစ္ဆာစာရ ဝိရတိ = သူ့သားမယား ပြစ်မှားမှုမှ ရှောင်ခြင်း။

ဝစီသုစရိုက် ၄—ပါး ဘိုဒါ

(၁) မုသာဝါဒ ဝိရတိ = လိမ်လည်ပြောမှု ရှောင်ခြင်း။
(၂) ပိသုဏာဝါစာ ဝိရတိ = ကုန်းတိုက်မှုမှ ရှောင်ခြင်း။
(၃) ဖရုသဝါစာ ဝိရတိ = ဆဲတိုမှုမှ ရှောင်ခြင်း။
(၄) သမ္ဖပ္ပလာပ ဝိရတိ - ပြိန်ဖျင်းဆသောစကားကို ပြောဆိုမှုမှ ရှောင်ခြင်း။

မနောသုစရိုက် ၃—ပါး ဘိုဒါ

(၁) အနဘိဇ္ဈာ = သူတပါးဥစ္စာကို မတရားကြံစည်မှုမပြုခြင်း။
(၂) အဗျာပါဒ = သူတပါးပျက်စီးရန် ကြံစည်မှု မပြုခြင်း။
(၃) သမ္မာဒိဋ္ဌိ = မှန်ဆသောဓမ္မသဘာဝကို ဖြစ်စေခြင်း။

ဒီ သုစရိုက် ၁၁-ပါးကို "ကုသလကမ္မပထ" တဆုံး ၁၁-ပါးလို့ လဲ ခေါ်တယ်၊ "ကုသလ = ကုသိုလ်+ကမ္မ = ကံ+ပထ = လူ့ပြည်နှင့်ပြည်ရောက်ခြင်းလို့ ဆိုလိုပါတယ်၊" အကျယ် ၄၀ ဖြစ်ပုံကိုလဲ အထက်ကအတိုင်း မှတ်သားရမှာဖြစ်ပါတယ်။

ပုညကြိယာဝတ္ထု ၃ ၀ ပါး

(၁) ပုညဘ = မိမိလန်ဆာနှင့် အကုသိုလ်အညစ်အကြေးကင်းစင်၍ သန့်ရှင်းကြည်လင် စင်ကြယ်ကောင်းမွန်ခဏာင် ထုတ်ဆောင် သုတ်သင်တတ်ခြင်းကြောင့် "ပုညဘ" မည်ပါတယ်။
(၂) ကြိယ = သူ့ကောင်းကျေးဇူးသည် နေ့ညမယုတ် ပြုကျင့်ဆောင်ထုတ်အပ်သည်၏အဖြစ်ကြောင့် 'ကြိယ" မည်ပါတယ်။
(၃) ဝတ္ထု = လူ့နတ်,နိဗ္ဗာန် သုံးတန်သော အကျိုးကိုရခြင်း၏ အခြေကြောင်းဖြစ်သောကြောင့် "ဝတ္ထု" မည်ပါတယ်။

ဒီအနေပါယ် ၃-ပါး အနေပါင်းကို 'ပုညကြိယဝတ္ထု" လို့ ဆိုလိုခြင်းပြစ်ပါတယ်၊ ဂျတိဝုတ်ပါဠိတော် သုတ္တာသင်ကတော်သည်များမှာ ပုညကြိယာ ၁၀-ပါးကို ဒါနနှင့်သီလ,ဘာဝနာ သုံးမျိုးပိုင်း၍ ပြဆားပါတယ်။

(၁) ဒါနဖြင့်ပြီးသော ပုညကြိယဝတ္ထု ၃-ပါး

(၁) ဒါန = လူဒါန်းပေးကမ်းမှု၊
(၂) ပတ္တိဒါန = မိမိကုသိုလ်ကို အမျှပေးဝေမှု၊
(၃) ပတ္တာနုမောဒန = အမျှပေးတဲ့အခါ ဝမ်းမြောက်မှု၊

ဒီသုံးပါးကား သူတပါးစည်းစိမ်ကို ရှုံ့ချခြင်း၊ "ဣဿာ" မိမိစည်းစိမ်ကိုဝန်တိုခြင်း၊ "မစ္ဆရိယ"အညစ်အကြေးတို့ကိုပယ်ခြင်း သဘောလက္ခဏာတူ၍ ဒါနဌာ ပေါင်းယူခြင်း ဖြစ်ပါတယ်။

(၂) သီလဖြင့်ပြီးသော ပုညကြိယဝတ္ထု ၃-ပါး

(၁) သီလ = ကိုယ်,နှုတ် စောင့်စည်းမှု၊
(၂) အပစာယန = ရိုသေထိုက်သူကို ရိုသေမှု၊
(၃) ဝေယျာဝစ္စ = သူတပါးကုသိုလ်ကိစ္စ၌ ကူညီမှု၊

သီလကား စာရိတ္တ, ဝါရိတ္တ ဟု၍ နှစ်မျိုးရှိရာ အပစာယနနဲ့ ဝေယျာဝစ္စတို့မှာ ကျင့်သုံးလိုက်နာရမဲ့ စာရိတ္တသီလမျိုးဖြစ်၍ သီလ၌ ပေါင်းယူခြင်းဖြစ်ပါတယ်။

ဘာဝနာဖြင့်ပြီးသော ပုညကြိယဝတ္ထု ၃-ပါး

(၁) ဘာဝနာ = သမထ,ဝိပဿနာတို့ကို ပွားများမှု၊
(၂) ဓမ္မသဝန = တရားစကား နာကြားမှု၊
(၃) မေမ္မဒေသနာ = ပစ္စည်းလာဘ်ကိုမငဲ့ဘဲ တရားဟောမှု၊

ဘာဝနာသည် ကုသိုလ်တရားတို့၏ ပွားရာဖြစ်သကဲ့သို့ "ဓမ္မသဝန နဲ့ မေမ္မဒေသနာ"တို့လဲ ကုသိုလ်တရားပွားရာဖြစ်၍ ဘာဝနာ၌ ပေါင်းယူခြင်း ဖြစ်ပါတယ်။

(၁) ဒိဋ္ဌုဇုကမ္မ = အယူကို ဖြောင့်မတ်စွာပြုမှု။

ဒီ ဒိဋ္ဌုဇုကမ္မကိုတော့ အလုံးစုံသော ကုသိုလ်တို့ကို ပြစ်စေတာသော်ကြောင့် သုံးပါးလုံး၌ပင် သက်ဝင်သည်ဟု ဒီဃနိကာယ်ဆောင်

ဆရာတို့က ဆိုပါတယ်၊ အာဘိဓမ္မတ္ထဝိဘာဝနီ ဋီကာဆရာကတော့ ဘာဝနာဌာန်သာ ထည့်သွင်းအပ်တယ်လို့ မိန့်တော်မူပါတယ်၊ နှစ်ဝါဒလုံး အလေးမူသင့်ပါတယ်။

ပုညကြိယဝတ္ထု ၁၀-ပါးကို ပြု-စေ ၎င်းမြောက် ချီးမွမ်း ၄-မျိုး နဲ့ မြောက်က ၄၀-ဖြစ်၍ စေတနာ ၃-ပါး နဲ့ မြောက်က ၄၀-ဖြစ်ပုံကိုလဲ ပြတ်သားအပ်ပါတယ်။

ကံ နဲ့ ကမ္မဝေ

ဒီပုညကြိယဝတ္ထု ၁၀-ပါးတို့ကား စေတနာ, စေတသိက် တခုသာ "ကံ"မည်ပါတယ်၊ "ကမ္မဝေ"မှာကား (၁) ဒါနသည် အလောဘ ကမ္မဝေ၊ (၂) သီလသည် ဝိရတိကမ္မဝေ၊ (၃) ဘာဝနာသည် အလောဘ, အဒေါသ, သမ္မာဒိဋ္ဌိ, ထိုက်သည်အားလျော်စွာ ကမ္မဝေ၊ (၄) အပစာယနသည် အဒေါသ, သမ္မာဒိဋ္ဌိ ထိုက်သည်အားလျော်စွာ ကမ္မဝေ၊ (၅) ဝေယျာဝစ္စသည် အဒေါသကမ္မဝေ၊ (၆) ပတ္တိဒါနသည် အလောဘ ကမ္မဝေ၊ (၇) ပတ္တာနုမောဒနသည် သမ္မာဒိဋ္ဌိ ကမ္မဝေ၊ (၈) ဓမ္မသဝနသည် သမ္မာဒိဋ္ဌိကမ္မဝေ၊ (၉) ဓမ္မဒေသနာသည် အလောဘ, အဒေါသ, သမ္မာဒိဋ္ဌိ ထိုက်သည်အားလျော်စွာ ကမ္မဝေ၊ (၁၀) ဒိဋ္ဌုဇုကမ္မသည် သမ္မာဒိဋ္ဌိ ကမ္မဝေ ဒီလို 'ကံ''မည်ဟဲ့တရား "ကမ္မဝေ" မည်တဲ့ တရားတို့ကိုလဲ ပိုင်းခြားနားလည်မှ သာ၍ကောင်းပါတယ်။

ပါးပါးသီလ အာဇီဝဋ္ဌမကသိုလ်ကို စောင့်ထိန်း၍ ဒုစရိုက် ၁၀ ပါးကို ရှောင်ရှားပြီး သုစရိုက် ၁၀-ပါး ပုညကြိယဝတ္ထု ၁၀-ပါးတို့ကို အခါအခွင့် သင့်တဲ့အခါ ပြုကျင့်အားထုတ်နေပါက သူတော်ကောင်းစစ်နဂန်ဖြစ်ခါ ကောင်းရာဘဝသို့သာ လားရောက်ရမှာဖြစ်ပါတယ်။

ကံ နဲ့ ကံရဲ့ အကျိုး

ဒီနေ့ရောမှာ ငါတို့ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက "သုဘ" ဆိုတဲ့လူလင်က စဉ်းစားတဲ့အခါ လူချင်းတူပါလျက် တမူထူးခြား အကျိုးခံခြင်း မတူပုံများကို မရှင်းလင်းတဲ့အတွက် ၁၄-ချက်သော ပြဿနာများကို ဘုရားအားလျှောက်၍ ပြေကြားတော်မူပုံများကို မှတ်သားယုံကြည်ကြရန် တင်ပြလိုက်ပါတယ်။

(၁) လူချင်းတူပါလျက် ဘာကြောင့် အချို့မှာ အသက်တို၍
(၂) အချို့မှာ အသက်ရှည်ရပါသလဲ။

(၁) သူများအပေါ် ၌ သနားကြင်နာ (ကရုဏာ)ကင်းမဲ့လျက် ရက်စက်ဆိုးဝါး သတ်ဖြတ်သူများသောက ငရဲသို့ ရောက်ရတတ်တယ်၊ အကယ်၍ ရှေးကုသိုလ်ကံ ထောက်ပံ့၍ ငရဲမကျဘဲ လူ့ပြည်ရောက်လာပါကလဲ အသက်တိုရခြင်း ဖြစ်ပါတယ်။

(၂) သူ့အသက်သတ်ဖြတ်မှုမှ ရှောင်ရှားလျက် သနားကြင်နာကရုဏာထားသူများ သောက အထက်နတ်ပြည်သို့ ရောက်ရတတ်တယ်၊ အကယ်၍ နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ရောက်ရပြန်လျှင်လဲ အသက်ရှည်ကြာ နေရခြင်းဖြစ်တယ်။

(၃) ဘာကြောင့် အချို့မှာ အနာရောဂါများ၍
(၄) အချို့မှာ အနာရောဂါ ကင်းရှင်းရပါသလဲ။

(၃) အချို့သူတို့ကား သူများကို သေအောင်မသတ်သော်လဲ အမျိုးမျိုးနှိပ်စက် ညှဉ်းဆဲလေ့ရှိကြတယ်၊ အဲဒီသူမျိုးလဲ သေလျှင် ငရဲကျတတ်တယ်၊ အကယ်၍ ငရဲမကျဘဲ လူ့ပြည်ရောက်လာလျှင်လဲ ရောဂါထူပြော အနာပေါတတဲ့တယ်။

(၄) နှိပ်စက်ညှဉ်းဆဲလေ့မရှိတဲ့သူများသောက နတ်ပြည်ရောက်ရတတ်တယ်၊ အကယ်၍ လူ့ပြည်ရောက်ရလျှင်လဲ အနာရောဂါ ကင်းရှင်းရခြင်းဖြစ်တယ်။

(၅) ဘာကြောင့် အချို့မှာအရှင်ဆိုး၍
(၆) အချို့မှာ အဆင်းလှရပါသလဲ။

(၅) အချို့သူတို့ကား သူများကို ဒေါသကြီးမား ပုတ်ခတ်စော်ကားပြီး ဇကာပြားကြားတတ်ကြတယ်၊ အဲဒီသူများသောလျှင် ငရဲကျတတ်တယ်၊ အကယ်၍ ငရဲမကျဘဲ လူ့ပြည်ရောက်လာလျှင်လဲ မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်တယ်။

(၆) ဒေါသမထား စိတ်ထားကြည်လင် အစဉ်အေးမြတဲ့သူများ သေလျင် နတ်ပြည်သို့သာ ရောက်ရာတတ်တယ်၊ အကယ်၍ လူ့ပြည် ရောက်လာလျင်လဲ ကြည်လင်လှပတဲ့အဆင်းကိုရပေတယ်။

(၇) ဘာကြောင့် အချို့မှာ ခြေရံစိုးမိုး တန်ခိုးအာဏာများ နည်း၍
(၈) အချို့မှာ တန်ခိုးအာဏာ ကြီးမားရပါသလဲ။

(၇) အချို့သူများကား သူတပါး ကြီးပွားချမ်းသာ နေသည်များကို မလိုမုန်းထား ငြူစူစိတ်များကြတယ်၊ အဲဒီသူများသေလျင် ငရဲကျတတ်တယ်၊ အကယ်၍ လူ့ပြည်ရောက်လာလျင်လဲ ခြေရံစိုးမိုး တန်ခိုးအာဏာ နည်းတတ်တယ်။

(၈) သူတပါး ကြီးပွားချမ်းသာသည်များ ကို ကြည်လင်စိတ်ထား ဝမ်းမြောက်သူများ သေလျင် နတ်ပြည်သို့ရောက်ရာတတ်တယ်၊ အကယ်၍ လူ့ပြည်ရောက်လာလျင်လဲ နာမည်ကျော်ကြား ခြေရံများ၍ တန်ခိုးအာဏာ သြဇာကြီးမားတတ်တယ်။

(၉) ဘာကြောင့် အချို့မှာ ဥစ္စာမွဲဆင်းရဲ၍
(၁၀) အချို့မှာ ဥစ္စာကြွယ်ဝ ချမ်းသာရပါသလဲ။

(၉) အချို့သူများကား စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း မရှိဘဲ ဝန်တိုခြင်းများကြတယ်၊ အဲဒီသူများသေလျင် ငရဲ၌ ဖြစ်တတ်တယ်၊ အကယ်၍ လူ့ပြည်ရောက်လာလျင်လဲ ဥစ္စာမွဲပြီးဆင်းရဲတတ်တယ်။

(၁၀) ဝန်တိုခြင်းမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူများ သေလျင် နတ်ပြည်သို့ရောက်ရတတ်တယ်၊ အကယ်၍ လူ့ပြည်ရောက်လာလျင်လဲ ဥစ္စာကြွယ်ဝချမ်းသာတတ်ကြတယ်။

(၁၁) ဘာကြောင့် အချို့မှာ အမျိုးယုတ်၍
(၁၂) အချို့မှာ အမျိုးမြတ်ပါသလဲ။

(၁၁) အချို့သူများကား ရိုသေလေးစားထိုက်သူကိုမျှ ရိုသေလေးစားရမှန်းမသိတတ်၊ မာန်မာနကြီးကြတယ်၊ အဲဒီသူများ သေလျှင် ငရဲသို့ကျတတ်တယ်၊ အကယ်၍ လူ့ပြည်ရောက်လာလျှင်လဲ အောက်ကျ နောက်ကျနဲ့ ယုတ်ညံ့တဲ့အမျိုးဌာ်ဖြစ်ရတတ်တယ်။

(၁၂) မာန်မာနမထားဘဲ ရိုသေလေးစားသူများသေလျှင် နတ်ပြည်သို့ ရောက်ရတတ်တယ်၊ အကယ်၍ လူ့ပြည်မှာ ရောက်လာလျှင်လဲ မြင့်မြတ်တဲ့အမျိုးဌာ် ဖြစ်ရတတ်တယ်။

(၁၃) ဘာကြောင့် အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာနည်း၍
(၁၄) အချို့မှာ အသိအလိမ္မာ ဉာဏ် ပညာ ကြီးမားရပါသလဲ။

(၁၃) အချို့သူများကား ပညာရှိထံချဉ်းကပ်ပြီးကာ သိသင့်သိထိုက်တဲ့ အရာများကို မေးမြန်းလိုက်နားခြင်း မရှိ၊ ထင်မိထင်ရာပြု၍ မကောင်းမှုများသာဖြင့် သေလျှင် ငရဲသို့ သွားရတတ်တယ်၊ အကယ်၍ လူ့ပြည်ရောက်လာလျှင်လဲ အသိအလိမ္မာ ဉာဏ်ပညာကင်း လူဖျင်းလူအလူမိုက်မျှသာ ဖြစ်ရတတ်တယ်။

(၁၄) ပညာရှိထံ ချဉ်းကပ်ပြီးကာ မေးမြန်းလေ့လာ လိုက်နာကျင့်သုံးသူများကား သေလျှင် နတ်ပြည်သို့သာ ရောက်ရတတ်တယ်၊ အကယ်၍ လူ့ပြည်သို့ရောက်လားလျှင်လဲ အသိအလိမ္မာ ဉာဏ်ပညာ ထက်မြက်သူဖြစ်ရတတ်တယ်။

ဒါကြောင့် "ဘယ်သူမပြု မိမိမှု" ဆိုတဲ့အတိုင်း ရှေးဘဝက မိမိပြုခဲ့တဲ့ အမှု(တံ)အားလျော်စွာ ကောင်းကျိုး မကောင်းကျိုး အဖြာဖြာတို့ကို ရကြရမှားဖြစ်တဲ့အခကြောင်းများကို သုဘလုလင်က လျှောက်ထား၍ မြတ်စွာဘုရား ပြောကြားတော်မူတဲ့အတိုင်း ယခုလောကမှာ မျက်မြင်ဒိဋ္ဌ ဘယ်လိုမျှ တည်ထည်းဖြစ်အောင် လုပ်လို့မရဒါကို စဉ်းစားကြည့်သော အားဖြင့် ဆုံးတောင်းရုံ ပြောနေရုံမျှနဲ့ လိုအပ်တဲ့ ဉာဏ်မှန်းချက်ပန်းတိုင်သို့ ဘယ်နည်းနဲ့မှ မရောက်နိုင်ပုံများကို အချိန်မီ သတိထားခါ ကြိုးစားပြုပြင်သင့်ကြပါတယ်။

ကံ ဉာဏ် လုံ့လ ပြည့်စုံမှု

ကံဟုမူလ သမ္မာဒိဋ္ဌိတို့ ဟောပြသည်မှာ အရင်းသာရှင့်၊ ဥစ္စာဘောဂ ဇီဝိတနှင့် သုခပွားရန် ဤလူ့ထံ၌ ဉာဏ်ဝိရိယ ပယောဂတည်း၊ ကာလဒေလ ပုဂ္ဂလကို နှိုင်းဆအပ်တုံ့ ကံကိုယုံ၍ မီးပုံအတွင်း မဆင်းထိုက်စွာ ကျားရဲရှာသည်း ကြမ္မာအဓिကြောင်း မရိုးကာင်းဟု သူဟောင်းရှေးက ဆိုကုန်ကြ၏။ လုံ့လမထူ ဉာဏ်မကူဘဲ အယူတခြောင်း ကံတခြောင်းမျှ မကောင်းလည်းကံ ကောင်းလည်းကံဟု ကံကိုချည်းသာ မကိုးရုတ်ကား၊ ပညာဉာဏ်ဖြင့် သင့်မသင့်ကို ဆင်ခြင်ရ၍ အပြုလုံ့လ ရှိအပ်စွတည့် တံငါထက်သင်း ရောက်လျင်းတုံ့ပြား သုံးကောင်ငါးဘို့ မှတ်သားဝမ်းထဲ နည်းယူပွဲလော့။ ကံမဲ့ဉာဏ်နှုံ့ မလုံ့မလ နှတ်မမှ,ဘူး အလသမျိုး အကျိုးယွင်းယို အလိုခေ,ရည်း မခကျ,ကျည်းနှင့် ကိုယ်လည်းလုံ့လ နှတ်လည်းမ,ရ် တောင့်ခံကြုံရာ မြန်မကြားလျင် လွယ်ခါကိစ္စပြီးနိုင်ကြ၏။ အနှစ်ပဝလ လူထိုမျှဘို့ ကမ္မဝိဒိယ မယုံကြဘူး သိ၀မဟောပရမေသ္ဌာ ဗြဟ္မာဘီသားနှိုး ကမ္ဘာစိုးနှင့် တန်ခိုးကြီးမား နှတ်ဘုန်းတို့ ပေးစားဘန်ဆင်း ဖြစ်တုံလျင်းဟု ချတ်ယှင်းသမ္ပ အမှားရှိသည် တောင်သူ, ယူလေ,ယူသောတည်း။

ဒီလို ပညာရှိမျှားညွှန်ကြားပြသထားတဲ့အတိုင်း ရှေးကပြုခဲ့ဘူးတဲ့ ကံကို အခြေခံထားပြီး ဝန်နဲ့အား မျှားနဲ့ခလေ ဆိုတဲ့စကားကို သတိတားလျက် မူလကမြောက်ညှိကို ခဝါခ,ရှလို့ မဖြူနိုင်သလို ဉာဏ်ယှဉ်ပြီးခါ မိမိနဲ့တန်ရုံ လုံ့လထုတ်၍ ပြုပြင်မှ သင့်လျော်မှာဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိ ၁၀-မျိုးရှိ

ကံကိုယုံကြည်ရာမှာ ပဏ္ဏာသပါဠိတော်၌ ဟောတော်မူထားတဲ့ "ဒသ၀တ္ထုကသမ္မာဒိဋ္ဌိ" ဆယ်မျိုးသော ယုံကြည်ချက်မျှားကို သိထားရပါလိမ့်မယ်။

(၁) ပေးကမ်းလှူဒါန်းကျိုးရှိတယ်၊
(၂) လက်ဦးလက်ဖျားပေးလှူကျိုးရှိတယ်၊

(၃) အကြီးအကျယ် ပေးလှူပူဇော်ကျိုးရှိတယ်။
(၄) ကောင်းမှု မကောင်းမှုတို့ရဲ့ ကောင်းကျိုးမကောင်းကျိုး ရှိတယ်။
(၅) ဤလူ့ဘုံလောကရှိတယ်။
(၆) ဤလူ့ဘုံလောကမှ တခြားနတ်ဘုံ၊ရဲဘုံ မျှားလဲရှိတယ်။
(၇) အမိ၌ လုပ်ကျွေးခြင်း ပြစ်မှားခြင်းတို့ရဲ့ ကောင်းကျိုး မကောင်းကျိုးရှိတယ်၊
(၈) အဘ၌ လုပ်ကျွေးခြင်း ပြစ်မှားခြင်းတို့ရဲ့ ကောင်းကျိုး မကောင်းကျိုး ရှိတယ်။
(၉) ဤလောကမှ တပါးသောလောကသို့ ပြောင်းရွှေ့၍ ပဋိသန္ဓေနေတဲ့ သတ္တဝါမျှားရှိတယ်။
(၁၀) လောက၌ တည်တည်တ်ထည်း ကောင်းစွာကျင့်ကြကုန်သော ဤလောက တမလွန်လောကကို ကိုယ်တိုင် ဒိဋ္ဌသိမြင်ကြ၍ မျက်မှောက်ပြုခါ ဟောကြားကြ ပေကုန်သော ရဟန်း ပုဏ္ဏား ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းမျှားရှိတယ်။

ဒီ "ဒသဝတ္ထုကသမ္မာဒိဋ္ဌိ" ဆိုတဲ့ ယုံကြည်ချက် (၁၀)မျိုးအား လောကီပညာရှိ သူတော်ကောင်းကြီးမျှားပင် သိမြင်ပညတ် ဟောပြောပြသ ဆုံးမကြတဲ့ ကမ္ဘာ့ရိုးရာ အစဉ်အလာကြီးဖြစ်တဲ့အဘက် ဗုဒ္ဓဘာသာနယ်ဝင် သူတော်စင်ဖြစ်လိုသူမျှားမှာ ဒီ ဒိဋ္ဌဂုကမ္မဥာဏ် အခြေခံလျက် အလုံးစုံသော ပြုသင့်ပြုထိုက်ပြုရမဲ့ "ဒါန-သီလ-ဘာဝနာ" ကုသိုလ်မျှားကို ပြုမှသာ အကျိုးကြီးမြတ်မှာဖြစ်ပါတယ်။

ဒိဋ္ဌိဂုကမ္မအကျိုးပြ

ဧဝံဇာနနသမဒတ္ထ ဣမသ္မိံကမ္မသကတညာဏေ ဌတ္မာ၊
ဗဟုံ ဒါနံဒတ္မာ သီလံပူရေတ္မာ ဥပေါသထံ သမာဒိယိတ္မာ၊
သုခေနသုခံ သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတ္မာ၊
နိဗ္ဗာနံ ပတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

ဧဝံ၊ ဤသို့။ ဇာနနသမဏတို့၊ မိမိဥစ္စာ ဟုတ်သည်၏အဖြစ် မဟုတ်သည်၏အဖြစ်ကို သိခြင်းဌာနမှန်နိုင်သော။ ဤမသို့ကမ္မသုကတဥာဏော၊ ဤကမ္မသတကသမ္မာဒိट्ठိဥာဏ်ခု။ ဌတ္ဝာ၊ တည်၍။ ဗဟု၊ များစွာ။ ဒါနံ၊ လှူဒါန်းပေးကမ်းခြင်းကို၊ ဒတ္ဝာ၊ ပေး၍။ သီလံ၊ ငါးပါး ဆယ်ပါး သီလတရားကို။ ပူရေတ္ဝာ၊ ပြည့်စုံစေ၍။ ဥပေါသထံ၊ ဥပုသ်နေ့၌ သုံးအပ်သော ရှစ်ပါးသီလကို။ သမာဒိယိတ္ဝာ၊ ဆောက်တည်၍။ သုခေန၊ ချမ်းသာတပါးဖြင့်၊ သုခံ၊ ချမ်းသာတပါးကို။ သမ္ပတ္တိယာ၊ စည်းစိမ်တခုဖြင့်၊ သမ္ပတ္တိं၊ စည်းစိမ်တခုကို။ အနုဘဝိတ္ဝာ၊ အရည်ခံစားပြီး၍။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ဝတ္ဘာနံ၊ရောက်ကုန်သောပုဂ္ဂိုလ်တို့၏။ ပဏနပရိခ္ခေမဒါ၊ အရေအတွက်အပိုင်းအခြားသည်၊ နတ္ထိ၊ မရှိ။

(အဓိပ္ပါယ်ထင်ရှား၏)

ကံကိုချည်းသာ မခွဲရာ

ဒီနေရာမှာ နေရာတကာ ပြစ်ပြစ်သမျှသော ဆင်းရဲခြင်း ချမ်းသာခြင်း မျှတခြင်းမှန်သမျှလဲ ရှေးဘဝကပြုခဲ့ကြတဲ့ ကောင်းမကောင်း ကံကြောင့်သာ ပြစ်ကြရတယ်လို့ ကံရဲ့သဘောကို နားမလည်ကြတဲ့ ကချို့သောသူများ ပြောဆိုယူမှားတတ်ကြောင်းကို "အဂုံတို့ရဲ့ သံယုတ်ဂိဟင်း ပါဠိတော်များမှာ အထင်အရှား ဗုဒ္ဓတြေတ်စွားက သတ်မှတ်ပေးထားဒါ ရှိပါဘယ်။

ဒါကြောင့် ကံကိုချည်းသာ ယူမှားသူတို့မှာ ကံဝေဒနာ ကရိယာဝေဒနာ ဝိပါက်ဝေဒနာ သုံးမျိုးရှိရာမှာ နှစ်မျိုးကိုဖယ်ထားပြီး ဝိပါက်ဝေဒနာတပါးကိုသာ ဝန်ခံရာ ရောက်သောကြောင့်ရင်း နာခြင်းအကြောင်း (၈)မျိုး၊ သေခြင်းအကြောင်း (၈) မျိုးတို့တွင်လဲ နောက်ဆုံးဖြစ်တဲ့ ကမ္မဇဝေဒနာနဲ့ ကမ္မဇသေခြင်းကိုသာ ဝန်ခံရောရောက်သောကြောင့်ရင်း၊ ဒိဋ္ဌမ္မေဝေဒနီယကံ ဥပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံ သုံးမျိုးတို့တွင်လဲ အပရာပရိယဝေဒနီယကံ တပါးကိုသာ ဝန်ခံရောရောက်သောကြောင့်ရင်း၊ ကုသိုလ် အကုသိုလ် ဝိပါက် ကရိယာ စတာနှာ လေးမျိုးတို့တွင်လဲ ဝိပါက်စတာနှာ တမျိုးကိုသာ ဝန်ခံရာ

ရောက်သောကြောင့်ရင်း၊ သာသနာပ နိဂဏ္ဌတက္ကဒုန်းတို့ရဲ့ အယူဝါဒ မျိုး ဖြစ်တဲ့ "သဗ္ဗပုဗ္ဗကတဟေတုဒိဋ္ဌိ" အယူသို့ ရောက်သွားတတ်ပါတယ်။

မိစ္ဆာဒိဋ္ဌိဆက်သွယ်လာပုံ

ဗုဒ္ဓဘာသာသာဝင်များရဲ့ အခြေခံဖြစ်သော အောက်ထစ်ဆုံး အသိဉာဏ်ဖြစ်တဲ့ "ကမ္မသကတသမ္မာဒိဋ္ဌိ"ကား နတ်စဲ့ ဗေဒင်စဲ့နဲ့ ဥစ္ဆေဒ ဒိဋ္ဌိစဲ့ကို ဖြုတ်ရန်ဖြစ်ပါတယ်။

ဥစ္ဆေဒ ဆိုဒါ ဘဝပြတ်ဘာကို ခေါ်တယ်၊ သေလျှင်ပြီးဒါဘဲ၊ နောက်ဘဝဖြစ်စရာမရှိဟု ယူမှားခြင်းကို ဥစ္ဆေဒလို့ဆိုဒါ၊ ဒီ ဥစ္ဆေဒ အယူရှိလို့ ဘဝမရှိရင်လဲ ကုသိုလ် အကုသိုလ်တို့ကို ပြုလုပ်သော်လဲ အကျိုး အပြစ်မရှိလို့ ယူဆတဲ့ "မဂ္ဂလိဒေါသလ"ရဲ့ အယူဖြစ်တဲ့ အကျိုးကို ပယ်သော "နတ္ထိကဒိဋ္ဌိ"ဖြစ်ပါတယ်၊ အကျိုးကိုပယ်လျှင်လဲ အကြောင်း ကံကိုလဲ ပယ်ရာရောက်ခဲ့ကြောင်းကို သာမညဖလသုတ် အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ဒီလို ကောင်းကျိုး-မကောင်းကျိုး မရှိခြင်းဟာလဲ ကောင်း-မကောင်းသော အကြောင်းမရှိလို့သာတဲ့လို့ ယူဆတဲ့"ပူရာဏ ကဿပ"ရဲ့ အကြောင်းကိုပယ်တဲ့ "အဟေတုကဒိဋ္ဌိ" ဝါဒ ဆက်လျက် ဖြစ်ပေါ်လာပြန်ပါတယ်။ ဒါကြောင့် အကြောင်းကိုပယ်လျှင်လဲ အကျိုး ကိုလဲ ပယ်ရာကျခဲ့ကြောင်း ဂုဏ်းအဋ္ဌကထာက ဖွင့်ပြထားပါတယ်။ ဒီလို ကောင်းကျိုးမရှိဘဲ ကောင်းမှုပြုနေခြင်းနဲ့ မကောင်းကျိုးမရှိဘဲ မကောင်း မှု ရှောင်ကြဉ်နေရန်မလို အပိုဘဲလို့ ယူဆတဲ့ "အဇိတကေသကမ္မလ" ရဲ့ ဝါဒဖြစ်တဲ့ ကြောင်းကျိုးနှစ်ပါးလုံးကိုပယ်တဲ့ "အကြိယဒိဋ္ဌိ"ဆက်လက် ဖြစ်ပေါ်လာပြန်ပါတယ်။

ဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိမှ ဆက်သွယ်လာခါ နိယတမိစ္ဆာဒိဋ္ဌိကြီး သုံးပါး ဖြစ်ပွားလာပုံကို သတိကြီးစွာထားပြီး စဉ်းစား ရှောင်ရှားသင့် ပါတယ်။

ကံ တို့ ရဲ့ သ ဘော

(၁) ဇနက = ဖြစ်စေခြင်း
(၂) ဥပတ္ထမ္ဘက = ထောက်ပံ့ခြင်း

(၃) ဥပပီဠကာ = နှိပ်စက်ခြင်း
(၄) ဥဃာတကာ = သတ်ဖြတ်ခြင်း

(၁) ဇနကကံ ဆိုဒါက ဖြစ်လေရာဘဝမှာ (ပဋိသန္ဓေ) တည်စ ဖြစ်စကာလေးနဲ့ ယခုလိုတည်နေဆဲ(ပဝတ္တိ) ကာလေးမှာ အခြေအနေ အရ ပြီးဖြစ်တော့ သဘောလို့မှတ်ရပါမယ်။

(၂) ဥပတ္ထမ္ဘကကံ ဆိုဒါက ဖြစ်ပေါ်လာတဲ့ (ဇနကကံ)ကို မြှ မြှင့် ခိုင်ခန့် တည်တန့်နေနိုင်အောင် အားပေးထောက်ပံ့တဲ့သဘောလို့ မှတ်ရပါမယ်။

(၃) ဥပပီဠကကံ ဆိုဒါက အဲဒီဖြစ်ပေါ်နေတဲ့ (ဇနက)သဘော ကို ဆုတ်ယုတ်ပျက်ပြား အားနည်းအောင် နှိပ်စက်တဲ့သဘောလို့ မှတ်ရ ပါမယ်။

(၄) ဥပဃာတကကံ ဆိုဒါကတော့ အဲဒီဖြစ်ပေါ်နေတဲ့ (ဇနက) သဘောကို သတ်ဖြတ်ပျက်စီးစေတဲ့သဘောလို့ မှတ်ရပါမယ်။

ဒီလို ကံတို့ရဲ့ ဆောင်ရွက်ရမဲ့သဘော (ကိုယ်စီ) အနေနဲ့ ၄-မျိုး ခြားနားခြင်းကို ကဲ့ပြားအောင်မှတ်သားရမှာဖြစ်ပါတယ်။

ကံဖြစ်ခြင်းအခြေခံ ၄ မျိုး

(၁) ဂရုကံ ဆိုဒါ အမိသတ်ခြင်း အဘသတ်ခြင်း ဟန္တာသတ် ခြင်း ဘုရားကိုသွေးထွက်သံယိုဖြစ်အောင်လုပ်ခြင်း သံဃာများကို ကဲ့ ပြားအောင် ဆောင်ရွက်ခြင်းဆိုတဲ့ (ပဉ္စာနန္တရိယ) ကံနဲ့ ပြခဲ့ပြီးတဲ့ နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး၊ ပေါင်း (၈)ပါးသော ပြုလုပ်ခြင်းများကား သေသည်၏အခြားမဲ့မှာ (အဝီစိ)ငရဲသို့သာ ကျရောက်ရမှာဖြစ်တဲ့အတွက် အင်မတန်အပြစ်ကြီးလို့ လေးတဲ့ကံလို့ ဆိုလိုပါတယ်။

(၂) အာသန္နကံ ဆိုဒါက သေခါနီးကာလမှာ ဖြစ်ပေါ်လာတဲ့ ကံများကို ဆိုလိုပါတယ်။

(၃) အာစိဏ္ဏကံ ဆိုဒါက အမြဲမပြတ် ပြုလုပ်နေတဲ့ ကံမျိုးကို ဆိုလိုပါတယ်။

(၄) ကဋတ္တာကံ ဆိုဒါကတော့ လွန်ခဲ့တဲ့ဘဝများက ပြုခဲ့တဲ့ ကံများကို ဆိုလိုပါတယ်။

ဒီလို (ပါကဒါနုပရိယာယ) ကံဖြစ်ပေါ်လာရခြင်း အကြောင်း (၄)မျိုးကိုလဲ မှတ်သားရမှာ ဖြစ်ပါတယ်။

အကျိုးပေးရာ ကာလ (၄)မျိုး

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံဆိုဒါ ယခုမျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ကံကို ခေါ်ခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ ရင့်ကျက်အားကောင်းလျှင် "၇"ရက်အတွင်းမှာအကျိုးပေးပြီး မရင့်ကျက်သေးလျှင်တော့ မသေခင် အုတ္တင်းမှာသာ အကျိုးပေးမှာ ဖြစ်ပါတယ်။

(၂) ဥပပဇ္ဇဝေဒနီယကံ ဆိုဒါက သေပြီးတဲ့အခါကျမှ ဒုတိယဘဝမှာသာ အကျိုးပေးမှာ ဖြစ်ပါတယ်။

(၃) အပရာပရိယဝေဒနီယကံ ဆိုဒါက တတိယဘဝကျမှ နိဗ္ဗာန်ရတဲ့အထိ အကျိုးပေးမှာ ဖြစ်ပါတယ်။

(၄) အဟောသိကံ ဆိုဒါကတော့ ရှေ့ကံ ၃-မျိုးတို့ အကျိုးပေးရာကာလမှာ အကြောင်းချို့ယွင်းသဖြင့် အကျိုးပေးခွင့်ကို မရတော့ဘဲ အလကားဖြစ်သွားတဲ့ သဘောကို ဆိုလိုခြင်းဖြစ်ပါတယ်။

ကံဖြစ်ရာဌာန (၃) မျိုး

(၁) ကာယကံ ဆိုဒါ မုချအားဖြင့် ကိုယ်နဲ့ပြုလုပ်တဲ့အမှုဖြစ်တယ်၊ အဲဒီနာမည်ကို အကြောင်းဖြစ်တဲ့ စေတနာ၌ တင်စားကာ အကြောင်းဖြစ်သော စေတနာကို အကျိုးရဲ့ ဥပစာအားဖြင့် "ကံ"လို့ ဆိုခြင်းဖြစ်ပါတယ်။

No.F 14.

(၂) ဝစီကံ ဆိုဒါလဲ မုချအားဖြင့် နှုတ်နဲ့ပြောဆိုတဲ့အမှု ဖြစ်တယ်။

(၃) မနောကံ ဆိုဒါလဲ မုချအားဖြင့် စိတ်နဲ့ ကြံစည်တဲ့အမှု ဖြစ်တယ်။

ဒီလို စေတနာဆိုတဲ့"ကံ"ရဲ့ဖြစ်ရာဌာန ဒွါရဟာ ကာယ, ဝစီ, မနလို့ ၃-မျိုးရှိရာ အဲဒီ စေတနာဆိုတဲ့ ကံကိုလဲ ဌာနရဲ့ အမည်ကို ဌာနီဒ္ဒ် တင်စားချီ ကာယကံ ဝစီကံ မနောကံ လို့ ဆိုလိုခြင်းဖြစ်ပါတယ်၊ ဒါကြောင့် "ကရဏီယန္တိကမ္မံ"လို့ဆိုတဲ့အတိုင်း စေတနာနဲ့အတူ ပြုလုပ်မှုများကို "ကံ"လို့ မှတ်ရပါမယ်။

ဒိဋ္ဌဖြစ်ကြောင်း (၈) မျိုး

(၁) စွဲလန်းစရာဖြစ်တဲ့ (ဥပါဒါနက္ခန္ဓာ)ခန္ဓာ ၅-ပါးဖြစ်သော ကြောင့် ဒိဋ္ဌဖြစ်ရပါတယ်။

(၂) မသိခြင်းဆိုတဲ့ (အဝိဇ္ဇာ) ကြောင့်လဲ ဒိဋ္ဌဖြစ်ရပါတယ်။

(၃) အမှတ်မှားမှု (သညာ) ကြောင့်လဲ ဒိဋ္ဌဖြစ်ရပါတယ်။

(၄) အတွေ့အထိ စိတ်အာရုံ (ဖဿ) ကြောင့်လဲ ဒိဋ္ဌဖြစ်ရပါတယ်။

(၅) မသင့်သောနှလုံးသွင်း (အယောနိသော မနသိကာရ) ကြောင့်လဲ ဒိဋ္ဌဖြစ်ရပါတယ်။

(၆) သူတပါးနဲ့ မတူအောင် ထူးထူးခြားခြား လွန်လွန်ကဲကဲ လှဲလှဲမှားမှား ကြံစိုခြင်း (ဝိတက်) ကြောင့်လဲ ဒိဋ္ဌဖြစ်ရပါတယ်။

(၇) မကောင်းတဲ့ပတ်ဝန်းကျင် မိတ်သင်္ဂဟ(ပါပမိတ္တ)ကြောင့်လဲ ဒိဋ္ဌ ဖြစ်ရပါတယ်။

(၈) တပါးသူတို့ဟောပြောစကား (ပရတောဃောသ)ကြောင့်လဲ ဒိဋ္ဌဖြစ်ရပါတယ်။

ဒီလို ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော် ဒိဋ္ဌကထာမှာ ဒိဋ္ဌဖြစ်ရခြင်းအကြောင်း "ဂ"မျိုးကို မှတ်သားကာ ရှောင်ရှားရမှာ ဖြစ်ပါတယ်။

သဿတ ဥစ္ဆေဒ အကြာယ ဒိဋ္ဌိ (၃) မျိုး

ဒီနေရာမှာ "ဒိဋ္ဌိ"ဆိုတဲ့ အမြင်မှား အယူမှား စွဲလန်းခြင်းများ ကို ဆိုလိုခြင်းဖြစ်ပါတယ်၊ ဒီ ဒိဋ္ဌိ ဆိုရာမှာလဲ ၃-မျိုး ခြားနားမြီး မှတ်သားရမှာ ဖြစ်ပါတယ်။

(၁) သဿတဒိဋ္ဌိဆိုတဲ့ သတ္တဝါများဟာ တဘဝမှ တဘဝသို့ ကူးပြောင်းသွားလာနေတယ်လို့ ယူမှားခြင်း(အဆက်မှား) လို့ မှတ်သားရပါမယ်။

(၂) ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ လောကခမ္ဘာတာအရ သဘာဝအတိုင်း ဖြစ်ပေါ်လာတဲ့၊ သေသွားလျှင် ပြတ်တာဘဲလို့ ယူမှား ခြင်း(အပြတ်မှား)လို့ မှတ်သားရပါမယ်။

(၃) သကြာယဒိဋ္ဌိ ဆိုတဲ့ ရုပ်-နာမ်-ခန္ဓာကို (အတ္တ) ငါလို့ ထင်မှတ်ယူမှားခြင်းလို့ မှတ်သားရပါမယ်၊ သကြာယဒိဋ္ဌိ ဆိုတဲ့နဲ့ အတ္တဒိဋ္ဌိဆိုတဲ့ အတူတူဘဲလို့ မှတ်သားရပါမယ်။

အစဲ (၃) မျိုး

(၁) တဏှာစဲ့ ဆိုတဲ့ ငါ့လင် ငါ့မယား ငါ့သား ငါ့သမီး ငါ့ပစ္စည်း ငါ့ဥစ္စာ စသည်ဖြင့် သာယာနှစ်သက် မက်မော တွယ်တာခြင်းကို ဆိုလိုပါတယ်၊ ဒါကို အတ္တစဲ့ သကြာယ ဒိဋ္ဌိစဲ့လို့ ထင်မှားတတ်ကြပါတယ်။

(၂) မာနစဲ့ ဆိုတဲ့ အသက် ငါ ပုဂ္ဂိုလ် သတ္တဝါ စသည် ရှိသလိုလို ရှိယောင်ယောင်၊ ဟုတ်သလိုလို ဟုတ်သယောင်ယောင် ထင်ယောင်ထင်မှား စွဲလန်းခြင်း ဖြစ်ပါတယ်၊ ဆုံးဖြတ်ရှု မစဲ့၊ အစဲ့ပြော့၏၊ ဒီနေရာမှာ ထောင်လွှားတဲ့မာနကို ထင် မှား တတ်ကြတယ်။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

(၃) ဒိဋ္ဌိစဲ့ဆိုတဲ့ အသက် ငါ ပုဂ္ဂိုလ် သတ္တဝါ စသည် အဟုတ် တကယ် ရှိတယ်လို့ ဆုံးဖြတ်ရှု စွဲလန်းခြင်း ဖြစ်ပါတယ်။ အစဲ့တင်း၏။

အဘိဓမ္မာ သုတ္တန် ကျန်းဂန် ဗဟုသုတရှိကြ၍ ခန္ဓာ-နာမ်-ရူပ် အဖြစ်အပျက်ကိုနားလည်လျှင် မိမိတို့သန္တာန်ဝယ် သက္ကာယဒိट्ठိကင်းတယ်ဟု ထင်မှတ်ကြသူများမှာ ဒိट्ठိသုံးမျိုးကို ကျနအောင် နားမလည်ကြ၍ သာ ရှိမှန်းမသိ ရှိနေကြခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒါန သီလ သမထ ဝိပဿနာ ဘာဝနာအလုပ် အားထုတ်ကြသော်လဲ မဂ်-ဖိုလ် မပေါက် ရောက်နိုင်ကြောင်း သတိကြီးစွာထားသင့်ကြပါတယ်။

ဒိट्ठိ အစ အတ္တက

အတ္တဂ္ဂါဟ ပုဗ္ဗင်္ဂမော၊ သသတုစ္ဆေဒဂ္ဂါဟော။

(အင်္ဂုတ္တရဋီကာ)

သသတုစ္ဆေဒဂ္ဂါဟော၊ သသတဉ္စေဒ အစ္ဆမှန်သမျှသည်။ ဝါ၊ သသတဒိट्ठိ ဉစ္ဆေဒဒိट्ठိ အမျိုးမျိုးသည်။ အတ္တဂ္ဂါဟပုဗ္ဗင်္ဂမော၊ အတ္တစ္ဆလန်းမှလျှင် ရှေ့သွားရှေ့ဆောင်ရှိ၏။

သမ္မာဒိट्ठိရဲ့သဘောက ခန္ဓာငါးပါး ရူပ်နာမ်နှစ်ပါးသာ အမှန်ရှိတယ်။ ငါ သူတပါး ယောကျ်ား မိန်းမ အတ္တဆိုဒါ မရှိဟု သိမြင်ပါတယ်။

သက္ကာယဒိट्ठိရဲ့သဘောက "အတ္တ"ဆိုတဲ့ အသက်ကောင် ဝိညာဏ်ကောင် လိပ်ပြာကောင် ရှိတယ်ဟု အတင်းခုခံနှောက်ယှက်လျက် အသိအမြင်ခြင်း မြားနားနေခြင်းကို သတ်ပြုပါ။

သသတ ဉစ္ဆေဒ လုတ်ခဲ့စ

ဇော်ဆ ဟိ အတ္ထိတာဒိသသတံ နတ္ထိတာတိ ဉစ္ဆေဒေါ
အယံတာဝ ဝဋ္ဋနိဿိတာနံ အာသယော။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဟိ၊ ထင်စွာ ပြဦးအုံ့။ ဇော်ဆ၊ ဤ သသတ ဉစ္ဆေဒ အယူဝါဒဟာ အတ္ထိတာတိ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဝတ္ထု၏ ထင်ရှားရှိသော အဖြစ်သည်။ ဝါ၊ မိန်းမစသည် မရှိပါဘဲလျက် ရှိသည်ဟု ယူသော

အဖြစ်တို့သည်။ သဿတ၊ သဿတအယူမည်၏။ နတ္ထိတာတိ၊ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော ဝတ္ထု၏ ထင်ရှားမရှိသောအဖြစ်သည်။ ဝါ၊ ယောကျ်ားသေသည် စသည်ယူခြင်းသည်။ ဥစ္ဆေဒေါ၊ ဥစ္ဆေဒအယူမည်၏။ အယံ၊ ဤသို့ယူခြင်းသည်။ တာဝ၊ ရှေးဦးစွာ။ ဝဋ္ဋနိဿိတာနံ၊ ဝဋ်ဌ်ဌ်သာ မှီ၍နေလိုကုန်သော ပုထုဇဉ်မိုက်တို့၏။ အာသယော၊ အလိုပါ ပေတည်း။

(ဆောင်ပုဒ်)

(၁) မရှိပါဘဲ၊ အရှိစ့ဲ၊ ယူလ့ဲသဿတဒိဋ္ဌိ။
(၂) မရှိပါဘဲ၊ မရှိစ့ဲ၊ ယူလ့ဲဥစ္ဆေဒဒိဋ္ဌိ။
(၃) ဤနှစ်ပါးပင်၊ ယူမစင်၊ လူတွင်အနွတည်း။
(၄) ဤနှစ်ပါးတွင်၊ အယူစင်၊ လူဘွင်ကလျာဏတည်း။
(၅) ရုပ်နာမ်ခန္ဓာ၊သိအင်ရာကို၊ မှန်စွာမသိရှိတုံဘိစ့ဲ၊ ဤအတွေ့ဒိဋ္ဌိ။
(၆) အတွေ့မကွာ၊ ရှိတုံပါလည်း၊ သဿတာဥစ္ဆေဒ၊ ဒိဋ္ဌိဒွ လွတ်ရ မြဲမရှိ။

သင်ယူထားမှ အမှန်ရ

ဥဂ္ဂဟောစ ပရိပုစ္ဆာ၊ ဥပဋ္ဌာနံ အပ္ပနာပိ။
လက္ခဏံ ပဋ္ဌသန္ဓိကံ၊ ပဌမံ ဥဂ္ဂဏှောတပ္ပံ ။

ဥဂ္ဂဟောစ၊ ကမ္မဋ္ဌာန်းကို သင်ယူခြင်းငင်း။ ပရိပုစ္ဆာ၊ အဓိပ္ပါယ် မရှင်းလျှင်မေးမြန်းခြင်းငင်း။ ဥပဋ္ဌာနံ၊နိမိတ်ထင်ဟန်ကိုစူးစမ်းခြင်းငင်း။ အပ္ပနာပိ၊ စျာန်ဝင်စားဟန်ကို စူးစမ်းခြင်းငင်း။ လက္ခဏံ၊ ကမ္မဋ္ဌာန်း၏ သဘောကို အစအဆုံးမှတ်သားခြင်းငင်း။ ဣတိ၊ဤသို့။ ပဋ္ဌသန္ဓိကံ၊ငါးပါး သော အစပ်အဆက် အဆစ်အပိုင်းကို။ ပဌမံ၊ ရှေးဦးစွာ။ ဥဂ္ဂဏှောတပ္ပံ ၊ သင်ယူအပ်၏။

ဒီနေရာမှာ ဗာလ-ပဏ္ဍိတ ယောဂီ ၂-မျိုးရှိရာ မိမိရှုမှတ်နေတဲ့ ဘာဝနာရဲ့သဘောကို မသိနားမလည်ဘဲ ကြောက်ကန်းစ့ဲ ဆဲ့သလို ပြုကျင့် နေသူကို ဗာလယောဂီ၊ ဘာဝနာရဲ့သဘာဝကို ဆရာသမားများထံ နည်းခံကျန် သင်ယူမှတ်သား ပွားများသူကို ပဏ္ဍိတယောဂီလို့မှတ်ရ

ပါမယ်၊ ဒါမှသာ မိမိရော ဆရာသမားပါ မည့်ဦးဆဲရာ ရောက်ပါမယ်၊ "ဥပမာ"ပြရလျှင် တယောက်ခသာ နွားကျောင်းသားဟာ မိမိရဲ့နွား အရေအတွက်လဲမသိ၊ အဆင်းလက္ခဏာကိုလဲ မသိသလို ဖြစ်ကြောင်း "မူလပဏ္ဏာသပါဠိတော် ၎င်းအဋ္ဌကထာ မဟာဂေါပါလသုတ်" စသည် မျှားမှာ ဟောတော်မူထားပါတယ်။

ပစ္ဆိမဘဝိက နှစ်ဌာန

(၁) နိယတပစ္ဆိမဘဝိကဆိုဒါ ဘယ်လောက်ပဲအခနှာက်အယှက် အဖျက်အဆီးခတွေ ရှိစေကာမူ ယခုဘဝဘွင် ကေန်မှုချ မဂ်,ဖိုလ်ကို တနည်းနည်းနဲ့ ရယူနိုင်သူမျှားကို ဆိုလိုခြင်း ဖြစ်ပါတယ်။

(၂) အနိယတပစ္ဆိမဘဝိက ဆိုဒါကတော့ ဒီဘဝမှာ ကျတ်လွတ် နိုင်တဲ့ပါရမီရှိပေမဲ့ ရှင်ဒေဝဒတ် စသည်မျှားလို အခဆွ ခင်ပွန်းယုတ် (ပါပမိတ္တ)မျှားနဲ့ ပေါင်းသင်းဆက်သွယ် မိခြင်း၊ မင်္ဂျိမပဏ္ဏာသမှာ သာခကပြထားတဲ့ ပေယအမည် ရှိတဲ့ ဒါယကာလို တရားတပိုင်းတစနဲ့ အခရေးတကြီး ပြန်သွားမှကြောင့် မဂ်-ဖိုလ်သို့ မဆိုက်ရောက်တော့ဘဲ လွဲ ခြင်းကြီးလွဲရဒါလို ကျတ်လွတ် ရကြောင်း တရားကောင်း တို့ကို အလေးမပြုဂရုမမူဘဲ ပေါ့လျှော့မှု ဆုံးဖြတ်ထင်မြင်မှု (ကိုရိယာ ပရိဟာနိ) ဆိုတဲ့ အကြောင်းချို့ယွင်းခြင်း ဒီအကြောင်း နှစ်မျိုးတို့အတွက်ဒီဘဝမှာ မဂ်ဖိုလ်မှလွဲသွား ရတဲ့သူမျှားကို ဆိုလိုခြင်း ဖြစ်ပါတယ်။

ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ

(က) ဝိစိကိစ္ဆာယ၊ မှန်သလော မမှန်သလော အလိုတော် ကျသလော မကျသလောဆိုတဲ့ ဝိစိကိစ္ဆာမှု။ ပရိသောဓေတိ၊ ထက်ဝန်း

ကျင် စင်ကြယ်စေရာ၏ ဆိုဘဲ့ ပါဠိတော်များစွာ ဟောတော်မူခြင်းများကို ထောက်သားသောအားဖြင့်-

ဝိစိကိုစ္ဆာ သုတ်သင်ပါ။

(၁) အလုပ်တခုပြုလုပ်ရာမှာ ဟုတ်မှုဟုတ်ပါမလားဆိုတဲ့ (ဝိစိကိစ္ဆာ) သဘောဟာ မဘုဉ်ကျယ်ရုံမျှမက ဆုတ်ယုတ်ပျက်ပြားသွားသည် အထိ ရောက်သွားပါဘယ်၊

ဒါကြောင့် မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ငါဘုရား ဒုက္ခရစရိယာ ကျင့်စဉ်အခါက ဝိစိကိစ္ဆာဖြစ်၍ ရပြီးတရားထူး ပျောက်ကွယ်သွားဘူးကြောင်း ဟောထားတော်မူသည်ကိုရင်း၊ ဝိစိကိစ္ဆာသန့်စင်အောင် သုတ်သင်ရမည်ဟု ဟောတော်မူခြင်းကိုရင်း ထောက်ထားခါ ဝိစိကိုစ္ဆာနဲ့ နေသူများမှာ အကျင့်မှန်သင့် မမှန်သင့်၊ ဒိဋ္ဌိတမျိုးမျိုး ကင်း မကင်း စဉ်းစားချင့်ချိန်သင့်၏၊ ဒါကြောင့် (၁)နိဗ္ဗာန်၊ (၂) အနတ္တလက္ခဏာ (၃) ပါရမီ ဒီသုံးမျိုးဘို့ရဲ့ သဘောကို စင်းလုံးချာ သံသယကင်းရှင်းအောင် အရေးကြီးစွာအလုပ်မစခင်က သုတ်သင်ရမှာဖြစ်ပါတယ်။

ကြံစည် စဉ်းစား ရှုမှတ်ပွား

မနသာ နုံပေကွိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။

မနသာ၊ စိတ်ဖြင့်။ **အ**နုပေကွိဘာ၊ ကြံစည်အပ်ကုန်၏။ ဒိဋ္ဌိယာ၊ ပညာဖြင့်။ **သ**ုပ္ပဋိဝိဒ္ဓါ၊ ကောင်းစွာထိုးထွင်း၍ သိမြင်အပ်ကုန်၏။ ဒီလို ပါဠိတော်များစွာတို့၌ ပညာဖြင့် ထွင်းဖေါက်သိမြင်အောင် ကြံစည်ရမည်ဟု ဟောဘော်မူခြင်းကိုရင်း။

သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ

သမ္မာ၊ ကောင်းစွာ စဉ်းစား၍။ ပညာယ၊ ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုမှတ်ရာ၏ဟု ဟောတော်မူတဲ့ ဒေသနာခမ္ဘာကိုရင်း၊ထောက်ထားသောအားဖြင့် အဘိုင်းတိုင်းထားလို့ လဲမရ၊ အတိုင်းတိုင်းထားရမှာလဲမဟုတ်သင်ယူမှတ်သား ပွားများအားထုတ်ရမှာဖြစ်ပါတယ်။

သုတမယ ပထမ

ပဌမံ သုတမယညာဏံ ဥပ္ပါဒေတွာ ပစ္ဆာ စိန္တာမယဘာဝနာမယ
ညာဏေဟိ တဒဘိသမယာယ ယောဂေါ ကရဏီယော။

(မဟာဋီကာ)

ပဌမံ၊ ရှေးဦးစွာ။ သုဘမယညာဏံ၊ ဆရာကောင်းတို့ထံ သင်အံ့လေ့ကျက် ဆောင်ရွက်မှတ်သား ကြားနာထားသောညာဏ်ကို။ ဥပ္ပါ-ဒေတွာ၊ ဖြစ်စေ၍။ ပစ္ဆာ၊ နောက်မှ။ စိန္တာမယဘာဝနာယညာဏေဟိ၊ ကြံစိုခြင်း ပွားများခြင်းတို့ဖြင့်။ တဒဘိသမယာယ၊ ထို မဂ်ညာဏ် ဖိုလ်ညာဏ်ကို ရခြင်းအကျိုးငှါ။ ယောဂေါ၊ လွန်မင်းပြင်းထန်သော ဝီရိယဖြင့် ယှဉ်ခြင်းကို။ ကရဏီယော-ကာတဗ္ဗော၊ ပြုအပ်၏။

ဒီလို ပါဠိတော်အဋ္ဌကထာ ဋီကာနှင့်တကွ ဆရာ့ဆရာ သာထက်သာတို့ရဲ့ အစဉ်အလာအရ ဗာလ ပဏ္ဍိတ ပုထုဇဉ် ၂-မျိုးတို့အနက် ပဏ္ဍိတအဆင့် အချိန်အခါသင့်ပြီးဖြစ်၍ ရုပ်-နာမ်-ခန္ဓာ အာယတနခေါတ် ပဋိစ္စသမุปပါဒ် သစ္စာ-နိဗ္ဗာန် အမြင်မှန်ရရန်အတွက် သင်ယူမှတ်သား လေ့လာထားရမှာ ဖြစ်ပါတယ်။

ပညတ် ပရမတ် ကွဲအောင်မှတ်

(၁) ပညတ်ဆိုဒါ ခေါ်ဝေါ်သတ်မှတ် သမုတ်အပ်သမျှ အမည်နာမဘွဲ့ကို ပညတ်လို့ဆိုလိုပါတယ်၊ ဒီနေရာမှာ ပညတ်အမျိုးအစား ၆-မျိုးခွဲခြားပြီး မှတ်သားရပါမယ်။

(၁) ပရမတ္ထအားဖြင့် ထင်ရှားရှိဒါကို ခေါ်ဆိုတဲ့ "ဝိဇ္ဇမာန" ပညတ်။
(၂) ပရမတ္ထအားဖြင့် ထင်ရှားမရှိဒါကို ခေါ်ဆိုတဲ့ "အဝိဇ္ဇမာန"ပညတ်။
(၃) ပရမတ္ထအားဖြင့် ထင်ရှားရှိဒါကိုစွဲပြီး မရှိဒါကိုခေါ်ဆိုဘဲ့ "ဝိဇ္ဇမာနေန အဝိဇ္ဇမာန"ပညတ်။

(၄) ပရမတ္ထအားဖြင့် ထင်ရှားမရှိဒါကိုစဲ့ပြီး ရှိဒါကိုခေါ်ဆိုတဲ့ "အဝိဇ္ဇာနေနဝိဇ္ဇာမာန"ပညတ်။

(၅) ပရမတ္ထအားဖြင့် ထင်ရှားရှိဒါကိုစဲ့ပြီး ရှိဒါကိုခေါ်ဆိုတဲ့ "ဝိဇ္ဇာမာနေန ဝိဇ္ဇမာန"ပညတ်။

(၆) ပရမတ္ထအားဖြင့် ထင်ရှားမရှိဒါကိုစဲ့ပြီး မရှိဒါကိုခေါ်ဆိုတဲ့ "အဝိဇ္ဇမာနေန အဝိဇ္ဇမာန" ပညတ်။

ဒီလို အမျိုးအစားအားဖြင့် ၆-မျိုး ရှိရာ....

(၁) ဝိဇ္ဇမာနပညတ် ဆိုဒါ အာရုံကို သိုတတ်တဲ့သဘောကို "စိတ်"၊ တွေ့တတ်တဲ့သဘောကို "ဖဿ"၊ ဖေါက်ပြန်တတ်တဲ့သဘောကို "ရုပ်" စသည်ဖြင့် အမှန်အရှိအတိုင်းခေါ်ဝေါ်ခြင်းမျိုးကို ဆိုလိုခြင်းဖြစ်ပါတယ်။

(၂) အဝိဇ္ဇမာန ပညတ်ဆိုဒါ မြေ ရေ တော တောင် သစ်ပင် စသည်ဖြင့် ခေါ်ဝေါ်ခြင်းမျိုးကို ဆိုလိုပါတယ်။

(၃) ဝိဇ္ဇာမာနေန အဝိဇ္ဇာမာန ပညတ်ဆိုဒါ အဘိညာဏ်၆-ပါး ရတဲ့သူ စသည်ဖြင့် ခေါ်ဝေါ်ခြင်းမျိုးကို ဆိုလိုပါတယ်။

(၄) အဝိဇ္ဇာမာနေန ဝိဇ္ဇာမာန ပညတ်ဆိုဒါ မိန်းမရဲ့အသံ စသည်ဖြင့် ခေါ်ဝေါ်ခြင်းမျိုးကို ဆိုလိုပါတယ်။

(၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဆိုဒါ စက္ခု ဝိညာဏ် စသည်ဖြင့် ခေါ်ဝေါ်ခြင်းမျိုးကို ဆိုလိုပါတယ်။

(၆) အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဆိုဒါ မင်းသား စသည်ဖြင့် ခေါ်ဝေါ်ခြင်းမျိုးကို ဆိုလိုပါတယ်။

တဲလေးကလုံးမှာရှိတဲ့ ခေါ်ဝေါ်ပြောဆိုသမျှ အမည်နာမတို့ကို ဒီ သဒ္ဒပညတ် ၆-ပါးနဲ့ ခွဲခြားပြီး သိအောင်ကြံစီကြရမှာ ဖြစ်ပါတယ်။

(၂) ပရမတ်ဆိုဒါက ခေါ်ဝေါ်သတ်မှတ် သမုတ်အပ်သမျှ သမုတိ ပညတ်ကိုထား၍ အဲဒီ သမုတိပညတ်မှ အသီးထုတ်အင်တဲ့ အနက်သဘောကို "ပရမတ်"လို့ ဆိုလိုပါတယ်။

No.F 15.

ဒီနေရာမှာလဲ ပရမတ်အမျိုးအစား ၄-မျိုး ခွဲခြားပြီး မှတ်သားရပါမယ်၊ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် ဟူ၍ ၄-မျိုးရှိရာမှာ ခေါ်ဝေါ်တဲ့အသံက သမ္မုတိပညတ်၊ အဲဒီပညတ်နဲ့ တင်ဆိုအပ်တဲ့ အာရုံကိုသိခြင်းသဘော၊ အာရုံကိုတွေ့ခြင်းသဘော၊ အာရုံကိုခံစားခြင်းသဘော၊ ဖေါက်ပြန်တတ်တဲ့သဘော၊ ငြိမ်သက်ခြင်းသဘော တို့သည်သားလျှင် "ပရမတ္ထ ဓမ္မ" ပရမတ်တရား မည်ပါတယ်။

(ဆောင်ပုဒ်)

(၁) ပညတ်နိုင်ငံ၊ မလွန်ဆန်၊ နိဗ္ဗာန်မရဘီ၊
(၂) ပရမတ်နိုင်ငံ၊ အယူသန်၊ လားရန်အဝီစိ။
(၃) ပညတ်-ပရမတ်၊ နှစ်ခုစပ်၊ ကျင့်တတ်ကောင်းဆုံးသိ။
(၄) ဤနှစ်ပါးတွင်၊ ယူမစင်၊ လူတွင်အနွတည့်။
(၅) ဤနှစ်ပါးတွင်၊ အယူစင်၊ လူတွင်ကလျားဏတည်း။

စိတ်ဆိုဒါ ဘယ်လိုပါလဲ

အာရုံမှဏ်ဝိဇာနာတိတိ စိတ္တं ဆိုတဲ့အတိုင်း အာရုံကိုသိတတ်တဲ့သဘောကို "စိတ်"လို့ ဆိုလိုပါတယ်၊ ဒီ "စိတ်"ရဲ့ သဘောလက္ခဏာ ပြဋ္ဌာန်းခြင်းကိစ္စ ဖြစ်ခြင်းအခြင်းအရာ ဖြစ်ပေါ်လာရခြင်းအကြောင်းရယ်လို့ ၄-မျိုး ခွဲခြားပြီး သိရပါမယ်။

ဝိဇာနနလက္ခဏံစိတ္တं ပုဗ္ဗင်္ဂမရသံ၊
သန္ဓာနပစ္စုပဋ္ဌာနံ နာမရူပပဒဋ္ဌာနံ။
(အဘိဓမ္မတ္ထသင်္ဂဟဒီပနီဋီကာ)

စိတ္တံ၊စိတ်တခုယုတ်,ကိုးဆယ် အကျယ် တရာ့နှစ်ဆယ်တပါးသည်။ ဝိဇာနနလက္ခဏံ၊ ကောင်း,မကောင်း အလယ်အလတ် စသည်လုံးစုံ အာရုံကို သိခြင်းလက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ ရှေ့သွားဖြစ်၍ ပြဋ္ဌာန်းခြင်းကိစ္စရှိ၏။ သန္ဓာနပစ္စုပဋ္ဌာနံ၊ ဓာတ်ငါးပြတ် စပ်၍ဖြစ်ခြင်းဟူသော အခြင်းအရာရှိ၏။ နာမရူပပဒဋ္ဌာနံ၊ နာမ်,ရူပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဒီလို (၁) လက္ခဏာ၊ (၂) ရသ၊ (၃) ပစ္စုပဋ္ဌာန်၊ (၄) ပဒဋ္ဌာန် ရယ်လို့ အစိတ်အပိုင်း အင်္ဂါ ၄-မျိုးနဲ့ ပိုင်းခြားပြီး ကွဲပြားအောင် မှတ်သားသိမြင်မှ တန်ဘိုးတိုးတက် ထက်မြက်မှာဖြစ်ပါတယ်။

ဒီနေရာမှာ စိတ်ရဲ့သဘောဟာ အာရုံကို ယူတတ် သိတတ်တဲ့ သဘောအားဖြင့် တမျိုးထည်းသာ ဖြစ်ပေမဲ့ ဖြစ်ရာဘုံအားဖြင့်ရင်း၊ မျိုးတူဇာတ်တူအားဖြင့်ရင်း ခွဲခြမ်းဝေဘန်လျှင် အကျဉ်း(၈၉) အကျယ် (၁၂၁)မျိုး ရှိပါတယ်။

ဘုံအားဖြင့်ဝေဘန်ခြင်း

(၁) မျှားသောအားဖြင့် ကာမ (၁၁)ဘုံ၌ဖြစ်တဲ့စိတ်မျိုးပေါင်း ၅၄
(၂) မျှားသောအားဖြင့် ရူပ (၁၆)ဘုံ၌ဖြစ်တဲ့စိတ်မျိုးပေါင်း ၁၅
(၃) မျှားသောအားဖြင့် အရူပ(၄)ဘုံ၌ဖြစ်တဲ့ စိတ်မျိုးပေါင်း ၁၂
(၄) အခိုက်အတန့် ဘုံလို့ဆိုရတဲ့ လောကုတ္တရာဘုံ၌
ဖြစ်တဲ့စိတ်မျိုးပေါင်း(ကျဉ်း) ၈ (ကျယ်) ၄၀
စိတ်ပေါင်း(ကျဉ်း)၈၉ (ကျယ်)၁၂၁

မျိုးဇာတ်တူအားဖြင့်ဝေဘန်ခြင်း

	စိတ်	ကျဉ်း	ကျယ်
(၁)	အကုသိုလ်စိတ်	၁၂	၁၂
(၂)	ကုသိုလ်စိတ်	၂၁	၃၇
(၃)	ဝိပါက်စိတ်	၃၆	၅၂
(၄)	ကြိယာစိတ်	၂၀	၂၀
	စိတ်ပေါင်း	၈၉	၁၂၁

ဒီလို စိတ်အကျဉ်း(၈၉) အကျယ်(၁၂၁) မျိုး ရှိခြားသော်လဲ အာရုံကို ယူတတ်သိတတ်တဲ့ သဘောအားဖြင့် ခြားနားမှုမရှိဘဲ တပါးထည်းသာ ဖြစ်ပါတယ်။ ခန္ဓာဖွဲ့ရာမှာတော့ "အတ္တိတ်,အနာဂတ်,ပစ္စုပ္ပန်" စသည် ဖြစ်သည်မျှားကိုပေါင်းပြီး "ဝိညာဏကၡန္ဓာ"ဖွဲ့ရပါတယ်။

စိတ်ရဲ့ သဘော

စိတ်ရဲ့သဘောဟာ ဝေးရပ်ရှိပြီး အာရုံရှိရာအပါးသို့ ပြေးသွားလှုပ်ရှားသွားလာနေတယ်လို့ ထင်မှတ်တတ်ကြပါတယ်။ မိမိတည်ရာဌာနက နည်းနည်းကလေးမှမရွှေ့မသွားပါ၊ ဝေးရပ်ရှိအာရုံများကို ခံယူခြင်းသာ ဖြစ်ပါတယ်။ ဥပမာ ဘာနဲ့ကူသလဲဆိုလျှင် ဓာတ်ပုံရိုက်ကရိယာကင်မရာအတွင်းက ဖလင်ပြားမှာ မှန်ဘီလူးပေါက်က ဝင်သမျှ ထင်လာရသလို မှတ်ရပါမယ်။

ဗုဒ္ဓမြတ်စွာက အင်္ဂုတ္တိုရ်ပါဠိတော် အစ္ဆရာသမ္ဘဝတဝဂ်မှာ ပင်ကိုယ်မူလဖြစ်တဲ့ "ဘဝင်"စိတ်ဟာ အလွန်သန့်ရှင်းစင်ကြယ်ပါတယ်တဲ့။ ဒါပေမဲ့ အခိုက်အတန့်ဝင်ရောက်လာသော ညှဉ်သည် "အာဂန္တု"ဖြစ်တဲ့ ညစ်နွမ်းကြောင်း အကုသိုလ် စိတ်များကြောင့်သာ ညစ်နွမ်းကြောင်း ဟောတော်မူထားပါတယ်။

ဒါကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ပိန်တဝတ္ထုအဖွင့်မှာ ပုထုဇဉ်တို့ရဲ့စိတ်ဟာ အားရုံနဲ့ တွေ့တဲ့အခါ မိမိရဲ့ ပကတိသဘောကို စွန့်ပြီး နှစ်သက်ခြင်းစတဲ့ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ တည်မနေဘဲ ရူပါရုံမှသဒ္ဒါရုံ စသည် မရပ်မတည် အာရုံကူးပြောင်းယူတတ်သည်ကိုပင် သွားလာလှုပ်ရှား ပြေးသွားသည်ဟု ပြောဆိုကြခြင်း ဖြစ်ပါတယ်။

ဒုရင်္ဂမံ ဧကစာရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။
(ဓမ္မပဒပါဠိတော် စိတ္တဝဂ်)

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးထောက်ရှုအကြောင်းပြု၍ ဘိက္ခုမည်တွင် သူတော်စင်တို့၊ ယေ၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်။ ဒုရင်္ဂမံ၊ ဝေးရပ်ထင်ရှား အာရုံပါးသို့ မသွားမကပ် မိမိတည်ရာ ဝတ္ထုရုပ်အရပ်ကအာရုံကိုခံယူဘတ်သောသဘောရှိသော၊ ဧကစာရံ၊ လေးငါး၊ ခြောက်ခု သင်းမပြုဘဲ တခုတည်းသာဖြစ်တတ်သောသဘောရှိထသော၊ အသရီရံ၊ ဖြူရှော်ဝါညိုလူ၏ကိုယ်လိုလည်းမဟုတ်ထသော၊ ဂုဟာသယံ၊ လေးဝမဟာဘူတ် ဟဒယရูပ်တည်းဟူသောလိုဏ်ဂူတည်ရာလည်း ရှိထ

သော။ စိတ္တံ၊ ရောင်စုံရောမိတ် မိမိစိတ်ကို။ သံယမေဿန္တိ၊ ကိုယ်တွင် အသစ် မဖြစ်စေငြား သတိမှားရ ဖြစ်ပွားခဲ့ပြီး ကိလေသီးကို မည်း မတောက် ကောင်းစွာစောင့်ရှောက်ကြကုန်၏၊ တေ၊ ထိုသူတို့သည်။ မာရဗန္ဓာနာ မာရ်မင်းကျော့ကွင်း ပိုက်ကွန်တွင်းမှ။ မောက္ခန္တိ၊ မုချ မသေ လွတ်မြောက်ကြရလေကုန်သတည်း။

စိတ်ဖြစ်ရာဌာန ၆ ဌာန

စိတ်ရဲ့ဖြစ်ရာဌာန ဌာန(အပေါက်)တို့မှာ(၁)စက္ခု ဌာန=မျက်စိ ပေါက်၊ (၂) သောတဌာန = နားပေါက်၊ (၃) ဃာနဌာန = နှာခေါင်း ပေါက်၊ (၄) ဇိဝှါဌာန = လျှာပေါက်၊ (၅) ကာယဌာန = ကိုယ် ပေါက်၊ (၆) မနောဌာန = စိတ်ပေါက် ဒီလိုနေရာ ၆-မျိုး ရှိပါတယ်။

ဓာတ်ပုံရိုက်ကရိယာ"ကင်မရာ"မှာ မှန်ဘီလူးပေါက်က ဝင်လာ သမျှ ပုံသဏ္ဌာန်များ ဖလင်ပြားမှာ ထင်လာရသလို သတ္တဝါများရဲ့ ကိုယ်ခန္ဓာမှာလဲ အာရုံထင်ရာ ဒီအပေါက်ခြောက်ပေါက်မှ ဝင်လာသမျှ (ဟဒယဝတ္ထု) နှလုံးအိမ်အတွင်း ပုန်းညက်စေ့မျှ ပမာဏရှိတဲ့နေရာ၌ ပကတိအားဖြင့် အလွန်ကြည်လင်သန့်ရှင်းတဲ့ နှလုံးသွေးတည်ရာမှာ ထင် ဟတ် ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။

ဒီလို အာရုံနဲ့ဝတ္ထုရုပ်တို့တွေ့ဆုံပြီး ဖြစ်ပေါ်လာတဲ့ စိတ်အလိုက် ဟဒယဝတ္ထုခေါ်တဲ့ နှလုံးအိမ်အတွင်းက ပကတိအားဖြင့် အလွန် ကြည် လင် သန့်ရှင်းတဲ့ နှလုံးသွေးကလဲ အရောင်အမျိုးမျိုး ပြောင်းသွားရပါ တယ်၊ နှစ်သက်တဲ့ ရာဂစိတ်ဖြစ်တဲ့အခါ နှလုံးသွေးဟာနီလာပြီး ဒေါသ စိတ် ဖြစ်တဲ့အခါ အနက်ရောင်၊ မောဟစိတ်ဖြစ်တဲ့အခါ အသားများ ဆေးထားတဲ့ရေကဲ့သို့ ညစ်ကျုံ့အရောင်၊ ကြုံစိစိတ်ကူး ဝိတက်စိတ်ဖြစ်တဲ့ အခါ ပဲပြုတ်ရေကဲ့သို့ နောက်တဲ့အရောင်၊ သဒ္ဓါတရားစိတ် ဖြစ်တဲ့အခါ အဝါရောင်၊ ပညာစိတ်များဖြစ်တဲ့အခါ ပြိုးပြက်တောက်ပ ဖြူစင်လှတဲ့ အရောင် ဖြစ်ပေါ်နေတယ်လို့ ကျမ်းဂန်များမှာ အဆိုရှိပါတယ်။ ဒီလို စိတ်ဖြစ်တဲ့အခါသာ ထူးခြားဒါ မဟုတ်သေးပါဘူး။ မူလအရင်းကပင် စရိုက်အားလျှော့စွာ အရောင်ခြားနားနေပါတယ်။

ဆောင်ပုဒ်

နိမ္မြန်း ရာဂ၊ ဒေါသ မည်းငြိုး၊ သားဆေး မောဟာ တက္ကပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာပြိုးပြက် ၊ဇောဘမြက်သွင်၊ အရောင်ထင်သည်၊ ၆-အင် ဟာဒယ အဆင်းတည်း။

စိတ်ရဲ့ သတ္တိ

စိတ်ရဲ့စွမ်းဆောင်မှုသတ္တိဟာ "တအာရုံနှစ်ဒွါရ၊ဘဒွါရ ၆အာရုံ" ဆိုတဲ့အတိုင်း ဥပမာ ရူပါရုံ(အဆင်း)ကို မြင်ရာမှာ စက္ခုဒွါရ (မျက်စေ့ပေါက်)နဲ့ မနောဒွါရ (စိတ်ပေါက်) တို့ ပေါင်းမှ မြင်သိစိတ်တခု ဖြစ်ရပါတယ်၊ (သောတ,ဃာန,ဇိဝှာ,ကာယ,) ငါးဒွါရလုံး ဒီအတိုင်း ဖြစ်ကြရပါတယ်။

မနောဒွါရ (စိတ်ပေါက်)ဘခုကတော့ အာရုံ ၆ ပါးလုံးကို ယူနိုင်တဲ့အတွက် တဒွါရ ၆ အာရုံလို့ ဆိုလိုခြင်းဖြစ်ပါတယ်၊ ဒါကြောင့် သံယုတ္တနိကာယ်, သဂါထဝဂ္ဂသံယုတ်ပါဠိတော်, ဒေဝတာသံယုတ်, အဒ္ဓဝဂ် စိတ္တသုတ်မှာ နတ်တယောက်က လောကကို အဘယ်တရားသည် ဆောင်အပ်သနည်း၊ အဘယ်တရားသည် ဆွဲငင်သနည်း၊ အလုံးစုံသော တရားတို့သည်သာလျှင် အဘယ်မည်သော တခုသောတရား၏ အလိုသို့ အစဉ်လိုက်ရကုန်သနည်းလို့ မေးလျှောက်ရာ....

မြတ်စွာဗုဒ္ဓက လောကကို စိတ်သည်ဆောင်အပ်၏။ စိတ်သည် ဆွဲငင်၏။ အလုံးစုံသော တရားတို့သည်သာလျှင် စိတ်ဟူသော တခုသော တရား၏အလိုသို့ အစဉ်လိုက်ပါကုန်ရ၏ဟု ဖြေကြားတော်မူပါတယ်။

နောက်တခါ နတ်က ဒီအတိုင်းဘဲ မေးမြန်းလျှောက်ထားပြန်ရာ ဘုရားက လောကကို တဏှာတရားသည် ဆောင်အပ်၏။ တဏှာတရားသည် ဆွဲငင်၏။ အလုံးစုံသော တရာတို့သည်သာလျှင် တဏှာဟူသော တခုသောတရား၏ အလိုသို့ အစဉ်လိုက်ပါရကုန်၏ဟု "တဏှာသုတ်" မှာ ဖြေကြားတော်မူပြန်ပါတယ်။

ဒီနေရာမှာ သေသေချာချာ စဉ်းစားစရာက စိတ်ရဲ့သဘောက အာရုံနဲ့တွေ့ဆုံတဲ့အခါမှာ သိတဲ့လက္ခဏာသာရှိပြီးအဲဒီအာရုံကိုနှစ်သက်မှု မနှစ်သက်မှုကျတော့ အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့"စေတသိက်" ဆိုတဲ့အပေါင်းအသင်းများ ဝင်စွက်ခြင်းဖြစ်ပါတယ်။ "ဥပမာ"ရေထည်းမှာ ဆေးရောင်စုံထည့်လိုက်တဲ့အခါ အရောင်အမျိုးမျိုး ဖြစ်လာရသလို မှတ်ရမှာ ဖြစ်ပါတယ်။

ဒီလို"စိတ်"နဲ့ "စေတသိက်"တို့ရဲ့ သဘောကို နားမလည်တော့ ဒါနက သံသရာရှည်တယ်၊ သီလက အတွက်ကိုလမထ အကျင့်ဖြစ်တယ်၊ သမထက ဗြဟ္မာသာဖြစ်နိုင်တယ်၊ ဝိပဿနာမှ သံသရာမှလွတ်မြောက်နိုင်တယ်။ နောက်တခုက ဘာဘဲလုပ်လုပ် လုပ်သမျှ ဒုက္ခသာဖြစ်တယ်၊ ပင်ကိုယ်ပကတိ အရှိအရှိအတိုင်း အတိုင်းတိုင်းထားရမယ်လို့ ပြောသူက ပြော၊ အကန်း ဆင်စမ်းသလို မည့်မနှိုင်း ဇင်တိုင်းယူမှားနေကြခြင်းဖြစ်ပါတယ်။

လောက သက်ရှိသတ္တဝါများရဲ့ ဖွဲ့စည်းတည်နေကြရာမှာ မိတ်ကောင်းမိတ်ဆိုး နှစ်မျိုးရှိရာတွင် မိတ်ကောင်းနဲ့ ပေါင်းသင်းဆက်ဆံကတိုးတက်ကြီးပွားပြီး မိတ်ဆိုးနဲ့တွေ့တဲ့အခါ ဆုတ်ယုတ်ပျက်စီးရသလို "စိတ်" "စေတသိက်"တို့ရဲ့ သဘောလဲ ဒီအတိုင်းမှတ်ရပါမယ်၊ အဖွဲ့အစည်းရဲ့သဘောမှာ အတိုင်းတိုင်းထားလို့ နေလို့တော့မရပါဘူး။

ဝိဇာနနလက္ခဏံစိတ္တံ၊ ပဋ္ဌဂ်မရသံ၊

သန္ဌာနပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။

(အဘိဓမ္မတ္ထသင်္ဂဟဒီပနီဋီကာ)

စိတ္တံ၊ စိတ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်းလက္ခဏာ၏။ ပဋ္ဌဂ်ရသံ၊ ရှေ့သွားဖြစ်၍ ပြဋ္ဌာန်းခြင်းကိစ္စ၏။ သန္ဌာနပစ္စုပဋ္ဌာနံ၊ အစဉ်မပြတ် ပေါ်၍ဖြစ်ခြင်းဟူသော အခြင်းအရာရှိ၏။ နာမရူပပဒဋ္ဌာနံ ၊နာမ်ရုပ်လျှင် ဦးစီးသောအကြောင်းရှိ၏။

(ဆောင်ပုဒ်)

ဓာတ်မရိုက်ခင်၊ ကောင်းစွာပြင်မှ၊ ပုံတွင်ကျန်၊ ရုပ်သွင်လှသို့၊ မုချမှန်စွာ၊ သံသရာဟု၊ ကမ္ဘာ့ရုပ်ခွင်၊ ဓာတ်အပြင်၌၊ စိတ်စင်ကျန်၊ ရုပ်သွင်လှ၍၊ ခေမမြို့နန်း၊ အရောက်မြန်းဘို့၊ ပြင်စမ်းစေချင်၊ စိတ်အစဉ်ကို၊ ပြုပြင်လေကဲ့, နေ့စဉ်တဲ့။

(ရတနာ့ဂုဏ်ရည်ကိုမှီးသည်)

စေတသိက်ဆိုဒါ ဘယ်လိုပါလဲ

စေတသာ နိယုတ္တံ စေတသိကံ။

စေတသာ၊ စိတ်နှင့်။ နိယုတ္တံ၊ ယှဉ်သည်တည်း။ စေတသိကံ၊ စိတ်နှင့် ယှဉ်သည်။

ဤကဲ့သို့ တတိယသပ္ပုရိသ်သမာသ် ဝိဂြိုဟ်အရ စိတ်နဲ့ "စေတသိက်"တို့ဟာ နှဲ့ဆန်ဆန်ရေ ရောထားတဲ့အခါ မကွဲမပြား တသားထည်းနေသလို ဖြစ်လဲအတူ၊ ပျက်လဲအတူ၊ အာရုံပြုလဲအတူ၊ မှီလျှင်လဲအတူ ဖြစ်ကြပါတယ်။ ဒီနေရာမှာ အာရုံကြောင့် သိမှုဖြစ်ပေါ်လာရာ "အာရုံ, စိတ်, စေတသိက်"သုံးမျိုးတို့တွင် အာရုံကအစဖြစ်ပြီး စိတ်, စေတသိက်, နှစ်ပါးတို့ကား တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသောအာရုံ တူသောမှီရာ ဆိုတဲ့ လက္ခဏာ ၄ ပါးနဲ့ ယှဉ်သည်ဖြစ်၍ တပြိုင်ထည်းဖြစ်တယ်လို့ မှတ်ယူရပါမယ်။

> စိတ္တနိဿိတလက္ခဏံ စေတသိကံ စိတ္တေန အဝိဟောရုပ္ပါဒနရသံ၊ သကသကသမ္ပယုတ္တနာနုဘဝနာဒိရသံဝါ စိတ္တေ ကာရမ္မဏာပဋိပတ္တိယာ၊ စိတ္တုပ္ပါဒပဋ္ဌာနံ အာပါထဝိသယပဋ္ဌာနံဝါ။
>
> (အဘိဓမ္မသင်္ဂဟဒီပနီဋီကာ)

စေတသိကံ၊ စေတသိက်သည်။ စိတ္တနိဿိတလက္ခဏံ၊ စိတ်ကိုမှီ၍ ပြင်ခြင်းလက္ခဏာရှိ၏။ စိတ္တေန၊ စိတ်နှင့်။ အဝိဟောရုပ္ပါဒနရသံ၊ မကွဲ

မကွာ ဖြစ်ခြင်းကိစ္စရှိ၏။ ၀၊ တနည်းကား။ သကသကသံယဇနာနှု-ဘဝနာဒိရသံ၊ မိမိတို့၌ ထိခိုက်လာသောအာရုံကို အစဉ်ခံစားခြင်း အစရှိသော ကိစ္စရှိ၏။ စိတ္တေနကာရမ္မဏာပစ္စုပဋ္ဌာနံ၊ စိတ်နှင့်တကွ ဖြစ်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ၀၊ တနည်းကား။ အပါတ၀ိသယ-ပဒဋ္ဌာနံ၊ ထင်ခြင်းသို့ရောက်သော အာရုံလျှင် နီးစွာသောအကြောင်းရှိ၏။

စေတသိက်အမျိုးအစား ၅၂-ပါး

အမည်နဲ့ အရေအတွက်များကို ရှေးဦးစွာ အကျဉ်းအားဖြင့် မှတ်သားရပါမယ်။

(၁) သဗ္ဗစိတ္တသာဓारณစေတသိက်	(၇) ပါး
(၂) ပကိဏ္ဏကစေတသိက်	(၆) ပါး

ပေါင်း အညသမာန်းစေတသိက် ၁၃ ပါး လို့ခေါ်တယ်။

(၃) အကုသိုလ်စေတသိက်	(၁၄) ပါး
(၄) သောဘဏ သာဓारณ စေတသိက်	(၁၉) ပါး
(၅) ဝိရတီ စေတသိက်	(၃) ပါး
(၆) အပ္ပမညာ စေတသိက်	(၂) ပါး
(၇) ပညိန္ဒြေ စေတသိက်	(၁) ပါး

ပေါင်း စေတသိက် ၅၂ ပါး ဖြစ်ပါတယ်။

(၁) သဗ္ဗစိတ္တ သာဓारณ စေတသိက် ၇-ပါး

(၁) ဖဿ၊ (၂) ဝေဒနာ၊ (၃) သညာ၊ (၄) စေတနာ၊ (၅) ဧကဂ္ဂတာ၊ (၆) ဇီဝိတိန္ဒြေ၊ (၇) မနသိကာရ၊ ဒီ '၇'ပါးသော စေတသိက်များကား စိတ်တိုင်းနဲ့ယှဉ်တဲ့ စေတသိက်များလို့ ဆိုလိုပါတယ်။

(၁) ဖယ်စေတသိက်ဆိုဒါ အာရုံ၌ နာမ်သဘောဖြင့် ဇော်ထိခြင်း လက္ခဏာရှိပါတယ်၊ တနည်းမိမိနဲ့အတူဖြစ်တဲ့ စိတ်စေတသိက်တို့ဟာ ဖယ်ဖြင့်သာ အာရုံ၌ ဇော်ထိကြရပါတယ်. ဇော်ထိတယ်ဆိုရာမှာလဲ ရုပ်ချင်းချင်းထိခိုက်သလို မဟုတ်ဘဲ ဓကောင်း-မကောင်းတဲ့ အာရုံကိုယူခြင်း ထိခိုက်တဲ့ အချင်းအရာအားဖြင့် ဖြစ်သည်ကိုပင် ဇော်ထိတယ်လို့ မှတ်ရပါမယ်။

(၂) ဝေဒနာစေတသိက်ဆိုဒါ ပေါ်ပေါက်လာသမျှ ကောင်း မကောင်းသောအာရုံကိုစက္ခုဝိညာဏ်စိတ်ဖြင့်ကြည့်ရှုကာ အာရုံရဲ့အရသာကို ခံစားခြင်း (အနုဘဝန) လက္ခဏာရှိပါတယ်။

ဒီနေရာမှာ ဘုရားရှင်ပွါး စေတီတော်မျှားကို ကြည်ညိုစိတ်ဖြစ်တဲ့အခါ ကုသိုလ်စိတ်နဲ့ယှဉ်တဲ့ "သောမနဿဝေဒနာ" အာရုံရဲ့ အရသာကို ခံစားသလို ပွဲလမ်းသဘင် ဓာတ်ရှင်ကြည့်ရာမှာလဲ လှုပတင့်တယ်တဲ့ မင်းသား မင်းသမီး ရုပါရုံကို နှစ်သက်ဝမ်းမြောက်စွာ အကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ "သောမနဿဝေဒနာ"က အာရုံရဲ့ အရသာကို ခံစားပြီး ဇာတ်ကောင်က သူခိုး ဓားပြ ဘီလူး စတဲ့ မနုစ်သက်စရာ အာရုံမျှားကျတော့ အကုသိုလ်စိတ်နဲ့ယှဉ်တဲ့ "ဒေါမနဿဝေဒနာ" က အာရုံရဲ့ အရသာကို ခံစားတယ်လို့မှတ်ရပါမယ်။

ဒါကြောင့် ပေါ်ပေါက်လာသမျှ " သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ" တို့လဲ ရုပါရုံလိုဘဲ ဓကောင်း-မဓကောင်း အာရုံကိုခွဲခြားပြီး ကောင်းလျှင် "သုခ-သောမနဿဝေဒနာ"ဖြစ်မည်၊ မဓကောင်းလျှင် "ဒုက္ခ ဒေါမနဿဝေဒနာ"ဖြစ်မည်၊ အာရုံက မထင်ရှားလျှင် သို့မဟုတ် "သုခ ဒုက္ခ သောမနဿ ဒေါမနဿ" တပါးပါးမဖြစ်လျှင် "ဥပေက္ခာဝေဒနာ" ဖြစ်မည်။

အာရုံရဲ့အရသာကို ခံစားခြင်းဆိုတဲ့ " အနုဘဝနလက္ခဏာ " အားဖြင့် သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါး၊ ဣန္ဒြိယဒေသနာဘေဒ အားဖြင့် သုခ,သောမနဿ,ဒုက္ခ,ဒေါမနဿ,ဥပေက္ခာ ရယ်လို့ ငါးပါး

ရှိပါတယ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် စတဲ့ ဝေဒနာအပေါင်းသည် ဝေဒနကွန္ဓာ မည်ပါတယ်၊ သုခဝေဒနာသည်လည်း ဝေဒနကွန္ဓာ မည်ပါတယ်။ သုခဝေဒနာဖြစ်တဲ့အခါ ဒုက္ခဝေဒနာမဖြစ် စသည်ဖြင့် ဝေဒနာ ချင်းကာ ရောယှက်ခြင်းမရှိကြဟူ၍ မှတ်ရပါမယ်။

(၃) သညာစေတသိက်ဆိုဒါ နီ, ဝါ, ပြာ, စိမ်း, စတဲ့ အာရုံကို အမှတ်ပြု၍ သိဘတ်တဲ့ သဘောလက္ခဏာရှိပါတယ်။ အတိတ်,အနာဂတ် ပစ္စုပ္ပန် စတဲ့ သညာအပေါင်းသည် သညာကွန်ရှာမည်၏၊ အပြားအားဖြင့် အထူးမရှိပြားသော်လဲ အနီ,အဝါ,လူ,နွား စသည်ဖြင့် မှတ်သောသညာ များကို ရေတွက်ပါမူကား များပြားလှစွာသော သညာတွေ ဖြစ်နိုင်ဒုဿ ကိုတော့ သတိပြုကြရပါမယ်။

(၄) စေတနာစေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စိတ်-စေတ သိက် များကို မပြတ်နှိုးဆော် အားပေးတိုက်တွန်းခြင်း သဘောလက္ခဏာရှိပါတယ်၊ဒါကြောင့် ဗိုလ်မှူးနဲ့တူတယ် ဟု ဥပမာပြုကြပါတယ်။

(၅) ဧကဂ္ဂတာစေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ "စိတ်" ကို အာရုံတခု၊ သဘောဘရားတခု၌ တခဏမျှပင် ဖြစ်ခဏ အာရုံပြုစေတတ်တဲ့ သဘောလက္ခဏာ ရှိပါတယ်၊ ဒါ ကြောင့် လေငြိမ်ရာမှာ ထွန်းထားတဲ့ မီး ဥပမာ ပြုကြ ပါတယ်။

(၆) ဇီဝိတိန္ဒြေစေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ နာမ်တရား တို့ရဲ့ အသက်ဖြစ်ပါတယ်၊ ဒါကြောင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်တဲ့ နာမ်ဘရားတို့၌ အစိုးရခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၇) မနသိကာရ စေတသိက်ဆိုဒါ စိတ်၌ အာရုံမပြတ်စေပဲ အာရုံ၌စိတ်ကို အမြဲညွှတ်စေခြင်း သဘောလက္ခဏာ ရှိ ပါတယ်။

ဒီ စေတသိက်(၇)ပါးတို့ကား စိတ်တိုင်းနဲ့ယှဉ်တဲ့အဘွဲ့ "သဗ္ဗ စိတ္တ သာဓारण စေတသိက်" လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ပကိဏ်း စေတသိက်(၆)ပါး

(၁) ဝိဘက္ကဝိတက် စေတသိက်ဆိုဒါ မိမိနဲ့အဘူ ယှဉ်ဖော် ယှဉ်ဖက် တရားတို့ကို အာရုံသို့ပို့ဆောင်ခြင်း သဘော လက္ခဏာရှိပါတယ်။

(၂) ဝိစာရ စေတသိက်ဆိုဒါ ဝိတက်စေတသိက်က ပို့ဆောင် ပေးလိုက်တဲ့ အာရုံကို ဆင်ခြင် သုံးသပ်ခြင်း သဘော လက္ခဏာရှိပါတယ်။

(၃) အဓိမောက္ခ စေတသိက်ဆိုဒါ ဖြစ်ပေါ်လာတဲ့ အာရုံကို ဆုံးဖြတ်ခြင်း သဘောလက္ခဏာရှိပါတယ်။

(၄) ဝီရိယ စေတသိက်ဆိုဒါ ဆောင်ရွက်ရမဲ့ ကိစ္စ၌ မတွန့် မဆုတ်ပဲ ရဲရင့်ခြင်းသဘောလက္ခဏာရှိပါတယ်။

(၅) ပီတိ စေတသိက်ဆိုဒါ ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို နှစ်သိမ့်စေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၆) ဆန္ဒ စေတသိက်ဆိုဒါ ပြုလုပ်လိုကာမျှဖြစ်တဲ့ သဘော လက္ခဏာရှိပါတယ်။

ဒီ စေတသိက် (၆) ပါး တို့ကား အချို့သော စိတ်တို့နှင့်သာ ပြိုးမြမ်းယှဉ်တတ်သောကြောင့် "ပကိဏ္ဏကစေတသိက်"လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

သဗ္ဗစိတ္တသာဓारณ စေတသိက	၇	ပေါင်း ၁၃ ပါး
ပကိဏ္ဏက စေတသိက်	၆	

ဒီ စေတသိက် (၁၃)ပါးအပေါင်းကို အချို့စိတ်တို့နှင့်သာ ဆက်ဆံတဲ့အတွက် "အညသမာနစေတသိက်"လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ဝိတက် စေတနာ မနသိကာရ ၃-ပါး ခြားနားပုံ

ဥပမာအားဖြင့် စစ်သားများကို စစ်တိုက်တက်စိမ့်သောဌါ ဆော်သြသူကဲ့သို့ "ဝိတက်"ကို မှတ်ရပါမယ်၊ ရန်သူနဲ့ ရင်ဆိုင်မိတဲ့အခါ နောက်မဆုတ်စေဘဲ ကာပ်ကဲသူကဲ့သို့ "စေတနာ"ကို မှတ်ရပါမယ်၊ လက်နက်သာတို့ မတူကြပေမဲ့ တိုက်ခိုက်ရာမှာ ညီမျှအောင် စီစဉ်သူကဲ့သို့ " မနသိကာရ"ကို မှတ်ရပါမယ်၊

အကုသိုလ် စေတသိက် (၁၄) ပါး

(၁) မောဟ စေတသိက်ဆိုဒါ အာရုံ၌တွေ့ဝင်ခြင်း သဘောလက္ခဏာရှိပါတယ်။
(၂) အဟိရိက စေတသိက်ဆိုဒါ မကောင်းမှုကိုပြုရမှာ မရှက်ခြင်း သဘောလက္ခဏာ ရှိပါတယ်။
(၃) အနောတ္တပ္ပ စေတသိက်ဆိုဒါ မကောင်းမှုကို ပြုရမှာ မကြောက်မလန့်ခြင်း သဘောလက္ခဏာရှိပါတယ်။
(၄) ဥဒ္ဓစ္စ စေတသိက်ဆိုဒါ အာရုံအမျိုးမျိုးတို့၌ ပျံ့လွင့်ခြင်း သဘောလက္ခဏာ ရှိပါတယ်။

ဒီစေတသိက် (၄)ပါးတို့ကို အကုသိုလ်စိတ်ဟူသမျှနဲ့ ယှဉ်တွဲသောကြောင့် " အကုသလ သာဓारण စေတသိက် " လို့ ခေါ်ဆိုရပါတယ်။

(၅) လောဘ စေတသိက်ဆိုဒါ အာရုံကိုတွယ်မက်ခြင်း လိုချင်ခြင်း သဘောလက္ခဏာရှိပါတယ်။
(၆) ဒိဋ္ဌိ စေတသိက် ဆိုဒါ မှားသောအားဖြင့် နောက်တခု ဖေါက်ပြန်သောအားဖြင့် မြင်ခြင်း သဘော လက္ခဏာ ရှိပါတယ်။
(၇) မာန စေတသိက်ဆိုဒါ အမျိုး, ဇာတ်, ပညာ, စသည်တို့ဖြင့် မောက်မော်ထောင်လွှား နှိုင်းယှဉ်ခြင်း သဘော လက္ခဏာ ရှိပါတယ်။

(၈) ဒေါသ စေတသိက်ဆိုဒါ မြွေဟောက်ပမာ ပြစ်မှားခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၉) ဣဿာ စေတသိက် ဆိုဒါ သူများ ပြည့်စုံကြွယ်ဝ ချမ်းသာခြင်းကို မမြင်မကြားလို မနာလိုခြင်း သဘောလက္ခဏာရှိပါတယ်။

(၁၀) မစ္ဆရိယ စေတသိက်ဆိုဒါ မိမိပစ္စည်းများကို သူများနဲ့ မဆက်ဆံစေလိုခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၁) ကုက္ကုစ္စ စေတသိက်ဆိုဒါ ကောင်းမှုကို မပြုမိခဲ့လေခြင်း၊ မကောင်းမှုကို ပြုမိခဲ့လေခြင်း စသည်ဖြင့် အချိန်လွန်မှ နောင်တတရန် ပူပန်ခြင်းသဘောလက္ခဏာ ရှိပါတယ်။

(၁၂) ထိန စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့စိတ်ကို နုံ့နှေးတိုင်းမြှင်းစေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၃) မိဒ္ဓ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စေတသိက်တို့ကို အမှုကိစ္စ၌ မခံ့သည်ကို ပြုခြင်း သဘောလက္ခဏာရှိပါတယ်။

(၁၄) ဝိစိကိစ္ဆာစေတသိက်ဆိုဒါ အာရုံရဲ့သဘောကို မဆုံးဖြတ်နိုင်ခြင်း၊ နှလုံးနှစ်ခွဖြစ်ခြင်း သဘော လက္ခဏာ ရှိပါတယ်။

ဒီ၁စေတသိက် (၁၄)ပါးကို အကုသိုလ်စိတ်တို့နှင့်သာ ယှဉ်သော ကြောင့် "အကုသိုလ်စေတသိက်"လို့ ခေါ်ဆိုရပါတယ်။

သောဘဏ သာဓारण စေတသိက် ၁၉ ပါး

(၁) သဒ္ဓါစေတသိက် ဆိုဒါ ဘုရားစတဲ့ ရတနာသုံးပါးရဲ့ ဂုဏ်ကို ယုံကြည်ခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၂) သတိ စေတသိက် ဆိုဒါ မိမိပြုသင့်တဲ့ ကောင်းမှု တို့၌ အောက်မေ့ခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၃) ဟိရီ စေတသိက်ဆိုဒါ မကောင်းမှုကိုပြုခြင်းမှ ရှက်ခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၄) သြတ္တပ္ပ စေတသိက်ဆိုဒါမကောင်းမှုကိုပြုခြင်းမှ ကြောက်လန့်ခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၅) အလောဘ စေတသိက်ဆိုဒါ အာရုံတို့၌ မတပ်မက်ခြင်း မလိုချင်ခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၆) အဒေါသ စေတသိက်ဆိုဒါ တွေ့မြင်တိုင်းသော သတ္တဝါတို့၌ ရှင်ပျဿောစိတ်ဖြင့် ပြစ်မှားခြင်းကင်းတဲ့ သဘောလက္ခဏာ ရှိပါတယ်။

(၇) တတြမဇ္ဈတ္တတာ စေတသိက်ဆိုဒါ ဆိုး - ကောင်း - ယုတ်မြတ် စတဲ့ အာရုံတဘက်သတ်မလိုက်ပဲ အလယ်၌တည်ခြင်း သဘောလက္ခဏာရှိပါတယ်။

(၈) ကာယပဿဒ္ဓိ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စေတသိက် အပေါင်းကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၉) စိတ္တပဿဒ္ဓိစေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ သောဘဏာစိတ်တို့ကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာရှိပါတယ်။

(၁၀) ကာယလဟုတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စေတသိက်အပေါင်းကို ကောင်းမှု၌ ပေါ့ပါးစေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၁) စိတ္တလဟုတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ သောဘဏာ စိတ်တို့ကို ကောင်းမှု၌ လျင်မြန်စွာ ပြုလုပ်စေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၂) ကာယမုဒုတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စေတသိက် အပေါင်းကို ကောင်းမှု၌ နူးညံ့စေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၃) စိတ္တမုဒုတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ သောဘဏာစိတ်တို့ကို ကောင်းမှု၌ နူးညံ့စေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၄) ကာယကမ္မညတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စေတသိက် အပေါင်းကို အမှုကိစ္စ၌ ခံ့ကျန်းစေခြင်း သဘော လက္ခဏာ ရှိပါတယ်။

(၁၅) စိတ္တကမ္မညတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ သောဘဏစိတ်တို့ကို ကောင်းမှု၌ ခံ့ကျန်းစေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၆) ကာယပါဂုညတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စေတသိက်အပေါင်းတို့ကို ပင်ပန်းခြင်းမှငြိမ်းအေးစေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၇) စိတ္တပါဂုညတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ သောဘဏစိတ်တို့ကို ပင်ပန်းခြင်းမှ ငြိမ်းအေးစေခြင်း သဘောလက္ခဏာ ရှိပါတယ်။

ဒီနေရာမှာ (ပဏိသာရုမဇ္ဇူ)သာဒ္ဓီကာ) က ဒုက္ခဒေါမနဿတို့ ဖြစ်ကြောင်း ဥဒ္ဓစ္စသည်ကိုမှ ငြိမ်းအေးစေခြင်း သဘောရှိတဲ့တရားသည် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ဖြစ်တယ်၊သဒ္ဓါတရားကင်းမဲ့ခြင်းစတဲ့ အကုသိုလ်ကိလေသာတို့မှ ငြိမ်းအေးစေခြင်း သဘောရှိတဲ့ တရားသည် ကာယပါဂုညတာ စိတ္တပါဂုညတာ ဖြစ်တယ်လို့ မိန့်ဆိုထားပါတယ်။

(၁၈) ကာယုဇုကတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ စေတသိက်အပေါင်းကို ကောင်းမှု၌ လမ်းပြောင့်မှန်စေခြင်း သဘောလက္ခဏာ ရှိပါတယ်။

(၁၉) စိတ္တုဇုကတာ စေတသိက်ဆိုဒါ မိမိနဲ့အတူဖြစ်တဲ့ သောဘဏ စိတ်တို့ကို ကောင်းမှု၌ လမ်းပြောင့်မှန်စေခြင်း သဘောလက္ခဏာ ရှိပါတယ်။

ဒီစေတသိက် (၁၉)ပါးတို့သည် သောဘဏစိတ်တို့နဲ့သာ အမြဲယှဉ်သောကြောင့် "သောဘဏသာဓারณစေတသိက်"လို့ ခေါ်ဆိုရပါတယ်။

ဝိရတိစေတသိက် (၃)ပါး

(၁) သမ္မာဝါစာ စေတသိက်ဆိုဒါ ကောင်းမွန်သောစကားကို ပြောဆိုကြောင်းဖြစ်တဲ့ သဘောလက္ခဏာရှိပါတယ်။

(၂) သမ္မာကမ္မန္တ စေတသိက်ဆိုဒါ ကောင်းမှုနှင့်သောအလုပ်ကို ပြုလုပ်ကြောင်း ဖြစ်တဲ့ သဘောလက္ခဏာ ရှိပါတယ်။

(၃) သမ္မာအာဇီဝ စေတသိက်ဆိုဒါ အကုသိုလ်တည်းဟူသော အပြစ်မှ ကင်းသော ကောင်းမှုနှင့်သော အသက်မွေးကြောင်းဖြစ်တဲ့ သဘောလက္ခဏာ ရှိပါတယ်။

ဒီ စေတသိက် (၃) ပါး တို့သည် မကောင်းတဲ့ စကား အလုပ် အသက်မွေးမှုတို့မှ ရှောင်ကြဉ်ကြောင်း သဘောရှိသောကြောင့် "ဝိရတိ စေတသိက်"လို့ ခေါ်ဆိုရပါတယ်။

အပ္ပမညာစေတသိက်(၂)ပါး

(၁) ကရုဏာ စေတသိက်ဆိုဒါ ဆင်းရဲတဲ့သတ္တဝါကို တွေ့မြင်လျှင် ဆင်းရဲခြင်းမှ ကင်းလွတ်စေလိုတဲ့ သဘောလက္ခဏာ ရှိပါတယ်။

(၂) မုဒိတာ စေတသိက်ဆိုဒါ ပြည့်စုံချမ်းသာတဲ့ သတ္တဝါကို တွေ့မြင်လျှင် စမ်းမြောက်အားရခြင်း သဘောလက္ခဏာ ရှိပါတယ်။

ဒီ စေတသိက် (၂) ပါးသည် ,အတိုင်းအရှည် မရှိတဲ့ သတ္တဝါ၊ ပညတ် အာရုံကို အာရုံပြုသောကြောင့် "အပ္ပမညာစေတသိက်" လို့ ခေါ်ဆိုရပါတယ်။

ပညာန္ဒြေစေတသိက် (၁)ပါး

(၁) ပညာန္ဒြေ စေတသိက်ဆိုဒါ အာရုံရဲ့ သဘောကို ဝေဘန်ခွဲခြားရှု သိတတ်တဲ့သဘောလက္ခဏာ ရှိပါတယ်။

ဒီနေရာမှာ ပညာန္ဒြေဆိုဒါ ပြခဲ့တဲ့ " အမောဟစေတသိက် " ပင် ဖြစ်ပါတယ်၊ အမောဟဆိုတဲ့ ပညာသည်ပင် ဟုတ်မှန်တိုင်းသော အာရုံရဲ့ သဘောကို ထိုးထွင်းရှုသိခြင်းခွဲ အစိုးရသော သဘောလက္ခဏာ ရှိသောကြောင့် "ပညာန္ဒြေ"ဆိုတဲ့ အမည်ကိုရပါတယ်။

သောဘဏ သာဓာရဏ စေတသိက်	၁၉	ပေါင်း ၂၅
ဝိရတီ စေတသိက်	၃	
အပ္ပမညာ စေတသိက်	၂	
ပညိန္ဒြေ စေတသိက်	၁	

ဒီ စေတသိက် (၂၅) ပါး တို့သည် "သောဘဏစေတသိက်" တို့ မည်ကြပါတယ်။

သဗ္ဗစိတ္တ သာဓာရဏ စေတသိက်	၇
ပကိဏ္ဏက စေတသိက်	၆
အကုသိုလ် စေတသိက်	၁၄
သောဘဏ စေတသိက်	၂၅

အားလုံးပေါင်း စေတသိက်(၅၂)ပါး ဖြစ်ပါတယ်။

ဒီ စေတသိက် (၅၂) ပါးကို ခန္ဓာဖွဲ့လျှင် ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာ၊ သညာစေတသိက်က သညက္ခန္ဓာ၊ ဝေဒနာ·သညာမှကြွင်းတဲ့ စေတသိက်(၅၀)က သင်္ခါရက္ခန္ဓာ ဖွဲ့ရပါတယ်၊ စေတသိက် တပါးစီ ဖြစ်သော်လဲ အတိတ်,အနာဂတ်,ပစ္စုပ္ပန် စတဲ့ အပေါင်းအားဖြင့် သင်္ခါရက္ခန္ဓာ ဖွဲ့ရပါတယ်၊ သို့သော် စေတသိက်တို့သည်ကား တပါးထည်း ဖြစ်သည်ဟူ၍မရှိ၊ သဘောတူရုပေါင်း၍ ဖြစ်တတ်ကြပါတယ်။

ရူပ်ဆိုဒါ ဘယ်လိုပါလဲ

"ရူပ်"ဆိုဒါ၊ ရူပတိတို့ ရူပံ" ရူပတိ၊ ဖေါက်ပြန်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ရူပံ၊ ရူပ်မည်၏၊ လို့ ဆိုတဲ့အတိုင်း ဖေါက်ပြန်တတ်တဲ့ သဘောကို ရူပ်လို့ခေါ်ဆိုရပါတယ်။

ဘယ်လိုဖေါက်ပြန်တာလဲလို့ဆိုလျှင် အဖေားကြောင့် ဖေါက်ပြန်ခြင်း၊ အပူကြောင့် ဖေါက်ပြန်ခြင်း၊ အစာဆာသောကြောင့် ဖေါက်ပြန်ခြင်း၊ ရေငတ်သောကြောင့် ဖေါက်ပြန်ခြင်း၊ မှက်,ခြင်,ယင်, လေ,နေပူ, မြွေ,ပျား,ကင်း,သန်းတို့ ကိုက်ခဲ ထိပါးခြင်းကြောင့် ဖေါက်ပြန်ခြင်းလို့ မှတ်ရပါမယ်။

ဒီနေရာမှာ နာမ်တရားများလဲ ဖေါက်ပြန်ပေမဲ့ ရူပ်များလို မထင်ရှားတဲ့အတွက် "ရူပ်"လို့ မခေါ်ရကြောင်းကို ဝိဘင်္ဂ မူလဋ္ဌိကာဆရာက မိန့်ဆိုထားပါတယ်။

ဒီ ရူပ်ရဲ့ သဘောလက္ခဏာ၊ ပြဋ္ဌာန်းခြင်းကိစ္စ၊ ဖြစ်ခြင်း အချင်းအရာ၊ ဖြစ်ပေါ်ရခြင်း အကြောင်းရယ် လို့ ၄-မျိုး ခွဲခြားပြီး သိရပါမယ်။

ရူပ္ပနလက္ခဏံ ရူပံ ဝိကိရဏရသံ၊
အဗျာကတပစ္စုပ္ပဋ္ဌာနံ ဝိညာဏပဒဋ္ဌာနံ။
(အဘိဓမ္မတ္ထ သင်္ဂဟဒီပနီဋီကာ)

ရူပံ၊ ရူပ်တရားသည်။ ရူပ္ပနလက္ခဏံ၊ ဖေါက်ပြန်ခြင်း လက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲ ကဲ့ခြင်းကိစ္စ ရှိ၏။ အဗျာကတ ပစ္စုပ္ပဋ္ဌာနံ၊ အကျိုးမဲ့ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။ ဒီလို သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

ရူပ် အမျိုးအစား (၂၈)ပါး

အာဝုံ=အတိုက်ရူပ် (၇)ပါး

(၁) ရူပါရုံ မြင်ရူပ်။
(၂) သဒ္ဒါရုံ ကြားရူပ်။
(၃) ဂန္ဓာရုံ အနံ့ရူပ်။
(၄) ရသာရုံ အရသာရူပ်။
(၅) ဖေါဋ္ဌဗ္ဗာရုံ အတွေ့ရူပ်။

(၁) စက္ခုဝိညာဏ်စိတ်ဖြင့် မြင်သိသ၍ ကောင်းဆိုးမရွေး ရူပါရုံဟူသမျှကို မြင်ရူပ်လို့ မှတ်ရပါမယ်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အကြမ်း, အနု, အယုတ်, အမြတ်, အဝေး, အနီးဖြစ်တဲ့ ရူပါရုံတို့သည် ရူပ်အစု ရူပ်အပေါင်း ရူပက္ခန္ဓာမည်ပါတယ်။

(၂) သောတဝိညာဏ်စိတ်ဖြင့် ကြားသိသမျှ ကောင်းဆိုးမဂ္ဂုဏ်သဒ္ဒါရုံဟူသမျှကို ကြားရပ်လို့ မှတ်ရပါမယ်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အကြမ်း, အနု, ဃယုတ်, အမြတ်, အဝေး, အနီး ဖြစ်တဲ့ သဒ္ဒါရုံတို့သည် ရုပ်အစု ရုပ်အပေါင်း ရှုပကွန္ဓာ မည်ပါတယ်။

(၃) ဃာနဝိညာဏ်စိတ်ဖြင့် နံသိသမျှ ကောင်းဆိုးမဂ္ဂုဏ် ဂန္ဓာရုံ ဟူသမျှကို နံရပ်လို့ မှတ်ရပါမယ်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အကြမ်း, အနု, ဃယုတ်, အမြတ်, အဝေး, အနီး ဖြစ်တဲ့ ဂန္ဓာရုံတို့သည် ရုပ်အစုရုပ်အပေါင်း ရှုပကွန္ဓာမည်ပါတယ်။

(၄) ဇိဝှါဝိညာဏ်စိတ်ဖြင့် စားသိသမျှ ကောင်းဆိုးမဂ္ဂုဏ် ရသာရုံဟူသမျှကို ရသာရုပ်လို့ မှတ်ယူရပါမယ်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အကြမ်း, အနု, ဃယုတ်, အမြတ်, အဝေး, အနီး ဖြစ်တဲ့ ရသာရုံတို့သည် ရုပ်အစုရုပ်အပေါင်း ရှုပကွန္ဓာ မည်ပါတယ်။

(၅) ကာယဝိညာဏ်စိတ်ဖြင့် တွေ့ထိအပ်သမျှ ကောင်းဆိုးမဂ္ဂုဏ် ဖောဋ္ဌဗ္ဗာရုံဟူသမျှကို တွေ့ထိရပ်လို့ မှတ်ရပါမယ်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အကြမ်း, အနု, ဃယုတ်, အမြတ်, အဝေး, အနီး ဖြစ်တဲ့ ဖောဋ္ဌဗ္ဗာရုံတို့သည် ရုပ်အစုရုပ်အပေါင်း ရှုပကွန္ဓာမည်ပါတယ်။

ဒီနေရာမှာ ရုပ်တမျိုးထည်းသာ ရှုပကွန္ဓာဖွဲ့ရခါ မဟုတ်သေးပါ၊ ရုပ် ၂-ပါးအပေါင်း၊ ရုပ် ၃-ပါးအခပေါင်း၊ ရုပ် ၄-ပါးအဆပေါင်း၊ အာရုံ ၅-ပါး အပေါင်းတို့လဲ ရှုပကွန္ဓာ ဖွဲ့ရမှာ ဖြစ်ပါတယ်။

ဒီရှုပါရုံစတဲ့ ရုပ် ၅-ပါးတို့တွင် ဖောဋ္ဌဗ္ဗာရုံမှာ တွေ့ထိအပ်တဲ့ ပထဝီခတ်, ဝါယောခတ်, တေဇောခတ် ၃-ပါး ပါဝင်တဲ့အတွက် ပါဠိလို ဒိသယရုပ် ၇-ပါးလို့ မှတ်သားရပါမယ်။

ပဿဒ အခံရုပ် ၅ ပါး

(၁) မျက်စေ့ အကြည်ဓာတ်ဖြစ်တဲ့ စက္ခုပဿဒရုပ်။
(၂) နား အကြည်ဓာတ်ဖြစ်တဲ့ သောတပဿဒရုပ်။
(၃) နှာခေါင်း အကြည်ဓာတ်ဖြစ်တဲ့ ဃာနပဿဒရုပ်။
(၄) လျှာ အကြည်ဓာတ်ဖြစ်တဲ့ ဇိဝှါပဿဒရုပ်။
(၅) ကိုယ် အကြည်ဓာတ်ဖြစ်တဲ့ ကာယပဿဒရုပ်။

ဒီ အကြည်ဓာတ်များဟာ ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်ရုပ်ဘို့ကို ကြည်လင်စေတတ်တဲ့အတွက် ပဿဒရုပ်လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ ဒီ ရုပ် ၅-ပါးကိုပင် စက္ခုစတဲ့ ဝိညာဏ်စိတ်များရဲ့ မှီရာဝတ္ထုဖြစ်သော ကြောင့် ဝတ္ထုရုပ် ၅-ပါးလို့လဲ ခေါ်ဆိုရပါတယ်။

(၁) စက္ခုဝိညာဏ်စိတ်က စက္ခုပဿဒရုပ်ကိုမှီပြီး ရူပါရုံကို သိမြင်သောကြောင့် စက္ခုဝတ္ထုရုပ် မည်ပါတယ်။

(၂) သောတဝိညာဏ်စိတ်က သောတပဿဒရုပ်ကိုမှီပြီး သဒ္ဒါရုံကို ကြားသိသောကြောင့် သောတဝတ္ထုရုပ် မည်ပါတယ်။

(၃) ဃာနဝိညာဏ်စိတ်က ဃာနပဿဒရုပ်ကိုမှီပြီး ဂန္ဓာရုံကို နံသိသောကြောင့် ဃာနဝတ္ထုရုပ် မည်ပါတယ်။

(၄) ဇိဝှါဝိညာဏ်စိတ်က ဇိဝှါပဿဒရုပ်ကိုမှီပြီး ရသာရုံကို စားသိသောကြောင့် ဇိဝှါဝတ္ထုရုပ် မည်ပါတယ်။

(၅) ကာယဝိညာဏ်စိတ်က ကာယပဿဒရုပ်ကိုမှီပြီး ဖေါဋ္ဌဗ္ဗာရုံကို ထိသိသောကြောင့် ကာယဝတ္ထုရုပ် မည်ပါတယ်။

ဒီလို အကြည်ဓာတ်သဘောရှိတဲ့ ပဿဒရုပ်များဟာ သက်ဆိုင်ရာ စိတ်တို့ရဲ့ မှီရာဝတ္ထုဖြစ်တဲ့အတွက် ဝတ္ထုရုပ်ဆိုတဲ့ အမည်ကို ရခြင်း ဖြစ်ပါတယ်။

ပြခဲ့ပြီးတဲ့ ဝိသယရုပ် ၇-ပါး၊ ပသာဒရုပ် ၅-ပါး၊ ပေါင်း ၁၂-ပါးကို ကြမ်းသောကြောင့်၊ သြဠာရိကရုပ် နီးသောကြောင့်၊ သန္ဌိဟေရုပ် ထိခိုက်တာခြင်းကြောင့် သပ္ပဋိဃရုပ်တို့ဟူ၍ အမည်ရပါတယ်။

နိပ္ဖန္နရုပ် ၁၈ ပါး

	ပြပြီးသြဠာရိကရုပ်	၁၂
(၁)	အာပေါရုပ်	၁
(၂)	ဂ္ဂတ္ထိဓာတ် } ဘာဝရုပ်	၂
(၃)	ပုရိသိဓာတ် }	
(၄)	ဟဒယရုပ်	၁
(၅)	ဇီဝိတရုပ်	၁
(၆)	အာဟာရရုပ်	၁
	ပေါင်း	၁၈ ပါး

ဒီ(၁၈)ပါးသောရုပ်တို့ကို သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ် သမ္မသနရုပ် ဟူ၍ အမည်ရပါတယ်။

(၇)	ပရိစ္ဆေဒရုပ်	၁
(၈)	ကာယဝိညတ် } ဝိညတ်ရုပ်	၂
(၉)	ဝစီဝိညတ် }	
(၁၀)	ရူပဿလဟုတာရုပ်	၁
(၁၁)	ရူပဿမုဒုတာရုပ်	၁
(၁၂)	ရူပဿကမ္မညတာရုပ်	၁

ဝိညတ်ရုပ် ၂-ပါးနဲ့ ပေါင်း ၅-ပါးသည် ဝိကာရရုပ် အမည်ရပါတယ်။

(၁၃) ရူပသာ ဥပစယရုပ် ၁
(၁၄) ရူပသာ သန္ဌတိရုပ် ၁
(၁၅) ရူပသာ ဇရတာရုပ် ၁
(၁၆) ရူပသာ အနိစ္စတာရုပ် ၁

ဒီ ရုပ် ၄-ပါးကို လက္ခဏာရုပ်ဟူ၍ အမည်ရပါတယ်။ နံပါတ် (၇)မှ နံပါတ် (၁၆) အထိ ၁၀-ပါးသောရုပ်တို့ကို အနိုပ္ဖန္နရုပ် ဟူ၍ အမည်ရပါတယ်။

နိုပ္ဖန္နရုပ် ၁၈
အနိုပ္ဖန္နရုပ် ၁၀
ပေါင်း ၂၈-ပါး ဖြစ်ပါတယ်။

ဒီနေရာမှာ ရူပါရုံ စသည်တို့ကို ရူပက္ခန္ဓာဖွဲ့ရသလို ပြခဲ့ပြီးတဲ့ ရုပ်တို့ကိုလဲ အတိတ်, အနာဂတ်, ပစ္စုပ္ပန် စတဲ့ အပေါင်းအားဖြင့် ရူပက္ခန္ဓာ ဖွဲ့ရပါမယ်၊ ဘာကြောင့်ဆိုသော် ရုပ်တပါးထည်းသာ ဖြစ်ပေမဲ့ အတိတ်,အနာဂတ် စတဲ့ ရုပ်မျိုးအပေါင်းဖြစ်တဲ့အတွက် ရူပက္ခန္ဓာ ဖွဲ့ရတယ်လို့ မှတ်ယူရပါမယ်။

နိဗ္ဗာန်ဆိုတာ ဘယ်လိုပါလဲ

ဝါနတော နိက္ခန္တိ နိဗ္ဗာနံ။

ဝါနတော၊ တဏှာမှ။ နိက္ခန္တိ ၊ ကင်းလွတ် ထွက်မြောက်၏။ ဣတိ၊ ထိုကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏ လို့ အဋ္ဌကထာ ဋီကာဆရာများ မိန့်ထားတဲ့အတိုင်း တဏှာမှ ထွက်မြောက်ခြင်းကို နိဗ္ဗာန်လို့ မှတ်ရပါမယ်။

စိတ် စေတသိက်,ရုပ်,နိဗ္ဗာန် တလောကလုံးရှိသမျှ တရားတွေကို တူရာပေါင်းပြီး အကျဉ်းချုံးခါ သိမ်းကျုံးရေတွက်ပါလျှင် ဒီ ၄-မျိုးပင် ရှိပါတယ်၊ ဒါကြောင့် ဒီ တရား ၄-ပါးကို မူလပင်ကိုယ်သဘောက ဘယ်တော့မှ မပေါက်ပြန်တဲ့အတွက် ပရမတ္ထတရား ၄-ပါးလို့ ကျမ်းဂန်များစွာ အ ဆိုရှိပါတယ်။

ဒီနေရာမှာ စိတ်,စေတသိက်,ရုပ် တို့ရဲ့ သဘောကိုဘာ့ အထိုက် အလျောက် သဘောပေါက်ကြသော်လဲ နိဗ္ဗာန်ရဲ့သဘောကို ကြေနပ်မှု ရနိုင်ခဲကြပါတယ်။

ဒါကြောင့် မိလိန္ဒမင်းကြီးက နိဗ္ဗာန်ဆိုဒါ စိတ်ကူးယဉ်သဘော လား၊ တကယ်ရှိပါသလားလို့ မေးရာ ရှင်နာဂသိန်က တကယ်ရှိတဲ့ တရား ဖြစ်ပါတယ်၊ ဒါပေမဲ့ မနောဝိညာဏ်ခေါ်တဲ့ စိတ်ဖြင့်သာ ကောင်းသောအကျင့်ရှိတဲ့ ပုဂ္ဂိုလ်များမှာ ပင်ကြယ်စွာသော ဉာဏ်ဖြင့် သိမြင်နိုင်ကြပါတယ်။

ဥပမာဆောင်၍ ပြောတာမှုပါလို့ လျှောက်ထားတဲ့အခါ ဒါဖြင့် လျှင် လေဆိုဒါ တကယ်ရှိပါသလားလို့ မေးရာ တကယ်ရှိကြောင်း ဖြေ ကြားပါတယ်။ ဒါဖြင့် အဲဒီလေဟာ အကြီးအငယ် အတိုအရှည် အလုံး အပြား အနီအဖြူ စတဲ့ သဏ္ဌာန်သဏ္ဌာန်တို့ကော ပြနိုင်ပါသလားလို့ မေး လာ့ မပြနိုင်ကြောင်း ဖြေကြားပါတယ်။

ဒါဖြင့်လျှင် လေဆိုဒါ မရှိလို့လားလို့ မေးပြန်တော့ ရှိတော့ ရှိပါတယ်၊ ပြုလို့သာမဖြစ်တာပါဟု လျှောက်ပါတယ်၊ ဒီလိုဘဲ မင်းကြီး နိဗ္ဗာန်ဆိုဒါလဲ ကောနိ်ရှိပေမဲ့ ပြခြင်းငှါသာ မတတ်နိုင်ဟု ဖြေကြားရာ သဘောကျသွားပါတယ်။

ပုဂ္ဂိုလ်တိုင်း နိဗ္ဗာန်ရနိုင်ပါသလား?

မိလိန္ဒမင်းကြီးက ပုဂ္ဂိုလ်တိုင်း နိဗ္ဗာန်ကို ရနိုင်ပါသလားလို့ မေး ရာ ရှင်နာဂသိန်က ပုဂ္ဂိုလ်တိုင်း မရ၊ ကောင်းသော အယူအကျင့်ရှိတဲ့ အရိယာသာဝကတို့သာ ရနိုင်ကြောင်း ဖြေကြားပါတယ်။

နိဗ္ဗာန်ကို မရသေးတဲ့ပုဂ္ဂိုလ်များ နိဗ္ဗာန်ရဲ့ချမ်းသာကို သိနိုင်ပါ သလားလို့ မေးပြန်ရာ သိနိုင်ကြောင်း ဖြေကြားပါတယ်၊

ဥပမာဆောင်၍ ပြတော်မူပါလို့ လျှောက်ထားတဲ့အခါ မင်းကြီး လက်ခြေဖြတ်ခြင်းကို မခံရသေးတဲ့သူဟာ တပါးသူအဖြတ်ခံရ၍ ငိုမကြွေးသံကို ကြားရမြင်ရသဖြင့် ဆင်းရဲဒုက္ခကို သိရသလို နိဗ္ဗာန်ကိုမြင်ရသူများ၏ ချမ်းသာကြောင်း ချီးမွမ်းပြောဆိုသံကို ကြားရသဖြင့် နိဗ္ဗာန်၏ ချမ်းသာကို သိနိုင်ကြောင်းဖြေကြားပါတယ်။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာနသုတ် အဋ္ဌကထာ ဋီကာများမှာလဲ ဥပမာဆောင်၍ ပြထားဒါ များစွာရှိပါတယ်။)

ချမ် သာ ၂-မျိုး

(၁) ဝေဒနိယသုခ ခံစားမှု ချမ်းသာဆိုဒါ လောကီ အာရုံ ကာမဂုဏ်ယဉ်ရှုးများ ဖြစ်ပါတယ်။

(၂) သန္တိသုခ ငြိမ်းအေးမှု ချမ်းသာဆိုဒါက လောကီ အာရုံ ကာမဂုဏ်တရားများ ချုပ်ငြိမ်းသွားခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ လောကီဘုံသား သတ္တဝါများက ခံစားမှုချမ်းသာကို လိုလားတောင့်တ နှစ်သက်ကြပြီး၊ လောကုတ္တရာဘုံသား ဘုရားစတဲ့ သူတော်ကောင်းများကတော့ငြိမ်းအေးမှုချမ်းသာကိုသာလိုလားနှစ်သက်ကြပါတယ်၊ ဒါကြောင့် "နိဗ္ဗာန်" ကို ခံစားမှုချမ်းသာမျိုး လိုလားချက်နဲ့ ရှာနေလျှင်တော့ ကြာလေဝေးလေ ဖြစ်ရပါလိမ့်မယ်။

ချမ်းသာ ၂-မျိုး တန်ဘိုး ကွာခြားပုံ

ဥပမာ နာတာရှည်ရောဂါ စွဲကပ်သူမှာ ဆရာသမား ကန်တော့ခနဲ့ ဆေးဘိုးဝါခရာ ထောင်မျိုးစုံ "ဝေဒယိတသုခ" ခေါ်တဲ့ ခံစားမှုချမ်းသာကို စွန့်လွှတ်ပြီး ကုသတဲ့အခါ စွဲကပ်နေတဲ့ ရောဂါပေးနာ ပျောက်ကင်းသွားလို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်သွားပြီ ဆိုကြပါစို့။ ဒီနေရာမှာ စဉ်းစားကြည့်ပါ၊ ရာထောင်မျိုးစုံ အကုန်အကျခံပြီး ကုသလို့ ပျောက်သွားတဲ့ချမ်းသာဆိုဒါ ဘယ်လိုဟာလဲလို့ ပြစမ်းပါ ဆိုလျှင် ဘာတခုမှ ပြစရာမရှိ၊ ငြိမ်းအေးမှုသာ ဖြစ်ပါတယ်။

ဒါကြောင့် လောကီသန္တိသုခ ငြိမ်းအေးမှုကိုပင် ဝေဒယိကသုခ ခံစားမှုချမ်းသာအပေါ်င်းမျှားစွာ အကုန်အကျခံကာ လဲ့လှယ်ယူရာဘယ် ဆိုပါလျှင် လောကုတ္တရာဖြစ်တဲ့ "နိဗ္ဗာန်" ရဲ့ ချမ်းသာကို မှန်းဆပြီး သိမြင်နိုင်လောက်ပါတယ်။

နိဗ္ဗာန်အပြား ၂-ပါး

(၁) သ,ဥပါဒိသေသ နိဗ္ဗာန်ဆိုဒါ ဘုရား,ရဟန္တာတို့မှာ ကိုယ်လေးကုန်ပြီးနောက် ပရိနိဗ္ဗာန် မစံသေးခင်အကြား ခန္ဓာငါးပါးရှိသေးလျက် ငြိမ်းအေးနေတဲ့ ချမ်းသာကို ဆိုလိုခြင်းဖြစ်ပါတယ်။

(၂) အနုပါဒိသေသ နိဗ္ဗာန်ဆိုဒါကတော့ ကိုယ်လေးကုန်၊ ခန္ဓာငါးပါးလဲ အကြွင်းမရှိတော့ဘဲ ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့ အခါ နောက်ထပ်ဇာတိ ခန္ဓာအသစ် မဖြစ်တော့ဘဲ တခါတည်း ငြိမ်းအေးသွားတဲ့ ချမ်းသာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ (ဂျတိဝုတ်ပါဠိတော်)

ဒီနေရာမှာ ပရမတ္ထသဘောအားဖြင့် ကွဲပြားခြားနားလို့ မဟုတ်၊ သိလွယ်ရုံအားကြောင့်ဖြင့်သာ ပြားတယ်ဟု ရှင်အနုရုဒ္ဓါဆရာ ဂျတိဝုတ် အဋ္ဌကထာတို့မှာ ဖွင့်ပြထားပါတယ်။ အဘိဓမ္မာဝတာရ၌ နိဗ္ဗာန်အပြား (၃၆)ပါး၊ သင်္ခေယျတနသံယုတ်၌ (၃၂)ပါး၊ အနုဋ္ဌိကာ၌ (၃၁)ပါး၊ အဘိဓာန်၌ (၄၆)ပါး စသည်ဖြင့် နိဗ္ဗာန်ရဲ့ ပရိယာယ်တို့ကို မျှားပြားစွာ ဖွင့်ပြထားကြပေမဲ့ နိဗ္ဗာန်ရဲ့ သဘောကတော့ "သန္တိ" ခေါ်တဲ့ ငြိမ်းအေးမှု တခုသာဖြစ်တယ်လို့ မှတ်ရပါမယ်။

သဿတ ဥစ္ဆေဒမှ လွတ်အောင်ယူခြင်း

နိဗ္ဗာန်စံဝင်သောပုဂ္ဂိုလ်သည် စုတိစိတ်ရဲ့ အခြားမဲ့၌ မပျက်မစီး တော့ဘဲ အိုခြင်း,နာခြင်း,သေခြင်း မရှိ၊ မြဲ၏ဟု ယူလျှင် "သဿတဒိဋ္ဌိ" ဖြစ်ပါတယ်။

နိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်သည် စုတိစိတ်ရဲ့ အခြားမဲ့၌ ချုပ်၏၊ ငြိမ်း၏၊ ဘာမှမရှိ ပြတ်၏ဟု ယူလျှင် "ဥစ္ဆေဒဒိဋ္ဌိ"ဖြစ်ပါတယ်။

ဒါဖြင့် "သမ္မာဒိဋ္ဌိ" မှန်တဲ့အယူဖြစ်အောင် ဘယ်လိုယူရပါမလဲ ဆိုလျှင် ပရိနိဗ္ဗာန်စံဝင်တဲ့ ပုဂ္ဂိုလ်များရဲ့ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် ပရိနိဗ္ဗာန်စံဝင်မှိုက အစဉ်မပြတ် ဖြစ်လဲဖြစ်၏၊ ချုပ်လဲချုပ်၏၊ အဲဒီ ဖြစ်ချုပ်နေတဲ့ ရူပ-နာမ်-ဓမ္မ သင်္ခါရ တရားတို့သည်ပင် ပရိနိဗ္ဗာန်စံဝင်တဲ့အခါ စုတိဝိတက်ရဲ့အခြားမဲ့မှာ သက်ရှိမဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတယ်လို့ ယူမှ ရှင်တော်ဘုရား အလိုတော်ကျ ဖြစ်တဲ့ "သမ္မာဒိဋ္ဌိ" မှန်တဲ့အယူဟု မှတ်ယူရပါမယ်။

(ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ)

(အကျယ်လိုမှု ပဓာနပါရုဂ္ဂကျမ်းမှာ ယူတော်မူကြပါ)

နိဗ္ဗာန်ရဲ့ သဘော

တယိဒံ သန္တိလက္ခဏံ၊ အစ္စုတိရသံ အသာသကရဏရသံဝါ။
အနိမိတ္တပစ္စုပဋ္ဌာနံ၊ နိပ္ပပဉ္စပစ္စုပဋ္ဌာနံဝါ။

(ဝိသုဒ္ဓိမဂ်)

တယိဒံ၊ တံ ဣဒံ နိဗ္ဗာနံ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတစာတ် နိဗ္ဗာန်ရှေ့ပြည်ပြတ်သည်။ သန္တိလက္ခဏံ၊ ရာဂ-ဒေါသ-မောဟ အစရှိသော အားဖြင့် အလုံးစုံသော ဒုက္ခငြိမ်းခြင်း၏ အကြောင်းဖြစ်သည်၏ အပြစ် ကိုလေသာဟူသော ပူပန်ခြင်းမရှိသည်၏ အဖြစ်တို့ကြောင့် ငြိမ်းအေးခြင်း လက္ခဏာရှိ၏။ အစ္စုတိရသံ၊ မိမိနိဿဟောကို တရုတ်ခံမှု မစုန်ခြင်းကြောင့် မိမိယန္တိသဘောမှ မရွှေ့လျှောခြင်းဟူသော ဂုဏ်နှင့် ပြည့်စုံ၏။ ဝါ၊ စာနည်းကား။ အသာသကရဏရသံ၊ သက်သာရာကို ရအောင် ပြုခြင်းကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ရူပ်, ဝေဒနာ, သညာ,

သစ်ါရ ဝိညာဏ် ဟူသော ဓနုနိမိတ်မှ ကင်းဆိပ်သည်၏ အဖြစ်ကြောင့် ဓနုဘဝဟုတ်ဟူ၍ ဥာဏ်သည် အာရုံပြုသော အားဖြင့် ယူအပ်ရကား ဓနုနိမိတ်မှ ကင်းဆိပ်သောတရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား ရှေးရှု ထင်သော အခြင်းအရာဟူသော အနိမိတ္တ ပစ္စုပ္ပန္နာနိုင်၏။ ၀။ တနည်းကား နိမ္မပဠဉ္ဇပစ္စုပ္ပန္နာနှင့်၊ သံဃရတနာကို မြင်ကြာရှည်လျှားစည်ကား ပြန့်ပွားအောင် ချဲ့သွင်ဟတ်ဆသော "ဟဏ္ဍာ,မာနု,ဒိဋ္ဌိ" ဟူသော ပပဉ္စတရားတို့ကို နိဗ္ဗာန်လျင်အာရုံရှိဆသော ဝီရိယမင်ဖြင့် ဓကြင်းမဲ့ ပယ်ဖျက်အပ်ပြီးသည်ဖြစ်၍ ပပဉ္စတရား မရှိခြင်းတည်းဟူသောအကျိုးရှိ၏။ ၇။ ပယ်အပ်ပြီးသည် ဖြစ်၍ သံသရာဝက်ရှာတဲပြတ်ကင်း မကျယ်ပြန့်ခြင်း အကျိုး ရှိ၏။ (ပဒဋ္ဌာန်မရအပ)

ဤကား "သဉ္ဇာဒိဿသ" "အနုပါဒိဿသ" နှစ်ပါးလုံး၌ ထိုက်ယင်ခံသည့်အားလျှင်စွာ ရထိုက်သော သဘောတို့ပေတည်း။

နိဗ္ဗာန်ရဲ့ချမ်းသာ

နဝဂုဏ်တွေရပါဦးတော် မဟာဝဂ် နိဗ္ဗာနသုတ်မှာ အရှင်ဥဒါယိက ပရိနိဗ္ဗာန်ပြုသွားဘဲ ပုဂ္ဂိုလ်များရဲ့ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့သည် တဘန်ဖြင့်ခြင်းမရှိ၊ ချုပ်ငြိမ်းခဲ့သည်ရှိသော် ခံစားတတ်တဲ့ "ဝေဒနာပစ္စယတဏှာ" ဟူလဲ အကြင်းမဲ့ ကုန်ခဲ့သည် ဖြစ်ရကား "အနုပါဒိသေသနိဗ္ဗာန်"၌ အဘယ်သဘောကို "နိဗ္ဗာနသုခ" နိဗ္ဗာန်ချမ်းသာ ဟူ၍ ယူရပါမလဲဟု လျှောက်ထားတဲ့အခါ....

အရှင်သာရိပုတ္တရာက ပရိနိဗ္ဗာန် ပြုသွားတဲ့ ပုဂ္ဂိုလ်များအား "စက္ခုသမ္ဘယ"ကြောင့်ဖြစ်တဲ့ "ဝေဒနာ" စသည်တို့သည် ထိုပုဂ္ဂိုလ်၏ စုတိစိတ်ရဲ့အခြားမဲ့၌ ချုပ်ငြိမ်းလေရကား ခံစားမှုတို့သည် အကြင်းမဲ့ မရှိဘောကုန် ဒီလိုခံစားမှုမရှိခြင်းသည်ပင် ကောန်မှုချ အသခ်ံတခုတ် မြတ်သော "နိဗ္ဗာန်"မည်၏ဟု ဖြေကြားဘော်မူပါတယ်။ (သဘောကျနှိုင်ခဲ့စ အဖန်ဖန်စဉ်းစားကြပါလေ)

သဒေဝကဿ လောကဿ၊ ဒေဝေါ သုခသမ္မတာ၊
ယတ္ထဲ့ခစဘော နိရုဇ္ဈန္တိ၊ တံ·တေသံ ဒုက္ခသမ္မတံ။

(သင္ဘာယတနဝဂ္ဂသံယုတ်ပါဠိတော် ဒေဝဒဟဝဂ် ရူပါရာမသုတ်)

သဒေဝကဿ၊ ဗြဟ္မာ, သိကြား နတ်အများနှင့် တကွသော၊ လောကဿ၊ ပုထုဇဉ်ဟု ဉာဏ်မြင်ပေတုံး တလောကလုံးသည်။ တေ၊ ရူ ဿဒ္ဒ, စသည်အာရုံ ဤကာမဂုဏ်တို့ကို။ သုခသမ္မတာ၊ ချမ်းသာ ဘွယ်တောင်း အကောင်းဟု သမုတ်အပ်ကုန်ပြီ။ ယတ္ထဲ၊ အရိယာများ လွန်လေးစားသည် တရားများ၏ အကြင်သို့သောနိဗ္ဗာန်၌။ တေ၊ ရူပ ဿဒ္ဒ, စသည်အာရုံ ဤကာမဂုဏ်ဘို့သည်။ နိရုဇ္ဈန္တိ၊ ကွယ်ပျောက် ချုပ်ငြိမ်း ရုပ်သိမ်းကြရလေကုန်၏။ တံ၊ ကာမဂုဏ်အားလုံး ပြုတ်ပြုတ် ပြုံးလျက် ချုပ်ဆုံးရာအမှန် ထိုနိဗ္ဗာန်ကိုကား၊ တေသံ၊ ထို ဉာဏ်မြင် ပေတုံး ပုထုဇဉ်အားလုံးတို့သည်။ ဒုက္ခသမ္မတံ၊ ခံစားဘွယ်အချက် ကင်း သည်တွက်ကြောင့် သက်သက်ရှုတ်ချ၍ ဒုက္ခဟု သမုတ်အပ်လေတော့သည် တကား။

သုခံ ဒိဋ္ဌ မရိယေဘိ၊ သက္ကာယဿ နိရောဓံ၊
ပစ္စနိကမိဒံ၊ ဟာ၊ တိ၊ သဗ္ဗလောကေန ပဿတံ၊
(၎င်း)

သက္ကာယဿ၊ ပရမတ္ထအားဖြင့် ထင်ရှားဘိုးတောင်း ခန္ဓာငါးပါး အပေါင်း၏။ နိရောဓံ၊ ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော၊ သုခံ၊ နိဗ္ဗာနခေတ် ချမ်းသာမြတ်ကို။ အရိယေဘိ၊ အရိယာအရှင် သူတော်စင်တို့သည်။ ဒိဋ္ဌံ၊ ဉာဏ်စက္ခုဖြင့် စေ့ငုသင်ထင် သိမြင်အပ် ပေပြီ၊ ဣဒံ၊ များပုထုဇဉ် ဉာဏ်အမြင်ဖြင့် မမြင်နိုင်တန် ဤနိဗ္ဗာန်ကို ပဿတံ၊ တတ်အပ်သင်ထင် ကိုယ်တိုင်မြင်သည့် အရှင်အပေါင်း သူတော် ကောင်းဘို့မှာ။ သဗ္ဗလောကေန၊ အဝီစိဗာဝဲ့ တကျာတုံးဟု ဘားလုံး လောက ဟူသမျှနှင့်။ ပစ္စနိကံ၊ ဟာ၊ တိ၊ ကျေးခြင်းကပ်ယှဉ် ပြေးကြ အင်သို့ အစဉ်ဆက်ဆက် ဆန့်ကျင်ဘက်အနေ ဖြစ်ရလေတော့သည် တကား။

သု သုခံဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်သည်းတော်မြတ်ကြီးသည်ကား၊ သု သုခံဝတ၊ တုဒေါက်ပြိုင်ဘက်ကင်းရှိ ချမ်းသာကြီးခြင်း ချမ်းသာလေစုတကား။ ယတ္ထ၊ အကြင် နိဗ္ဗာန်တရားတော်မြတ်၌။ အသောကံ၊ စိုးရိမ်သောက ဗျာပါဒလည်း မရှိပေ၊ ဝိရဇံ၊ ကိလေသာဟူ ရမက်မြူမှုကင်းဝေးဘေးမူလုပ်ပေ၏။ ခေမံ၊ ခိုဘေးဓားပြ ဘေးဘယတို့မှ ငြိမ်းအေးတော် မူလုပါပေ၏။ တတ္ထ၊ ထို နိဗ္ဗာန်တရားတော်မြတ်ကြီး၌။ ဒုက္ခံ၊ ငါးဖြာကာမဂုဏ် ချမ်းကြိုက်ဟုန်ကောင့် ပေတ္တာကြုံမှတဲ့ ဆင်းရဲဒုက္ခကြီးသည်း နိရုဇ္ဈတိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းတော်မူပါပေသည် တကား။

ဒါမြတ်ကြောင့် "နိဗ္ဗာန်"ကို လူသားမန်သို့ ဥာဏ်မျက်စိဖြင့် ကြည့်ရှုတွေ့မြင်ခြင်ငှါထိုက်၊ လေးကျန်းသောင့်ငြိမ်း ဓနှောက်စကြားမင်းပင် ဖြစ်သော်ရင်း၊ တခေါင်းခေါလောကဓာတ်ကို ကိုယ်ခေါင်ဖြင့် ထွန်းလင်းနိုင်တဲ့ ဗြဟ္မာမင်းကြီးပင် ဖြစ်သော်ရင်း၊ မိမိအလိုလို ပင်ကိုက်ဖြစ်တဲ့ ပညာမျက်စိဖြင့် ကြည့်ရှု ထင်မြင်ခြင်ငှါမယိုက်၊ သုံးထိုက်လုံးမှန်ကို သယမ္ဘူဆုတ်သား ရှင်ဘော်ဘုရား၏ သားရင်းအစစ် ဖြစ်တော်မူကြပေသော ရှစ်ဇယာက်သော အရိယာတို့အားသာလျှင် မြတ်လစ္ဓာသော မဂ်ဉာဏ်နှင့် ယှဉ်သော ပညာမျက်စိဖြင့်သာလျှင် လက်ပေါ်တင်သား ပဋ္ဌာန်းပြားကို ရှုမြင်ရသကဲ့သို့ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်၏ အာရုံကို "ပစ္စက္ခ" အားဖြင့် မြင်အာပ်မြင်ထိုက်လှပေ၏။ အရိယာစစ် အဖြစ်သို့ မရောက်သေးတဲ့ "ဂေါလျားဏပုထုဇဉ်" ပညာဝန်ပုဂ္ဂိုလ်ထက်မှာကား ရှေ့ရမ်းမှန်းဆလျက် "နိဗ္ဗာန်" ဟူသည် ဘယ်သို့ရှိမည်, ဤသို့ခိုမည်, ထိုသို့ရှိမည် စသည်ဖြင့် အာရုံပြုလျက် "အနုမာနဉာဏ်" အားဖြင့်သာ မြင်ခြင်ငှါထိုက်၏။ "ပစ္စက္ခ" အားဖြင့်ကား မထိုက်ဟုဆုတ်ရပါမယ်။

(သင်္ဂြိဟ်ဦးကာဟောင်း)

ရုပ် နာမ် ၂-ပါး ဖွဲ့ပုံ

ပရိမတ္ထတရား ၄-ပါးကိုတွင် ရူပနလက္ခဏာ အရ ရုပ်တရားရဲ့ သဘောဟာ ဖေါက်ပြန်ကွဲသော သဘောရှိသော ပြခဲ့ပြီးတဲ့ သက်ရှိသတ္တဝါများရဲ့ (၂၈)ပါးသောရုပ်များနဲ့ တော, တောင်, ရေ, မြေစတဲ့ မသိဘဘ်တာမှုန်သမျှ ရုပ်တရားဟူ၍ မှတ်သားရပါမယ်။

စိတ်အကျဉ်း တခုယုဘ်(၉၀)၊ အကျယ် (၁၂၁) ပါးနှင့် တက္ခ စေတသိက်(၅၂)ပါး သိဘဘ်တာမှုသန်မျှကို နာမ်တရားဟူ၍ မှတ်သားရပါမယ်၊

နိဗ္ဗာန်ကိုလဲ နာမ်ဘုရား ဟု ယူရခြေကြောင်း အဘိုခမ္မတ္ထသင်္ဂဟ သမုဒ္ဒည်းပိုင်း ဓမ္မာဒပါဌေယျ အဋ္ဌကထာ နာမရူပ ပရိစ္ဆေဒပါဠိ နုမတ္ထယဝိဘာဝ စသည်တို့မှာ ဖွင့်ပြသားပါတယ်။

ခန္ဓာ ၅-ပါး ဖွဲ့ပုံ

ဇာတိဇရာ ဗျာဓိမရဏာ ဒုက္ခာဒီဟိ အနေကေဟိ၊
ဒုဒေကွေဟိ ခဇ္ဇတိ ခါဒီယတီတိ ခန္ဓော။

ဇာတိဇရာ ဗျာဓိမရဏာ ဒုက္ခာဒီဟိ၊ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဆင်းရဲ အစရှိကုန်သော။ အနေကေဟိ၊ များပြားလှစွာကုန်သော။ ဒုဒေကွေဟိ၊ ဆင်းရဲအပေါင်းတို့သည်။ ခဇ္ဇတိ ခါဒီယတိ၊ ခဲစားအပ်၏။ ဣတိ၊ ထိုကြောင့်။ ခန္ဓော၊ ခန္ဓာမည်၏။

ဒီဝိဂြိုဟ်အရ ဆင်းရဲခြင်း ဟူသမျှတို့ရဲ့ နှိပ်စက်ညှဉ်းဆဲ ခဲစားဆုအစိုင်အခဲကို "ခန္ဓာ"လို့ ဆိုလိုပါတယ်၊

(၁) ရုပ်ပေါင်း(၂၈)ပါးက ရူပက္ခန္ဓာ
(၂) စေတသိက် (၅၂)ပါး တို့တွင် ဝေဒနာ စေတသိက်က ဝေဒနက္ခန္ဓာ။
(၃) သညာစေတသိက်က သညက္ခန္ဓာ။

(၄) ဝေဒနာ သညာမှကြွင်းတဲ့ စေတသိက် (၅၀) က သင်္ခါ ရက္ခန္ဓာ။
(၅) စိတ်အကျဉ်း(၈၉) အကျယ် (၁၂၁)က ဝိညာဏက္ခန္ဓာ။ နိဗ္ဗာန်ကား ခန္ဓာဖွဲ့ခြင်းဌာမယိုက်၊ ခန္ဓာမှလွတ်၏။

အာယတန ၁၂-ပါး ဖွဲ့ပုံ

အာယတံ သံသာရဒုက္ခံ နယန္တိ၊
ပဝတ္တေန္တိတိ အာယတနာနိ။

တာနိ၊ ထိုစက္ခုစသော သဘောတရားတို့သည်။ အာယတံ၊ ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာဒုက္ခဖြစ်သော ဆင်းရဲကို။ နယန္တိ ပဝတ္တေန္တိ၊ ဖြစ်ပေါ်တတ်ကုန်၏။ ဣဝံ၊ ထိုကြောင့်။ တာနိ၊ ထိုသဘော တရားတို့သည်။ အာယတနာနိ၊ အာယတနဟု မည်ကုန်၏။

အာယတနဆိုဒါ အခွန်ရှည်စွာသော သံသရာဆင်းရဲကို ဖြစ်စေ တတ်တဲ့သဘောလို့ ဆိုလိုပါတယ်။

ရူပက္ခန္ဓာ အတွင်းက

(၁) ရူပါရုံကို ရူပါယတန။
(၂) သဒ္ဒါရုံကို သဒ္ဒါယတန။
(၃) ဂန္ဓာရုံကို ဂန္ဓာယတန။
(၄) ရသာရုံကို ရသာယတန။
(၅) ဖေါဋ္ဌဗ္ဗာရုံကို ဖေါဋ္ဌဗ္ဗာယတန။
(၆) စက္ခုပသာဒကို စက္ခာယတန။
(၇) သောတပသာဒကို သောတာယတန။
(၈) ဃာနပသာဒကို ဃာနာယတန။
(၉) ဇိဝှါပသာဒကို ဇိဝှါယတန။
(၁၀) ကာယပသာဒကို ကာယာယတန။
ဒီ အာယတန(၁၀)ပါးကို ရုပ်အာယတနဟု မှတ်ရပါမယ်။

(၁၁) စိတ်အားလုံးကို မနာယတန။
(၁၂) စေတသိက်အားလုံးနဲ့ ကြွင်းတဲ့ရုပ်အားလုံးကို "ဓမ္မာယတန"

စိတ်,စေတသိက်တို့ရဲ့ မှီရာမှီကြောင်း၊ ဖြစ်ရာဖြစ်ကြောင်း ဖြစ်သောကြောင့် "အာယတန" လို့ ဆိုခြင်းဖြစ်တယ်ဟု ဋီကာတို့မှာ အဓိပ္ပါယ်ဖွင့်ပြထားပါတယ်။

ဓာတ် ၁၈-ပါး ဖွဲ့ပုံ

အတ္တနော သဘာဝံ ဓာရေန္တိတိ ဓာတုယော။

အတ္တနော၊ မိမိ၏ သဘာဝံ၊ တွေ့ထိမှု အစရှိသော သဘောကို၊ ဓာရေန္တိ၊ ဆောင်တယ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။

"ဓာတ်" ဆိုဒါ မိမိ မိမိတို့ရဲ့ သဘောကို ဆောင်တတ်ခြင်းလို့ မှတ်ယူရပါမယ်။

ရူပက္ခန္ဓာအတွင်းမှ

(၁) ရူပါရုံကို ရူပဓာတ်
(၂) သဒ္ဒါရုံကို သဒ္ဒဓာတ်
(၃) ဂန္ဓာရုံကို ဂန္ဓဓာတ်
(၄) ရသာရုံကို ရသဓာတ်
(၅) ဖောဋ္ဌဗ္ဗာရုံကို ဖောဋ္ဌဗ္ဗဓာတ်
(၆) စက္ခုပသာဒကို စက္ခုဓာတ်
(၇) သောတပသာဒကို သောတဓာတ်
(၈) ဃာနပသာဒကို ဃာနဓာတ်
(၉) ဇိဝှါပသာဒကို ဇိဝှါဓာတ်
(၁၀) ကာယပသာဒကို ကာယဓာတ်
(၁၁) စေတသိက်အားလုံးနဲ့ ကြွင်းတဲ့ရုပ်အားလုံးကို ဓမ္မဓာတ်

ဝိညာဏကွန္ဒာ အတွင်းမှ

(၁၂) စက္ခုဝိညာဏ် ၂-ကို စက္ခုဝိညာဏခေါတ်
(၁၃) သောတဝိညာဏ် ၂-ကို သောတဝိညာဏခေါတ်
(၁၄) ဃာနဝိညာဏ် ၂-ကို ဃာနဝိညာဏခေါတ်
(၁၅) ဇိဝှါဝိညာဏ် ၂-ကို ဇိဝှါဝိညာဏခေါတ်
(၁၆) ကာယဝိညာဏ် ၂-ကို ကာယဝိညာဏခေါတ်
(၁၇) ပဋိဋ္ဌါဏာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆန်း ၂-ကို မနောခေါတ်
(၁၈) ကြည်းတဲ့စိတ်အားလုံးကို မနောဝိညာဏခေါတ်

ဒီလို ခေါတ် ၁၈-ပါးကို မှတ်သားရပါမယ်။

နိဗ္ဗာန်ကို ဓမ္မာယတနနဲ့ ဓမ္မခေါတ်ဖွဲ့ရပါတယ်၊ ခန္ဓာကိုတော့ မဖွဲ့ရပါ၊ ဘာကြောင့်ဆိုသော် နိဗ္ဗာန်သည် အတိတ်,အနာဂတ်စတဲ့ အပြားမရှိခြင်းကြောင့် မဖွဲ့ရခြင်း ပြစ်ပါယ်လို့ မှတ်ရပါမယ်။ အာယတနနဲ့ ခေါတ်တို့လဲ ခန္ဓာငါးပါးမှတပါး အခြားတရားများ မဟုတ်ပါ၊ ခန္ဓာငါးပါးအတွင်းက ရုပ်-နာမ်ဘုံများကိုပင် မိမိတို့ရဲ့ သဘောအားလျော်စွာ အမည်ပေးပြီး ဟောတော်မူထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် လိုရင်းကား ခန္ဓာငါးပါးသာ ဖြစ်တယ်ဟု သတိပြုခါ မှတ်သားကြရပါမယ်။

ပုဗ္ဗဇန် ၂-မျိုး

(၁) အနုပုထုဇနန်တမျိုး

(၂) ကလျာဏပုထုဇနန်တမျိုး

(၁) အနုပုထုဇန်ဆိုဒါ ရုပ်အပေါင်း ရုပ်ခန္ဓာ၊ နာမ်အပေါင်း နာမ်ခန္ဓာများကို ကဲ့ပြားစွာမသိ၊ ရုပ်-နာမ် တို့ရဲ့ အပြစ်ကို မရှုမမြင်တဲ့ ရုပ်-နာမ် တို့ကို မကြောက်မရွံ့ ပုဂ္ဂိုလ်မျိုးကို ဆိုလိုခြင်းဖြစ်ပါတယ်။

(၂) ကလျာဏ ပုထုဇန် ဆိုဒါကတော့ ရူပ်, နာမ်, ခန္ဓာ တို့ရဲ့ သဘောကိုသိမြင်ပြီး၊ ရူပ်, နာမ်, ခန္ဓာ တို့ရဲ့ အပြစ်ကို ရှုလျှက်၊ ရူပ်,နာမ်,ခန္ဓာ တို့ကို ရန်သူပမာ ကြောက်ရွံ့ စက်ဆုပ် ရွံ့ရှာသော ပုဂ္ဂိုလ်မျိုးကို ဆိုလိုခြင်း ဖြစ်ပါတယ်၊ အဋ္ဌကထာဆရာက အနုပုထုဇန်ရဲ့ အပြစ်များကို (၁၁)မျိုးတောင် ဖွင့်ဆိုသားပါတယ်။

ဒါကြောင့် အနုပုထုဇန်အဖြစ်မှလွှတ်၍ ကလျာဏပုထုဇန် ဖြစ်ကြစေရန် ရူပ်,နာမ်,ခန္ဓာ တို့ကို အကျဉ်းနည်းဖြင့် အသိုက် အလျှောက် နားလည်သိရှိရမှာဖြစ်ပါတယ်။

စူဠသောတာပန်

ရူပ်,နာမ်,ခန္ဓာ တို့ကို ပြုခဲ့ပြီးတဲ့အတိုင်း အသိုက်အလျှောက် သိရှိပါက "ကလျာဏပုထုဇန်ပုဂ္ဂိုလ်" ဟုဆင်း၊ သောတာပန်နဲ့ အသိအမြင် တူသောကြောင့် "စူဠသောတာပန်ပုဂ္ဂိုလ်" ဟုဆင်း၊ ဒီအတိုင်းသာ စဲမြဲစွာ ရှုဆင်ခြင်သွားလျှင် ဒီဘဝဌာပင် မဂ်,ဖိုလ်ကို ရနိုင်ခြင်းကြောင့် "သောတာပတ္တိဖလသစ္စိကိရိယပုဂ္ဂိုလ်" ဟုဆင်း၊ သောတာပန်နဲ့ ဥာဏ်အမြင်တူ သောကြောင့် "ဒဿနသမ္ပန္နပုဂ္ဂိုလ်" ဟုဆင်း၊ အမြိုက်နိဗ္ဗာန် တံခါးဝသို့ ဆိုက်ရောက်နေသောကြောင့် "အမတဒ္ဒါရအာဟစ္စပုဂ္ဂိုလ်" ဟုဆင်း ဒီလို ဂုဏ်ထူးပေါင်းများစွားနဲ့ ပါဠိအဋ္ဌကထာ ဋီကာတို့မှာ ဂုဏ်ပြုထားဒါ ရှိပါတယ်။ (အားရဘွယ်)

သစ္စာ ၄-ပါးမဲ့ပုံ

အရိယာနိ သစ္စာနိတိ အရိယသစ္စာနိ။

အရိယာနိ၊ အရိယအဖြစ်ကို ပြီးစေတတ်ကုန်သော။ သစ္စာနိ၊ သစ္စာတို့တည်း။ ဣတိ၊ ထို့ကြောင့်။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ မည်ကုန်၏။

ပရမတ္ထတရား ၄ ပါးတို့တွင် မဂ်စိတ် ၄-ပါးကို ဖယ်ထား၊ ကျန်စိတ် ၈၅-ပါး၊ လောဘစေတသိက်ဖယ်ထား၊ ကျန်စေတသိက် ၅၁-ပါးနဲ့ ရုပ်အားလုံးကို "ဒုက္ခသစ္စာ" ဖွဲ့ရပါတယ်၊ တဏှာလောဘကိုတော့ "သမုဒယသစ္စာ"ဖွဲ့ရပါတယ်၊ နိဗ္ဗာန်ကိုတော့ "နိရောဓသစ္စာ" ဖွဲ့ရပါတယ်၊ မဂ်စိတ် ၄-ပါးမှာပါတဲ့ မဂ္ဂင်တရားကိုယ် ၈-ပါးကိုတော့ "မဂ္ဂသစ္စာ"ဖွဲ့ရပါတယ်။

ရှိရှိသမျှ သဘာဝတရားတို့ကို စုစည်းပြီးကာ အဆိုညွှန်၍ စစ်ထုတ်လိုက်တဲ့အခါ ဒီပရမတ္ထတရား ၄-ပါးသာရှိကြောင်း သိရပါမယ်။ တခါ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဖွဲ့စည်းပုံအခြင်းအရာတို့နဲ့ ဖွဲ့စည်းလိုက်ပြန်တော့လဲ အပိုအလိုမရှိ၊ ပကတိသဘာဝအရ အုံ့ဝင်ခွင်ကျ ဖြစ်သွားရပါတယ်။

ဘယ်သူသိမှာလဲ

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊ ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ။
တေသံသဘာဝမမ္မာနံ၊ နာမမတ္တံ နနုဿတိ။

ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်းဟူသော နေမင်းကြီးသည်။ အနုဂ္ဂတေ၊ မထွက်ထွန်း မပေါ်ပေါက်လာခဲ့သည်ရှိသော်။ ဗုဒ္ဓစန္ဒေ၊ ဘုရားတည်းဟူသော လမင်းကြီးသည်။ အနုပ္ပန္နေ၊ မဖြစ်ထွန်းမပေါ်ပေါက်လာခဲ့သည်ရှိသော်၊ တေသံ သဘာဝ မမ္မာနံ၊ ထိုအဟုတ်ရှိ တကယ်ရှိ ပရမတ္ထသဘောတရားတို့၏။ နာမမတ္တံ၊ ရုပ် နာမ်ဆိုတဲ့ အမည်မျှကို။ နနုဿတိ၊ သိနိုင်ရမည်မဟုတ်ပါခြင်းကား။

အားရဘွယ်

သယံဗုဒ္ဓေါ သမ္ဗောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္ထိယော။
အဟောနော တသ သုတတ္တံ၊ အဟောနော ဓမ္မစိန္တနံ။

ယောဇီနော၊ မကိုင်ခိုရောင်လျှံ ဥဿျောင်ပျံ့ဝယ် အောင်လုံ့စွင့်စွင့်လှုပ်ရှားလူလူ အကြင်အောင်တော်မူသော မြတ်ဘုရားသည်။ ဓမ္မေပိ၊

ရှေ့နောက်စဉ်လျှက် ဖြစ်တိုင်းပျက်၍ ဆက်ဆက်မနော တရားသဘော တို့ကိုဋ္ဌင်း။ ဓမ္မသတ္တိယောပိ၊ ဘုရားတိုင်း၏ ဓာတ်ခံပြည့်လျက် သတ္တိ အင်အား စွမ်းပကားတို့ကိုဋ္ဌင်း။ သယံဗုဒ္ဓေါ၊ ဗောဓိမဏ္ဍိုင် ခမ်းဝါ မြို့ဝယ် ကိုယ်တိုင်စဉ်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍။ သမ္ဘောဒေသိ၊ သိတန်သမျှ ဝေနေယျကို မြက်ဟလုစ်ဘော် သိစေတော်မူခဲ့ပေပြီ။ တဿ ဇိနဿ၊ အောင်မြေနက်သန် ဗောဓိမဏ်ဝယ် အောင်လံစုံ့စုံ့ လှုံ့တလှူလှူ ထို အောင်တော်မူမြတ်ဘုရား၏။ သုတဟ္ဘိ၊ တရားခမ္ဘာ သြဝါဒကို ကြားရ ရှင်ပျော် သား၊ သမီးတော် ဖြစ်ရခြင်းသည်။ အဟေ၊ နော၊ ကိုယ်တွက် ကိုယ်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ်မှာခုနှယ်။ သြော်.... ဝမ်းမြောက် ဘွယ်ကြီး ပါတကား။ ဓမ္မဝိန္ဒုနံ၊ ဓမ္မသက်သက် ရှေ့နောက်ဆက်၍ ဖြစ် ပျက်နေဟန် ကြောင်းကျိုးမှန်ကို ဖန်ဖန်ခဲ့ဝေ ကြံစိုရှာနေရခြင်းသည်။ အဟောနော၊ ကိုယ်သဏ္ဌာန်တွင်း ဥာဏ်ရောင်လင်းရှိ ရှင်းကာရှင်းကာ သြော်... အားရဘွယ်ကြီးပါတကား။

ပုဂ္ဂိုလ် ၄ - စား နဲ့ ကျင့်နည်း ၄ - ပါး

(၁) ဥဿဒ္ဓိတည်သူ့ပုဂ္ဂိုလ် အကျင့်ပြကာမျှဖြင့် တရားကို သိ သောသူ။

(၂) ဝိပဉ္စိတည်သူ့ပုဂ္ဂိုလ် အကျယ်ဝေဘန်ပြမှ တရားကို သိ သောသူ။

(၃) နေယျပုဂ္ဂိုလ် အကျဉ်း အကျယ် ဆောင်၍ ဟောကြား ဆုံးမမှ တရားကို သိသောသူ။

(၄) ပဒပရမပုဂ္ဂိုလ် ဒီဘဝမှာ စျာန်,မဂ်,ဖိုလ်ကို မရ ပါရမီ မျှသာ ဖြစ်သောသူ။

ဒီလို စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် ပုဂ္ဂလဝဂ် ဥဿဒ္ဓိတည်သူ့ပုဂ္ဂိုလ် ၄-စား ခြားနားဟောထားပါတယ်။

(၁) ဥဿဒ္ဓိတည်သူ့ပုဂ္ဂိုလ်သည် ဒိဋ္ဌိစရိုက်ရှိ၍ ဥာဏ်ထက်၏၊ ပညာနှေးစေတသိက်နှင့် ယှဉ်၏၊ တနည်း၊ ပညာအားရှိ၏၊

ချမ်းချမ်းသာသာကျင့်ရ၏၊ မဂ်တရားကို မြန်မြန်သိ၏၊ သစ္စာ ၄-ပါးကို အခြေပြု၍ အဝိဇ္ဇာရဲ့ ကင်းရာ ကင်းကြောင်းဖြစ်တဲ့ အရဟတ္တဖိုလ်ပညာဖြင့် ဝဋ်မှ ထွက်မြောက်၏၊ မဂ်ကိုဆိုက်စေတတ်တဲ့ သုတမယ စိန္တာမယ ဉာဏ် ၂-ပါးကို အခြေခံလျက် ဝိပဿနာသို့တက်၍ မဂ်ဖိုလ် နိဗ္ဗာန်ကို လျှင်မြန်စွာ ရနိုင်၏၊ "ဝိပဿနာ" အလုပ်ကိုသာ ညွှန်ကြား၏။

(၂) ဝိပဋ္ဌိတည်းပုဂ္ဂိုလ်ကား (၁)ဒိဋ္ဌိစရိုက်ရှိတဲ့အကောင်းစား (၂) တဏှာစရိုက်ရှိတဲ့ အညံ့စား ၂-မျိုး ခြားနားပါတယ်၊ (၁) နံပါတ် အကောင်းစားမှာ ဒိဋ္ဌိစရိုက် ရှိ၍ ဉာဏ်နဲ့၏၊ စိရိယိန္ဒြေစေတသိက်နှင့် ယှဉ်၏၊ တနည်း၊ ဝီရိယ လုံ့လအားရှိ၏၊ ချမ်းချမ်းသာသာ ကျင့်ရ၏၊ မဂ်ကို နှေးနှေးသိ၏၊ "သမ္ဘပခန်" ၄-ပါးကို အမှီပြု၍ အဝိဇ္ဇာ၏ ကင်းရာကင်းကြောင်း ဖြစ်တဲ့ အရဟတ္တ ဖိုလ်ပညာဖြင့် ဝဋ်မှထွက်မြောက်၏၊ "စိန္တာမယဉာဏ်" မရှိ၊ "သုတမယဉာဏ်"ကိုသာ အခြေခံလျက် ဝိပဿနာတက်၍ မဂ်ဖိုလ်ကို လျှင်မြန်စွာ ရနိုင်၏။

ဒီ ဉဿဒိဋ္ဌိတည်းနဲ့ ဝိပဋ္ဌိတည်း အကောင်းစား ၂-ပါးတို့ကား အစကသာ ကာမဂုဏ်အလိုမရှိဘဲ ဝိပဿနာကို ရှေ့ရှု အားထုတ်ပါမူ "ဒိဋ္ဌိနဲ့ အဝိဇ္ဇာ"ကို သတ်တဲ့ သီဟဝိက္ခိဒ္ဓိတနည်းဖြင့် ဝဋ်မှထွက်မြောက်နိုင်၏၊ "အဓိပညာသိက္ခာ"ကို ပညတ်၏။

(၃) နံပါတ် ဝိပဋ္ဌိတည်းပုဂ္ဂိုလ်အညံ့စားမှာ တဏှာစရိုက်ခိုရှိ၍ ဉာဏ်ထက်၏၊ သမာဓိန္ဒြေစေတသိက်နဲ့ ယှဉ်၏၊ တနည်း သမာဓိအားကောင်း၏၊ ဆင်းဆင်းရဲရဲ ကျင့်ရ၏၊ မဂ်တရားကို မြန်မြန်သိ၏၊ "စျာန်"တရားကိုအခြေခံ၍ ရာဂ-ကင်းရာ ကင်းကြောင်းဖြင့်တဲ့ အရဟတ္တ ဖိုလ်သမာဓိဖြင့် ဝဋ်မှထွက်မြောက်၏၊ အမှီစိတ္တသိက္ခာကိုပညတ်၏။

ဒီနေရာမှာ ခြားနားချက် ဝိပဿနာတည်။ အကောင်းစားမှာ "ဒိဋ္ဌိ" စရိုက် ရှိ၍ "ဝိပဿနာကိုညွှန်း၏၊ အညံ့စားမှာ " တဏှာ " စရိုက် ရှိ၍ "သမထ"ကို ညွှန်း၏။

(၄) နေယျပုဂ္ဂိုလ်သည် " တဏှာ " စရိုက်ရှိ၍ ဥာဏ်နှင့် " သတိ " စေတသိက်နှင့်ယှဉ်၏။ တနည်း၊ သတိအား ကောင်း၏၊ ဆင်းဆင်းရဲရဲကျင့်ရ၏၊ မဂ်တရားကို နှေးနှေး သိ၏၊ "သတိပဋ္ဌာန်" ၄-ပါးကိုအခြေခံ၍ ရာဂ ကင်းရာ ကင်းကြောင်း ဖြစ်တဲ့ အရဟတ္တဖိုလ်သမာဓိဖြင့် ဝင်္ဂမ္ပ ထွက်မြောက်၏၊ " အဓိသီလသိက္ခာ " ကို ပညတ်၏၊ "သမထ "ကို ညွှန်း၏။

ဒီနေရာမှာ တဏှာစရိုက်ရှိတဲ့"ဝိပဿနာတည်။"အညံ့စားနဲ့"နေယျ" ပုဂ္ဂိုလ်ဘို့မှာ ကာမဂုဏ်ကိုမစွန့်ဘဲ ခံစားလျက် "သမထ" ကို ရှေ့သွား ပြု၍ "ဝိပဿနာ"သို့ တက်တဲ့ " နန္ဒိယာဝဋ္ဋ " နည်းဖြင့် ကာမတဏှာ ဘဝတဏှာ ၂-ပါးကို "သီလ-သမာဓိ" ၂-ပါးနှင့်သတ်၍ ဝင်္ဂမ္ပ ထွက် မြောက်၏။

(မှတ်ချက်) ပဒပရမပုဂ္ဂိုလ်လဲ ဒီနည်းကိုဘဲ အားထုတ်သင့် ပါတယ်။

ဒီလို နေတ္ထိပါဠိတော် အဋ္ဌကထာတို့မှာ ညွှန်ပြထားဒါကို သတိ ထားပြီး ဆောင်ရွက်ကြမှ အမှန်ရမှာဖြစ်ပါတယ်၊ ဒါခြင်္ဂာင့် "မန်လည်-လယ်တီ" စတဲ့ ဆရာတော်ကြီးများက ယခုခေတ် သာသနာနောက်ပိုင်း မှာ "နေယျ" ပုဂ္ဂိုလ်သာ များသောအားဖြင့် ရှိတယ်လို့ ယူဆတော် မူကြပါတယ်။

ဘာကြောင့်ဆိုသော် ယခုကာလ ဆုတ်ကပ်သို့ကျလျှင် "ကာလ ဝန္ဓ"ဖြစ်တဲ့ ပုဂ္ဂိုလ်များလဲ အသိဉာဏ် ဆုတ်ယုတ်ရုံမြဲ ဓမ္မတာ ဖြစ်တဲ့ အတွက် သိရုံနဲ့ မပြီးသေးဘဲ သိတဲ့အတိုင်းကျင့်မှ ပြီးမယ် ဆိုဒါ လက်ခံ ကျင့်သုံးရမှာ ဖြစ်ပါတယ်။

ကျွတ်ထိုက်သူရဲ့ ဂုဏ် ၄-ပါး

(၁) သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်လိုသည်ဖြစ်၍ နိဗ္ဗာန်သို့ ကိုင်းရှိုင်းသက်ဝင်ခြင်းဟူသော "ဟက္ခနန္ဒ" ဂုဏ်။

(၂) ကြည်ညိုခြင်းဟူသော ' ပသာဒဂုဏ်။

(၃) ကောင်းစွာတည်ခြင်းဟူသော "သံဝိတ" ဂုဏ်။

(၄) အလွန်အထူးအားဖြင့် နှလုံးသွင်းခြင်းဟူသော "အဓိမုတ္တိ" ဂုဏ်၊

ဒီလို ဧဝံယပိဋ္ဌက အဋ္ဌကထာ က ကျွတ်ထိုက်တဲ့ "ဓဝနေယျ" မျိုးရဲ့ ဂုဏ်အင်္ဂါ ၄-ပါး ပြထားပါရှိရာ မိမိမှာ ဘယ်အင်္ဂါ ချို့နေသလဲ လို့နေသေးတဲ့ ဂုဏ်အင်္ဂါကို ဖြည့်ပေးဘို့လိုပါလိမ့်မယ်။

၀

မတ္တ ဇာနေယျ ပဏ္ဍိတော

ပဏ္ဍိတော၊ ပညာရှိသူ မှန်ကပမူကား။ မတ္တ၊ မိမိနှင့်တန်မတန် သင့်,မသင့် နှိုင်းချင့်စာနာ ရာ,မရာကို၊ ဇာနေယျ၊ သမ္ပဇဉ်ရှိ,ထားစဉ်းစားခါခါ သံကြရာ၏။

ပါရမီစောင့် နဲ့ တရားစောင့်

ဒီနေရာမှာ (၁) ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက အချို့ ပုဂ္ဂိုလ်များကျတော့ တရားတော်ကို နားကြားခါမျှနဲ့ မဂ်,ဖိုလ် ရသွားကြသူများကား ဘဝအဆက်ဆက်က ပါရမီဖြည့်ပြီးသား၊ ကျွတ်လွတ်ထိုက်တဲ့ တရားမတ္တေသေးလို့ ပါရမီက တရားကိုစောင့်နေရတဲ့ ပုဂ္ဂိုလ်မျိုးလို့ မှတ်ယူရပါမယ်။

(၂) အချို့ ပုဂ္ဂိုလ်များကျတော့လဲ နှစ်ပေါင်းများစွာ မအိပ်မနေ ကြိုးစားမှ မဂ်,ဖိုလ် ရကြသူများကား တရားလက်ရှိနဲ့ ပြည့်သေးတဲ့ ပါရမီကို တရားက စောင့်နေရတဲ့ပုဂ္ဂိုလ်မျိုးလို့ မှတ်ယူရပါမယ်။

ဒါကြောင့် မဂ်,ဖိုလ် ရရေးကို တကယ်လိုလားပါလျှင် ဘာတွေ့ညာတွေ့ တွေးမနေဘဲ မှန်ကန်တဲ့ဆရာကိုရှာ ဟုတ်မှန်တဲ့တရားကို (ဗိုလ်ချုပ်အောင်ဆန်း သေခါနီးပြောသွားသလို နှစ်ရှည်လများ စိမ်းကိန်းအစားစားနဲ့ ထူထောင်လို့ ကြီးပွားနေတဲ့ သူများတိုင်းပြည်ကို တုန်လို့ မဖြစ်ဘူး၊ အခုမှစပြီး ထူထောင်ရမှာဖြစ်တဲ့ အတွက် ဇွဲနဲ့ မဲနဲ့ ပြဲအောင်လန်အောင်လုပ်မှ တော်ခါကျမယ်) ဆိုသလို ကြိုးကြိုးစားစား အားထုတ်ရမယ်ဆိုဒါ နားလည်ရမှာ ဖြစ်ပါတယ်။

ဘောင်မလွှတ်ပါစေနဲ့

ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ "သာသနာ" ဆိုဒါ သီလ, သမာဓိ, ပညာ, ဆိုတဲ့ သိက္ခာ ၃ ပါးသာ ဖြစ်ပါတယ်၊ မဂ္ဂင် ၈-ပါးကို ဒီသိက္ခာ ၃-ပါးနဲ့ ဘောင်ခပ်လိုက်လျှင် သီလမဂ္ဂင်, သမာဓိမဂ္ဂင်, ပညာမဂ္ဂင် ရယ်လို့ ၃-မျိုး ခြားနားလာဒါကို တွေ့ရပါလိမ့်မယ်။

တကယ်လိုလားတဲ့ လူများအဖို့ဆိုလျှင် မဂ္ဂင်ဘောင် အတွင်းက မိမိနဲ့သင့်လျော်တဲ့ တရားကို ဆင်ခြင်ခါမျှဖြင့် သိက္ခာ ၃-ပါး အလိုလို ပြီးစီးကြောင်းကို ပဋ္ဌိသမ္ဘိဒါမဂ်မှာ ဖွင့်ပြထားဒါရှိပါတယ်။

ပဋ္ဌာဘာဂမဂ်အကျိုး ၇-ပါး

ပဋ္ဌာဘာဂမဂ်လို့ဆိုရတဲ့ မဂ္ဂင်တရားပွားများသူများမှာ....

(၁) ဝိပဿနာ မဂ်,ဖိုလ်ဆိုတဲ့ ဝိသုဒ္ဓိတရား ၇-ပါးကို ရနိုင်ခြင်း။

(၂) သောက စိတ်နှလုံးပူပန်ရခြင်းမှ လွှန်မြောက်နိုင်ခြင်း။

(၃) ပရိဒေဝ ငိုကြွေးမြည်တွန်းရခြင်းမှ လွှန်မြောက်နိုင်ခြင်း။

(၄) ဒုက္ခ ကိုယ်ဆင်းရဲရခြင်းမှ ချုပ်ငြိမ်းနိုင်ခြင်း။

(၅) ဒေါမနဿ စိတ်ဆင်းရဲရခြင်းမှ ချုပ်ငြိမ်းနိုင်ခြင်း။

(၆) မဂ်တရားတို့ကို ရနိုင်ခြင်း။

(၇) နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း။

ဒီ အကျိုး(၇)ပါးကို ကေန်မုချ ရနိုင်ကြောင်းကို ဗုဒ္ဓမြတ်စွာက မဟာသတိပဋ္ဌာနသုတ်တော်မှာ ဟောတော်မူထားပါတယ်။

ဘယ်တရားပွားများကြမလဲ

ဒီနေရာမှာ မိမိစရိုက်နဲ့မကိုက်ညီလျှင် တရားမရနိုင်ပုံ သာဓကကို ထုတ်ပြချင်ပါတယ်၊ တခါတုံးက ပညာထူးချွန် (တေဒဂ်)ဘွဲ့ရ ရှင်သာရိပုတ္တရာက သူ့တပည့်ရဟန်းကို အသုဘကမ္မဋ္ဌာန်းပေးရာ အချိန်သာ ကုန်သော်လဲ တရားထူးမရသဖြင့် မြတ်စွာဘုရားအား လျှောက်ထားအပ်နှင်းရာ မြတ်စွာဘုရားက ဆင်ခြင်ခါ ပုဂ္ဂိုလ်စရိုက်နဲ့ကိုက်ညီတဲ့ ကြည်လင်သန့်ရှင်း ပန်းရနံ့သင်းစေတဲ့ ရေကန်ကြီးဘန်ဆင်းလျက် ရှုမျှော်ခိုင်းရာ အလှဆုံးဖြစ်တဲ့ ကြာပန်းကြီးကို စူးစိုက်မိပြီး ကြာပန်းကြီး ညှိုးသွားဒါကို သံဝေဂယူလျက် တရားထူး ရသွားဘူးပါတယ်။

ဘာကြောင့်ဆိုသော် ရဟန်းမှာ ဘဝများစွာက လှုပတင့်တယ်ရှချင်ဘွယ်ရာဖြစ်တဲ့ ရွှေပန်းတိမ်သည် လုပ်ခဲ့ဘူးရာ ရှုန့်ရင်းကြမ်းထန်းတဲ့ အာရုံနဲ့ မတည့်တဲ့အတွက် တရားထူးမရနိုင်ခြင်းဖြစ်ပါတယ်၊ ဒါကြောင့် "လူနေချုံကြား စိတ်ထားတာဝတီသာ" လုပ်နေလို့မဖြစ်၊ မိမိဘို့ ဖြစ်လာရတဲ့ ဆုတ်ကပ်ဘာလမှာ ကိုယ့်စရိုက်နဲ့ ကိုက်ညီတဲ့အလုပ်မှ ရည်မှန်းချက်ပန်းတိုင်ကို ဆွယ်ခူးနိုင်မှာ ဖြစ်ပါတယ်။

(အကျယ်သိလိုက ပဓာနပါရဂူကျမ်းမှာရှုပါ)

အမတန္ဓေသံ ဘိက္ခဝေ အပရိဘုတ္တံ၊
ယေသံ ကာယဂတာသတိ အပရိဘုတ္တာ။

(ကေအင်္ဂုတ္တိုရ်ပါဠိတော် ကေဓမ္မဝဂ် အန္ဓောဝါဒသုတ်)

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုပြား အို.... သူတော်စင်မျှားတို့။ ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းအလုပ်သည်။ အပရိဘုတ္တာ၊ မသုံးဆောင်ရ။ တေသံ၊ ထိုသူတို့အား။ အမတံ၊မသေရာမှန် အမြိုက်နိဗ္ဗာန်တည်းဟူသောအရသာကို။ အပရိဘုတ္တံ၊ သုံးဆောင်ရသည်မမည်။

အမတန္တေသံ ဘိက္ခဝေ ပရိဘုတ္တံ၊
ယေသံ ကာယဂတာသတိ ပရိဘုတ္တာ။

(၄င်း)

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုပြား အို.... သူတော်စင်မျှားတို့။ ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းအလုပ်သည်။ ပရိဘုတ္တာ၊ သုံးဆောင်ရ၏။ တေသံ၊ ထိုသူတို့အား။ အမတံ၊မသေရာမှန် အမြိုက်နိဗ္ဗာန်တည်းဟူသောအရသာကို။ ပရိဘုတ္တံ၊ သုံးဆောင်ရသည်မည်၏။

အမတန္တေသံ ဘိက္ခဝေ ဝိရဒ္ဓံ၊
ယေသံ ကာယဂတာသတိ ဝိရဒ္ဓါ။

(၄င်း)

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုပြား အို.... သူတော်စင်မျှားတို့။ ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းအလုပ်သည်။ ဝိရဒ္ဓါ၊ ချွတ်ချော်၏။ တေသံ၊ထိုသူတို့အား။ အမတံ၊ မသေရာမှန် အမြိုက်နိဗ္ဗာန်ကြီးကို။ ဝိရဒ္ဓံ၊ ချွတ်ချော်သည်မည်၏။

အမတန္တေသံ ဘိက္ခဝေ အဝိရဒ္ဓံ၊
ယေသံ ကာယဂတာသတိ အဝိရဒ္ဓါ။

(၄င်း)

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုပြား အို.... သူတော်စင်မျှားတို့။ ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်း အလုပ်သည်။ အဝိရဒ္ဓါ၊ မချွတ်မချော်။ တေသံ၊ ထိုသူတို့အား။ အမတံ၊ မသေရာမှန် အမြိုက်နိဗ္ဗာန်ကြီးကို။ အဝိရဒ္ဓံ၊ ချွတ်ချော်သည်မမည်။

ဒီနေရာမှာ မြတ်စွာဘုရားက ဘာကြောင့် ဟောပါသလဲဆိုတာ သတ္တဝါတိုင်းရဲ့ လိုအင်ဆန္ဒဟာ ကြောက်ရွံ့ထိပ်လန့်ဘွယ်အပြစ်ကို မြင်မှ လွတ်မြောက်လိုခြင်းကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် ယခုခေတ် ဆုတ်ကပ်ကာလ သာသနာနောက်ပိုင်း ကျတဲ့အခါ ပညာနဲ့တဲ့ သူများအတွက် မောဟစရိုက်နဲ့ ဝိတက်စရိုက်များနဲ့ အသင့်လျော်ဆုံးဖြစ်တဲ့ "အာနာပါနကမ္မဋ္ဌာန်း"ကို ဆရာ့ဆရာသာထက်သာများက ညွှန်ကြားပြသ အားထုတ်ပေးခြင်း ဖြစ်ကြပါတယ်။

အာနာပါနကမ္မဋ္ဌာန်းအားထုတ်နည်း

(၁) အာနာပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ၊ စတ္တာရောသတိပဋ္ဌာနေ ပရိပူရေန္တိ။

(၂) စတ္တာရောသတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ၊ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။

(၃) သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ၊ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။
(ဥပရိပဏ္ဏာသပါဠိတော်-အနုပဒဝဂ်-အာနာပါနသတိသုတ်)

(၁) ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုကြား သူတော်စင်များတို့၊ အာနာပါနာသတိ၊ အာနာပါနသတိ ကမ္မဋ္ဌာန်းသည်၊ ဘာဝိတာ၊ ပွားများသည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာပွားများသည်ရှိသော်။ စတ္တာရောသတိပဋ္ဌာနေ၊ သတိပဋ္ဌာန်လေးပါးတို့ကို၊ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

(၂) စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးသောသတိပဋ္ဌာန်တရားတို့သည်၊ ဘာဝိတာ၊ ပွားများသည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာ ပွားများကုန်သည်

ရှိသော်။ သတ္တဟောဗျော်၊ ဟောဗျောင်ခုနစ်ပါးတို့ကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

(၃) သတ္တဟောဗျော်ကား၊ ဟောဗျောင်ခုနစ်ပါးတို့သည်၊ ဘာဝီတာ၊ ပွားများကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပွားများကုန်သည်ရှိသော်။ ဝေဒေါဝမုတ္တာ၊ လောကုတ္တရာ ဝိဇ္ဇာဝလေးပါး ဝိမုတ္တိလေးပါးကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

ဒီပါဠိတော်ရဲ့ဆိုလိုရင်းကတော့ ဟောမိုပကွိယာဘရား(၃၇)ပါးတို့ကို သတိပဋ္ဌာန် ဟောဗျောင်၊ မဂ်ဆိုတဲ့ ဝိဇ္ဇာ၊ ဖိုလ်ဆိုတဲ့ ဝိမုတ္တိတို့ဖြင့် သိမ်းကြုံး၍ ဟောတော်မူခြင်း ဖြစ်ပါတယ်။

ဒါကြောင့် အာနုဘပါန ကမ္မဋ္ဌာန်းအလုပ် ပွားများအားထုတ်ပါက အလုံးစုံသော ဟောမိပကွိယာဘရား(၃၇)ပါးကို ပွားများမှု အကုန်ပြီးစီးတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ရှေးဦးအစ ကိုယ်ကိုသိမ်းဆည်းရပုံ

ရှေးဦးစွာ ခြေ၊လက်၊ပါးစပ် စတဲ့ ကိုယ်အင်္ဂါများကို သန့်ရှင်းစင်ကြယ်အောင် ပြုပြင်ရပါမယ်၊ နောက် ယောဂျီးများက ဘယ်ခြေကအောက်၊ ညာခြေကအသက်၊ တနည်း၊ ဘယ်ခြေကအတွင်း၊ ညာခြေကအပြင်ထားပြီးခွေတဲ့ "မဟာပလ္လင်ခွေ"၊ မိန်းမများက ညာခြေကိုခွေ၍ ဘယ်ခြေက ဒူးတုပ်ခါ ဘယ်ဒူးစွန်းနဲ့ ညာခြေမစွန်း အပ်လျက်ထားပြီး ခွေတဲ့ "အဖုပလ္လင်"ခွေ၊ ရှေ့တည့်တည့်ပလ္လင်ခွေပေါ်မှာ ဘယ်လက်ကို ဖြန့်ခင်းပြီး ညာလက်ကထပ်တင်၊ လက်မထိပ်ချင်းထိထား၊ ခါးကို ခပ်စန့်စန့် ဇက်ကိုမငေါ့မငဲ့ မဲတင်းမထားဘဲ လျှော့ချထား၊ အာရုံငါးပါးစိတ်မသွားရအောင် မျက်စေ့မှိတ်ထားပြီး မလှုပ်မယှက် ငြိမ်သက်စွာထားခြင်းကို "ကာယပရိဂ္ဂဟ"ကိုယ်သိမ်းဆည်းခြင်းဟု မှတ်ရပါမယ်။

(မှတ်ချက်) ။အားထုတ်ခါစ "အာဒီကံမ္မိက"ပုဂ္ဂိုလ်များအဘွက် ညွှန်ကြားခြင်း ဖြစ်ပါတယ်၊ ဘာဝနာအဝါးဝ၍ အသားကျလာတဲ့အခါကျရိယားပုထ်လေးပါးတို့ဖြင့်လဲ အားထုတ်နိုင်ပါတယ်။

ဒုတိယစိတ်ကိုသိမ်းရပုံ

ဒီလို အချိုးကျကျ ထိုင်ပြီးပါက ဝင်လေထွက်လေဖြင့်ရှု ထင်ရှားရှုဖြစ်တဲ့ နှာခေါင်းဝ အပေါက်နှစ်ခုအကြား အကားရဲ့ ရှေ့တည့်တည့် အထက်နှုတ်ခမ်းဖျား မြောင်းရှင်းနားမှာ လက်တသစ်ခန့်မှာ လေတိုးထိရာဌာန နှာခေါင်းဝတွင် "သတိ" ကို ခိုင်မြဲစွာထားခြင်းကို "စိတ္တပရိဂ္ဂဟ" စိတ်ကိုသိမ်းဆည်းခြင်းဟု မှတ်ယူရပါမယ်၊

အာနာပါနအလုပ် အားတုတ်ပုံ

ဒီလို လေတိုးထိရာဌာန နှာခေါင်းဝမှာ "သတိ" ထားလျက် (တမင်လာမရှူ၊ရှိုက်ပဲ) ပကတိသဘာဝ ဝင်ထွက်နေကြတဲ့အတိုင်း ဖြစ်တဲ့လေတို့ကို ရှုမှတ်တဲ့အခါ ဆေးလိပ်မီးခိုးများ ဝင်ထွက်နေဒါလို ပူပူ အေးအေး နွေးနွေးဇွဲ့ဇွဲ့ ထိထိပြီးသွားတဲ့ အတွေ့ကလေးကို မမေ့လျော့တဲ့ သတိတရားနဲ့ လေတိုးဒါနဲ့ ရှုမှတ်တဲ့စိတ်ဟာ မကွာစေဘဲ (ပစ္စုပ္ပန်ကာလ) တည့်တည့်ကျအောင် ရှုမှတ်ရမှာ ဖြစ်ပါတယ်။

ရှုမှတ်တဲ့အခါ "ဝင်လေ"ထိပြီးဝင်တာနဲ့ မှတ်စိတ်က ဝင်လေလို့ မှတ်တာနဲ့ "ထွက်လေ"ထိပြီးထွက်တာနဲ့ မှတ်စိတ်က ထွက်လေလို့ မှတ်တာနဲ့ တထပ်ထဲကျအောင် မှတ်သားခြင်းကို ဆိုလိုပါတယ်။

ဒါပေမဲ့ အသားမကျသေးခင် ဘာဝနာဝါး မဖြစ်သေးခင်မှာတော့ လေကရှေ့က မှတ်စိတ်ကနောက်က အံဝင်ခွင်ကျ မဖြစ်ပဲ လွဲချော်နေခြင်း မမှတ်မိလိုက်ခြင်းများ ဖြစ်နေပါသေးတယ်၊ ရှုမှတ်မှ

မျှားပြီး အသားကျလာတဲ့အခါမှ တိကျပြတ်သားစွာ အုံ့ဝင်ခွင်ကျ ဖြစ်လားပါလိမ့်မယ်၊ ဒီလို ရှုမှတ်နေခြင်းကို ပါဠိတော်နည်းလို့ မှတ်ရပါမယ်။

အဌကထာနည်း

ပါဠိတော်နည်းအရ နှာခေါင်းဝမှာ စိတ်ထားကာ ရှုမှတ်လို့ အသားကျလာတဲ့အခါ စိတ်ရဲ့ကျယ်ပြန့်မှုရပြီး အာရုံတပါးသို့ ထွက်သွားတတ်တဲ့အတွက် "ဓညမာမက"ခေါ်တဲ့ (စပါးချင်နည်း) နှေးနှေး ရေတွက်နည်းဖြင့် ဝင်လေထွက်လေတစုံကို စိတ်ထဲက "တစ်"လို့ မှတ်ပါ။ ဒီအတိုင်း ၂–၃–၄–၅–၆–၇–၈ အထိရေတွက်ပြီး ၎င်းကို "တဝါရ" တကြိမ်လို့ မှတ်ပါ။

ဒီလို (၁)မှ (၈) ရောက်တိုင်း (၁)မှစပြီး ရေတွက်ရပါမယ်၊ ဘယ်လောက်ကြာအောင် ရေတွက်နေရမလဲဆိုလျှင် စိတ်မငြိမ်မခြင်း ရေတွက်နေရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီရေတွက်တဲ့(ဂဏန)နည်းဟာ စိတ်ပျံ့လွင့်မှုကို ပယ်ဖြတ်ကာ တည်ငြိမ်မှုကို ရရှိခြင်းအကျိုးရှိပါတယ်။

ရေတွက်ပုံအစီအစဉ်

ဝင်လေ,ထွက်လေ တစ်၊ ဝင်လေ,ထွက်လေ နှစ်၊
ဝင်လေ,ထွက်လေ သုံး၊ ဝင်လေ,ထွက်လေ လေး၊
ဝင်လေ,ထွက်လေ ငါး၊ ဝင်လေ,ထွက်လေ ခြောက်၊
ဝင်လေ,ထွက်လေ ခုနှစ်၊ ဝင်လေ,ထွက်လေ ရှစ်၊

(တဝါရ)

ဒီလို ရေတွက်နေတဲ့အခါ အာရုံခြောက်ပါးတို့တွင် တပါးပါးသို့ ရင်း "နိဝရဏ" ၅ ပါးတို့တွင် တပါးပါးသို့ရင်း၊ "အကုသလစိတက်" ၃-ပါးတို့တွင် တပါးပါးသို့ရင်း စိတ်ရောက်သွားလျှင် သို့မဟုတ် ၃-လေ လား၊ ၄–လေလား စသည်ဖြင့် မှားနေလျှင် ၁, မှစပြီး ရေတွက်ရပါ

မယ်၊ ၀ါရကျိုး ၀ါရပေါက်၊ ၀ါရပျက် (သံသယ၀ါရ)လို့ မှတ်ရပါမယ်၊ ကာယ၀ိညတ် ၀စီ၀ိညတ်ခေါ်တဲ့ ကိုယ်လှုပ်ရှားခြင်း နှုတ်လှုပ်ရှားခြင်းမှာကား ၀ါရဟူ၍မျှ မဆိုရတော့ပါ။

ဒါကြောင့် ကိုယ်နှုတ်အမူအရာတို့ကို ငြိမ်သက်စွာထားပြီး ပွားများရပါမယ်၊ ပွားများလို့ ၁ မှ ဂ,အထိ အနှောင့်အယှက်မရှိ အောင်မြင်သွားပါလျှင် သန္ဓိဌာနဝါရ ၀ါရကောင်းဟု မှတ်ယူရပါမယ်၊ ဒီလို ရေတွက်နေခိုက် တစုံတခုသော အသံကိုကြားရာ ဘာသံပါလိမ့်စသည်ဖြင့် မစုံစမ်း မဆင်ခြင်ဘဲ ကြားကာမျှသာဖြစ်လျှင် (အာဝဇ္ဇန)၀ါရမပျက်သေးပါ၊ ဘာသံပါလိမ့် စသည်ဖြင့် အာရုံနောက် စိတ်လိုက်ကာ စုံစမ်းဆင်ခြင်မိပါမူ (အနွာ၀ဇ္ဇန) ၀ါရပျက်သွားတော့၏၊ အလွန်အလွန် သိမ်မွေ့လှပါတယ်၊ တနည်း၊မှန်မှန်ရေတွက်နေလို့ စိတ်အထက် မျှားနေလျှင် မြန်မြန်ရေတွက်တဲ့ (ဂေါပါလက)နွားကျောင်းသားရေတွက်နည်းဖြင့်လဲ ရေတွက်ရန် အဌကထာဆရာက ညွှန်ပြထားပါသေးတယ် ဒါပေမဲ့ ပြင်းထန်စွာရှုနည်းကိုတော့ ညွှန်ပြထားဒါမရှိပါ၊ သတိရှိပါစေ။

ဒီနေရာမှာ ဝိသုဒ္ဓိမဂ်အဌကထာ အနုသာတိကမ္မဌာန နိဒ္ဒေသာ၌ ဘာ၀နာကို အားထုတ်ခါစ "အာဒိကမ္မိက"ပုဂ္ဂိုလ်များမှာ ဒီရေတွက်တဲ့ (ဂဏန)နည်းကိုပဲ အားထုတ်သင့်တယ်လို့ ညွှန်ပြထားပါတယ်။ ဘာကြောင့်ဆိုသော် ဒီရေတွက်တဲ့နည်းဖြင့် စိတ်ရဲ့ တည်ကြည်ငြိမ်သက်မှုအကျိုးကို ရမှာဖြစ်ခြင်းကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် ရေတွက်ခြင်းနဲ့ ကင်းပြီး ဝင်လေထွက်လေအာရုံ၌ သတိကောင်းစွာ တည်သည် တိုင်အောင် ရေတွက်ရမယ်လို့ အဌကထာဆရာက မှာကြားထားပါတယ်။

"တ၀ါရ"ရဲ့ တန်ဘိုးကို ချိန်ထိုးကြည့်ရလျှင် ဝင်လေထွက်လေ တစုံမှ တစ်၊ ရှစ်စုံကို တ၀ါရ၊ ၎င်း တ၀ါမှာ ဝင်လေသိ ထွက်လေသိ ဖြစ်တဲ့အတွက် အသိပေါင်း တဆဲ့ခြောက်သိဖြစ်၏။ အသိတခုမှာ "သမ္မာ ၀ါယာမ, သမ္မာသတိ, သမ္မာသမာဓိ" ဆိုတဲ့ သမားဓိမဂ္ဂင်သုံးပါးနဲ့ ပွားလျှင် မဂ္ဂင်တရား(၄၈)ပါးဖြစ်တဲ့အတွက် မဂ္ဂင်လေယာဉ်ကြီးဖြင့် ဝင်လေထွက်လေ လေဟာနေစီးကာ နိဗ္ဗာန်ပြည်ကြီးသို့ မနေမနား အရောက်သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ချိန်ထိုးနည်း

သတိုမမှ ဂူမမြင်၊ သတိုမှလျှင် မြှုကိုမြင်၊ဆိုဘဲ့ စကားအတိုင်း မိခင်ဝမ်းက ကျွတ်တဲ့အချိန်ကစပြီး လူဘို့ရဲ့ ဝင်-ထွက်လေဟာ ဘဝင် ကျပြီး အိပ်ပျော်နေခိုက်မှာပင် ရှေးဗမာတနာရီလျှင် ဝင်လေ(၃၆၀) ထွက်လေ(၃၆၀)၊ ယခု စက်တနာရီလျှင် ဝင်လေ (၉၀၀) ထွက်လေ (၉၀၀) ရှိရာ စက်တနာရီမှာ ရှစ်ခု၊ တဝါရနှင့်တွက်လျှင် (၁၁ ၂၅) တရာ့ဘဆယ်နှစ်ဝါရခဲ့ဖြစ်၏၊ ဒါကြောင့် စက်တနာရီမှာ ပကတိ မှန်မှန် ရေတွက်နည်းဖြင့် (ဝါရပေါင်း ၁၁၀) လောက်ရလျှင် မိမိသမာဓိအား ကြီးထွားလာပြီဟု သိနိုင်ပါတယ်။

မဂ္ဂင်စောင့်နည်း

ဒီနေရာမှာ မိမိလိုလား မျှော်မှန်းတဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်နဲ့ ဝင်လေ ထွက်လေနဲ့ ဘယ်လိုဆက်သွယ်ပါသလဲလို့ဆိုလျှင် မဂ်, ဖိုလ်, နိဗ္ဗာန် ရဖြောင်းတရားဟာ မဂ္ဂင်ရှစ်ပါးသာဖြစ်တဲ့အတွက် ဝင်အောင် ထွက် အောင် ကြံဆောင်အားထုတ်မှုကို "သမ္မာဝါယာမမဂ္ဂင်"ဟု မှတ်ရပါ မယ်၊ နှာခေါင်းဝမှာ ပူ,အေး,နွေး,သဘော လေဘွေးထိတိုင်း သိမှုကို "သမ္မာသတိမဂ္ဂင်"ဟု မှတ်ရပါမယ်၊ မိမိသတိစိုက်ထားရာဌာနမှ အာရုံ တပါးသို့ မသွားစေဘဲ ခိုင်မြဲစွာတည်ထားမှုကို "သမ္မာသမာဓိမဂ္ဂင်" ဟု မှတ်ရပါမယ်။ ဒါကြောင့် အာရုံဘခုခပါမှာ ရှုမှတ်မှုစိတ်က ဒီမဂ္ဂင် အင်္ဂါနဲ့ ညီညွတ်စွာ ရှုမှတ်၍ မဂ္ဂင်တရားများကို စောင့်ထိန်းနေမှုကို တရားအားထုတ်တယ်လို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။ အားထုတ်ခါစမှာ ဝါရှပေါင်း ၂၅ - ၃၀ စသည်ဖြင့် ဣရိယာပုထ် တခုခုနဲ့ နည်းနည်း နည်းနည်းကစ ရသမျှ အားထုတ်လေ့လာသွားရမှာ ဖြစ်ပါတယ်။

အားပေးစကား

အပ္ပကေနပိ မေဓာဝိ၊ ပါဘတေန ဝိစက္ခဏော။
သမုဒ္ဒဝေပတ္တိ အတ္တာနံ၊ အဏုံ အဂ္ဂိံ ဝ သန္ဓမံ။

(ဓမ္မပဒအဋ္ဌကထာ အပ္ပမာဒဝဂ် စူဠပန္ထကဝတ္ထု)

NoF .21.

ဝိစကွဏောဟု အဆင်အခြင် သမ္မာဇဉ်နှင့်ပြည့်စုံသော။ မေဓာဝီ၊ ပညာရှိသောပုဂ္ဂိုလ်သည်။ အပွဏေန၊ အနည်းငယ်မျှဖြစ်သော။ ပါဘတေနပိ၊ တံစက်အောက်၌ ခံထားအပ်သော အိုးသို့ကျသော ရေပေါက်ကဲ့သို့ ဆည်းပူးအပ်သော ကုသိုလ်ကံဖြင့်လည်း။ အဏု၊ အနည်းငယ်သော။ အဂ္ဂိ၊ မီးကို။ သန္ဓမံ၊ အဆက်မပြတ် မွှတ်အပ်သည်ရှိသော်။ မဟန္တံ အဂ္ဂိကၡန္ဓံ၊ မီးပုံကြီးသည် ဝစ္ဆတိဂ္ဂဝ၊ တိုးပွားရှိလာသကဲ့သို့။ တထာ၊ ထို့အတူ။ အတ္တာနံ၊ မိမိကိုယ်ကို၊ သမ္ဘဋ္ဌာပေတိ၊ ကောင်းသော အကျိုး ပွားတိုးခါခါ ဖြစ်စေရာသတည်း။

သမထ နှဲ့ ဝိပဿနာ

ဒီနေရာမှာ သမထနဲ့ ဝိပဿနာ သဘောသွား ကွဲပြားခြားနားပုံမှာ "သမထ"ဆိုတဲ့ ပါဠိစကားက စိတ်ရဲ့ညစ်ညူးကြောင်းဖြစ်တဲ့ "ကိလေသာ၊သို့မဟုတ် နိဝရဏ"ဆိုတဲ့ လောဘ, ဒေါသ, မောဟ စတဲ့ ဟာနေးများ မဖြစ်စေဘဲ မြတ်စွာဘုရား ညွှန်ကြားထားတဲ့ ဘာဝနာသို့မဟုတ် ကမ္မဋ္ဌာန်း ၄၀-တို့ဟာ တပါးပါးသောအာရုံကို စူးစိုက်ဧာရုမ္ဘတ်နေခြင်းနဲ့ ငြိမ်းအေးနေခြင်းကို "သမထ" လို့ ပါဠိစကားနဲ့ ဆိုထားခြင်းဖြစ်ပါတယ်။

ကိလေသေ သမေတီတိ သမထော။

နိဝရဏေ သမေတီတိ သမထော။

ယေဘုယျမှာ၊ အကြင်တရားသည်။ ကိလေသေ၊ လောဘစသော ကိလေသာတို့ကို။ သမေတိ၊ ငြိမ်းစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သမထော၊သမထမည်၏။နိဝရဏေ၊ ကာမစ္ဆန္ဒနိဝရဏစသည်တို့ကို။ သမေတိ၊ ငြိမ်းစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သမထော၊ သမထမည်၏။

ဒီလို အဋ္ဌကထာ ဋီကာဆရာများ ဝိဋ္ဌိဟ် ပြုထားတဲ့အတိုင်း ပုထုဇဉ်တို့စိတ်အစဉ်မှာ အမြဲပူးဝင်နေတဲ့ ကိလေသာ နိဝရဏတရားများ

ကွာရှဲဖယ်ထားခါ ဘာဝနာအာရုံထည့်၌သာ စိတ်ကိုငြိမ်သက်စွာထား ပြီး ရှုမှတ်ပွားများ ကိုယ်လေးသာနိုဝရဏာဘဆုး ငြိမ်းနေဒါကို "သမထ" လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

အနိစ္စာဒိဝိဝိခ၊ကာရေန ပဿတိဘိ ဝိပဿနာ။

ယောဝမ္မာ၊ အကြင်တရားသည်။ အနိစ္စာဒိဝိဝိခ၊ကာရေန၊ မမြဲခြင်းစသည် အထူးထူးအပြားပြား များသောအခြင်းအရာအားဖြင့်။ ပဿတိ၊ ရှုမှတ်တတ်၏။ ဣဘိ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာ မည်၏။

သမထနဲ့ဝိပဿနာဘို့ သဘောဟာ လိုရင်းကတော့ ကိုယ်လေးသာ ရန်သူကို သတ်တဲ့သက်နက်ချည်းဖြစ်ကြပါတယ်၊ ရန်သူသေမှုသာ လိုရင်း ဖြစ်ပါတယ်၊ ဒါကြောင့် မူလပဏ္ဏာသအဋ္ဌကထာ စူဠသီဟနာဒသုတ် မှာ....

ဘဂဝါ ဟိ သမထေနပိ ကိုယ်လေသေ၊
ပဇာပေတိ ဝိပဿနာယပိ။

ဟိ၊ သင့်စွာ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သမထေနပိ၊ သမထဖြင့်လည်း။ ကိုယ်လေသေ၊ ကိုယ်လေးသာတို့ကို။ ပဇာပေတိ၊ ပယ်စေ၏။ ဝိပဿနာယပိ၊ ဝိပဿနာဖြင့်လည်း။ ကိုယ်လေသေ၊ ကိုယ်လေးသာတို့ကို။ ပဇာပေတိ၊ ပယ်စေ၏။ ဒီဃနရာမှာ ရှုမှတ်သူရဲ့ စိတ်သာ လိုရင်းဖြစ်ပါတယ်။ အာရုံဘခုထဲမှာပင် သမထ,ဝိပဿနာ ဖြစ်ရုံတင်မကပါဘူး၊ သီလ သမာဓိ ပညာ ဆိုတဲ့ သိက္ခာသုံးပါးလုံး ပြည့်စုံပုံကို ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိ တောမှာ....

ယော တတ္ထ သံဝရတ္ထော၊ အယံ အဓိသီလသိက္ခာ။
ယော တတ္ထ အဝိက္ခေပတ္ထော၊ အယံ အဓိစိတ္တသိက္ခာ။
ယော တတ္ထ ဒဿနတ္ထော၊ အယံ အဓိပညာသိက္ခာ။
ဣမာတိယောသိက္ခာယော၊ အာဝဇ္ဇနဋ္ဌာ သိက္ခတိ။

တတ္ထ၊ ထိုတခုထည်းသောဝိပဿနာစိတ်၌။ ယောစသံဝရတွေ့ဘ၊ အကြင်စောင့်ရှောက်သောအနက်။ အယံ၊ ဤစောင့်ရှောက်သောအနက်သည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။

တတ္ထ၊ ပ=၌။ ယောစအဝိက္ခေပတွေ့ဘ၊ အကြင်မပြန့်လွင့်သော အနက်။ အယံ၊ ပ=သည်။ အဓိစိတ္တသိက္ခာ၊ ပ=၏။

တတ္ထ၊ ပ=၌။ ယောစဒဿနတွေ့ဘ၊ အကြင်မြင်သောအနက်။ အယံ၊ ဤသိမြင်သောအနက်သည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။

အာဝဇ္ဇနွှေ့ဘ၊ ဝိပဿနာ ရှုဆင်ခြင်သောသူသည်။ ဣမာတိဿောသိက္ခာယော၊ ဤသုံးပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ပြီးပြည့်စုံစွာ ကျင့်သည်မည်တော့၏။

အနုမာနဉာဏ်နဲ့ ပစ္စက္ခဉာဏ်

ဝိပဿနာရှုမှတ်ရာမှာ (၁) အနုမာနဉာဏ် (၂) ပစ္စက္ခဉာဏ် ရယ်လို့ ၂-မျိုးရှိရာ....

(၁) အနုမာနဉာဏ်ဆိုဒါ ရူပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ်, ပဋိစ္စသမုပ္ပါဒ် စတဲ့ ပရမတ္ထသဘာဝတို့ရဲ့ ဖြစ်ပျက်ပုံ အမှုအရာတို့ကို မှန်းဆကာ ဥပမာပြုကာ ရှုမှတ်ပွားများမှုကို ဆိုလိုပါတယ်။

(၂) ပစ္စက္ခဉာဏ် ဆိုဒါက ရူပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ်, ပဋိစ္စသမုပ္ပါဒ် စသည်တို့ကို ကျမ်းကျင် လိမ္မာလှစ်ဝှင်း၊ မကျမ်းကျင်သော်လဲ ဆရာကောင်းတို့ရဲ့ အဆုံးအမကို ရ၍ ဘာဝနာကိုအားထုတ်ရာ ရူပ်,နာမ်တို့ရဲ့ ဖြစ်ပျက်ခြင်းတို့ကို မျက်စိဝါးဆတ်ဆတ် တပ်အင်ထင်ထင် မြင်ရ ဘိသကဲ့သို့ မမြဲ ဆင်းရဲ အစိုးမရတဲ့ လက္ခဏာတို့ကို မုချသိမြင်မှုကို ဆိုလိုပါတယ်။

ဝိပဿနာ အင်္ဂါ ၃-ပါး

ဒီနေရာမှာ ဝိပဿနာရှုမှတ်ပွားများရာဝယ် ရှေးဦးစွာ (၁)ရုပ်ကို သိမ်းဆည်းခြင်း၊ (၂)နာမ်ကိုသိမ်းဆည်းခြင်း၊ (၃) အကြောင်းကို သိမ်းဆည်းခြင်းဟု ဝိပဿနာ အင်္ဂါ ၃-ပါးနှိုင်းရာ ရှေးဦးစွာ ရုပ် သိမ်းဆည်းပုံကို ပြုပါမယ်။

ဝိပဿနာ ရှုနည်း ၂ ပါး

ရုပ်, နာမ် နှစ်ပါးကို သိမ်းဆည်းရာမှာလဲ (၁) ဓမ္မတာနည်း (၂) ပဝတ္တိနည်းလို့ ၂-မျိုးရှိပြန်ရာ....

(၁) ဓမ္မတာနည်းဆိုဒါ "ဓမ္မသ ဘာဝေါ ဓမ္မတာ" ဓမ္မသ၊ သဘောအတိုင်း။ ဘာဝေါ၊ ဖြစ်ခြင်း။ ဓမ္မတာ၊ သဘောအတိုင်းဖြစ်ခြင်း ဆိုတဲ့ "ဘာဝတဒ္ဓိတ်"ဝိဂြိုဟ်အရ ဘဝသံသရာဝယ် သတ္တဝါရယ်လို့ ဖြစ်ပေါ်လာစမှ နိဗ္ဗာန်စံဝင်သွားသည်တိုင်အောင် ရုပ်, နာမ် တရားတို့ဟာ သူ့ဖြစ်ပျက်နှုန်းနဲ့ သူ မရပ်မနား ခဏမစဲ တသဲသဲနဲ့ ဘယ်သူမှ မပြုပြင်ရ သူ့သဘာဝအတိုင်း ဖြစ်ပျက်နေခြင်းကို ဆိုလိုပါတယ်။

(၂) ပဝတ္တိနည်းဆိုဒါ "ပဝတ္တနံ ပဝတ္တိ" ပဝတ္တနံ၊ ပြုပြင်၍ အကြောင်း ညီညွှတ်မှု ဖြစ်ခြင်း။ ပဝတ္တိ၊ ပြုပြင်၍ အကြောင်း ညီညွှတ်မှု ဖြစ်ခြင်းဆိုတဲ့ " ဘာဝသာဓန " ကိတ်ဝိဂြိုဟ်အရ ပစ္စက္ခ မျက်မှောက်အခါ မျက်စိနဲ့ အဆင်း တွေ့ဆုံမှု မြင်သိစိတ် ဖြစ်ပေါ်လာရသလို ရှိ၍သမျှ ပြုပြင်မှု ဖြစ်လာရခြင်းကို ဆိုလိုပါတယ်။

ဒီလို ဝိပဿနာရှုနည်း ၂-မျိုးရှိရာ ရှေးဦးစွာ "ဓမ္မတာ" နည်းကို ပြ၍ နောက်မှ "ပဝတ္တိ"နည်းကို ပြမှာဖြစ်ပါတယ်။

သုတမယနဲ့ ဘာဝနာမယ ၂-ပါး

ဒီနေရာမှာလဲ (၁) အာဂမသုဘနဲ့ သိမ်းဆည်းခြင်း၊ (၂) အဓိဂမသုတနဲ့ သိမ်းဆည်ခြင်းဟု ၂-မျိုးရှိကုန်....

(၁) အာဂမသုဘနဲ့ သိမ်းဆည်းခြင်းဆိုဒါ ခန္ဓာ,အာယတန, ဓာတ်,ပဋိစ္စသမုပ္ပါဒ်,သစ္စာ စသည်တို့၌ ကျမ်းကျင်လိမ္မာသည်ဖြစ်၍ ဤကားရုပ် ဤကားနာမ် စသည်ဖြင့် "သုတမယဉာဏ်"ဖြင့် သိမ်းဆည်းခြင်းကို ဆိုလိုပါတယ်။

(၂) အဓိဂမသုတနဲ့ သိမ်းဆည်းခြင်းဆိုဒါကတော့ခန္ဓာ,အာယတန,ဓာတ်,ပဋိစ္စသမုပ္ပါဒ်, သစ္စာ စသည်တို့ကို လိမ္မာသည် မလိမ္မာသည် ဖြစ်စေ သရုကောင်းတို့ထံ ဆည်းကပ်ခါ "သမာဓိ"ကိုထူထောင်၍ "ယထာဘူတ" အားရှိလှသဖြင့် ရုပ်တရားတို့ရဲ့ ဖြစ်,ပျား,ချုပ်,ပျက် ဟန်ကို ဧကန်တိတိ သိမြင်ကာ "ဘာဝနာမယ"ဉာဏ်ဖြင့် သိမ်းဆည်းခြင်းကို ဆိုလိုပါတယ်။

(မူလပရိဟာယသုတ်အဋ္ဌကထာ)

အာနာပါန ရုပ်သိမ်းဆည်းပုံ

တတ္ထ အသ္သာသ ပဿာသကမ္မိကောဠ္ဟမေ။
အသ္သာသပဿာသာ ကိ ံ နိဿိတာ ဝတ္ထုနိဿိတာ။
ဝတ္ထုနာမ ကရဇကာယော ကရဇကာယောနာမ။
စတ္ထာရိမဟာဘူတာနိ ဥပါဒါရူပဉ္စေတိ ဧဝံ ရူပံ ပရိဂ္ဂဏှာတိ။

(မူလပဏ္ဏာသ သုတ်မဟာဝါ အဋ္ဌကထာ စတုကပဋ္ဌာန အဂုံတ္တရဋီကာနည်းတူ)

တတ္ထ၊ ထိုဝင်လေထွက်လေသိမ်းဆည်းခြင်း,ဈာန်သိမ်းဆည်းခြင်းနှစ်ပါးတို့တွင်။ အသ္သာသပဿာသကမ္မိကော၊ ဝင်လေထွက်လေကို သိမ်းဆည်းသောသူသည်။ ဠှမေ အသ္သာသပဿာသာ၊ ဤဝင်လေထွက်လေ

တို့သည်။ ကိ ုနိသိတာ၊ အဘယ်ကိုမှီ၍ ဖြစ်ကုန်သနည်း။ ဝတ္ထုနိသိတာ၊ ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ကုန်၏။ ဝတ္ထုနှာမ၊ ဝတ္ထုရုပ်မည်သည်ကား။ ကရဇကာယော၊ ကရဇကာယပင်တည်း။ ကရဇကာယောနှာမ၊ ကရဇကာယမည်သည်။ စတ္တာရိမဟာဘူတာနိစ၊ လေးပါးသော မဟာဘုတ်တို့ရင်း၊ ဥပါဒါရူပဠ၊ ဥပါဒါရုပ်ရင်း၊ ဣတိ၎ေမ၊ ဤသို့ ရူပံ၊ ရုပ်ကို။ ပရိဂ္ဂဏှတိ၊ သိမ်းဆည်း၏။

ဒီနေရာမှာ ဝင်လေ ထွက်လေကို ညင်သာသိမ်မွေ့စွာ ရှုမှတ်နေရာမှ ဒီ ဝင်လေထွက်လေဟာ ဘယ်နေရာကစပြီး ဖြစ်နေကြပါလိမ့်မလဲဟု ဆင်ခြင်ရပါမယ်၊ ကိုယ်နှာခေါင်း,စိတ် ဒီသုံးပါးကြောင့် ဖြစ်တယ်၊ ဒီ သုံးပါးဟာ ဘယ်ကိုမှီနေပါသလဲ, ဝတ္ထုရုပ်ကို မှီနေတယ်၊ ဝတ္ထုရုပ်ဆိုဒါ ကရဇကာယကိုခေါ်တာ၊ ကရဇကာယဆိုဒါက မိဘနှစ်ပါးတို့ရဲ့ သွေးကိုအားခြေခံပြီး ကြီးပွားလာတဲ့ ရုပ်ကိုခေါ်တာ၊ ဒီရုပ်ကြီးမှာ မြေခဘတ်, ရေခဘတ်, လေခဘတ်, မီးခဘတ် ဆိုတဲ့ မဟာဘုတ်လေးပါးသာရှိတယ်၊ ဒီမဟာဘုတ်ခဘတ်ကြီးလေးပါး ပေါင်းဆုံမိတဲ့အခါ အဆင်း,အနံ, အရသာ,သြဇာဆိုတဲ့ နှစ်သက်စဲ့လမ်းစရာ ဥပါဒါရုပ်မျိုးဖြစ်ပေါ်လာကြတယ်ဟု အစဉ်အဆက် ရှုမှတ်ဆင်ခြင်လျက်၊ သြော်—ရုပ်တရားဆိုဒါ ဒီလို ပေါက်ပြန်နေဒါပါလား "ရုပ်—ရုပ်—ရုပ်" ဒီလို ဝင်လေထွက်လေ ရှုမှတ်နေရင်းမှ အသိဉာဏ်သင်းကာ အကြောင်းကို ရှာပြီး "ရုပ်"ကို သိမ်းဆည်းရမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဃ နှ လေးခု ကြေအောင်ရှု

ဒီနေရာမှာ "ရုပ်"ကို ဃ နှ ဖုံးလွှမ်းတယ်ဆိုတဲ့ အတိုင်း မူလဋ္ဌကာဒ္ဒ(၁)သမ္ဘဟဃန၊ (၂)ကိစ္စဃန၊ (၃)အာရမ္မဏဃန၊ (၄)သန္တတိဃန ဟူ၍ လေးပါး၊ မဟာဋ္ဌကာဒ္ဒကား သန္တတိဃနမပါဘဲ သုံးပါးသာလာတယ်။

(၁) သမ္ဘဟဃနဆိုဒါ ရုပ်ကလာပ်မှုံ့မှအစ သုံးဆယ်နှစ်ပါးသော ကောဋ္ဌာသ အစုအဝေးများကို တပေါင်းတည်း ဝန်ခဲတည်း ထင်မှတ်ကာ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာဟု ထင်မှတ် စဲ့လမ်းခြင်း။

(၂) ကိစ္စဃနဆိုဒါက ပထဝီ,အာပေါ စတဲ့ အထူးထူးသော ဓာတ်၊ ဖယ်,ဝေဒနာစတဲ့ အထူးထူးသောသဘာဝတို့ရဲ့ ကိစ္စတွေကို တပေါင်းတည်း ထင်မှတ်ကာ ငါသွားတယ် ငါလာတယ် စသည်ဖြင့် ထင်မှတ်စွဲလမ်းခြင်း။

(၃) အာရုမ္မဏဃန ဆိုဒါက မျက်စိနဲ့အဆင်း နှားနဲ့အသံ စတဲ့ အထူးထူးသော အာရုံတွေကို တပေါင်းတည်း ထင်မှတ်ကာ ငါမြင်တယ်, ငါကြားတယ် စသည်ဖြင့် ထင်မှတ် စွဲလမ်းခြင်း။

(၄) သန္တတိဃနဆိုဒါက ရုပ်နာမ်တရားတို့ရဲ့ခဏမစဲတသဲသဲနဲ့ ရှေ့နောက်စဉ်လျက် ဖြစ်ပျက်နေဟန်ကို ဝိပဿနာဉာဏ် အမြင်မသန်တဲ့ "ဟိုနေ့ကငါ, ဒီနေ့မှာလဲငါဘဲ"ဟု တပေါင်းတည်း ထင်မှတ်စွဲလမ်းခြင်းတို့ကို ဆိုလိုခြင်း ဖြစ်ပါတယ်။

ဒီလို "ဃန"ကို နားမလည်မှုကြောင့် တပေါင်းတည်း ထင်မှတ်ကာ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဦးစွာဟု အတ္တဒိဋ္ဌိ စသည် အမှတ်မှားမှုသည် "သညာဝိပလ္လာသ"၊ အသိမှားမှုသည် "စိတ္တဝိပလ္လာသ"၊ အမြင်မှားမှုသည် "ဒိट्ठိဝိပလ္လာသ" ဖြစ်၍ "ဃန" ဖုံးလွှမ်းတယ်လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် အထူးထူးသော ဓာတ်, ကိစ္စ, အာရုံ,အစဉ်တို့ကို သူ့သဘောအတိုင်း ပိုင်းခြားမှု ရှုမှတ်ပွားများမှုသည် "အမှတ်မှန် အသိမှန်, အမြင်မှန်" ဖြစ်၍ "ဃန"ကျေရန်အတွက် ရုပ်ဘဝများမှာ အာကာသပေါက်အောင် ရှုပြီး၊ နာမ်တရားများတော့ "သန္တတိ" ပြတ်အောင်ရှုရမှာ ဖြစ်ပါတယ်။

တာ ဓာတူသု ဉာဏေန၊ ဝိနိဗ္ဘိဒ္ဓိတ္ဝာ ဝိနိဗ္ဘိဒ္ဓိတ္ဝာ၊
ဒိဿမာနာဟတ္ထေန၊ ပရိမဇ္ဈိယမာနော ဖေဏပိဏ္ဍောဝိယ၊
ဝိလိယံဂစ္ဆန္တိ။

(မဟာဋီကာ)

တာ၊ထိုသမူဟာယနှ,ကိစ္စယနှ,အာရုမ္မဏယနှ,သန္တိတိယနှ တို့သည်။ ဓာတုသု၊ ဓာတ်ဘို့၌။ ဥာဏေန၊ ဝရဒိန်လက်နက် မိုးကြိုးစက်ကဲ့သို့ မှန်မှန်သက်သက် ရက်ရက်ရဲရဲ ဝက်ဝက်ခွဲနိုင်သော ဝိပဿနာ ဝရဒိန်ဥာဏ်ဖြင့်။ ဝိနိဗ္ဘဇိတ္တာ ဝိနိဗ္ဘဇိတ္တာ၊ ရက်ရက်ရဲရဲ ဝက်ဝက်ခွဲ၍။ ဝါ၊ ထုတ်ခြင်းထုင်းဖေါက်၍။ ဒိဿမာနာ၊ ဆံဖျားမှ ခြေဖျားကျအောင် ကလာပ်ကြားကို ဥာဏ်နှင့်ရှုလျက် ဥာဏ်ဝရဒိန် ချိန်ရွယ်ကာ ရှုကြည့်လိုက်သည် ရှိသော်။ ဟဇ္ဇာန၊ လက်ဖြင့်။ ပရိမဇ္ဈိယမာနော၊ ဆုပ်နယ်အပ်သော။ ဖေဏပိဏ္ဍာဝိယ၊ ရေမြှုပ်စိုင်ကြီးကဲ့သို့။ ဝိလိယံ၊ ကြေပျက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဝိပဿနာ အစွန်းသုံးပါး

ဝိပဿနာရှုရာမှာ.... (၁) ဗဟာရန္တရအစွန်း၊ (၂) ဗာန္တရအစွန်း၊ (၃) အန္တရ အစွန်းရယ်လို့ သုံးမျိုးခြားနားပြီး မှတ်သားရပါလိမ့်မယ်....

(၁) ဗဟာရန္တရအစွန်းဆိုဒါ အပြင်ကျတဲ့ရုပ်ကို မြင်ရာ ကြားရာ, နံရာ, လျက်ရာ, တွေ့ထိရာ စသည်တို့၌ အသိမလပ်စေဘဲ ရှုမှတ် ခြင်းသည် ခန္ဓာကိုယ်မှအပ အပြင်ကျလွန်းတဲ့ "ဗဟာရန္တရ"အစွန်းလို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

(၂) ဗာန္တရ အစွန်းဆိုဒါက မိမိခန္ဓာကိုယ်၌ ဆံဖျားမှ ခြေဖျား ကျအောင် ဝိပဿနာဥာဏ်ဖြင့် ရှုကြည့်ကာ အတောင်ဖြင့်ဖွဲ့သော် လေးတောင်မျှရှိရာ တစ်တောင်စီပိုင်းသော် လေးပိုင်း၊ ၎င်းကို တထွာစီပိုင်းသော် ရှစ်ပိုင်း၊ ၎င်းထွာကို ၁၂-လက်သစ်စီပိုင်းသော် လက်သစ်ပေါင်း ၉၆-လက်သစ်၊ ၎င်းတလက်သစ်အရ စပါး (၇) လုံးနဲ့ ပွားသော် စပါးလုံးပေါင်း(၆၇၂)၊ ၎င်းစပါးတလုံးကို သန်းခေါင်းမျှစိတ်လျှင် (၇)စိတ်မျှ ရှိရာ ပွားပြန်သော် သန်းခေါင်းမျှရှိဘဲ ရုပ်တုံးပေါင်း(၄၇၀၄)၊ ၎င်းတခုကို

လိုက္ခာမြ||(၇)ခုရှိရာ ပွားပြန်သော် လိုက္ခာမြ||မှုံ ပေါင်း (၃၂၆၂၀)၊ ၎င်းမြ||တခုလျှင် ရထေရကုမြ|| (၃၆)ခု ရှိရာ ပွားပြန်သော် ရထေရကုမြ||ပေါင်း(၁၁၀၅၄၀၀) ၎င်းတခုလျှင် တဇောရိမြ|| (၃၆)ခု ရှိရာ ပွားပြန်သော် တဇောရိမြ||ပေါင်း (၄၂၆၃၄၆၀)၊ ၎င်းတခုလျှင် အကုမြ|| (၃၆)ခုရှိရာ ပွားပြန်သော် အကုမြ||ပေါင်း (၁၅၃,၆၂၀၀,၆၀)၊ ၎င်းအကုမြ||တခုလျှင် ပရမာ ကုမြ|| (၃၆)ခုရှိရာ ပွားပြန်သော် ပရမာကုမြ||ပေါင်း (၅၅,၃၀,၆၃၄၅၆၀)၊ ဤကား အလျားလိုက် ပရမာ ကုမြ||မျှ ပမာဏရဲ့ အခရေအတွက်မျှသာ၊ ဉာဏ်ရှုနှိ တွက်ပြခြင်း ဖြစ်ပါတယ်၊ ဒုတယ်မပါသေး၊ အတိအကျ သော်ကား ရေတွက်ခြင်းငှါ မတတ်ကောင်း၊ တကိုယ်လုံး ကို ပရမာကုမြ||မျှ အမှုံ့ပြုရသော် လေးပြည်သားမျှ ပမာဏ ရှိတန်ရာ၏ဟု (အဘိဓမ္မာဝတာရဋီကာ) ဆရာက မှန်းဆပြထားပါတယ်။

(မှတ်ချက်) လိုက္ခာမြ||ဆိုတာ ပေရွက်ကို ကညစ်နဲ့ ရေးတဲ့အခါ တွက်လာတဲ့အမှုံ့လေးက ရှိတယ်၊ ဒါကြောင့် လေခမြ||ဟု စာနည်းဆိုခဲ့၊ ရထရေကုမြ||ဆိုတာ လှည်းမောင်းတဲ့အခါ ထတဲ့ဖုံမှုံ့ကို ခေါ်တယ်၊ တဇောရိမြ||ဆိုတာ ဆောင်းလ အခါ နံရံပေါက်တာ နေရောင်တွင် မြင်ရသဲ့ မြ||မှုံ့ကို ခေါ်တယ်၊ အကုမြ||ဆိုတာ အလွန်ကြည်လင်တဲ့မှန်ဘီလူး ဖြင့်သာ မြင်နိုင်ပါတယ်၊ပရမာကုမြ||ဆိုတာကတော့ ပကတိ မျက်စေ့ဖြင့် မမြင်နိုင် သမာဓိ,ဝိပဿနာ ဉာဏ်ဖြင့်သာ မြင်နိုင်ပါတယ်။

ဒီ ရုပ်တရားတို့ရဲ့ သဘာဝဟာ ပကတိမျက်စေ့ဖြင့်မမြင်ရ၊ ပရမာ ကုမြ||မျှ သေးငယ်လှတဲ့ ရုပ်ကလေးတခုမှာပင် မြေ,ရေ,လေ,မီး,အဆင်း, အနံ့,အရသာ,သြဇာ ရယ်လို့ အောက်ထစ်ဆုံး ရှစ်မျိုးပေါင်းစပ်နေလို့ ရုပ်ကလာပ်လို့ခေါ်ခြင်းဖြစ်ဘယ်၊ (ကလာပ - အပေါင်း - အစု-အဖွဲ့ -

အစည်း) အဲဒီ ဓာတ်(၈)မျိုးတို့ရဲ့ တခုနဲ့တခုအကြားမှာလဲ ခြားနေတဲ့ "အာကာသ"ဆိုတဲ့ သဘောရှိသေးတယ်၊ ဒါကြောင့် ရုပ်ကို ဃန ကြောအောင် ကလာပ်ကြားကို ဥာဏ်ဖြင့်ရှိုး၍ အာကာသပေါက်အောင်ရှုနိုင်မှ ရုပ်ဃနကြေမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ရုပ်တရားတို့ရဲ့ဖေါက်ပြန်ဖြစ်ပျက်နှုန်းဟာ လက်ဖျစ်တတွက် မျက်တောင်တပေါ် တစက္ကန့်အတွင်းမှာပင် ၅၀,၀၅၅,၃၅၅ ခန့် ၁၃-ပိုင်း ၁၃-ပိုင်း အကြိမ်ပေါင်း ဖေါက် ပြန် ဖြစ်ပျက်တယ်လို့ သမ္မာဟ ဝိနာဒနီ အဋ္ဌကထာအလို တွက်ပြခြင်းဖြစ်တယ်။

(၃) အန္တရာအစွန်း ဆိုဒါက ပြခဲ့တဲ့အတိုင်း တကိုယ်လုံးကို ဥာဏ်နှင့်ဝုံကာ သုံးသပ်ဖန်မျှားလာတဲ့အခါ အပြင်ကျတဲ့ အာရုံကို တစတစ သိမ်းဆည်းပြီးကာ မနောဒ္ဒါရ ခေါ်တဲ့ စိတ်ဖြစ်ရာဌာန ဟဒယဝတ္ထုဌာနသာ စူးစိုက်စွာသာ၍ ရှုမှတ်ပွားများနိုင်ခြင်းကို အတွင်းအကျဆုံး အန္တရစွန်းလို့ ဆိုလိုခြင်းဖြစ်ပါတယ်၊ ဒါကြောင့် ဝိပဿနာရဲ့ သဘာဝဟာ ကျယ်ရာမှအကျဉ်းချုံးပြီး အတွင်းအကျဆုံး အစွန်းသို့ရောက်အောင်ရှုမြင်နိုင်မှ အထွဋ်အထိပ်လို့ မှတ်ယူရပါမယ်။

ဤကား အလုပ်လမ်းရိုးတို့ရဲ့ အခေါ်အဝေါ်အစဉ်များ ဖြစ်ပါတယ်။

နာမ်သိမ်းဆည်းပုံ

"နာမ်"ကိုသိမ်းဆည်းရာမှာလဲ "ရုပ်"ကိုသိမ်းဆည်းသလို "အာဂမသုတ ရှိသော်ရင်း၊ မရှိသော်ရင်း၊ ဆရာကောင်းတို့ထံ ချဉ်းကပ်ပြီးကာ သမာဓိဘာဝနာကို ထူထောင်၍ "ယထာဘူတ"အားရှိလှသဖြင့် "နာမ်" တရားတို့ရဲ့ ဖြစ်ပွား, ခုပ်, ပျက် ဟန်ကို ပစ္စက္ခဥာဏ်ဖြင့် "ပဋိက" သုံးပါးတို့၏ အဘိသင်္ခရိုက်ရေလျက် ဘာဝနာမယဥာဏ်ဖြင့် သိမ်းဆည်းခြင်းသည် အဓိကမသုတဖြင့် သိမ်းဆည်းသည် မည်ပါတယ်။

ဒီနေရာမှာ အာဂမသုတရှိ၍ပင်ဖြစ်စေ၊ အဓိဂမသုဘရှိ၍ပင်ဖြစ်စေ နှစ်ပါးလုံးနဲ့ ပြည့်စုံ၍ဖြစ်စေ "ရုပ်" သိမ်းဆည်းတုံးက ဝင်လေထွက်လေ သညာကြောင့် ပစ္စက္ခဉာဏ်ဝမှာ ထင်မြင်လာရတဲ့ မရေတွက်နိုင်လောက်အောင် များပြားလှသော ဝတ္ထုရုပ်တို့ကို အာရုံပြုကာ ရှုမှတ်နေတဲ့ စိတ်နေစဉ်သိက်တို့ကို တဖေါင်းထည်းပြုလျက် ပါဠိလို " ဧဝံနာမံ ဧဝံနာမံ" ဟုရင်း၊ ဗမာလို "နာမ်-နာမ်" ဟုရင်း၊ ပဋ္ဌာန်းအစွမ်းအားဖြင့် "သိသည်-သိသည်" ဟုရင်း သိမ်းဆည်းရမှားဖြစ်ပါတယ်။

တဏှာ တဒါရမ္မဏာ၊ ဗဟုပဋ္ဌမဏာ နာမန္တိ။

(သုတ်မဟာဝါမူလပဏ္ဏာသ အဋ္ဌကထာ)

တဏှာ၊ ထိုရုပ်ကိုသိမ်းဆည်းပြီးသည်နောက်မှ၊ တဒါရမ္မဏာ၊ ထိုရုပ်လျှင်အာရုံရှိကုန်သော၊ ဗဟုပဋ္ဌမဏာ၊ အာရုံနှင့်မှတ်စိတ် တွေ့ထိကာမျှ ဗဟုလျှင်ဝါးခုမြောက်သော တရားတို့ကို၊ နာမန္တိ၊ အာရုံကို သိတတ်ညွှတ်တတ်သော "နာမ်" ဟူ၍ ပရိဂ္ဂဏှတိ၊ သိမ်းဆည်းအပ်၏။

နာမ်ရဲ့ပစ္စက္ခသုံးမျိုး

အထူးအားဖြင့် နာမ်ရဲ့ပစ္စက္ခဉာဏ်ယူရာမှာ ရုပ်ရဲ့ပစ္စက္ခလို ထင်မြင်လာဒါ မဟုတ်ပါ။ စင်စင်မှာတော့ (၁)ဗဟုပဋ္ဌက၊ (၂)ဧဝဒနာပဋ္ဌက၊ (၃) ဝိညာဏပဋ္ဌက တို့ဖြင့် သက်ဝင်၍ အာရုံနဲ့မှတ်စိတ် တွေ့ရုံမျှ ခံစားရုံမျှ သိရုံမျှဖြစ်၍ ထင်ရှားခြင်းသည်ပင် နာမ်တရားဟု ပစ္စက္ခညွှန်း မည်ပါတယ်။

(ဝိသုဒ္ဓိမဂ်)

ထင်ရှားအောင်ပြပါဦးမယ်၊ နာမ်တရားဆိုတာ ကနုထည်း ဖြစ်ရှိးထုံးစံမရှိပါ၊ အပ္ပဒီအစည်းလိုက်သာ ဖြစ်ပြီးမှတာပါ၊ ခေါင်းဆောင်တဲ့အမည်ကိုသာ ခေါ်တွင်နေတာဖြစ်ပါတယ်။

(၁) ဖဿပဠူက ဆိုဒါ အာရုံနဲ့ မှတ်စိတ် တွေ့ထိမှုက "ဖဿ" နောက်ကပ်ပြီးခံစားမှုက "ဝေဒနာ"၊ နောက် မှတ်သားမှုက "သညာ"၊ နောက် ပြုပြင်စေ့ဆော်မှုက "စေတနာ"၊ နောက် သိမှုက "ဝိညာဏ်" ဒီငါးခုအပေါင်းအစုကို ဖဿက ဦးဆောင်လားမှုကြောင့် "ဖဿပဠူက" လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

(၂) ဝေဒနာပဠူက ဆိုဒါလဲ အနည်းဆုံး ဒီ စိတ်စေတသိက်တရား ငါးပါးတို့ ဖြစ်ပေါ်ရာမှာ ခံစားမှု "ဝေဒနာ"ကို ထင်ရှားမှုကြောင့် "ဝေဒနာပဠူက" လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

(၃) ဝိညာဏပဠူကဆိုဒါလဲ ဒီ စိတ်စေတသိက်ငါးပါးထည့်ကသိမှု "ဝိညာဏ်" ထင်ရှားမှုအားတွက် "ဝိညာဏပဠူက" လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ဥပမာ ဗေဒါကြီးဆိုင်းဆိုဒါလိုပေါ့၊ နောက်လိုက်မျှားစွာပါပေမဲ့ ဦးဆောင်တဲ့အမည်ကိုသာ ခေါ်ဆိုခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ မေမောဘာနည်းအရ ခန္ဓာကိုယ်ကိုစိုက်ပြီး ရှုမှတ်ရာမှာတော့ "ဝိညာဏပဠူက"ဆိုတဲ့ သံမှဟာ လိုရင်းဖြစ်တဲ့အတွက် "သိသည်—သိသည်"ဟူ၍ဖြစ်စေ၊ "သိ—သိ" ဟူ၍ ဖြစ်စေ၊ သိမ်းဆည်းရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နာမ်တရား၏ ပစ္စက္ခ၊ သို့မဟုတ် ပဋိပုဒ်၊ သို့မဟုတ် မျက်မှောက် ယူရာမှာ ဒီပဠူကသုံးမျိုးတို့ အစုမ်းဖြင့် တွေ့ရုံ,ခံစားရုံ,သိရုံမျှနဲ့ပင် နာမ်တရား၏ ပစ္စက္ခ ဉာဏ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။

(အနုပဒသုတ်အဋ္ဌကထာ)

အာရုံနဲ့အာရမ္မဏိက

ဒီ နေရာမှာ အာရုံဆိုဒါ ပစ္စက္ခဉာဏ်ဝင်္ဂ အရှိန်ဖစ်တည်သဲ ဖြစ်ပေါ်နေတဲ့ ဝတ္ထုရုပ်တို့ကို ခေါ်ပါတယ်၊ အာရမ္မဏိက ဆိုဒါကတော့ အဲဒီ ဝတ္ထုရုပ်တို့ကို အာရုံပြုသော သုံးပါးသော ပဠူကတို့ဖြင့် မှတ်အပ်

သော ကာမာ၀စရကုသိုလ် ဥာဏသမ္ပယုတ်စိတ်(၁)၊ ၎င်းစိတ်နှင့် ယှဉ်သော အညသမာန်းစေတသိက် (၁၃)၊ သောဘဏစေတသိက် (၂၀)၊ ပေါင်း (၃၃)ပါးသော စိတ်,စေတသိက် တရားတို့ကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

(ဝိသုဒ္ဓိမဂ်)

တ၀တ္ထုတအာရုံ

ဝိပဿနာရှုမှတ်ရာမှာ ပြခဲ့ပြီးတဲ့ "စိတ်-စေတသိက်" တရားတို့ကို သုံးပါးသော ပဋ္ဌာန်းသိုရောက်စေ၍ ပစ္စက္ခဉာဏ်၀ဋ္ဋ အရှိန်မစဲတသဲသဲနဲ့ တွေ့မြင်မနေရတဲ့ ၀တ္ထုရုပ်တို့ကို အာရုံပြုကာ ရှုမှတ်နေသော "စိတ်-စေတသိက်"တရားတို့ရဲ့ တ၀တ္ထု တအာရုံထည်း ဖြစ်တဲ့ နာမ်တရားတို့၏ အပေါင်းကို တပေါင်းထည်းပြု၍ သိမ်းဆည်းရုံမှာ ဖြစ်ပါတယ်၊ တခု တခုသော၊ စိတ္တက္ခဏဋ္ဌိဖြစ်တဲ့ နာမ်တရားတို့ရဲ့ အပေါင်းကို မသိမ်းဆည်းနိုင်ပါ၊ ဒီနေရာကား ဘုရားရှင်တို့အရာသာဖြစ်ပါတယ်။

(သံယုတ်အဋ္ဌကထာ)

ဒါကြောင့် နာမ်တရားတို့ရဲ့သဘောဟာ ဒီ စိတ်နဲ့ ဒီစေတသိက်ကို ယှဉ်စေရုံမယ်၊ ဒီစိတ်နဲ့ ဒီစေတသိက်ကိုတော့ မယှဉ်စေရုံလို့ တစုံတယောက်သောသူမျှ ပေါင်းဆုံပေးခြင်းဌါမတတ်နိုင်ပါ "စိတ္တနိယာမ" အစဉ်အလာအရ ပစ္စက္ခဉာဏ်၀ဋ္ဋ ထင်မြင်လာတဲ့ ၀တ္ထုရုပ်တို့ရဲ့ ဖြစ်ပျက်နေသော သဘောတရားအပေါင်းကို အာရုံပြုသော " စိတ်-စေတသိက် " အပေါင်းတို့ကို နမနုလက္ခဏာ အာရုံကိုညွှတ်ခြင်းသဘော တပေါင်းထည်းပြုခါ ဓမ္မတာတရားတို့ကို မနောဒ္ဒါရရဲ့ အစွမ်းအားဖြင့် ဒီတရားများဟာ နာမ်တရားတို့ပါတကားဟုသာ သိရမှာ ဖြစ်ပါတယ်။

(ဝိသုဒ္ဓိမဂ်)

ရုပ်နာမ်ရဲ့သဘော

ဒီနေရာမှာ ၎ကသေ့ချာချာ အခါခါရှုကြည့်ပါ၊ ဝိပဿနာရှုမှတ်နေတဲ့အခါဖြစ်ဆဲ ရုပ်,နာမ်အာရုံများထင်ရှားစွာတွေ့မြင်လာရုံမှာ ဖြစ်ပါတယ်၊ အဲဒီ ဖြစ်ဆဲရုပ်နာမ်အာရုံကို "သဘာ၀လက္ခဏာ"လို့ ခေါ်တယ်။

ဖြစ်ဆဲရူပ်နာမ်ရဲ့ "ဥပါဒိ-ဋ္ဌိ-ဘင်" ဖြစ် - တည် - ပျက် သဘောကိုတော့ "သခ်ၻာလက္ခဏာ"လို့ မှတ်ရပါမယ်၊ ဖြစ်ဆဲ ရူပ်နာမ်တို့ရဲ့ ဖြစ်-တည်-ပျက် သဘောဖြင့် "မမြဲ"ဟု မှတ်စရာ၊ ဖေါက်ပြန်ပျက်စီးတဲ့ အခြင်းအရာ "ဆင်းရဲ"ဟု မှတ်စရာ၊ နှိပ်စက်တဲ့အခြင်းအရာ"အစိုးမရ"ဟု မှတ်စရာ၊ အလိုသို့ မလိုက်တဲ့အခြင်းအရာ၊ ဒီအခြင်းအရာ သုံးပါးကိုတော့ "သာမညလက္ခဏာ"လို့ မှတ်ရပါမယ်။

ဝိပဿနာရှုမှတ်ရာမှာ လိုရင်းဖြစ်တဲ့ "သာမညလက္ခဏာ" ထင်ဘို့အာ "သခ်ၻာလက္ခဏ" ကို သိမှတ်ပိုင်းခြားရမှာဖြစ်တယ်၊ "သခ်ၻာလက္ခဏာ" ထင်ဘို့အာလဲ "သဘာဝလက္ခဏာ" ပိုင်ခြားသိမှတ်ရပါမယ်၊ "သဘာဝလက္ခဏာ"ထင်ဘို့အာလဲ ဖြစ်ဆဲရူပ်နာမ်ကို ပိုင်းခြားသိမှတ်ရပါမယ်၊ "ဖြစ်ဆဲရူပ်နာမ်ထင်ဘို့အာ ဂျာနြ ၆-ပါးလုံအောင်"သတ္တ"ဒေမှတ်ပြုရမှာဖြစ်ပါတယ်။

ဒါကြောင့် "သတိ"ဦးဆောင်ကာ ဂျာနြ ၆-တန် အမှန်လုံမှုဖြင့်ဆဲရူပ်နာမ် အမှန်ထင်မယ်၊ ဖြစ်မြဲရူပ်နာမ်ဥာဏ်မှာထင်မှလဲ သဘာဝလက္ခဏာထင်မယ်၊ သဘာဝလက္ခဏာ ဥာဏ်မှာထင်မှလဲ သခ်ၻာလက္ခဏာထင်မယ်၊ သခ်ၻာလက္ခဏာ ဥာဏ်မှာထင်မှလဲ သာမညလက္ခဏာ ဥာဏ်မှာထင်မယ်၊ သာမညလက္ခဏာ ဥာဏ်မှာထင်မှလဲ ဗလဝဝိပဿနာ (အားကြီးတဲ့ဝိပဿနာ) မှန်စွာဖြစ်မယ်၊ ဗလဝဝိပဿနာ မှန်စွာဆိုက်မှလဲ မဂ်,ဖိုလ်,နိဗ္ဗာန် ဧကန်ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အပြန်အားဖြင့် စိစစ်ကြည့်လျှင် မဂ်, ဖိုလ်, နိဗ္ဗာန် မရခင်ကာလ ဗလဝဝိပဿနာမဆိုက်သေးလို့စတဲ့ အဖြေထွက်လာခါ တွေ့ရပါလိမ်မယ်။

မဂ်,ဖိုလ်,နိဗ္ဗာန်ရရန်အတွက် ဝိပဿနာအားထုတ်ရာမှာ ဝိပဿနာဥာဏ် အမှန် ရဘို့ရန်အတွက် အရေးအကြီးဆုံး အခြေခံဖြစ်တဲ့"နာမရူပ ပရိစ္ဆေဒဥာဏ်" အမှန်ရဘို့ကလိုတယ်၊ ဒါမှ ရှေ့ဥာဏ်တွေ အစဉ်အတိုင်း ဖြစ်ပေါ်လာမှာဖြစ်တယ်။

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမောပိ ယေဘုဟု၊
ဝိသုဒ္ဓိ နာဓိဂစ္ဆန္တိ၊ ဝါယမန္တောပိ ယောဂိနော။

(ဝိသုဒ္ဓိမဂ်)

ဤမ၊ မဂ်ဇာတ်ဖိုလ်ဝင် နိဗ္ဗာန်ထင်ကာ ခြုမ်းသာပွားစီး ဤသာသနာတော်ကြီး၌။ ယေ ယောဂိနော၊ ကမ္မဋ္ဌာန်းအလုပ် ကြိုးပမ်းကုဟ်၍ အားထုတ်ယှဉ်မှီ အကြင်ယောဂိတို့သည်၊ သုဒ္ဓိကာမောပိ၊ မဂ်, ဖိုလ်၏ အာရုံမှန် မြတ်နိဗ္ဗာန်ကို ကောန်လည်းလိုချင်ကြပါကုန်၏။ ဝါယမန္တောပိ၊ လိုချင်တဲ့အတွက် အသက်ခန္ဓာ မင့်ညှာတဲ့ လွန်စွာလည်း အားထုတ်ကြပါကုန်၏။ တေ ယောဂိနော၊ သုဒ္ဓိကာမဝါယမန္တဂုဏ် မပြတ်ထုံ့လျက် လွှမ်ခြုံယှဉ်မှီ ထိုးယားဂိဟ္ဂိသည်။ ယထာဘူတံ အဇာနန္တာ၊ သိ စိတ်-ဒိဋ္ဌ-တင် အစတင်လျက် ဥာဏ်စဉ်ဆယ်ပါး မလွှားမခုန် ဥာဏ် အာရုံမှန်စွာ ဘာဝနာဆိုက် ဖြစ်ခိုက်ထင်ထင် မသိမမြင်ကြကုန်သော ကြောင့် (မဟာဋီကာအလို)။ ဝိသုဒ္ဓိ၊ မဂ်ဖိုလ်၏အာရုံမှန် ဒိဋ္ဌမမှန်ဗြဟ္မာ ကို။ နာဓိဂစ္ဆန္တိ၊ မဘုံကမ်းပိုင် ဘကယ်ပင်မရနိုင်ကြ၊ လေကုန်။

နာမ်တရားရဲ့ ဖြစ်ပျက်နှုန်း

ကေစ္ဆရကွေးဏ ကောဋ္ဌိသတ သဟာသသခ်ျာ၊
ဥပ္ပဇ္ဇိတ္ဘာ နိရုဇ္ဈတိ။

(သမ္မောဟဝိနောဒနီ)

ကေစ္ဆရကွေးဏ၊ လက်ဖျစ်ဘတ္တက်သောခဏ၌၊ ကောဋ္ဌိသတ သဟာသသခ်ျာ၊ ကုဋေတသိန်း အရေအတွက်ရှိသော၊ ဝါ၊ ဂဏန်းသခ်ျာ မရေတွက်နိုင်သဖြင့် မျိုးစုံဖြစ်ခြင်းရှိသော (မူလဋီကာအလို)။ နာ့မံ၊ နာမ်တရားသည်။ ဥပ္ပဇ္ဇိတ္ဘာ၊ ဖြစ်ပြီး၍၊ နိရုဇ္ဈတိ၊ ချုပ်၏။

နာမ်တရားရဲ့ ဖြစ်ပျက်နှုန်းဟာ လက်ဖျစ်တတ္တက် လျှပ်တပျက် တစက္ကန့်မျှကာလမှာပင် သမ္မောဟဝိနောဒနီအဋ္ဌကထာက ကုဋေဘသိန်း

မူလဌီကာက မဇရမတ္တက်နိုင်အောင် မျှားပြားကြောင်း မိလိန္ဒပညာမှာ ရှင်နာဂဇေနက "ရှစ်ထောင်ငါးဆယ်ကိုးတင်း ခြောက်ပြည်"မှာ ရှိတဲ့ စပါးစေ့တို့နဲ့ နှိုင်းယှဉ်ပြထားပါတယ်။

ဒါကြောင့် ရုပ်နဲ့နာမ် ဖြစ်ပျက်နှုန်းဟာ နာမ်တရား ၁၇-ခါ ဖြစ်ပျက်မှု ရုပ်တရားက တခါ ဖြစ်ပျက်တဲ့ အတွက် နာမ်သက် ကုဋေဘသိန်းတည်ပြီး ၁၇-နဲ့ စားသော် ရုပ်သက် ၅၈၈၂ ကုဋေ ၃-သန်း ၅-သိန်း ၂-သောင်း ၉-ထောင် ၄-ရာ ၁-ဆယ် ၁ နဲ့ ၁၇–ပိုင်း ၁၃–ပိုင်း ရှိခြင်းသိမှတ်ရမှာ ဖြစ်ပါတယ်။

ဤကား သဘာဝအတိုင်း ဓမ္မတာနည်းအရ ရုပ်-နာမ် သိမ်းဆည်းပုံဘည်း။

ပဝတ္တိနည်းဖြင့် ရုပ်သိမ်းဆည်းခြင်း

ရူပတိဘိ ရူပံ၊ ရူပတိ၊ ဘောက်ပြန်တတ်၏။ ဣတိ၊ဆို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။ ဆိုတဲ့အဘိုင်း ပဝတ္တိနည်းအရ သစ္စသခ်ေပ အဋ္ဌကထာ အလို ရှုမှတ်နေတဲ့ ပင်လေထွက်ခလမှာ တပေါင်းထည်းပါဝင်ဖြစ်ပျက် နေကြတဲ့ ရုပ်မျှားကား ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ ဆိုတဲ့ "သုဒ္ဓဋ္ဌက" ကလာပ်တစည်း ဝိသုဒ္ဓိမဂ် အဋ္ဌ ကထာအလို "သဒ္ဒရုပ်"ထည့်၍ "သဒ္ဒနဝက" ကလာပ်တစည်း၊ ၎င်းနဲ့ ဓပ်လျက်ဖြစ်ကြတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတ, ဝတ္ထု ဆိုတဲ့ ဝတ္ထုဒသက ကလာပ်တစည်း ပေါင်း ၁၈-ပါး၊ တနည်း ၁၉–ပါးခေသာရုပ်ဘဏားရ၏။ တနည်း၊ လက်သန်း အဋ္ဌကထာ သင်ဂြိုဟ်ဆရာအလို ၎င်းဝါယောကားယဖြင့် ပြအင်တဲ့ ရူပ ကာယ ၁၈–ပါးတို့တွင် ဖေါ်ဌပ္ဗဖြင့် ရေတွက်အပ်သောကြောင့် "ကာယ ဒသက"ကလာပ်ကို သောင်းစွက်ပြန်၍ ၂၈–ပါးသော ရုပ်ဘဏားတို့ကို ရေတွက်အပ်ကုန်၏။

တနည်း ဖေါ်ဌပ္ဗာကာယဖြင့် ရအပ်တဲ့ (၂၈)ပါးသော ရုပ်တို့ တွင်"ဘာဝဒသက"ဥတုဇသုဒ္ဓဋ္ဌက အာဟာရဇသုဒ္ဓဋ္ဌကတို့ကိုလဲ ရေတွက်

အပ်ဘဲ့အတွက်(၅၄)ပါးသော ကမ္မဇ,စိတ္တဇ,ဥတုဇ,အာဟာရဇ ရူပ်တို့ကို ရအပ်ကုန်၏။ ၎င်းထည်းတွင် စိတ္တဇဝါးယော သုဒ္ဓဋ္ဌကကလာပ်ထည့်၍ ကလာပ်တူချေကာ (၆၂)သော ရူပ်တို့ကို ရအပ်ပါတယ်။

ရူပ် (၆၂) ပါး ယူပုံ

"ဝတ္ထုရူပ်"ဟူရအပ်တဲ့ ကာယဒသက(၁၀)၊ ဘာဝဒသက(၁၀)၊ ဝတ္ထုဒသက(၁၀)၊ စိတ္တဇ(၇)၊ ဥတုဇ(၇)၊ အာဟာရဇ(၇)။ "ဖေါဋ္ဌဗ္ဗာယတန"ဟု ရအပ်တဲ့ ကာယဒသက (၁၀)၊ ဘာဝဒသက (၁၀)၊ စိတ္တဇ(၇)၊ ဥတုဇ(၇)၊ အာဟာရဇ(၇)၊ ဝင်လေထွက်သော သက်သက်သုဒ္ဓဋ္ဌက(၇)၊ ၎င်းတို့တွင် တူသောကလာပ်တို့ကိုချေ၍ အကြွင်း (၆၂) ပါးပြု၍ ယူခြင်းဖြစ်ပါတယ်။

သိမ်းဆည်းရှုမှတ်ရာမှာတော့ (၆၂)ပါးသောရူပ်တို့ကို တပေါင်းထည်းပြုပြီး သဘောလက္ခဏာရဲ့ အစွမ်းအားဖြင့်သာ "ဖေါက်ပြန်တယ် ဖေါက်ပြန်တယ်"ဟုရင်း၊ အမည်ရဲ့အစွမ်းအားဖြင့် "ရူပ်-ရူပ်" ဟုရင်း သိမ်းဆည်းရမှားဖြစ်ပါတယ်။

ပဝတ္တိနည်းဖြင့် နာမ်သိမ်းဆည်းခြင်း

"နမတိတိ နာမံ" နမတိ၊ အာရုံသို့ညွှတ်ဟတ်၏ ; ဣတိ၊ ထို့ကြောင့်။ နာမံ၊ နာမ်မည်၏။ ဆိုတဲ့အတိုင်း ဝင်လေထွက်လေ ရှုမှတ်ခိုက်၌ရအပ်တဲ့ နာမ်ဟာရုးမျှားကား ဝိသုဒ္ဓိမဂ်အလို ကာမာဝစရကုသိုလ်အသမ်ါရိုက ဥာဏသမ္ပယုတ်စိတ်(၁)၊ ၎င်းစိတ်၌ယှဉ်တဲ့ အညသမာန်းစေတသိက်(၁၃)၊သောဘဏစေတသိက်(၁၉)၊ ပညိန္ဒြိယစေတသိက်(၁)၊ ပေါင်း စေတသိက်(၃၃)ပါးသည် ကာမာဝစရကုသိုလ်စိတ်၌ ယှဉ်သည်ဖြစ်၍ (၃၄) ပါးသော နာမ်တရားတို့ကို ရအပ်ပါတယ်။

(မှတ်ချက်) ဝိရတိစေတသိက်သုံးပါးကား ဝိရမိဘဗ္ဗာဝတ္ထုကိုသာ အာရုံပြုသဖြင့် မရအပ်။ အပ္ပမညာစေတသိက် နှစ်ပါးလဲ သတ္တဝါပညတ်ကိုသာ အာရုံပြုသဖြင့် မရအပ်ဟု မှတ်ပါ။

ဒီ နာမ်တရားပေါင်း (၃၄)ပါး တို့ကို တပေါင်းထည်းပြုကာ လက္ခဏာရဲ့ အစွမ်းအားဖြင့် "ညွှတ်တယ်-ညွှတ်တယ်"ဟုခေါ်ဆိုပုဂ္ဂိုလ်ရဲ့ အစွမ်းအားဖြင့် "သိတယ်-သိတယ်"ဟုခေါ်ဆိုသည်းရမှာ ဖြစ်ပါတယ်။

နာမ ရူပ ပရိစ္ဆေဒဉာဏ်

နာမ ရူပ ပရိစ္ဆေဒဉာဏ်ဆိုဒါ၊နာမ်တရား ရုပ်တရားကို ပိုင်းခြားပြီး သိခြင်းကို ဆိုလိုပါတယ်၊ ဒီနေရာမှာ ဝတ္ထုဒသကကိုပင် ဝတ္ထုရုပ်ခေါ်၍ ဝင်လေထွက်လေ သုခုဒ္ဓကကို ဖေါ်ပြုပြောယတနခေါ်၏၊ သဘောတူရာကို ပေါင်းသော် ဝတ္ထုရုပ်(၅၄)၊ ဝင်လေထွက်လေသုခုဒ္ဓကာ(၈)၊ ပေါင်း ရုပ်(၆၂)၊ နာမ်တရားကား ပုဗ္ဗကသုံးပါးရဲ့ အစွမ်းအားဖြင့် ရှမှတ်တဲ့ စိတ်နာမ် (၁)၊ ဇင်းကုသိုလ်စိတ်ဌာယှဉ်ဇဲ့ စေတသိက်နာမ် (၃၃)၊ ပေါင်း နာမ်(၃၄)၊ ရုပ်နာမ် နှစ်ရပ်ပေါင်း(၉၆)ပါး၊ဒီပရမတ္ထတရားတို့ကား "ဝင်လေ ထွက်လေ" အခိုက်ဌာ ဖြစ်ပျက်ကြတဲ့ ပရမတ္ထတရားတို့ဖြစ်ပါတယ်။

ပညတ် နဲ့ ပရမတ်

ငါ, သူတပါး, ယောကျား, မိန်းမ, ငှက်, ငမဲ စတဲ့ သက်ရှိ၊ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ စတဲ့ သက်မဲ့ အလုံးစုံ ရှိရှိသမျှ သက်ရှိသက်မဲ့ ခေါ်ဝေါ်ပြောဆိုမှု ဟူသမျှသည် "ပညတ်"၊ဇင်းပညတ်မှ အဆိုကိုစစ်၍ အနှစ်ကိုထုတ်ယူလိုက်တဲ့အခါ ဖေါက်ပြန်ပျက်စီးတတ်၊ အာရုံမပြုတတ်၊ မသိတတ်တဲ့သဘောက "ရုပ်"၊ အာရုံပြုတတ် သိတတ်တဲ့ သဘောက "နာမ်"၊ ဒီ ရုပ်,နာမ် ၂-ပါးသာ ပရမတ်အစစ် ကေန်ဖြစ်တယ်လို့ မှတ်ရပါမယ်။

ဒီနေရာမှာ ပညတ်နဲ့ ပရမတ် အာရုံရှေးနေဒါကို သတိပြုပါ။ "သုတမယဉာဏ်" ခေါ်တဲ့ ကြားဘူးတဲ့အသိဖြင့်ရင်း၊ "စိန္တာမယဉာဏ်" ခေါ်တဲ့ ပရိယတ်ကိုမှီပြီး ဝေဘန် ကြံ တွေး သိဖြင့်ရင်း၊ ကြားချက် တွေးဆချက်တို့ကို မူထားကာ မျက်စိနဲ့အဆင်းကိုမြင်ရာမှာ အဆင်းက

"ရုပ်" မြင်သိဒါက "နာမ်" ပဲလို့ အကြားပြော အတွေးပြောနဲ့ သိတဲ့ "ရုပ်-နာမ်" မျိုးကား သဘာဝရုပ်နာမ်၊ တနည်း၊ ပရမတ်ရုပ်နာမ် မဟုတ်သေးပါ၊ မူရင်း စွဲကပ်နေတဲ့ ကိုယ်လက္ခဏာမျက်မှန်စိမ်း မချွတ်ပဲ ကြည့်ပြောတဲ့ "မိန်းမ-ယောကျ်ား" ရုပ်နာမ် "ခွဲ-လူ" စတဲ့ ရုပ်နာမ်အတွေး ရုပ်နာမ်မျိုး ဖြစ်ပါတယ်။

ဒါကြောင့်အပြောက "ပရမတ်" အမြင်အသိက "ပညတ်" ပင်ဖြစ်၍ ပညတ်နဲ့ ပရမတ် အားလုံးမှန်မကွဲပဲ ရောနှောပြောဆိုနေတဲ့ မြင်သိနေတဲ့ ကိုလေသာရဲ့ အမြင်သာဖြစ်ပြီး ဉာဏ်အစင်နဲ့ ရုပ်နာမ်အစစ်ကို မြင်ဒါ မဟုတ်သေးခြင်းကို သတ်ထားပါ။

ကိုလေသာကွာ၍ ဝိဿဿနာဉာဏ် ဖြစ်ပေါ်နေချိန်တွင် ပရမတ် "ရုပ် နာမ်" စစ် ထင်ပုံမှာ အသွင်ကွယ်မှု၊ အမည်ခံမရှိမှု ရုပ်တည်ခုက် မရှိမှု ဖြစ်ခိုက်ပျက်ခိုက် ထင်နေမှုကိုသာ ထင်နေသိနေချိန်သည် "ရုပ်-နာမ်" အစစ်ကို မြင်ချိန်ဟုမှတ်ပါ။

ဒီနေရာမှာ ကောင်းရည်လုံနေစရာ မဟုတ်၊ အစစ်အမှန်ကို ရှာကြံဝိစစ်ပြီး ပွားများအားထုတ် ပြုလုပ်ကြိုးစားရန်ကာလ အချိန်နောက်မကျစေရန် သတိရှိသင့်ပါတယ်။

ရူပိနော ဓမ္မာ၊ အရူပိနော ဓမ္မာ၊

(ဓမ္မသင်္ဂဏီပါဠိတော်)

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ နိသတ္တာ နိဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ် မျိုးစင်စစ် ပရမတ်မျှသာ ဖြစ်ကုန်သော သဘောတရားတို့သည်။ သန္တိ၊ သင်တို့ငါတို့သန္တာန်၌ ထင်ရှားပကတိ ရှိကြပါပေကုန်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ နိသတ္တာ နိဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ် မုချစင်စစ် ပရမတ်မျှသာဖြစ်ကုန်သော သဘောတရားတို့သည်။ သန္တိ၊ သင်တို့ ငါတို့သန္တာန်၌ ထင်ရှားပကတိ ရှိကြပါပေကုန်၏။

ဒီလို ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူတဲ့အတိုင်း "ပရမတ်, ဝိပဿနာ ဉာဏ်"ဖြင့် ရှုကြည့်လိုက်တဲ့အခါ ရှိရှိသမျှ သတ္တဝါသခံါရဘို့တွင် အလွန်အလွန် သေးငယ်လှတဲ့ ခွေးလေး, မြေးလေး, ကမ္ဘင်းမနီမှ အစ ယူဇနာပေါင်း (၄၀၀၀) ကြီးကျယ်မြင့်မားလှတဲ့ "အသူရာ"နတ်မင်းကြီး တိုင်အောင် ဘယ်သူမဆို ရုပ်ခေတ်, နာမ်ခေတ် ပရမတ်အစု ခေတ်သားနှစ်ခု သာ တွေ့မြင်ရမှာ ဖြစ်တဲ့အကြောင်း ဝိသုဒ္ဓိမဂ် အဌကထာသဆရာက ထောက်ခံထားပါတယ်။

နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သမ္ဘတော။

(ဝိသုဒ္ဓိမဂ်)

ဣဓ၊ ဤသုံးဆယ်တတိုက် သခံါရနယ်ကြီးအတွင်းဌ်။ သမ္ဘတော၊ ပရမတ်စစ် ခေတ်ခေတ်သိုင်းရာ မှန်သောအားဖြင့်၊ နာမဉ္စ၊ ဉာတ်ကိုင်း ကာသိတတ် နာမ်ပရမတ်တရားရင်း၊ ရူပဉ္စ၊ ဖေါက်ပြန် ပျက်စီးတတ် ရုပ်ပရမတ်တရားရင်း။ (ဒွေယော) နှစ်ပါးတို့သာလျှင်၊ အတ္ထိသန္တိ၊ ထင်ရှားပကတိ ရှိကြပေကုန်၏။

နှစ်ပြာရုပ်နာမ် ဆင်ခြင်ရန်

ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမညဿ သမာယုတံ။

(သင်္ဂဟ)

ရဇ္ဇုယောဂါ၊ အရုပ်ကြိုးနှင့် အသင့်ဆွဲတပ် တွဲစပ်မိခြင်းကြောင့်၊ ဒါရုယန္တံ၊ သစ်သားဖြင့်လုပ် မင်းသမီး မင်းသားရုပ်သည်၊ သဗျာပါရံဝ၊ သွား, ရပ်, က, ခုန် ဗျာပါရှိပုံကဲ့သို့။ ခါယတိ၊ ရှုသူစိတ်တွင် မှတ်ထင်ရလေ၏။ ဧဝံ၊ ဤအတူ။ သုညံ၊ အနှစ်သာရ အတ္တမဖက် အသက်မှ ကင်းဆိတ်သော။ နာမရူပံ၊ နာမ်ရုပ်နှစ်ဖြာ ငါးနွှာသည်။ အညမညဿ သမာယုတံ၊ အချင်းချင်းကပ် ပေါင်းစပ်မိသည် ဖြစ်၍ သဗျာပါရံဝ၊

သွား,ရပ်,ထိုင်,လျောင်း လိုရာပြောင်းလျက် အကြောင်းအားလျော်စွာ ဗျာပါရှိနေသကဲ့သို့ ခါယဘို၊ ရုပ်,နာမ် နှစ်ပါး မကွဲပြားက အမျိုးစိတ်တွင် မှတ်ထင်ရလေတော့သည်တကား။

ယမကံ နာမရူပဠု၊ ဥဘော အဇ္ဈာညနိသိတာ၊
ကေသို့ ဘိဇ္ဇမာနသို့၊ ဥဘော ဘိဇ္ဇန္တိပစ္စယာ။

(ဒီနာလင်္ကာရဋီကာ)

ယမကံ၊ အစုံဖြစ်သော။ နာမဠု၊ နာမ်တရားရင်း၊ ရူပဠု ရုပ်တရားရင်း။ ဥဘော၊ နှစ်ပါးစုံသော နာမ်ရုပ်တို့သည်။ အဇ္ဈောညနိသိတာ၊ တပါးသည် တပါးကိုမှီ၍ တည်ကုန်၏။ တဖေးဖေး ထို့ကြောင့် သာလျှင်။ ကေသို့၊ တပါးပါးသည်။ ဘိဇ္ဇမာနသို့၊ ပျက်သည်ရှိသော်။ ဥဘော၊ နှစ်ပါးစုံသော နာမ်,ရုပ်,တရားတို့သည်။ ပစ္စယာ၊ ပဋ္ဌာန်းတရား ချုပ်ခြင်းဟူသော အကြောင်းကြောင့်။ ဘိဇ္ဇန္တိ၊ မုချမယွဲ့ ချုပ်ပျက်ကြရလေကုန်တော့သည်တကား။

ဒီလို မယ်မြင်တဲ့ "ဉာဏ်"၊ ကေန်ရောက်အပ်တဲ့ "ဗဟုး" ရင်း နှစ်ပါးတို့ရဲ့ လက္ခဏာတို့နဲ့ သေချာစွာသိမြင်ရ၍ ငါဆိုတဲ့ဝါဒ အစသတ်ပြုတ်ကာ အဝိဇ္ဇာမှောင်မိုက်မှာ ယထာဘူတ ဉာဏ်ရောင်လင်းလျက် သားရင်း "စုဠ-ကလျာဏ"တို့ ရအပ်တဲ့ "နာမရူပပရိစ္ဆေဒဉာဏ်" ကေန်ရောက်ပြီဟု မှတ်ယူရမှာဖြစ်ပါတယ်။

ဝိသုဒ္ဓိသတ္တဝ ၅-ဌာန

ဝိပဿနာဉာဏ်အရာမှာ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အပြား ၅-ပါး ရှိပါတယ်။ ဒီနေရာမှာ ဝိသုဒ္ဓိအစဉ်အားဖြင့် -

(၁) ဒိဋ္ဌိဝိသုဒ္ဓိ၊ အမြင်စင်ကြယ်ခြင်း၊

(၂) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ယုံမှားသံသယစင်ကြယ်ခြင်း၊

(၃) မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ။ မဂ်,ဖိုလ်ရရန် လမ်းမှန် မမှန် ဉာဏ်အမြင် စင်ကြယ်ခြင်း။

(၄) ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ။ အကျင့်မှန် ဉာဏ်အမြင် စင်ကြယ်ခြင်း။

(၅) ဉာဏဒဿနဝိသုဒ္ဓိ။ ဉာဏ်အမြင်စင်ကြယ်ခြင်း။

ဒီလို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် ၅-ပါးကို သူ့နေရာနဲ့သူ အရေးပါအရာရောက်ပုံကို သိရပါမယ်။ (၁) ဒိဋ္ဌိဝိသုဒ္ဓိ အမြင်စင်ကြယ်ခြင်းဆိုရာမှာ "သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ" ၂ပါးမှ စင်ကြယ်ခြင်း ဖြစ်ပါတယ်၊ ဘာကြောင့် စင်ကြယ်ပါသလဲဆိုလျှင် နာမ်ရုပ်ကို သိသောကြောင့်ဟုဆိုရမှာ ဖြစ်ပါတယ်။

ဒိဋ္ဌိသုံးပါး သဘောထား

ဒီလို နာမ်ရုပ်ကို မသိနားမလည်လျှင်(၁)သဿတဒိဋ္ဌိ၊(၂)ဥစ္ဆေဒဒိဋ္ဌိ၊ (၃)သက္ကာယဒိဋ္ဌိဖြစ်ပါတော့ဘယ်၊ ဒီသုံးပါးတို့ဘုင်လဲ(၁)တဏှာစွဲ၊ (၂)မာနစွဲ၊ (၃) ဒိဋ္ဌိစွဲ၊ (၄) ဝိစိကိစ္ဆာဘို့ကိုလဲ ရှင်းနိုင်ခဲ့ကြပါတယ်။

(၁) တဏှာစွဲဆိုဒါ။ ငါ့လင်, ငါ့မယား, ငါ့သား, ငါ့သမီး, ငါ့ပစ္စည်း, ငါ့ဥစ္စာ စသည်ဖြင့် သာယာနှစ်သက် မက်မောတွယ်တာမှုကို ဆိုခြင်းဖြစ်ပါတယ်။ ၎င်းကို သက္ကာယဒိဋ္ဌိစွဲဟု ထင်တာကြပါတယ်။

(၂) မာနစွဲဆိုဒါ။ အသက်, ငါ, ပုဂ္ဂိုလ်, သတ္တဝါ, စသည် ရှိသလိုလို၊ ရှိယောင်ယောင် ထင်ယောင်ထင်မှား စွဲလမ်းခြင်းကို ဆိုခြင်းဖြစ်ပါတယ်။ ဆုံးဖြတ်ပြီး မစွဲပဲ အစွဲပြေ့ဘယ်။ ဒီနေရာမှာလဲ ထောင်လွှားတဲ့မာနကို ထင်မှားတတ်ကြပါတယ်။

(၃) ဒိဋ္ဌိစွဲဆိုဒါ။ အသက်,ငါ,ပုဂ္ဂိုလ်,သတ္တဝါ စသည် တကယ်ရှိပါယင်ဟု ဆုံးဖြတ်ပြီး စွဲလမ်းခြင်းကိုဆိုခြင်းဖြစ်ပါတယ်၊ အစွဲတင်းတယ်၊ "အတ္တဒိဋ္ဌိဆိုဒါနဲ့ သက္ကာယဒိဋ္ဌိ" ဆိုဒါ အတူတူဖြစ်ပါတယ်။

(၄) ဝိစိကိစ္ဆာဆိုတာ။ ဟုတ်သေးလားလား မဟုတ်ပဲမျှား ဖြစ်နေမလားဟု တွေးတောယုံမှားမှုကို ဆိုခြင်း ဖြစ်ပါတယ်။ ဒီလို ဝိစိကိစ္ဆာရှိနေသူမှာ အကျင့်မှန်-မမှန်၊ဒိဋ္ဌိတမျိုးမျိုး ပြို-မပြို၊ ကင်း-မကင်း စဉ်းစားသင့်ပါတယ်။

ဒီနေရာမှာ ငါဘုရားမဖြစ်ခင် ဒုက္ခရကျင့်စဉ်က ဝိစိကိစ္ဆာဖြစ်၍ ရပြီးတရားထူးမျှား ပျောက်ကွယ်သွားဘူးကြောင်း မဖို့မပဏ္ဍာသပါဠိတော်မှာဟောတော်မူသည်ကိုရင်း၊ ဝိစိကိစ္ဆာသန့်ရှင်းခဲ့အောင် သုံ့သင်ရမယ်လို့ ဟောတော်မူခြင်းမျှားကိုရင်း စဉ်းစားသင့်လှပါတယ်။

ဒိဋ္ဌိ ဝိသုဒ္ဓိ အစစ် ဖြစ်-မဖြစ်

(၁) အရှင်ဆန္ဒထေရ် ရုပ်,နာမ်,ခန္ဓာ အဖြစ်အပျက် နားလည်ပါသော်လဲ သဿတဒိဋ္ဌိနားမလည်၍ ငြိုနေတဲ့အတွက် သက္ကာယဒိဋ္ဌိ ရှိနေသေးသဖြင့် အရှင်အာနန္ဒာမဟာမှ မဂ်,ဖိုလ်ပေါက်ကြောင်း ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဆန္ဒာဝါဒသုတ်မှာ ဟောတော်မူထားခြင်းကိုရင်း။

(၂) အရှင်ယမကထေရ် ရုပ် နာမ် ခန္ဓာ အဖြစ်အပျက် နားလည်ပါသော်လဲ နိဗ္ဗာန်နဲ့ဥစ္ဆေဒဒိဋ္ဌိနားမလည်၍ ငြိုနေတဲ့အတွက် သက္ကာယဒိဋ္ဌိ ရှိနေသေးသဖြင့် အရှင်သာရိပုတ္တရာဟောမှ မဂ်ဖိုလ်ပေါက်ကြောင်းရင်းပါဠိတော် ယမကသုတ်မှာ ဟောတော်မူထားခြင်းကိုရင်း။

(၃) အရှင်အနုရုဒ္ဓထေရ် ရုပ် နာမ်ခန္ဓာ အဖြစ်အပျက် နားလည်ပါသော်လဲ သတ္တဝါဆိုဒါ ရှိသလား၊ သတ္တဝါဟာ နိဗ္ဗာန်သို့ ရှေ့ပြောင်း ကူးသွားလေသလားဟု ဝိစိကိစ္ဆာငြိုနေတဲ့အတွက် သက္ကာယဒိဋ္ဌိ မကင်းသေးကြောင်း ရင်းပါဠိတော်မှာ ပင်ဟောတော်မူထားခြင်းကိုရင်း။

(၄) ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက မထေရ်ကြီး ခြောက်ကျိပ်တို့ ဒီဋ္ဌိစဲ့သဘောသာ နားလည်၍ မာနစဲ့သဘော နားမလည်ခြင်း မသိခြင်းကြောင့် အာသဝေါ မကုန်ပဲဖြစ်နေရာ အရှင်ခေမက ဟောမှ သဘောကျကာ ရဟန္တာဖြစ်ကြကြောင်း ၎င်းပါဠိတော်မှာပင် ခေမကသုတ်မှာ ဟောတော်မူထားခြင်းကိုဝင်း။

ဒီနေရာမှာ အဘိဓမ္မာ သုတ္တန် ကျမ်းဂန် ဗဟုသုတရှိကြ၍ ရူပ်,နာမ်, ခန္ဓာ အဖြစ်အပျက်ကို နားလည်လျှင် မိမိမှာ ဆက္ကာယဒိဋ္ဌိ ပြုတ်ပြိုဟုထင်နေကြသူများမှာ သဿတ,ဥစ္ဆေဒ,ဝိစိကိစ္ဆာ သဘောကို နားမလည်ကြ၍ သက္ကာယဒိဋ္ဌိ ရှိမှန်းမသိ ရှိနေကြရပါတယ်။

ဒါကြောင့် ဒီ-ဒိဋ္ဌိသုံးမျိုးနားမလည်က ဝိပဿနာခေါ်တဲ့ အစဆုံးသိရမဲ့ "နာမရူပ ပရိစ္ဆေဒ" ဉာဏ်သော်မှ ဖြစ်ရိုးဓမ္မတာ မဟုတ်၍ မဂ်,ဖိုလ် မရနိုင်ကြောင်းကို မူလပဏ္ဏာသပါဠိတော်မှာ သာတိရဟန်းအား ဟောတော်မူထားခြင်းကို ထောက်ထားသိနိုင်ပါတယ်။

ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ၊

ဝိစိကိစ္ဆာယ၊ မှန်သလော မမှန်ဆလော, အလိုတော် ကျသလော မကျသလော တွေးတောယုံမှား ဝိစိကိစ္ဆာဘရားမှ။ ပရိသောဓေတိ၊ ထက်ဝန်းကျင် စင်ကြယ်စေရာ၏။ ဝါ၊ စင်းလုံးချောရာ၏...ဟုဝင်း။

မနသာ နုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။

မနသာ၊ စိတ်ဖြင့်။ အနုပေက္ခိတာ၊ ကြံစည်အပ်ကုန်၏။ ဒိဋ္ဌိယာ၊ ပညာဖြင့်။ သုပ္ပဋိဝိဒ္ဓါ၊ ကောင်းစွာထိုးထွင်း၍ သိမြင်အပ်ကုန်၏ဟုဝင်း။

သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

သမ္မာ၊ ကောင်းစွာစဉ်းစား၍။ ပညာယ၊ ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုမှတ်အပ်၏....ဟုဝင်း။

ထိုထို ပါဠိတော်များမှာ ဟောတော်မူထားတဲ့ ဒေသနာများကို ထောက်ထားကာ မစဉ်းစားနဲ့၊ အတိုင်းတိုင်းနေ လုပ်သမျှ ဒုက္ခသာ ဖြစ်တယ်ဆိုတဲ့ စကားများဟာ ဗုဒ္ဓမြတ်စွာရဲ့ ဝါဒနဲ့, ဆန့်ကျင်နေဒါကို လေးလေးနက်နက် စဉ်းစားသင့်ကြပါတယ်။

ဒိဋ္ဌိအစ အတ္တက

အတ္တဂ္ဂါဟ ပုဗ္ဗင်္ဂမော သဿတုစ္ဆေဒဂ္ဂါဟောဝ။ (အဂ္ဂတ္တရဋ္ဌိကာ)

သဿတုစ္ဆေဒဂ္ဂါဟောဝ၊ သဿတ,ဥစ္ဆေဒ အစဲမှန်သမျှသည်။ ဝါ၊ သဿတ ဥစ္ဆေဒ ဒိဋ္ဌိ အမျိုးမျိုးရှိသည်။ အတ္တဂ္ဂါဟ ပုဗ္ဗင်္ဂမော၊ အတ္တ စဲလန်းမှုလျှင် ရှေ့သွားရှေ့ဆောင်ရှိ၏။

ဒီလို ဋ္ဌိကာဆရာ မိန့်မှာထားတဲ့အတိုင်း ရုပ်,နာမ်,ခန္ဓာမှ တပါး အတ္တကောင်, ဇီဝဆိုတဲ့ အသက်ကောင် လိပ်ပြာကောင် သတ္တဝါကောင် ရှိတယ်လို့ ထင်မှားကြတဲ့အတွက် လူသေသလဲ အတ္တကောင်က ထွက်သွားပြီး ဖြစ်လိုရာဘဝမှာ ကျွေး ပြောင်း သွား တယ် လို့ ယူ လျှင် "သဿတဒိဋ္ဌိ" သေလျှင် ပြတ်တာပဲဟုယူလျှင် "ဥစ္ဆေဒဒိဋ္ဌိ" ဖြစ်၏။

ဒိဋ္ဌိဖြစ်ခြင်း အကြောင်းရင်း။

(ဆောင်ပုဒ်)

ခန္ဓ အဝိဇ္ဇာ သညာ ဖဿော
အယော တက္က ပါပ ဃောသာ
ဤရှစ်ဖြာ ဒိဋ္ဌိဖြစ်ကြောင်းပါ။

(၁) ဥပါဒါနက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါး ထင်ရှားဖြစ်ခြင်းကြောင့် ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး။

(၂) အဝိဇ္ဇာဆိုတဲ့ အ မှန် မ သိ ခြင်း ကြောင့် လဲ ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး။

(၃) သညာဆိုတဲ့ အ မှတ် မှား မှု ကြောင့် လဲ ဒိဋ္ဌိ ဖြစ်ခြင်း အကြောင်းတပါး။

(၄) ဖဿဆိုတဲ့ အတွေ့အထိ စိတ်အာရုံကြောင့်လဲ ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး။

(၅) အယောနိသော မနသိကာရဆိုတဲ့ မသင့်မတင့် နှလုံးသွင်း မိခြင်းကြောင့်လဲ ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး။

(၆) ဝိဟက်ဆိုတဲ့ တွေးတော ကြံစည် ယူမှားခြင်း ကြောင့်လဲ ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး။

(၂) ပါပမိတ္တာဆိုတဲ့ မကောင်းတဲ့အဆွေခင်ပွန်းနဲ့ ပေါင်းသင်းမိခြင်းကြောင့် ဒိဋ္ဌဖြစ်ခြင်းအကြောင်းတပါး။

(၃) ပရတောဃောသ ဆိုတဲ့ မသူတော်တို့ရဲ့ အမှားစကားနာကြားရခြင်းကြောင့်လဲ ဒိဋ္ဌဖြစ်ခြင်း အကြောင်းတပါး။

ဒီရှစ်ပါးတို့တွင် တပါးပါးသောအကြောင်းကြောင့် ဒိဋ္ဌဖြစ်တယ်လို့ "ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်" မှာ ဟောတော်မူထားပါတယ်။

အနတ္တာ

"နအတ္တာ - အနတ္တာ" အတ္တာ၊ အတ္တဆိုတဲ့ငါသည်။ နာ၊ မဟုတ်။ အနတ္တာ၊ အတ္တမဆိုတဲ့ ငါမဟုတ် ဟူသော ပစနတ္ထနဲ့အညီ ရူပ်နာမ်အားဖြင့်ရင်း၊ မန္ဒာ,အာယတန,ခေါတ်အားဖြင့်ရင်း အထင်ထပ်ခဲ့ပြီး ပတ်ဝန်းကျင် တက်အောက် မှီခိုနှောက်ခါခါ ရှာပါသော်လဲ ပြခဲ့တဲ့ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက်, လိပ်ပြာ ရှာကြံမရ "အတ္တ"မဟုတ်သဖြင့် "အနတ္တ"တရားမျှားသာ ဖြစ်ပါတယ်။ ရူပ်နာမ် ခန္ဓာမှတပါး နိဗ္ဗာန် ပညတ်ဘရားတို့မှာလဲ ထို "အတ္တ" မျိုး မရှိသဖြင့် "သခ်ၦာ-သခ်ၦတ" တရားဟူသမျှ "အနတ္တ" ခေါ်ဝေါ်သောဟု ကျေကျေနပ်နပ်ကြီး မှတ်ယူသင့်ပါတယ်။

(**မှတ်ချက်**) အနိစ္စ ဒုက္ခဟူရာ၌ သခ်ၦါရ(သခ်ၦတ)တရား ထားရတယ်၊ အနတ္တ ဟူရာ၌ကား သခ်ၦတနဲ့ အသခ်ၦတဖြစ်တဲ့ နိဗ္ဗာန် ပညတ် တရားအားလုံး ယူရပါတယ်။

ပြဆိုခဲ့တဲ့အတိုင်း ဗီဝအတ္တနဲ့ ပရမအတ္တ နှစ်ဌာနကို သဘောမကျသေးသမျှ "အတ္တ"သို့မဟုတ် "သက္ကာယ" အစဲရှိနေဆဲပင်ဟု မှတ်ရပါမယ်။

ဒါကြောင့် သိမှုကား "စိတ်" သို့မဟုတ် ဝိညာဏ်၊ ခံစားမှုကား "ဝေဒနာ"၊ မှတ်သားမှုကား "သညာ"၊ ပြုလုပ် အားထုတ်မှုကား "သခ်ၦါရ"၊ ဖေါက်ပြန်တတ်တဲ့ ဒီခန္ဓာကိုယ်ကြီးကား "ရူပ်"၊ ဒီလို ရူပ်,ဝေဒနာ,သညာ,သခ်ၦါရ,ဝိညာဏ်မှတပါး "အတ္တ" ဆိုတဲ့ တရားတမျိုး မရှိဟု ပိုင်းခြားသိမြင်ခြင်းသည်ပင် "အဘိ" စွဲလန်းမှုဆိုတဲ့ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်တဲ့ "ဒိဋ္ဌိဝိသုဒ္ဓိ" ဖြစ်တယ်ဟု မှတ်ယူရမှာ ဖြစ်ပါတယ်။

ပရမတ္ထ သဘာဝ အတပ်ထပ် ပြရခြင်း။

ဗုဒ္ဓမြတ်စွာက ပရမတ္ထ-တရားများကို ဘာကြောင့် ထပ်ကာထပ်ကာ ပြရပါသလဲဆိုလျှင်....

(၁) နာမ သမူဟ၊
(၂) ရူပ သမူဟ၊
(၃) နာမရူပ သမူဟ၊

ပုဂ္ဂိုလ်သုံးမျိုးတို့ရဲ့ အကြိုက် စရိုက်ကို လိုက်ပြီး အထပ်ထပ် ဟောဆတော်မူရခြင်း ဖြစ်ပါတယ်။

(၁) နာမ သမူဟ-ပုဂ္ဂိုလ်ဆိုဒါ နာမ်တရားခွဲ နားမလည်နိုင်ကြ သံသယဖြစ်ပြီး တွေဝေနေတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးကို နာမ်တရားကို လေးမျိုးခွဲပြီး၊ ရူပ်တရားကို တမျိုးတည်း ထားကာ "ခန္ဓာ"ဒေသနာတော်နဲ့ အထူးသင့်လျော်တဲ့အတွက် ဟောတော်မူခြင်း ဖြစ်ပါတယ်။

(၂) ရူပ သမူဟ-ပုဂ္ဂိုလ်ဆိုဒါ ရူပ်တရားခွဲ နားမလည်နိုင်ကြ၊ ယုံမှားသံသယဖြစ်ပြီး တွေဝေနေတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးကို နာမ်တရားကို ပါကာမျှတားပြီး ရူပ်တရားကိုကား ဆယ်ပါးနဲ့ ဓမ္မာယတန တစိတ်တိုင်အောင် ခွဲခြားပြီးကာ "အာယတန" ဒေသနာတော်နဲ့ အထူးသင့်လျော်တဲ့အတွက် ဟောဘော်မူခြင်း ဖြစ်ပါတယ်။

(၃) နာမရူပ သမူဟ-ပုဂ္ဂိုလ်ဆိုဒါ နာမ်ရူပ်တရား နှစ်ပါး စလုံးကိုပင် နားမလည်နိုင်ကြ၊ ယုံမှား သံသယဖြစ်ပြီး တွေဝေနေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ နာမ်,ရူပ်တရား နှစ်ပါးလုံး ကိုပင် ခွဲထုတ်ပြီးကာ "ဓာတု" ဒေသနာတော်နဲ့ အထူးသင့်လျော်တဲ့ အတွက် ဟောတော်မူခြင်းဖြစ်ပါတယ်။

ယံ ပဿတိ နု တံ ဒိဋ္ဌံ တံ နပဿတိ၊
အပဿံ ဗဒ္ဓတေ မုဋ္ဌော ဗဒ္ဓိမာနော နမုစ္စတိ။
(သုတ်မဟာဝါ ဝိသုဒ္ဓိမဂ် မူလပဏ္ဏာသ အဋ္ဌကထာ သတိပဋ္ဌာနသုတ်ဖွင့်)

ယုံ၊ အကြင် မိန်းမ ယောကျား စသည်ကို၊ ပဿတိ၊ အမေမေ့ စဉ်အခါကပါလာတဲ့ မျက်စိဖြင့်မြင်၏။ တံ၊ ထိုအမေပေးတဲ့ မျက်စိနဲ့ မြင်သော မိန်းမ,ယောကျား စသည်ကို၊ နဒိဋ္ဌံ၊ ဘုရားပေးတဲ့ ပရမတ် မျက်စိနဲ့ မမြင်။ ယုံ၊ အကြင် ရူပ်,နာမ်,ခန္ဓာ အစုကို၊ ဒိဋ္ဌံ၊ ဘုရားပေး တဲ့ ပရမတ်မျက်စိနဲ့ မြင်၏။ တံ၊ ထိုဘုရားပေးတဲ့ ပရမတ်မျက်စိနဲ့ မြင်သော ရူပ်,နာမ်,ခန္ဓာ အစုကို။ နပဿတိ၊ အမေပေးတဲ့ မျက်စိနဲ့ မမြင်။ အပဿံ၊ မြင်အပ်တာကိုတော့ မမြင် မမြင်အပ်တာကိုသာ မြင် တတ်တဲ့။ မုဏ္ဍော၊ တေ,ခ,ဝ မိုက်မဲတဲ့ သတ္တဝါသည်။ ဗဠ္ဗတော၊ ကာမ ဂုဏ် ညွှတ်ကွင်းခ္ဍမိ၏။ ဗဠ္ဗမာနော၊ မာရ်မင်းထောင်ထားတဲ့ ကာမဂုဏ် ညွှတ်ကွင်းခ္ဍမိသော။ သောမုဏ္ဍော၊ ထိုတေ,ခ,ဝ မိုက်မဲတဲ့ သတ္တဝါသည်။ နမုစ္စတိ၊ အိုနာသေခြင်း အပါယ်ဘေးတို့ ရောထွေးပေါင်းစပ် သံသရာ စက်ရဟတ်မှ မုချမသွေ မလွတ်မြောက်နိုင်ရပေတကား။

နာမ ရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

နာမ် ရူပ် အကြောင်း သိမ်းဆည်းပုံ

"နစမ ရူပ ပရိစ္ဆေဒ" ဉာဏ်ဖြင့် "ဇီဝအတ္တ" အယူဝါဒကို နှုတ် ပယ်နိုင်သော်လဲ "ပရမ အတ္တ"ဆိုတဲ့ ဖန်ဆင်းရှင် ထာဝရ-ဘုရားကား ကျန်ရှိနေသေးပြန်ပါတယ်။ ဒီနေရာမှာ နှိုင်းယှဉ်ပြရလျှင် "ပါရိဟာရိယ" ပညာဆိုတဲ့ ဆရာကောင်းတို့ထံမှာ လေ့လာပွားများ သင်ယူထားတဲ့ ပညာနဲ့ ပြည့်စုံသော သမားလိမ္မာများဟာ လူနာရဲ့ ရောဂါကိုမြင်လျှင် ရောဂါ၏ဖြစ်ကြောင်းအမှန်ကို ကေန်တိတိ ဉာဏ်မျက်စိနဲ့ သိနိုင်သလို၊

သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်လိုတဲ့ ပုဂ္ဂိုလ်များမှာလဲ ဆရာ ကောင်းတို့ထံ နည်းခံမှတ်သား ပွားများအားထုတ်မှုကြောင့် လက်ဝယ် တင်ထား ပတ္တမြားကြီးကို မျက်ဝါးထင်ထင် သိမြင်အပ်တဲ့ အမြင်ဉာဏ် ဆိုတဲ့ "ဓမ္မတာ"၊ အဲဒီ 'ဓမ္မတာ'ဟာ ရူပ်နာမ်တို့ရဲ့ အရေအတွက် "ဂနဏ" ရူပ်နာမ်တို့ရဲ့ အပိုင်းအခြား "ပရိစ္ဆေဒ" ရူပ်နာမ်တို့ရဲ့ ဖြစ်ရာ "ဌာန"

ရှုပ်နှာမ်တို့ရဲ့ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဆိုတဲ့ "သဘာဝ"တို့ကို သိမြင်ခြင်းဟူသော "ပဝတ္တိ"နည်း နှစ်ပါးတို့ဖြင့် မိမိရဲ့ခန္ဓာမှာ ဉာဏ်စိုက်ပြီး တွင်းပြင်မလပ် ဉာဏ်ကွန်မြူးကာ စူးစမ်းရှာဖွေတဲ့အခါ နှာမ်ရှုပ်မှတပါး ဖန်ဆင်းရှင်လဲ ရှာကြံမရ၊သဘာဝအလျှောက် အလေ့ပေါက်မျိုးလဲ မဟုတ်၊ မုချစင်စစ် အားကြောင်းကင်းပြီးဖြစ်ပေါ်လာတဲ့ အရာဝတ္ထု တခုမှမရှိနိုင်ဟု ဉာဏ်ဆင့်ပွားကာ ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာတော်နဲ့ ရှင်းလိုက်တော့....။

ဘယ်ဘုရား၊ ဘယ်ဗြဟ္မာ၊ ဘယ်ပရမိသ္ဓာနတ်မှ ဖန်ဆင်းဒါမဟုတ် မုချစင်စစ် အတိတ်ကာလ ဟိုလွန်ခဲ့တဲ့ဘဝများက သိမြင်စရာအဝဝကို မသိမမြင်ရအောင် ဆီးတားပိတ်ပင်ထားတဲ့ "အဝိဇ္ဇာ"တရား။

အဲဒီ အဝိဇ္ဇာတရား ပိတ်ကားထားမှုကြောင့် အမှန်မသိမြင်တဲ့ အတွက် မီးခိုးရောင်ကို ရွှေရောင်မှတ်ကာ တိုးမှားရှာတဲ့ ပိုးမျှားစွာလို၊ တဆဲ့တမီး ပွားစီးလောင်မြိုက်ရာဌာန သုံးဆယ်တစ် ဘုံဘဝမှာ လူဖြစ်ရကောင်းနိုးနိုး နတ်ဖြစ်ရကောင်းလေဟန်၊ ဗြဟ္မာဖြစ်ရန်ကတမျိုး ဘဝစာတ်အမျိုးမျိုးတို့ကို နှစ်သက်သာယာတဲ့ "တဏှာ"တရား။

အဲဒီ - တဏှာကို အလိုလိုက်မှားပြီ ဆိုမှုဖြင့် "ဆားငံရေနှာက် ငတ်တိုင်းသောက်က သောက်လေ သောက်လေ ငတ်မပြေတည်း"ဆိုဒါလို ဒီတရားမျိုးက လိုက်စားလို့ ကုန်သွားတဲ့ တရားမျိုးမဟုတ်၊ ပွားစီးတဲ့ တရားမျိုးဖြစ်တယ်။

ဒါကြောင့် လိုက်စားသူများမှာ တဆ,ထက် တဆ,တက်ကာ (ဖွတ်ကြီးတော့ မီကျောင်း၊ မြေကြီးတော့ နဂါးလောင်း၊ တစ္ဆေကြီးတော့ သူရဲပြောင်း)ဆိုသလို မရမနေနိုင်လောက်အောင် စွဲလမ်းလာတဲ့ တဏှာအကြီးစား "ဥပါဒါန်"တရား။

အဲဒီ ဥပါဒါန်တရား စွဲလမ်းမှု ကြီးလာတဲ့အခါ (အာသာဝင်းဝင်း မစင်တွင်းကိုအထင်ကြီးကာ ဆင်းမှားရှာတဲ့ အကန်းလို)၊အိုရ,နာရ,သေရ ဖန်ဖန် ပင်ပန်းခြင်း အတန်တန်နဲ့ ဖေါက်ပြန်ချတ်ယှင်း သုံးဆယ်တစ်

စင်္ဂီဘုံတွင်းသို့ သက်ဆင်းလိုတဲ့ 'ဆန္ဒ" အားကြီးလှသဖြင့် "ဝဋ္ဌနိဿိတ" ခေါ် ဒါန,သီလ,ဘာဝနာ အဖြာဖြာသော ကုသိုလ်ကံ အကုသိုလ်ကံ တရားများကို ပြုမှားခြင်းဆိုတဲ့ "ကံ"တရား။

(မှတ်ချက်) ဒီလေးပါးကို အတိတ်အကြောင်းများဟု မှတ်သားရပါမယ်။

ဒီလို သတ္တဝါတယောက် ဖြစ်မြောက်ရာမှာ ဟိုအတိတ်အကြောင်းများကြောင့် ယခု ပစ္စုက္ခဘဝ၌ မိမိပြုခဲ့တဲ့ "ကံ"အဟုန်အရ ပဋိသန္ဓေခဏဖြစ်ပေါ်ချိန်မှစပြီး သေပြန်တဲ့ကာလအတွင်း အသက်ရှင်၍ တည်နေနိုင်ခြင်းကား ဖန်ဆင်းရှင်ဖြစ်တဲ့ ထာဝရဘုရားနဲ့ ဘယ်နတ်၊ ဘယ်ဗြဟ္မာ ဘယ်အထက်ဆရာများရဲ့ အလိုတော် အရ အစွမ်းသတ္တိကြောင့် မဟုတ်ပါ။

အမှန်ကို ဝေဘန်ရလျှင် ရုပ်ခေါတ်အမှုကြီးက လေးပါး၊ စိတ်ခေါတ်အမှုက တပါး၊ ဒီခေါတ်ကြီး ငါးခုကို အသီးအသီး ဉာဏ်အမြင်ပေါက်အောင် စီစစ်ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ခန္ဓာကိုယ်တခုလုံးမှာရှိတဲ့ ရုပ်ခေါတ်အမှုကြီးက လေးပါးဆိုတဲ့ မြေ,ရေ,လေ,မီး ခေါတ်ကြီးလေးပါးမှာလဲ ကံ-ကြောင့်ဖြစ်တာ ၄-ပါး၊ စိတ်ကြောင့်ဖြင့်တာ ၄-ပါ၊ ဥတုကြောင့်ဖြစ်တာ ၄-ပါ၊ အာဟာရကြောင့် ဖြစ်တာ ၄-ပါ၊ ဒီအကြောင်း ၄-ပါးကို သိရမှာဖြစ်ပါတယ်။

ဒါကြောင့် ဟိုရှေးကပြုခဲ့တဲ့ ကံကိုအစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ တကိုယ်လုံးမှာ မီးတောက်အသွင် ရေအလျှဉ်ပမာ တဖွားဖွားဖြစ်ပေါ်နေတဲ့ ခေါတ်အမှုကြီး ၄-ပါးဟာ ကံကြောင့်ဖြစ်တာ ဖြစ်ပါတယ်။

အဲဒီ ဖြစ်ဆဲခဏ၌ စိတ်ကိုအစွဲပြုပြီး သူ့စိတ်နဲ့သူ အမှုအရာခြားနားကာ တဖွားဖွားဖြစ်ပေါ်နေတဲ့ ခေါတ်အမှုကြီး ၄-ပါးက စိတ်ကြောင့်ဖြစ်တာ ဖြစ်ပါတယ်။

အချိန်ရှိသမျှ ခဏတိုင်းမှာ ပူမှု အေးမှု ဥတုအခိုက်၊ သူ့ဥာဏ်နဲ့ သူ့ဓာတ်အမှုကြီး ၄-ပါး တဖွားဖွားဖြစ်ပေါ်နေမှုကိုရင်း၊ သူ့အာဟာရ ဓာတ် ပွားများခိုက်ကို ဆစ်ပြုပြီး သူ့ဓာတ်အမှုကြီး ၄-ပါး တဖွားဖွား ဖြစ်နေမှုကိုရင်း ဝေဘန်ပြီ ကာ သိရမှာဖြစ်ပါတယ်။

စိတ်ဓာတ်မှာမူကား "ဝင်လေ-ထွက်လေ"စတဲ့ အာရုံကိုရင်း၊ မိုရာဝတ္ထုရုပ်ကိုရင်း အစဲပြု၍၊ သူ့အာရုံနဲ့ သူ့မှတ်စိတ် နေခြည်ရောင် ဟတ်၍ တံလျှပ်ပမာ အစဉ်ဖြစ်ပွားနေဒါကို သိမှတ်ရမှာ ဖြစ်ပါတယ်။ ဒီလို စီးစစ်လိုက်တဲ့အခါမှာ (၁) ဟေတုအကြောင်း၊ (၂) ပစ္စယ အကြောင်း၊ (၃) ပဋိစ္စ အကြောင်း ဟု သုံးမျိုးသုံးစား ခြားနားလာ ဒါကို တွေ့ရပါမယ်။

အဲဒီ အကြောင်းသုံးပါးတို့တွင် "အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ" ဒီအကြောင်း ၄-ပါးက "ဇနက" ဖြစ်စေတတ်တဲ့ အကြောင်းဖြစ်၍ ဟေတု အကြောင်းလို့ မှတ်ရပါမယ်။

"အာဟာရ"ကတော့ ဖြစ်ပြီးသား ရုပ်ဓာတ် နာမ်ဓာတ်များကို "ဥပထမ္ဘက" ထောက် ပံ့ စောင့်ရှောက် တတ် တဲ့ အ တွက် "ပစ္စယ" အကြောင်းလို့ မှတ်ရပါမယ်။

"ပဋိစ္စ" အကြောင်းဆိုဒါက ဝတ္ထုရုပ်၌ အမြဲမပြတ်ဖြစ်တတ်တဲ့ (၁) ဘဝင်စိတ်၊ (၂) ဓမ္မာရုံ၊ (၃) မနောဝိညာဏ်၊ ၎င်းသုံးပါးကို ပေါင်းဆုံမိခြင်းဆိုတဲ့ "ပဋိစ္စ"အကြောင်းကြောင့် "မနောသမ္ဖဿ"ဖြစ် ပေါ်လာရပါတယ်။

နာမ်တရားတို့ရဲ့သဘောဟာ (၁) အာရုံနဲ့ မှတ်စိတ် တွေ့မှုက ဖဿ၊ (၂) နောက်မှအသင့်ကပ်လျက် တွေ့တဲ့အာရုံကို ခံစားမှုက "ဝေဒနာ"၊ (၃) အာရုံရဲ့ သဘောကို မှတ်သားမှုက "သညာ"၊ (၄) စေ့ဆော်တိုက်တွန်းမှုက "စေတနာ"၊ (၅) အမှတ်ပြု၍ သိမှုက "ဝိညာဏ်"၊ ဒီလို "ပဉ္စက"ငါးပါး အုပ်စုလိုက်ဖြစ်မှုကို "ဖဿပဉ္စက" ဟု ခေါ်ဆိုပါတယ်။

ဒါကြောင့် ခြောက်ဒွါရ ခြောက်အာရုံကို တွေ့ဆုံတိုင်းမှာ နာမ်တရားတို့ရဲ့ ဖြစ်စဉ် "သန္တတိ"ကို မြင်အောင် "ပဋ္ဌိစ္စ"အကြောင်းဖြင့် သိမ်းဆည်းကာ ယုံမှားကင်္ခါကို ပယ်ခဖြောက်ရမှာဖြစ်ပါတယ်။

ဒီ - ပစ္စယ ပရိဂ္ဂဟညာဏ်ဖြင့် သိမ်းဆည်း ဆင်ခြင်လိုက်ဘဲ့အခါ ရုပ်နာမ်တို့ ဖြစ်ပွားနေရာမှာ ဘယ် ထာဝရဘုရားဆိုတဲ့ "ပရမအတ္တ"မှ ဖန်ဆင်းဒါ မဟုတ်၊ မုခ္ဂစင်စစ် "ဟေတု-ပစ္စယ-ပဋ္ဌိစ္စ" ဒီအကြောင်းသုံးပါးကြောင့် ဖြစ်၍၊ "အကြောင်းကြောင့် ဖြစ်တယ် - အကြောင်းကြောင့်ဖြစ်တယ်"ဟုမှတ်ရှု ရမှာဖြစ်ပါတယ်။

ဆောင်ပုဒ်၊

ကံ၏သတ္တိ စိတ်၏အလို အပိုတိုးလျက် မျိုးမပျက်ပဲ၊ ကြိုးဆက်သည့်သွင် ယခင်ရုပ်ဟောင်း ပျက်တုံ့ရှောင်းလည်း၊ ၎င်းနေရာ ရှေ့တိုင်းသာလျှင် ဆက်ကာဖြည့်ပေး သူ့အရေးကြောင့် ရှေးရုပ် - နောက်ရုပ် အတွင်ချုပ်လျက် ဗုဒ္ဓဘုရားဟောသော်ငြားလည်း စိတ်ထားမတည့် မယုံကြည်ဘို့ လောကီလူမျှား အထင်မှားအောင် ဆန်းပြားပုံဟန် သဏ္ဌာန်အစုစု ဖြစ်အောင်ပြုနိုင်သည့် ဥတုအာဟာရ ခဝတ်အစုမျှ တို့သာပါတကား။

လောကီသစ္စာ (၄)ပါး ပိုင်းခြားသိပုံ

ဒီနေရာမှာ လောကီသစ္စာ(၄)ပါးကို ပိုင်းခြား သိတယ်ဆိုဆုဋ္ဌ၊ ရုပ်နာမ် ၂-ပါးကို ပိုင်ခြားသိတဲ့ "နာမရူပပရိစ္ဆေဒ"ဉာဏ်ဖြင့် "ဒုက္ခသစ္စာ"ကို ပိုင်းခြားရှုသိတယ်လို့ မှတ်ရပါမယ်။ ရုပ်နာမ် ၂-ပါးရဲ့ အကြောင်းကို သိမ်းဆည်းတဲ့ "ပစ္စယပရိဂ္ဂဟ"ဉာဏ်ဖြင့် "သမုဒယသစ္စာ"ကို ပယ်ဘယ်လို့ မှတ်ရပါမယ်။ အဲဒီဉာဏ်ရဲ့ နောက်အဘို့မှာ ဖြစ်ခြင်း - ပျက်ခြင်းကို သိတဲ့ "အနုလောမ ဝိပဿနာ" ဉာဏ် ဟူသော လောကီဝိပဿနာမဂ်ဖြင့် "မဂ္ဂသစ္စာ"ကို ပွားတယ်လို့ မှတ်ရပါမယ်။ လောကီဝိပဿနာမဂ်ဖြင့် ရုပ်နာမ်တို့ရဲ့ ဖြစ်ခြင်း"ပဝတ္တ"ကို သိမြင်သဖြင့် ရုပ်နာမ်တို့ရဲ့ မဖြစ်ရာ "အပဝတ္တ"နိဗ္ဗာန်ခဏ် ကေန်ညွှတ်ကိုင်းတဲ့ 'အဗျာသယ"ခဝတ်ကြီးကား "နိုရောဓသစ္စာ"ကို မျက်မှောက်ပြုတယ်လို့ မှတ်ရပါမယ်။

(မဟာဌီကာ)

ဝမ်းမြောက်ဘွယ်

ဣမိနာ ပန ဥာဏေန သမန္နာဂတော ဝိပဿကော၊
ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓ ပတိဋ္ဌော၊
နိယတ ဂတိကော စူဠသောတာပန္နော မ ဟောတိ၊
(ဝိသုဒ္ဓိမဂ်)

ပန၊ ဤဥာဏ်အရာဝယ် အကျိုးကြီးကျယ်သည်ကို ပြဆိုပါဦးအုံ။ ဣမိနာ ဥာဏေန၊ ဤပြဆိုခဲ့ပြီးတဲ့ ယထာဘူတဥာဏ် ဟုဆိုအပ်သော "ပစ္စယ ပရိဂ္ဂဟ"ဥာဏ်နှင့်၊ သမန္နာဂတော၊ ပြည့်စုံသော၊ ဝိပဿကော၊ ဝိပဿနာ ဘာဝနာအလုပ် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓ သာသနေ၊ ဗုဒ္ဓမြတ်စွာသာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာသည်။ လဒ္ဓ ပတိဋ္ဌော၊ ရအပ်သော ထောက်ဘည်ရာရှိသည်၊ နိယတ ဂတိကော၊ သုဂတိသို့သာ မြဲသော လားရာရှိသော၊ စူဠသော တာ ပန္နောနာမ၊ "စူဠသောတာပန်" မည်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပါပေသတည်း၊

ပစ္စယ ပရိဂ္ဂဟဥာဏ် ကခ်ေါဝိတရဏ ဝိသုဒ္ဓိ ပြီး၏။

ဒီနေရာမှာ ရူပ်နာမ်ကို ပိုင်းခြားသိ၍ ရူပ်နာမ်ရဲ့အကြောင်းကို သိမ်းဆည်းပြီးကာ "ရှေကောင်း-မကောင်းကို မှတ်တင် ကြည့်သလို" ရူပ်နာမ်တို့ကို "အနိစ္စ-ဒုက္ခ-အနတ္တ"ဆိုတဲ့ အနုပဿနာ ဗုဒ္ဓမှတ်ကျောက် ဖြင့် သုံးသပ်ဆင်ခြင်ခြင်း 'သမ္မသနဥာဏ်"၊ ဇမ္ဗူဒိပ် အိန္ဒိယ မဇ္ဈိမ ဒေသခေါ် "ကလာပ သမ္မသနဥာဏ်"၊ သီဟိုဠ်ခေါ် "နယ ဝိပဿနာ ဥာဏ်"ဟူ၍ သုံးမည်ရ သုံးဘွဲ့ခံ သုံးတန်သောအမည်ကိုရတဲ့ "သမ္မသန ဥာဏ်"ကို တဆင့်တက်ကာ ပွားများအားထုတ် သုံးသပ် ဆင်ခြင်ရမှာ ဖြစ်ပါတယ်၊

သုံးသပ် ဆင်ခြင်ရာ၌ အနတ္တလက္ခဏာသုတ်လာ အခြင်းအရာ (အာကာရ) ၁၁-ပါးဖြင့် ပိုင်းခြားပြီး သုံးသပ်ဆင်ခြင်ပုံမှာ....

(၀) အတိတ်ကာလရှေးကဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတို့လဲ တဆံခြည်မှု မခန့်ရှု.မပြောင်းပဲ ရှေးဌာသာလျှင် ကုန်တတ် ပျောက်တတ်သောကြောင့် "မမြဲပါတကား"၊ ဒီလို ဖြစ်-ပျောက်-ဘေး အတိရောက်သဖြင့် ကြောက်မက် ထိပ်လန့်ဘွယ်သာ ဖြစ်သောကြောင့် "ဆင်း ရဲ ပါ တ ကား"၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာ၍ မြဲမြံ,ချမ်းသာအောင် ပြုပြင်စီရင်နိုင် ခံစားနိုင်တဲ့ ငါကောင်-ကိုယ်ကောင် အသက်ကောင်ရဲ့.အဖြစ် အနုစ်သာရ ရှာမရသောကြောင့် ငါမဟုတ်, ကိုယ်မဟုတ် ပါတကား၊ ဒီလို-ရှေးကဖြစ်ပြီးတဲ့ ရုပ်နာမ်တို့ကို "လက္ခဏာရေး" သုံးပါးဘင်၍ ရှုဆင်ခြင်ရပါတယ်။

(၂) အနာဂတ်ကာလ နောက်အခါ ဖြစ်လတ္တံ့သော ရုပ် နာမ် ခန္ဓာတို့လဲ တဆံခြည်မှု မခန့်ရှု.မပြောင်းပဲ နောက်အခါ၌ပင် ကုန်လတ္တံ့ ပျောက်လတ္တံ့သောကြောင့်။

(ရှေးအတိုင်းရှု တူပြီ)။

(၃) ပစ္စုပ္ပန်ကာလ ဖြစ်ဆဲသော ရုပ် နာမ် ခန္ဓာတို့လဲ တဆံခြည်မှ မခန့်ရှု.မပြောင်းပဲ ဖြစ်ဆဲသော ခဏ၌သာလျှင် ကုန်တတ်ပျောက်တတ်သောကြောင့်။

(ရှေးအတိုင်း တူပြီ)။

(၄) အဇ္ဈတ္တ အတွင်းသန္တာန် မိမိသန္တာန်၌ဖြစ်သော ရုပ်နာမ် ခန္ဓာတို့လဲ အတွင်းသန္တာန် မိမိသန္တာန်၌သာလျှင် ကုန်တတ်ပျောက်ဘတ်သောကြောင့်....

(ရှေးအတိုင်း တူပြီ)။

(၅) ဗဟိဒ္ဓ - အပသန္တာန်၊ သူတပါးသန္တာန်၌ဖြစ်သော ရုပ် နာမ် ခန္ဓာ တို့လဲ အပသန္တာန် သူတပါးသန္တာန်၌သာလျှင် ကုန်တတ် ပျောက်တတ်သောကြောင့်....

(ရှေးအတိုင်း တူပြီ)။

(၆) ဟီန - ယုတ်ညံ့သော ရုပ် နာမ် ခန္ဓာတို့သည်၊ ယုတ်ညံ့သော သဘောအဖြစ်၌သာလျှင် ကုန်တတ်ပျောက်တတ်သောကြောင့်...

(ရှေးအတိုင်း တူပြီ)။

(၇) ပဏီတ - မှန်မြတ်သော ရုပ်နာမ် ခန္ဓာတို့သည်၊ မှန်မြတ်သော သဘောအဖြစ်ဌာသာလျှင် ကုန်တတ် ပျောက်တတ်သောကြောင့်....

(ရှေးအတိုင်း တူပြီ)။

(၈) သြဠာရိက - ရုန်ရင်းကြမ်းတန်းသော ရုပ်နာမ်ခန္ဓာတို့သည် ရုန်ရင်းကြမ်းတန်းသော သဘောအဖြစ်ဌာသာလျှင် ကုန်တတ် ပျောက်တတ်သောကြောင့်....

(ရှေးအတိုင်း တူပြီ)။

(၉) သုခုမ - သိမ်မွေ့နူးညံ့သော ရုပ်နာမ်ခန္ဓာတို့သည်၊ သိမ်မွေ့နူးညံ့သော သဘောအဖြစ်ဌာသာလျှင် ကုန်တတ် ပျောက်တတ်သောကြောင့်....

(ရှေးအတိုင်း တူပြီ)။

(၁၀) ဒူရ - အဝေးဌာဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည်၊ အဝေးဌာသာလျှင် ကုန်တတ် ပျောက်တတ်သောကြောင့်....

(ရှေးအတိုင်း တူပြီ)။

(၁၁) သန္တိက - အနီးဌာဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည် အနီးဌာသာလျှင် ကုန်တတ်ပျောက်တတ်သောကြောင့်....

(ရှေးအတိုင်း တူပြီ)။

ဒီလို ပါဠိတော်နည်းအားဖြင့် ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာတို့ကိုလဲ ဒီအတိုင်း ရှုရမှာဖြစ်ပါတယ်။

ခန္ဓာ နိစ္စာ ခယဋ္ဌေန ဘယဋ္ဌေနစ ဒုက္ခတာ၊
အနတ္တာ သာရကဋ္ဌေန ဣတိ ပဿေ ပုနပ္ပုနံ။

(သစ္စသံခေပ အဋ္ဌကथာ)၊

ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ခယဋ္ဌေန၊ ကုန်ပျောက်ပြုံးတီး ပျက်စီးတတ်သော အနက်သဘောကြောင့်။ အနိစ္စာ၊ အတည်အစဲ့ အမြဲမရှိပါတကား။ ဘယဋ္ဌေန၊ ခြေသီ့ သစ်ကျား ဘေးရန်များနှယ် ကြောက်မက်ထိပ်လန့်ဘွယ်သော အနက်သဘောကြောင့်။

ဒုက္ခတာ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲပါတကား။ အသာရ ကင္ဘေန၊ အနုစ်မရှိ ပုတီညစ်ကျေး ပုပ်ဆွေးတတ်သော အနက်သဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုယ်-မဟုတ်ပါတကား။ လွတ်၊ ဤသို့။ ပုနပ္ပုနံ၊ အပန်ပန် အထပ်ထပ်။ ပယော ရှုမှတ်ရာသတည်း။

ဒီလို အဋ္ဌကထာနည်းဖြင့်လဲ တပေါင်းထပ်းပြုကာ ခန္ဓာတို့ရဲ့ သဘောသက်သက် အပျက်အပျောက် ဘေးရောက်မခိုင် အလိုအတိုင်း မပြုနိုင်တဲ့ "အနိစ္စ လက္ခဏာ - ဒုက္ခလက္ခဏာ - အနတ္တလက္ခဏာ" တို့ကို ကောင်းစွာမှတ်သားပြီး ပိုင်းခြားရှုမြင် ဆင်ခြင်မိသဖြင့် ငါ,ငါရဲ့ဥစ္စာ, ငါရဲ့ခန္ဓာဟု တဏှာ,ဒိဋ္ဌိ မငြိမကပ် မမှတ်စကောင်းသောအဖြစ်ကို သိသောဓဏ သမ္မသန ဝိပဿနာဥာဏ် ကေနစ်စစ် ဖြစ်တယ်ဟု မှတ်ရပါမယ်။

(မှတ်ချက်) ဒီ — သမ္မသနဥာဏ် အရာမှာ "ဥပါဒ်, ဌိ, ဘင်" ဖြစ်-တည်-ပျက် ခဏငယ်သုံးချက်ရဲ့ အစွမ်းဖြင့် သုံးသပ်ရပါမယ်။

ဥဒယ ဝယဥာဏ်

"သမ္မသနဥာဏ်"ရင့်သန်ပြီးနောက်၊ တိုးတက်အားထုတ်တဲ့အခါ အတိတ်နဲ့ အနာဂတ်တို့သို့ မလိုက်ခဘဲ၊ သန္တတိဓဏ ပစ္စုပ္ပန်ကာလမှာ ဖြစ်ဆဲဖြစ်တဲ့ ရုပ်နာမ်ဘို့ရဲ့ စဉ်ဖြစ်ခြင်းဟု မှတ်အပ်သော သခ်ၸာ၏ လက္ခဏာကို "ဥဒယ"ဖြစ်ခြင်းဟုခေါ်တယ်။ ဘောက်ပြန် ပျက်စီးခြင်းဟူ၍ မှတ်အပ်တဲ့ သခ်ၸာရဲ့လက္ခဏာကို "ဝယ"ပျက်ခြင်းဟုခေါ်တယ်။

ဒီလို မိမိသန္တာန်မှာ ဖြစ်ဆဲ ရုပ်နာမ်ခန္ဓာတို့ရဲ့ အစနဲ့အဆုံး "အဖြစ်-အပျက်"တို့ကို သိဘတ် မြင်တတ် ဆင်ခြင်တတ်ပါက "ဥဒယ ဝယဥာဏ်" ဖြစ်တယ်ဟု မှတ်ရပါမယ်။

ဒီ - "ဥဒယ ဝယဥာဏ်"နဲ့ ဖြစ်ပျက် လက္ခဏာကို ဟုတ်မှန်စွာ ရှုမြင်တတ်သူကား ယောင်ဝိ၊ယောင်ဝါ၊ အအိပ်အစား အချော်အပါ၊ နဲ့သာ ကျွဲ,နွား,မြင်း,ဆင် သမင်,သားငှက် စတဲ့ တိရစ္ဆာန်များလို အသက်ရှူ၊ရုံ လူမည်ကာမျှ လူဘဝမှာ အနုစ်ဘဆာ အသက်ရှည်သောသူ ထက် တရက်တားမျှ အသက်ရှည်ခြင်း၊ကာ မြတ်ကြောင်း။

ယောစ ဝယ သကံ ဇီဝေ အပယံ ဥဒယဗ္ဗယံ၊
ကောဟံ ဇီဝိတံ သေယ္ယော ပဿတော ဥဒယဗ္ဗယံ။
(ဓမ္မပဒ ပါဠိကော်)

ယောစ၊ အကြင်သူသည်လည်း၊ ဥဒယဗ္ဗယံ၊ စောင်းသံ ရေပွက် လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်ပျက်ခြင်းရာ လက္ခဏာကို၊ အပယ -- အပယာနွှာ၊ မမြင်မရှာဘဲ၊ ဝယ သကံ၊ အနှစ်တာဆုပတ်လုံး။ ဇီဝေ၊ အသက်ရှည်၍နေရမည်။ တတော၊ ထိုသူသက်၊ ဥဒယဗ္ဗယံ၊ စောင်းသံ ရေပွက် လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်ပျက်ခြင်းရာ လက္ခဏာကို။ ပဿတော၊ ရှုတတ် မြင်တတ်သော သူ၏။ ကောဟံ၊ တရက်မျှ၊ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ဒါကြောင့် အသက်ရှည်ရကျိုး၊ သာသနာနဲ့ တွေ့ကြုံရကျိုး နှပ်အောင် မြင့်မြတ်တဲ့စိတ်ဓာတ်ဖြင့် "ဥဒယဗ္ဗယဉာဏ်" ဖြစ်ဘတ်အောင် နှလုံးသွင်းဆင်ခြင်ကာ အားထုတ်ရပါမယ်။

ငါတို့ အိမ်ရာထောင်သူ လူတို့အရာမဟုတ်ဟု သာမည်ဖြစ်တဲ့ ဒါနဲ့သီလ,ဘာဝနာ မျှနဲ့သာ တင်းတိမ်အားရပြီး မနေကြသင့်ပါ၊ ကြောင်း-ကျိုး စင်ကာ အထပ်ထပ်ဖြစ်တဲ့ "ဝိပါကကွန်ရာ" တို့ သည် "ပဿာဒမျက်စိ" အမြင်အားဖြင့် မထင်မမြင်နိုင်သော်လဲ၊ မီးလောင်စာကို မြင်သဖြင့် မီးဟောက်ရဲ့ အဖြစ်အပျက် အစအဆုံး အပိုင်းအခြားကို သိနိုင်သလို အကြောင်းကိုရှုသဖြင့် "ရုပ်နာမ်" တို့ရဲ့ အဖြစ်အပျက် အစအဆုံး အပိုင်းအခြားကို အဇမှာ မှန်းဆ၍ "အနုမာနဉာဏ်" ဖြင့် ရှုဆင်ခြင်ရပါမယ်။

ကြိမ်ဖန်များစွာ ရှုဆင်ခြင်ဖန်များ၍ ဘာဝနာအားရှိလာသော် "ပစ္စက္ခ" ဉာဏ်ဝမှာ တဖွားဖွား-တရိပ်ရိပ် ပြတ်ပြတ်သားသား မုချ ထင်ထင် ဉာဏ်ဖြင့်မြင်ရမှာ ဖြစ်ပါတယ်။

ဒီလို "ဥဒယဗ္ဗယဉာဏ်" ဖြင့် ဖြစ်ခြင်း-ပျက်ခြင်း လက္ခဏာကို ကောင်းစွာဆင်ခြင် ရှုမြင်နိုင်သည်ရှိသော်၊ ဖြစ်ခြင်းကိုမြင်သဖြင့် ပျက်ပြီးတဲ့နောက် ကွယ်ပျောက်ပြတ်စဲဒါဘဲဟု စွဲယူမှုတဲ့မှားတဲ့ "ဥစ္ဆေဒဒိဋ္ဌိ"

ကို ပယ်နိုင်ပါတယ်၊ ပျက်ခြင်း "ဝယ လက္ခဏာ"ကို မြင်သဖြင့် အစဉ် အမြဲ မကွဲမပြတ် တည်တက် ဖြစ်ဘတ်တယ်ဟု စွဲ လမ်း မှတ် မှား တဲ့ "သဿတဒိဋ္ဌိ"ကို ပယ်နိုင်ပါတယ်။

ဒါကြောင့် ဥဒယဗ္ဗယညာဏ် ဖြစ်ခဲ့ပါမှု၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိနှစ်ပါးကို "တရုဏ ဝိပဿနာညာဏ်" တဒင်္ဂပဟာန်အားဖြင့် ကေန် ပယ်နိုင်ပါတော့တယ်။

(မှတ်ချက်) နာမရူပ ပရိစ္ဆေဒညာဏ်၊ ပစ္စယ ပ ရိ ဂ္ဂ ဟ ညာဏ်၊ သမ္မသနညာဏ်၊ ဥဒယဗ္ဗယညာဏ် ဒီညာဏ် (၄)ပါး ကို "တရုဏ-ဝိပဿနာညာဏ်" (ဒုဗ္ဗလသာဝိပဿနာ ညာဏ်) ကျန်တဲ့ ဘင်္ဂညာဏ်စသော ဓမ္မဋ္ဌိတိညာဏ် ရှစ်ပါးကို ဗလဝ ဝိပဿနာညာဏ် (အားကြီးသော ဝိပဿနာညာဏ်)ဟု မှတ်ရပါမယ်။

ဒီနေရာမှာ မင်္ဂ-သဘောမဟုတ်ဘဲ၊ မင်္ဂ-ဟု ထင်မှားလောက် အောင် ဆန်းပြားတဲ့ ဝိပဿနာ ညစ်ညူးကြောင်း အညစ်အကြေး (၁၀)ပါး ဖြစ်တတ်ပါတယ်။

(၁) သြဘာသ၊ ဝိပဿနာ စိတ်ကြောင့်ဖြစ်တဲ့ ကိုယ်ရဲ့ အရောင် အလင်း ဖြစ်တတ်ခြင်း။

(၂) ပီတိ၊ ဝိပဿနာစိတ်နဲ့ တကွဖြစ်တဲ့ အားကြီးစွာ နှစ်သက် ရွှင်ပြုံးခြင်း။

(၃) ပဿဒ္ဓိ၊ စိတ်, စေတသိက်တို့ ငြိမ်းအေးချမ်းမြေ့ခြင်း။

(၄) အဓိမောက္ခ၊ အလွန်ကြည်လင်သန့်ရှင်းတဲ့ အားကြီးသော သဒ္ဓါတရားဖြစ်ခြင်း။

(၅) ပဂ္ဂဟ၊ မလျော့လွန်း အားမထုတ်လွန်းတဲ့ ကောင်းစွာ ချီးပင့်သော ဝီရိယဖြစ်ခြင်း။

(၆) သုခ၊ သုခဝေဒနာဆိုတဲ့ စိတ်ရဲ့ အလွန်သာယာ ချမ်း မြေ့ခြင်း။

(၇) ဥပဒ္ဒာန၊ သတိဆိုတဲ့ ရှည်ကြာလေးငြင့် ကမ္မဋ္ဌာန်းကို အောက်မေ့နိုင်ခြင်း။

(၈) ဥာဏ၊ ထက်မြက်သန့်ရှင်း တွေ့ဝေခြင်းကင်းဘဲ ဝိပဿနာ ဥာဏ် ရှုမြင်ထင်နိုင်ခြင်း။

(၉) ဥဒယဗ္ဗယ၊ စိတ်၏ လျှစ်လျှူရှုနိုင်ခြင်း။

(၁၀) နိုကန္တိ၊ ပြခဲ့ပြီးတဲ့ ၉-ပါးတို့ တ ပါး ပါး ဖြစ်တဲ့အခါ သာယာငြိုးပဲ့သော တဏှာဖြစ်ခြင်း။

ဒီ-ဆယ်ပါးသော တရားတို့ကား မဂ်-မဟုတ်ဘဲ မဂ်-ဟု အထင် မှားကာ "တဏှာ,မာန,ဒိဋ္ဌိ"တို့ရဲ့ တည်ရာမျှသာ ဖြစ်တယ်ဟု နှလုံး သွင်းပြီး ဝိပဿနာတရားကို တိုးပွားရှု၊ ကြိုးစားအားထုတ် ရမှာ ဖြစ်ပါတယ်။ ဒီလို ဝိပဿနာရဲ့ ညစ်ညူးခြင်း ဆယ်ပါးဖြစ်တဲ့အခါ စိတ်ချလက်ချ ကိစ္စကုန်ပြီ ဂုဏနှဘဲ၊ မဂ်မဟုတ် ဖိုလ်မဟုတ်ဟု ရှုသဖြင့် မြင်ခြင်း မှတ်ခြင်းကိုပင် 'မဂ္ဂါ မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ"ခေါ်ခြင်း ဖြစ်ပါတယ်။

ဥဒယဗ္ဗယာနုပဿနာ ပြီး၏။

ဘင်္ဂါနုပဿနာဥာဏ်

"ဥဒယဗ္ဗယဥာဏ်"ရှေ့နောက်မျှားမျှ အမြင်သန်တဲ့အခါ အလွန်ပူလှတဲ့ မီးအိုးကင်းထဲကို ဆား,ယမ်း,နှမ်းမျှား ထည့်လိုက်သလို ဖျစ်ဖျစ်မည်ည် လျက် ပျက်သော အဖြစ်ကိုသာ စင်စစ်ထင်ဘိသကဲ့သို့၊ အာရုံ အာရုံမှတ်ကာ ရိုးရှင်းပ်လက် အုပ်ကျက်စိညှိ အသံမစဲ ဖြစ်ပြစ်သမျှ သင်္ခါရတို့ရဲ့ ဖြစ်ခြင်းအမှတ်ကို လွှတ်၍၊ ပျက်ခြင်း ကုန်ခြင်း သဘောအမှတ်ဌာသာ သတ်ထားကာ တည်လာခြင်းကိုပင် "ဘင်္ဂါနုပဿနာဥာဏ်"ခေါ်ပါတယ်၊ ဒီဥာဏ်ဖြင့် အနိစ္စလက္ခဏာကို ရှုခြင်းရဲ့ အထွတ်အထိပ်သို့ ရောက်စေ ပါတယ်။

ဒီလို ရုပ်ရဲ့ပျက်ခြင်းကို ရှုပြီးတဲ့နောက်၊ တခြားကိုနှလုံးမသွင်းဘဲ ဝိပဿနာ ရှုတတ်တဲ့စိတ်ရဲ့ ချုပ်ခြင်း - ပျက်ခြင်းကို ဆက်လက်ပြီးကာ လျင်မြန်စွာ ရှုမှတ်ရမှာဖြစ်ပါတယ်။ 'ကျန်တဲ့ ဝေဒနာ,သညာ,သင်္ခါရ တို့ကိုလဲ ဒီအတိုင်းရှုရပါမယ်။

ဒါကြောင့် ရုပ်နာမ်တို့ရဲ့ မိန်းမ,ယောကျား,ခေါင်း,ကိုယ်,ခြေ, လက် စတဲ့ သဏ္ဌာန် အစုအပေါင်းကို မြင်သော်လဲ အစိုင်အခဲ တခု ထည်း တည်နေတယ်လို့ ဉာဏ်မှာမထင်ဘဲ၊ ရိုးရှင်းလှုပ်ရှား အုတ်ကျက် စိည့် အသံမဆိတ် တရိပ်ရိပ် တဖျက်ဖျက် ကျေပျက် ပျောက်ချုပ်၍သာ နေတဲ့အဖြစ်ကို စင်စစ်ဉာဏ်၌သာ ထင်နေရမှာဖြစ်ပါတယ်။ ဒီနေရာမှာ နောက် ဘယဉာဏ်စတဲ့ ဉာဏ်တို့ကား ထင်ပုံသာ ထူးခြားပါတော့တယ်၊ ပွားများပုံကား ဘင်ဉာဏ်အတိုင်းသာဖြစ်ပါတယ်၊ ဖေါ်ဉာဏ်နဲ့ ပေါ် ဉာဏ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဘယာနုပဿနာဉာဏ်

ဒီလို ဘင်ါနုပဿနာဉာဏ်ဖြင့် အ ပျက် အ တိ သာ ထင်နေတဲ့ ဘာဝနာယောဂီဟာ အထက်ဉာဏ်များသို့ အစဉ်အတိုင်း တက်နိုင်ဒါလဲ/ ရှိ မတက်ဘဲ ရပ်နေဒါလဲ ရှိတတ်ပါတယ်။ အကယ်၍ မတက်နိုင်၍ တက် ခြင်းကို လိုလားပါမှု မလျော့ဘဲ၊ အဖန်ဖန် အ ထပ် ထပ် ရှုမှတ်သော အားဖြင့် အပျက်ကိုသာ မြင်သဖြင့် ဘေးကြီးအတိ ရောက်သည် သာ ထင်၏။

ဒါကြောင့် ခဏမလပ် ပျက်စီးသဖြင့်၊ ဖိစီးနှိပ်စက် အပျက် မပြတ် နှိပ်စက်တတ်သော ဒုက္ခအားဖြင့် ယခုပစ္စုက္ခ၊ ရုပ်နာမ်တို့ရဲ့ ပြည့်စုံနေမှုကိုပါ မသာယာတော့ဘဲ ဘေးကြီးအတိ ရောက်သည်သာ ထင်လာ၏။ အစိုးမရ ဒုလိုမပါ ငါ,ကိုယ် မဖြစ် အနှစ်သာရကင်းတဲ့ အနတ္တအားဖြင့် ဘဝသင်္ခါရ ဟူသမျှတို့ကို ဘေးကြီးအဘိုရောက်သည်ဟု ထင်ခြင်းသည် ဘယတုပဋ္ဌာနဉာဏ် မည်ပါတယ်။

အာဒီနဝါနုပဿနာဉာဏ်

ဒီလို ဘယဉာဏ်ဖြင့် အဖန်ဖန် အထပ်ထပ် ရှုမှတ်သူမှာ အလုံးစုံ သောဘဝဘွဲ့၌ တစုံတခုသာ သင်္ခါရအဖြစ်ကိုမျှ နှစ်သက်စောင့်တ

ခြင်း မဖြစ်တော့ဘဲ၊ ညီးညီးပြောင်ပြောင် တောက်လောင်မစဲ ကရဲရဲ နေတဲ့ မကျီးစုကဲ့သို့ မငြိမ်းမအေးသော အခြင်းအရာ၊ သာယာချမ်းမြေ့ ဘွယ် မရှိသောအဖြစ်၊ အပြစ်အတိသာ ထင်သော ဥာဏ်သည် အာဒီနဝဥာဏ် မည်ပါတယ်။

နိဗ္ဗိဒါ နုပဿနာဥာဏ်

ဒီလို အာဒီနဝဥာဏ် ထင်ဖန်များလာတဲ့အခါ အလုံးစုံရှိရှိသမျှ ကာမ ရူပ အရူပ ဆိုတဲ့ ဘဝသုံးပါးမှာ ဘယ်ဘုံ ဘယ် ဘဝကိုမှ နှစ်သက်တောင့်တခြင်း မဖြစ်တော့ဘဲ၊ မပျော်မမွေ့ ငြီးငွေ့ဆန်ကျင်တဲ့ စိတ်ဖြစ်ခါ ထွက်မြောက်ချင်သော မွေ့လျော်ခြင်း၊ ငြီးငွေ့သော အခြင်းအရာ ထင်ခြင်းသည် နိဗ္ဗိဒါနုပဿနာဥာဏ် မည်ပါတယ်။

(မှတ်ချက်) ဒီ-ဘယဥာဏ်,အာဒီနဝဥာဏ်,နိဗ္ဗိဒါဥာဏ် သုံးပါးသည် အတူတူပင်၊ ထင်ပုံမျှသာ ခြားနားပါတယ်၊ ဒီ ဥာဏ်သုံးပါ နဲ့ ဒုက္ခလက္ခဏာကို ရှုခြင်းရဲ့ အထွတ်အဖျားသို့ ရောက်စေပါတယ်။

မုဉ္စိတုကမျှတာဥာဏ်

ဒီ နိဗ္ဗိဒါဥာဏ်မှတက်ကာ၊ ဘင်္ဂါနုပဿနာ နည်းအတိုင်း ရှုမှတ်ပွားများ အားထုတ်ပြန်သော ပဋိပုဒ်အား၊ ထိုဘဝသုံးပါး ဝတ္ထုများတို့ကို လိုလားစုံမက် နှစ်သက်ကပ်ငြိခြင်း မရှိ၊ ပိုက်ကွန်တွင် မိနေတဲ့ ငါး၊ လှိုင်ခါး ဝင့်လက် ရန်သူ့လက်သို့ ရောက်သောသူ စသည်များကဲ့သို့၊ အလုံးစုံသောဘဝ စသည်တို့မှ လွတ်ကင်းထွက်မြောက်လိုသည်သာဖြစ်၍ နေခြင်းသည် မုဉ္စိတုကမျှတာဥာဏ် မည်ပါတယ်။

ပဋိသင်္ခါ နုပဿနာဥာဏ်

ဒီ မုဉ္စိတုကမျှတာဥာဏ်မှ တက်၍၊ ရှေးအထက် သမ္မသနနည်းကဲ့သို့ "အနိစ္စ,ဒုက္ခ,အနတ္တ"ဟူ၍ အကျယ်တဖန် အားထုတ်၍ ရှုပြန်ကာ အာရုံနဲ့ မှတ်စိတ် အသားကျနေခြင်းသည် ပဋိသင်္ခါ နုပဿနာဥာဏ် မည်ပါတယ်။

သခ်ၸိရုပေကၠာဥာဏ်

ဒီ ပဋိသခ်ၸိနုံပဿနာဥာဏ်မှ တဆင့်ဘက်ကာ သုညတ ဝိပဿနာ နည်းဖြင့် အလုံးစုံသော ရုပ် နာမ် ခန္ဓာ သခ်ၸိရ တရားများသည် မမြဲ သက်သက် အပျက်အစုသာဖြစ်၍ မြဲဘတ်တဲ့ နိစ္စသဘောမှ ကင်းဆိပ်၏၊ ဆင်းရဲသက်သက် နှိပ်စက်ဘတ်သော အစုသာဖြစ်၍ ချမ်းသာတတ်တဲ့ သုခသဘောမှ ကင်းဆိပ်၏၊ မလှသက်သက် စက်ဆုပ်ဘွယ် အစုသာ ဖြစ်၍ တင့်တယ်တတ်တဲ့ သုဘသဘောမှ ကင်းဆိပ်၏၊ အသက် ဝိညာဉ် ကောင် ငါကောင် ကိုယ်ကောင်မဟုတ်၊ နာမ်ရုပ်အစုသာဖြစ်၍ ငါအလို ရှိဘိုးပြုတတ်တဲ့ အတ္တသဘောမှ ကင်းဆိပ်၏။

ဒီလို သုညတ ဝိပဿနာနည်းဖြင့် ရှုမှတ်သိမ်းဆည်းရာ စွန့်ကွာ ပြီးတဲ့မယား လင်ကိုမြင်သော်လဲ စွန့်ကွာပြီးတဲ့အတွက် နှစ်သက်ခြင်း မဖြစ်သလို၊ ငါ-ငါ့ဘဏ္ဍာ စံလမ်းစရာကို မမြင်သောကြောင့် ကြောက် ခြင်း နှစ်သက်ခြင်းကိုပယ်ကာ အလုံးစုံသခ်ၸိရတို့ရဲ့ ပျက် ခြင်း ကို လဲ မကြောက်၊ ဖြစ်ခြင်းကိုလဲ မနှစ်သက်၊ လျစ်လျူ ရှုသည်သာ ဖြစ်၏။ သခ်ၸိရတရားတို့ငြိမ်းရာ (နိဗ္ဗာန်)ကိုသာ ငြိမ်သက်ချမ်းမြေ့၏ဟု ရှု၏၊ ဒီလို အလုံးစုံသော သခ်ၸိရတရားတို့၌ လျစ်လျူပြုစ်၍ နိဗ္ဗာန်သို့ညွှတ်ကာ ပြေးဝင်တတ်တဲ့ဥာဏ်သည် သခ်ၸိရုပေကၠာဥာဏ် မည်ပါတယ်။

အနုလောမဥာဏ်, ဂေါတြဘူဥာဏ်,
မဂ်ဥာဏ် ,ဖိုလ်ဥာဏ်, ပစ္စဝေက္ခဏာ ဥာဏ်

ဒီလို သခ်ၸိရုပေကၠာဥာဏ်ကို ကြိမ်ဖန်များစွာ လေ့လာသူအား သဒ္ဓါကြည်လင် သက်ဝင်ခြင်းအားကြီးစွာဖြင့် အလွန်ထက်သော သခ်ၸိရ ပေကၠာဥာဏ်ရဲ့ အဆုံးသို့ရောက်ကာ မဂ်သို့စင်စစ် ဆောက်လတ္တံ့သည် ဖြစ်၍၊ အနိစ္စ,ဒုက္ခ,အနတ္တ ဟူ၍ သုံးသပ်သဖြင့် ဝိပဿနာဝိထီဟော အဆုံး၌ ဘဝင်ကျ၏၊ ၎င်းဘဝင် အခြားမဲ့၌ သခ်ၸိရပေကၠာဥာဏ်ရှိတဲ့ အတိုင်း သခ်ၸိရတို့ကို အနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း၊ အနတ္တဟူ၍၎င်း တပါးပါးကို အာရုံပြုကာ မနောဒ္ဓါရဝီथိနှိုးစိတ်ဖြစ်၏။

ထို့နောင် ၎င်းအနိစ္စစသော သင်္ခါရတို့ကိုပင် အာရုံပြု၍ ပဌမဈာနဖြစ်၏၊ ၎င်းနောက် ဒုတိယဈာန ဖြစ်၏၊ ၎င်းနောက် တတိယဈာနဖြစ်၏၊ ၎င်းနောက် နိဗ္ဗာန်ကိုရှေးဦးစွာ အာရုံပြု၍ ပုထုဇဉ်အနှယ်ကို ဖြတ်ကာ အရိယာဇာတ်ကိုဖြစ်စေလျက် ဝေါတြဘူဉာဏ်ဖြစ်ပါတယ်။

ရှင်းနောက်ဆက်ကာ ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွားစေခြင်း၊ ကိစ္စလေးပါးကို ဖြစ်စေလျက်၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကိုသတ်၍၊ သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြစ်၍ချုပ်၏၊ ထို့နောင် သောတာပတ္တိဖိုလ်ဉာဏ် နှစ်ကြိမ် သုံးကြိမ် ဖြစ်၏၊ ထို့နောင် ဘဝင်ဖြစ်၏၊ ထို့နောင် ပစ္စဝေက္ခဏာဈာဝီထိတို့သည် ဖြစ်ကုန်၏။

(မှတ်ချက်) ဒီ - မဂ္ဂဝီထိမှာ ပဌမဈာသည် ပရိကံဈာ (မဂ်ကို ပြုပြင်တတ်တဲ့ဈာ) မည်၏၊ ဒုတိယ ဈာသည် ဥပစာရဈာ (မဂ်၏အနီးဌာ ဖြစ်တဲ့ဈာ) မည်၏၊ တတိယဈာသည် အနုလုံဈာ (မဂ်နဲ့လျော်တဲ့ဈာ)မည်၏၊ ဒီ အနုလုံဈာသည်ပင် သစ္စာနုလောမိက ဝိပဿနာ သမ္မာဒိဋ္ဌိမည်၏။

ဒီ သစ္စာနုလောမိက ဝိပဿနာဉာဏ်၊ ဝေါတြဘူဉာဏ်သည် ပုထုဇဉ်တို့ရဲ့ အထွတ်အဖျားတည်း၊ ၎င်းဉာဏ်သို့ ရောက်လျှင်လဲ နောက်သို့မပြန်တော့ဘူ မဂ်သို့သာ ရောက်တော့၏။ ဒါကြောင့် ရှေး ဘုရားပဓာနစတုကဗုဒ္ဓါ ရဟန္တာလောင်းများဟာ ပါရမီဖြည့်ဆည် ဘုရားသာသနာတော်နဲ့ တွေ့ကြုံပေမဲ့ သစ္စာနုလောမိကဉာဏ်ရဲ့ အနီး သင်္ခါရဝေဒနာဉာဏ်သို့ ရောက်၍သာတည်ကြောင်း အဌကထာအရ ကြိုးများ မိန့်ထားခြင်းဖြစ်တယ်လို့ မှတ်ရပါမယ်။

ပဓါနအလုပ် အကျဉ်းချုပ်

ဘဝသံသရာမှ မလွတ်မြောက်သေးခင် သက်သာရုန်နဲ့ လွတ်မြောက်ရေးအတွက် အကွက်ချပြီးပြခဲ့တဲ့ "သရဏဂုံ သီလ သမာဓိ ပညာ" ဆိုပိုင်းများဟာ ကျယ်နေ၍ ဉာဏ်မင့်မိတဲ့ ရှိဘတ်သဖြင့် အလုပ်ခွင်သဘောကို အကျဉ်းချုပ်သိရန် ဆက်ပြောပြပါဦးမယ်။

မိမိဉာဏ်မှိုသမျှ ဘုရားဂုဏ်ကို အာရုံပြုကာ၊ သရဏာဂုံ သီလ ဆောက်တည်ပြီး ဣရိယာပုထ်ကို အချိုးကျ ငြိမ်သက်စွာ ထားလျက် နှာသီးဝမှာစိတ်ထား၍ ဝင်လေ-ထွက်လေကို စူးစိုက်စွာ ဆယ်ခါလောက် ရှုမှတ်နေပါ၊ နောက် ဆယ်ဝါရလောက် ရအောင် ရေတွက်ပေးပါ၊ ပြီးလျှင် ဝင် ထွက် နေတဲ့လေကို မရေတွက်တော့ဘဲ ညင်သာသိမ်မွေ့စွာ ရှုရှိုက်ယင်း အသိဉာဏ်သွင်းကာ စဉ်းစားဆင်ခြင်ရန်မှာ....

ဒီ- ဝင်လေထွက်လေဟာ ရှိဒါလဲမဟုတ်၊ ဝင်ထွက်ပြီးကာ ချုပ်သွားတဲ့အခါမှာလဲ ဘာတခု ရှာကြံမရ၊ သဘာဝအားဖြင့် "ကိုယ့်နှာခေါင်း,စိတ်"ဆိုတဲ့ အကြောင်းသုံးပါးကြောင့်သာ ရှုမှတ်နေဆဲမှာ ဖြစ်ပေါ်နေပါကလား၊ တခါ အကြောင်းရင်းရှာလိုက်တော့ "ဟဒယဝတ္ထု"ကိုမှီပြီး ဖြစ်ပေါ်လာတယ်၊ ဒီ ဟဒယဝတ္ထုဆိုဒါကလဲ ပါဠိလို "ကရဇ ကာယ"ဗမာလို မိဘနှစ်ပါးရဲ့ သုက်သွေးကိုမှီပြီး ကြီးပွားလာတဲ့ သဘောတရားဘဲ၊ သဘာဝအားဖြင့် "မြေ,ရေ,လေ,မီး"ဆိုတဲ့ ဓာတ်ကြီးလေးပါးဘဲ၊ ဒီဓာတ်လေးပါး ပေါင်းစပ်မိတဲ့အခါ အဆင်း-အနံ့-အရသာ-သြဇာ(အဆီ)ဆိုတဲ့ အခေါ်ယုံသဘောသွား ဓာတ်လေးပါးဖြစ်လာပြန်ပါတယ်၊ တခါ ဒီ ဓာတ်ရှစ်ပါးတို့ဟာလဲ တည်တန့်ခိုင်မြဲ မနေဘဲ ဖေါက်ပြန်တတ်တဲ့အတွက် "ရူပ်"လို့ ခေါ်ဆိုရခြင်းဖြစ်တယ်။

ဒီ ရူပ်တရားတွေ ဖေါက်ပြန်ပျက်စီးတိုင်း ညွှတ်ကိုင်းကဲ့သို့ သဘောကိုတော့ "နာမ်"လို့ မှတ်ရပါမယ်၊ ဒါကြောင့် မိမိခန္ဓာကိုယ်နှင့်တကွ တလောကလုံးမှာ "ရူပ် နာမ်" နှစ်ပါးမှလွဲ၍ ဘာတခုမှ အပို့မရှိဟု သိမြင်လာမှာဖြစ်ပါတယ်။

ဒီ ရူပ်နာမ်များဟာလဲ အကြောင်းမရှိဘဲ အလေ့ပေါက်သဘောမျိုးလဲ မဟုတ်၊ ထာဝရဘုရား ပြဟ္မာများ ဖန်ဆင်းထားခြင်းဆိုဒါလဲ မဖြစ်နိုင် အမှန်ဆင်စစ် 'အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ"ဆိုတဲ့အကြောင်းများကြောင့် သက်ရှိသတ္တဝါတယောက် ဖြစ်မြောက်လာပြီး "ကံ,စိတ်,ဥတု,အာဟာရ"ဆိုတဲ့ အကြောင်းများက ထောက်ပံ့ အားပေးနေတဲ့အတွက် ရှင်သန်ကြီးပွားနေခြင်း ဖြစ်တယ်၊

ဒီ ရုပ်နာမ်များဟာ တည်တန့်ရပ်နားခြင်းမရှိ၊ ပကတိသူ့သဘော အရ ဖြစ်ကာပျက်ကာ အသစ်အသစ်လဲ၍ မမြဲတဲ့လက္ခဏာ ဖြစ်ပျက်မစဲ ဆင်းရဲတဲ့သဘော ကိုယ့်အလိုမပါ၊ အစိုးမရဒုက္ခ မှန်တယ်။

ဒါကြောင့် ဒီရုပ်နာမ်များဟာ စင်စစ်တော့ ဖြစ်ခြင်းပျက်ခြင်း ဆိုတဲ့ အကြောင်းရင်း နှစ်ခုဘဲရှိဒါမှန်ဘယ်၊ ဒီလို ခဏခဏ ဖြစ်ပျက်ရတဲ့ (ခဏိက မရဏ)၊ တဘဝ တခါသေရတဲ့ (သမုတိ မရဏ) ဒီ သေခြင်း နှစ်မျိုးဟာလဲ အကြောင်း မကင်းသေးတဲ့အတွက် ဆက်လက် ဖြစ်ပေါ်လာပြန်ခြင်းဖြင့် ဆင်းရဲမကင်းနိုင်သေး၊ အမှန်အားဖြင့် ခန္ဓာဇာတ် သိမ်းပြီး အေးငြိမ်းတဲ့ (သမုစ္ဆေဒ မရဏ) နိဗ္ဗာန်ခေါတ် ကိန်းဝပ်ခိုဝင် ရမှသာ ချမ်းသာအစစ် ကေန်ဖြစ်တော့မယ်ဟု ညွှတ်ကိုင်းကာ အားထုတ် ရမှာ ဖြစ်ပါတယ်။

အရကျက်ရန်

(ကံ၏သတ္တိ၊ စိတ်၏အလို၊ အပိုတိုးလျက်၊ မျိုးမပျက်ဘဲ ကျိုးဆက်သည့်သွင်၊ ယခင်ရုပ်ဟောင်း၊ ပျက်တဲ့ရှောင်းလည်း၊ ရင်းနေရာ ရှေ့တိုင်းသာလျှင်၊ ဆက်ခါဖြည့်ပေး၊ သူ့အရေး ကြောင့်၊ ရှေးရုပ်နောက်ရုပ်၊ အတွင်ချုပ်လျက်၊ ဗုဒ္ဓဘုရား ဟောသော်ငြားလည်း၊ စိတ်ထားမတည်၊ မယုံကြည်ဘို့၊ လောကီ လူများ၊ အသင်မှားအောင်၊ ဆန်းပြားပုံဟန်၊ သဏ္ဌာန်အစုစု၊ ဖြစ်အောင် ပြုနိုင်သည့်၊ ဥတု အားဟာရ၊ ဓာတ် အစုမျှ တို့ပါ ထကား)။

ပဝတ္တနည်း ဝပ်ဆန္ဒာရှုပ်

ဒီနေရာ၌ ပရမတ်တရားများ၏ သဘောဟာ (၁) ဒီဋ္ဌိ-ရူပါရုံ ဆိုတဲ့ အဆင်း မြင်အပ်တဲ့တရား။ (၂) သုတ၊ သဒ္ဒါရုံဆိုတဲ့ အသံကြား အပ်တဲ့တရား။ (၃) မုတ၊ ဂန္ဓာရုံဆိုတဲ့ အနံ့, ရသာရုံဆိုတဲ့ အရသာ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့, ဒီသုံးမျိုး။ (၄) ဝိညာတ၊ အဲဒီ ဂေါစရရုပ် (၇)ပါးမှ ကြွင်းတဲ့ရုပ်(၂၁) စိတ်တဇုယုတ် ကုံးဆယ်(၈၉) စေတသိက် ဒွေပညာသ(၅၂)၊ နိဗ္ဗာန်,ပညတ်, အားလုံး ဒီလေးမျိုးရှိပါတယ်။

ဒီဌိ-သုတ-မုတ သုံးမျိုးက ဝဋ္ဌဒ္ဓါရ ဝဋ္ဌဝိညာဏ်ကို ပြဒါဖြစ်တယ်၊ ဝိညာတ ကား၊ မနောဒ္ဓါရ မနောဝိညာဏ်ကို ပြဒါဖြစ်တယ်၊ အာယတန (၁၂)ပါးကို အကျဉ်းချုံးလိုက်လျှင် ဒီလေးမျိုးတည်းမှာ ဝင်သွားပါတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက အလွန်ထက်မြက် ရင့်သန်တဲ့ ဗာဟိယ ဒါရုစိရိယ အား၊ ဒီ သခ်ေပ်ဆိုတဲ့ အကျဉ်းနည်းကို ဟောကြားတော်မူခြင်းဖြစ်ပါတယ်။

(ဥဒါန်းပါဠိတော် ပဌမ ဗောဓိဝဂ်)

ဒီနေရာမှာ အယူအဆ လွဲနေတာတ်ပါတယ်၊ "ဒိဋ္ဌိမတ္တ" အာရုံကို သိကဲ့သို့ စိတ် ထားရမယ်ဆိုရာမှာ၊ စိတ်က ဝိညာဏ်စိတ် ဇောစိတ်လို့ နှစ်မျိုးရှိရာ ဝိညာဏ်စိတ်မှာ ဝိပါက်မျှသာဖြစ်၍၊ လောဘ-ဒေါသ-မောဟ ဆိုတဲ့ အကုသိုလ် အညစ်အကြေးများ ယှဉ်ဆေးဘဲ စင်ကြယ်သန့်ရှင်းနေဒါလို့၊ ဆက်လက်ဖြစ်ပေါ်လာမဲ့ ဇောစိတ်များကိုလဲ ဝိညာဏ်စိတ်လို့ လောဘစတဲ့ အကုသိုလ် အညစ်အကြေးများ မဖြစ်အောင်ဆင်ခြင်ထားပါဟု ဆိုလိုခြင်းဖြစ်တယ်။

(ထေရုအပဒါန် အဌကထာ)

ဝိပါက်စိတ်ရဲ့ သဘောက ရုဂ-စတဲ့ အညစ်အကြေး ကင်းနေပေမဲ့၊ ဇောစိတ်ကျတော့ ရှုမှတ်ဆင်ခြင်မှု မရှိလျှင် မကောင်းမှုဌာ မေ့လျော့တတ်တဲ့အတိုင်း အာရုံတခုပေါ်မှာ နှစ်သက်က လောဘ၊ မနှစ်သက်က ဒေါသ၊ သဘာဝ မသိက မောဟ၊ ဒီသုံးမျိုး ဖြင့်မှာသေချာတယ်၊ ရပ်ထားချင်လို့ အောင့်ထားလို့ ရတဲ့သဘောမျိုး မဟုတ်၊ မီးတောက်အသွင် ရေလျှဉ်ပမာ ဆိုဒါလို ဓမ္မတာတရားဖြစ်တယ်။

ဒီ လောဘဆိုတဲ့သဘောရဲ့ အကျိုးပေးမှာက ပြိတ္တာ၊ ဒေါသကငရဲ၊ မောဟက တိရစ္ဆာန်၊ အတိုင်းတိုင်းနေလျှင် ဒီသုံးမျိုးတည်းက တမျိုးမျိုးရမှာဖြစ်ဘယ်၊ ဒါကြောင့် ဣဋ္ဌာရုံဆိုတဲ့ နှစ်သက်စရာအာရုံ၌ ရုဂ,မဖြစ်အောင် အသုဘ အား ဖြင့်ရင်း၊ အနိဋ္ဌာရုံဆိုတဲ့ မနှစ်သက်စရာ အာရုံ၌ ဒေါသ မဖြစ်အောင် ဓာတ်အား ဖြင့်ရင်း၊ အဉာဏုပေက္ခာ

ဆိုတဲ့ ရှုမှတ်မှုမပြုဘဲနေတဲ့ အာရုံ၌ မောဟ,မဖြစ်အောင် အသုဘ အား ဖြင့်ရင်း၊ ခေတ်အားဖြင့်ရင်း၊ အနုပဿနာ သုံးပါးအားဖြင့်ရင်း၊ ဆင် ခြင်နေမှ မြင်ရုံမျှ စိတ်ကိုထားတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

နောက်ဘုရား "သိက္ခိတဗ္ဗံ"ကျင့်အပ်၏၊ ကျင့်ပါဆိုဒါ မတတ် မသိမသးတဲ့ အမှုကို လေ့ကျင့်ပါလို့ ဆိုခြင်းဖြစ်တယ်၊ ဒါကြောင့် ဥဒါန်းအဋ္ဌကထာ ပဌမဗောဓိဝဂ်မှာ—

သိက္ခိတဗ္ဗန္တိ၊ အဓိသီလ သိက္ခာဒီနံ တိသန္နမ္ပိ၊
သိက္ခာနံ ဝသေန သိက္ခနံ ကာတဗ္ဗံ၊

သိက္ခိတဗ္ဗန္တိ၊ ကျင့်အပ်၏ ဟူသည်ကား။ အဓိသီလ သိက္ခာဒီနံ၊ အဓိသီလ အစရှိကုန်သော၊ တိသန္နမ္ပိ၊ သုံးပါးလည်း ဖြစ်ကုန်သော၊ သိက္ခာနံ၊ အကျင့်တို့၏၊ ဝသေန၊ အစွမ်းအားဖြင့်။ သိက္ခနံ၊ ကျင့်ခြင်း ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ဒါကြောင့် ခြောက်ဒုါရ ခြောက်အာရုံမှာ လောဘ, ဒေါသ, မောဟ,တဏှာ,မာန,ဒိဋ္ဌိ ဖြစ်ပုံနဲ့ ဉာတပရိညာဏ် တီရဏ ပရိညာဏ် ပဟာန ပရိညာဏ်ဖြစ်ပုံများကို ပဝတ္တိနည်းအရ ဝိပဿနာရှုပုံ (၁၇ ဌာန တို့ကို ရှုမှတ်ဆင်ခြင် လေ့ကျင့်ရန် ဆိုရိုးနဲ့ပြပါမယ်။

ပဝတ္တိနည်း ဝိပဿနာရှုပုံ ဆိုရိုး

စက္ခုဒ္ဒါရ၌

(၁) သဘာဝ ဝါရအားဖြင့်၊ မြင်မြင်သမျှ ရူပါရုံနှင့် စက္ခု ပသာဒရူပ်တို့ ထိခိုက်ကြ၍၊ စက္ခုဝိညာဏ်က မြင်သည်, ငါမြင်သည် မဟုတ်ပါတကား။

(၂) ကာရဏ ဝါရအားဖြင့်၊ စက္ခုဝိညာဏ်က မြင်ရာ စက္ခု ပသာဒရူပ်, ရူပါရုံ, အာလောက, မနသိကာရ အကြောင်းလေးပါး ညီ သောကြောင့် မြင်သည် ငါမြင်သည် မဟုတ်ပါတကား။

(၃) ပါကဋ္ဌ ဝါရအားဖြင့်၊ မြင်အပ်သောဝတ္ထုသည် သဟဇာတ်ဖြစ်သော ရုပ်အပေါင်းကို ရှုပါရုံကအုပ်စု၍ အမြင်ခံသည် မြင်တတ်သောဝိညာဏ်သည် သဟဇာတ်ဖြစ်သော ရုပ်နာမ်အပေါင်းကို စက္ခုဝိညာဏ်က အုပ်စု၍မြင်သည် ငါမြင်သည် မဟုတ်ပါတကား။

(၄) ပပဋ္ဌဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကမြင်ရာ သာယာမှု တဏှာ၊ ငါမြင်မှု ဒိဋ္ဌိ၊ သာ,တ,ယုတ်က မာနပါတကား။

(၅) ပရိညာ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကမြင်ရာ လက္ခဏာစသည်ကိုသိမှု ဉာတပရိညာ၊ အနိစ္စဟူရှုမှု တီရဏပရိညာ၊ ဆန္ဒရာဂကို ပယ်မှု ပဟာနပရိညာပါတကား။

(၆) မလ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကမြင်ရာ နှစ်သက်မှု လောဘ၊ မနှစ်သက်မှု ဒေါသ၊ မသိမှု မောဟပါတကား။

(၇) လက္ခဏ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်က မြင်ရာ မမြဲသည်ကို သိမှု အနိစ္စကို မြင်၏၊ နှိပ်စက်သည်ကိုသိမှု ဒုက္ခကို မြင်၏၊ အစိုးမရသည်ကိုသိမှု အနတ္တကိုမြင်ပေ၏ တကား။

(၈) သစ္စဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကမြင်ရာ နှိပ်စက်သည်ကိုသိမှု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်မည်၏၊ ဆန္ဒရာဂကိုပယ်မှု သမုဒယသစ္စာကို ပယ်သည်မည်၏၊ သမုဒယသစ္စာကိုပယ်၍ အကြောင်းချုပ်သည်ကိုသိမှု နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏၊ သိသောဉာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသဝ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကမြင်ရာ သာယာမှု ကာမာသဝ၊ လှလိုမှု ဘဝါသဝ၊ လူစသည် လှသည်ဟုထင်မှု ဒိဋ္ဌာသဝ၊ ဤသုံးပါးဖြစ်သည်ကို မသိမှု အဝိဇ္ဇာသဝ ပါတကား။

သောတဒ္ဒါရဒ္ဒ

(၁) သဘာဝ ဝါရအားဖြင့်၊ ကြားကြားသမျှ သဒ္ဒါရုံနှင့် သောတပသာဒရုပ်တို့ ထိခိုက်ကြ၍၊ သောတဝိညာဏ်က ကြားသည် ငါကြားသည် မဟုတ်ပါတကား။

(၂) ကာရဏ ဝါရအားဖြင့်၊ သောတဝိညာဏ်က ကြားရာ သောတပသာဒရုပ်, သဒ္ဒါရုံ, ဝိဝရဏ, မနသိကာရ အကြောင်းလေးပါး ညီသောကြောင့် ကြားယည် ငါကြားသည် မဟုတ်ပါတကား။

(၃) ပါကဋ္ဌ ဝါရအားဖြင့်၊ ကြားအပ်သော ဝတ္ထုသည် သဟဇာတ်ဖြစ်သော ရုပ်အပေါင်းကို သဒ္ဒါရုံက အုပ်စိုး၍ အကြားခံသည်၊ ကြားတတ်သော ဝိညာဏ်သည် သဟဇာတ်ဖြစ်သော ရုပ်နာမ်အပေါင်းကို သောတဝိညာဏ်က အုပ်စိုး၍ ကြားသည်၊ ငါ-ကြားသည် မဟုတ်ပါတကား။

(၄) ပ ပဋ္ဌ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကကြားရာ သာယာမှု တဏှာ၊ ငါ-ကြားမှု ဒိဋ္ဌိ၊ သာ,တူ,ယုတ်က မာနပါတကား။

(၅) ပရိညာ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကကြားရာ လက္ခဏာစသည်ကိုသိမှု ဉာတပရိညာ၊ အနိစ္စဟု ရှုမှု တီရဏ ပရိညာ၊ ဆန္ဒ ရာဂကို ပယ်မှု ပဟာနပရိညာ ပါဝကား။

(၆) မလ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကကြားရာ နှစ်သက်မှု လောဘ၊ မနှစ်သက်မှု ဒေါသ၊ မသိမှု မောဟပါတကား။

(၇) လက္ခဏ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကကြားရာ မမြဲသည်ကိုသိမှု အနိစ္စကို မြင်၏၊ နှိပ်စက်သည်ကိုသိမှု ဒုက္ခကို မြင်၏၊ အစိုးမရသည်ကိုသိမှု အနတ္တကို မြင်ပေ၏တကား။

(၈) သစ္စ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကကြားရာ နှိပ်စက်သည်ကိုသိမှု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်မည်၏၊ ဆန္ဒ,ရာဂကိုပယ်မှု သမုဒယသစ္စာကို ပယ်သည်မည်၏၊ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကိုသိမှု နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏၊ သိသောဉာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသဝ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကကြားရာ သာယာမှု ကာမာသဝ၊ အသံကောင်းလိုမှု ဘဝါသဝ၊ လူသံစသည် ကောင်းသည်ဟုထင်မှု ဒိဋ္ဌာသဝ၊ ဤသုံးပါးဖြစ်သည်ကို မသိမှု အဝိဇ္ဇာသဝ ပါတကား။

ဃာနဒ္ဓါရဒ္ဓ

(၁) သဘာဝ ဝါရအားဖြင့်၊ နံနံသမျှ ဂန္ဓာရုံနှင့် ဃာနပသာဒ ရုပ်တို့ ထိခိုက်ကြ၍ ဃာနဝိညာဏ်က နံသည်၊ ငါနံသည် မဟုတ်ပါ တကား။

(၂) ကာရဏ ဝါရအားဖြင့်၊ ဃာနဝိညာဏ်က နံရာ၊ ဃာန ပသာဒရုပ်, ဂန္ဓာရုံ, ဝါယော, မနသိကာရ အ ကြောင်း လေး ပါး ညီ သောကြောင့် နံသည်၊ ငါနံသည် မဟုတ်ပါတကား။

(၃) ပါကဋ္ဌ ဝါရအားဖြင့်၊ နံအပ်သောဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ဂန္ဓာရုံက အုပ်စိုး၍ အနံ့ခံ သည်၊ နံတတ်သော ဝိညာဏ်သည် သဟဇာတ်ဖြစ်သော ရုပ်နာမ်အပေါင်းကို ဃာနဝိညာဏ်က အုပ်စိုး၍ နံသည်၊ ငါနံသည် မဟုတ်ပါတကား။

(၄) ပ ဟ္ဓပါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကနံရာ သာယာမှု တဏှာ၊ ငါနံမှု ဒိဋ္ဌိ၊ သာ,တူ,ယုတ် က မာန-ပါတကား။

(၅) ပရိညာ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်က နံရာ လက္ခဏာစသည်ကို သိမှု ဉာတပရိညာ၊ အနိစ္စဟု ရှုမှု တီရဏ ပရိညာ၊ ဆန္ဒ,ရာဂကို ပယ်မှု ပဟာနပရိညာ ပါတကား။

(၆) မလ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကနံရာ နှစ်သက်မှု လောဘ၊ မနှစ်သက်မှု ဒေါသ၊ မသိမှု မောဟ ပါတကား။

(၇) လက္ခဏ ဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကနံရာ မမြဲ သည်ကိုသိမှု အနိစ္စကိုမြင်၏၊ နှိပ်စက်သည်ကိုသိမှု ဒုက္ခကိုမြင်၏၊ အစိုးမရ သည်ကို သိမှု အနတ္တကို မြင်ပေ၏ဘကား။

(၈) သစ္စဝါရအားဖြင့်၊ ရုပ်ချင်းခိုက်၍ နာမ်ကနံရာ နှိပ်စက် သည်ကိုသိမှု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်မည်၏၊ ဆန္ဒ,ရာဂ ကို ပယ်မှု သမုဒယသစ္စာကို ပယ်သည် မည်၏၊ သမုဒယသစ္စာကို ပယ်၍ အ ကြောင်း ချုပ် သည် ကို သိ မှု နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏၊ သိသောဉာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသဝ ဝါရအားဖြင့်၊ ရူပ်ချင်းခိုက်၍ နာမ်က နံ့ရှာ သာယာမှု ကာမာသဝ၊ နံလိုမ္ဘေးလိုမှု ဘဝါသဝ၊ လူနှံ့စသည်ဟုထင်မှု ဒိဋ္ဌာသဝ၊ ဤသုံးပါး ဖြစ်သည်ကို မသိမှု အဝိဇ္ဇာသဝပါတကား။

ဇိဝှါဒွါရဒ္ဒ

(၁) သဘာဝ ဝါရအားဖြင့်၊ လျက်လျက်သမျှ ရသာရုံနှင့် ဇိဝှါပသာဒရုပ်တို့ ထိခိုက်ကြ၍ ဇိဝှါဝိညာဏ်က လျက်သည်၊ ငါလျက်သည် မဟုတ်ပါဘကား။

(၂) ကာရဏ ဝါရအားဖြင့်၊ ဇိဝှါဝိညာဏ်ကလျက်ရာ ဇိဝှါ ပသာဒရုပ်,ရသာရုံ,အာပေါ,မနသိကာရ အကြောင်းလေးပါး ညီသော ကြောင့် လျက်သည်၊ ငါလျက်သည် မဟုတ်ပါတကား။

(၃) ပါကဋ္ဌ ဝါရအားဖြင့်၊ လျက်အပ်သောဝတ္ထုသည် သဟ ဇာတ်ဖြစ်သော ရူပ်အခပါင်းကို ရသာရုံက အုပ်စိုး၍ အလျက်ခံသည်၊ လျက်တတ်မသောဝိညာဏ်သည် သဟဇာတ်ဖြစ်သော ရူပ်နာမ်အပေါင်းကို ဇိဝှါဝိညာဏ်က အုပ်စိုး၍ လျက်သည်၊ ငါလျက်သည် မဟုတ်ပါတကား။

(၄) ပ ပဋ္ဌ ဝါရအားဖြင့်၊ ရူပ်ချင်းခိုက်၍ နာမ်က လျက်ရာ သာယာမှု တဏှာ၊ ငါလျက်မှု ဒိဋ္ဌိ၊ သာ,တူ,ယုတ် က မာနပါတကား။

(၅) ပရိညာ ဝါရအားဖြင့်၊ ရူပ်ချင်းခိုက်၍ နာမ်ကလျက်ရာ လက္ခဏာ စသည်ကိုသိမှု ဉာတပရိညာ၊ အနိစ္စဟု ရှုမှု တီရဏ ပရိညား၊ ဆန္ဒ,ရာဂကို ပယ်မှု ပဟာနပရိညာ ပါတကား။

(၆) မလ ဝါရအားဖြင့်၊ ရူပ်ချင်းခိုက်၍ နာမ်က လျက်ရာ၊ နှစ်သက်မှု လောဘ၊ မနှစ်သက်မှု ဒေါသ၊ မသိမှု မောဟပါတကား။

(၇) လက္ခဏဝါရအားဖြင့်၊ ရူပ်ချင်းခိုက်၍ နာမ်ကလျက်ရာ မမြဲသည်ကိုသိမှု အနိစ္စကိုမြင်၏၊ နှိပ်စက်သည်ကိုသိမှု ဒုက္ခကိုမြင်၏၊ အစိုး မရသည်ကို သိမှု အနတ္တကို မြင်ပေ၏တကား။

(၈) သစ္စ ဝါရအားဖြင့်၊ ရူပ်ချင်းခိုက်၍ နာမ်က လျက်ရှုနှိပ်စက်သည်ကိုသိမူ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်မည်၏၊ ဆန္ဒ,ရာဂကို ပယ်မူ သမုဒယသစ္စာကို ပယ်သည်မည်၏၊ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကိုသိမူ နိရောဓသစ္စာကို မျက်မှောက် ပြု သည်မည်၏၊ သိသောဥာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသဝ ဝါရအားဖြင့်၊ ရူပ်ချင်းခိုက်၍ နာမ်ကလျက်ရှုသံဝယာမူ ကာမာသဝ၊ ကောင်းလိုမူ ဘဝါသဝ၊ ဆားဝံ စသည်ဟူ ထင်မူ ဒိဋ္ဌာသဝ၊ ဤသုံးပါးဖြစ်သည်ကို မသိမူ အဝိဇ္ဇာပါတကား။

ကာယဒ္ဓါရဒ္ဒ

(၁) သဘာဝ ဝါရအားဖြင့် — ထိသိသမျှ ဖောင်ဆုဗျာရုံနှင့် ကာယပသာဒရူပ် ထိခိုက်ကြ၍ ကာယဝိညာဏ်က ထိသည်၊ ငါ ထိသည် မဟုတ်ပါတကား။

(၂) ကာရဏ ဝါရအားဖြင့် — ကာယဝိညာဏ်က ထိရာ ကာယပသာဒရူပ်, ဖောင်ဆုဗျာရုံ, ဖုသန (ပထဝီ-တေဇော-ဝါယော) မနသိကာရ အကြောင်းလေးပါး ညီသောကြောင့် ထိသည်၊ ငါ-ထိသည် မဟုတ်ပါတကား။

(၃) ပါကဋ္ဌ ဝါရအားဖြင့် — ထိအပ်သော ဝတ္ထုသည် သဟဇာတ်ဖြစ်သော ရူပ်အပေါင်းကို ဖောင်ဆုဗျာရုံက အုပ်စိုး၍ အထိ ခံသည်၊ ထိတတ်သောဝိညာဏ်သည် သဟဇာတ်ဖြစ်သော ရူပ်နာမ်အပေါင်းကို ကာယဝိညာဏ်က အုပ်စိုး၍ ထိသည်၊ ငါထိသည် မဟုတ်ပါတကား။

(၄) ပပဉ္စဝါရအားဖြင့် — ရူပ်ချင်းခိုက်၍ နာမ်က ထိရာ သာယာမူ တဏှာ၊ ငါထိမူ ဒိဋ္ဌိ၊ သာ,တူ,ယုတ် က မာနပါတကား။

(၅) ပရိညာ ဝါရအားဖြင့် — ရူပ်ချင်းခိုက်၍ နာမ်က ထိရာ၊ လက္ခဏာစသည်ကို သိမူ ဉာတပရိညာ၊ အနိစ္စဟု ရှုမူ တီရဏ ပရိညာ၊ ဆန္ဒ,ရာဂကို ပယ်မူ ပဟာနပရိညာ ပါတကား။

(၆) မလ၀ါရအားဖြင့် – ရုပ်ချင်းခိုက်၍ နာမ်ကထိုရာ နှစ်သက်မှု လော၁ဘ၊ မနှစ်သက်မှု ဒေါသ၊ မသိမှု မောဟပါ၁ကား။

(၇) လက္ခဏ ၀ါရအားဖြင့် – ရုပ်ချင်းခိုက်၍ နာမ်က ထိရာ၊ မမြဲသည်ကို သိမှု အနိစ္စကိုမြင်၏၊ နှိပ်စက်သည်ကို သိမှု ဒုက္ခကို မြင်၏၊ အစိုးမရသည်ကို သိမှု အနတ္တကို မြင်ပေ၏၁ကား။

(၈) သစ္စ၀ါရအားဖြင့် – ရုပ်ချင်းခိုက်၍ နာမ်ကထိရာ နှိပ်စက်သည်ကိုသိမှု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်မည်၏၊ ဆန္ဒ-ရာဂ ကို ပယ်မှု သမုဒယသစ္စာကို ပယ်သည် မည်၏၊ သမုဒယ သစ္စာကို ပယ်၍ အဓိကြောင်းချုပ်သည်ကိုသိမှု နိရောဓသစ္စာကို မျက်မှောက်ပြုသည်မည်၏၊ သိသောဥာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသ၀ ပါရအားဖြင့် = ရုပ်ချင်းခိုက်၍ နာမ်က ထိရာ၊ သာယာမှု ကာမာသ၀၊ ထိလိုမှု ဘ၀သ၀၊ လူ၏အသားအရေ စသည် ဟုထင်မှု ဒိဋ္ဌာသ၀၊ ဤသုံးပါး ဖြစ်သည်ကို မသိမှု အဝိဇ္ဇာသ၀ ပါ၁တကား။

ကာယဝိညာဏ် ဒ္ဒါရ၌

(၁) သာဘာ၀ ၀ါရအားဖြင့် – လှုပ်လှုပ်သမျှ နာမ်ကခိုင်း၍၊ ရုပ်ကလှုပ်သည်၊ ၀ါလှုပ်သည် မဟုတ်ပါတကား။

(၂) ကာရဏ ၀ါရအားဖြင့် – လှုပ်လိုသမျှ လှုပ်လိုက်ရာ၊ စိတ္တ, ရူပ, တဇ ၀ါယောမ(ထိုအားလျော်သော လုံ့လ) အကြောင်းသုံးပါး ညီသောကြောင့် လှုပ်သည်၊ ၀ါလှုပ်သည် မဟုတ်ပါ၁ကား။

(၃) ပါကဋ္ဌ ၀ါရအားဖြင့် – လှုပ်အပ်သော ဝတ္ထုသည် သဟဇာတ်ဖြစ်သော ရူပ်နာမ်အပေါင်းကို ကမ္မဇ, ၀ါယောဓာတ်က အုပ်စိုးရှိ အလှုပ်ခံသည်၊ လှုပ်တတ်သောဝိညာဏ်သည် သဟဇာတ်ဖြစ်သော ရူပ်နာမ်အပေါင်းကို စိတ္တဇ, ၀ါယောဓာတ်က အုပ်စိုးရှိ လှုပ်သည်၊ ၀ါလှုပ်သည် မဟုတ်ပါတကား။

(၄) ပဏ္ဍိတ၀ါရအားဖြင့် - နာမ်ကခိုင်းမှ ရူပ်ကလျှပ်ရှု၊ သားယာ မှု တဏှာ၊ ငါလျှပ်မှု ဒိဋ္ဌိ၊ သာ,တူ,ယုတ် က မာနပါတကား။

(၅) ပရိညာ ၀ါရအားဖြင့် — နာမ်ကခိုင်းမှ ရူပ် က လျှပ် ရှု၊ လက္ခဏာစသည်ကို သိမှု ဉာတပရိညာ၊ အနိစ္စဟု ရှုမှု တီရဏ ပရိညာ ဆန္ဒ-ရာဂကို ပယ်မှု ပဟာနပရိညာ ပါတကား။

(၆) မလ ၀ါရအားဖြင့် — နာမ်ကခိုင်းမှ ရူပ်ကလျှပ်ရှု နှစ်သက်မှု လောဘ၊ မနှစ်သက်မှု ဒေါသ၊ မသိမှု မောဟပါတကား။

(၇) လက္ခဏ ၀ါရအားဖြင့် = နာမ်ကခိုင်းမှ ရူပ်က လျှပ် ရှု၊ မမြဲသည်ကို သိမှု အနိစ္စကိုမြင်၏၊ နှိပ်စက်သည်ကို သိမှု ဒုက္ခကို မြင်၏၊ အစိုးမရသည်ကိုသိမှု အနတ္တကို မြင်ပေ၏တကား။

(၈) သစ္စ၀ါရ အားဖြင့် — နာမ်ကခိုင်းမှ ရူပ်ကလျှပ်ရှု၊ နှိပ်စက်သည်ကိုသိမှု ဒုက္ခသစ္စာကို ပိုင်းခြားမှ သိသည် မည်၏၊ ဆန္ဒ-ရာဂ ကို ပယ်မှု သမုဒယသစ္စာကို ပယ်သည်မည်၏၊ သ မု ဒ ယ သ စ္စာ ကို ပယ်မှ အကြောင်းချုပ်သည်ကို သိမှု နိရောဓသစ္စာကို မျက်မှောက်ပြုသည်မည်၏၊ သိသောဉာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသ၀ ၀ါရအားဖြင့် - နာမ်ကခိုင်းမှ ရူပ် က လျှပ် ရှု၊ သားယာမှု ကာမာသ၀ လျှပ်လိုမှု ဘ၀ါသ၀၊ လက်လျှပ်သည် စသည်ဟု ထင်မှု ဒိဋ္ဌာသ၀၊ ကျိသုံးပါး ဖြစ်သည်ကို မသိမှု အဝိဇ္ဇာသ၀ ပါတကား။

၀စီဒ္ဓါရဒ္ဒ

(၁) သဘာ၀ ၀ါရအားဖြင့် -- ဆိုဆိုသမျှ နာမ်ကခိုင်းမှ ရူပ်က ဆိုသည်၊ ငါဆိုသည် မဟုတ်ပါတကား။

(၂) ကာရဏ ၀ါရအားဖြင့် -- ဆိုလိုသမျှ ဆိုလိုက်ရာ စိတ္တ,ရူပ, တဇ၀ါယာမ အကြောင်းသုံးပါး ညီသောကြောင့် ဆိုသည်၊ ငါဆိုသည် မဟုတ်ပါတကား။

(၃) ပါကဋ္ဌပါရအားဖြင့် -- ဆိုအပ်သောဝတ္ထုသည် သဟဇာတ်ဖြစ်သော ရူပ်အပေါင်းကို ကမ္မဇ,ပထဝီခေါတ်က အုပ်စိုးရ၍ အဆိုခံသည်၊ ဆိုတတ်သောဝိညာဏ်သည် သဟဇာတ်ဖြစ်သော ရူပ် နာမ် အပေါင်းကို စိတ္တဇ,ပထဝီခေါတ်က အုပ်စိုးရ၍ ဆိုသည်၊ ငါဆိုသည် မဟုတ်ပါတကား။

(၄) ပပဉ္စဝါရအားဖြင့် -- နာမ်ကခိုင်းရ၍ ရူပ်က ဆိုရာ၊ သာယာမှု တဏှာ၊ ငါဆိုမှု ဒိဋ္ဌိ၊ သာ,တူ,ယုတ် က မာန ပါတကား။

(၅) ပရိညာ ဝါရအားဖြင့် -- နာမ်က ခိုင်းရ၍ ရူပ်က ဆိုရာ၊ လက္ခဏာစသည်ကို သိမှု ဉာတပရိညာ၊ အနိစ္စဟု ရှုမှု တီရဏ ပရိညာ၊ ဆန္ဒ-ရာဂ ကိုပယ်မှု ပဟာန ပရိညာပါတကား။

(၆) မလ ဝါရအားဖြင့် -- နာမ်ကခိုင်းရ၍ ရူပ်ကဆိုရာ နှစ်သက်မှု ဒလောဘ၊ မနှစ်သက်မှု ဒေါသ၊ မသိမှု မောဟပါတကား။

(၇) လက္ခဏ ဝါရအားဖြင့် -- နာမ်ကခိုင်းရ၍ ရူပ်က ဆိုရာ မမြဲသည်ကို သိမှု အနိစ္စကို မြင်၏၊ နှိပ်စက်သည်ကို သိမှု ဒုက္ခကိုမြင်၏၊ အစိုးမရသည်ကို သိမှု အနတ္တကို မြင်ပေ၏တကား။

(၈) သစ္စဝါရအားဖြင့် -- နာမ်ကခိုင်းရ၍ ရူပ်က ဆိုရာ နှိပ်စက်သည်ကို သိမှု ဒုက္ခသစ္စာကို ပိုင်းခြားရ၍ သိသည်မည်၏၊ ဆန္ဒ-ရာဂ ကို ပယ်မှု သမုဒယသစ္စာကို ပယ်သည် မည်၏၊ သမုဒယသစ္စာကို ပယ်၍ အကြောင်းရှုပ်သည်ကို သိမှု နိရောဓသစ္စာကို မျက်မှောက်ပြုသည်မည်၏၊ သိသောဉာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသဝ ဝါရအားဖြင့် -- နာမ်ကခိုင်းရ၍ ရူပ်ကဆိုရာ၊ သာယာမှု ကာမာသဝ၊ ဆိုလိုမှု ဘဝါသဝ၊ ငါဆို-သူဆို စသည်ဟု ထင်မှု ဒိဋ္ဌာသဝ၊ ဤသုံးပါးဖြစ်သည်ကို မသိမှု အဝိဇ္ဇာသဝ ပါတကား။

မနောဒ္ဓါရဒ္ဒ

(၁) သဘာဝ ဝါရအားဖြင့် — ကြံကြံသမျှ ဝတ္ထုရူပ်ကို မှီ၍၊ နာမ်ကကြံသည်၊ ငါကြံသည် မဟုတ်ပါတကား။

(၂) ကာရဏ ဝါရအားဖြင့် — ကြံလိုသမျှ ကြံလိုက်ရာ မနှာ, ဆင္ဘာရုံ,မနသိကာရ အကြောင်းသုံးပါး ညီသော ကြောင့် ကြံ သည်း ဝါကြံသည် မဟုတ်ပါတကား။

(၃) ပါဂဋ္ဌ ဝါရအားဖြင့် — ကြံအပ်သော ဝတ္ထုသည် အာရုံ ခြောက်ပါးဘို့တွင် တပါးပါးက အုပ်စိုး၍ အကြံခံသည်၊ ကြံတတ်သော ပိညာဏ်သည် အာရုံမဏ်က ခြောက်ပါးတို့တွင် တပါးပါးက အုပ်စိုး၍ ကြံသည်၊ ဝါကြံသည် မဟုတ်ပါတကား။

(၄) ပ ပဏ္ဍဝါရအားဖြင့် — ဝတ္ထုရုပ်ကိုမှီ၍ နာမ်ကကြံရာ သာ ယာမူ တဏှာ၊ ဝါကြံမူ ဒိဋ္ဌိ၊ သာ,တူ,ယုတ် က မာန ပါတကား။

(၅) ပရိညာဝါရအားဖြင့် — ဝတ္ထုရုပ်ကိုမှီ၍ နာမ်က ကြံရာ၊ လက္ခဏာ စသည်ကို သိမူ ဉာတပရိညာ၊ အနိစ္စဟု ရှုမူ တီရဏ ပရိညာ၊ ဆန္ဒ-ရာဂကို ပယ်မူ ပဟာနပရိညာ ပါတကား။

(၆) မလ ဝါရအားဖြင့် — ဝတ္ထုရုပ်ကိုမှီ၍ နာမ်ကကြံရာ၊ နှစ်သက်မူ လောဘ၊ မနှစ်သက်မူ ဒေါသ၊ မသိမူ မောဟ ပါတကား။

(၇) လက္ခဏ ဝါရအားဖြင့် — ဝတ္ထုရုပ်ကိုမှီ၍ နာမ်က ကြံ ရာ မမြဲသည်ကို သိမူ အနိစ္စကိုမြင်၏၊ နှိပ်စက်သည်ကို သိမူ ဒုက္ခကို မြင်၏၊ အစိုးမရသည်ကို သိမူ အနတ္တကို မြင်ပေ၏ဟုတကား။

(၈) သစ္စ ဝါရအားဖြင့် — ဝတ္ထုရုပ်ကိုမှီ၍ နာမ် က ကြံ ရာ၊ နှိပ်စက်သည်ကို သိမူ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်မည်၏၊ ဆန္ဒ-ရာဂ ကိုပယ်မူ သမုဒယသစ္စာကို ပယ်သည် မည်၏၊ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ နိရောဓသစ္စာကို မျက်မှောက်ပြု သည် မည်၏၊ သိသောဥာဏ်သည် မဂ္ဂသစ္စာ မည်ပေ၏တကား။

(၉) အာသဝ ဝါရအားဖြင့် — ဝတ္ထုရုပ်ကိုမှီ၍ ဆဋ္ဌာရုံကိုကြံရာ သာယာမူ ကာမာသဝ၊ ဖြစ်လိုမူ ဘဝါသဝ၊ ဆဋ္ဌာရုံ၌ တခုခုကိုစွဲမူ ဒိဋ္ဌာသဝ၊ ဤသုံးပါးဖြစ်သည်ကို မသိမူ အဝိဇ္ဇာသဝ ပါတကား။

(မှတ်ချက်) ကာယဝဋ္ဋတို့ဌာန၊ ဝစီဌာန၊ မနေ ဌာန သုံးပါး တို့ကား တပါးပါးခ် လောဘ, ဒေါသ, မောဟ, ကုသိုလ်, ဣလေးပါးလုံး ဖြစ်နိုင်၍ (၁၂)ဌာန ရှိ၏၊ ကျွန်ုပ်အစ ကာယဒွါရအဆုံး မူလာဒွါရ၊ ပါးပါး နှင့် ပေါင်းက ဝိပဿနာ (၁၇)ဌာနဖြစ်၏။

ဆောင်ပုဒ်

(၁) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယာမူလ ဣန္ဒြေ၀နှင့်၊ ကံသုံးဖြာဟု ဆုံးသုံးခုခ်၊ လော, ဒေါ, မော, ကု ဣလေးခုဘို့၊ ဖြစ်မှုနှင့်ဌာ ရှိသည်တာကြောင့်၊ မြောက်ကာဆဲ့နှစ် ပေါင်းတုံလစ်က ဖြစ်၏ (၁၇) ဌာနတည်း။ (၂) သ, ကာ, ပါ, ပ ရိ, မ, လ, နှင့် သစ္စ, အာသ၀ ကိုး ပါးပြသည် မှတ်ကြ ၀ါရသဘောတည်း။

(အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ဒွါရကထာ)၊

စက္ခုနှာ သံ၀ရော သာဓု၊ သာဓု သောတေန သံ၀ရော၊
ဃာနေန သံ၀ရော သာဓု၊ သာဓု ဇိဝှါယ သံ၀ရော၊
ကာယေန သံ၀ရော သာဓု၊ သာဓု ၀ါစာယ သံ၀ရော၊
မနသာ သံ၀ရော သာဓု၊ သာဓု သဗ္ဗတ္ထ သံ၀ရော၊
သဗ္ဗတ္ထ သံ၀ုတော ဘိက္ခု၊ သဗ္ဗ ဒုက္ခာ ပမုစ္စတိ။

(ဓမ္မပဒ ပါဠိတော် ဘိက္ခု၀ဂ်)၊

စက္ခုနှာ၊ မျက်စိဖြင့်။ သံ၀ရော၊ ရှုဂ, ဒေါသ, မောဟ မဖြစ်အောင် စောင့်စည်း, ပိတ်ပင် ဆင်ခြင်ခြင်းသည်။ သာဓု၊ ကောင်း၏။ သောတေန၊ နှားဖြင့်။ သံ၀ရော၊ သည်။ သာဓု၊ ၏။ ဃာနေန၊ နှာခေါင်းဖြင့်။ သံ၀ရော၊ သည်။ သာဓု၊ ၏။ ဇိဝှါယ၊ လျှာဖြင့်။ သံ၀ရော၊ သည်။ သာဓု၊ ၏ ကာယေန၊ ကိုယ်ဖြင့်။ သံ၀ရော၊ သည်။ သာဓု၊ ၏။ ၀ါစာယ၊ နှုတ်ဖြင့်။ သံ၀ရော၊ သည်။ သာဓု၊ ၏။ မနသာ၊ စိတ်ဖြင့်။ သံ၀ရော၊ သည်။ သာဓု၊ ၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ခြောက်ဌါနတို့၌။ သံ၀ရော၊ သည်။ သာဓု၊ ၏။ သဗ္ဗတ္ထ၊ တို့၌။ သံ၀ုတော၊

စောင့်ရှောက်သော၊ ဘိက္ခု၊ သံသရာကို ဘေးဟုရှုတတ် သူတော်မြတ်သည်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဆင်းရဲအပေါင်းမှ၊ ပမုစ္စတိ၊ လွတ်မြောက်ရလေသတည်း။

ဒီလို ခြောက်ဒွါရ ခြောက်အာရုံမှာ ဖြစ်ဘတ်တဲ့ သဘာဝများကို သိရှိပါသဖြင့်၊ ရှုမှတ်မှုမရှိဘဲ အတိုင်းတိုင်းနေလျှင် မကောင်းတဲ့ဝါရများသာ ဖြစ်နိုင်တယ်ဆိုဒါ သဘောပေါက်ကြရပါမယ်။

ဒါကြောင့် စိတ်ဘို့ရဲ့ဖြစ်စဉ် (ဝိထိစိတ်တို့ကား) တဒါရုံ အဆုံးရှိတဲ့ (တဒါရမ္မဏဝါရ)၊ ဇော အဆုံးရှိတဲ့ (ဇဝနဝါရ)၊ ဝုဋ္ဌေါအဆုံးရှိတဲ့ (ဝုဋ္ဌပ္ပနဝါရ)၊ ဝိထိစိတ်မဖြစ်ဘဲ ဘဝင်တွင် အဆုံးရှိတဲ့ (ဘဝင်ဝါရ) ရယ်လို့ လေးမျိုးရှိရာမှာ၊ မြင်ခါမျှ စတဲ့ ဂိုဟသနာ ရှုမှတ်တဲ့စိတ်ဟာ "ဥပါဒိဋ္ဌိ,ဘင်"ဆိုတဲ့ စိတ္တက္ခဏာ တချက်အတွင်းမှာ ရှုမှတ်ရဒါဖြစ်ခြင်းကြောင့် ဇော,တဒါရုံသို့ မကျရောက်ဘဲ ဝုဋ္ဌေါဝါရဋ္ဌာသာ တန်ရပ်ကာ မူလအရင်းဖြစ်တဲ့ ဘဝင်စိတ်သို့ ပြန်လည်ရောက်ရပါတော့တယ်။

ဒီလို မှတ်စိတ်တချက်မှာ ကောင်း-မကောင်းဆိုတဲ့ "ဣဋ္ဌာရုံဇော, အနိဋ္ဌာရုံဇော" မပါဝင်ဘဲ၊ မြင်ကာ ကြားကာမျှ ရပ်တန့်ကုန်ဆုံးသွားဖောင် ရှုမှတ်နေမှုကိုပင် 'အကဏ္ဍ, အသုက္ခ"ဆိုတဲ့ မဂ္ဂင်ကံဟု ဆိုလို့ခြင်းဖြစ်တယ် (မူလဇောဝဏ်)၊ ခြောက်ဒွါရ ခြောက်အာရုံမှာ ရှုမှတ်တဲ့စိတ်တချက်၌ ဗောဓိပက္ခိယဓာတုး (၃၇)ပါးလုံး အကြွေးဝင်နေတဲ့အတွက် သမထရော ဝိပဿနာပါ အစုံပါတဲ့ "ယုဂနद္ဓ"နည်းလို့လဲ မှာတ်ရပါမယ်။

(ဥပရိပဏ္ဏာသ ပါဠိတော်)၊

ဆင်းရဲခြင်း အစ ရောနှောခြင်းက

(၁) ဒဿန သံသဂ္ဂ၊ အကြည့်ခြင်း ရောနှောမိခြင်း။
(၂) သဝန သံသဂ္ဂ၊ အသံကြားခြင်း ရောနှောမိခြင်း။
(၃) သမုल्लာပန သံသဂ္ဂ၊ စကားပြော ရောနှောမိခြင်း။
(၄) ပရိဘောဂ သံသဂ္ဂ၊ အသုံးအဆောင် ရောနှောမိခြင်း။
(၅) ကာယ သံသဂ္ဂ၊ ကိုယ်ခြင်း ထိပါး ရောနှောမိခြင်း။

ဒီလို ခြောက်ဒွါရ ခြောက်အာရုံထည်းက အရေးကြီးတဲ့ ဒီ-ငါး ဒွါရကို ဝမ္မပဒပ ဦးတော် ဗြဟ္မဏာဝဂ် ပဗ္ဗာခုဝါသီ တိသ္သထေရ်ဝတ္ထုမှာ ဟောတော်မူသားပါတယ်။

ဒီနေရာမှာ (၁) သံဝါသ၊ (၂) သံသဂ္ဂ၊ (၃) မိတ္တုန် ရယ်လို့ သုံးမျိုးခြားနားနေဒါကို တွေ့ရပါလိမ့်မယ်။

(၁) သံဝါသ - ဆိုဒါက မျက်စိ နဲ့ အဆင်း၊ သို့မဟုတ် အခံ့ဓာတ်နဲ့ အတိုက်ခံတယ်၊ မ,ခေးတ်နဲ့ ဖိုလ်ခံတက် တွေ့ဆုံကြကာ တဘက်သတ် စွဲလမ်းနေမှုကို ဆိုလိုခြင်းဖြစ်တယ်။

(၂) သံသဂ္ဂ - ဆိုဒါက တဦးနဲ့တဦး ကြည့်မှု ပြောမှု တွေ့ထိမှု စသည့်တို့ကို နှစ်ဦးသဘောတူ သာယာနှစ်သက်စွာ ထပ်ကာထပ်ကာ ဆက်ဆံမှုကို ဆိုလိုခြင်းဖြစ်ပါတယ်။

(၃) မိတ္တုန် - ဆိုဒါကတော့ အတူဘူနဲ့ အနှုန်း-ဆိုဒါလို၊ နှစ်ဦးသဘောတူ ကြည့်ဖြူပေါင်းသင်းမှုကို လိုဆိုခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ထင်ရှားအောင် သာဓက ပြုရလျှင်၊ မုဒုလက္ခဏာတော်မှာ ဆရာရသေ့အလာကို စောင့်ရှင်းအိပ်ပျော်နေတဲ့ မိဖုရားဟာ၊ ဆရာရသေ့ ကြွအလာ ကပိုကယိုနဲ့ အဝတ်လစ်ဟင်း သွားဒါကို ကြည့်မြင်မိတဲ့ ဆရာရသေ့မှာ မနေနိုင် မဆိုင်နိုင်ဖြစ်ကာ လူထွက်ရတဲ့ အခြေအနေသို့ ရောက်ရခြင်း၊ ဒီလိုဘဲ ဥပကနဲ့ မဆာဝါ၊ ကုံဒါသနဲ့ မပဌာတို့ဟာလဲ သံဝါသ-ဆိုတဲ့ ကြည့်ရှုမိရုက စပြီး ပျက်စီးသွားရခြင်းဖြစ်ပါတယ်။

(၄) မိတ္တုန် - ဆိုဒါကတော့ အတူဘူနဲ့ အနှုန်း-ဆိုဒါလို၊ နှစ်ဦးသဘောတူ ကြည့်ဖြူပေါင်းသင်းမှုကို လိုဆိုခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ထင်ရှားအောင် သာဓက ပြုရလျှင်၊ မုဒုလက္ခဏာတော်မှာ ဆရာရသေ့အလာကို စောင့်ရှင်းအိပ်ပျော်နေတဲ့ မိဖုရားဟာ၊ ဆရာရသေ့ ကြွအလာ ကပိုကယိုနဲ့ အဝတ်လစ်ဟင်း သွားဒါကို ကြည့်မြင်မိတဲ့ ဆရာရသေ့မှာ မနေနိုင် မဆိုင်နိုင်ဖြစ်ကာ လူထွက်ရတဲ့ အခြေအနေသို့ ရောက်ရခြင်း၊ ဒီလိုဘဲ ဥပကနဲ့ မဆာဝါ၊ ကုံဒါသနဲ့ မပဌာတို့ဟာလဲ သံဝါသ-ဆိုတဲ့ ကြည့်ရှုမိရုက စပြီး ပျက်စီးသွားရခြင်းဖြစ်ပါတယ်။

မိန်းမဆိုလျှင် မမြင်မခေတ္တချင်တဲ့ အနိုတ္ထိဂန္ဓ-သတ္တိသား၊ စျာန်ပျံနေတဲ့ သာမဏေ ဒီဝတ္ထုမျှားမှာဘော့ အသံကြားဒါကို သာယာခံစားမိဒါက စပြီး ပျက်စီးသွားရခြင်း ဖြစ်ပါတယ်။ ပဠူပါပီ ဝတ္ထုမှာတော့ ထိတွေ့မိရုကစပြီး ပျက်စီးသွားရခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဓာတ်ခိုက်တတ်တဲ့ သဘာဝခြင်းဟာ မနီးစပ်မှု မရောနှောမှု တော်ကာကြမယ်။

စက္ခု ရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ၊
မဟာနတ္ထကရော သောဟိ သံဝါသဲ တေန ဝါရယေ။
(ရာဟုလော ဝါဒသုတ်)၊

စက္ခု၊ မျက်စိသည်။ ရူပေန၊ အဆင်း ရူပါရုံနှင့်။ သံဝါသာ၊ ပေါင်းဆုံခြင်းကြောင့်။ ရာဂပုတ္တံ၊ နှစ်သက် စွဲလမ်းခြင်းဆိုတဲ့ ရာဂတည်းဟူသော သားကို။ ဝိဇာယတိ၊ ဖွားမြင်၍လာ၏။ သောစ၊ ထို သားသည်လည်း၊ မဟာနတ္ထကရော၊ ကြီးစွာသော အကျိုးမဲ့ကို ပြုတတ်၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ စက္ခုနဲ့ ရူပါရုံ ပေါင်းဆုံခြင်းကို။ ဝါရယေ၊ တားမြစ်ရာ၏။

ဒီလို ဗုဒ္ဓမြတ်စွာက သားတော်-ရာဟုလာကို ဆုံးမတော်မူပါတယ်၊ ဒါကြောင့် မျက်စိနဲ့အဆင်း ပေါင်းသင်းမှုသံဝါသ ပြုမိခြင်းကြောင့် ပေါက်ဖွားလာတဲ့ ရာဂဆိုတဲ့သားဟာ ဘယ်သူ့စကားမှ နားမဆောင်နိုင်ခဲတဲ့၊ လွတ်လပ်သူခြင်း မဆိုထားနဲ့ သူ့လင် သူ့မယား မရှောင် အမှောင်ကြီးကျလာခါ ဘယ်သူမှ မသိမမြင်ဘူးထင်လျက် မိမိရဲ့ ဂုဏ်သိက္ခာ အသက် တို့ကိုပါ မငဲ့ကွက်နိုင်ဘဲ၊ စုံးနတ်ဘီလူး ပူးဝင်သလို အအိပ်အစားပျက်ကာ ရောဂါဝေဝနာထင်ပြီး ဆေးဆရာကြီးများထံ အစမ်းခံပါသော်လဲ ရောဂါရှာမတွေ့၊ ပယောဂထင်လို့ ဘုရားငါးဆူအမိန့် အထက်ဆရာကြီးများ အမိန့်နဲ့ အမှုရှင် အစ့ဲခေါ်ပါသော်လဲမရ၊ ''လင်တရူးထ''တဲ့ ရောဂါကို ကာယကံရှင် ကိုယ်တိုင် ဆင်ခြင်မှု ပျောက်ကင်းနိုင်မှာဖြစ်ပါတယ်။

စက္ခုဒ္ဒိယေန သမ္ပန္နာ ရာဂတောစ ပမုစ္စတိ
မဟာအတ္ထပုရော သောစ မယုံ တေန ကရောမတံ။
(ဂင်း)

စက္ခုဒ္ဒိယေန၊ ရှုမှတ်မှုမကင်း စောင့်စည်းခြင်းနှင့်။ သမ္ပန္နာ၊ ပြည့်စုံခြင်းကြောင့်။ ရာဂတောစ၊ တတ်နှစ်သက်ခြင်း ဘေးမှလည်း။ ပမုစ္စတိ၊ လွတ်မြောက်ရ၏။ သောစ၊ ထိုရာဂ စသောဘေးမှ လွတ်ရခြင်းသည်လည်း။ မဟာအတ္ထပုရော၊ လောကီ-လောကုတ္တရာ အကျိုးနှစ်ဖြာ

နှင့် ပြည့်စုံ၏။ ဘေန၊ တို့ကြောင့်၊ မယံ၊ ငါတို့သည်။ တံ၊ ထိုစကားနှင့် စောင့်စည်းခြင်းကို။ ကရော၊ သံဝရိသာမ၊ စောင့် စည်းကြပါကုန်စို့အုံ။

ဒီနေရာမှာ မဇ္ဈိမဒေသ အိန္ဒိယမှာ၊ ပြဟ္မဏ - အယူရှိသူ ဟိန္ဒူ လူမျိုးများ စည်းကမ်းရှိဒါကို ဇတ္တမြင်ရပါဘယ်၊ ဗမာများကခေတာ့ ဒီကိစ္စမျိုးကို စည်းကမ်းဟု မယူသဘော၊ "ဆိုရှယ်ကျတယ်" ဆိုပြီး တန်ဘိုး ထားကာ ရင်ဘောင်တန်းဝါဒ နှစ်သက်နေကြပါတယ်။

တဏှာယ ဇာယတိ သောကော၊ တဏှာယ ဇာယတိ ဘယံ၊
တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။
(ဓမ္မပဒပါဠိတော် မိယဝဂ်)၊

တဏှာယ၊ တှယ်တာ နှစ်သက်မိခြင်းကြောင့်။ သောကော၊ စိုးရိမ်ခြင်း အမျိုးမျိုးသည်။ ဇာယတိ၊ ဖြစ်ရပေ၏။ တဏှာယ၊ တှယ်တာ နှစ်သက်မိခြင်းကြောင့်။ ဘယံ၊ ဘေးအမျိုးမျိုးသည်။ ဇာယတိ၊ ဖြစ်ရပေ၏။ တဏှာယ၊ တှယ်တာနှစ်သက်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ ကင်းလွတ်အောင် သတိဆောင်၍ ရှောင်နိုင်သောသူအား။ သောကော၊ စိုးရိမ်ခြင်း အမျိုးမျိုးသည်။ နတ္ထိ၊ မရှိနိုင်ပေ။ ဘယံ၊ ဘေးအမျိုးမျိုးကား။ ကုတော၊ အဘယ်မှာလျှင် ရှိနိုင်ပါတော့အုံနည်း။

ဒါကြောင့် အာရုံငါးပါး ကာမဂုဏ်တရားနဲ့ ပတ်သက်လာလျှင် အပျင်းပြေဘဲဖြစ်ဖြစ်၊ ဗဟုသုတလို့ဘဲဆိုဆို ယခုဘဝမှာလဲ တန်ဘိုးနဲပြီး ဂုဏ်သိက္ခာကျ၊ နောက်ဘဝမှာလဲ အပါယ်ကျရမဲ့ အဖြစ်ဆိုးနဲ့ တွေ့ရမှာဖြစ်တဲ့အတွက် တဏှာမျှ ခံစားရတဲ့ ဒီအာရုံမျှားကို ရှောင်ရှားသင့်ကြပါတယ်။

ဒီတရားမျိုးက ခံစားရလို့ ကုန်မော်းသွားဒါမျိုး မဟုတ်၊ လိုက်စားလေ တိုးပွားလေဖြစ်တဲ့ "အာသဝ"မျိုး ဖြစ်တယ်၊ ဒါကြောင့် (ဆားငံရေနောက် ငတ်တိုင်းသောက်က သောက်လေသောက်လေ ငတ်မပြေ)ဟု အဆိုပြုထားဒါ ဖြစ်တယ်၊ ပြခဲ့တဲ့အတိုင်း ဆက်ဆံမိရာက ရောနှောခြင်းသို့ရောက်၊ တဆင့်တက်က လွန်ကျူးခြင်းအထိ ရောက်ကြခြင်းဖြစ်တယ်။

ဒီနေရာမှာ ရဟန္တာပါဠိတော်ဌ ဗုဒ္ဓမြတ်စွာက လူထွက်လိုတဲ့ ရဟန်းအား မိမိကိုယ်တိုင် မန္ဒာတုစကြာမင်းဖြစ်ခဲ့စဉ်က ကြုံတွေ့ခဲ့ရတဲ့ အကြောင်းကို ပြန်ပြောင်းကာ ပေးပြောဆုံးမတဲ့ဂါထာကို မှတ်သားစေခြင်းပါတယ်။

ဒိဗ္ဗံ မာနုသကံ ဥဿုဝ သမ္ဘတ္တိံ စ အနုဘဝံ၊

မန္ဒာတုရာဇာ အတိတ္ထော၊ ပတ္ထေန္ဒ္ဓာဝ ကာလကံ်ဟော။

ဒိဗ္ဗံ၊ စတုမဟာ တာဝတိံသာဟု ရှိန်ဝါထွန်းသစ် ကာမဂုဏ်ပတ်ပတ်လည်သည့် နတ်ပြည်ဌဖြစ်သော။ သမ္ဘတ္တိံ၊ ဣဋ္ဌဖလ သုခရိပ်ငြိမ် သာလွန်မွန်မြတ်သော နတ်၏စည်းစိမ်ကိုဝင်း။ မာနုသကံ၊ လူ့ပြည်ဌဖြစ်သော။ သမ္ဘတ္တိံ၊ ကျွန်းယယ်(၂၀၀၀) ဝန်းခြောင်ပတ်ကာ လေးဒီပါဝယ် အာဏာဂုဏ်ဟိတ် ပုညဖိန်ဖြင့် နင်းနှိပ်ဝင်းထိန်လှ,စည်းစိမ်ကိုဝင်း။ အနုဘဝံ - အနုဘဝန္ဒော၊ (၈၄၀၀၀) ပြန်ပြန်ဆောင်လည်း လှ,ဘောင်ကာမ အားမရ၍၊ သက္ကစံရာ ဝတ်ီသာဝယ် ဣန္ဒာသိကြား သုံးကျိပ်ခြောက်ယောက်တို့ သေပျောက်၍ သွားသော်လည်း တပါးတည်းဒုံ:ခံ နတ်သီးတွေ့အခြံအရံနှင့် ခံစံပျော်ပါးရရှာသော မန္ဒာတုရာဇာ၊ လက်ုန်းခတ်၍ မိုးရပ်ကိုမျှော် မော်ခါကြည့်လိုက်လျှင် ခါးထိအောင် ရွှေငွေရတနာမိုးကို သွန်းဖြိုး ရှာကျ,စေနိုင်သော ကျက်သရေဘုန်း တက်နေတန္ဒန်းကဲ့သို့ ရိုက်ချုံ:တုံဟီး အလောင်းတော် မန္ဒာတ်မင်းကြီးသည်။ အတိတ္ထော၊ သောက်လေသောက်လေ ငတ်မပြေသည့် ပင်လယ်ရေပမာ ငါးဖြာကာမ ခံစားရပေမဲ့ မဝချင်ရဲ့ မပြေဘဲ သာလျှင်။ ပတ္ထေန္ဒော၊ သိကြားမင်းကို နှိမ်နင်းသတ်ဖြတ် ငါးထပ်အာလိန် တာဝတိံဝယ် မြိန်မြိန်ဝဝ စည်းစိမ်တွေ့ရှိသမျှကို ငါဟယောက်ထည်း ခံစားရပါမူကား ကောင်းလေ့ - ကောင်းလေ့ဟု တကြောင့် ကျွက်ကျ တောင့်တလျက်သာလျှင်။ ကာလကံ်တော၊ အဘိဏ္ဍာမိုး ဣဿာတိုးလို့မို့ စိတ်ဆိုးယုတ်မာ ဖြစ်ပေါ်လာ၍ နတ်ရှာ၌ ကြားကြာမနေနိုင်တော့တဲ့ ကမ္ဘာအခြေ အသက်ပမာဏယယ်နှင့် ဘဂဝါပရမေ စကြာရစဉ်က အဇဋာဗေ့ ထက်ဝဋ္ဌာဟကဆီမှ တဏှာအဆာမပြေ သက်လာ

ရသည်ဟု သတ္တဝါ,ခမြာတွေကသာ မြွက်ခါဟကြားလေးတဲ့ အခါခါ မသွေ့ ဓမ္မစက်အမှာသပြီး (သြော်....) အသက်ခန္ဓာဘဝ ဆုံးရှာလေ သတည်း။

ဆောင်ပုဒ်

လောကကြီးမှာ၊ ဆာလောင်နာ၊ ရောဂါကျမ်းနေတယ်။
အနာ-တာခြား၊ ဆေး-တခြား၊ ဖြစ်ပြားတတ်ကြတယ်။
အနာနှင့်ဆေး၊ လျော်ရာပေး၊ ပျောက်ရေး မခက်ဖွယ်။

အာသာ ဆိန္ဒသ ပဏ္ဍိတော။

ပဏ္ဍိတော၊ ပညာရှိသူ မှန်ပါမူကား။ အာသာ၊ အာရုံခြောက်ခု ဆာလောင်မှုကို။ ဆိန္ဒဿ၊ မြင်ကာ ကြားကာ ရှုမှတ်ခါဖြင့် ဖြတ် တောက်နိုင်ရာ၏။

ကရွတ်ကင်းလျှောက် လမ်းစပျောက်

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မံ၊ ကမ္မံ ပုန စက္ခု ဇာယတိ။

စက္ခုံစ၊ စက္ခုပသာဒရူပ်ကိုဌင်း။ ရူပေစ၊ ရူပါရုံကိုဌင်း။ ပဋိစ္စ၊ စဲ့ ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုပသာဒရူပ်, ရူပါရုံ, စက္ခုဝိညာဏ် တရားသုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းကြောင့်။ ဖဿော၊ စက္ခုသမ္ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ခံစားမှုသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ သာယာစုံမက် နှစ်သက်တွယ်တာမှုသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ တဏှာအကြီးစား စဲ့လမ်းမှုတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ကမ္မံ၊ ကုသိုလ်

အကုသိုလ်, စေတနာကံသည်။ သမ္ဘဝတို၊ ဖြစ်၏။ ကမ္မံ၊ ကံကြောင့်။ ပုန၊ တဖန်။ စက္ခု၊ အခြားသော ဘဝ၌ တပါးသော မျက်စိသည်။ ဇာယတိ၊ ဖြစ်ရပြန်၏။

ဒီလို ခြောက်ဒ္ဌါရ ခြောက်အာရုံမှာ ဆင်ခြင်ရှုမှတ် ဖြတ်တောက်မှုမပြုဘဲ၊ အတိုင်းတိုင်းထားက ကရွတ်ကင်းလျှောက် လမ်းစပျောက်သလို ထပ်ပြန်ရောက်ကာ လွတ်မြောက်မှု မရမှာ သေချာနေပါတယ်။ ကျွန်တဲ့ သောတ, ဃာန, ဇိဝှါ, ကာယ, မန တို့ကိုလဲ ဒီနည်းကို မှီးကာ သိကြရပါမယ်။

ဒီနေရာမှာ ဖြတ်ရမဲ့နေရာကိုလဲ သိဘို့လိုပါတယ်၊ ပဋိစ္စသမုပ္ပါဒ်၌ အစပ်သုံးခုရှိရာ ဝေဒနာနဲ့ တဏှာအစပ်ကို ဝိပဿနာဉာဏ်နဲ့ ဖြတ်မှ ပြတ်ပါမယ်၊ သင်္ခါရနဲ့ ဝိညာဏ်အစပ်ကို ဂေါတြဘူဉာဏ်၊ ဘဝနဲ့ ဇာတိအစပ်ကို မဂ်ဉာဏ်၊ ဒီလို သူ့နေရာနှင့်သူ ဖြတ်မှ ပြတ်မှာဖြစ်ပါတယ်။

ဘဝသံသရာ

ဘဝသံသရာဆိုဒါ အကြောင်း-အကျိုးစပ်ပြီး လယ်ပတ်နေတဲ့ သဘောကို ဆိုလိုဒါဖြစ်ပါတယ်၊ အမှန်ကို မသိကြရတော့ ကမ္ဘာလောကကြီးနဲ့ ဆတူ ရှိရှိသမျှ သက်ရှိ သက်မဲ့ဟူသမျှ အကြောင်း-အကျိုး စပ်ပြီး လယ်ပတ်ဖြစ်နေမှုကိုပင် ငါ, သူဘပါး၊ ယောကျား, မိန်းမ, ရေ, မြေ, သစ်ပင် စသည် ထင်မှတ်နေကြခြင်း ဖြစ်ပါတယ်။

လစတိ ပလစတိတိ လောကော။

လုံ့စွတိ ပလုံ့စွတိ၊ ဖြစ်တတ် ပျက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ လောကော၊ လောကမည်၏။

ဒီ-လောကဆိုဒါလဲ (၁) သတ္တလောက၊ (၂) သင်္ခါရှိလောက (၃) ဩကာသလောက ဟု သုံးမျိုးခြားနားပြီး မှတ်သားရပါမယ်။

(၁) သတ္တလောကဆိုဒါ သက်ရှိသတ္တဝါများရဲ့ ဖြစ်ပေါ်လာတဲ့ အစကိုပင် မသိမမြင်နိုင်လောက်တဲ့ အချိန်ကစပြီး ဖြစ်ပျက်လည်ပတ်လာခဲ့တဲ့အတွက်၊ မြတ်စွာဗုဒ္ဓက "အဝိဇ္ဇာ"ဆိုတဲ့ သိအပ်ရာကို မသိဒါကစပြီး လည်ပတ်လာခဲ့ပုံကို အင်္ဂါ ၁၂-ပါးထားကာ ဟောတော်မူခဲ့ခြင်းဖြစ်ပါတယ်။

(၂) သင်္ခါရလောက ဆိုဒါကတော့ သက်ရှိရော သက်မဲ့ပါ နှစ်မျိုးလုံးနဲ့ သက်ဆိုင်ပါတယ်၊ သက်မဲ့ဖြစ်တဲ့ သစ်ပင်တခုကို ဖြစ်ကျက်လည်ပတ်နေပုံကို ပြရမယ်ဆိုလျှင်....

ပထဝီဇလံ ပဋိစ္စ ရုက္ခော ပဝတ္တတိ၊ ရုက္ခံ ပဋိစ္စ ကဋ္ဌပုဋ္ဌံ ပဝတ္တတိ၊ ကဋ္ဌပုဋ္ဌံ ပဋိစ္စ အဂ္ဂိ ပဝတ္တတိ၊ အဂ္ဂိ ပဋိစ္စ ဓူမော ပဝတ္တတိ၊ ဓူမံ ပဋိစ္စ အဗ္ဘံ ပဝတ္တတိ၊ အဗ္ဘံ ပဋိစ္စ မေဃဇလာ ပဝတ္တတိ၊ မေဃဇလာ ပဋိစ္စ ပထဝီဇလံ ပဝတ္တတိ။

ပထဝီဇလံ၊ ရေမြေနှစ်ပါးကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ရုက္ခော၊ သစ်ပင်သည်။ ပဝတ္တတိ၊ ဖြစ်ပေါ်လာ၏။ ရုက္ခံ၊ သစ်ပင်ကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ကဋ္ဌပုဋ္ဌံ၊ ထင်းအစုသည်။ ပဝတ္တတိ၊ ဖြစ်ပေါ်လာ၏။ ကဋ္ဌပုဋ္ဌံ၊ ထင်းအစုကို။ ပဋိစ္စ၊ အကြောင်း ပြု၍။ အဂ္ဂိ၊ မီးသည်။ ပဝတ္တတိ၊ ဖြစ်ပေါ်လာ၏။ အဂ္ဂိ၊ မီးကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဓူမော၊ အခိုးသည်။ ပဝတ္တတိ၊ ဖြစ်ပေါ်လာရ၏။ ဓူမံ၊ အခိုးကို။ ပဋိစ္စ၊ အကြောင်းပြု၍။ အဗ္ဘံ၊ တိမ်တိုက်တိမ်လွှာသည်။ ပဝတ္တတိ၊ ဖြစ်ပေါ်လာ၏။ အဗ္ဘံ၊ တိမ်တိုက်တိမ်လွှာကို။ ပဋိစ္စ၊ အကြောင်းပြု၍။ မေဃဇလာ၊ မိုးရေသည်။ ပဝတ္တတိ၊ ဖြစ်ပေါ်လာ၏။ မေဃဇလံ၊ မိုးရေကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ပထဝီဇလံ၊ ရေ,မြေ နှစ်ပါးသည်။ ပဝတ္တတိ၊ ဖြစ်လာပြန်၏။

ဒီလို • သစ်ပင်,တော,တောင်,မြေ,ရေ,သမုဒ္ဒရာ ကမ္ဘာလောကကြီးပါမကျန်၊ သက်ရှိသက်မဲ့ ဖြစ်ပျက် လည်ပတ်နေဟန်ကို သင်္ခါရလောကဟု ဆိုလိုခြင်းဖြစ်ပါတယ်။

(၃) သြကာသလောက ဆိုဒါကတော့ သက်ရှိသတ္တဝါများရဲ့ ရပ်နားတည်းနေရာ (၃၁)ဌာန ဘုံဒေသများကို ဆိုလိုခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ သက်ရှိသတ္တဝါတဦးကိုပင်လျှင် စဉ်းစားကြည့်ပါက လောကသုံးပါးလုံး သက်ဆိုင်နေဒါကို တွေ့ရပါလိမ့်မယ်၊ ၎င်းသတ္တဝါက သတ္တလောက၊ အဲဒီ သတ္တဝါရဲ့ ဖြစ်ပျက် အစဉ်က သင်္ခါရလောက၊ ဒီသတ္တဝါရဲ့ ခန္ဓာကိုယ်အတွင်းမှာ မှိုဘင်းခိုးအောင်းနေကြတဲ့ ပိုးများစွာတည်ရှိ နေထိုင်ရာဖြစ်တဲ့အတွက် သြကာသလောက၊ ဒီလိုလဲ တွေ့မြင်လာရပါလိမ့်မယ်။

အကျယ် သိလိုကြပါမူ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုင်ရာ ထိုထိုကျမ်းများကို ရှုတောင်းမူကြပါ။

ကမ္ဘာလောကကြီး တည်ပျက်ပုံ

သတ္တဝါအများ တည်နေရာဖြစ်တဲ့ ကမ္ဘာလောကကြီးကို စဉ်းစားကြည့်ပါ၊ သိပ္ပံပညာရှင်များက အာကာသခေါ်တဲ့ ဟင်းလင်းပြင်ကြီးသည်းမှာ တောင်နဲ့မြောက်တန်းနေတဲ့ ဝင်ရိုးပေါ်တွင် အနောက်မှ အရှေ့သို့ လည်နေတဲ့ အလုံးကြီးဖြစ်တယ်။

ဒီကမ္ဘာလုံးကြီးမှာ အထပ်ခြောက်ခုရှိရာ (၁) အတွင်းကျဆုံးဖြစ်တဲ့ ဗဟိုပိုင်းသည် အချင်းမိုင် ၄၀၀၀ ရှိ အလွန်ပူပြင်းတဲ့ အရေထူဖြစ်တယ်။

(၂) ဒုတိယအထပ်က မိုင် ၂၀၀၀ ထူဘဲ့ နစ်ကယ်နဲ့ သံသတ္တုများ ပါရှိတဲ့ သတ္တုရေထူဖြစ်တယ်။

(၃) တတိယအထပ်က ၂၅-မိုင်မှ မိုင် ၃၀-လောက်ထူတဲ့ တွင်းထွက်ပစ္စည်းများ တည်ရာဖြစ်တဲ့ သတ္တုရိုင်းထု ဖြစ်ဘယ်။

(၄) စတုတ္ထအထပ်က ၁၅၀-မိုင်မှ ၂၀၀-အထိ ထူတဲ့ မြေထုဖြစ်တယ်။

(၅) ပဉ္စမအထပ်က မြေထု အပေါ်ဖက်တွင် ၂-မိုင်ခဲ့ ထူတဲ့ သမုဒ္ဒရာ ပင်လယ်မြစ်ချောင်းတို့ တည်ရာ ရေထုဖြစ်တယ်။

(၆) ဆဋ္ဌမအာထပ်က မိုင် ၂၀၀-ခန့်ထူတဲ့ ဓာတ်ငွေ့မျှားပါဝင်သော လေထုဖြစ်တယ်ဟု ယူဆကြတယ်။

ငါတို့ ဗုဒ္ဓကတော့ သတ္တဝါများတည်နေရာဖြစ်တဲ့ "ပဌဝီပထဝီ" ဆိုတဲ့ မြေမျက်နှာပြင်က ယူဇနာပေါင်း ၁၂၀၀၀၀၊ အဲဒီအောက်က "သိလာပထဝီ" ဆိုတဲ့ ကျောက်မြေထုက ယူဇနာပေါင်း ၁၂၀၀၀၀၊ အဲဒီအောက်က ရေထုကြီးက ၄၀၀၀၀၀၊ အဲဒီအောက်က လေထုကြီးက ၉၆၀၀၀၀၊ အဲဒီအောက်က "အဇဋ္ဌာကာသ" ဆိုတဲ့ ဟင်းလင်းပြင်ကြီးကား အဆုံးအပိုင်းအခြားမရှိဟု ညွှန်ပြထားပါတယ်။

ဒီနေရာမှာ ကန့်လန့်ဖြတ်တိုင်းလျှင် ယူဇနာပေါင်း ၁၂၀၃၄၅၀ ရှိရာ၊ တယူဇနာမှာ (၁၃)မိုင်ခန့် ရှိကြောင်း သိရပါတယ်။

ဒီ-ကမ္ဘာလောကကြီးကို ရှေး ကလဒီယန်လူမျိုးဘို့က သမုဒ္ဒရာမှ ပေါ်ပေါက်လာတဲ့ နံရံမျှားအတွင်းမှာ ကုပ်နေတဲ့ မိုးကောင်းကင်ကို အမိုးပြုကာ တည်ရှိဘယ်ဟု ယုံကြည်ကြတယ်။

အိဂျစ်လူမျိုးတို့ကတော့ ကမ္ဘာကြီးကို ဆင်ကြီးလေးကောင်က ထမ်းထားပြီး၊ အဲဒီဆင်ကြီးမျှားက သမုဒ္ဒရာရေပြင်မှာ ကူးနေတဲ့ ကမ္ဘာလိပ်ကြီးရဲ့ ကျောကုန်းပေါ်မှာ ရပ်တည်လျက်ရှိဘယ်ဟု ယုံကြည်ကြဘယ်၊ ရှေး ဂရိလူမျိုးတို့ကတော့ သမုဒ္ဒရာ ပိုင်းရံထားတဲ့ မြေပြင်ကြီးဟု ယုံကြည်ကြတယ်၊

ဒီလို အမျိုးမျိုးထင်မြင်ယူဆ ယုံကြည်ကြရာမှာ ဘာဘဲဖြစ်ဖြစ် အကြီးဆုံးဖြစ်တဲ့ ကမ္ဘာလုံးကြီးမှ၊ အသေးဆုံးဖြစ်တဲ့ သိပ္ပံအမြင် ရှေ့ပေဒနည်းအရ "အနုမြူ"၊ ဗုဒ္ဓရဲ့ ဓာတုဗေဒနည်းအရ "ပရမာနုမြူ" အထိ ဖြစ်ပျက်ခြင်းမှ ကင်းတဲ့ အရာဝတ္ထု၊ တစုံတခုမှ မရှိဒါကတော့ အားလုံးလက်ခံရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကမ္ဘာကြီးရဲ့ ဖြစ်, တည်, ပျက်မှုကို ၄-စုပြုပြီး ကြည့်လျှင် (၁) ကမ္ဘာပြုမိုးကြီး ရွာချကာ စပြီးတည်နေသည်မှ၊ နေ့,လ ပေါ်ပေါက်လာတဲ့အချိန်ထိ ကာလအပိုင်းအခြားကို ဝိဝဋ္ဋအသင်္ခေယျကပ် ဟု မှတ်ရပါမယ်။

(၂) ယခုလို သက်ရှိသတ္တဝါများ ပေါ်ပေါက်လာကာ နေ့လ ပေါ်လာသည်မှတဖန် ကမ္ဘာဖျက်မိုးရွာလာတဲ့ အချိန်ထိ ကာလအပိုင်းအခြားကို ဝိဝဋ္ဋဘာယိအသင်္ခေယျကပ်ဟု မှတ်ရပါမယ်။

(၃) ကမ္ဘာဖျက်မိုးရွာကာ ပျက်ပြုံးပြီး မီးတဟုန်းဟုန်းတောက်လောင်ကာ ကုန်ဆုံးသွားတဲ့အချိန်ထိ ကာလအပိုင်းအခြားကို သံဝဋ္ဋအသင်္ခေယျကပ်ဟု မှတ်ရပါမယ်။

(၄) ကမ္ဘာကြီး လောင်ကျမ်းကုန်ဆုံး၍၊ မီးလျှံစဲသည်မှ လေမုန်တိုင်းကြီးကျကာ ဟာလာဟင်းလင်းကြီးဖြစ်လျက် ကမ္ဘာပြုမိုးကြီးရွာလာ၍၊ ဗြဟ္မာပြည်တိုင်အောင် ပြည့်စေကာ စဲသွားတဲ့ အချိန်ထိ ကာလအပိုင်းအခြားကို သံဝဋ္ဋဌာယီ အသင်္ခေယျကပ်ဟု မှတ်ရပါမယ်။

ဒီလို အသင်္ခေယျကပ်ကြီး (၄)ကပ်ရှိရာ၊ တကပ်ရဲ့ ကန့်သတ်ချက်အချိန်ဟာ ဘယ်လောက် ကြာပါသလဲဆိုလျှင် လူ့ဘဝ်ရဲ့သက်တန်းမရေမတွက်နိုင်တဲ့ "အသင်္ခေ့ျတန်းမှ" ၁၀-နှစ်တန်းအထိ၊ ၎င်း ၁၀-နှစ်အဘန်းမှ အသင်္ခေ့ျတန်းအထိ တပြန်ကို အန္တရကပ်-တကပ် ဖြစ်တယ်၊ အဲဒီ အန္တရကပ်ပေါင်း ၆၄-ကပ်ကြာမှ အသင်္ခေ့ျယျတကပ် ဖြစ်တယ်။

ဒါကြောင့် .... (၁) လူတို့ရဲ့သက်တမ်းကို အာယုကပ်ဟုမှတ်။ (၂) ၎င်း အာယုကပ် အဆုတ် အတက် တပြန်ကို အန္တရကပ် ဟု မှတ်။ (၃) အန္တရကပ်ပေါင်း (၆၄)ခုကို အသင်္ခေ့ျယျကပ်ဟုမှတ်။ (၄) အသင်္ခေ့ျယျကပ်ကြီး ၄-ခုကို မဟာကပ်၊ သို့မဟုတ် တကမ္ဘာဟု မှတ်ယူရမှာ ဖြစ်ပါတယ်။

သက်တန်း ဆုတ်ယုတ် တိုးတက်ရပုံ

အာယုကပ်ခေါ် လူတို့ရဲ့သက်တန်း ဆုတ်ယုတ်ရ ခြင်း ကား၊ လောဘ,ဒေါသ,မောဟ စတဲ့တရားများ လွှမ်းမိုးလာတဲ့အခါ တဖြေးဖြေး ဆုတ်ယုတ်လာခဲ့ရာ၊ နောက်ဆုံး ကပ်သုံးပါးဆိုက်၍ သတ္တိသံဃဝဂ ရကာ မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်ဘုရားများ ကပ်လာသဖြင့် တဖန်တက်ကာ သက်တန်းရှည်လာရခြင်း ဖြစ်ပါတယ်။

ဝိဝဋ္ဋ ကပ်ဦးခါမှ ဆုတ်လာတုံလပ် အာယုကပ်တွင် သိန်းကပ် ခိုးသူ၊ ရှစ်သောင်းမှုကား သတ်သူပေါ်ထ၊ သေးသောင်းကျသော် ပြောကြမှုသား၊ နှစ်သောင်းခါကား ဝါစာပိသုဏ ဂုံးတိုက်ကြ၏။ ကာမမိစ္ဆာ တသောင်းခါတည်း၊ ဖရှဿာသမ္ဘပ် ငါးထောင်ကပ်၌ ပြောကြလူ့ဘောင် မိုက်လုံးပြောင်၏၊ နှစ်ထောင်ဗျာပါ အာဘိဇ္ဈာတည်း။ မိစ္ဆာဒိဋ္ဌိ တထောင်သိလော၊ ရောက်ရှိ ငါးရာ သက်တမ်းမှာကား၊ မိစ္ဆာဝမ္မ ဝိသမနှင့် အဝမ္မ ရုဂေါ ဒလဟောတည်း၊ ရောက်ရှိနှစ်ရာ သက်တမ်းမှာကား၊ မာတာဒိက ဂါရဝကို စွန့်ကြတုံလစ် ဘန်းဆယ်နှစ်၌ စွန့်ပစ်ဝမ္မ ရှင်းရှင်းပသည် သုံးဝကပ်ကြီး ဆိုက်အုံ့သော်။ ။

ဒီလို ပညာရှင်များက သိရှိကြရန် ရေးစပ် ထားတော်မူခဲ့ကြပါတယ်။

ဒီနေ့ရောမှာ မယဒေဝ-မင်းကြီးဟာ ဆံဖြူတပင် ပေါက်ကာမျှနဲ့ သံဝေဂယူကာ ထောထွက်သွားပုံကို မန်လည်ဆရာတော်ကြီးက "မယဒေဝလင်္ကာ"မှာ စပ်ဆိုတော်မူသားပါသေးတယ်။

နေ့ညဦးဦး ဇရာမီးတို့ ဖျက်ဆီးပြောင်ရဲ့ တောက်လောင်စွဲ၍ ပျက်မြဲဝမ္မတာ မလွဲသာတည်း။ သတ္တဝါထိုထို သက်ရှိကိုကား မဆိုစပါ၊ စကြာဝဠာလောက သြကာသလည်း၊ ကမ္ဘာ့အလေ့ ပျက်ချိန်စေ့ကာ ညဉ့်နေ့ဝင်းဝင်း နေနှစ်စင်းတို့ တစင်းဝင်လျက်၊ တစင်းထွက်ဖြင့် ဆက်ဆက်အညီ၊ ထွန်းပေါ်ချီလျက်၊ ကုန္ဒဒီပေါင်း၊ မြစ် ချောင်း အိုင် ထုံ၊ အားလုံးခရခြောက်၊ သုံးစင်းမြောက်က၊ ခမ်းခြောက်မြစ်ကြီး၊ လေးစင်းညီမှ၊ သီသီမကြွင်း၊ အိုင်မင်း ခုနစ်သွယ်၊ ငါးစင်းဝယ်ကား၊ ပင်လယ်လေးဖြာ မဟာသမုဒ် ရေအစုတ်ကို ချုပ်ချုပ်ခမ်းကြ၊ ခြောက်စင်းပသော် စကြာဝဠာတွက်ရေ ကုဋေသိန်းလုံး ခိုးဝေဖုံးလျက်၊ နောက်ဆုံးနေစက်၊ ခုနှစ်စင်းထွက်က တပ်ပြိုင်နက်တောက်၊ မီးလျှံ ရောက်၍၊ ထက်

အောက်ဟုန်းဟုန်း၊ တအုံ့အုံ့လျှင်၊ ကျင်းကုန်းသမုဒ္ဒရာ၊ ဟေမဝါက၊ သေလာပံသု၊ ကျောက်မြေစုနှင့်၊ ကြီးထုဗဟိုရ၊ မြင့်မိုရ်ယုဂန်၊ သတ္တရဘန်ပါ၊ မကျန်လောင်ခြီး ကြင်းပြီးကုန်စင် မထင်မြူလောက်၊ ကျေပျောက်မခ္ခြတ်၊ ပျက်သတတ်ရှင့်၊ ဘုံထွတ်နန်းမြင့်၊ ခုနစ်ဆင့်ဌ၊ စံလင့်တပဲ၊ ငါမင်းရဲလည်း၊ မလွဲမှန်စွာ ဝမ္မတာဖြင့် ဇရာမီးလျှင် ဖျက်ဆီးပြောင်ပြောင် အမြဲလောင်၏၊ သားခြောက်သွေးခန်း၊ ရှေ့.ရှေ့.မြန်းသား၊ မလန်းမလူ၊ ဇရာဟူသည်၊ ဆံဖြူသွားကျတ်၊ တွတ်ရှတ်လျက်၊ ယွင်းချတ်ပျက်ပြီး နေ့တိုင်းအိုသည် ဤကိုယ်ပျောက်လိမ့် မနှေးတည်း။

လောကစောင့် တရား ၂-ပါး

အို — ချစ်သားတို့ (အကျိုးအားဖြင့်) ဖြူစင်ကုန်သော ၂-ပါးကုန်သော ဒီတရားတို့ကား၊ သတ္တလောကခေါ်တဲ့ သတ္တဝါကို မပျက်စီးအောင် စောင့်ရှောက် ထားကြပါတယ်၊ အာဘယ် ၂-ပါးတို့လဲ ဆိုလျှင် (၁) မကောင်းမှုမှ ရှက်ခြင်း (ဟီရိ)ရင်း၊ (၂) မကောင်းမှုမှ လန့်ခြင်း (ဩတ္တပ္ပ)ရင်း၊ ဒီ ၂-ပါးတို့ ဖြစ်တယ်။

ဒီလို ဗုဒ္ဓမြတ်စွာက ဒုက အင်္ဂုတ္တိုရ် ပါဠိတော်မှာ ကမ္မကရဏဝဂ် ၉-ခုမြောက်ဖြစ်တဲ့ လောကပါလသုတ်မှာ ဟောတော်မူထားပါတယ်။

ဒါကြောင့် ယောကျား,မိန်းမ၊ ချမ်းသာ,ဆင်းရဲ ရူပ်လှ,မလှ အပျို,အအို ဂုဏ်ရှိ,စရှိ ပညာတတ်,မတတ် မလို၊ ဘယ်သူမဆို "ငါ့မြင်း ငါစီး - ဘယ်ခရီးရောက်ရောက်" ဆိုပြီး ပတ်ဝန်းကျင်ကို မလေးစားဘဲ၊ စိတ် အလိုလိုက်ကာ ရှက်ကြောက်မှု ကင်းကွာသွားလျှင် ဒီသတ္တဝါ ပျက်စီးသွားတော့ဒါဘဲ။

မီးသတိပြု

မီး-ဆိုဒါ သူနဲ့ ထိတွေ့မိလျှင် ကောင်း,ဆိုး,မရွေး လောင်ကျွမ်းခြင်း၊ ပတ်ဝန်းကျင်ကိုလဲ အင်အားအလိုက် အရှိန်ဟာတ်တတ်ခြင်း၊ မီးသင့်ထားတဲ့ပစ္စည်းမှန်က အများသိနိုင်တဲ့အပြင် တန်ဘိုးမရှိတော့ခြင်း၊ စတဲ့ အကျိုးမဲ့ကို ဖြစ်စေတတ်ပါတယ်။

ဒါကြောင့် အကြီးအသေးမရွေး အကြင်းအကျန် မသားသင့်တဲ့ ဒီမီးကို ကိစ္စမရှိတန်ဘူးဆိုပြီး အထင်မသေးသင့်၊ လောင်မျှုိက်စရာ ဝတ္ထုပစ္စည်းကိုလိုက်ပြီး အကူးအစက် မြန်ဘတ်တဲ့ သဘောရှိဘယ်၊ သာမန်နဲ့ မကူးစက်နိုင်တဲ့ ကျောက်သယ် သံထယ် ပစ္စည်းများတောင်မှ ပတ်ဝန်းကျင် လောင်စာများနဲ့ ရှိုမျှုိက်တဲ့အခါ မူလ အခြေအနေ ဘယ်လောက် ခိုင်မာတောင့်တင်းပေမဲ့ အနိမ့်ဆုံးဖြစ်တဲ့ ကျောက်တုံး ကြီးမှ ထုံးပြာအဖြစ်သို့ရင်း၊ သံတုံးကြီးမှ အရေအဖြစ်သို့ရင်း၊ ခဏ အတွင်း ပြောင်းလဲသွားစေတတ်တဲ့သတ္တိ သူ့မှာရှိတယ်ဆိုဒါ အမြဲသတိ ပြုသင့်တယ်၊ သာမန်အနှစ်မရှိတဲ့ တုံးတိုင်သစ်ဝါးနဲ့ အပေါစား အမျိုက် သရိုက်များကိုကား အရှိန်ဟတ်ရုံမျှနဲ့ ပြာကျသွားနိုင်တယ်။

မီး(၅)မျိုး

(၁) ကဋ္ဌဂ္ဂိ – ရိုးရိုး ထင်းမီး။
(၂) ကပ္ပဂ္ဂိ – ကမ္ဘာဖျက် မီး။
(၃) နရဂ္ဂိ – ငရဲ မီး။
(၄) ကိလေသဂ္ဂိ – ကိလေသာ မီး။
(၅) ဉာဏဂ္ဂိ – ဉာဏ်မီး။

ဒီလို မီး(၅)မျိုးရှိပြီး တမီးနဲ့တမီး သတ္တိခြင်းမတူတဲ့ ခြားနား မှုကိုလဲ မှတ်သားရပါမယ်။

(၁) ကဋ္ဌဂ္ဂိ ဆိုတဲ့ ထင်းမီးရဲ့သတ္တိဟာ သာမညဖြစ်တဲ့ တုံးတိုင် သစ်ဝါးနဲ့ အမျိုက်သရိုက်များကိုသာ လောင်ကျွမ်း စေနိုင်ပါတယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင် အခြေအနေအရ တအိမ်လုံး တရပ်လုံး တရွာလုံး တမြို့လုံး အထိ လောင်ကျွမ်းဖျက်ဆီးနိုင်တဲ့ သတ္တိရှိပါတယ်။

(၂) ကပ္ပဂ္ဂိ ဆိုတဲ့ ကမ္ဘာဖျက်မီးရဲ့ သတ္တိကား၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ တွေနဲ့ တကွ ဝတ္ထုပစ္စည်းမှန်သမျှ တခုမှမကျန်ရအောင် လောင်ကျွမ်းဖျက်ဆီးနိုင်တဲ့ သတ္တိရှိပါတယ်။

(၃) နရဂိုဆိုတဲ့ ငရဲမီးရဲ့ သတ္တိကတော့၊ လောင်ကျွမ်းစရာ ဝတ္ထုပြစ်ညှိုး ကုန်ဆုံးသွားလျှင် အလိုလို ငြိမ်းအေးသွားတဲ့ (၁) နံပါတ်နဲ့ (၂) နံပါတ်မီးများလို မဟုတ်ပဲ၊ မိမိပြုခဲ့မိတဲ့ အကုသိုလ်ကံ မကုန်သေးသမျှ ခံရမဲ့သတ္တဝါကလဲ ထပ်လဲဖန်ခါ တည်ရှိပြီးတော့သာနေရပြီး ကံနကြောင့်ဖြစ်လာတဲ့ မီးကလဲ ဘယ်နည်းနဲ့မှ ငြိမ်းမသွားပဲ အမြဲတည်ရှိ လောင်ကျွမ်းနိုင်တဲ့ သတ္တိရှိပါတယ်။ (ငရဲကြီးရှစ်ထပ်ရှိ မီးများတည်း)။

(၄) ကိလေသာဂိုဆိုတဲ့ ကိလေသာမီးရဲ့ သတ္တိကတော့၊ ၁၁-မျိုး ရှိဘယ်၊ (၁) ရာဂမီး၊ (၂) ဒေါသမီး၊ (၃) မောဟမီး၊ (၄) ဇာတိမီး၊ (၅) ဇရာ မီး၊ (၆) မရဏ မီး၊ (၇) သောက မီး၊ (၈) ပရိဒေဝ မီး၊ (၉) ဒုက္ခမီး၊ (၁၀) ဒေါမနဿမီး၊ (၁၁) ဥပါယာသမီး၊ ဒီလို (၁၁) မျိုး ရှိပါတယ်။

ဒီ ကိလေသာမီးရဲ့ သဘောက အရင်းခံဖြစ်တဲ့ (၁၊ ၂၊ ၃) နံပါတ် မီးဘခုခု ငုံငြိုလောင်ကျွမ်းမိပါက ကျန်တဲ့မီးများဟာ အစဉ်တစိုက် လောင်ကျွမ်းကြကာ ငရဲမီးသို့သာ ဆက်သွား တတ်ပါတယ်။ ဒါကြောင့် "မီးကို မလောင်ခင်က တား"ဆိုတဲ့ သတိပေးစကား ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။

(၅) ဥာဏဂိုဆိုတဲ့ မီးရဲ့ သတ္တိကတော့ ပေါ်ပြုခဲ့ပြီးဖြစ်တဲ့ မီးများကို ငြိမ်းအေးသွားတတ်တဲ့ သတ္တိရှိသော မီးအားဖြစ်ပါတယ်။

ဒါကြောင့် မီးသတ်ဗိုလ်ထူး၊ ချီးကျူးမကုန်ရာ၊ ဗုဒ္ဓမြတ်စွာက မီး(၁၁)တန် ငြိမ်းအေးရာမှန်တဲ့၊ သတိပဋ္ဌာန် မီးသတ်စက် မီးသတ်ဆေးများကို ပေးသနားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ခွေးသတိထား

ဂဏ္ဍာတိ ဥပါဒါယတိတိ ဂါဟော။

ဂဏ္ဍာတိ၊ ဖမ်းယူ ကိုက်စားတတ်၏။ ဥပါဒါယတိ၊ စွဲလမ်းတတ်ငြိတွယ် ကိုက်ဆွဲတတ်၏။ ဣတိ၊ ထိုကြောင့်။ ဂါဟော၊ ဂါဟ မည်၏။ ဝါ၊ ခွေး မည်၏။

ခွေးငယ်မျိုးကို ပေါက်ပွားစေတတ်တဲ့ ခွေးသားအုပ်မကြီးနဲ့ တူသော ဂါဟ-ဇာရားကား သုံးပါးရှိပါတယ်၊ (၁) ဝဏ္ဏာ၊ (၂) မာန၊ (၃)ဒိဋ္ဌိ၊ ဒီသုံးပါးကိုသံသရာဝဋ်ကို ခွဲ့ထွင်တတ်တဲ့အတွက် "ပ ပဋ္ဌတရား" ဟုဂင်း၊ သူတို့ ပူးဝင်လာလျှင် အရှုံးအသွင် ဖြစ်သွားတတ်တဲ့အတွက် "မညနာတရား"ဟုဂင်း၊ ဗုဒ္ဓမြတ်စွာက အရာဌာနအားလျော်စွာ ဟောတော်မူထားခဲ့ပါတယ်။

မူလပဏ္ဏာသ ပါဠိတော်လာ ခွေးငယ် (၁၆)ကောင်ကား

(၁) အာဘိဏ္ဍာ၊ မိမိပိုင်ဥစ္စာ၌ ခင်တွယ်စဲ့လမ်းခြင်း။
(၂) ဝိသမလောဘ၊ သူတပါးပိုင်ဥစ္စာ၌ ခင်တွယ် စဲ့လမ်းခြင်း။
(၃) ဒေါသ၊ ပြစ်မှားခြင်း။
(၄) ကောဓ၊ အမျက်ထွက်ခြင်း
(၅) ဥပနာဟ - ရန်ညှိုးဖွဲ့ခြင်း။
(၆) မက္ခ - သူ့ကျေးဇူးကို ချေဖျက်ခြင်း။
(၇) ပလာသ - အင်တူထားခြင်း။
(၈) ဣဿာ - သူတပါးစည်းစိမ်ကို ငြူစူခြင်း။
(၉) မစ္ဆရိယ - မိမိစည်းစိမ်ကို ဝန်တိုခြင်း။
(၁၀) မာယာ - ဖုံးလွှမ်း လှည့်ပတ်ခြင်း။
(၁၁) သာဌေယျ - ဝါကြွားခြင်း။
(၁၂) ထမ္ဘ - ခက်ထန်ခြင်း။
(၁၃) သာရမ္ဘ - မထီလေးစားပြုခြင်း။
(၁၄) မာန - ထောင်လွှားခြင်း။
(၁၅) အတိမာန - ငါ့ပြင်မရှိ ထောင်လွှားခြင်း။
(၁၆) ပမာဒ - မေ့လျော့ခြင်း။

ဒီလို "ဥပက္ကိလေသ" (စိတ်ရဲ့ ညစ်ညူးကြောင်း) အမည်နဲ့ (၁၆)ဌာန ဟောတော်မူခဲ့ပါတယ်။

အဂုံတို့ရ် ပါဠိတော်မှာတော့ "မဒ - မာန်ယစ်ခြင်း" တခုတိုးပြီး (၁၇)မျိုး ဟောတော်မူထားပါတယ်။ ဒီခွေးမျိုးက လောကရှိ ခွေးမျိုးလို ကိုက်ရုံနဲ့မပြီးဘဲ အပါယ်ငရဲသို့ရောက်အောင် ဆွဲဆောင်သွားတတ်ပါတယ်။

ဒါကြောင့် ခွေးကိုက်ဓာတ်တဲ့ အိမ်နဲ့တူတဲ့ ဘဝသံသရာမှာ၊ ခွေး မောင်းနှင်စရာ ဒုတ်,မပါလျှင် အကိုက်ခံရမှာ သေချာတဲ့အတွက် သတိထားကာ ဒုတ်-အမြဲဆောင်ထားရပါလိမ့်မယ်။

(ရာဂဃ) ဘိက္ခဝေ ပဟာနာယ ဒ္ဒဓမ္မာ ဘာဝေတဗ္ဗာ
ကဲတမေဒ္ဒ သမထောစ ဝိပဿနာစ။ ။

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုပြား အို–သူတော်စဉ်အမျှားတို့။ ရာဂဃ၊ ထိုထိုအာရုံ၌ စွဲကိုက်ငြိကပ်တတ်တဲ့ ရာဂတည်းဟူသောခွေးကို။ ပဟာနာယ၊ စွန့်ပစ် မောင်း ချောက် ပယ်ဖျောက်ခြင်းငှါ။ ဒ္ဒဓမ္မာ၊ တရား - တည်းဟူသော ဒုတ် နှစ်ချောင်းတို့ကို။ ဘာဝေတဗ္ဗာ၊ ပွားများ စွဲကိုင်ဆပ်ကုန်၏။ ဒ္ဒ၊ ဒုတ် နှစ်ချောင်းတို့ဟူသည်။ ကတမေ၊ အဘယ်တို့နည်းဟူမူကား။ သမထောစ၊ သမာဓိ အမှုးရှိသော သမထကမ္မဋ္ဌာန်းလည်း တပါး။ ဝိပဿနာစ၊ သတိသမ္ပဇဉ် အမှုးရှိသော ဝိပဿနာလည်း တပါး။ ဣမေဒ္ဒ၊ ဤနှစ်ပါးတို့ပေတည်း။

(မှတ်ချက်) ဒေါသသော၊ မောဟသော၊ ကောဓသော၊ ဥပနာဟသော၊ မက္ခသော၊ ပလာသသော၊ ဣဿာသော၊ မစ္ဆရိယသော၊ မာယာသော၊ သာဌေယျော၊ သမ္ဘသော၊ သာရမ္ဘသော၊ မာနသော၊ အတိမာနသော၊ မဒသော၊ ပမာဒသော....ဟူ လက် သည်း ကွင်း နေ ရာ မှာ လဲထည့်သွားပါက ဂါထာ(၁၇)ပုဒ် ဖြစ်ပါတယ်။

စာတတ် မတတ် သတိချပ်

ဂန္ဓေ ဥာဏပိ နော ကာယေ၊ ဂါဟော ဂါဟတိ ပုဂ္ဂလံ၊
ဂန္ဓေ ဥာတေ အဥာတေဝါ၊ ကာယေ ဥာတေ နဂါဟတိ။
(ဓမ္မပဒပါဠိတော်)၊

ဂန္ဓေ၊ ကျမ်းဂန်းကို။ ဥာတေပိ၊ တတ်သော်လည်း။ ကာယေ၊ ကိုယ်တည်း၌။ နော ဥာတေ၊ မတတ်သည်ရှိသော်။ ဂါဟော၊ ဂါဟ တရား-တည်းဟူသော ခွေးသည်။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဂါဟတိ၊ ဖမ်းယူ

ကိုက်ဆဲတတ်၏။ ဂန္ဓေ၊ ကျမ်းဂန်ကို။ ဥာဏဝေါ၊ တတ်သော်ငင်း။ အဥာဏဝေါ၊ မတတ်သော်ငင်း။ ကာယေ ကိုယ်ထည်း၌။ ဥာဏေ၊ တတ်သိ လိမ္မာသည်ရှိသော်။ ဂါဟော၊ ဂါဟတရား တည်းဟူသော ခွေးသည်။ နဂါဟတိ၊ မဖမ်းယူ မကိုက်ဆဲနိုင်။

ဆောင်ပုဒ်

(၁) ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟာဘ်ကိုက်တတ်သည်။
(၂) စာမှာတတ်မဘတ်၊ကိုယ်မှာတတ်၊ဂါဟတ် ကင်းပြတ်သည်။
(၃) ကိုယ်လေးနှုန်း၊ ရှိသည်ဟု၊ ကိုးကိုးမာ မသိသည်။

ဒီနေရာမှာ ကဿပဘုရား သာသနာတုံးက ပိဋ္ဌကတ်သုံးပုံ နှုတ်ဝယ်ဂုဏ်ပြီး၊ မြေကထိက အခေါ်ကျော်ဖြစ်တဲ့ ကပိလရဟန်းဟာ စာတည်းမှာ သာ တတ်ပြီး၊ ကိုယ်မှာမဘတ်တဲ့ အတွက် ငါ့သားဟောဒါမှ မှန်တယ်၊ ငါ့မောင်ဟောဒါမှ ကောင်းတယ် စသည်ဖြင့် တဏှာ,မာန,ဒိဋ္ဌိ ဆိုတဲ့ ဂါဟတရား ကိုက်ဆဲကာ အဝိဇ္ဇာရဲသို့ သား,အမို,နှမ သုံးယောက်လုံး ကျသွားရတဲ့ ကပိလရဟန်းရဲ့ ဝတ္ထုကို အာရုံပြုကာ သတိုးထားသင့်ကြပါတယ်။

အပေါက် ပိတ်ထားပါ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါတုံးက နတ်သားတယောက်ဟာ စဉ်းစားတယ်၊ ဘယ်နှယ်လဲ သတ္တဝါတွေဟာ အခြေအနေအရ ဒါန,သီလ,ဘာဝနာ ဆိုတဲ့ ဘာသာရေးအလုပ်တွေကို ပြုလုပ်ကြပါလျက်၊ တိုးတက်မှုမရှိကြဘဲ ဘဝတွေ သာသနာတွေသာ ကုန်ဆုံးသွားကြရတယ်လို့ စဉ်းစားပြီး ဘုရားထံ လာလျှောက်ထားတယ်။

အရှင်မြတ်ဘုရား လောကမှာ စည်းစိမ်, ဥစ္စာ, လာဘ် သပ္ပကာ, ချမ်းသာ,စီးပွား, သူတော်ကောင်းတရားများ ပျောက်ပျက် ယိုယွင်းစရာ အပေါက်များ ရှိပါသလား။ ရှိခဲ့ပါလျှင် တပည့်တော်များ မှတ်သား လိုက်နာကြပါရန် သနားသောအားဖြင့် မိန့်ကြား တော်မူပါ ဘုရားဟု လျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာက....

ဆ လောကသို့ ဆိုဒ္ဓါနိ၊ ယတ္ထဝိတ္တံ နတိဌတိ၊
အာလသျှဉ္ဇ ပမာဒဒါစ၊ အနုဋ္ဌာနံ အသံယမော
နိဒ္ဒါ တန္ဒီတိ တေ ဆိဒ္ဒေ၊ သဗ္ဗဒသာ နံ ဝိဝဇ္ဇယေ။

ဒေဝတသံယုတ် ပါဠိတော် ဆေတွာဝဂ် ဇရတိသုတ်၊

ဒေဝတေ၊ သိလိုရေးနှင့် မေးလျှောက်လာသော ဒါယကာ နတ်သား။ ယဲတ္ထ ဆိဒ္ဒေသု၊ အကြင်အပေါက်တို့၌။ ဝိတ္တံ၊ စည်းစိမ်ဥစ္စာ လာဘ် သပ္ပကာ ချမ်းသာစီးပွား သူတော်ဘရားသည်။ နတိဌတိ၊ မတည် မတက် ပျောက်ပျက်ယိုကျ၏။ လောကသို့၊ သတ္တလောကဌ်။ တေ နိ ဆိုဒ္ဓါနိ၊ ထိုယိုကျရာဖြစ်ကုန်သော အပေါက်တို့သည်။ ဆ၊ ခြောက်ခု တို့တည်း။

(၁) အာလသျှဉ္ဇ၊ ထိုင်မိထိုင်ရာ နေရာပူလျှက် ဆီးပင်ထက်သော် လည်း သက်သက်နဂိုရင်း ထကြွခြင်းမရှိ၊ ပျင်းရိခြင်းရင်း။

(၂) ပမာဒေါစ၊ ကိလေသာပွား အိပ်ခြင်းများ၍ တရားမရှိ သတိလွတ်ကင်း မေ့လျော့ခြင်းရင်း။

(၃) အနုဋ္ဌာနံ၊ တစုံတခု ပြုရန်ကိစ္စ ရှိပြန်ကလည်း ထကြွလုံ့လ မရှိခြင်းရင်း။

(၄) အသံယမော၊ ဝစီ,ကာယ မဆုံးမဘဲ သီလသီတင်း ကမ်း စည်းမျဉ်းကို ဆန့်ကြင်း နင်းခေါ်ကျော် လျှပ်ပေါ် လော်လီ မဘည်ကြည် မစောင့်စည်းခြင်းရင်း။

(၅) နိဒ္ဒါ၊ သွားရာ-ရပ်ရာ ထိုင်နေရာ၌ပင် မျက်လွှာကျမှိန်း တဖိန်းဖိန်း ငိုက်မျည်း အိပ်ချင်ခြင်းရင်း။

(၆) တန္ဒီ၊ ချမ်း,ပူ မိုးချုပ်ခြင်းစသော အကြောင်းကြောင့် စိတ်ကောင်းမဝင် ဆန့်ငင်လိမ်တွန့် တလွန့်လွန့်နေခြင်းရင်း။

ကျွတ်ကျွမာနီ၊ ဤခြောက်ပါးတို့တည်း။ တေဆိဒ္ဓေ၊ တာနိဆိဒ္ဓါနိ၊ ထိုခြောက်ပါးကုန်သော အပေါက်တို့ကို။ သဗ္ဗသော၊ ပတ်လည်ဗဟုချက် ယိုထွက်ရန် အပေါက်အနာ မထင်စေရာ ခပ်သိမ်းသော အခြင်းအရာဖြင့်။ ဝိဝဋ္ဋယော၊ ပိတ်ဆို့ဖါထေး ဝေးဝေးကြီး ရှောင်ကြဉ်ရာသတည်း။

ဒီလို ဗုဒ္ဓမြတ်စွာက ဇေတဝန် ကျောင်းတော်မှာ နတ်သားရဲ့ အမေးကို ဖြေကြားတော်မူပါတယ်။

ဒါကြောင့် သတ္တဝါမျိုးဟာ အစမထင်နိုင်တဲ့ သံသရာ အစမှ၊ ယခုဘဝကျအောင် ဘာသာရေးအရနဲ့ လူမှုရေးအရ ပြုလုပ်ဆောင်ရွက်နေကြပေမဲ့ ဗုဒ္ဓရဲ့ ရည်ရွယ်ဘော်မူချက်နဲ့ မကိုက်ညီတဲ့ အတွက် အိတ်ပေါက်နဲ့ ထည့်သလို ယိုထွက်ဖိတ်ကျကာ အဖတ်မတင် မတိုးတက်ကြခြင်းမှာ အပေါက်ခြောက်ခုထဲက ဘယ်အပေါက်က ယိုထွက်နေတယ်ဆိုတာ သတိထားပြီး ပိတ်ဆို့မှ အဖတ်တင်မှာ ဖြစ်ပါတယ်။

(အကျယ်သိလိုပါက ၎င်းပါဠိတော်နှင့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ရေးဆိုဒွပိဝေနနီကျမ်းမှာ ရှုတော်မူကြပါ)။

၁၀-ဏ ကြေရဲ့လား

စစ်ကိုင်းတောင်ရိုး မဟာအေးမြိုကြီးဆရာတော်က ယောဂီများကို "ဃ-ဏ" ကြေရဲ့လား ဟု မေးတော်မူလေ့ရှိရာ၊ ဒီ ခန္ဓာကိုယ်ကြီးမှာ "အသက်,လိပ်ပြာ,ငါ,သူတပါး,ယောကျား,မိန်းမ" ဟု ထင်မှတ် စွဲလမ်းရခြင်းကား အ စု လိုက် အ ပြုံ လိုက် အ ခဲ လိုက် ရှုမှတ်နေခြင်းကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် ရူပ်အခဲကို ကြေကွဲစေလိုပါမူ "အာကာသ"ကို မြင်အောင် ရှုရပါမယ်၊ နာမ်အခဲကို ကြေကွဲစေလိုပါမူ "သန္ဓတိ"ကို မြင်အောင် ရှုရပါမယ်။

ဒီနေရာမှာ မဟာသတိပဋ္ဌာနသုတ်၊ ဂိရိမာနန္ဒသုတ်၊ မဟာဟတ္ထိပဒူပမသုတ်၊ ရာဟုလောဝါဒသုတ်၊ ပါဠိတော်များနှင့်တကွ၊ ဝိသုဒ္ဓိမဂ်၊ သစ္စဝိဘင်္ဂ၊ အဋ္ဌကထာတို့မှာလာတဲ့ ကောဋ္ဌာသဖြင့် ချေခွဲပုံကို သိသာရုံမျှ ပြပါဦးမယ်။

ဣမမေဝကာယံ ဥဒ္ဓံ ပါဒတလာ၊ အဓော ကေသ မတ္ထကာ၊ တစပရိယန္တံ ပူရံ နာ နာ ပကာရဿ၊ အသုစိနော ပစ္စဝေက္ခတိ။ ။

(အဂုံတ္တိုရ်ပါဠိတော် ဂိရိမာနန္ဒသုတ်)၊

ပါဒတလာ၊ ခြေဖဝါးပြင်မှ။ ဥဒ္ဓံ၊ အထက်၌။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်၌။ တစပရိယန္တံ၊ အရေဖြင့် ဖုံးအုပ်ပိုင်းခြားအပ်သော။ နာနာပကာရဿ၊ အထူးထူး အပြားပြားရှိသော။ အသုစိနော၊ စက်ဆုပ်ရွံ့ရှာဘွယ် မစင်ကြယ်သော ကောင်ဘဝသ အစုဖြင့်။ ပူရံ၊ ပြည့်၍ နေသော။ ဣမမေဝ ကာယံ၊ အလျားတလံ အနံတထ္ထာ ကေသာအစ မုတ္တ အဆုံးရှိသော ခန္ဓာကိုယ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ သုံးသပ်ဆင်ခြင် ရှုမြင်၍နေ၏။

ကိ ပစ္စဝေက္ခတိ၊ အဘယ်သို့ ဆင်ခြင်ပါသနည်း ဟူမူကား။

ဣမသ္မိ ကာယေ၊ ဤတလံမျှလောက်သော ခန္ဓာကိုယ်၌။

(၁) ကေသာ၊ အဆင်း မည်း,ဖြူ ချိန်တူသဏ္ဌာန် မျက်ထံဥပရိ ဦးမှာရှိသား ဒ္ဒိပရိစ္ဆေ နှစ်ကုဋေငါးသန်းကုန်သော ဆံပင်တို့သည်လည်း ကောင်း။

(၂) လောမာ၊ စဉ်းငယ်မည်းနက် ထန်းမြစ်သက်သို့ အောက်ထက်ကိုယ်ရေ အနှံ့နေသား တွက်ရေကိုးသောင်း ကိုးထောင်ပေါင်းဟု အမှေ့စုတို့သည်လည်းကောင်း။

(၃) နခါ၊ ဖြူရောင်အဆင်း ငါးကြင်းကျေးနှယ် နှစ်ဆယ်သော ခြေသည်း လက်သည်း တို့သည်လည်းကောင်း။

(၄) ဒန္တာ၊ အလယ်လေးစုံ ဗူးစေ့ ပုံသို့၊ ပန်းငုံ ထို့ပြင်၊ ထို့ပြင် ယာဉ်ဒေါက်ခွ၊ ဒေါ့ကြဖျားမြစ်၊ လေးမြစ်လေးဖျား၊ နှစ်ပါးစီပေါင်း၊ နှစ်ချောင်းစွန်းကယ်၊ သုံးဆယ်သော သွားတို့သည်လည်းကောင်း။

(၅) တဒစာ၊ ကိုယ်လုံးပတ်ခြုံ ကိုယ်ပုံဟန်တူ အဆင်းဖြူသော အရည်အစုသည်လည်းကောင်း။

ဒီ ငါးခုကို "တစပဉ္စက" အရရေလျှင် ငါးခုမြောက်ဖြစ်တဲ့ အစုံလို့ မှတ်ပြီးလျှင်....

(မှတ်ချက်) အနုံလောမ - အနုလုံ အစဉ်လိုက်၊ ပဋ္ဌိလောမ - ပဋ္ဌိလုံ ပြောင်းပြန်၊ ဒီလို စူးစူးစိုက်စိုက် သတိရှေ့သွား ဉာဏ်နောက်လိုက်ကာ ရှုမှတ်ခြင်းကို "တစ ပဉ္စက" ကမ္မဋ္ဌာန်း ဟု မှတ်။

(၆) မံသံ၊ အဆင်းနီရင့် ကသစ်ပွင့်ဟန် သဏ္ဌာန်ထွေလာ ကိုးရာသော အသားတစ်တို့ သည်လည်းကောင်း။

(၇) နှာရု၊ အဆင်းဖြူစွာ လည်ဂိုဝါမှ ဝဲယာရှေ့နောက် ရှေ့နောက်ခြေလက် ငါးဆီသက်၍၊ တွယ်ခက်ရစ်ရုံ ခတ္တာဝဋ်လို၊ ကိုယ်ကို ဆောင်တွယ် ခြောက်ဆယ်ကြောမ စသည်များစွာ ကွန်ယက်ဖြာသို့၊ ကိုးရာသော အကြောတို့သည် လည်းကောင်း။

(၈) အဋ္ဌိ၊ အဆင်းဖြူစွာ နှာ,နှလုံးဦး၊ နဖူး,တစ်သာ၊ မျက်နှာ နား, မေး၊ ညှပ်ရေး, ပခုံး၊ လက်ရုံး, ပေါင်,ခါး၊ ဒူးဖျား, ဖနောင့်၊ နှစ်ချောင်းစီသက်၊ ဖမျက်,မြှင်းခေါင်း၊ မောင်းဖျား,လေးစီ၊ လည်ခုနစ်ရိုး ခေါင်းခွံ ကိုးတည်း၊ ရင်ရိုး စုဒ္ဒသ်၊ ဌာရသ် ကျောက်မှန်၊ နံ နှစ်ဆယ်လေး၊ ခြောက်ဆယ်လေးခဏ္ဍ၊ လက်,ခြေ,ရိုး,နု၊ သုံးရာသော အရိုးစုတို့ သည်လည်းကောင်း။

(၉) အဋ္ဌိမိဇ္ဇံ၊ ဖြူရောင်အဆင်း၊ ဝါးဆစ်တွင်းဌ၊ မီးသင်းပြောင်းညှံ့၊ ကြိမ်ညှန့်တူပြီ၊ ချဉ်ဆီအစုတို့ သည်လည်းကောင်း။

(၁၀) ဝက္ကံ၊ အဆင်းနံမှု၊ ပုံပြုဘည့ာ၊ နှစ်မြှောသဏ္ဌာန်၊ လည်မှာသက်၍၊ အချက်နှစ်ခု၊ ကြောမဲ့ ပြိုလျက်၊ ဝတ္ထုပုတ်လည်၊ ရုံ၍တည်သော အညိုနှစ်ခုတို့ သည်လည်းကောင်း။

ဒီ ငါးခုကို "ဝက္ကပဉ္စက" အညိုလျှင် ငါးခုမြောက်ဖြစ်တဲ့ အစု ဟုမှတ်ကာ ပွားများရပါမယ်။

(၁၀) ဟဒယံ၊ ဆင်းရှက်ပဒုံ၊ ကြောပြင်ပုံဘည်း၊ ကြာဝုံ အောက်ရှု၊ ဥာဏ်ရှိသူမှာ၊ စဉ်းငယ်ပွင့်တုံ၊ စုဝုံမန္ဒ၊ အပသန်ရှင်း၊ တွင်းသဗ္ဗတ်အူ၊ နှစ်ဆူခဘတ်မှီ၊ နီသာည်ရာဂ၊ ဒေါသမည်းငြား၊ သားဆေး ရည် မောဟ၊ တက္ကပဲရည်၊ စပါသည် သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမျက် သွင်၊ ဖြူစင်လွန်ကဲ၊ လက်ဆံခွဲမျှ၊ လောဟိဘသည်၊ ပုဏ္ဏာဂတ္ထိ၊ တွင်းမှာ ရှိလတ်၊ သားမြတ်လယ်ဗွေ၊ ရင်မှာနေသော နှလုံးသား သည်လည်း ကောင်း။

(၁၂) ယဂနုံ၊ ကုမုဒြာ ကြာချပ်ကျောက်နှယ်၊ စဉ်းငယ်နီလျက် ကသစ်ရှက်သဏ္ဌာန်၊ ဥာဏ်မဲ့ကြီးကြီး၊ တခုထည်းသာ၊ ပညာရှိဝယ်၊ နှစ်, သုံး, ငယ်, လတ်၊ ထနဗ္ဗန္ဓရေ၊ ရင်မှာနေသော အသဲ သည်လည်း ကောင်း။

(၁၃) ကိလေသမကံ၊ ဆင်းဘွဲ့ဖြူသို့၊ နှလုံးညှိုကို၊ ဖုံးဆို့ကန့် နေ၊ အရေအသား၊ အကြားမှာတည်၊ နှစ်မည်သော၊ ပဋိစ္ဆန္နာ ပဋိစ္ဆန္န အမြေးတို့သည်လည်းကောင်း။

(၁၄) ပိဟကံ၊ ကြောင် ပန်း ပွင့် သွင်၊ ညိုရောင်ထင်သော၊ သတ္တဂုံလာ၊ နှားလျှာပုံတု၊ ဝတ္ထုဝဲဘက်၊ သရက်ရှက်ဝမ်းလျှာ၊ ဘေ သညာတွင်သော အဖျဉ်းသည်လည်းကောင်း။

(၁၅) ဖပ္ပာသံ - ယွန်းမှည့်သဖန်း၊ နီမြန်းဆင်းဟန်၊ သဏ္ဌာန် စုတ်ပဲ့၊ မုံရှက်ကဲ့နှန်း၊ သည်းနှလုံးကို၊ အုပ်ဖုံးတဲ့ရရ၊ အစာနည်းက၊ ထန်သဲဘေဇာ၊ ပူလောင်လာ၍၊ သြဇာမကပ်၊ နှားစပါးဖတ်နှယ်၊ သုံး ဆယ်နှစ်နှင့်၊ အသားတစ်ဟူသော၊ အဆုပ်အစုသည်လည်းကောင်း။

ဒီ ငါးခုကို "ပဗ္ဗာသ ပဋ္ဌက" အဆုပ်လျှင် ငါးခုမြောက်ဖြစ်တဲ့ အစုဟုမှတ်ခါ ပွားများရပါမယ်။

(၁၆) အန္တံ - ယောကျား ဒွတ္တိ၊ မိန်းမ ဌပိ၊ အတောင် ရှည် သား၊ ဖြူရောင်အဆင်း၊ ဂတေအင်းသို့၊ သေးကျင်းမှာခွ၊ ခေါင်းဖြတ် မြှောလို့၊ လည်မျိုဝစ္စ၊ ပဒေသဝယ်၊ နှစ်ဆယ် တစ်တွန့်၊ လိမ်တွန့်ရစ်နေ သော အူမ,အခွေစု သည်လည်းကောင်း။

(၁၇) အန္တဂုဏံ - ကြာသိမ်မြစ်ဟန်၊ ဆင်းသဏ္ဌာန်နှ၊ အူမ ခွေကို၊ နေရာတကျ၊ မလျှောရအောင်၊ ဖွဲ့နှောင်လျှိုထိုး၊ ခြေသုပ်ကြိုးဝယ်၊ ကြိုးငယ်အလား၊ အူ ကြားမှာဘည်သော၊ အူသိမ် အူနုံ သည် လည်း ကောင်း။

(၁၈) ဥဒရိယံ - စားသည့်အစာ၊ သွင်လျှာရှုပ၊ အူမထက်ဖျား၊ ဆန်ထုပ်လားသို့၊ ပုကားသန့်ရှင်း၊ တွင်းပိန်ခွ၊ ရှဲ့ဘွယ်ဘိခြင်း၊ တစိ တွင်းနှယ်၊ သုံးဆယ်နှစ်မျိုး၊ ပိုးတို့နေရာ၊ အူထုံးမှာဝယ်၊ လျှာရည် တံတွေး၊ သွားမြေး အာစေး၊ ထိုဆိုခြေးတို့၊ ရောထွေးပေါင်းစု၊ ထောင်း ထုဝါး ချေ၊ မျိုလေဆင်းသက်၊ ဓာတ်မီးချက်၍၊ မရဖွက်အူ ကျိုက်ကျိုက် ဆူပွ၊ အမြုပ်ထခါ၊ ပိုးစာလောင်မီး၊ ကျင်းကြီး ကျင်းငယ်၊ တသွယ် သွေးသား၊ ငါးပါးကဲ့လျက်၊ ခွေးစားခွက်ဌ၊ ထွေးဘက်စွန့်လတ်၊ ခွေး အုံ့ဖတ်အတု အစာသစ်အစု သည်လည်းကောင်း။

(၁၉) ကရီသံ - ယောဘူယျအား၊ အစာလားတည့်၊ အလျှား ရှစ်သစ်၊ ဝါးကျည်ဆင်သို့၊ ချက်မြစ်ကျောက်ကုန်း၊ အူအဆုံးဌ၊ သုံးစား သမျှ၊ မွှမ္ဘကြည်ကက်၊ အူခေါင်းသက်၍၊ လျှောလျက်စုနှ၊ ဖျော့တော့ သော မြည်ကက်အတု၊ အစာဟောင်းအစု သည်လည်းကောင်း။

(၂၀) မတ္ထလုင်္ဂ - ဥိ ခွ ထဲချောင်၊ မှိုခဲလျှောင်သို့၊ ဆင်းရောင် ဖြူစွာ၊ ဦးချာလေးဆက်၊ လေးပုံ ဝက် သည်၊ မုံညက်ဆိုင် အတု၊ ဦးကျောက်အစု သည်လည်းကောင်း။

ဒီ ငါးခုကို "မတ္ထလုင်္ဂ ပဉ္စက" ဦးကျောက်လျှင် ငါးခုမြောက် ဖြစ်တဲ့အစုဟု မှတ်ခါ ပွားများရပါမယ်။

(၂၁) ပိတ္တံ - ဆုတ်,နှလုံးကြား၊ အသည်းနားဌ၊ ထွားထွား ကြီးကြီး၊ သဗ္ဗတ်သီးနှယ်၊ အဒိပ်ဝယ်တည့်၊ ကြည်သည့်ဆီသို့၊ စိုလေရာရာ၊ ရေမှာဆီဆမ်း၊ ပမာလှမ်းသား၊ ညှိုးနှမ်းပျင်းပင့်၊ ကစော ပင့် သာ တောင်ကြာပန်း ဆင်းဝါသို့၊ အိမ်မှာမခန့၊ နှစ်ပါးသော၊ ဗဒ္ဓါ ဗဒ္ဓ၊ သည်းခြေ သည်လည်းကောင်း။

(၂၂) သေမှ - ဝက်ချေးဘဲ၊ ပြင်ခွဲရွက်ရည်၊ ပုံပမည်သို့၊ ဖြူသည်အဆင်း၊ တခွက်ခင်းမျှ၊ အူတွင်းစားထက်၊ စာနံ့သက်၊ ဆိုးလျက်ဖုံးပိတ်သော၊ သလိပ်ရည်အစု သည်လည်းကောင်း။

(၂၃) ပုဗ္ဗာ - ဆူးပြောင့်ခလုပ်၊ အိုင်းမန်းဟုတ်၍၊ သွေးပုတ်စုပျော်၊ ရွက်ရောင်အဆင်း သူသေတွင်းမှ၊ ထမင်းချိုးရောင်၊ ပုတ်ဟောင်နံညီသော၊ ပြည်အစု သည်လည်းကောင်း။

(၂၄) လောဟိတံ - ချိပ်ရည်ပြစ်ဆင်း၊ တခွက်ခင်းမျှ၊ အူတွင်းဆုပ်ညှိ၊ နှလုံးတို့ထက်၊ တစက်စက်ကျ၊ ယကနှအောက်နေ၊ ဤလေးထွေကို၊ စိုစေလျက် စုဝေးသောသွေး၊ ကဲ့သောချိပ်ရည်၊ ပမည်ပိုက်ကုန်းကိုယ်လုံးနှံရောက်၊ အခြားလျှောက်သော သွေးအားဖြင့်၊ နှစ်ပါးသော သန္ဓိစိဟ သံသရဏ သွေးအစုသည်လည်းကောင်း။

(၂၅) သေဒေါ - ခေါတ်စားပရိ၊ ပူမည်ပြီ၍၊ နှမ်းဆီအဆင်း၊ ဆံမွေးတွင်းမှ၊ သက်ဆင်းယိုကျသော၊ ချေးအစုသည်လည်းကောင်း။

(၂၆) မေဒေါ - ထက်ခြမ်းခွဲသည့်၊ နန္ဒင်းခဲတူ၊ ဆူသောသူအား အသားရေကြား၊ ကြုံသူအားမှာ၊ ဆူဆုရုမ့်သော အဆီအစုသည်လည်းကောင်း။

ဒီ ခြောက်ခုကို "မေဒစက္က" အဆိုလျှင် ခြောက်ခုမြောက်ဖြစ်တဲ့ အစုဟုမှတ်ခါ ပွားများရပါမယ်။

(၂၇) အဿု - မီးခိုးမြှုပ်၊ ရယ်ရှင်ငိုကြွေး၊ ဝမ်ပူရေးကြောင့် ခြေးသို့အဆင်း၊ မျက်စိတွင်းမှ၊ သက်ဆင်း ယိုကျသော၊ မျက်ရည်အစု သည်လည်းကောင်း။

(၂၈) ဝသ - ရှိမ်ပူဆာလျှင်၊ နှိပ်စက်ခြင်းကြောင့်၊ အဆင်းအုံ့ဆီ၊ ရေပေါ်ဆီသဏ္ဌာန်၊ ပြန့်ဟန်မသွေ၊ လက်, ခြေ, နှာစွန်း၊ ပခုံးစွန်းမှီ၊ ဆီကြည်အစု သည်လည်းကောင်း။

(၂၉) ခေဠော - မြင်စားကြုံမီ၊ စိုးစိစက်ဆုပ်၊ နှလုံးလှုပ်၍၊ ရေမြှုပ်မယွင်း၊ ပါးမှဆင်းလျက်၊ လျှာရင်းပြစ်ခွဲ၊ လျှာဖျားကဲ့သည်၊ လျှာ၌တည်သော တံတွေးအစုသည်လည်းကောင်း။

(၃၀) သိဿဝဏ်ကာ - ငိုယိုသောက်စား၊ ဓာတ်ခြောက်ခြား၍ ဖေါက်ထားသိမ်းအုပ်၊ ကြာရှက်ထုတ်မှ၊ နို့ဒန်းကျည်း၊ နုလှသန်းဆန်၊ ဆင်းဟန်မယုတ်၊ သလိပ်ပုတ်အဖြစ်၊ စင်စစ်ဖြစ်မြောက်၊ ဦးကျောက်ရည်လျှင်း၊ ဥခေါင်းတွင်းမှ၊ သက်ဆင်းယိုကျသော သလိပ်အစုသည်လည်းကောင်း။

(၃၁) လသိကာ - မဟာလေကား၊ စေးလားသဖွယ်၊ရာဂရစ်ဆယ်ဆက်၊ အရိုးဆက်ကို၊ သွတ်လျက်တည်နဲ့၊ ပြင်ခဲ့သော အစေးစုသည်လည်းကောင်း။

(၃၂) မုတ္တ - ပဲပြုတ်ရည်သွင်၊ ဆီးအတွင်းခ၌၊ သက်ဆင်းကိုယ်မှ၊ မရဝင်ပေါက်၊ ထွက်ပေါက်သာထင်၊ စိမ့်ချဝင်သော ကျင်ငယ်အစုသည်လည်းကောင်း။

အတ္တိ သန္တီ၊ မုချမသွေ အပေါင်းအစုတို့သာ ဖြစ်ပါချေတကား။

ဒီ ခြောက်ခုကို "မုတ္တဆက္က" ကျင်ငယ်လျှင် ခြောက်ခုမြောက် ဖြစ်တဲ့ အစုဟုမှတ်ခါ ပွားများရပါမယ်။

(မှတ်ချက်) ဒီ - အဓိပ္ပါယ် အနက်ကား၊ ပရမတ္ထ သရူပဘေဒနိမ္မ ကောက်နှုတ်ထားဒါ ဖြစ်ပါတယ်။

ပဋိကူလ မနသိကာရ

စက်ဆုပ်ရွံ့ရှာဘွယ်ဟု ဆင်ခြင်ရန်....

ဣမသ္မိံ ကာယေ ဣမေ ကေသာနာမ ဝဏ္ဏတောပိ၊
ဂန္ဓတောပိ၊ သဏ္ဌာနတောပိ၊ အာဝုယတောပိ၊
သြကာရကတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ ကာယေ၊ အလျားတလံ၊ အနံတထွာမျှ (၃၂)ဌာနကောဌာသအစုဖြစ်သော ဤခန္ဓာကိုယ်၌။ ဣမေ ကေသာနာမ၊ ဤဆံပင်အစုဘို့မည်သည်ကား။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်ရင်း။ ဂန္ဓတောပိ၊ ဆုံ့အားဖြင့်ရင်း၊ သဏ္ဌာနတောပိ၊ သဏ္ဌာန် အားဖြင့်ရင်း။ အာဝုယ

တောပိ၊ မှိုရှုအား ဖြင့်ရှင်း။ ဩကာသတောပိ၊ တည်ရာ အားဖြင့်။ အသုဘာ၊ မဘင့်တယ်ပါတကား။ ဇေကုစ္ဆာ၊ နှလုံးမသာ အခါခါပင် ရွံ့ရှာဘွယ်ပါတကား။ ပဋိကူလာ၊ ဘောက်ပြန် မဟာဘုတ် ဟဒယရုပ်မှ စက်ဆုပ်ဘွယ်ပါတကား။

စာတုမနသိကာရ

စာတ်အားဖြင့် ဆင်ခြင်ရန်....

ဣမသ္မိံ ကာယေ ဣမေကသာနာမ၊ ပါတိယဂ္ဂေါ
ကောဋ္ဌာသော နိဿတ္တော နိဗ္ဗိ ဝေါ အဗျာဂတော
သုညော ပထဝီ စာတုယော ။

ဣမသ္မိံ ကာယေ၊ (ပ) ဤခန္ဓာကိုယ်၌။ ဣမေ ကေသာနာမ၊ ဤဆံပင်အစုတို့ မည်သည်ကား။ ပါတိယဂ္ဂေါ၊ အသီးအခြားဖြစ်သော။ ကောဋ္ဌာသော၊ အဘို့အစု တခုမျှသာတည်း။ နိဿတ္တော၊ သတ္တဝါကောင် မဟုတ်၊ နိဗ္ဗိ ဝေါ၊ အသက်ဆိုဒါမရှိ၊ အဗျာဂတော၊ အချိုးအနှိုးသာ ဖြစ်သော။ သုညော၊ အနှစ်သာရ ရှာမရသော၊ ပထဝီ စာတုယော၊ မြေခဘာ်အစုမျှသည်သာလျှင်တည်း။

ဝိပဿနာ မနသိကာရ

ဝိပဿနာအားဖြင့် ဆင်ခြင်ရန်....

ဣမသ္မိံ ကာယေ၊ ဣမေကေသာနာမ၊
ခယတ္ထေန၊ ဝယတ္ထေန အနစ္စ၊
ဘယတ္ထေန၊ ပီဠနတ္ထေန၊ ဒုက္ခ၊
အသာရကတ္ထေန၊ အနိဿရတ္ထေန၊
အဝသဝတ္တနတ္ထေန၊ အနတ္တာ။

ဣမသ္မိံ ကာယေ၊ (ပ) ဤခန္ဓာကိုယ်၌။ ဣမေကေသာနာမ၊ ဤဆံပင်အစုတို့မည်သည်ကား။ ခယတ္ထေန၊ ရွှေ့လျှောဖေါက်လဲ ပျောက်စဲ တတ်သော အနက်သဘောကြောင့်။ ဝယတ္ထေန၊ ခမ်းခြောက်ပြုန်းတီး

ပျက်စီးတတ်သော အနက်သဘောကြောင့်။ အနိစ္စ၊ အတည်အစွဲ အမြဲ မရှိပါတကား။ ဘယတွေ့နေ၊ ခြသော်,သစ်,ကျား ဘေးရန်မျှားနှယ် ကြောက်မက်ဘွယ်ဖြစ်သော ပိုင်ဆိုင်ခြင်းနှိပ်စက်ညှဉ်းပန်း နှမ်းနယ်စေ တတ်သော အနက်သဘောကြောင့်။ ဒုက္ခ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲ ပါတကား။ အသာရကတွေ့နေ၊ အနှစ်မရှိ ပုတ်ညစ်ကျီး ပုတ်ဆွေးတတ် သော အနက်သဘောကြောင့်။ အနိသရတွေ့နေ၊ စိရင်လွှမ်းမိုး အစိုးမရ သော အနက်သဘောကြောင့်။ အဝသ ဝတ္တနတွေ့နေ၊ လိုရာလိုရပ် မလိုက် တတ်သော အနက်သဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုယ်မဟုတ် ပါတကား။

ဒီနည်းကိုမှီးကာ ကျန်တဲ့ကောင်္ဘာသတ္တိကိုလဲ ဆင်ခြင်ရမှာဖြစ်ပါ တယ်။ ဒီလို ဆင်ခြင်မှု မပြုတဲ့အတွက် စွဲလမ်းနေကြခြင်းဖြစ်ပါတယ်။

ဒါကြောင့် အပြင်မှာ ကျွတ်ကျွလာတဲ့ ဆံပင်ကိုတော့ ရှုံ့စရာဟု အမှတ်ပြုကြသော်လဲ၊ ကိုယ်ထည်းမှာ တွဲပြီ ရှိနေသေး တဲ့ ဆံပင်ကိုကား သာယာဘွယ် နှစ်သက်ဘွယ် တင့်ဘယ်ဘယ်ဟုပင် ထင် မြင်လျက်သာဖြစ်တဲ့အတွက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ မြေခွေးဥပမာပြုခါ ဖွင့်ပြထားပါသေးတယ်။

ယထာပိ ပုပ္ဖိတံ ဒိသ္မာ၊ သိဂ်ါလော ကိ'သုကံ ဝနေ၊
မံသရုဓကွာ မယာ လဒ္ဓေါ၊ ဣတိဂန္ဓာန ဝေဂသာ။
(အသုဘ ကမ္မဋ္ဌာန နိဒ္ဒေသ)၊

(ကိမိဝ)၊ ဥပမာပုံဆို အဘယ်လိုနည်း ဟူပါမူကား။ သိဂ်ါလော၊ မြေခွေးသည်။ ဝနေ၊ တောင်၌။ ပုပ္ဖိတံ၊ ပွင့်ရှိနေသော။ ကိ'သုကံ၊ ကသစ်ပင်ကို။ ဝါ၊ ပေါက်ပင်ကို။ ဒိသ္မာ၊ မြင်ရ၍။ မယာ၊ ငါသည်။ မံသရုဓကွာ၊ သားတစ်ပင်ကို။ လဒ္ဓေါ၊ ရအောင်ပေပြီ။ ဣတိ၊ ဤသို့ ဝမ်းသာရှင်မြူးသည်ဖြစ်၍။ ဝေဂသာ၊ အလျင်တဆော။ ဂန္ဓာန၊ ပြေး သွား၍။

ပတိတံ ပတိထံ ပုပ္ဖံ၊ ဘုံသိတ္ဘာ အတိလောလုပေါ
နယိဒ မံသံ အဒုံ'မံသံ၊ ယံရုက္ခသ္မိ'တိ ဂဏ္ဍာတိ။
(ဂင်း)

ပတိတံ ပတိတံ၊ ကြွေတိုင်းခြွေတိုင်းသော။ ပုပ္ပ၊ ပန်းကို။ အတိ လောလုပေါ်၊ အလွန်လျှပ်ပေါ်သော သဘောရှိရကား။ ဥ သိတ္ထာ၊ ကိုက်ဟာ်ထည့်၍ ဣဒံ၊ ဤသခု ငါကိုက်အပ်သောဝတ္ထုသည်။ နမံ၊ သားတစ်မဟုတ်သေး။ ရကွသ္မိ၊ သစ်ပင်ထက်၌။ ယံ၊ အကြင်နိတ္ယရဲရဲ အခဲအဆုပ်သည်။ အတ္ထိ၊ ရှိ၏သေး၏။ အဒု၊ ထိုသည့်နိတ္ယရဲရဲ အခဲအဆုပ် သည်ကား၊ မံသံ၊ သားတစ်ပေတည်း။ ဣတိ၊ ဤသို့။ ဂဏှာတိ ယထာပိ၊ ယူသကဲ့သို့တည်း။

ကောဌာသံ ပတိတံယေဝ၊ အသုဘန္တိ တထာ ဗုဒ္ဓေ၊
အဂ္ဂဟေတ္ဝာ နဂဏ္ဍေယျ၊ သရီရဋ္ဌမ္ပိ နံ တထာ။
(ဂင်း)၊

တထာ၊ ထို့အတူ။ ဗုဒ္ဓေ၊ မျှော်မြင်တတ်သိ ပညာရှိသည်။ ပတိတံယေဝ ကောဌာသံ၊ မြေ၌ကျသော ဆံပင်အစရှိသော ကောဌာသ ကိုသာလျှင်။ အသုဘန္တိ၊ မတင့်တယ် စက်ဆုပ်ဘွယ်ဟူ၍။ အဂဟေတ္ဝာန၊ မယူမူ၍။ သရီရဋ္ဌံ၊ ကိုယ်ခွံ့ခဲမှီ တည်၍နေသော။ နံပိ၊ ထို ဆံပင်အစရှိ သော ကော်ဌာသ ကိုလည်း။ တထာ၊ ထိုမြေ၌ကျသော ဆံပင်အစရှိ သော ကောဌာသအတူ၊ အသုဘန္တိ၊ မတင့်မတယ် စက်ဆုပ်ဘွယ်ဟူ၍။ ဂဏ္ဍေယျ၊ မုချမသွေ ယူဆုပေသတည်း။

ဣမဉ္စိ သုဘတောဝ ကာယံ၊ ဂဟေဘ္ဝာ တထာ မုစ္ဆိ ဘာ
ဗာလာ ကာရောန္တာ ပါပါနိ၊ ဒုက္ခာ နပရိ မုစ္စရေ။
(ဂင်း)

ဣမဉ္စိ ကာယံ၊ အသုဘအတော ရွံ့ဘွယ်ပေါသည့် ကိုယ်ရောသူ ပါ ဤကိုယ်ခန္ဓာကြီးကိုပင်လျှင်။ သုဘတော၊ စွဲမက်စဘွယ် တင့်တယ် ပေ၏ဟူ၍။ ဂဟေတ္ဝာ၊ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်စွဲလမ်း ကြကုန်လျက်။ တတ္ထ၊ အယုတ်တမာ မျှားစွာပြည့်လျှောင် အပုတ်ကောင်

ဌ။ မုစ္ဆိတာ မောဟတာ၊ စရိုက်ဓလေ့ အမိုက်ဌေးဖြင့် အတွေ့ကြီးတွေ့မေ့ကြီးမေ့ကြ ကုန်သည်ဖြစ်၍။ ပါပါနိ၊ မိစ္ဆာဝါဒ စသည်သည်ကား ယုတ်မာမှုတို့ကို။ ကရောန္တာ၊ အမဲရိုးဌ ခွေးငတ်ကြိုက်သို့ နှစ်ခြိုက်ရှင်မြူး လွန်ကျူးကြကုန်သော။ ဗာလာ၊ ရာဇစရိုက်ပွား ငမိုက်သားတို့သည်။ ဒုက္ခာ၊ အပါယ်လေးဖြာ အိုနာသေရေး ဆင်းရဲဘေးမှ။ နပရိမုစ္စေရ၊ ဂ္ဂရတ်ကင်းရှောက် ထပ်ပြန်ရောက်သဖြင့် လွတ်မြောက်ခွင့် မရနိုင်ကုန်ပါတကား။

တသ္မာ ပသေယ္ယ မေဓာဝီ၊ ဇီဝတောဝါ မဟာသဝါ
ဘာဝံ ပုတိကာယဿ၊ သုဘ ဘာဝေန ဝဍ္ဎိတံ။
(ဂင်း)၊

တသ္မာ၊ ထိုသို့ အသုဘပင် သုဘထင်သမျှ ဒုက္ခဝင်္ဂတွင်းမှ မလွတ်ကင်းနိုင်ကြလေသောကြောင့်။ မေဓာဝီ၊ သတိတမန် ပညာဥာဏ်ဖြင့် လမ်းမှန်မျှော်မြင် သူတော်စင်သည်။ ဇီဝတောဝါ၊ ဝတ်စားဆင်ပြင် အသက်ရှင်သည် မူလည်းဖြစ်သော။ မဟာသဝါ၊ ဥဒ္ဒုမာတက မျှားစွာပြည့်လျှောင် အသေကောင်မူလည်းဖြစ်သော။ ပုတိကာယဿ၊ အပုတ်တွေ့လျှောင် ဂျိုကိုယ်ကောင်၏။ သုဘဘာဝေန၊ တင့်တယ်သည်၏ အဖြစ်ဖြင့်။ ဝါ၊ အဖြစ်မှ။ ဝဍ္ဎိတံ၊ လုံးဝအစဉ် ရှောင်ကြဉ်အပ်ပြီဖြစ်သော။ သဘာဝံ၊ မတင့်မတယ် ရွံဘွယ်စင်စစ် မူလအဖြစ်ကို။ ပသေယ္ယ၊ အမိုက်ကင်းပျောက် အလင်းရောက်အောင် ထွင်းဖေါက် ရှုစားသင့်ပေတော့သည်တကား။

ဒီနေရာမှာ မိမိတို့ရဲ့ ခန္ဓာကိုယ် "ကောဋ္ဌာသ" အစုအဝေးများဟာ စက်ဆုပ်ရွံ့ရှာဘွယ် ဟုတ်မဟုတ် စိစစ်ကြည့်ရန်မှာ စားသောက်ဖွယ်ရာ တခုခုထည်းတွင် ကောဋ္ဌာသထည်းမှ အမြင့်မြတ်ဆုံးဖြစ်တဲ့ ဆံပင်တပင်လောက်တွေ့လျှင်ဘဲ ရွံ့စရာဟုပင် မှတ်ထင် ကြမှာဖြစ်ခဲ့ပါလျှင် ကျန်တဲ့ကောဋ္ဌာသများဆိုပါက ဘယ်မှာဆိုဘွယ်ရာ ရှိပါတော့အုံးနည်း။

ပထဝီခေတ်

မြေခေတ်လွန်ကဲသော ရုပ်အစု(၂၀)

၁။ ဆံပင်	၁၁။ နှလုံး
၂။ အမွေး	၁၂။ အသည်း
၃။ ခြေသဲ လက်သဲ	၁၃။ အမွေး
၄။ သွား	၁၄။ အဖျဉ်း
၅။ အရေ	၁၅။ အဆုတ်
၆။ အသား	၁၆။ အူမ
၇။ အကြော	၁၇။ အူသိမ်
၈။ အရိုး	၁၈။ အစာသစ်
၉။ ရိုးတွင်းချဉ်ဆီ	၁၉။ အစာဟောင်း
၁၀။ အညှိုး	၂၀။ ဦးကျောက်

အာပေါခေတ်

ရေခေတ် လွန်ကဲသော ရုပ်အစု (၁၂)

၁။ သည်းခြေ	၇။ မျက်ရည်
၂။ သလိပ်	၈။ ဆီကြည်
၃။ ပြည်	၉။ တံတွေး
၄။ သွေး	၁၀။ နှပ်
၅။ ချွေး	၁၁။ အစေး
၆။ အဆီခဲ	၁၂။ ကျင်ယဉ်

တေဇောခေတ်

မီးခေတ် လွန်ကဲသော ရုပ်အစု (၄)

၁။ သန္တာပနတေဇော - ရက်ခြားဖျားသော အပူ။
၂။ ဇီရဏ တေဇော - ဆံဖြူ, သွားကျိုးအောင် ပြုတတ်သောအပူ၊
၃။ ဒါဟ တေဇော - ပလိပ် ငန်းဖျား အပူ။
၄။ ပါစက တေဇော - အစာကိုကြေချက်သော အပူ။

No.F 33.

ဝါယောဝတ်

လေဝတ် လွန်ကဲသော ရူပ်အစု (၆)

၁။ ဥဒ္ဓဂ်မ ဝါယော - အထက်သို့ဆန်သော လေ။
၂။ အဓောဂမ ဝါယော - အောက်သို့စုန်သော လေ။
၃။ ကုစ္ဆိဋ္ဌ ဝါယော - ဝမ်းခေါင်းဌိတည်သော လေ။
၄။ ကောဋ္ဌာသယ ဝါယော - အူတွင်းဌိတည်သော လေ။
၅။ အင်္ဂမင်္ဂါနုသာရီ ဝါယော - အင်္ဂါကြီးငယ်သို့ လျှောက်သော လေ။
၆။ အဿာသ ပဿာသ ဝါယော - ထွက်သက် ဝင်သက်လေ။

ဒီလို ဝတ်အားဖြင့် ခွဲကြည့်ပါက ဘကိုယ်လုံးမှာ ဝတ်(၄)ပါးမျှသာ ရှိဒါကို သိရပါမယ်။

ဥတုဇ

ဥတုကြောင့် ဖြစ်တဲ့ရုပ်၊

၁။ အစာသစ်။
၂။ အစာဟောင်း။
၃။ ပြည်။
၄။ ကျင်ငယ်။

ဆောင်ပုဒ်

အစာနှစ်မယ်၊ ပြည် ကျင်ငယ်၊ **လေ**းသွယ် ဥတုဇ။

ဒီ ရူပ်အစု (၄) ခုသည် ဥတုကြောင့်ဖြစ်၏၊ ကလာပ်အားဖြင့် "ဥတုဇ သုဒ္ဓဋ္ဌက" ကလာပ်ဘည်း၊ ရူပ် အရေအတွက်အားဖြင့် (၈)ပါးစီ ရှိပါတယ်။

ကမ္မဇ

ကံ ကြောင့် ဖြစ် တဲ့ ရူပ်။

ပါစကတေဇော ကောဋ္ဌာသသည် ကံ ကြောင့် သာ ဖြစ် ၏။ ကလာပ်အားဖြင့် "ဇီဝိတ နဝက" ကလာပ်တစည်း၊ ရူပ် အရေအတွက် အားဖြင့် (၉)ပါး ရှိပါတယ်။

စိတ္တဇ

စိတ်ကြောင့်ဖြစ်တဲ့ ရူပ်။

အဿာသ ပဿာသ ဝါယော ကောဋ္ဌာသ သည် စိတ်ကြောင့်သာ ဖြစ်၏။ ကလာပ်အားဖြင့် "စိတ္တဇ သုဒ္ဓဋ္ဌက" ကလာပ်တစီး၊ ရူပ် အရေ အတွက်အားဖြင့် (၈)ပါးရှိပါတယ်။

ဆောင်ပုဒ်

မီး ပါစကာ၊ ကမ္မဇာ၊ သာ သာ စိတ္တဇ။

စိတ်,ဥတု ၂-ပါးကြောင့် ဖြစ်တဲ့ရူပ်။

မျက်ရည်,ချွေး,နှုပ်,တံတွေး ဒီ-ကောဋ္ဌာသ (၄)ပါးကား၊ ရုံခါ စိတ်ကြောင့်ဖြစ်ပြီး၊ ရုံခါ ဥတုကြောင့် ဖြစ်၏။ ကလာပ်အားဖြင့် "စိတ္တဇ သုဒ္ဓဋ္ဌက" ကလာပ် ၂-စည်း၊ ရူပ် အရေတွက်အားဖြင့် (၁၆)ပါးစီ ရှိပါတယ်။

ဆောင်ပုဒ်

မျက်ရည် နှင့် ချွေး၊ နှုပ်,တံတွေး၊ လေးခု စိတ်,ဥဇ။

ကံ,စိတ်,ဥတု,အာဟာရ

အကြောင်း လေးပါးကြောင့် ဖြစ်တဲ့ရူပ်။

ကြွင်းကျန်သော "ကောဋ္ဌာသ" ၃၂-ခု ရူပ်အစုကား၊ ကံ,စိတ်, ဥတု,အာဟာရ အကြောင်းလေးပါးတို့ကြောင့်ဖြစ်၏။

ကြွင်းကျန်သော "ပထဝီ ကောဌာသ" (၁၈)ခု၊ "အာပေါ ကောဌာသ" ၆-ခုတို့၌၊ "စိတ္တဇ သုဒ္ဓဋ္ဌက"ကလာပ်၊ "ဥတုဇ သုဒ္ဓဋ္ဌက" ကလာပ်၊ "အာဟာရဇ သုဒ္ဓဋ္ဌက"ကလာပ်၊ "ကာယ ဒသက"ကလာပ်၊ "ဘာဝ ဒသက"ကလာပ် ဟူ၍ ၅-စည်း၊ ရူပ် အရေတွက်အားဖြင့် (၄၄) ပါးစီ ရှိပါတယ်။

ကြွင်းကျန်သော "တေဇော ကောဌာသ" ၃-ခု၊ "ဝါယော ကောဌာသ" ၅-ခုတို့၌ ကလာပ်အားဖြင့် "စိတ္တဇ သုဒ္ဓဋ္ဌက" ကလာပ်၊ "ဥတုဇ သုဒ္ဓဋ္ဌက"ကလာပ်၊ "အာဟာရဇ သုဒ္ဓဋ္ဌက" ကလာပ်၊ "ဇီဝိတ နဝက"ကလာပ်ဟူ၍ (၄)စည်း၊ ရူပ် အရေအတွက်အားဖြင့် (၃၃)ပါးစီ ရှိပါတယ်။

ဒီနေရာမှာ ပြခဲ့ပြီးတဲ့ ကောဌာသ(၄၂)ပါးတို့ကို ဖြစ်ကြောင်း တူရာတို့ကို ပေါင်းစပ်ရေတွက်ပါက ရူပ် (၁၀)ခုပါဝင်တဲ့ "ဒသက ကလာပ်"ပေါင်း (၅၃)စည်း၊ ရူပ်(၉)ခုပါဝင်တဲ့ "နဝက ကလာပ်" ပေါင်း (၁၁)စည်း၊ ရူပ် ၈-ခု ပါဝင်တဲ့ "အဋ္ဌက ကာပ်" ပေါင်း (၁၀၉)စည်း ရှိပါတယ်။ "ကလာပ်"ဆိုတဲ့ ပါဠိပျက်စကားဟာ ဖွဲ့စည်းခြင်းကို ဆိုလိုပါတယ်၊ ဒါကြောင့် ဖွဲ့စည်းခြင်းကို ဖြေ၍၊ မပေါင်းမစည်းဘဲ ရူပ်တခုစီအနေနှင့် ခွဲခြမ်း၍ရေတွက်သျှင် ရူပ်ပေါင်း(၁၅၀၁) ခုရှိပါတယ်။

ဒသက ကလာပ် ၅၃ × ၁၀ = ၅၃၀
နဝက ကလာပ် ၁၁ × ၉ = ၉၉ } = ၁၅၀၁
အဋ္ဌက ကလာပ် ၁၀၉ × ၈ = ၈၇၂

ဒီနေရာမှာ တကိုယ်လုံးမှာရှိတဲ့ သဘာဝအမှန်ကို ဝေဘန်ကြည့်ပါက၊ ခက်မာမှုက ပထဝီခေါ် မြေဓာတ်၊ ဓာတ်တပါးနဲ့ တပါး မကွဲပြားအောင် စည်းနှောင်ဖွဲ့ရှက်မှုက အာပေါခေါ် ရေဓာတ်၊ မီဒဲနဲ့ နီးစပ်တဲ့ ဓာတ်တပါးရဲ့ ရင့်ကျက်မှုကို ပြုတတ်တဲ့ ပူမှု အေးမှုက တေဇောခေါ် မီးဓာတ်၊ ထောက်ကန် လှုပ်ရှားမှုက ဝါယောခေါ် လေဓာတ်၊ ဒီဓာတ်ကြီး (၄)ပါးမျှသာရှိပါတယ်။

အနည်းအများ သတိထား

ပထဝီသက်လျှင်၊ မာမြဲပင်၊ နုံ့လျှင် ပျော့လေ၏။
အာပေါထက်လျှင်၊ အရေပင်၊ နုံ့လျှင်ခဲလေ၏။
တေဇောထက်လျှင်၊ ပူခဲပင်၊ နုံ့လျှင် မျှတ၏။
ဝါယောနုံ့က၊ ငြိမ်ဝပ်စွ၊ ထက်ကလူပ်ရှား၊ လွင့်ပြေးသွားသည်
လေးပါးခေတ်ကြီးသဘောတည်း။

ဒီလို ခေတ်ကြီး(၄)ပါးတို့ ပေါင်းစုမိပါက ၎င်းတို့ရဲ့ ညို,ဝ,ါ,ဖြူနီ စတဲ့ အရောင်အဆင်းခေါ် ဝဏ္ဏခေတ်၊ မွေး,နံ,ညို,ဟောင် စတဲ့ အနံ့ခေါ် ဂန္ဓခေတ်၊ ချို,ချဉ်,ငန်,ခါး စတဲ့ အရသာခေါ် ရသခေတ်၊ တန်ခိုးသတ္တိခေါ် သြဇာခေတ် မျှားလဲ့ ထက်ကြပ်မကွာ ဟာပါတည်း ဖြစ်ပေါ်လာရခြင်းကြောင့် အဌကလာပ်ရုပ်ဟုခေါ်၊ သုဒ္ဓဋ္ဌကလာပ်ဟုခေါ်း ဒီ - ရှစ်ပါးသောခေတ်တို့ဟာ မည်သည့်အခါမှ အသီးအခြား ခွဲထားလို့မရသောကြောင့် "အဝိနိဗ္ဘောဂ"ရုပ်ဟုခေါ် ခေါ်ဆိုရပါတယ်၊

ဒါကြောင့် ဒီ အမာခံခေတ်ကြီး(၄)ပါး၊ အမှိုခေတ် (၄)ပါး ပေါင်း (၈) ပါးရှိရာ ရုပ်မှန်အစုကို တခုနဲ့တခု ပိုင်းခြားခြင်းပြုတဲ့ အာကာသခေတ်၊ ၎င်း အာကာသခေတ်ကို မြင်အောင် ထင်အောင် ရှုနိုင်ပါမှ ရုပ်ဃနေ ကြေမှုဖြစ်တဲ့အတွက် ငါ,သူဟုပါး၊ ယောကျား,မိန်းမဟု ထင်မှတ်စွဲလမ်းနေကြတဲ့ သက္ကာန် ဒြပ် အခဲယနတို့ကိုခြေမှုန်းရန် "အာကာသ" ကို ပေါက်အောင် နည်းမျိုးစုံနဲ့ ရှုမှတ်ခါ ခြေမှုန်းရမှာ ဖြစ်ပါတယ်။

အခဲယန၊ ကွဲလိုက၊ ရှုကြ အာကာသ။
ကလာပ်ကြားကို၊ ဉာဏ်နှင့်လျှို၊ ဒိုးယိုပေါက်စေပါ။
ဤသို့ရှုမှ၊ ရုပ်ဃ နှ၊ ကြေမွ အနတ္တာ။

အသိစိတ် ခေါ် နာမ်ဘုရားများရဲ့ ဃနဘို့ကို ခြေမှုန်းရန်မှာ ကဲား ရှေ့နောက်စဉ်ဆက် ပြစ်ပျက်နေတဲ့(သန္ဓတိ)ကို ထင်မြင်အောင် ရှုမှတ်ရမှာဖြစ်ပါတယ်။

ကာလသုံးတန်၊ ကွဲပြားဟန်ကို၊ အမှန်ပိုင်းခြား၊ မသိပြားရ၊
ရှေ့သွား နောက်ဆက်၊ ဖုံးကွယ်ဝှက်၊ သိခက်သန္တာ၊
ကာလသုံးပါး၊ သဘောသွား၊ ခြားနား သိစေဘိ။
ကာလသုံးဖြာ၊ ဥာဏ်မြင်ပါ၊ ကင်းကွာ သန္တာ။
သန္တာတိုတ်၊ အမြစ်ပြုတ်၊ ဖြစ်ချုပ် အမှန်သိ။

ဃ-နှ (၄) မျိုး

(၁) သန္တာတိဃန ဆိုတာ ရှေ့နောက်စဉ်ဆက် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တို့က ခဏပြားလျက် ပိုင်းခြင်းမသိခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

(၂) သမူဟ ဃန ဆိုတာ ရုပ်နာမ်အများတို့ သဘောပြားလျက် ဖြစ်ပျက်နေမှုကို ပိုင်းခြားမသိခြင်းကို ဆိုလိုခြင်း ဖြစ်ပါတယ်။

(၃) ကိစ္စဃန ဆိုတာ ရုပ်နာမ်အများကို ကိစ္စပြားလျက် ဖြစ်ပျက်နေမှုကို ပိုင်းခြားမသိခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

(၄) အာရုမ္ဘဏဃန ဆိုတာ နာမ်သဘောများ အာရုံပြားလျက် ဖြစ်ပျက်နေမှုကို ပိုင်းခြား မသိခြင်းကို ဆိုလိုခြင်းဖြစ်တယ်။

ဒီ ဃန-လေးမျိုးကို ကြေပျက်အောင် မရှုနိုင်ပါလျှင် အတ္တစွဲ ဘုယ်နည်းနဲ့မှ မပြုတ်နိုင်။

အတ္တ (၄) မျိုး

(၁) သးမီအတ္တ ဆိုတာ ကိုယ်ထည်းမှာ အလိုအတိုင်း အစိုးရတဲ့ ငါကောင်ရှိတယ်ဟု ထင်မှတ်စွဲယူခြင်း။

(၂) နိဝါသီအတ္တ ဆိုတာ ကိုယ်ထည်းမှာ အမြဲတမ်းတည်နေတဲ့ ငါကောင်ရှိဘယ်ဟု ထင်မှတ်စွဲယူခြင်း။

(၃) ကာရကအတွေ့ ဆိုတာ ကိုယ်နှုတ်စိတ် အမှုအရာဟူသမျှကို ငါကောင်းကပင် ပြုလုပ်သည်ဟု ထင်မှတ်စွဲယူခြင်း။

(၄) ဝေဒကအတွေ့ ဆိုတာ အကောင်းအဆိုး ဟူသမျှကို ငါကောင်းကပင် ခံစားသည်ဟု ထင်မှတ်စွဲယူခြင်း။

ဒီ "အတွေ့"လေးမျိုးတို့ဟာ ရုပ်နာမ် ဃန ကြေမွပျက်စီးအောင် မရှုနိုင်တဲ့အတွက် ဆက်လက်ပြီးကာ စွဲယူထင်မှတ်လာရခြင်း ဖြစ်တယ်၊ ဒီ "အတွေ့ဒိဋ္ဌိ"ဆိုတာနဲ့ "သက္ကာယဒိဋ္ဌိ"ဆိုတာဟာလဲ အတူတူဘဲ ဒီအတွေ့ဒိဋ္ဌိ ရှိနေသေးသမျှလဲ "သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ" ပြိုနေလျက်ပင်ဟု နောက်ကပြခဲ့ပြီးဖြစ်ပါတယ်။

အနုပဿနာဉာဏ် (၃) မျိုး

(၁) ဖြစ်ပျက်သမျှ ရုပ်နာမ် ခန္ဓာက အနိစ္စတရားဟု မှတ်။

(၂) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ ဟုမှတ်။

(၃) ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ် ဟုမှတ်။

(၁) ဖြစ်ပျက်နှစ်ရပ် နှိပ်စက်အပ်တဲ့ ရုပ်နာမ်ခန္ဓာက ဒုက္ခတရား ဟုမှတ်။

(၂) ဖြစ်ပျက်နှစ်ရပ်တို့ မပြတ်နှိပ်စက်နေတာက ဒုက္ခလက္ခဏာ တရားဟုမှတ်။

(၃) ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကိုတွေ့ရ၍ ဆင်းရဲဟုသိတာက ဒုက္ခာနုပဿနာဉာဏ် ဟုမှတ်။

(၁) သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရုပ် နာမ် ခန္ဓာ က အနတ္တတရားဟုမှတ်။

(၂) အလိုအတိုင်း မဖြစ်ဘဘက အနတ္တလက္ခဏာဟု မှတ်။

(၃) ရှုမှတ်ဆဲမှာ အလိုအတိုင်း မဖြစ်တာကိုတွေ့ရ၍ အစိုးမရ၊ ငါကောင် မဟုတ်ဟုသိတာက အနတ္တာနုပဿနာဉာဏ်ဟုမှတ်။

ဒါကြောင့် အတ္တတရား အစဲမှားပြုတ်ပြီး၊ အနတ္တဘရား အမြင်မှန်ရကြရန်အတွက် ရုပ်နာမ်မှ သင်္ခါရတရား ဃနများကို ကြေပျက်အောင် နည်းအဖုံဖုံနဲ့ ခြေမှုန်းတိုက်ဖျက်ရမှာ ဖြစ်ပါတယ်၊ အတိုင်းတိုင်း နေလို့ကတော့ မရယုံမကဘူး အပါယ်ငရဲကိုပါ ကျရောက်သွား နိုင်ကြောင်းကို အဋ္ဌကထာဆရာများ ဖွင့်ပြထားပြီးဖြစ်ပါတယ်။

အမှာ ဒီနေရာမှာ ဘာဝနာ(၄၀)ခေါ် တော(၄၀`လို့လဲခေါ်တဲ့ အနုပဿနာဉာဏ်သုံးပါး အကျယ် ဆောင်ပုဒ်များ"သဘာဝ ပါရဂူကျမ်း"မှာ ကြည့်ရှုတော်မူကြပါ။

ဆောင်ပုဒ်

သုံးလက္ခဏာ၊ မြင်တုံပါ၊ ကင်းကွာ မှောင်ဒိဋ္ဌ။
ဒိဋ္ဌကွာမှ၊ အပါယ်က၊ မုချလွန်မြောက်၏။
အပါယ်လွန်မြောက်၊ ကမ်းသို့ရောက်၊ မဟေါက်ပြန်တော့၏။
ဘုံစဉ်စံကာ၊ နိဗ္ဗာန်တာ၊ သွားရာလမ်းဖြောင့်၏။

အချိန်ကို လေးစားပါ

အချိန်ကို လေးစားပါ၊ ပျင်းရှိနေခြင်းသည် အကျိုးမရှိ ဆိုတဲ့ အတိုင်း ကုန်လွန်သွားတဲ့အချိန်ကား ဘယ်တော့မှ ပြန်ရတော့မည်မဟုတ်၊ သံသရာဝဋ္ဋအတွင်းမှ မလွတ်ကင်းရသေးတဲ့အထဲမှာ ယခု ရထားတဲ့အချိန်ကာလဘဝဟာ ဘုရားသာသနာနဲ့ ကြုံတွေ့နေရတဲ့အတွက် ဒုလ္လဘ ငါးပါးလုံး တိုက်ဆိုင်နေရာ တန်ဘိုးကိုသိပြီးကာ ကြိုက်တတ်ဘို့ လိုနေပါသေးတယ်၊

ဆောင်ပုဒ်

ဝေဘူးတောင်ကြီး၊ ပမာမို့၊ စောထီးသာသနာ။
ဇောတိရ ကျောက်၊ မြင်မောက်၊ ကောက်ယူရအောင်သာ။
အားရေးမရောက်၊ ဒါးသွေးကျောက်၊ မကောက်မီစေရာ။
လူနတ်တို့အား၊ စည်းစိမ်များ၊ ဒါးသွေး ကျောက်ပမာ။
မင်္ဂဖိုလ် နိဗ္ဗာန်၊ ရဘို့ရန်၊ ပြည်ဘန် မြ,ကြီးပါ။
ယခုရကြ၊ လူ.ဘဝ၊ ကြီးလှပဒေသာ။
ပဒေသာပင်၊ တွေ့ခိုက်တွင်၊ လျင်လျင်ဆွတ်ယူပါ။

သာသနာတွင်းနဲ့ သာသနာပ တန်ဘိုးခြင်းကွာခြားပုံ သာဓကထုတ်ပြပါဆိုလျှင် "အကုံ့ရှုပေတာဝတ္ထု"မှာ အကုံ့ရ - နတ်သားဟာ သာသနာပအခါတွင် ခုနစ်ပြည်ထောင်အတွင်း အနှစ် (၂၀၀၀)ပတ်လုံး ထမင်းရည်ချောင်းစီးခဲ့အောင် လှူခဲ့တဲ့အလှူထက် သာသနာတွင်းကာလ ဂွန္ဒက-နတ်သားရဲ့ ရှင်အနုံ့ရှုခဲ့ခါအား ဆွမ်းဘဏ်နှင်းလောင်းဒါက မြတ်ကြောင်းကို ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာဘရားဟောစဉ်က ထုတ်ပြခဲ့တဲ့ သာဓကတခုဖြစ်ပါတယ်။

နောက်ဘခုက နဝဂုဏ်တရ ပါဠိဟော သီဟနာဒုဝဂ် ဝဇ္ဇာမသုတ်မှာ ငါတို့ဘုရားဟောလောင်း ဝဇ္ဇာမ-ပုဏ္ဏား ဖြစ်ခဲ့စဉ်က ၃-နှစ်နှစ် ၃-လပတ်လုံး အလှူကြီးပေးရာတွင် လှူဘွယ်ဝတ္ထုပစ္စည်းများမှာ ငွေအပြည့်ထည့်ဘားတဲ့ ရွှေခွက်ကြီးပေါင်း (၈၄၀၀၀)၊ ရွှေအပြည့်ထည့်ထားတဲ့ ငွေခွက်ကြီးပေါင်း (၈၄၀၀၀)၊ ရတနာခုနစ်ပါး အပြည့်ထည့်ထားတဲ့ ကြေးခွက်ကြီးပေါင်း (၈၄၀၀၀)၊ အဲဒီ ခွက်ကြီးများရဲ့ ပမာဏမှာ လည်တပတ်မှာ ၄-လုံးသာ တယ်သာသတဲ့၊ နွားတစ်မီးထုက မြင်း (၆) ကောင် ကတဲ့ ရထား မောင်းနိုင်သတဲ့၊ နောက် တန်ဆာဆင်ထားတဲ့ ဆင်ပေါင်း (၈၄၀၀၀)၊ ရထားပေါင်း (၈၄၀၀၀)၊ နို့ညှစ်နွားမပေါင်း (၈၄၀၀၀)၊ သို့မဟုတ်ပေါင်း (၈၄၀၀၀)၊ ပလွင်ပေါင်း (၈၄၀၀၀)၊ အဝတ်ပုဆိုးပေါင်း ကုဋေ(၈၄၀၀၀)၊ စားဘွယ်သောက်ဘွယ်တို့ကား အဘယ်မှာ ဆိုဘွယ်ရာရှိတော့မလဲ၊ မြစ်ရေများလို စီး

ဆင်းသွားအောင်လူသတဲ့၊ အဲဒီလောက် ကြီးကျယ်တဲ့ သာသနာပအလှ ကြီးထက် ယခုလို သာသနာတွင်းမှာ သောတာပန်တယောက်ကို လူရ ဒါကမြတ်သတဲ့။

ဒီသနာတွင်းမှာလဲ အဆင့်ဆင့်ပဲ၊ သောတာပန် တရားထက် သကဒါဂါမ် တယောက်၊ သကဒါဂါမ် တရားထက် အနာဂါမ်ဘယောက်၊ အနာဂါမ် တရားထက် ရဟန္တာတပါး၊ ရဟန္တာ တရားသက် ပစ္စေကဗုဒ္ဓါ တဆူ၊ ပစ္စေကဗုဒ္ဓါ တရားထက် သမ္မာသမ္ဗုဒ္ဓဘုရားတဆူ လူဒါက မြတ်သတဲ့။

တခါ ဘုရားတဆူ လူဒါထက် ဘုရားအမှုရှိတဲ့ သံဃာလူဒါက မြတ်သတဲ့၊ ၎င်းထက် သံဃာ့ကကျောင်း ဆောက်လူဒါက မြတ်တယ်၊ ဒါကြောင့် ဝတ္ထုဒါနမှန်သမျှတို့တွင် ကျောင်းဒါန အမြတ်ဆုံးဟု ပြော ရမှာပြုကြဒါဖြင့်တယ်။

အဲဒီ ဝတ္ထုဒါနတွေထက် သရဏဂုံသုံးပါးကို သက်ဝင်ယုံကြည် တည်ဒါက မြတ်တယ်၊ ၎င်းထက် ငါးပါးသီလ တည်ဒါက မြတ်တယ်၊ ၎င်းထက် မေတ္တာဘာဝနာကို ပန်း နံ့သာရှူခါမျှ ပွားများဒါက မြတ် တယ်၊ ၎င်းထက် အနိစ္စသညာ ဝိပဿနာကို လက်ဖြစ်တတ္တာမျှ ရှုမှတ် တာက မြတ်ကြောင်းကို ဟောတော်မူထားဒါကို သတိထားသင့်ပါတယ်။

ဗုဒ္ဓမြတ်စွာ အလိုတော်မှာ

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ၊ ဘဝထ မာ အာမိသ
ဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ ကိန္တိ
မေ သာဝကာ၊ ဓမ္မဒါယာဒါ ဘဝေယျုံ နော
အာမိသ ဒါယာဒါတိ။

(မူလပဏ္ဏာသ ပါဠိတော် မူလပရိယာယဝဂ် ဓမ္မဒါယာဒသုတ်)၊

ဘိက္ခဝေ၊ ချစ်သားတို့။ မေ၊ ငါဘုရား၏။ ဓမ္မဒါယာဒါ၊ တရား အမွေခံတို့သည်။ ဘဝထ၊ ဖြစ်ကြပါကုန်။ အာမိသဒါယာဒါ၊ (ပစ္စည်း

ခေါ်ပါ၊ဟူသော) အာမိသအမွေခံတို့သည်၊ မာဘဝထ၊ မဖြစ်ကြပါကုန်လင့်၊ တုမ္မသု၊ သင်ချစ်သားတို့၌၊ မေ၊ ငါဘုရား၏။ အနုကမ္ပာ၊ သနားသမ္ဘဝကြောင့်ကြပြုခြင်းသည်။ အတ္ထိ၊ ရှိနေပေ၏။ (ရှိနေပုံ) မေ၊ ငါ၏။ သာဝကာ၊ တပည့်သားတို့သည်။ ကန္တိ၊ အဘယ်သို့လျင်။ ဓမ္မဒါယာဒါ၊ တရားအမွေခံတို့သည်။ ဘဝေယျုံ၊ ဖြစ်ကြပါကုန်အံ့နည်း၊ အာမိသဒါယာဒါ၊ အာမိသ အမွေခံတို့သည်။ နောဘဝေယျုံ၊ မဖြစ်ဘဲရှိပါကုန်အံ့နည်း၊ ဣတိ၊ ဤသို့ သနားသမ္ဘ ကြောင့်ကြပြုခြင်းသည် ရှိနေပေ၏။

ဒီ သုတ္တန်မျှားကို ညွှန်ပြုခဲ့ကြသောအားဖြင့် သာသနာတော်ကြီး သာသနာပ ကိစ္စအဝဝတို့တွင် ဘယ်ကိုမျှကို ကြိုးစားသင့်တယ်ဆိုဒါရယ် အာမိသအမွေနဲ့ ဓမ္မအမွေ နှစ်ပါးမှာလဲ ဘုယ်အမွေကို ခံယူမယ်ဆိုဒါရယ် ပြတ်ပြတ်သားသား ဆုံဖြတ်ပြီးကာ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် အခါအခွင့် အချိန်သင့်နေပေပြီ ငေးနေဘို့ လွှဲနေဘို့ အချိန်မရှိတော့ကြောင်း ကောင်းကောင်းကြီး သတိရှိသင့်ပေသတည်း။

ကောင်းဒါကြီ၊ မှန်ဒါလုပ်၊ ဟုတ်ထောပြော၊ ယခုလက်ရှိအချိန်ထက် ကောင်းတဲ့အချိန် မရှိ၊ နိဗ္ဗာန်အထိ အကျိုးရှိအောင်သုံးပါ။

နောင်တပူပန် ဤဆယ်တန်

(၁) ရအာပ်သော ဥစ္စာကို မရသည်ရှိသော် ပူပန်တတ်၏။
(၂) ယေဘုယ်က ဥစ္စာ မရှာမိခြင်းကြောင့် ပူပန်တတ်၏။
(၃) ယေဘုယ်က ပညာ မသင်မိခြင်းကြောင့် ပူပန်တတ်၏။
(၄) ယေဘုယ်က စဉ်းလဲ ကောက်ကျစ်မိခဲ့ခြင်းကြောင့် ပူပန်တတ်၏။
(၅) သူ့အသက်ကို သတ်မိခဲ့ခြင်းကြောင့် ပူပန်ဘတ်၏။
(၆) သူ့လင် သူ့မယားကို ပြစ်မှားကျူးလွန်ခဲ့မိခြင်းကြောင့် ပူပန်တတ်၏။

(၇) ဒုါန မပြုခဲ့မိခြင်းကြောင့် ပူပန်တတ်၏။

(၈) မိဘတို့အား မလုပ်ကျွေးခဲ့မိခြင်းကြောင့် ပူပန်တတ်၏။

(၉) အဘကို မထေမဲ့မြင် ပြုခဲ့မိခြင်းကြောင့် ပူပန်တတ်၏။

(၁၀) ရဟန်းစသော သူတော်ကောင်းများကို လှူဒါန်းပြီးကာ မဆည်းကပ်မိခြင်းကြောင့် ငြိမ်သက်စွာသော ခြိုးခြံသော အကျင့်တို့ကို မကျင့်ခဲ့မိခြင်းကြောင့် နောင်ဘ - တဖန် ပူပန်ရတတ်ကြောင်းကို ဒုဒိဒသနိပါတ် ဇနသန္ဓေတော်မှာ ဟောထားတော်မူပါတယ်။

ဆုံးမပေရာ ဒို့မြတ်စွာ

စျာယထ ဘိက္ခဝေ မာပမာဒတ္ထ မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုတ္ထ အယံဝေါ အမှာကံ အနုသာသနီ ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးရှုပြား အို ချစ်သား ချစ်သို့မျှားတို့၊ စျာယထ၊ တစိမ့်စိမ့်ပြု ရှုကြပါကုန်လော။ မာပမာဒတ္ထ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ပျင်းရိ၍ မနေ ကြပါကုန်လင့်၊ ပစ္ဆာ၊ သက်ရှယ်ကြီးရင့် အခါန်ဖင့်၍ မကျင့်နိုင်လောက် သောခါန်ရောက်လာ နောက်အခါမှ၊ ဝိပ္ပဋိသာရိနော၊ ဒုါန,သီလ,သဒ္ဓ ဝိပဿနာ,ဘာဝနာမှု အစုစုကို မပြုရသေးပါတကားဟူ၍၊ မာ အဟု ၎ တ္ထ၊ ပူနလောင်ဇောကြီ ဒေါမနဿနှင့် သောကရစ်ခြုံ နှောင်ခါနောင်တ မပြစ်ကြပါစေကုန်လင့်။ အယုံ၊ ဤသို့ကြောင့်ကြ ရှေးမဆွက ဆုံးမ စကား ပြောကြားရခြင်းသည်၊ ဝေါတုမှာကံ၊ ခလုပ်ထိမှ အမိကိုတ တက်ကြတဲ့ သင်ချစ်သား ချစ်သို့အမျှားတို့အား၊ အမှာကံ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူလာကြတဲ့ ငါဘုရားတို့၏၊ အနုသာသနီ၊ အစဉ် အလာအရ ဆုံးမတော်မူရခြင်းပါပေတည်း၊

ဒီလို သဒ္ဓာယတနဝဂ္ဂ သံယုတ်ပါဠိတော် တတိယပဏ္ဏာသက နဝ ပုရာဏဝဂ် နဝပုရာဏကမ္မသုတ်မှာ ဒို့မြတ်စွာဘုဇ္ဈက ကြောင့်ကြစိုက်ခါ သတိပေးနှိုးဆော် ဆုံးမတော်မူထားခြင်းကို ဆင်ခြင်လျက်၊ အဖက်ဖက်က လိုလေသေးမရှိခဏောင် ကြိုတင် ဆောင်ရွက်ထားမှသာ သေရုက်ဘလမှာ ကြည်လင်ရှင်ပျ ဝမ်းမြောက်စွာ သေရပေလိမ့်သတည်း။

[illegible]

အသတ်ပိုများ

ဌာန်၊ စျာန်၊ နံပါတ်၊ ပါဠိ၊ ပါဒ်၊ အနာဂါတ်၊ မာန်၊ မာရ်၊ မကာရ်၊ အပါယ်၊ အဓိပွါယ်၊ သိဟ်၊ ခေတ်၊ ယောကျား၊ သောကြား၊ လကျာ၊ အထွဋ် မကိုင်ရ်၊ စာပိုဒ်၊ နိသိဒုန်၊ ကသိုဏ်း၊ ကရိုဏ်း၊ ဂိုဏ်း၊ ဖလ်၊ မာလ်၊ သက္ကရာဇ်၊ ယွ၊ လွှန်း၊ လွှတ်၊ သွီး၊ သွင်၊ ညှိုခံသည်၊သေးစ်၊ ကိုယ်၊ ကိုဝ်၊ မိုယ်း၊ ဇိုဝ်း၊ မြင်းမိုရ်၊ ဗဟိုရ်၊ ဝိနည် ဓိုရ်၊ ဝိဇ္ဇာဒိုရ်၊ ယုဂန္ဓိုရ်၊ အဂ်ုတ္တိုရ်၊ ဖိုလ်၊ ဇိုလ်၊ ပုဂ္ဂိုလ်၊ ဂြိုဟ်၊ သင်ဂြိုဟ်၊ သီဟိုဠ်၊ စသည်တည်း။

ပါဠိဘာသာနည်း

(၁)

ဝ နှင့် ဉ လေး၊ အနောင်သတ် အင်၊ အာနောင်သတ် အင်၊ ဒိနောင်သတ် အိန်၊ အုနောင်သတ် အုံ၊ အေနောင်သတ် အင်၊ အောနောင် ဝ သတ် အောင်၊ အောနောင် ဉ လေးသတ် အွန်။

ပုံစံကား

မဂ်လ၊ ဓဂ်၊ ပဠု၊ ဂဠု၊ လိဂ်၊ ဣဃ်၊ မိဠု၊ ကိဠု၊ ဥခ်တိ၊ လုဂ်၊ ဥဠု၊ ကုဠု၊ အဟောဠ္ဍ၊ ပေါခ်ိန်၊ ပေါခ်ါ၊ ကောဠ္ဍ စသည်တည်း။

(၂)

ဏ,နှ,မ,လ ယနှင့်ဌကို၊ အနောင်သတ် အံ၊ အာနောင်သတ် အံ၊ ဒိနောင်သတ် အိမ်၊ ဉနောင်သတ် အုံ၊ အေ နောင်သတ် အင်၊ အော နောင်သတ် အွန်။

ပုံစံကား

အလ္လ၊ ကလ္လ၊ အဏ္ဏ၊ အဏ္ဏာ၊ မလ္လ၊ ဂဏ္ဍိ၊ အန္ဓ၊ မန္ဓ၊ မန္ဒိ၊ မမ္မ၊ အမ္မ၊ ကမ္မ၊ သလ္ဂ၊ အလ္ဂ၊ ပြဟ္မ၊ အဋ္ဌ၊ အဋ္ဌိ၊ ဒဋ္ဌ၊ ဒဋ္ဌိ၊ ဣဏ္ဍ၊ ပိဏ္ဍ၊ ဣန္ဒ၊ ဣန္ဒုန၊ စိန္ဒ၊ နိန္ဒ၊ ဣမ္မ၊ သိမ္မ၊ မိမ္မ၊ အိလ္ဂ၊ ဣလ္ဂိသ၊ ဥဏ္ဍ၊ မုဏ္ဍ၊ ဥန္ဒုရ၊ ကုန္ဒ၊ ကုန္ဒိဒီ၊ ဥမ္မာဒ၊ ကုမ္မ၊ ဥလ္လောစ၊ ကုလ္ဂ၊ ရုဋ္ဌ၊ မုဋ္ဌော၊ မေဏ္ဍက၊ ဒေန္ဓိ၊ ဒြိ၊ ဒေန္ဓိ၊ စိန္ဓိ၊ ခေမ္မ၊ ဝေလ္ဂ၊ ဝေလ္ဂော၊ ကောဏ္ဍည၊ ကဇရုန္ဓိ၊ ဟောန္ဓိ၊ သောမ္မ၊ သောလ္ဂ၊ စသည်တည်း။

(၃)

အနောင် ယသတ် အယ်၊ အာဒနော် ယသတ် အယ်၊ အိနောင် ယသတ် အိန်၊ အုနောင် ယသတ် အုံ၊ အောနောင် ယသတ် အွန်။

ပုံစံကား

အယျ။ မယ္ပ၊ ကယျတေ၊ ပစိယျတေ၊ ဘိဒယျော၊ ဥယျာန၊ ဘုယျ၊ သုယျ၊ တုယ္ပ၊ သောယျ၊ စသည်တည်း။

(၄)

ကဒ,ခ,ဂ,ဃ အ,နောင်သတ် အက်၊ အာနောင်သတ် အက်၊ အိနောင်သတ် အိပ်၊ ဥနောင်သတ် အုပ်၊ အေနောင်သတ် အစ်၊ အောနောင်သတ် အောက်။

ပုံစံကား

အက္ခ၊ ပက္ခ၊ အက္ခိ၊ ပက္ခိ၊ အဂ္ဂ၊ အဂ္ဂိ၊ အဌ၊ နဋ္ဌတိ၊ ဣက္ခ၊ ဣက္ခ၊ သိက္ခာ၊ သိက္ခ၊ သိဂ္ဂ၊ ဥဂ္ဂဏ်ဆတိ၊ မုဂ္ဂ၊ ဥဒဏ်ဌာသေတိ၊ ဣက္ခ၊ ဥပေက္ခာ၊ ဝေက္ခ၊ ပစ္စဝေက္ခဏာ၊ သေက္ခ၊ ပုဒရဂ္ဂတော၊ သြက္ခမဘိ၊ မောက္ခော၊ မောဂ္ဂလာန၊ ဘောဂ်ိ၊ စသည်တည်း။

(၅)

စ,ဆ,ဇ,ဈ အနောင်သတ် အစ်၊ အာနောင်သတ် အစ်၊ အိနောင်သတ် အိတ်၊ အုနောင်သတ် အုတ်၊ ဧနောင်သတ် အစ်၊ အောနောင်သတ် အွတ်။

ပုံစံကား

အစ္ပ၊ အစ္ပိ၊ ကစ္ပိ၊ အစ္ဆ၊ ကစ္ဆ၊ အဇ္ဇ လဇ္ဇိ အဇ္ဈ သဇ္ဈ။ ကိစ္ပ၊ ကိစ္ဆ၊ ဂ္ဂဇ္ဈ၊ သိဇ္ဈ၊ ဝိဇ္ဇာ ဥစ္ပ၊ လုစ္ဆ ဥဇ္ဈ၊ ကုဇ္ဈ၊ ဗုဇ္ဈ၊ ဇဇ္ဆ၊ လေဇ္ဆ၊ သေဇ္ဇ၊ ဓကာစ္ဆ၊ အောဇ္ဇ၊ ဗောဇ္ဈင်၊ စသည်တည်း။

(၆)

ဋ,ဌ,ဍ,ဎ, တ,ထ,ဒ,ဓ, ပ,ဖ,ဗ,ဘ ဂန္ဓ ဏ,တို့ အနောင်သတ် အတ်၊ အာနောင်သတ် အတ်၊ အိနောင်သတ် အိတ်၊ အုနောင်သတ် အုတ်၊ ဧအနောင်သတ် အစ်၊ အောနောင်သတ် အွတ်။

ပုံစံကား

အဋ္ဌ၊ အဌ္ဌ၊ ကဋ္ဌ၊ ကဌ္ဌ၊ ကဋ္ဌိ၊ ဒဋ္ဌုံ၊ အဌ္ဌံ ကဌ္ဌံ၊ ကဋ္ဌိ၊ အစ္ပ၊ အစ္ပုံ၊ တတ္ထ၊ အတ္ထိ၊ နတ္ထိ၊ အဒ္ဒ၊ သဒ္ဒ၊ ကဒ္ဒမ အဒ္ဓ၊ ဘဒ္ဓ၊ အပ္ပ၊ ကပ္ပ၊ ကပ္ပ၊ ကပ္ပ၊ ကပ္ပ်ုရ၊ ပပ္ပါသံ၊ အပ္ပ၊ ကပ္ပိ အပ္ပိ သဗ္ဗိ၊ အဝ္ဟါန၊ အဝုံတော၊ ကဝုံဘော၊ အဿ၊ တဿ၊ ဂ္ဂဋ္ဌ ကိဋ္ဌ၊ ဂ္ဂဋ္ဌကာ၊ ဒိဋ္ဌိ၊ ဂ္ဂဟ္ထ၊ စိတ္ထ၊ တိတ္ထ၊ တိတ္ထိ၊ ကိဒ္ဒ၊ ဂ္ဂဒ္ဒ၊ ကဒ္ဓ၊ မိဒ္ဓ၊ သိဒ္ဓိ၊ ဝိပ္ပ၊ သိပ္ပ၊ နိပ္ပယ၊ ဝိဗ္ဘမိ၊ ဇိဝ္ဟါ၊ တိဿ၊ ကိဿ၊ ဥဋ္ဌ ကုဋ္ဌ၊ ဥဋ္ဌာ၊ ဥဋ္ဌာယ၊ ကုဋ္ဌိ၊ ဥစ္ဆ၊ ဝုစ္ဆိ၊ ဥတ္ထိ၊ ဧတုတ္ထိ၊ ဗုဒ္ဓ၊ ဗုဒ္ဓိ- ဥဒ္ဓ၊ ဝုဒ္ဓ ဥပ္ပယ၊ ကုပ္ပတိ၊ ပုပ္ဖ၊ ဥပ္ပိ၊ ကုပ္ပတော၊ ဥပ္ဘဝေါ၊ ကုဝ္ဘတော၊ မနုဿ၊ စ ုတုဿ ဝေဋ္ဌ၊ ဇေဋ္ဌ၊ သေဋ္ဌ၊ သေဋ္ဌိ၊ ဒေဋ္ဌ၊ ဂလဋ္ဌ၊ ကေဋ္ဌ ဇေတ္ထ ဇိတ္ထက၊ ဝေတ္ထ၊ ခေတ္ထ၊ မေတ္ထာ၊ နေတ္ထိ၊ ဒေဒ္ဒ၊ ဂေဒ္ဓိ၊ ဆေပ္ပ၊ ပေ ဗ္ဗ၊ ကေဘ္ဘ၊ လေဘ္ဘ၊ ဝေဿန္တရာ၊ ဟေဿတိ၊ ဩဋ္ဌိ၊ ဩဋ္ဌ၊ ကောဋ္ဌ၊ ကောဋ္ဌိ၊ ကောစ္ဆ၊ ဩတ္ထ၊ ဘောတ္ထ၊ သောတ္ထိ၊ မောဒ္ဓ၊ ဩပ္ပ၊ သောပ္ပ၊ ဂေါပ္ပက၊ သောပ္ပ၊ သောပ္ပိ၊ ဩဿ၊ သောဿတိ၊ စသည်တည်း။

(၇)

ပင့်-ရစ်-ပါရာ၊ ပေါ်လုံးမှာ၊ မွတ်ပါ နှစ်သံထွက်။

ပုံစံကား

ဝါကျ၊ မုခ္ခ၊ အရောဂျ၊ သက္ကျ၊ အာရိယ်ျ ၊ ဝုတျ်ယ၊ ဝိတျ်ာ၊ ပထျ်ာ၊ အဂျ်ာ၊ ဆပျ်ာ၊ အတျ်ယ၊ အတြ၊ ယတြ၁၊ တတြ၊ ပုတြ၊ ကုတြ၊ ဥသြဿတိ စသည်တည်း။

(၈)

ဟသိုး ပါရာ၊ ပေါ်လုံးမှာ၊ မွတ်ပါ နှစ်သံထွက်။

ပုံစံကား

မယ်ုံ၊ တုယ်ုံ၊ တုမ္ပ၊ တုမ္ပေဟိ၊ အမ္ပ၊ အမ္ပေဟိ၊ တဋ္ဌ ိ၊ ယဋ္ဌ ိ၊ ပဋ္ဌော၊ တက္ခာ၊ ဂက္ခ၊ ဂက္ခ ိ၊ မက္ခ ိ၊ ပုဗ္ဗက္ခ၊ တုက္ခ ိ၊ ယာယန္တ၊ မဏ္ဍဒ္ဒိက၊ ပုရိသမ္ပိ၊ အမ္ပိ၊ အဂ္ဂိမ္ပိ၊ ဘိက္ခုမ္ပိ၊ အဝ္ဘါန၊ အဝ ိတော၊ ဇိဝ္ဘာ၊ အဋ္ဌ၊ ဒဋ္ဌိ၊ ဂါဋ္ဌ၊ ဗာဋ္ဌ၊ ရုဋ္ဌိ၊ ရုလ္ဘ၊ ဝုလ္ဘ၊ ဝုဋ္ဌ စသည်တည်း။

(၉)

ဝ,ဆဲ ပါရာ၊ ပေါ်လုံးမှာ၊ မွတ်ပါ နှစ်သံထွက်။

ပုံစံကား

ကတ္ဌာ၊ ဝတ္ဌာ၊ ပါတ္ဌာ၊ ဥာတ္ဌာ၊ ဇိတ္ဌာ၊ ဒိသ္ဌာ၊ ဒိသ္ဌာန။

အထူးများ

တျာဟံ၊ မျာဟံ၊ နျာယ၊ တျတ္ထ၊ မ္ပိတ၊ တြ၁သေတိ၊ တြဿတိ၊ ကြိယာ၊ ကြေသ၊ ဟသ္ဌ၊ ၊ြ (သေယျ၊ ဘာသေယျ တို့ကို ရိုးရိုးပင်ဆို) စသည်တည်း။

F No.35.

(၁၀)

ဝဂ်ခြင်း မတူ၊ ဆင့်ထားမှု၊ မှတ်ယူ နှစ်သံဆွက်။

ပုံစံကား

တသ္မာ၊ ယသ္မာ၊ ကသ္မာ၊ အသ္မာ၊ ကိသ္မာ၊ ဥသ္မာ၊ နိဂ္ဂေသော၊ ဥဂ္ဂါပေါ၊ ဘသ္မာ၊ ဘသ္မိ၊ ဘုဿ၊ ဥတြဿတိ၊ ဥတြဿ၊ ပဒ္ဓ၊ ဘဿ စသည်တည်း။

ဝဂ်ခြင်း မတူသော်လည်း ဘန္ဓ၊ ရန္ဓ၊ ဟန္ဒ တို့၌ ရိုးရိုးပင် ဘာသ်။

(မှတ်ချက်) ပါဠိ၌ ရ-ကောက်ကို လျှာလိပ်၊ လ,သေး ဌ,ကြီးအတူတူ၊
မရှိသည်ကို ထည့်၍ဆို အပို မိလက္ခ၊
ရှိသည်ပုဒ်ကို၊ ဖျက်၍ဆို၊ အလို မိလက္ခ။

အတွဲဗျည်းများ

ဍ	ဋ	ဌ	ဏ	ဏ	ဿ	ဏ	ဏ	ဏ	ဏ
ဍ	ဋ	ဌ	ဏ	ဏ	ဿ	ဏ	ဏ	ဏ	ဏ

ပါဠိဘာသာနည်း ပြီး၏။

အခြေခံ စာသင်ပုံ အကျဉ်း

ကျမ်း (၃၃) လုံး



အတွဲချည်းများ

မူလ-ပုံ	က-ယ	က-ရ	၊-ဟ	က-ဝ	က-ယ-ဝ	မ-ယ-ဟ-ဝ
တွဲထားပုံ	်	်	်	်	်	်
ရေးကြပုံ	်	်	်	်	်	်

(မှတ်ချက်) ယ,ပင်၊ ရ,ရစ်၊ ဟ,ထိုး၊ ဝ,ဆွဲ၊ မှန်မလွဲ၊ အတွဲလေးမျိုးမှတ်။

ယ,ပင်ကို ယ၊ ရ,ရစ် ရ၊ ဟ,ထိုး ဟ၊ ဝ,ဆွဲ ဝ၊ မှတ်ကြ သတိချပ်။

အထူးအကွေ့	ရွှေ့	နှိုက်	အိ	လည်းကောင်း
	်	်	်	ဂင်း—ဂဲ

(မှတ်ချက်) ရေးမှတ်ကြရာ၊ အကွေ့ရာ၊ ဤမျှသာ၊ ရှိသည်မှတ်။

၄တွဲ သရများ

်	်	်	်	်	်	်	်

(၈)

ဗျည်းနှင့် တွဲရန် သရဗျား

(၁)

၁	၁	၁
၁	၁	၁
၁	၁	၁
၁	၁	၁
၁	၁	၁
၁	၁	၁
၁	၁	၁

(၂)

၁	၁	၁	၁
၁	၁	၁	၁
၁	၁	၁	၁
၁	၁	၁	၁
၁	၁	၁	၁
၁	၁	၁	၁
၁	၁	၁	၁

(၃)

၀ဒ္ဓ	၀ဒ္ဓ	၀ဒ္ဓ	၀ဒ္ဓ
၀ဒ	၀ဒ	၀ဒ	၀ဒ
ပြဿ	ပြဿ	ပြဿ	ပြဿ
ပြဒ	ပြဒ	ပြဒ	ပြဒ
ဝေဃ	ဝေဃ	ဝေဃ	ဝေဃ
ဝဏ	ဝဏ	ဝဏ	ဝဏ
ဝ	ဝ	ဝ	ဝ
ဝ	ဝ	ဝ	ဝ

(မှတ်ချက်) သေးတင် နသတ်$\frac{\text{ဒ}}{\text{ဒ}}$ ဝဆဲ့ပြန် $\frac{\text{ဒ}}{\text{ဒ}}$သံ အမြဲဘာသ်။ တသတ်$\frac{\text{တ}}{\text{ဒတ}}$မှာ၊ ဝဆဲ့လာ မှတ်ပါ $\frac{\text{ဒ}}{\text{ဒ}}$သံ ဘာသ်။ ရေးမှတ်ကြရာ၊ ဤမျှသာ၊ သေချာအကျဉ်းမှတ်။

ဂဏန်းရေးနည်း

ရတနာသုံးစုံ၊ ပန်းကြာငုံ၊ ကြည်ယုံ ဦးနှိမ်ချ။
ဂဏန်းလက်ာ၊ သံပေါက်စာ၊ မှတ်ပါလေကုန်ကြ။
ကျပ်-စိတ်-မိုက်လျှင်၊ လုံးကြီးတင်၊ မြဲပင်မှန်မုချ။
လက်ဆစ်,မတ်လျှင်၊ သေးသေးတင်၊ ရေးခြင်တခဏ။
မှုးကို နှစ်ချောင်း၊ ငင်တုံရှောင်း၊ အပေါင်းမှတ်ကြကုန်။
ပဲနှင့် စလယ်၊ ပယ်ဌဝယ်၊ တင့်တယ် နောက်ပြစ်မှ။
ရွှေးကို သဝေ၊ ဝဆွဲလေ၊ မသွေရေးပါကြ။
တင်းနှင့် တောင်းတွင်၊ ကင်းစီးခြင်၊ မှန်ပင် ယှင်းမခ။
တခွဲဆိုလျှင်၊ ဝဆွဲချင်၊ နောက်လျှင်ပစ်ပါမှ။
ပြည်မှာမူကား၊ တခွန်လွှား၊ အများမှတ်ကုန်ကြ။
ဝဆွဲ ကသတ်၊ ခွက်ဟုမှတ်၊ မပြတ်နှစ်လုံးကပ်။
ထွာမှာ ဝဆွဲ၊ ချ-စမြဲ၊ မလွဲ ကေန္ဒ။
တပါး နှစ်ပါး၊ ရေးမှတ်သား၊ ပါးမှာ ဝစ္စပေါက်ကုန်ကြ။
တလမျက်မှာ၊ ယပင့်ပါ၊ ကဿ သတ်ကုန်ကြ။
တစ်,နှစ် လိုရာ၊ ပုဒ်ရင်းမှာ၊ ပိသာခရေတွက်ဆ။
ကေစိဆရာ၊ အချို့မှာ၊ ပိသာ မှောက်ရှိချ။
အခွက်တစ်ဆယ်၊ ရေးခါဝယ်၊ မှတ်ဘွယ်တစ်သုည။
"ရာမှာ နှစ်လုံး၊ သုံးလုံးမှာ ထောင်၊ ရေးရိုးဆောင်၊
မှန်အောင် ဂဏန်းချ"။
"လေးလုံးသောင်းပင်၊ သိန်းလျှင် ငါးလုံး၊ ခြောက်လုံးမှာ သန်း၊
အဆန်းဆန်း၊ ရှင်လန်း နှစ်လုံးကပ်"။
သုည ခုနစ်၊ ကုဋေဖြစ်၊ စင်စင် ကေန္ဒ။
သုညပေါ်တွင်၊ လုံးကြီးတင်လေ၊ မလွဲသွေ၊ ကြေးငွေ ချိန်သမျှ။
"ကြိမ်,နှယ်,လျှော်များ၊ ကျွ,နှား,သက်ငယ်၊ ရေးခါဝယ်၊
ပစ်ပယ်လုံးကြီးချ"။
လက်ာဂဏန်း၊ လွှန်ထူးဆန်း၊ ကြိုးပမ်းမှတ်ကုန်ကြ။

ဂဏန်းလက်ာ ပြီး၏။

နိဂုံး

မြတ်စွာဗုဒ္ဓ လမ်းညွှန်မှု

တုမ္မေဟိ ကိစ္စံ၊ အာတပ်၊ အက္ခာတာရော တထာဂတာ၊
ပဋိပန္နာ ပမောက္ခန္တိ၊ စျာယိနော၊ မာရဗန္ဓနာ။

သာဓုဝေါ၊ တမက် တဖိုလ် ရလိုကြကြောင်း အို-သူတော်ကောင်း အပေါင်းတို့၊ တထာဂတာ၊ မျှားမှိုခိုရာ ဘုရားရဟန္တာ ဆရာသမားတို့ မည်သည်ကား။ အက္ခာတာရော၊ ကောင်းစွာကျန် လမ်းညွှန်ပြု၍ ဟောကြားရုံ ဆုံးမရုံမျှသာ တတ်နိုင်ကြပါကုန်၏။ ကိစ္စ၊ မက် ဖိုလ် နိဗ္ဗာန် ရရန်တသွယ် ပြုဘွယ်ဟူသမျှ ကိစ္စကိုမူကား။ တုမ္မေဟိ၊ သင်သူတော်ကောင်း အပေါင်းတို့သည်သာလျှင်။ အာတပံ၊ ဝိရိယထား လွန်ကြိုးစား၍ ပွားများအားထုတ်အပ်၏။ စျာယိနော၊ သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း ကြိုးပမ်းသင်ကြား ဝင်စားကြည့်ရှုကြကုန်လျက်၊ ပဋိပန္နာ၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ပေါက် အ ထ မြောက် အောင် တယောက်စွမ်းအား ရှုစားကျင့်ကြံနိုင်သော သူတို့သည်။ မာရဗန္ဓနာ၊ ဒိဋ္ဌိတဏှာ သုံးဖြာမာရ်မင်း နှောင်ဖွဲ့ခြင်းမှ။ ဝါ၊ သံသရာနှောင်အိမ် ပူရှိန်လောင်ပြင်း ဆင်းရဲခပင်းမှ။ ပမောက္ခန္တိ၊ ကွင်းလုံးကျွတ်လျက် ဝဋ်မြစ်နှစ်ဖြာ ပြတ်ကွာပယ်ရှင်း လောကတွင်းမှ ချက်ခြင်းထုတ်ခြောက် ဘဝမကြာ လွတ်မြောက်ကြရာပေသတည်း။

(မှတ်ချက်) အကျယ်အလိုရှိပါက၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ထေရဝဂ် တိသဿတ္ထေရ သုတ္တန်မှာ ရှုတော်မူကြစေလိုပါသည်။

ဣမံ မေ ပုညဘာဂဉ္စ၊ မာတာပိတာ စရိယာနံ၊
အာဒိ ကတ္တာန ပါဏိနံ၊ ဘာဝေသမံ လဘန္တုတေ။

မေ၊ ငါ၏။ ဣမံပုညဘာဂဉ္စ၊ ဤသို့ပြုစု မြတ်ကောင်းမှု၏ အဘို့ကိုလည်း။ မာတာပိတာစရိယာနံ၊ မိဘနှစ်ဖြာ ဆရာသမားတို့ကို။ အာဒိ ကတ္တာ၊ အစပြု၍။ ပါဏိနံ၊ သိကြား, ယမမင်းကအစ သတ္တဝါဟူသမျှတို့အား။ ဘာဝေ-ဘာဝေမ၊ ကုသိုလ်အမျှ ပေးဝေဌပါကုန်၏။ တေ၊ ထိုဆိုခဲ့မျှားစွာ သတ္တဝါတို့သည်။ သမံ၊ ငါနှင့်မကွာ တူမျှစွာ။ လဘန္တု၊ မုချမသေ ရကြပါစေသတည်း။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်

ထုတ်ဝေခွင့်—မှတ်ပုံတင်အမှတ် (၆၉၂)

ထုတ်ဝေသူ — ဦးစိန်ကင်
သုခဝတီစာပေတိုက်
(ထ/မြ ဝ၆၄၂)
၈၄-လမ်း၊ ၃၁-လမ်းဒေါင့် မန္တလေးမြို့။

ပုံနှိပ်သူ — ဦးစိန်တင် (ပ/မြ ဝ၁၅၈၈)
သုခဝတီစာပုံနှိပ်တိုက်၊ ၈၄/၃၁-လမ်းဒေါင့်
ဗိုလ်ချုပ်လမ်း မန္တလေး။
ဖုန်း—၆ ၇ ၆

ပထမအကြိမ်နှိပ်ခြင်း အုပ်ရေ ၁၀၀၀

၁၉၈၀-ခု၊ မတ်လ။